ဦးဖိုးလတ်

ရေး

ပြဿနာစကားဒဿဝတ္ထုများ



(မြန်မာအဘိဓါန်ဦးကာ)

၁၉၆၄

ပညာနန္ဒ ပုံနှိပ်တိုက်

အမှတ် ၁၅- အင်းယားမြို့လမ်း၊

ရန်ကုန်မြို့။

ဈေးနှုန်း ဂို

ပုံနှိပ်သူ

မောင်ရဲဒွေး၊ မှတ်ပုံတင်အမှတ် ဝ၄၃၅၅၊
ပညာနန္ဒပုံနှိပ်တိုက်၊
၁၅၊ အင်းယားမြို့နယ်လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

မဝင်းကြည်၊ မှတ်ပုံတင်အမှတ် ဝ၃၀၀၊
၁၅၊ အင်းယားမြို့နယ်လမ်း၊ ရန်ကုန်မြို့။

၁၉၆၄ ခု၊ မတ်လအတွင်း ပုံနှိပ်ပြီးစီး ထုတ်ဝေသည်။

ဦးဖိုးလတ်

ရေး

ပြဿနာကားအဝဝတို့



(မြန်မာအဘိဓါန်ဦးကာ)

၁၉၆၇

ပညာနန္ဒ မုံရွာတိုက်

အမှတ် ၁၅- အင်းယား မြေဝဲလမ်း၊

ရန်ကုန်မြို့။

ဒုတိယ အ

ထုတ်ဝေသူ

မဝင်းကြည်၊ မှတ်ပုံတင်အမှတ် ဝ၃၈၀

နိဒါန်း

ဤ မြန်မာစကား အဖွင့်ကျမ်း၊ဖြည့်စွက်တဲ့တွင် ခေါင်းစဉ်အသစ် တစ်ရာနှင့်၊ ပထမတဲ့ ဒုတိယတဲ့ တို့၌ပါပြီး 'ဆုန်းဖြတ်၊ ထွက်နပ်၊ မြားလျှား ' တို့အား ထပ်လောင်းဖြည့်စွက်သည့် ခေါင်းစဉ်ဟောင်းသုံးခု ပါရှိသည်။ ခေါင်းစဉ်ဟောင်းများကို ခေါင်းစဉ်သစ် အရေအတွက် ဂဏန်းအမှတ်အသားတို့၌မထည့်သွင်းပါ။ ခေါင်းစဉ်သစ် တစ်ရာတွင် နောက်နောက်က ဂန္ထလောကဌ ထည့်သွင်း ခဲ့ဖူးသည့် 'သိခင် 'ခေါင်းစဉ်ဟောင်း တစ်ခုတည်းသာပါ၍၊ ယင်းကိုလည်း အသစ်ပြင်ဆင်ချဉ်းချဉ့် ထည့်လိုက်ပါသည်။ ကျန် ခေါင်းစဉ် သစ်များအောက်၌ ဝေါဟာရရာပေါင်း များစွာတို့ကို ဖွင့်ဆိုတင်ပြထားပါသည်။ ယင်းတို့ အနက် ခေါင်းစဉ်ပေါင်းနှစ်ဆဲ့နှစ်တွင် သမိုင်းဝင်မြန်မာ့တုရိယာ အခေါ်များအဖွင့်တို့ကိုတွေ့ရပါလိမ့်မည်။ 'ကနုတ်၊ တော်ရနောင်၊ သန်လျင်း ' ခေါင်းစဉ်များ အောက်၌လည်း မြန်မာ့အနုပညာလက်ရာ အမွမ်းပဲ့ပြောက်အမည်သညာတော်တော်များများကို ဖွင့်ဆိုထားပါသည်။ အရေးကြီးသော ဝေါဟာရတို့နှင့်စပ်လျဉ်း၍၊ ခေတ်အယူအဆ,အနက်အကောက်အယှဉ်များ ချွတ်ချော်တိမ်းပါး,ဝိုးဝါးဖြစ်နေသည်တို့ကိုလည်း၊ လမ်းမှန်သို့ပို့,အလင်းသို့ တိုက်စွာ ဆောင်ကြဉ်းထားသည်ကို 'ကဆုန်ပေါက်၊ ကနုတ်၊ ဂုန်ဆန်၊ ဒုစုံပစ်မိ၊ တောင်ကပ်ဖားရား၊ ဒေါင်စိုင်း၊ ရံမြား၊ သံကောက် ' စသည့် များစွာသော ခေါင်းစဉ်များ အောက်တွင် ဖတ်ရှု ကြရပါလိမ့်မည်။

မြန်မာစကားအဖွင့်ကျမ်း၊ ပထမ, ဒုတိယနှင့် ဤဖြည့်စွက်သုံးတဲ့တွင်၊ ခေါင်းစဉ်ပေါင်း ၂၀၅ ခုတို့၏အောက်၌၊ ခဲယဉ်းကတ်သတ်ခြင်း အနည်းအများရှိ၍၊ သတိပြုဖွယ် စကားပေါင်း နှစ်ထောင်ကျော် သုံးထောင်ပါးနီးမျှကို ဖွင့်ဆို, ရှင်းလင်း, ဖေါ်ပြ,ညွှန်းဆိုခဲ့ပါပြီ။ ဤမျှဖြင့်လည်း ပြည့်စုံ,လုံလောက်, ကုန်စင်ပြီဟုမဆိုသာ၊အလားတူစကားများ အတော်အသင့် ကျန်ရှိနေပေသေးသည်။ယင်းတို့ကိုလည်း ဆက်လက် လေ့လာ, ဖွင့်ဆိုသွားပြီးလျှင်၊ လုံလောက်စွာ စုဆောင်းမိသောအခါ၊ ဒုတိယဖြည့်စွက်တဲ့ အနေဖြင့် ပုံနှိပ်ဖြန့်ချိပါဦးမည်။ဖွင့်ဆိုရှင်းလင်းပေါ်ပြခဲ့သည်တို့သည်၊ မြန်မာစကားတို့၏ ရင်းမြစ်နှင့်တကွ, အနှစ်သာရသာတို့တွင်ရှိ မိတ်ဆွေပုဒ်များကိုပါ တတ်နိုင်သလောက် ညွှန်းဆိုတင်ပြသည့်၊ ကမ္ဘာ့အဆင့်အတန်းမှီမြန်မာအဘိဓာန်ကြီးတခုကို ပြုစုရာ၌အထောက်အပံ့ဖြစ်လိမ့်မည်ဟုမြော်လင့်ပါသည်။

နိဒါန်း

ဤဖြည့်စွက်တဲ့တွင် သုံးတဲ့းစလုံးပါ ဖွင့်ဆို ရှင်းလင်းဖေါ်ပြ ညွှန်းဆို ခဲ့သည့် စကားများ အညွှန်းမာတိကာကို ထည့်သွင်းရန် ရည်ရွယ်ခဲ့သော်လည်း၊ စာလုံး အခက်အခဲကြောင့် မထည့်သွင်းလိုက်နိုင်ပါ။ အမှားပြင်ချက်များကိုသာ ထည့် သွင်းလိုက်နိုင်ပါသည်။ စက္ကူကိုလည်း ကောင်းမွန်သည့် အမျိုးအစား များကို ဆိုင်ရာတို့မှ မရနိုင်သည်အထွက် သတင်းစာစက္ကူဖြင့်သာ ပုံနှိပ်ရပြီးလျှင်၊ 'တော် ရနောင်' ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဗိသုကာနှင့် ပန်ပုလက်ရာ အမှုမ်း အပြောက် များ အသေးစိတ်ပါရှိသည့် (၁)မန္တလေးမြို့၊နန်းတော်တောင်မျက်နှာပြာသာဒ်၊ (၂) တိုက်တော်ကျောင်းမြင့်မို့၊ (၃) မြတောင်ကျောင်းမုတ်၊ (၄) နန်းတော် ပြာသာဒ် ထောင့်ကုရင် ဓာတ်ပုံများကို ထည့်သွင်း ဖေါ်ပြရန် စီစဉ်ထားသော် လည်း၊ ကြေတိုက်စက္ကူမရနိုင်သဖြင့် မထည့်သွင်းလိုက်ရသည်အတွက် ဝမ်းနည်း ပါသတည်း။

ရန်ကုန်မြို့၊
၁၃၂၅ ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့။
၁၉၆၄ ခု၊ ဖေဖော်ဝါရီလ၊ ၂၆ ရက်။

ဖိုးလတ်

မာတိကာ

ခေါင်းစဉ်		စာမျက်နှာ
	နိဒါန်း	က
၁။	အကံင	၁
၂။	အတလုန်	၃
၃။	အမုန္ဒန်၊တမုန္ဒန်	၄
၄။	အဲမောင်း	၇
၅။	အောက်မား၊ယရည်း	၈
၆။	အောင်း၊အောင်းကလေး	၁၂
၇။	အောင်း၊စာမရီ	၁၆
၈။	အိုး	၂၀
၉။	ကဆုန်ပေါက်၊ခုန်ပေါက်	၃၀
၁၀။	ကတွတ်၊ပင်း	၃၁
၁၁။	ကနုတ်	၃၄
၁၂။	ကလန်၊သံဗျင်	၃၉
၁၃။	ကလူ	၄၁
၁၄။	ကုပ္ပီး	၄၄
၁၅။	ကဲ၊ အကဲ	၄၇
၁၆။	ကောင်းကင်	၄၈
၁၇။	ကြက်ဆောင်း	၅၀
၁၈။	ကြက်ရုံး၊ ဂမုန်း	၅၁
၁၉။	ကြခပ်၊ ကြလို၊ ကြသောင်း	၅၄
၂၀။	ကြင့်နှိး	၅၆
၂၁။	ခင်တုရင်	၅၈
၂၂။	ခဏ်း၊ ခန်း၊ ခမ်း	၆၂
၂၃။	ခပ်ကယ်၊ ခပ်ပင်း၊ ခပ်သိမ်း	၆၇
၂၄။	ခရင်း၊ ဖရင်း၊ တုရွင်း	၇၀
၂၅။	ခရာ၊ တပိုး	၇၂
၂၆။	ခူမောင်း၊ ခူနင်း၊ ခန္ဒဲ	၇၄
၂၇။	ချည်ချောင်း၊ ခြည်ချောင်း	၇၇
၂၈။	ခြိတ်	၇၉

	ခေါင်းစဉ်	စာမျက်နှာ
၂၉။	ခြောက်ခြား	၀၂
၃၀။	ခွက်ခွင်း၊ လင်းကွင်း	၀၅
၃၁။	ဂုန်ထွန်	၀၇
၃၂။	ငါးပိ၊ ငံပြာရေ	၉၀
၃၃။	ငုစုံ (ငုံစုံ၊ငွံစုံ)ပစ်မိ၊အန်သိအလား	၉၃
၃၄။	စန္ဒြား၊ စန္ဒရား	၉၉
၃၅။	စံကား၊ စံပါ၊ စံပယ်၊ စံသီး၊ ဇနီး	၁၀၂
၃၆။	စလောင်း	၁၀၄
၃၇။	စောင်း	၁၀၅
၃၈။	စိုင်းပြင်း၊ တိုင်ပင်	၁၀၇
	ဆုန်းဖြတ်	၁၁၁
၃၉။	ဆိုက်၊ပိုက်	၁၁၂
၄၀။	ဇလာ၊ ကပင်၊ ကတ္တူ၊ လွန်းကြင်၊ ကွ်ရွပ်၊ သမ္မန်	၁၁၆
၄၁။	ညှင်း	၁၂၁
၄၂။	တံစိုး၊ တံဆိုး၊ တန်စိုး၊ တန်ဆိုး	၁၂၃
၄၃။	တယော၊ တရော	၁၂၅
၄၄။	တိမ်ညင်	၁၂၇
၄၅။	တုလောင်၊ တူလောင်	၁၂၉
၄၆။	တော၊ တောင်း၊ တော်	၁၃၂
၄၇။	တောင်ကပ်ဖား၊ ထောင့်ကပ်ဖရား	၁၃၄
၄၈။	တော်ရနောင်	၁၃၈
၄၉။	ထောင်းတာ၊ မထောင်းတာ	၁၅၁
	ထွက်နပ်	၁၅၃
၅၀။	ဒက်၊ ပုတီး	၁၅၄
၅၁။	ဒုန်မင်း၊ ဒုန်းမင်း၊ ဒုံမင်း၊ ဒုံးမင်း	၁၅၆
၅၂။	ဒေါင်စိုင်း၊ ဒုံးစိုင်း	၁၆၀
၅၃။	နည်၊ နွံနည်၊ မဲနည်၊ နည်နည်ညက်ညက်	၁၆၂
၅၄။	နှည်း	၁၆၃
၅၅။	နရကာ၊နတ်ရကာ	၁၆၅
၅၆။	နရည်းစရာ	၁၆၇

	ခေါင်းစဉ်	စာမျက်နှာ
၅၇။	နောင်နင်၊ နောင်နင်း၊ နောင်းနင်း	၁၇၀
၅၀။	နှံ၊ နွမ်း	၁၇၂
၅၉။	ပင်လယ်	၁၇၄
၆၀။	ပတ်တလား	၁၇၅
၆၁။	ပတ်၊ပတ်ဆိုင်း၊ပတ်ဝိုင်း	၁၇၇
၆၂။	ပဒေသာ	၁၈၄
၆၃။	ပနက်၊ကနက်	၁၈၅
၆၄။	ပန်း၊ပမ်း	၁၈၆
၆၅။	ပလွေ၊ပုလွေ၊ပြွေ	၁၉၀
၆၆။	ပိတ်ကျည်	၁၉၂
၆၇။	ပုံတောင်း	၁၉၄
၆၈။	ပိုးစုန်းကြူး၊ပိုးမဲတောင်စာ့	၁၉၆
၆၉။	ဖက်လိပ်	၂၀၁
၇၀။	ဖရည်	၂၀၂
၇၁။	မယ်ဖျူး	၂၀၃
၇၂။	မိကျောင်း	၂၀၆
၇၃။	မီးသွေး	၂၀၇
၇၄။	မုန့်၊မုံ့	၂၀၈
	မြားလျား	၂၁၁
၇၅။	ယမ်း၊ရမ်း	၂၁၂
၇၆။	ရံမြား၊ရမြား	၂၁၄
၇၇။	ရိခါ၊ရိက္ခာ	၂၂၀
၇၈။	ရိုင်းစိုင်း	၂၂၃
၇၉။	ရွေ၊ရွေး	၂၂၇
၈၀။	ရွောက်၊ရွက်	၂၃၂
၈၁။	လက်စောင်၊လက်ဆောင်၊လက်ထက်၊လက်နက်	၂၃၄
၈၂။	လင်၊ဟင်း	၂၄၀
၈၃။	လိပ်ပျာ၊လိပ်ပြာ	၂၄၃
၈၄။	ဝန်၊ တန်တိုင်း၊ သဇိုင်း	၂၄၆
၈၅။	ဝံ	၂၄၈

	ခေါင်းစဉ်	စာမျက်နှာ
၈၆။	ဝေါ	၂၄၉
၈၇။	သင်ပုန်း	၂၅၁
၈၈။	သဠာလီ၊ သလွန်	၂၅၂
၈၉။	သန်လျင်း၊ သန်လျင်းချီး၊ သန်လျင်းချိတ်	၂၅၈
၉၀။	သန့်၊ နှဲ့	၂၆၁
၉၁။	သပြေသာ	၂၆၃
၉၂။	သံကောက်၊ သံကောက်သည်	၂၆၄
၉၃။	သရော၊ သရောင်း	၂၆၉
၉၄။	သာ၊ ချမ်းသာ၊ ယာသာ	၂၇၃
၉၅။	သိခင်၊သခင်	၂၇၆
၉၆။	သီခြင်းခံ	၂၇၇
၉၇။	သော်မော်၊ သောမာ	၂၈၀
၉၈။	သွေးချို၊ သွေးသီ	၂၈၃
၉၉။	ဟုပ်	၂၈၅
၁၀၀။	ဟုံ၊ ဟုံး	၂၈၈

၁။ **အကံ်ငံ**

မြန်မာစကားစစ်လျှင် မည်မျှပင်ရှေးကျသော ပေါရာဏဖြစ်စေကာ၊ဗျုပ္ပတ်ကိုရှာ၍ ရကောင်းသည်သာဖြစ်သည်ဟူသော ဥပဒေသအတိုင်း၊ **အကံ်ငံ**ဟုရေး၍ **သူမိုက်၊သူယုတ်**ဟု အနက်ပေးနေကြသောစကား၏ ဗျုပ္ပတ်ကိုရှာဖွေကြည့်ရာ၊**သူမိုက်၊သူယုတ်** ဟူသောအနက်နှင့် **အကံ်ငံ** ၏ ဗဟိဒ္ဓသဏ္ဌာန်မှာ၊အခုအခါလွန်စွာ ကွာခြားလျက်ရှိသော်လည်း၊ **အကံ်ငံ** ၏ အဇ္ဈတ္တသဏ္ဌာန်ကို နှိုက်ကြည့်သောအခါ၊ ယင်းနှင့်သော်ကား ကိုက်ညီလျက်ရှိကြောင်းတွေ့ရသည်။

အကံ်ငံ ကို အင်းဝခေတ် ကဗျာတို့အနက်၊ ပါရမီတော်ခဏ်းပျို့တွင်၊ သျင်သီလဝံသဆရာတော် စတင်သုံးခဲ့သည်။

"နှလုံးညစ်ပုတ်၊ မနိုင်ယုတ်သော်၊ သေစုတ်တိုင်အောင်၊ ထားလှ ထောင်၍၊ မရှောင်သီးကြ၊ **အကံ်ငံတို့**၊ ဤမျှရန်ပွား၊ အပြစ်များကို၊ နှုန်းထား သံဝေ၊ ရလေလေလျှင်၊ နေ့ရေသိမြော်။" ။ပါရမီတော်ခဏ်းပျို့၊ ၁၀၉။

အကံ်ငံ တွင် **အ** မပါပဲ၊ **ကံ်ငံ** ဟု သုံးသည်ကိုလည်း ဝေဿန္တရာပျို့၌တွေ့ရသည်။

"ထိုရောအခါ၊ **ယုတ်မာကံ်ငံ**၊ လူ့တလွှလည်း၊ ဒေါသငွေးငွါး၊ မာန်ကြွေးကြွေးနှင့်။" ။ဝေဿန္တရာပျို့၊ ၁၄၄။

အကံ်ငံ ဆိုသည်တွင် ရှေ့ဖျား **အ** ပုဒ်မှာ 'အကန်း၊အကျိုး'ဆိုသည်တို့၌ကဲ့သို့ ကိတ်နာမ်ပစ္စည်းသာလျှင်ဖြစ်ကြောင်း၊ ဖေါ်ပြပါစပ်အင်္ဂနှစ်ခုကို နှိုင်းယှဉ်ကြည့်က သိရာသည်။ ကျန်ပုဒ် **ကံ်ငံ** တွင် **ငံ** ပုဒ်မှာလည်း 'မသိ၊ နားမလည်၊ မလိမ်မာ'ဟော **အ၊နာ** ဆိုသည်တို့နှင့် ပုဒ်ပြောင်းပုဒ်လဲဟု ထင်မှတ်ဖွယ်ရှိသဖြင့် အနှယ်တူဘာသာတို့တွင် ရှာဖွေကြည့်ရာ တွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
၁။ ကရင်	ငံ	မိုက်မဲ
၂။ ပလောင်	(ကန်)ငါရ်၊(ကရ်)ငေါရ်	၎င်း
၃။ ကချင်	ငေါက်၊ငက်	၎င်း
၄။ သိန်းဖေါ်	(မ) နာ	၎င်း
၅။ နဂါး	နှ၊(မ)အာ	၎င်း

အထက်ပါပုဒ်တို့တွင် ကရင်ဘာသာ **ငံ**၊ ပလောင်ဘာသာ **ငါရ်**၊ **ငေါရ်**၊ ကချင်ဘာသာ **ငေါက်**၊ **ငက်** တို့သည် မြန်မာဘာသာ **ငံ** ပုဒ်နှင့် မိတ်တူများဖြစ်ကြသဖြင့်၊ မြန်မာဘာသာ **ငံ** ပုဒ်သည်လည်း၊ ယင်းတို့နည်းတူ **မိုက်မဲ** ဟော

ဟု ယူရာ၏။ ယင်းပုဒ်တို့သည်လည်း သိန်းဖေ၊ဘာသာ **နာ** ပုဒ်၊ နှင်းဘာသာ **နှ** ပုဒ်၊ **အာ** ပုဒ်၊ မြန်မာဘာသာ **အ** ပုဒ် **နှ** ပုဒ်တို့နှင့်မိတ်တူသံပြောင်းသံလွှဲ ပုဒ်မျှားသာဖြစ်သည်ယူရာ၏။ထို့ကြောင့်မြန်မာဘာသာ **အကံ်ငံ** တွင် **ငံ** ပုဒ်ကို၊ **အာ၊ နှ** တို့နှင့်မိတ်တူ၊ **မိုက်မဲ** ဟောဟု ယူရာသတည်း။

အကံ်ငံ တွင် **ကံ်** ပုဒ်ကိုသော်၊ ယခု **မိုက်ကန်း၊ ယုတ်ကန်း** ဆိုသည်တို့တွင် **ကန်း** ၏ ပုဒ်ပြောင်းဟုသာ ယူသင့်သည်ထင်၏။ ဤ **ကန်း** ပုဒ် သည်လည်း "မျက်စိကန်း၊ မြစ်ချောင်းကန်း၊ အင်းကန်း၊ကျားကန်း၊ အသီးအပွင့်ကန်း" စသဖြင့်ဆိုသည်တို့တွင် 'ကွယ်ပ၊ကုန်ဆုံး၊ဆိတ်သုန်း၊ပို့ကော၊ပိတ်ဆို့' ဟော **ကန်း** ပုဒ်နှင့်မတူ၊ 'ယုတ်မာ၊ဆိုးရွား' ဟော ပုဒ်သီးဖြစ်ပုံပေါ်သည်။ ယင်းနှင့်မိတ်တူပုဒ်မျှားကိုလည်းတွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
၁။ တရုတ်	ကိုအေန်၊ကန်(ရှေး)	ယုတ်မာ၊ကောက်ကျစ်၊
၂။ တိဗက်	ငန်	ယုတ်မာ၊ဆိုးရွား၊

အထက်ပါတို့တွင် တရုတ်ရှေးဟောင်းစကား **ကန်** ပုဒ်သည်၊မြန်မာဘာသာ **ယုတ်ကန်း၊ မိုက်ကန်း** တွင် **ကန်း** ပုဒ်နှင့်လုံးဝတူ၊ တိဗက်ဘာသာ **ငန်** ပုဒ်မှာလည်း ယင်းတို့၏သံပြောင်းဟုသာ ယူသင့်၏။ မိကီရိဘာသာတွင် **ယုတ်မာ၊ ဆိုးရွား** ဟော **နော** ပုဒ်တခုရှိသေးသည်။ ယင်းပုဒ်၏ **ယုတ်မာ၊ဆိုးရွား**ဟော **ကန်၊ငန်**တို့နှင့် အနက်ချင်းတူ၍၊ယခင်ဇယားပါ **မိုက်မဲ** ဟော **အာ၊ငံ၊နှ** ပုဒ်တို့နှင့် အသံချင်းတူသည်ကိုထောက်သော်၊ **ကန်၊ငန်၊ငံ၊နှ၊အ** ပုဒ်အားလုံးတို့သည် မိသားတစုတည်းဖြစ်၍၊ အသံမျှား တခုမှတခုသို့ ပြောင်းလဲ သက်လျောလာပြီးလျှင်၊ အနက်တို့သည်လည်း **မိုက်မဲ** ဟူသည်မှ **ယုတ်မာ၊ ဆိုးရွား** ဟူသည်သို့ ပွားများကျယ်ပြန့်လာသည် ထင်ဖွယ်ရှိသည်။

ထို့ကြောင့် **အကံ်ငံ** တွင် **ကံ်** ပုဒ်မှာ တရုတ်ဘာသာ **ကန်**၊ မြန်မာဘာသာ 'မိုက်ကန်း၊ယုတ်ကန်း'ဆိုသည်တွင် **ကန်း**၊ တိဗက်ဘာသာ **ငန်** ပုဒ်တို့နှင့် အရေးပြောင်းမျှဖြစ်၍၊ ယင်းတို့ကဲ့သို့ 'ယုတ်မာ၊ ဆိုးရွား' ဟောဟု ယူရာ၏။ မြန်မာဘာသာ၌ **နှ** သတ်နှင့် **မ** သတ်၊ နိဂုဟိတ်တို့ ပြောင်းလဲသည့် သာဓကမျှားကို **ပန်ထိန်** မှ **ပန်ထိမ်**၊ **တန်ကွန်** မှ **တံကွန်**၊ **လိန်း** မှ **လိမ်း**၊ **သန်း**(သန်းကော်င်) မှ **သမ်း** (မဲသမ်း)စသည်တို့၌ တွေ့ခဲ့ရလှလေပြီ။

အကံ်ငံ တွင် **အ** ပုဒ်မှာ ကိတ်နာမ်ပစ္စည်း၊ **ကံ်** ပုဒ်၏အနက် **ယုတ်မာ၊ ငံ** ပုဒ်၏အနက် **မိုက်မဲ** ဟူ၍ ယူပြီးသော်၊ **အကံ်ငံ** ၏အနက် **သူယုတ်၊သူမိုက်** ဟူ၍ ယူရာသတည်း။

၂။ အတလုန်၊ အတလူ

အတလုန်၊ အတလူ ဟူသော စကားတို့သည်၊ **အကံင** ကဲ့သို့၊ အင်းဝခေတ် သျင်သီလင်္ကသ, သျင်ရဋ္ဌသာရတို့၏ ပျိုကဗျာများတွင် စတင်တွေ့ရသောစကား များဖြစ်သည်။ **အတလုန်၊ အတလူ** တွင် ရှေ့ပိုင်းဖြစ်သော **အတ** ကို ယခု ခေတ်တွင်လည်း **အတတ၊ အတကြီး** စသဖြင့် သုံးစွဲလျက် ရှိကြသေးသဖြင့် အ နက်ထင်မြင်နိုင်သော်လည်း၊ နောက်ပိုင်း **လူ၊ လုန်** ပုဒ်တို့ကိုသော် အနက်မထင် မြင်နိုင်ကြသဖြင့် **အတလုန်** ကို အချို့ **အတလုံ** ဟု ရေးလျက်ရှိကြသည်။ သို့ရာ တွင် မူလပုဒ်မှာ **အတလုန်** ဖြစ်သည်။

(၁)။ "လူရုပ်မပီ၊ မညီအင်္ဂါ၊ ဝမ်းတွင်းပါဖြင့်၊ ပညာဖုန်ဖုန်၊ **အတလုန်လျှင်**၊ တုန်တုန်ချက်ချက်၊ မငက်စကား။" ။ ဆုတောင်းခဏ်းပျို၊ ၁၄၇။

(၂)။ "လူရေးလူရာ၊ လေ့လာမကျွမ်း၊ လူသွမ်းစတေ၊ လူခြေစုံဆန်း၊ နှုတ် ခွန်းဖုန်ဖုန်၊ **အတလုန်နှင့်**၊ မအုန်မှအက်၊ ရေတွက်မဝင်၊ တိုင်ပင်မရ၊ ဝမ်း ဝ အိပ်လို၊ ကုသိုလ်မချစ်၊ ကျင့်မူညစ်နှင့်၊ လင်ဖြစ်လင်ရှုံး၊ လင်သစ်တုံးကို။" ။ ကိုးခဏ်းပျို၊ ၁၀၀။

(၃)။ "မပြတ်မသား၊စကားရည်္ဆသီ၊မပီမသ၊**အတလူလူ**၊ ဟူလင့်ကစား။" ကိုးခဏ်းပျို၊ ၃၄။

စပ်အင်္ကာရန်များကိုထောက်က၊ **အတလုန်** သည်သာ ပုဒ်မှန်ဖြစ်ရာသည်။ သို့ရာတွင် ယင်းပုဒ်သည် **အတလူ** ပုဒ်သက်ဖြစ်သင့်သည်။ မြန်မာဘာသာဝယ် **အူ** (သိုးအူ) မှ **အုန်** (အောက်အုန်၊ သအောက်သအုန်)၊ 'အလုံးအဝန်း' ဟော **ဥ၊ အု** မှ **အုန်း၊ ဥန်း** (အုန်းသီး)၊ **ဆုမှ** မှ **ဆုန်းမ၊ ဆုမ္မ၊ ဖူး၊** (ပန်း ဖူး)မှ **ဖုန်း** (စပါးဖုန်း)သို့ သက်သည်တို့ကိုထောက်သော်၊ **အတလုန်** တွင် **လုန်** သည် **အတလူ** တွင် **လူ** ပုဒ်သက် ဖြစ်သင့်သည်။

'အတလူ၊ အတလူလူ'တွင် **လူ၊ လူလူ** ပုဒ်တို့မှာ၊'အညွှန့်လူလူ၊ မီးခိုးတလူလူ၊ လူတက်' ဆိုသည်တို့၌ကဲ့သို့ 'တက်ကြွ၊ တိုးတက်။' ဟောဖြစ်သည် ယူရာ၏။ ယင်း **လူ** နှင့် 'စောလူး၊ ပြောင်လူး၊ ရွယ်လူး၊ ထန်းလူး' ဆိုသည်တို့တွင် **လူး** တို့မှာ အနက်တူ၊ သံပေါ့နှင့် သံလေးမျှ ကဲ့သော ပုဒ်တို့ဖြစ်သည်။ထို့ကြောင့် **အတလူ၊ အတလူလူ** ၏ အနက် 'အကယ်အ၊ တိုးတက်၍လည်း အ'ဟူ၏ ဤတွင် **အ** ဆို သည်မှာ 'စကားမပြီသ' ဟောပင်ဖြစ်သည်။ သို့ရာတွင် ထုတ်နှုတ်ချက် (၂)တွင် 'မသိတတ်ခြင်း၊ ပညာမဲ့ခြင်း၊ မိုက်ခြင်း'သဘောတို့လည်း သက်ဝင်လျက် ရှိပုံ ရ သည်။ **အတလုန်** ၏ အနက်မှာ **အတလူ** ၏ အနက်အတိုင်းပင်ဖြစ်သင့်သည်။

ထို့ကြောင့် **အတလူ** နှင့် **အတလုန်** တွင် **အတလူ** သည်ပုဒ်ရင်း၊ **အတလုန်** သည် ပုဒ်ပြောင်းဖြစ်၍၊ အနက်မှာ အတူတူ 'စင်စစ် စကားမပြီသ၊ တိုးတက်၍ လည်းမပြီသ။ စင်စစ်မသိ,မိုက်၊ တိုးတက်၍လည်းမသိ,မိုက်'ဟူ၍ယူရာသတည်း။

၃။ အမုန္ဒန်၊ တမုန္ဒန်

အမုန္ဒန်၊ တမုန္ဒန် တို့ အကြောင်းကို မြန်မာလအမည်များတွင် နယုန်လနှင့် စပ်လျဉ်း၍၊ အတော်အသင့် ထည့်သွင်း စဉ်းစားခဲ့သည်။ ဤတွင် ယင်းတို့ကို တိုးတက် ဖွင့်ဆိုပါမည်။ **အမုန္ဒန်၊ တမုန္ဒန်** အရေးများကို ရှေးကျောက်စာ တို့တွင် အနည်းငယ်မျှသာ တွေ့ရသည်။

(၁)။ "။နှစ်လိုင်သောအရိယ်အရုံယူ.... **တမုန္ဒန်** ချဲ့သောကြီစိယ်လျှင်တေ။ **တစ်မုန္ဒန်** ချဲ့သော.... စေလျှင်တေ။" ။၈၅၇ ခုစွဲ၊ ပုဂံမြို့၊ ဇေယျတ်ဖုရား ကျောက်စာ၊ ၃၇၊၃၈။ (တိုင်းရင်းပုံ ၈၉)။

(၂)။ "လုယက်ညှန်ဆယ်ဖျက်ဆီသသူတိုဝ်ကာ၊ ဤလုတွင် နှိုက်လေချဲ့သာ မရစိယ်သတေ၊ **တမန္ဒန်** နှိုက်လေကံဘာအထယ်ငါရယ် အဝစိယ်လျှင်ကျက်စိယ် သတေ။" ။၆၁၇ ခုစွဲ၊ ပုဂံမြို့၊ အ ဇ ဂေါဏအနီး ကျောက်စာ၊ ၂၁-၂၄။ (တိုင်းရင်းပုံ ၁၀၅)။

(၃)။ "ဤလူတွင် သောချဲ့သာ၊ **တမုန္ဒန်** သောချဲ့သာကိုဝ်၊ လိုဝ်သော သူကာ။....။ ဤစာကာကိုဝ် လိုက်မူကာ ဤလူတွင် သောချဲ့သာ၊ **တမုန္ဒန်** သောချဲ့သာကိုမလွယ်ရလျင် သောတကာ။....။ထိုဝ်သူ တိုဝ်လေစိတ်စတ်ရွယ်၊ မဟုတ်မှကာလွတ်၉၊ ဟုတ်မှကာ **အမန္ဒန်** စာကိုစ်ဖတ်စိယ်၉။ **အမုန္ဒန်** စာတွင် အကြောင်သုခိုဝ်သည်၊ ဤမည်သောအပ္ပစ်တေပ္ပစ်မှကာ၊ ဤမည်သော တန်တေ ပိယ်အပ်ပေါ့ပိယ်၉။မင်ကာသုခိုစ်အပ္ပစ်နှင့်**အမန္ဒန်** စာကိုဝ်နိုင်ကြရွယ်ထိုအပ္ပစ် နှင်တင်အပ်သော တန်ကိုဝ်မှ၉။ ဤကာမင်တကာ **အမုန္ဒန်** ဟုတ်တာ။" ။ ၆၁၁ ခုစွဲ၊ ကျစ္စာမင်းအမိန့်တော်ပြန်တမ်း။ ဂ-၉။ ၂၃-၂၄၊ ၄၅-၄၉။

ထုတ်နှုတ်ချက်တို့တွင် **တစ်မုန္ဒန်၊ တမုန္ဒန်၊ တမန္ဒန်** ဟူ၍ငင်း၊ **အမုန္ဒန်၊ အမန္ဒန်** ဟူ၍ငင်း၊ အရေးကွဲပြားချက်တို့ကို သတိမူရာ၏။ ပထမ အစုတွင် **တစ်မုန္ဒန်** သည် မူလ၊ ထိုမှ **တမုန္ဒန်** သို့ငင်း၊ ထိုမှတဖန် **တမန္ဒန်** သို့ငင်း၊ဒုတိယ အစုတွင် **အမုန္ဒန်** သည် မူလ၊ ထိုမှ **အမန္ဒန်** သို့ငင်း၊ အရေးများ ပြောင်းလဲ သက်ဆင်းလာခဲ့သည်။

ပုဂံခေတ်ကုန်ပြီးနောက် ပင်းယခေတ်,အင်းဝ ခေတ်တို့သို့ရောက်သောအခါ၊ **တမုန္ဒန်၊ တမန္ဒန်** ဟူသော အရေးမှ **တမရွန်** ဟူသော အရေးသို့ ပြောင်းလဲသုံးပြန်သည်။

(၁)။ **တမရွန်** နှိုက်လည်လိုဝိသဆုင်ါနှင်ထပ်တူ ရစပါစေသတည်း။" ။ ၆၈၈ ခုစွဲ၊ အမရပုရနယ်၊ ရွှေကြက်ယက်စေတီကျောက်စာ။ ၂၁။

(၂)။ "ပစ္စုပ္ပန်နှိုက် ဖြစ်တံသအစီးအပွား၊ **တမရွန်**၏ အစီးအပွားဖြစ်တံသ အကျိုးအကြောင်း နှစ်ပါးကိုလည်း အလွန်လျင်နက်နဲစွာ သိတော်မူတတ်၏။" ၈၀၈ ခုစွဲ၊ စစ်ကိုင်းမြို့၊ မဟာသီဟသူရ ကျောင်းကျောက်စာ၊ ၁၃၊ ၁၄။

ဤ **တမရွန်** ဟူသော အရေးမှ၊ အင်းဝကဗျာ ခေတ်မှ မျက်မှောက်ခေတ်တိုင် သုံးစွဲလာခဲ့သော **တမလွန်** ဟူသော စကားသက်ဆင်းလာခဲ့သည်။

ပုဂံခေတ်တွင် **အမုန္ဒန်၊ အမန္ဒန်** ဟူသောစကားတို့နှင့်၊ **တစ်မုန္ဒန်၊ တမုန္ဒန်၊ တမန္ဒန်** ဟူသော စကားတို့၏ အနက်ချင်း, အသုံးချင်းမတူသည်ကို သတိမူမိကြပေမည်။ 'တစ်မုန္ဒန်ချမ်းသာ၊ တမုန္ဒန် ချမ်းသာ၊ တမန္ဒန်နှိုက်လေး ကမ္ဘာအထဲငရဲ အဝီစိလျင်ကျက်စေသတေး၊' ဆိုသည်တို့၌ **တစ်မုန္ဒန်၊ တမုန္ဒန်၊ တမန္ဒန်** တို့၏အနက် **နောင်ကာလ၊ နောင်ဘဝ** ဟူ၍ အကြမ်းဖျင်းပေါ်ထွက်လျက်ရှိ၍ 'အမုန္ဒန်စာတွင်၊ အမန္ဒန်စာကိုဖတ်စေ၏။ အပြစ်နှင့် အမန္ဒန် စာကို' နှိုင်းကြ၍၊ ဆိုသည်တို့၌ **အမုန္ဒန်၊ အမန္ဒန်** တို့၏အနက် 'အထက်က၊ ရှေးအတိတ်'ဟူ၏။ 'ဤကား မင်းတကာအမုန္ဒန်ဟုတ်တာဟု' ဆိုသည်၌ကား၊ **အမုန္ဒန်**၏အနက် 'ရှေးအတိတ်'ဟူ၍သာမဟုတ် 'ရှေးထုံး၊ အတိတ်ထုံး၊ ရှေးအစဉ်အလာ၊ ထုံးစံ' ဟူ၍ပေါ်ထွက်လျက်ရှိ၏။ မုံရွေး ဆရာတော်၏ မှတ်စု၌ **သိုက်စာ** ကို **အန္ဓံစာ** ခေါ်သည်ဟု ပါရှိသည်၌၊ **အန္ဓံစာ** ဟူသည်မှာ ဤကျစ္စာ မင်း အမိန့်တော်ပြန်တမ်းတွင်ပါရှိသော **အမုန္ဒန်စာ၊ အမမ္ဒန်စာ** ပုဒ်ပျက်ပင်ဖြစ်ရာသည်။ ထို့ကြောင့် **အန္ဓံစာ** ဟု ရေးမည့်အစား **အန္ဓန်စာ** ဟု ရေးက ပို၍သင့်လျော်ပေမည်။ **အန္ဓန်စာ** ၏ တိုက်ရိုက် အနက်မှာ **ရှေးစာ၊ အတိတ်စာ** ဟူ၏။ **သိုက်စာ** ဆိုသည်မှာလည်း ရှေးအတိတ်က ရေးထားခဲ့သော စာဖြစ်၍၊ **သိုက်** သည်လည်း ပါဠိဘာသာ **ချမ်းသာခြင်း** ဟော **သုခ** ပုဒ်သက်၊ မွန်ဘာသာ၌ 'သုခ၊ ချမ်းသာ၊ ကြွယ်ဝ' ဟော **သိုက်** ပုဒ်ဖြစ်သည်။ ရှေးအတိတ်ကချမ်းသာကြွယ်ဝလိုသူတို့အဖို့၊ ဝါ၊ ချမ်းသာကြွယ်ဝစေနိုင်မည့် ဥစ္စာ ရတနာများအကြောင်း ရေးသားထားခဲ့သောစာကို **သိုက်စာ** ခေါ်သည် ယူရာ၏။

အမုန္ဒန် တွင် **အမု** ကို **အမုက္ကန်း၊ အမူက္ကန်း** ဆိုသည်တို့တွင် **အမု** နှင့် ပုဒ်တူပင်ဟု ယူဖွယ်ရှိသည်။ **အမု** ၏ အနက်ရင်းမှာ 'ပြုခြင်း၊ လုပ်ခြင်း၊ ဖြစ်ခြင်း၊

ဟုတ်ခြင်း'ဖြစ်ကြောင်း **မော်ကွန်း** အကြောင်း၌ ဖေါ်ပြခဲ့သည်။ ဤတွင်သော် **အမှု** ကို 'အတိတ်နှင့် စပ်လျဉ်းသည့်ပြုခြင်း၊ ဖြစ်ခြင်း' ဟောဟူယူရာ၏။**အမှုန်** တွင် **နှုန်** ပုဒ်သည်ကား၊ မြန်မာဘာသာတွင် 'ဘယ်နှံရောအခါ၊ ဘယ်နှံသောအခါ၊ ဘယ်နှံခါ၊ ဘယ်နှံ့မတွေ့၊ ဘယ်နှံ့သရော်'ဆိုသည်တို့၌ **နှံ၊ နှံ့** ပုဒ်တို့နှင့် မိတ်တူ 'အချိန်၊ အခါ၊ ကာလ' ဟော ဖြစ်ကြောင်း မြန်မာလ အမည်များ၊ နယုန်လအကြောင်း၌ အကျယ် ဖေါ်ပြထားသည်။ တိဗက်-မြန်မာဘာသာတို့တွင်လည်း'နန်၊နင်၊ နိုင်၊ နမ်၊ နီ'စသော 'အချိန်၊ အခါ၊ ကာလ၊'စသည် ဟော၊ ယင်းတို့နှင့် မိတ်တူပုဒ်များရှိသည်။ ထို့ကြောင့် **အမှုန်** ၏ အနက် 'ရှေးကာလ၊ အတိတ်ကာလ'ဟူသည်မှာ မူလအနက်ဖြစ်၍၊ 'ရှေးအပြုအမူ၊ ရှေးအဖြစ်အပျက်'ဟူသည်ကိုလည်း ဟောသေးသည် ယူရာ၏။ 'ရှေးအပြုအမူ၊ ရှေးအဖြစ်အပျက်' ဆိုသည်တို့မှာလည်း 'ရှေးကျင့်ထုံး၊ ရှေးထုံး၊ အထိတ်ထုံး၊ တိတ်ထုံး၊ ထုံးစံ'ဆိုသည်တို့နှင့် သဘောအနက်အားဖြင့် အတူတူပင် ဖြစ်သည်။

တစ်မုန္တန်၊တမုန္တန်ဆိုသည်တို့တွင်**တစ်မှု၊တမှု**တို့၏အနက်'တပါးသောပြုခြင်းဖြစ်ခြင်း၊တပါးသောအပြုအမူ၊တပါးသောအဖြစ်အပျက်'ဟူ၏။**တပါးသော**ဆိုသည်မှာ 'ဖြစ်ပြီး,ဖြစ်ဆဲ'မဟုတ် 'မဖြစ်ရသေး၊ဖြစ်ဦးမည့်၊နောင်လာမည့်'ဟုဆိုလိုခြင်းဖြစ်၏။ထို့ကြောင့် **တမုန္တန်၊ တစ်မုန္တန်၊တမန္တန်** တို့၏အနက်'နောင်အချိန်၊ အခါ၊ ကာလ၊အနာဂတ်ကာလ'ဟူ၏။ ထိုအနက်များမှ ဆင့်ပွားရ၍ 'နောင်အဖြစ်၊ နောင်ဘဝ' ဟူရလည်း အချို့နေရာတို့၌ ယူနိုင်ရာ၏။ ဤ **အနာဂတ်ကာလ** ဟော **တမုန္တန်၊ တမန္တန်** ပုဒ်ကို၊ နေမိ ငရဲခတ်းပျို့ အပိုဒ် ၁၂၇၌၊ 'ယခင့်ရှေးလွန်၊ တမနန်က (တမန္တန်က)၊ဖြစ်ဟန်ခြင်းရာ၊'ဟု စပ်သည်၌၊ အနာဂတ်ကာလကို ရည်ရမည့်အစား၊ အတိတ်ကာလကို မှားယွင်းရည်လျက်ရှိသည်။ ယခုခေတ်တွင် **တမန္တန်** ပုဒ်ပျက် **တမလွန်**'ကို အနာဂတ်ကာလ၊ အနာဂတ်ဘဝ အနက်ဖြင့်ပင်သုံးလျက်ရှိ၍၊ **နွန်** နှင့် **လွန်**၊ **န** သံနှင့် **လ** သံတို့ပြောင်းလေ့ရှိသော်လည်း၊ **လွန်** ပုဒ်မှာ **သေလွန်၊ ကွယ်လွန်** ဟူသောအနက်တို့နှင့်လည်း ဆက်စပ်နေပြန်သဖြင့်၊ ဤသို့အမှားအနက်များနှင့် ကင်းရှင်းစေရန် **တမလွန်** ဟုရေးဆိုမည့်အစား၊ မူရင်းအတိုင်း **တမန္တန်** ဟုရေးဆိုက ပို၍သင့်လျော်ပေမည်။

ပုဒိရင်းတို့ကိုပြန်လည်ချဉ်းချု့၍ ဖေါ်ပြရသော် **အမုန္တန်၊အမန္တန်**၏အနက် 'အတိတ်ကာလ၊ ရှေးကာလ၊ အတိတ်အဖြစ်အပျက်၊ ရှေးအဖြစ်အပျက်၊အတိတ်ထုံး၊ ရှေးထုံး' ဟော၊ **တစ်မုန္တန်၊ တမုန္တန်၊ တမန္တန်** ၏ အနက် 'အနာဂတ်ကာလ၊ နောင်ကာလ၊ အနာဂတ်အဖြစ်၊ နောင်အဖြစ်၊ အနာဂတ် ဘဝ၊ နောင်ဘဝ' ဟော ဖြစ်သတည်း။

၄။ **အဲမောင်း**

အဲမောင်း သည် အင်းဝခေတ်ကဗျာတို့နှင့် ကျောက်စာတို့တွင်မှ စတင်တွေ့ရ၍၊ ကုန်းဘောင် ခေတ်တွင်လည်း အသုံးတွင်ကျယ်လျက်ရှိသော စကားဖြစ်သည်။

(၁)။ "**အဲမောင်းစူးလှံ**၊ အလံရာထောင်၊ တိုင်အောင်ကျယ်ဝ၊ တူးဆိတ်ဆူလျက်။" ။ပဒုံမီတော်ခဏ်းပျို၊ ၁၁၅။

(၂)။ "ဆင်တက်မြင်းစီး၊ လေးကြီးပစ်ငင်၊ ခွင်နှင့်ကာလွှား၊ **လှံထား အဲမောင်း**၊ ကာတောင်းအရေး၊" ။ကိုးခဏ်းပျို၊ ၁၂၁။

(၃)။ ခြည်နှောင်ပေါပြည်း၊ **လှံစီးအဲမောင်း**၊ ကတော်ငင်း လွှားကာ၊ တန်းဆာမိန်ညို၊ မောက်တိုမောက်လူ၊ ပည်းထူချပ်သေး၊ ပါလည်ကွေးက၊ စွေးစွေး မရွား။" ။သုဝဏ္ဏသျှံ သူဌေးခဏ်းပျို၊ ၄။

(၄)။ "ထိုဝ်နောက်ကာ ရွှေကာစွဲသည်၊ ထိုဝ်နောက်ကာ လေစွဲသည်၊ ထိုဝ်နောက်ကာ **လှံအဲမောင်**စွဲသည် (ထိုနောက်ကာ ရွှေကာစွဲသည်၊ ထိုနောက်ကာ လေးစွဲသည်၊ ထိုနောက်ကား လှံအဲမောင်းစွဲသည်)။" ။၈၇၂ ခုစွဲ၊အဝမြို့၊ နန်းတည်အခမ်းအနားကျောက်စာ၊ ၁၉။

(၅)။ လှံမချန်းတောင်း၊**အဲမောင်းသန်လျက်**၊လက်နက်စွဲကုန်သောဆင်အမှုန်ိုက် ကျင်လျင်လေ့ကျမ်း၊ရဲစွမ်းသတ္တိဟိကုန်သော။" ။၁၀၁၁ခုစွဲ၊စစ်ကိုင်းမြို့၊ ရာဇမဏိစူဋ္ဌာကျောက်စာ၊ကျော၊ ၂၂။

(၆)။ "စိုင်းနှင်စီးချင်း၊ နတ်မြင်းဖုယ်ရာ၊ သိန္ဓဝါနှင့်၊ **ရေးရာအဲမောင်း**၊ ငွေအောင်းလျှံလျှံ၊ ရွှေလှံပြုပုံ၊ အစုံသုံးဆယ်၊ ခုနစ်သွယ်ကို၊ နည်းကျယ်ပြည်နှန်း။" ။မဟာဓမ္မသင်္ကြံစပ်ဆိုသော အဲမောင်းရေးလူးတား။(၁)။

(၇)။ "စန္ဒရာရှက်စီးပုံပြင်၊ မြင်သူမြင်သူချီးအံ့အဲ၊မြင်းယဉ်ဟန်လှန်ဝါလို့၊ **အဲမောင်း** ဝေ မြို့ငြိမ်မြို့ငြိမ်လေတည့်၊ သိကြားတန်ဆောင်ကိုင်။" ။ဂင်း (၄)၊ တီးချင်း။

အဲမောင်း ဆိုသည်မှာ **လှံရှည်** ဖြစ်ကြောင်း သိသူများပါသည်။ ထုတ်နှုတ်ချက် (၅)၊(၆)၊(၇) တို့ကို ထောက်သဖြင့်၊ ဆင်စီးသူရဲနှင့်မြင်းစီးသူရဲတို့ အထူးသဖြင့် ကိုင်လေ့ရှိသောလှံရှည်ကို အဲမောင်း ခေါ်ခဲ့ဟန်ရှိသည်။ ဆင်ကျောက်ကုန်း၊ မြင်းကျောက်ကုန်းတို့ပေါ်မှနေ၍ ထိုးခုတ် ပစ်ခတ် တိုက်ခိုက်ရသောသူတို့အဖို့သာလျှင် လှံအရိုးရှည်ကြီးများကို အထူး လိုအပ်လေသည်။ ကုန်းပေါင်ခေတ် ဖိုးတော်ဖုရားလက်ထက်၊ မဟာဓမ္မသင်္ကြံ၊ မင်းတိုင်ပင် အမတ်ကြီးက၊

အဲမောင်းကိုင်ဟန်နှင့် မြင်းစီးဟန်၊ သုံးဆဲ့ခုနစ်ရပ်သော အရေးအခင်းတို့ကို၊ လူးတား၊ တီးခြင်း၊တီးချက်တို့ဖြင့် စပ်ဆိုရေးသားခဲ့သည်တို့မှာ အလွန်မှစိတ်ပါဝင်စားဖွယ်ကောင်းလေသည်။

အဲမောင်းခြင်းများကဲ့သို့ပင်၊ **အဲမောင်း** ဆိုသောစကား၏ ရင်းမြစ်ကလည်း စိတ်ပါဝင်စားဖွယ် ကောင်းလေသည်။ ယင်းစကားကို စိစစ်ကြည့်သောအခါ မြန်မာစကားလည်းမဟုတ်၊ မွန်စကားလည်းမဟုတ်၊ တရုတ်စကားသာလျှင်ဖြစ်ကြောင်းတွေ့ရသည်။ တရုတ်ဘာသာ၌ **အဲအု** (aiu. K.221) ဟု **အဲ** သံကို အဆုံး၌ **ဥ** သရသံဝဲ၍ရွတ်ဆိုသောစကား၏အနက်မှာ **ရှည်၊အစွန့်ရှည်** ဟောဖြစ်၍၊ **မေံ** (mou.K 639) ၏ အနက်မှာ **လှံ** ဟောဖြစ်သည်။ ပုဒ်နှစ်ခုကိုပေါင်းစပ်လိုက်သောအခါ အဲအု-မေံ (အဲမောင်း)၏ အနက် 'ရှည်သောလှံ၊ လှံရှည်' ဟောဖြစ်သည်။

အင်းဝခေတ် သကရာဇ် ၈၀၀ နှင့် ၈၅၀ အတွင်းလောက်၊ ထူပါရုံဒါယကာ နရပတိကြီးနှင့် သားတော် မဟာသီဟသူရမင်းတို့လက်ထက်များတွင်၊ မြန်မာနှင့် တရုတ်တို့ ပြည်ရေးပြည်ရာ၊ စစ်ရေးစစ်ရာတို့၌ ကူးလူးဆက်ဆံလှုပ်ရှားမှု တော်တော်များခဲ့ကြောင်း၊ရာဇဝင်နှင့်ထိုမင်းနှစ်ပါးထိုး စစ်ကိုင်းမြို့၊ ထူပါရုံကျောက်စာ, မဟာသီဟသူရကျောင်း ကျောက်စာ စသည်တို့မှသိရသည်။ **အဲမောင်း** ဆိုသောစကားသည် ထိုမင်းများလက်ထက်လောက်တွင် တရုတ်ဘာသာမှ မြန်မာဘာသာတွင်းသို့ သက်ဆင်းဝင်ရောက်လာသည်ဟု တွေးထင်ဖွယ်ရှိသတည်း။

၅။ အောက်မား၊ ယရည်း

ဆင်ရေးရာနှင့် ပတ်သက်၍ **အောက်မား၊ ယရည်း** ဟူသော အခေါ်များသည် မြန်မာစကားစစ်များ ဖြစ်ပုံမပေါ်။ **ယရည်း** ကို **ဆင်ထိန်း** ဟူ၍ ရေးပေါရာဏကျမ်းတို့၌ ပြကြသော်လည်း၊ **အောက်မား** ကိုသော် ယင်းကျမ်းတို့၌ မတွေ့ရချေ။ ခေတ်ပေါရာဏကျမ်းများအနက်၊ ပါဠိဆရာကြီးဦးဖြေ ပြုစုခဲ့သော ပေါရာဏမူလကထာ အတိဓာန်၌ **အောက်မား** ကို **အောင်းမား** ဟု ရေးပြီးလျှင် 'တောဆင်ရိုင်းကို ကျုံးထဲသို့ သွေးဆောင်သောဆင့်မ' ဟုပြုလျက်ရှိသည်။ ဝန်ထောက်မင်း ဦးမောင်မောင်တင်ပြုစုခဲ့သော ရွှေနန်းသုံးဝေါဟာရအဘိဓာန် ခေါင်းစဉ်အမှတ် ၁၀၅ ၌ 'အောက်မားဝန်'နှင့် အောက်မားဆင်တော်များ အကြောင်းကိုအကျယ်ဖေါ်ပြလျက်ရှိသော်လည်း၊ **အောက်မား** ဟူသောစကား၏

ရင်းမြစ်နှင့် အနက်တို့ကိုသော် ရှင်းလင်းဖေါ်ပြခြင်း မပြုခဲ့ချေ။ ထို့ကြောင့် **ဆင်ထိန်း** ကို **ယရည်း** ဟူ၍ငင်း၊ တောဆင်ရိုင်းများကို သွေးမြူ၊ ကျော့ငင်, ဖမ်းဆီးရာ၌ အသုံးပြုသော တိမ်ညင်ဆင်မကို အောက်မား ဟူ၍ငင်း၊ ခေါ်ဆိုကြောင်း ကျွန်ုပ်တို့ သိရသော်လည်း၊ ယင်းစကားများမှာ မည်သည့် ဘာသာစကားများဖြစ်သည်၊ ယင်းတို့၏မူလအနက်များ မည်သို့ရှိသည်ကို စူးစားရှာဖွေရန်လိုအပ်လျက်ရှိလေသည်။

မြင်း မှူ၌ မြန်မာတို့သည် ရှေးပဝေဏီကာလကပင် ကျွမ်းကျင်ပြီး ဖြစ်ခဲ့သော်လည်း၊ ဆင် မှူ၌ကား ရာဇဝင်အစလောက်၌ ကျွမ်းကျင်မှုမရှိသေးပဲ၊ နောက်ပိုင်းကျမှသာ တစတစကျွမ်းကျင်လာခဲ့ပုံပေါ်သည်။ ထို့ကြောင့်သာလျှင် မြင်းမှူနှင့် စပ်လျဉ်း၍ အခေါ်ဝေါဟာရတို့သည်မြန်မာစကားစစ်များဖြင့်အပြည့်အလျှမ်းရှိသော်လည်း၊ ဆင်မှူနှင့်စပ်လျဉ်းသော အခေါ်ဝေါဟာရများအနက် မြန်မာစကားစစ်မဟုတ်သည်တို့ မြန်မာဘာသာတင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရသည်။ **အောက်မား** နှင့် **ယရည်း** ဟူသောအခေါ်များသည်မည်သို့မျှ မြန်မာစကားစစ်များ ဟုတ်ပုံမပေါ်။ ယင်းတို့၏ လုံးချင်းအနက်များသည်၊ **တိမ်ညင်ဆင်မ၊ ဆင်ထိန်း** ဟူသော ယင်းတို့၏ အနက်များနှင့် ဆီလျော်တိုက်ဆိုင်သော အနက်များကို အလျင်းပင်ဆောင်လျက်မရှိကြချေ။

ဆင်တော်ဖွဲ့ မော်ကွန်းတို့တွင် **အောက်မား** နှင့် စပ်လျဉ်းသော စကားအသုံးအနှုန်းတို့ကို အောက်ပါအတိုင်း တွေ့ရသည်။

(၁)။ "တတ်ပွန်ပညာ၊ လိမ္မာအထူး၊ **အောက်မားမှူးတို့။**" ။ရွှေစာတိုင် ဆင်တော်မော်ကွန်း၊ ၇။

(၂)။ "မင်းတပါး၏၊ **အောက်မားတိမ်ညင်**၊ သူကဆင်နှင့်၊ တဖျင်းလမ်းကူး၊ တွေ့ကြုံဖူးသည်။" ။ငင်း၊ ဂ။

(၃)။ "ရခိုင်မင်း၏၊ **ဆင်သင်းအောက်မား**၊ ကျွန်ကျေးစာတို့။" ။ငင်း၊ ၉။

(၄)။ "နှစ်လို့ဝမ်းသာ၊ ဂဇသာနှင့်၊ လိမ္မာအထူး၊ **အောက်မား မှူးတို့။**" ။ ငင်း ၉။

(၅)။ "ပတ်ပတ်သူ့ချင်း၊ **အောက်မားသင်းတို့**၊ မီးကင်းစောင့်ရှောက်။" ငင်း ၁၁။

(၆)။ "ပို့သွားပိသွင်၊ နတ်ရှင့်ဆင်ကား၊ ဝန်းကျင်ရံအုံ၊ **အောက်မား ပုံဝယ်**၊ ထွက်ထုံဟန်ယောင်၊ ဦးနားထောင်၍၊ မြီးခေါင်ညွတ်တန်း။" ။ ငင်း၊ ၁၂။

(၇)။ "ကဲ့ဆင်းမင်းကွန်၊ မလွန်ချတမ်း၊ **အောက်မားလမ်းဖြင့်**၊ သိကျမ်းသွားလာ။" ။ဂင်း၊ ၁၃။

(၈)။ "တသင်းတသင်း၊ ရှေ့တင်းနောက်တိုး၊ ငုံလျှိုးလှည့်ပတ်၊ သလွတ်ရီရော၊ **သမျောအောက်မား**၊ သွားလားမပြင်း၊ ကြောင်းခြင်းမြောင်မြောင်။" ။ရတနာပြောင်မွန် ဆင်တော်မောင်ကွန်း၊ ၆။

(၉)။ "သလွတ်ရွေရုံ၊ **အောက်မားပုံဝယ်**၊ စွယ်စုံဝင့်ကြွား၊ တောင်လျင်တွားသို့။" ။ဂင်း၊ ၁၄။

(၁၀)။ "သားလွတ်ရည်ရွေး၊ သွေးအုံကြိုးပမ်း၊ နှုတ်မကြမ်းလျင်၊ ပြုမ်းကြဦးစီ၊ လက်ချီသူ့မူ၊ **အောက်မားမြှူက**၊ လေယူနှာခံ၊ ဟည်းရိုက်သံနှင့်၊ တောင်ယံပတ်ခြိမ့်၊ တောင်ကမ်းသိမ့်သည်။" ။ရွှေမင်းဖုန်း ဆင်တော် မောင်ကွန်း၊ ဂ။

အထက်ပါ ထုတ်နှုတ်ချက်တို့တွင်၊ 'အောက်မားတိမ်ညင်၊ အောက်မားပုံ၊ သလွတ်အောက်မား၊ သမျောအောက်မား၊ အောက်မား မြှူ' ဆိုသည်တို့တွင် **အောက်မား** ဆိုသည်မှာ တောဆင်ရိုင်းကို သွေးမြှူရန်အသုံးပြုသည့် **ဆင်တိမ်ညင်မ** ပင်ဖြစ်ကြောင်း သိသာပေ၏။ယင်းတို့သွားလေ့ရှိသောလမ်းကို **အောက်မားလမ်း** ဟူ၍ဂင်း၊ ယင်းတို့အား ကြီးမှူးသူများကို **အောက်မားမှူး** ဟူ၍ဂင်း၊ အောက်မားမှူးများ အပါအဝင်,ယင်းတို့၏အသင်းအဖွဲ့,အအုပ်အစုကို **အောက်မားသင်း** ဟူ၍ဂင်း ခေါ်ဆိုသည်တို့မှာလည်း ပေါ်လွင်လျက်ရှိပေသည်။

တောဆင်သိုးများကို သွေးမြှူရမည်ဖြစ်သောကြောင့် အောက်မားများ၌ ဆင်သားငယ်များ မရှိရ၊ ဆင်သားငယ်များနှင့် ကင်းလွတ်ပြီး ဖြစ်စေ ရမည်။ ဤသို့သားငယ်များနှင့် လွတ်ကင်းပြီးဆင်မကို **သားလွတ်၊ သလွတ်** ဟုခေါ်၍၊ သားငယ်များ ထွက်ခွာ၍ အခြားဆင်များနှင့် မျောပါ, လိုက်ပါသွားပြီး ဖြစ်သော ဆင်မကို **သားမျော၊ သမျော** ဟု ခေါ်ဆိုခဲ့ဟန်ရှိသည်။ **သမျော** ကို **သမြော** ဟု နောက်ပုဒ်အား အရစ်ဖြင့် ရေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ သည့်အတိုင်းမှန်လျှင် **မြော** ကို **မေ့မြော** အနက်ဖြင့်ယူ၍၊သားကိုသတိမရတော့၊ မေ့မြောပြီးဖြစ်သော ဆင်မဟု အနက်ကောက်ရ မည်ကဲ့သို့ ရှိသည်။ မည်သည့်အရေးသည်သာ အမှန်ဟု ဤတွင်မဆုံးဖြတ်သာသေးချေ။

ထုတ်နှုတ်ချက် (၂) တွင် 'အောက်မားတိမ်ညင်' ဆိုသည်၌ **တိမ်ညင်** ၏ အနက် 'ကြက်တိမ်ညင်၊ ခြိုးတိမ်ညင်၊ လူတိမ်ညင်' ဆိုသည်တို့၌ကဲ့သို့၊ 'ကျမ်းကျင်လိမ်မာ, ညင်သာ' ဟော။ တဖက်သားကို ကျမ်းကျင်လိမ်မာ, ညင်သာစွာ, ဝါ, သာယာဖြည်းညှင်းစွာ၊ ဆွဲဆောင်သွေးမြှူတတ်သောကြောင့် **တိမ်ညင်** ဟု

ခေါ်ဆိုသည်။ မြန်မာဘာသာဝေယ် 'မိုးတိမ်၊ မြုပ်တိမ်' ဆိုသည်တို့တွင် **တိမ်** ပုဒ်တို့၌သာ အနက်မျှားပေါ်လွင်လျက်ရှိ၍၊ **တိမ်ညှင်** တွင် **တိမ်** ပုဒ်၌ သော် အနက်ငုပ်လျက်ရှိသည်။ သို့ရာတွင် ယင်း **တိမ်** ပုဒ်ကို အနှယ်တူ ဘာသာတို့က ထုတ်ဖော်လျက်ရှိသည်မှာ—

ဘာသာ	စကား	အနက်
၁။ ပေါင်း**ရှေ့**ချင်း	တိအမ်	ကျမ်းကျင်၊လိမ္မာ
၂။ စိယင်ချင်း	တိလ်	၎င်း
၃။ သဒိုးချင်း	တေမ်	၎င်း
၄။ တင်ခုလ်နာဂ	ထေမ်	၎င်း

အောက်မားဆင်၊ ဆင်တိမ်ညင်ကို **မှန်းဆင်မ** ဟုလည်း ခေါ်သေးသည်။ ယင်းအခေါ်တွင် **မှန်း** ပုဒ်မှာမူနှစ်ဘာသာ 'တတ်နိုင်, စွမ်းဆောင်နိုင်' ဟော **မာန်** ပုဒ်ဖြစ်၍၊ ယင်းဆင်မသည် ဆင်ထီးများကို ဖြားယောင်း သွေးဆောင် ရာ၌ လွန်စွာတတ်နိုင်, စွမ်းဆောင် နိုင်ရည် ရှိခြင်းကြောင့် ဤသို့ ခေါ်ဆိုသည် ထင်မိ၏။

မွန်ဘာသာ၌ပင် **အောက်မား** နှင့်လွန်စွာ နီးစပ်သည့် **အောပ်မာ** ဆိုသော စကားကိုတွေ့ရသည်။ ယင်းစကားတွင် **အောပ်** ၏ အနက် **ပုန်းကွယ်၊ ကွယ်ဝှက်** ဟော၊ **မာ** ၏အနက်၊ **ဝပ်၊ဤးထောက်** ဟောဖြစ်ရာ၊ ပုဒ်တခုလုံး၏အနက် **ဝပ်၍ကွယ်ဝှက်** ဟူ၏။ ဤအနက်နှင့် အောက်မားဆင်တို့သည် တောဆင်ရိုင်း များနှင့် တွေ့သော အခါ၊ မိမိ၏ ဦးစီးကိုကွယ်ဝှက် ထားသည်၊ ဝပ်၍ ဝမ်း ပိုက်အောက်၌ ကွယ်ဝှက်ထားလေ့ရှိသည်ဟူသော စကားနှင့် လွန်စွာ တိုက်ဆိုင် ညီညွတ်လျက်ရှိသည်။ ထို့ကြောင့် မိမိ၏ ဦးစီးလူကိုဝပ်၍ ကွယ်ဝှက် ထားလေ့ ရှိသော ဆင်ဟူသောအနက်ဖြင့်၊ တောဆင်ရိုင်းများအား သွေးမြူရာ၌ အသုံး ပြုသော ဆင်မကို **အောက်မား** ခေါ်သည် ထင်ဖွယ်ရှိသည်။ ယင်းဆင်မကိုပင် **တိမ်ညှင်** ဟု ခေါ်ဆိုသည်မှာလည်း၊ ဤဆိုခဲ့သော အလေ့အကျင့် အလိမ္မာနှင့် ပြည့်စုံသောကြောင့်ပင်ဖြစ်ရာသည်။ ထုတ်နှုတ်ချက်(၁) တွင် 'တတ်ပွန်ပညာ၊ လိမ္မာအထူး၊ အောက်မားမူးတို့၊' ဟူ၍၎င်း၊ (၄)တွင် 'ဂဇာနှင့်၊ လိမ္မာအ ထူး၊ အောက်မားမူးတို့၊' ဟူ၍၎င်း၊ ဆိုသည်တို့၌ 'တတ်ပွန်ပညာ၊ လိမ္မာ' ဟူ သောစကားများဖြင့် အောက်မားမူးတို့ကိုသာမက၊ အောက်မား ဆင်တို့ကိုပါ ချီးကြူးထားသည်ယူရာ၏။ **ဂဇာ** ဆိုသည်မှာလည်း 'ဆင်သာ၊ ဆင်မည်ဆ သာ' ဟူ၏။ **အောက်မား** နှင့် စပ်လျဉ်း၍ ထို့ထက် နီးစပ်ဆီဆိုင်သည်ဟု ထင် ဖွယ်ရှိသောစကား၏ မူလနှင့်အနက်တို့ကို ကျွန်ုပ်တို့ ရှာ၍ မရခဲ့။

ယရည်း ဟူသောစကား၏ မူလနှင့်အနက်ရင်းတို့က **အောက်မား**း၏ မူလနှင့်အနက်ရင်းထက်ပင် ခက်၍ နေသည်ကိုတွေ့ရသည်။ **အောက်မား**နှင့် နီးစပ်သော စကားကို မွန်ဘာသာ၌တွေ့ရသဖြင့်၊ **ယရည်း** နှင့် နီးစပ်သော စကားကိုလည်း မွန်ဘာသာ၌ပင် ရှာကြည့်ရာ အချည်းနှီးပင်။ သျှမ်း, ယိုးဒယား, ချင်း, ကချင်, တိဗက်, တရုတ် စသော ဘာသာတို့တွင် ရှာဖွေ ကြည့်ရာ လည်း အကျိုးမထင်။ သို့ဖြင့် ကရင်ဘာသာတို့တွင် စူးစမ်းကြည့်ရာ၊ ရှေးဦးစွာပိုး ကရင်သာသာ၌ 'ကောင်းစွာထိန်းသိမ်း'ကို 'ယောဟ်အေးဟ့ေး၊ ဗယောဟ် အေးဟ့ေး'ဟု ရေး၍ ရွတ်ဆိုရာ၌ 'ယူအေဟီး၊ ဗယူအေးဟီး' ဟု ကြားရသော စကားကိုတွေ့ရသည်။ ယင်းစကားကို ယင်းအနက်ဖြင့်ပင် စကောကရင်ဘာသာ ဖြင့်သော် **ဗယိုအေးဟေး** ဟုဆိုသည်။ ဤသို့ဆိုရာ၌ **ဟီး** ကို **ဟ** သံပြိုပြိုကြီး မဟုတ်၊ **အ** နှင့် **ဟ** တို့၏စပ်ကြားသံ၊မြန်မာဘာ၌ 'ဟီးဟီးငိုသည်' ဆိုရာ၌ကဲ့သို့ သော အသံဖြင့် ရွတ်ဆိုရာ၊ ယင်း အသံကို **ရီး** သံကဲ့သို့လည်း ကြားယောင် နိုင်သည်။ သို့ဖြင့် ဤကရင်စကား **ယူအေးဟီး**၊ **ယိုအေးဟီး** ကိုပင် **ယရည်း** ဟု ပြောင်းလဲ ရေးသား၍၊ 'ဆင်ထိန်း၊ ဆင်ကိုကောင်းစွာ ထိန်းသူ' ဟူသော **အနက်**ဖြင့် မြန်မာတို့က သုံးစွဲခဲ့ပိမ့်လောဟု တွေးထင်ဖွယ် ရှိသည်။ ထို့ထက် **နီးစပ်** လျဉ်းပါးသော ဗျုပ္ပတ်ကို ကျွန်ုပ်တို့ရှာ၍မတွေ့ရတော့ချေ။ ရှေးအခါမှ စ၍ ယနေ့တိုင် ကရင်လူမျိုးတို့သည် ဆင်နှင့်ရင်းနှီးခြင်းရှိ၍၊ ဆင်မူတို့၌ ကျမ်း ကျင်သူများဖြစ်ပြီးလျှင်၊ ဆင်ထိန်း, ဆင်ဦးစီးများအဖြစ်ဖြင့် အနှံ့အပြား လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကိုထောက်သော်၊ **ဆင်ထိန်း** ကို မြန်မာတို့က၊ယင်းတို့၏ ဘာသာသက်စကားဖြင့် **ယရည်း** ဟုခေါ်ဆိုခဲ့သည်ဟူသောအချက်ကို လက်မခံနိုင်ဖွယ်မရှိဟု ဆိုရာသတည်း။

၆။ အောင်း၊ အောင်းကလေး

အောင်းကလေး ဟူသောတုရိယာ၏အမည်ကို စာပေတို့တွင်အစောဆုံးတွေ့ရသည်မှာ သုဝဏ္ဏသျှ ံမြားပစ်ခက်းပ္ပျိ၊ အပိုဒ် ၆၁ တွင်ဖြစ်သည်။

(၁)။ "ရုပ်ဟန်လှညီ၊ ကိန္နရီလည်း၊ ကဆီကဝန်း၊ တဖျင့်သန်း၍၊ သာလွန်းခြေးခြေး၊ **အောင်းလေး စောင်းညွှင်း**၊ အသည်းချင်းနှင့်၊ လူမင်းတို့ဝယ်၊ ပျော်စဖွယ်သို့။"

ကုန်းပေါင်ခေတ် ကဗျာတို့တွင်သော် **အောင်းကလေး** ကို ခပ်လှိုင်လှိုင်ပင် တွေ့ရသည်။

(၂)။ "စောင်းညှင်းမိကျောင်း၊ **အောင်းကလေးကျော်**၊သံငေါ်လက်ခုပ်၊ စည်းစုပ်ပတ္တလား၊ စန္ဒရားတို့၊ ထွေပြားရေးရာ၊ တေးတျာမြေက်၊ ငြိမ့်သက် သီးသီး၊ နာမငြီးအောင်၊ မှုတ်တီးလိုက်လား၊ အငြိမ့်သားသည်။" ။ဝေဿန္တရာပျို၊ ၂၉၂။

(၃)။ "မိဿံခပင်း၊ ရွှေအိမ်တွင်းဝယ်၊ ညှင်းနှင့် မိကျောင်း၊ **စောင်းအောင်းကလေး**၊ ရွှေရေးပတ်တလား၊ အငြိမ့်များကို၊ လက်ဖျားနုသွယ်၊ ရှုစဖွယ်နှင့်၊ဗယ်ချီညာအိမ့်၊ကြောရေစိမ့်အောင်၊ခြိမ့်မျှရင့်ဧး၊အသံကြွေး၍။" ။ကုသပျို၊ ၂၁၁။

(၄)။ "ထွေလည် မပြောင်း၊ ရွှေစည်စောင်းမှ၊ မြည်ဗြောင်း ငြိမ့်အေး၊ **အောင်းကလေးဟု**၊ စံသွေးစည်လျား၊ စန္ဒရားနှင့်၊ ငြင်း (ညှင်း) ကား ညက်ညော၊ ငြိမ်သက်မောသား၊ တရောညည်းညည်း၊ နရည်းရှုန်းရှုန်း၊ စည်းဆုပ် (စည်းစုပ်)ညှန်းမျှ၊ ညံအုန်းမစဲ။" ။စန္ဒကိန္နရီပျို၊ ၃၀။

(၅)။ "သံချိုလျောလျော၊တရောသွေးသွေး၊ **အောင်းကလေးစန်းတား**၊ ယန္တရားက၊ စဉ်လျားမပြောင်း၊ ၊စောင်းလည်းညည်းညည်း၊ နရည်းသွင်သွင်၊ သံလွင်လေလော။" ။စန္ဒကိန္နရီပျို၊ ၇၆။

(၆)။ "နတ်စောင်းယဉ်ချိန်၊ ပဥ္စသိန်နှင့်၊ ဥဒိန္နရာဇ်၊ လက်သံလှစ်သို့၊ စံစစ်မခြား၊ စန္ဒရားက၊ ခမ်းနားခင်းကျင်း၊ သံသာသွင်းလျက်၊ ညှင်းလည်း ဗြောင်းဗြောင်း၊ **အောင်းလည်းအိန့်အိန့်**၊ သောင်းသောင်းထိန့်မျှ။" ။အဘိရူကပျို၊ ၅၂။

(၇)။ "ငြိမ့်ဗြောင်းညှင်းသံ၊ **အောင်းကျုံကျုံနှင့်**၊ စောင်းသံစည်လျား၊ စန္ဒရားက၊ ခမ်းနားသာမော၊ တရော်တင့်ချေ၊ ပလေ့ပုံယင်၊ သံလွင်ညည်းညည်း၊ နရည်းစရာ၊နည်းစုံပါလျက်။" ။အဘိရူကပျို၊ ၁၅၅။

(၈)။ "ညှင်းလည်းဗြောင်းဗြောင်း၊ **အောင်းလည်း** ပျံရှား၊ စန္ဒရားကား၊ ခမ်းနားတင့်တော်၊ စံပျော်မြူးရွှင်။" ။အဘိရူကပျို၊ ၁၆၂။

(၉)။ "စောင်းညှင်းမိကျောင်း၊ အောင်းပတ်တလား၊ တယောအားဖြင့်၊ ခြောက်ပါးငြိမ့်မျိုး။" ။မဃဒေဝလင်္ကာသစ်၊ ၁၄၆။

အောင်း ဟူသော အနက်မသေချာလှသည့် ဝေါဟာရကို၊ ကျယ်ပြန့်ပြည့်စုံစွာ ဆင်ခြင်ထောက်ထားနိုင်ရန်၊ စပ်အင်သာဓက ခပ်များများပင် တင်ပြလိုက်ပါသည်။ စပ်အင်တို့တွင် **အောင်းကလေး**၊ **အောင်းလေး**၊ **အောင်း** ဟူ၍ အခေါ်သုံးမျိုးတွေ့ရသည့်အနက် **အောင်း** သည်သာပုဒ်ရင်းဖြစ်၍၊ **ကလေး**၊ **လေး** တို့ကိုထည့်သွင်းခေါ်ဆိုသည်မှာ၊ ယင်းတုရိယာသည် အခြားအလားတူ တုရိယာ

တခုခုနှင့်နှိုင်းယှဉ်ကြည့်လျှင် ပမာဏအားဖြင့် သေးငယ်သောကြောင့်ဟုထင်ဖွယ်ရှိသည်။

အောင်းကို အင်းဝခေတ်လယ်လောက်ကပင် စပ်အင်ကို စတင်တွေ့ရသော်လည်း၊ကုန်းပေါင်ခေတ်လယ်လောက်ရောက်၍ အနှစ်သုံးရာခန့်ကြာသောအခါ၊ မည်သည့် တုရိယာဖြစ်သည်ဟုပင် မသိတော့သလောက် ဖြစ်သွားသည်။ သို့ဖြင့် ယင်းခေတ် မုန်ရွေးဆရာတော် အသျင်အာဒိစ္စရံသီက၊ မိမိ၏မှတ်စုတနေရာတွင် "ပရိဝဒန္တာ၊ အောင်းကလေးပုံသာ တို့သည်ဌင်း ဆိုသည်။ ပုံသာကို အောင်းကလေးဆိုသည်နှင့်တူ၏။"ဟု မှတ်သားထားတော်မူခဲ့သည်။ ဤအမှတ်အသားကိုအမှီပြု၍ နောက်ခေတ်ပညာမှီးပဂ္ဂိုလ်အချို့တို့ကလည်း **အောင်းကလေး**ကို **ပုံသာ** ဟုပင် ယူကောင်း ယူခဲ့ကြပေမည်လားမသိ။ သို့ရာတွင် စပ်အင်များကို သေချာစွာစေ့ငုကြည့်သော်၊ မုန်ရွေးဆရာတော် အဝင်အပါ၊ စာဆိုကဝိတို့က သော်၊ ဤသို့ယူဆခဲ့ကြဟန်မတူ၊ **အောင်ကလေး** ကို ကြိုးတပ်တုရိယာမျိုးနှင့် ယှဉ်တွဲ၍၊ ပဓာနအငြိမ့် တုရိယာတခု အနေဖြင့်သာ ရေးစပ်ခဲ့သည်ကို တွေ့ရပေသည်။ **ပုံသာ** မှာ အငြိမ့်တီးဝိုင်းများတွင် အထောက် အကူအဖြစ်ဖြင့် ပါဝင်ကောင်း ပါဝင်ခဲ့စေကာ၊ စည်း လက်ချပ်စသည်တို့ကဲ့သို့၊ ယင်းကိုပဓာနအငြိမ့် တုရိယာအဖြစ်ဖြင့် ထည့်သွင်းရေတွက်ရိုးမဟုတ်ဟု ဆိုရာ၏။ သုဝဏ္ဏသျှမ်းများပစ်ခဏ်းပျိုတွင် 'အောင်းလေးစောင်းညှင်း'ဟူ၍ဌင်း၊ ဝေဿန္တရာပျိုတွင် 'စောင်းညှင်းမိကျောင်း၊ အောင်းကလေးကျော်၊' ဟူ၍ဌင်း၊ မုန်ရွေးဆရာတော်ကိုတိုင်ရေး ကုသပျိုတွင် 'ညှင်းနှင့်မိကျောင်း၊ စောင်းအောင်းကလေး၊ ' ဟူ၍ဌင်း၊ စန္ဒကိန္နရီပျိုတွင် 'ရွှေစည်စောင်း....အောင်းကလေး....စန္ဒရား'ယူ၍ဌင်း၊ 'အောင်းကလေးစန်းတား၊ယန္တရားက၊....စောင်းလည်းညည်းညည်း၊'ဟူ၍ဌင်း၊ အဘိရူကပျိုတွင် 'စောင်း....၊ စန္ဒရား....ညှင်း....အောင်း၊'ဟူ၍ဌင်း၊ 'အောင်း....စောင်း....စန္ဒရား....တရော၊' ဟူ၍ဌင်း၊ 'ညှင်း....စောင်း....စန္ဒရား၊'ဟူ၍ဌင်း၊ ရေးစပ်သည်တို့၌၊ **ညှင်း** ကလဲ့လျှင် ကျန်သည်တို့မှာ ကြိုးတပ် တုရိယာများသာ ဖြစ်ကြသဖြင့် ယင်းတို့တွင် **အောင်း၊ အောင်းကလေး** သည်လည်း အပါအဝင်ဟု တွေးဖွယ်ရှိသည်။ နောက်ဆုံး မဃဒေဝလင်္ကာသစ်၌ အငြိမ့်တုရိယာခြောက်မျိုးကို ပြဆိုရာဝယ်သော်၊ နှောင်းခေတ်ပိုင်းသို့ရောက်လာတော့သဖြင့် **ညှင်း** အပြင် ကြိုးတပ်မဟုတ်သော **ပတ္တလား** လည်း ပါဝင်လာတော့၏။ သို့ရာတွင် ယင်းအငြိမ့် တုရိယာများစာရင်းတွင် အထောက်အကူမျှဖြစ်သော စည်း၊လက်ချပ်တို့ကို ထည့်သွင်းရေတွက်ခြင်း မပြုသည့်နည်းတူ **ပုံသာ** ကိုလည်း ထည့်သွင်းရေတွက်ခြင်းမပြုဟု ယုံကြည်ရာ၏။

မှန်ရွေးဆရာတော် ကိုးကား၍၊ ရွေးက 'အောင်းကလေးပုံသဝ'ဟု အနက်ပြန်ခဲ့သည်ဆိုသော ပါဠိဘာသာ **ပရိဝဒန္တာ** ပုဒ်ကို စိစစ်ကြည့်ရသောအခါ၊ ပါဠိနှင့်သံသကြိုဋ္ဌ နှစ်ဘာသာစလုံးတွင် **ပရိဝါဒိနီ** ဟူသောပုဒ်ရှိ၍၊ ယင်း၏အနက်မှာ 'ကြိုးခုနစ်ချောင်းတပ် စောင်းပြား'ဟောဖြစ်ကြောင်း တွေ့ရပြန်သည်။ **ပရိဝဒန္တာ** ပုဒ်ကိုသော် တိုက်ရိုက်မတွေ့ရသော်လည်း၊ ယင်းပုဒ်ကို **ပရိဝါဒိနီ** နှင့် မိတ်တူအနက်တူဟု ယူရ၏။ ထို့ကြောင့် **ပရိဝဒန္တာ** ပုဒ်ကို '**အောင်းကလေး, ပုံသဝ** ဟု အနက်ပေးခဲ့သော်၊ **ပုံသဝ** ဟူသောစကားကိုထည့်သွင်းခြင်းမှာ မသင့်၊ **အောင်းကလေး** ဟု ပေးသည်ကို မသေချာသောကြောင့် အလဲအလှယ်ယူဆရန် ထည့်သွင်းခြင်းမျှဖြစ်တန်ရာသည်။ **အောင်းကလေး** ဆိုသည်သာသင့်၍၊ **အောင်းကလေး** မှာလည်း အနော်ဂက်နိုင်ငံ သံသကြိုဋ္ဌ ပါဠိသုခမိန့်တို့တွေ့ရှိထားသည်အတိုင်း၊ 'ကြိုးခုနစ်ချောင်းတပ် စောင်းပြား' သာလျှင် ဖြစ်ကြောင်း ယုံကြည်ရသည်။

အောင်း ဟူသောပုဒ်ကို စူးစမ်းကြည့်ပြန်သောအခါ၊ ယင်းပုဒ်မှာ မြန်မာစကားစစ်ဟုတ်ပုံမပေါ်၊ မွန်သက်လည်းမဟုတ်၊ အခြားအနော်ဂက်နိုင်ငံဘာသာများ,ဟိန္ဒီ,အရဗီ,ပါရှင် အခေါ်တို့နှင့်လည်းမနီးစပ်၊ တရုတ်ဘာသာ **တုရိယာ** ဟော **အော်** (ou.Giles 8496) ပုဒ်နှင့်သာ လွန်စွာနီးစပ်သဖြင့်၊ ယင်းပုဒ်သက်ဟုသာ ယူဆရသည်။

သံသကြိုဋ္ဌ - ပါဠိဘာသာဖြင့် **ပရိဝါဒိနီ**၊ ပါဠိဘာသာဖြင့် **ပရိဝဒန္တာ**၊ မြန်မာခေတ်လတ်ဘာသာဖြင့် **အောင်း၊ အောင်းကလေး** ခေါ် ကြိုးခုနစ်ချောင်းတပ် စောင်းပြားနှင့်၊ သံသကြိုဋ္ဌ, ပါဠိ, ဟိန္ဒီဘာသာ တို့ဖြင့် **ဝိဏာ** ဟုခေါ်သည့်၊ အများအားဖြင့် ကြိုးခုနစ်ချောင်းတပ်ပင်ဖြစ်သော စောင်းပြားတို့မှာ တူကောင်းမှတူပေမည်။ ဝိဏာခေါ် စောင်းပြားဌ် ခလုတ်များ ပါသော်လည်း အောင်းဌ် ပါမပါမသိရပေ။ တဖန် **ဝိဏာ** ခေါ် စောင်းပြားနှင့်၊ ရွေးအနော်ဂက်နိုင်ငံသားများနှင့် ရွေးခေတ်,မျက်မှောက်ခေတ် မြန်မာသုံး **စောင်းကောက်** ကို ရောထွေးမှားယွင်းတတ်သည်။ ဤသို့မမှားယွင်းရန် အထူးသတိပြုသင့်သည်။ **အောင်းကလေး** မှာ ရွေးက **စန္တရား** ဟုခေါ်ခဲ့သော တုရိယာနှင့်နီးစပ်လျှင် အငယ်စား၊ လေးထောင့်စောင်းပြားဖြစ်သဖြင့် ယင်း၏ အမည်ရင်း **အောင်း** တွင် **ကလေး** တပ်ကာ **အောင်းကလေး** ဟုခေါ်တွင်လာတန်ရာသတည်း။

၇။ အောင်း၊ စာမရီ

အောင်း ဆိုသည်မှာ မည်သည့်သားကောင်ဖြစ်ကြောင်း၊ အချို့သောရှေး စာဆိုကဝိတို့ ကွဲကွဲပြားပြားနားလည်ထားကြဟန် မတူချေ။ အောင်းမွေးနှင့် အောင်းမြီးတို့၏ အသုံးများကို ထောက်သော်၊ ယင်းသည် သံသကြိုဋ္ဌ နှင့် ပါဋ္ဌိ ဘာသာတို့၌ **စာမရ** ဟုခေါ်၍၊ တိဗက်ဘာသာဖြင့် **ဂ်ယင်** ဟု ရေးခေါ်သော သားကောင်ပင်ဖြစ်ရပေမည်။

စာမရ သားကောင်၏ ရှေးလူကြီးများ ယုံကြည်ကြသည့် အလေ့အကျင့်နှင့်၊ ယင်း၏အမြီးကို မင်းမြောက်တန်ဆာငါးပါးတွင် တပါးအဝင်အပါ သားမြီး ယပ်အဖြစ်ဖြင့် အသုံးပြုရသည့်အကြောင်းကို၊ ပါရမီတော်ခဏ်းပျို့အပိုဒ် ၇၀ ၌ ဖွဲ့ဆိုထားသည်မှာ—

"ပမာသွေးသီ၊ စာမရီဟု၊ နောက်ချီပုပ္ပ၊ မြီးဆံလှလျက်၊ တောမထိပ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင်ဖြိုးဖြိုး၊ သားအမျို့၊ကား၊ ကျင့်ရိုးအစဉ်၊ ချင်းတို ဥာဉ်(ငြင်)ဖြင့်၊ ရှောင်ကြဉ်လျက်ပင်၊ မြီးဆံပင်၏(သည်)၊ အကြင်သရော်၊သွားမတော်၍၊ ထောင်လော်ကန့်လန့်၊ ခြုံနွယ်ညှန့်၌၊ အတွန့်ရှောက်ရှောက်၊ ငြင်းလေမြောက်အံ့၊ မျှလောက်မွေးသက်၊ တမျှင်ရွက်ကို၊ စုံမက်ချစ်စိုး၊ နှမြောနိုး၍၊သားမျိုးတိရစ္ဆာန်၊ အားကုန်သွန်လျက်၊ လည်းလန်မူးမော်၊ ရှန်းချေသော်လည်း၊ ထိုရော်မြီးဖျံး၊ပြတ်ခန့်ညားရ၍၊ မသွားတဆေ့၊ထိုရှေ့ဝပ်တန့်၊ အသက်စွန့်လျက်၊ တွန့်သည်တပင်၊ မွေးတမျှင်ကြောင့်၊ ကိုစင်ဆုံးရှောင်း၊ မသေကောင်းဟု၊ ကျိုးကြောင်းယိုးယုံ၊အကြုံမဲ့ပဲ၊ဖြစ်ခဲစွာလောက်၊မင်းမြောက်တန်ဆာ၊ ရတနာအမြီး၊ ငါသေပြီးလည်း၊ ပျက်စီးမဲ့ထွေ၊ ရပစေဟု၊ ကောင်းသေပင်ကို၊ ဝပ်၍ဆိုသား၊ ထိုတိရစ္ဆာန်၊တောသားမွန်၏၊ကျင့်ဟန်ထူးပြား၊ဤဖြစ်လားကို၊ဘဘွား(ဖဘွား) နှလုံးရှိစေလသော။"

ဤ စာမရီသားမြီးယပ်ကိုပင်၊ အောင်းသားမြီးယပ်ဟု၊ ဓမ္မပါလပျို့၊ အပိုဒ် ၉၀ ၌၊ သျှင်သီလဝံသကိုတော် စပ်ဆိုလျက်ရှိပြန်သည်မှာ—

"ဆူဆူထီးဖြူ၊ဆောင်းပစ္စူဖြင့်၊ကာထူအုပ်လှာ၊ကြွလေရာသို့၊ ငြဟ္မာသိုကြား၊ လက်ဦးဖျားက၊ **အောင်းသားမြီးယပ်**၊ ဆက်ကာကပ်၏။"

အောင်းမွေးကို ရှေးကပန်းဖွဲးပြုလုပ်သုံးလေ့ရှိသည်ကို ကျောက်စာ မင်စာ နှင့်ကဗျာတို့တွင် ရေးသားစပ်ဆိုလျက်ရှိကြသည်မှာ—

(၁)။ "ဂင်္ဂေယဆင်၊ ရွှေဝေါတင်၍၊ ပြိပြင်ယဉ်ကျေး၊ ခြူးသေးကြာပွင့်၊ နုရင့်စိမ်းပြာ၊ ရွှေကြာညောင်ရွက်၊ ဆွဲလျက်လူလူ၊ **အောင်းမွှေးရာ**၊ ချထား

အမြိတ်။” ။၁၁၄၀ ခုစဲ့၊ ပုဂံမြို့၊ စူဋ္ဌာမဏိမင်စာ။

(၂)။ “အောင်းမွေးယရင့်၊ရွှေထိပ် ရွှေကုံးတို့ဖြင့်၊ဆင်ယင်ကုန်သော၊ လုံမ ချွန်းတောင်း၊အဲမောင်းသန်လျက်၊ လက်နက်စွဲကုန်သော၊....၊ရွှေကြိုးပယင်းကြိုး၊ အောင်းပွားနားဆွဲ၊လည်ရွဲစည်ပေါင်း၊....၊အစဟိသောရတနာ တန်ဆာတို့ဖြင့် ဆင်အပ်ကုန်သော၊....၊ဆင်မြတ်တို့ကိုလည်း။”။(အက္ခရာဖလှယ်ပြီး) ၁၀၁၁ ခုစဲ့၊ စစ်ကိုင်းမြို့။ရာဇမဏိုစူဋ္ဌာကျောက်စာ၊ကျော၊ ၂၂၊၂၃၊၂၄။

(၃)။ “ဆင်ထက်စီးသော သူရဲတို့ကို မိန်ညိုကြဲသေး ချပ်တန်စာ ပါလည် ကွေး အောင်းမွေးရယင့် ရွှေထိပ်ရွှေကုံး၀တ်ဆင်(စေ)ရယ်။” ။(အက္ခရာဖလှယ် ပြီး)။ ၁၁၃၉ခုစဲ့၊အ၀မြို့၊မိုးထိကျောင်းကျောက်စာ၊၇။

(၄)။ “အောင်းနီ ဦးတပ္ပင့်၊ ပဲ့နှစ်ပင့်။ တက်မအနီ။” ။၁၂၄၃ခုစဲ့၊ မန္တလေးမြို့၊လေသာကျောင်းသိမ်ကျောက်စာ၊ ၄၀။

(၅)။ “ဆည်းလည်းရွှေချူ၊ လူလူအောင်းသား၊ ကဲလားလက်ထောက်၊ လေနန်းဖေါက်၍။” ။နေမိတ္တံခဏ်းပ္ပါ၊၁၀၄။

(၆)။ “ခုံတိုင်မြင်းကို၊ဆက်နင့်ရွှေရွက်၊ဦးခက်မြီးဖြန်း၊တင်ရန်းကစ၊နိတုံက တိ၊စိမ်းမြကတောင်၊စီစဉ်မြောင်သား၊ချီဆောင်ကြွားကြွား၊အောင်းသားလည်း ဆွဲ၊ကြည့်စဉ်ပွဲ၀ယ်။” ။ရွှေစာတိုင်ဆင်တော်မောက္ခန်း ၁၄။

(၇)။ “နတ်ရှင့်သားချစ်၊ ကျစ်လျစ်ဆင်းပြင်၊ ပြင်စည်ရှင်ကား၊ နီစင်ဆုန်း သား၊ အောင်းဖွားဖွားနှင့်၊ ယောကျ်ားပီအောင်၊ တင့်ရည်းဆောင်၍၊ မိုးခေါင် ထိပ်ဦး၊စိုင်ရှူးအသွင်၊ဗေါင်းဆင့်တင်မှ၊မြင်းလျင်မိကျောင်း၊ရွှေလောင်းရဲလှေ၊ ရံအုပ်တွေနှင့်၊ရေလည်းမမြင်။” ။ ၎င်း၊၁၅။

(၈)။ “ရွှေလည်းခြောက်ရပ်၊နောက်ခြောက်တပ်တည့်၊ရုံးထပ်မိန်ညို၊ မျဉ်း တိုမျဉ်းရှည်၊ အောင်းချည် (ခြည်)လူလူ၊ မိုးဖြူတိမ်လိပ်၊ ကြယ်စုံသိပ်သို့။” ။ ဝေဿန္တရာပ္ပါ၊၃၂၄။

အောင်းမွေးဖြင့် ပြုလုပ်ထားသော **ပန်းပွား**၊ ၀၊ **ပန်းဖွား**၊ များကို ထုတ် နှုတ်ချက် (၁)၊(၂)တို့၌ **ဆင်** တို့မှငင်း၊(၆)၌ **မြင်း** တို့မှငင်း၊(၄)၌ **လှေ** တို့မှ ငင်း(၃)၊(၈)တို့တွင် မိန်ညို၊ ကြဲသေး၊ မျဉ်းတို့,မျဉ်းရှည်၊ မောက်တို့၊မောက်ရှ စသော **သူရဲတို့၏အဆင်တန်ဆာ** များမှငင်း၊(၇)၌ **မင်းသား၏စစ်၀တ်တန် ဆာ** များမှငင်း၊(၂)၌လှံမချွန်းတောင်း၊အဲမောင်းစသော **လက်နက်** တို့၌ငင်း၊ (၅) ၌ အိမ်၏ ကဲလား ပြတင်းပေါက်မှငင်း၊ ဆွဲချထားကြောင်း ဖေါ်ပြလျက် ရှိသည်။

ထုတ်နှုတ်ချက်(၂)တွင် ‘အောင်းမွေးယရင့်’ဟူ၍ငင်း၊(၃)တွင်‘အောင်းမွေး

ရယင့်'ဟူ၍ငင်း ဆိုသည်တို့၌ **ယရင့်၊ ရယင့်** ဟု **ယ** နှင့် **ရ** တို့ကို ပြောင်းပြန်ရေး ဆိုလျက်ရှိသော ပုဒ်မှာ မွန်ဘာသာ၌ 'အောင်းမွေးပန်းဖွား'ကိုပင် **အံင်ရေင်** (အောင်းရေအင့်) ဟုရေးသားရွတ်ဆိုသောပုဒ်တွင် **ဗီစဉ်** ဟော **ရေင်** ဟုရေး၊ **ရေအင့်** ဟုဖတ်သောပုဒ်ဖြစ်၍၊ ဤ **ရေင်** ပုဒ်သည်လည်း မြန်မာဘာဘာဘာ၌ **ဗီရင်** ဟုဆိုသည်တွင်ထို့အတိုင်း **ဗီစဉ်** ဟော **ရင်** ပုဒ်နှင့် မိတ်တူဖြစ်သည်။ထို့ကြောင့် **အောင်းမွေးရယင့်** ဟု ရေးခြင်းက **အောင်းမွေးယရင့်** ဟု ရေးခြင်းထက် ပို၍ မူရင်းပုဒ်နှင့် နီးစပ်သည်ဆိုရာ၏။ အနက်မှာ 'အောင်းမွေးမျှားကို စီစဉ်ပြုလုပ်ထားသော ပန်းဖွား'ဟူ၏။ထုတ်နှုတ်ချက်(၈)တွင် 'အောင်းချည်(ခြည်)လူလူ' ဟူသော စကားကိုထောက်သော်၊အောင်းမွေးပန်းဖွား၊၀၂၊ အောင်းပန်းဖွားပြုလုပ်ရာ၌ အောင်းမွေးကို အမျှင်မျှားအတိုင်းမဟုတ်ပဲ၊ ခြည်ကျစ်ပြီးမှ သုံးလေ့ရှိကြောင်းသိရပြန်သည်။ စာမရီခေါ် အောင်းသားကောင်သည် မြန်မာနိုင်ငံအတွင်း၌ဖြစ်ထွန်း နေထိုင်ခဲ့ခြင်းမရှိပဲ၊ လွန်စွာအေးမြ၍ မြေဂက်ဖက်ကျသော တိဗက်၊တရုတ်နိုင်ငံ၊ မြင့်မားသည့်ကုန်းပြင်မြင့်မျှားအပေါ်၌သာ ကျက်စားနေထိုင်လေ့ရှိချေရကား၊ယင်း၏ အမွေးနှင့်အမြီးယပ်မျှားကို အဆိုပါနိုင်ငံတို့မှသာလျှင် မြန်မာနိုင်ငံအတွင်းသို့ဆောင်ယူတင်သွင်းခဲ့ရပေမည်။ တော်သုံးမဟုတ်သည့် အချို့နေရာဌာနတို့၌လည်း အောင်းမွေးဆိုသည်မှာ ယခုအခါ ချင်း, နာဂ, ကချင်တောင်တန်းဒေသတို့၌ လုံမျှားတွင်တပ်၍ သုံးစွဲလေ့ရှိသော အောင်းမွေးမျှားကဲ့သို့၊အောင်းကောင်အစစ်မှမဟုတ်ပဲ၊အခြားတောဆိတ်,တောန္ဒာ,းသမင်, ဒရယ်တို့ကဲ့သို့သောသားကောင်မျှားမှရသည့်အမွေးမျှားလည်းဖြစ်တန်ရာသည်။ ဤအကြောင်းကြောင့်ပင်၊ အချို့ကျောက်စာနှင့် ကဗျာတို့တွင် အောင်းကို စာမရ၊ စာမရီဟု မယူဆပဲ၊ အောင်းနှင့် စာမရီကိုခွဲခြား ယူဆရေးသားဖွဲ့ဆိုခဲ့ကြသည်ထင်ဖွယ်ရှိသည်။

(၁)။ "သားမျိုးရုပ်မျိုး၊တိုး **အောင်းစာမရီ**၊ ကိန္နရာကိန္နရီ၊ဧကိသရာဘ။" ။၁၁၀၅ ခုစွဲ၊အဝမြို့၊မဟာအောင်မြေဘုံစံကျောင်းကျောက်စာ၊၅၀၊၅၉။

(၂)။ "အထွေအထွေ့၊ပြားစုံခြေဝယ်၊ဖေါ်ရွေဖိုမ၊သာမြူးကြလျက်၊ပုပ္ပချစ်ဖွယ်၊မြီးသွယ်မင်ဆံ၊ရွှေရည်ကျသို့၊ကောင်းကြံကျင့်မှတ်၊သက်ထက်မြတ်ဟု၊မပြတ်စေရ၊လွန်ယုယသား၊ **မွေးလှစာမရီ**၊ ဧကိကတိုး၊ **သိုးနှင့်သားအောင်း**၊ငေါင်းလည်းမကျန်၊ ခုန်သန်ရှူးပုံ၊ တောဖျံကြောင်ဖါး၊တိုးကျားမြေပါ၊သွားရှာမြေခွေး၊စည်းဝေးအတူ။" ။၈၊ထာခြောက်ဆယ်ပျို၊ ၄၆။

(၃)။ "ကသယ်မြေမှ၊ကြေပုပ္ပနှင့်၊မြတလင်းပြင်၊မိုးနွေမခန်း၊ယိုစိမ့်စမ်းနှင့်၊ အိုင်ကမ်းခွင်မှာ၊ရွှေသမင်တောက်၊ **စာမရီငွေ့၊တိုးအောင်းခွေ့**၊ ရေမိုးသောက်

လို့၊တော၊မျောက်ကယ်ငြာ၊ ကန္တာမြိုင်ကြီးကလဲပူဖို့ဖွယ်။” ။ဦးကြင်ဥရေး၊ တော်လားညည်းခြင်း။

(၄)။ “မြို့ငယ်ညိုညို့နယ်၊စုံတော်ရဂုံလယ်မှ၊ဖိုမောင်မယ် ကိန္နရီနှင့်၊**ရွှေစာမရီသား**၊ ကျားကြံ့ပြောင်ဆင်၊ **တိုးအောင်းစံပျော်ရွှင်တဲ့**၊ စမ်းရေယဉ်ဇင်ဂီရိ ငယ်မှာ၊ဖန်ပိနတ်များ။” ။ရေးသူမသိ၊‘ရဂုံဟေမာ’ချီ၊ပတ်ပျိုးကလေး၊သဖျန်။

အထက်ပါကျောက်စာနှင့်ကဗျာတို့တွင် **စာမရီ**နှင့်**အောင်း**ကို သားကောင်တမျိုးစီအနေဖြင့်ရေးသားဖွဲ့ဆိုထားကြသည်မှာထင်ရှားပေသည်။သံသကြိုဠ်နှင့်ပါဠိဘာသာတို့၌**သားကောင်**ကို**စာမရ**ဟုခေါ်၍၊**သားမြီးယပ်**ကိုသာ**စာမရီ**ဟုခေါ်ဆိုလေ့ရှိသည်။မြန်မာဘာသာ၌သော် သားကောင်ကိုလည်း **စာမရီ** ဟုပင်ရေးဆိုလေ့ရှိသည်။ဤတွင်**သားမြီးယပ်**ဆိုသည်မှာလည်း‘လေခပ်သောယပ်၊လေယပ်’မဟုတ်၊မှက်ခြင်စသည်တို့ကိုပုတ်ခတ်ရန်သုံးသည့်မြင်းမြီးယပ်ကဲ့သို့သောယပ်သာလျှင်ဖြစ်ချေသည်။

အောင်းသည်**စာမရီ**ပင်ဖြစ်ကြောင်း၊အမြီးကို မင်းမြောက်တန်ဆာငါးပါးအပါအဝင်၊ သားမြီးယပ်အဖြစ် အသုံးပြုရသည့်အချက်က သက်သေခံလျက်ရှိသည်။ မောင်းထောင် ဆရာတော်ရေး ဝေါဟာရတ္ထဘေဒ ကျမ်းတွင်လည်း **အောင်း**ကို**စာမရ**ဟုပင် ဖော်ပြလျက်ရှိသည်။သမန္တစက္ခုဒီပနီကျမ်းတွင်**စာမရီ**ကို**သားကောင်**ဟုပြု၍၊**စမရ**ကိုသော်**အောင်း**ဟုပြဆိုလျက်ရှိသည်မှာဖော်ပြပါအကြောင်းတို့ကြောင့် မသင့်ဟုဆိုရာ၏၊ **စမရ** သားကောင်ကို တရုတ်မင်းသုံးဘာသာဖြင့် **ခီ**၊ကန်တုန်ဘာသာဖြင့် **စဲ** (စိုင်၊sai)ဟု ခေါ်ဆိုရာ၊နောက်ပုဒ်သည် မြန်မာဘာသာ **စိုင်** နှင့် မိတ်တူဖြစ်ပုံပေါ်သည်။ **အောင်းရှိုင်း**ကို တဖန် တိဗက်ဘာသာဖြင့် **အ်ဖြောင်** ဟုခေါ်ပြန်ရာ၊ ယင်းပုဒ်မှာ မြန်မာဘာသာ **ပြောင်** နှင့် မိတ်တူဖြစ်ပုံပေါ်သည်။သို့ဖြင့် သားကောင်များ၏အခေါ်များတွင် တဘာသာနှင့်တဘာသာကဲ့ပြားသွားသည်ကိုတွေ့ရသည်။သို့ရာတွင်‘စိုင်၊ပြောင်၊**အောင်း**’တို့သည် နွားကဲ့သို့မျိုးဝင်များချည်းဖြစ်ကြသည်။အောင်းမှာ နွားနှင့်ပို၍တူပြီးလျှင်၊ တိဗက်လူမျိုးတို့အဖို့ ဝန်တင်ရန်နှင့်နို့,,အသား,အစားအစာ၊အမွေးအနွေးထည်၊ သားရေလေ့,တဲမှစ၍၊များစွာသော အသုံးအဆောင်တို့ကိုရယူရန် လွန်စွာအသုံးဝင်သည့်ကျေးဇူးရှင်သားကောင်ဖြစ်သည်။ထိုသားကောင်ကိုပင် မြန်မာတို့သည် ရှေးအခါက **အောင်း** ဟု ခေါ်ခဲ့သော်လည်း၊ နောက်ပိုင်းတွင် ပါဠိ-သံသကြိုဠ်ပုဒ်သက် **သားမြီးယပ်** ဟော **စာမရီ**ကို သားကောင်အနေဖြင့်အခေါ်များလာပြီးလျှင်၊ အောင်းနှင့်စမရ၊ဝါ၊စာမရီ မတူဟု ထင်မြင်ယူဆကာ၊ကဗျာတို့တွင် ခွဲခြားစပ်ဆိုလာကြသည်ဆိုရာသတည်း။

၈။ အိုး

ဤ **အိုး** ဟူသော ခေါင်းစဉ်အောက်တွင်၊မြန်မာဘာသာ၌ အမျိုးမျိုးသော **အိုး** ဟော၊ **အိုး** အခေါ်ပုဒ်တို့ကို ဖွင့်ဆိုရန်ရည်ရွယ်ပါသည်။ မြန်မာဘာသာ၌ **အိုး** အခေါ်ပုဒ်တို့ကလည်း မနည်းလှချေ။စာရင်းပြုလုပ်၍ရသည်တို့ကို အက္ခရာစဉ်အတိုင်းပြဆိုရသော် 'အိုးကင်း၊အိုးခက်၊အိုးစရည်း၊အိုးတန်၊အိုးတုတ်၊အိုးပုတ်၊အိုးပျစ် (အိုးပြစ်)၊အိုးဖေါင်းကန်၊ကလသာအိုး၊ တယ်အိုး (ဒယ်အိုး)၊ ဒေါမား၊ ဖျဉ်းအိုး၊မြူအိုး၊ရေခဲမိုး၊လံပါး'ဟူ၍ဖြစ်၏။ယင်းအခေါ်တို့ကို တခုစီ တိုတိုတုတ် တုတ်ပင် ဗျုပ္ပတ်ထုတ်၍ ပြရမည်ဆိုသော်–

'အိုးကင်း၊တယ် (ဒယ်)အိုးကင်း၊ မီးအိုးကင်း၊မီးကင်းဖို' ဆိုသည်တို့၌ **ကင်း** ပုဒ်သည်၊'မီးကင်၊အမဲကင်၊ငါးကင်၊နေ၌ကင်'ဆိုသည်တို့၌ **ကင်** ပုဒ်နှင့် သံပေါ်၊ သံလေးမျက္ခဲသော ပုဒ်ဖြစ်၍၊ **ကင်** ၏ အနက်ထက် လေးနက် မြောက်မြားသည့် 'မီး၏ အပူရှိန်ဖြင့် ကြော်,လှော်,ချက်၊မီး၏အပူရှိန်တိုက်' ဟောဖြစ်သည်။ ဤသို့ မီး၏အပူရှိန်ဖြင့်တိုက်မှန်၊ မီး၏အပူရှိန်ဖြင့် ကြော်, လှော်, ချက်ရန် အိုးကို **အိုးကင်း** ဟူ၍ငင်း၊တယ်အိုး(ဒယ်အိုး)ကို **တယ် (ဒယ်)အိုးကင်း** ယူ၍ငင်း၊ မီး၏အပူရှိန်တိုက်ရန်၊မီးထည့်ရန် အိုး,ဖိုကို **မီးအိုးကင်း,မီးကင်းဖို** ဟူ၍ငင်း၊ခေါ်ဆိုသည်ယူရာ၏။တိဗက်-မြန်မာဘာသာတို့၌ **ကင်၊ ကင်း** တို့နှင့် မိတ်တူပုဒ်များကို တွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
၁။ ကချင်	ကင်	ပူ၊နွေး၊
	ကကင်	မီးကင်၊
	ကောန်	မီးလှုံ၊
၂။ မရူ	ကောင်	နေလှန်း၊
၃။ နုင်း	ဂင်၊ငဂင်	ပူ၊
၄။ ပေါင်းရှေချင်း	ကင်	ရှိုး,မြှိုက်,လောင်,ကျမ်း၊
၅။ သဒိုးချင်း	ကန်	ခြောက်,ခန်း၊
၆။ တင်ခုလ်နာဂ	ကဟင်	ဆူ,ချက်,ပြုတ်၊
၇။ လှိုတနာဂ	ချင်	ခြောက်,ခန်း၊
၈။ ကချာရီ	ဟင်	ကင်,ကြော်,လှော်၊
၉။ အဗောမိရီ	ကေင်	ချက်၊ပြုတ်၊

ထို့ကြောင့် **အိုးကင်း** ဆိုသည်မှာ မီးအရှိန်ပြင်းစွာတိုက်၍ ကြော်, လှော်,

ချက်ရန် အိုးဟူ၏။

၆၂၁-၆၆၄ ခုစဲ့၊ ပုဂံမြို့၊သမထီးအရပ်ကျောက်စာ၌'သိယ်အိုဝ်ခက် ၁၀ စာသောက်ပိယ်၏(သေအိုးခက် ၁၀ စားသောက်ပေ၏)။'ဆိုရာဝယ်၊ **အိုးခက်** ဆိုသည်မှာ၊ပါဂရမီတော်ခဏ်းပ္ပါ အပိုဒ် ၅၆ ၌၊ 'ကြိမ်ခက်ဖောင်းကန်၊ဖျဉ်းအိုးတန်ကို၊'ဟု ဆိုသည်၌ကဲ့သို့၊ အလွယ်တကူ မကွဲစိမ့်သောငှါ၊ ကြိမ်နှီး, ဝါးနှီး, ကြိုးစသည်တို့ဖြင့် ပတ်လည်၌ရက်၍ကွပ်ထားသောအိုးဖြစ်သည်။ယင်းအိုးမျိုးကို ရေ, ဆီ,အရည် စသည်တို့ကိုထည့်၍ လွယ်ပိုး၊ဆွဲဆောင်သွားရန် အသုံးပြုသည်။

အိုးစရည်း ဆိုသည်တွင် **စရည်း** ပုဒ်မှာ မွန်ဘာသာ 'သွန်းလောင်း'ဟော **စရိုဟ်** ပုဒ်သက်ဟုယူဖွယ်ရှိသည်။တို့ကြောင့် ရေ,ဆီ,အရည် စသည်တို့ကို သွန်းလောင်း၍ သိုမှီးထားရန်အသုံးပြုသော အိုးကြီးကို **အိုးစရည်း၊ စရည်း** ခေါ်သည်ယူရာ၏။လောကသာရဆုမ္မစာ၊အပိုဒ် ၁၈၌၊ 'စေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်၊စရည်းအိုးခွက်၊ကြီးစွာလျက်တည့်၊တံစက်ကျများ၊ ပြည့်သောလားသို့၊'ဟုဆိုသည်၌၊ ရေခဲ့,ရေလှောင်အိုးကြီးကို **စရည်း** ဟုခေါ်ဆိုလျက် ရှိသည်။

အိုးတန် ဆိုသည်တွင် **တန်** ပုဒ်မှာ မွန်ဘာသာ **ချက်ပြုတ်** ဟော **ဒုန်** ပုဒ်သက်ဟုထင်ဖွယ်ရှိသည်။မွန်ဘာသာ၌ **တုံ၊ တောမ်** ပုဒ်တို့၏ အနက်လည်း ထို့အတိုင်း **ချက်၊ပြုတ်** ဟောဖြစ်သည်။ ထို့ကြောင့် ချက်ပြုတ်ရန်အိုးကို **အိုးတန်** ခေါ်သည်ယူရာ၏။ "အိုးတန်ဆန်ခတ်"ဆိုသောစကားနှင့်၊ သုဝဏ္ဏသျှံ သူဌေးခဏ်းပ္ပါ၊ ၆၈ တွင် "နံ့လျောင်းမွေးမွေး၊ သလေးဖြူစွာ၊ဆန်ကောင်းသာလျင်၊ စေတနာထက်သန်၊ ဝတ်အမှန်ဖြင့်၊ **အိုးတန်ငါးဆယ်၊** အိမ်ရှေ့ဝယ် တည့်။" ဟူသောစပ်အင်တို့တွင် **အိုးတန်** ၏ အနက် 'ချက်ပြုတ်ရန်အိုး' ဟူ၍ပင် ပေါ်ထွက်လျက်ရှိသည်။

အိုးဝမ်းခေါင်းကျယ်၊အိုးဝတုတ်ကြီးများကို **အိုးတုတ်** ဟုခေါ်၍၊ယင်းတို့ကို အများအားဖြင့် ရေ,ဆီ စသည်ပစ္စည်း သိုလှောင်ရန်သုံးလေ့ရှိသည်။

ကလေးများကစားစရာအိုးငယ်ကလေးများကို **အိုးပုတ်** ခေါ်ရာ၌ **ပုတ်** ပုဒ်သည် မွန်ဘာသာ **အိုးငယ်** ဟော **ဗေဘတ်** ဟုရေး **ပေါတ်** ဟုဖတ်သောပုဒ်သက်ဖြစ်တန်ရာသည်။တဖန်ယင်း **ပုတ်၊ ဗေဘတ်** ပုဒ်တို့သည်၊ မြန်မာဘာသာ၌ "ပုစု၊ ပုပ္ပရွရွ၊ သားပုမြေးငယ်၊ လူပု၊ အိမ်ပု" ဆိုသည်တို့တွင် "ပု၊သေး၊ငယ်၊ မကြီး၊မမြင့်"ဟော **ပု** ပုဒ်သက်၊ **ပု** နှင့် မိတ်တူဟု ယူသင့်သည် ထင်၏။ဤ **ပု၊ ပုတ်၊ ဗေဘတ်** တို့နှင့် မိတ်တူပုဒ်များကိုအနွယ်တူဘာသာတို့၌လည်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	ပု	သေး၊ငယ်၊ကလေး

	ဖြူ၊ဖြုဂ်	၎င်း
၂။ ကချင်	ဗု	ပုၤကူ
	ဗေဘတ်	၎င်း
၃။ မရူ	ဗျူ	၎င်း
၄။ မိရီ	ပေတ်	၎င်း
၅။ သျှမ်း	ပုက်	၎င်း
၆။ တရုတ်	ပေါ၊ပေါက်၊ဗောက်	၎င်း

မြန်မာဘာသာ **ပု** ပုဒ်နှင့် တိဗက်ဘာသာ **ဗု၊ ဖြူ၊** ကချင်ဘာသာ **ဗု၊** မရူဘာသာ **ဗျူ** ပုဒ်တို့ နီးစပ်၍၊ မြန်မာဘာသာ **ပုတ်** ပုဒ်နှင့် တိဗက်ဘာသာ **ဖြုဂ်**၊ သျှမ်းဘာသာ **ပုက်** ပုဒ်တို့ နီးစပ်ပြီးလျင်၊မွန်ဘာသာ **ဗေဘတ်** ပုဒ်နှင့် ကချင်ဘာသာ **ဗေဘတ်**၊ မိရီဘာသာ **ပေတ်**၊ တရုတ်ဘာသာ **ပေါက်**၊ **ဗောက်** ပုဒ်တို့နီးစပ်သည်ဆိုရာ၏။ အနက်များတွင်လည်း **သေး၊ ငယ်** ခြင်းနှင့် **ပု၊ ကွ** ခြင်းတို့မှာ ပရိယာယ်တူပင်ဖြစ်၍ အဝန်းပမာဏနှင့်ဆိုင်သော် **သေး၊ ငယ်** ဟု ဆို၍၊အမြင့်ပမာဏနှင့် ဆိုင်သော် **ပု၊ ကွ** ဟူ၍ဆိုသည်။ထို့ကြောင့် **သေး၊ ငယ်၊ ပု၊ ကွ** ဟော **ပုတ်** နှင့် 'တင်းပုတ်၊ပုတ်ကက်၊ ပုတ်ဆုံ' ဆိုသည်တို့တွင် 'ဝတုတ်၊ အလုံးအဝန်းကြီးမား' ဟော **ပုတ်** တို့သည်လည်း အနက်ပရိယာယ်အနည်းငယ် ကွဲသည့်ပုဒ်တူများ ဖြစ်ကောင်းဖြစ်ပေမည်။အရာဝတ္ထုတို့၏ အရွယ်ပမာဏသေးငယ်လျင်၊ ယင်းတို့၏အယပ်အမောင်းလည်း ပုကွတတ်သည်။ ယင်းတို့၏ အယပ်အမောင်း ပုကွလျင် ယင်းတို့၏ အလုံးအဝန်းကြီးမား၊ဝတုတ်တတ်သည်။ သို့ဖြင့် အရွယ်ပမာဏ သေးငယ်၊ပုကွ ဟူသော သဘောမှ၊ အလုံးအဝန်းကြီးမားဝတုတ်ဟူသော သဘောသို့ သက်လျောပြီးလျင်၊ မြန်မာဘာသာ၌ **ပုတ်** သည် **အိုး ပုတ်** ဆိုရာ၌ **သေး၊ ငယ်**၊ ဟော'တင်းပုတ်၊ပုတ်ကက်၊ပုတ်ဆုံ' ဆိုရာတို့၌'ဝတုတ်၊ အလုံးအဝန်းကြီးမား'ဟော ဖြစ်လာသည် ထင်ဖွယ်ရှိသည်။

အိုးပျစ်၊ အိုးပြစ် တို့၏အကြောင်းကို၊ 'စပျစ်၊ပွယ်' အကြောင်း၌ အတော်အသင့်ပြဆိုခဲ့ပြီ။ ထိုအရေးနှစ်ရပ်အနက် **အိုးပြစ်** ဟူသော အရစ်ဖြင့် အရေးကို အင်းဝခေတ်ထိုးကျောက်စာတို့တွင် အောက်ပါအတိုင်း ရှေးဦးစွာ တွေ့ရသည်။

(၁)။ "ကွံလောင်အိုဝ်ပြစ်၊ ကျစ်လျစ်ခြေခံ၊ ရောင်လျှံပြိုဝ်ပြက် (ကွမ်းလောင်းအိုးပြစ်၊ကျစ်လျစ်ခြေခံ၊ရောင်လျှံပြိုးပြက်)။" ။၈၆၈ ခုစွဲ၊ စစ်ကိုင်းမြို့၊အထိန်းတော်ကျောင်းကျောက်စာ၊ကျော ၃။

(၂) "ရေဖြင်ပြည်သောင်ဒေအိုဝ်ပြစ်၊ရွှေအိုဝ်ပြစ်တိုဝ်ဖြင်၊....၊ရွှေအိုဝ်ပြစ်တိုဝ် ကိုဝ်ရွက်စေ၏။...၊ သောက်ကြာကြိုဝ်ရုပ်ကိုဝ် အိုဝ်ပြစ်နှင်အကွထာ၏။....၊ ယမ

နတ်ကိုဝ် အိုဝ်ပြစ်နှင်အကွထာ၏၊ (ရေဖြင့်ပြည့်သော ငွေအိုးပြစ်၊ ရွှေအိုးပြစ်တို့ ဖြင့်....၊ရွှေအိုးပြစ်တို့ကိုရွက်စေ၏။....သောကြာဂိုဟ်ရုပ်ကို အိုးပြစ်နှင့် အွကွထား ၏....၊ယမနတ်ကိုအိုးပြစ်နှင့်အကွထား၏)။" ။၈၇၂ ခုစဲ့၊ အဝမ်ဖို့၊ နန်းတည် အခမ်းအနားကျောက်စာ၊ ၉၊၂၂၊၄၃၊၄၄။

အိုးပျစ် ဟူသော အပင့်ဖြင့်အရေးကို ၁၁၈၃ ခုစဲ့၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိ ကျောက်စာတွင်မှ 'အိုးပျစ်မြူတာ,ဟူသော စကား၌ တွေ့မိသည်။အင်းဝခေတ် ကဗျာပုံနှိပ်မူတို့၌သော် **အိုးပြစ်** နှင့် **အိုးပျစ်** အရေးတို့ကို ရောထွေး တွေ့ရပြီး လျှင်၊နောင်တစ တစ **အိုးပျစ်** အရေးခေတ်စားလာချေတော့သည်။

'အိုးပြစ်၊အိုးပျစ်' တို့ကို 'အိုးပြတ်၊ အိုးဗျတ်ဟုလည်းရေးသေး၍၊ယင်းစကား အားလုံးတို့သည် မွန်ဘာသာ **အိုးငယ်** ဟော **ဗောတ်** ဟုရေး၍ **ပေါတ်** ဟု ဖတ်ရွတ်သောစကားမှ လာဟန်ရှိကြောင်းကိုလည်း ဆိုခဲ့ပြီ။ထို့ကြောင့် **အိုးပြစ်** ဟူသောအရေးသည် ရှေးပင်ကျသော်လည်း၊ **အိုးပျစ်** ဟူသော အရေးက၊စကား၏မူလနှင့်ပို၍နီးစပ်၊ အသံပြောင်းရာ၌လည်း ပို၍စံနစ်ကျသဖြင့်၊ လိုက်နာရန်ပို၍ သင့်ကြောင်းကိုလည်း ဆိုခဲ့ပြီ။

သို့ရာတွင် **အိုးပြစ်** ဟူသောအရစ်ဖက်ကလည်း စဉ်းစားရန်တချက်ကျန်လေ သေးသည်၊ယင်းစကားမှာ မည်သည့်နည်းဖြင့်မျှ မြန်မာစကားရင်း မဟုတ်တန် ရာ၊ယင်းနှင့်မိတ်တူပုဒ်များကို တိဗက်-မြန်မာဘာသာတို့၌လည်းမတွေ့ရ။ သို့ဖြင့် မွန်ဘာသာ၌ပင် ထပ်မံရှာဖွေကြည့်ပြန်ရာ၊ **လွေတ်** ဟူသော ပုဒ်ကို တွေ့ရ၏။ အနက်မှာ 'သုတ်လိန်း၊လိန်းကျ ့၊မံ' ဟောဖြစ်သည်။အိုးပြစ်၊ ရွှေအိုးပြစ်၊ ငွေအိုး ပြစ်ဆိုသည်တို့မှာ အများအားဖြင့် စဉ့်ရည်,ရွှေရည်,ငွေရည် တို့ဖြင့် သုတ်လိန်း, ရွှေချ,ငွေချထားသော အိုးများဖြစ်ရာ၊ ဤသို့စဉ့်ရည်,ရွှေရည်,ငွေရည်သုတ်အိုး၊ ဝါ၊ စဉ့်သုတ်၊ ရွှေချ၊ ငွေချထားသောအိုး ' ဟူသောအနက်ဖြင့် **အိုးပြစ်** ဟု ရေးသော် သင့်ရာ၏။မွန်ဘာသာ **လွေတ်** မှ သော် **ပြစ်** သို့သာ ပြောင်းသင့်၏။ သို့ဖြင့် **အိုးငယ်** ဟူသောအနက်ဖြင့် **အိုးပျစ်** ဟုရေးခြင်းသည်သင့်၍၊ **စဉ့်ရည်, ရွှေရည်, ငွေရည်သုတ်အိုး၊ စဉ့်သုတ်, ရွှေချ,ငွေချ ထားသောအိုး** ဟူသော အနက်ဖြင့်သော် **အိုးပြစ်** ဟုရေးခြင်းသည် သင့်ရာ၏။

ဖေါင်းကန် နှင့် ယင်း၏မူရင်း **ပေါင်းကန်** တို့၏အကြောင်းကို 'မြန်မာလ အမည်များ **တပေါင်း** အကြောင်း၌ ဖေါ်ပြလျက်ရှိသည်။ပေါင်းကန်အရေး ကို ၇၀၇ခုစဲ့၊အရမပုရမြို့၊ရွှေဂူကျောက်စာ၌'ပြီသေပြီသာကာဝက်တောင်ခွဲထွက် တခု၊သေငါပေါင်ကန်နှင် စာသောက်ပေ၏(ပြီးသေပြီးသားကား၊ ဝက်တောင်း ခွဲထွက်တခု၊ သေငါးပေါင်းကန်နှင့် စားသောက်ပေ၏)။'ဟူသော အရေးတွင်

စတင်တွေ့ရသည်။ ၆၁၀ ခုစဲ့၊ ပုဂံမြို့၊ အင်္ဂဇေါ်ကာ ကျောင်းတန်တိုင်းအတွင်း၊ ဂူတွင်းရှိကျောက်စာတွင် 'အရက်နှစ်ပေါင်ရှည်၊ တလုံမ်တလုံမ်သော်၊ လေကွန်စာဝင်အိုဝ်တည် (အရက်နှစ်ပေါင်းရှည်၊ တလုံး တလုံးသော် လေးကွန်းစားဝင်အိုးတည်း)။'ဆိုရာ၌ **ပေါင်းရှည်** ဟူသည်မှာလည်း **ပေါင်းကန်အိုးရှည်** ပင်ဖြစ်ရာသည်။**ပေါင်းကန်** တွင် **ပေါင်း** ပုဒ်၏အနက်မှာ 'ကောက်ညှင်းကိုပေါင်း၊သားငါးကိုပေါင်း၊ပဲပေါင်း၊ဝက်ပေါင်း၊တပေါင်းလ(ထန်းပေါင်းလ)'ဆိုသည်တို့၌ကဲ့သို့ **ကျို၊ချက်** ဟော၊ **ကန်** ပုဒ်၏အနက်မှာ'ဆန့်ကန်၊ရေကန်၊ပန်းကန်'ဆိုသည်တို့၌ကဲ့သို့'ဝင်၊ဆန့်၊ထည့်၊သို'ဟောဖြစ်ရာ၊ ပုဒ်တခုလုံး၏အနက် 'ကျိုချက်,ထည့်သိုစရာအိုး'ဟူ၏။

ပေါင်းကန် ကိုပင်တဖန်နှောင်းခေတ်၌ **ဖေါင်းကန်** ဟုပြောင်းလဲရေးခေါ်ပြန်၏။

(၁)။ "တိုင်ဆောက်သော သေငါဖေါင်ကန်၊ အရက်တကျောက်၊နွားမကြီတခု (တိုင် ဆောက်သော် သေငါးဖေါင်းကန်၊ အရက်တကျောက်၊ နွားမကြီးတခု)။" ။၇၉၆ခုစဲ့၊စစ်ကိုင်းမြို့၊သိဃ်ဒိပ္ပကျောင်းကျောက်စာ။

(၂)။ "သေသုံမ်ဖေါင်ကန် ငွေသုံမ်ကျပ်ပေ၏ (သေသုံးဖေါင်းကန်၊ငွေသုံးကျပ်ပေး၏)။" ။၇၉၆ခုစဲ့၊စစ်ကိုင်းမြို့၊သိဃ်ဒိပ္ပကျောင်း ကျောက်စာ။

(၃)။ "နတ်တင်သောနှစ်ဖေါင်ကန်၊ အရက်တဖေါင်ကန် (နတ်တင်သောနှစ်ဖေါင်းကန်၊အရက်တဖေါင်းကန်)။" ။၈၁၂ခုစဲ့၊ ကွမ်းရွာ၊မင်းကျော်ငြင်းကျောက်စာ။

ဖေါင်းကန် သည် **ပေါင်းကန်** ပုဒ်ပြောင်းမျဖြစ်သဖြင့်၊ အနက်မှာ **ပေါင်းကန်** အတိုင်း 'ကျိုချက်ထည့်သိုစရာအိုး'ဟောပင်ဖြစ်သည်ယူရာ၏။

ကလသာအိုး ဆိုသောစကားတွင် **ကလသာ** မှာ ပါဠိ **ကလသ**၊ သံသကြိုဠ် **ကလဓ** (ကလယ့)ပုဒ်သက်ဖြစ်၍၊မူလအနက်မှာ'ရေအိုး၊ရေချိုင့်၊ရေတကောင်း' ဟောဖြစ်သည်။ ယင်းစကားကို အောက်ပါ ပုဂံခေတ်ထိုး ကျောက်စာတို့၌တွေ့ရသည်။

(၁)။"တန်တိုင်တွင်နှိုက္ကာကလသအိုင်အယောင်နှင့်အ တူသောတင်္အတယ်စွာသော စင်ကြံထက်ကူလေတည်ဓအ်။" ။၅၀၅ ခုစဲ့၊ပုဂံမြို့၊ လေးမျက်နှာဖုရား (မင်းအနန္တသူ)ကျောက်စာ၊၇၊၀။

(၂)။ "ဥတ်နှင်ယ်ုသောတန်တိုင်အရမ်တွင်ကလသာကွန်အိုဝ်နှင့်တူလကည်သောစင်ကြံထက်နှိုက် တင်တယ်စွာသောကူလေတည်လတ်ရုယ်။" ။၆၂၇ခုစဲ့၊ ပုဂံမြို့၊ ကုသ သမုတိဖုရား ကျောက်စာ၊ ၁၆၊၁၇။

ဤကျောက်စာတို့တွင် အထက်၌စေတီပုံဂူတည်ရန် အောက်ခံ အုတ်ခုံရင်ပြင်ကို **စကြဝဠာ** ဟု ခေါ်လျက်ရှိသည်။ ယင်းအုတ်ခုံပတ်လည်တွင် အုတ်ကိုတဖြိုးတည်းမတ်စောက်မတက်ပဲ၊ ကလသာခေါ် ကြာသပတ်အိုး (ယခုခေတ်ညောင်ဇေရအိုး)ပုံကဲ့သို့ကွေးကောတက်သည်ကို 'ကလသာအိုးအယောင်နှင့်တူသော၊ကလသာကန်အိုးနှင့်တူလကည်သော' ဟု ဆိုလျက်ရှိသည်။ ဒုတိယကျောက်စာတွင် 'ကလသာကန်အိုဝ်' ဟု ရေးသည်ကို 'ကလသာကန်အိုး' ဟူ၍ဂင်း၊ 'ကလသာကန်းအိုး' ဟူ၍ဂင်း၊ နှစ်မျိုးပင်ဖတ်ယူနိုင်သည်အနက်၊ ကလသာကန်အိုးဟု ဖတ်ယူလျှင် အနက် 'ကလသာအိုးပဲ့' ဟုရ၍၊ ဤသို့ **ကလသာ** ကို **အိုးပဲ့** ဟု ခေါ်ဆိုသည်မှာ ယင်းအိုးကို စေတီ,ပုထိုး,ဂူစသည်တို့၏ပစ္စယံထောင့်ချိုးများ၌ အထက်သို့အရွယ်သေးငယ်သွားသော ကလသာအိုးပုံသဏ္ဌာန်များကို အဆောက်အဦ၏ အမှုမ်းအမံ အဖြစ်ဖြင့် ထည့်လေ့ရှိသောကြောင့်ဖြစ်သည်ယူရာ၏။ 'ကလသာကန်းအိုး' ဟုဖတ်ယူလျှင်၊ ယင်းအိုးကို နတ်ကန်း၊မင်းကန်း၊ ကန်းစင်တို့၌ ထားလေ့ရှိသောကြောင့် ဤသို့ခေါ်ဆိုသည်ဟုရာ၏။ ဤအယူက ပို၍သင့်ပိမ့်လောဟုထင်မိ၏။ ဤအရေးမျိုးကို အခြားနေရာတို့၌ မတွေ့ရသဖြင့် အတည်တကျ မဆုံးဖြတ်သာ။

ဤ ကျောက်စာတွင်ပင် 'ကလသာကန်အိုးနှင့် တူလကည်သော (တူလချည်သော၊တူလချေသော)'ဟူသော စကားတွင် ပုဏ္ဏားသံပေါက်၍နေသည့် **'ကည်သော'** ပုဒ်ကိုလည်းသတိမူရာ၏။

''ကလသာအိုး'ကို မြန်မာဘာသာသက်သက်ဖြင့် 'ကြာသအိုး၊ကြာသပတ်အိုး' ဟု အင်းဝခေတ်တွင်ခေါ်ဆိုခဲ့သည်။

(၁)။ ''မိုအောက်ရေပြည်လျက် **ကြာသအိုဝ်** တည်၏ (ထို့အောက်ရေပြည့်လျက် ကြာသအိုးတည်၏)။'' ။၆၀၃-၆၆၃ ခုစံသော်လည်း၊ အင်းဝခေတ်ဦးလောက်တွင်ထိုး၊ပုဂံမြို့၊မင်္ဂလာစေတီကျောက်စာ၊၁၉။

(၂)။ ''ဖုရာလှရှေတ်နိုက် ရှေ **ကြာသအိုဝ်** တည်ဘိသကဲသိုဝ်(ဖုရားလှရွှေတော်၌ ရွှေကြာသအိုးတည်ဘိသကဲ့သို့)။'' ။၈၃၆ခုစံ့၊စဉ့်ကိုင်မြို့နယ်၊ဖုရားလှကျောက်စာ၊ ဂ၊၉။

(၃)။ ''ရွှေဘုံပြောင်ပြောင်၊ ကျောင်းတိုင်အောင်လျှင်၊ အမြောင်နှစ်ဖက်၊ မြို့မုတ်ထူက်မှ၊စေ့စေ့စပ်၍၊ နားဝလျှမ်းလျှမ်း၊တင်းကျမ်းပြည့်ဖြိုး၊ **ကြာသပတ်အိုးနှင့်**။'' ။ဆုတောင်းခဏ်းပျို၊၁၂၁။

(၄)။ ''ရေကြည်ပြည့်ဝ၊ လံပါစသည်၊ ထိုမျှခပင်း၊ အဆင်းနံ့သာ၊မြူတာအိုးပျစ်၊ညာသစ်ခမိုး၊ **ကြာသပတ်အိုးလည်း**၊ ဖြိုးဖြိုးထိုဝယ်၊ပြည့်သောနှယ်သို့။'' ။ဆုတောင်းခဏ်းပျို၊ ၁၂၃။

ကလသာအိုး၊ ကို **ကြာသအိုး**၊ **ကြာသွတ်အိုး** ခေါ်ဆိုသည်မှာ၊ ယင်းအိုးတွင် ကြာပန်းများစိုက်၍ သွတ်၍ထားလေ့ရှိသောကြောင့်ဖြစ်သည်။ ယင်းအိုးကိုပင် ယခုခေတ်တွင် '**ညောင်ရေအိုး**' ဟု ခေါ်လျက်ရှိသည်မှာ ညောင်ရေလောင်းရာ၌သုံးလေ့ရှိသောကြောင့်ဟု ထင်ဖွယ်ရှိသည်။ သို့ဖြင့်ဖုရားရွှေတော်၌တယ်ထားသော် အသုံးနှင့် အခေါ်မကိုက်ပဲ ဖြစ်နေသည်။ ရှေးအခေါ် 'ကြာသအိုး၊ ကြာသွတ်အိုး' က အသုံးနှင့်ပို၍ဆီလျော်သည်ဆိုရာ၏။ ယင်းအိုး၏ပုံပန်းမှာ မပြောင်းမလဲ၊ရှည်လျားလျား၊ကွေးကောင့်ကောင့်၊ကြောင့်မောင့်မောင့်ပင် ရှေးကအတိုင်းရှိပေသေး၏။

ဒယ်အိုး ဟူသောစကားသည် **တယ်အိုး** သက်ဖြစ်၍၊ 'ကြော်လှော်ရန် မီးပေါ်၌ **တယ်** ထားသော အိုးပက်' ဟူ၏။ မီးအပူကို ကောင်းစွာခံနိုင်ရန် မျက်မှောက်ခေတ်တွင် ယင်းအိုးမျိုးကို သံစသောသတ္တုဖြင့်ပြုလုပ်လေ့ရှိသည်ကို လူတိုင်းအသိပင်။

ဒေါမား ၏အနက် **အိုးကြီး** ဖြစ်ရာ၊ **မား** ပုဒ်ကို 'ကြီးမား၊မိုမား၊' ဆိုသည်တို့၌ကဲ့သို့ **ကြီး** ဟောဟုယူရာ၏။ **ဒေါ** ပုဒ်မှာ **ထမင်း** အကြောင်း၌ဖေါ်ပြခဲ့သော၊ နုိင်းဘာသာတွင် **အိုး** ဟော **ထ**၊ တင်ခုလ်နာဂဘာသာတွင် 'ထမင်းအိုး၊ဟင်းအိုး' ဟော **တာထမ်**၊ ကချင်သာသာတွင် **အိုး** ဟော **ဒီဒု**၊ တရုတ်ဘာသာထွင် '**မြေအိုး၊မြေခွက်**' ဟော **ထော၊ထော်၊ဒေါ** ပုဒ်၊ အဗေဒမိရီဘာသာတွင် **အိုး** ဟော **တို** ပုဒ်တို့နှင့်မိတ်တူ **အိုး** ဟောဟုယူရာ၏။ **ဒေါမား** စပ်အင်များကိုရှေးအင်းဝခေတ် ကဗျာတို့တွင်မတွေ့မိ၊ တောင်ငူခေတ်နှင့် ကုန်းပေါင်ခေတ် ကဗျာတို့တွင်သာ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "**ခေါင်ရည်ဒေါမား**၊မဲဆားစိမ်းကော၊အံ့မောအကင်၊ကံကျေးဖြင်လျက်။" ။မင်းတရားမယ်တော်ဧခြင်း၊ဂ၂။

(၂)။ "ရွှေလျက်ညိုးညီး၊ **အိုးကြီးဒေါမား**၊ ဆယ်ခြောက်ပါး ကို၊ ယောကျ်ားဟုတ်စေ၊ထုတ်နိုင်ပေမူ။" ။မဟာဇနကပျို့၊ ၅၂။

သာဓက နှစ်ရပ်စလုံးကို ပေါရာဏကထာဋ္ဌကာဋ္ဌ ပေးလျက်၊ **ဒေါမား** နှင့် **စရည်း** တို့ကို ရေခံအိုးကြီးချည်းဖြစ်ကြောင်း ဖေါ်ပြလျက်ရှိသည်။

ဖျဉ်းအိုး။ **ဖျဉ်း** ဆိုသောစကားကိုလည်း ပုဂံခေတ်ကျောက်စာတို့တွင် မတွေ့ရ။အင်းဝခေတ်ကဗျာတို့တွင်မှ စတင်တွေ့ရသည်။

(၁)။ "ခြသွေ့ဆီနှင့်၊သိဂိနိုက္ခ၊ **ရွှေဖျဉ်းဝသို့**။" ။ပါရမီတော်ခဏ်းပျို့၊ ၃၄။

(၂)။ "ကြိမ်ခက်ဖေါင်းကန်၊ **ဖျဉ်းအိုးတန်ကို**"။ ။ဂင်း၊၅၅။

ဖျင်း နှင့် မိတ်တူဟု ယူဆယ်ရှိသော ပုဒ်များကို အောက်ပါအတိုင်း တွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	ဖန်	ချက်ပြုတ်အိုး၊
	ဖိင်	မြေချိုင့်၊ခွက်၊
၂။ သျှမ်း	ဖိင်	မြေအိုး၊မြေခွက်၊
၃။ နဂ်း	ဖင်	အိုး၊
၄။ တရုတ်	ဖန်၊ဖုန်၊ဗုအန်	အိုး၊အင်တုံ၊စည်ပိုင်း၊

ယင်းပုဒ်တို့ကို ထောက်သဖြင့် **ဖျင်း** ၏အနက် **'အိုး၊မြေအိုး၊ချက်အိုး'**ဟု ယူရာ၏။'ရေလှောင်အိုး'ကိုလည်း **ဖျင်း** ဟုပင်ခေါ်သေးကြောင်း၊နေမိဘုံခဏ်း ပျို၊အပိုဒ် ၈၇ တွင် "ပုံသွန်းလှော်မျှင်း၊ရေလှောင်ဖျင်းလည်း၊မချင်းဝံချေ၊ မီးစတေသို့။" ဟူသော စပ်အင်္ဂကို ထောက်ရာ၏။ ဤ **အိုး** ဟော **ဖျင်း** ပုဒ်နှင့် 'ဖျင်းရော၈၊ဖျင်းစဲ့'ဆိုသည်၌ **ဖျင်း** ပုဒ်၊'ဖျင်းဖျင်းနာ၊စပ်ဖျင်းဖျင်း'ဆိုသည်၌ **ဖျင်း** ပုဒ်တို့ တူအံ့မထင်၊ ပုဒ်သီးများဖြစ်ဟန်ရှာသည်။ နောက်နှစ်ပုဒ်တို့သည်သာ အချင်းချင်းတူပုံရသည်။

၈၁၀ခုစဲ့၊စစ်ကိုင်းမြို့၊အနန္တသူရိယကျောင်းကျောက်စာတွင်"မင်းတကာတို့ခမ်းနား၊ဖျည်းကရားတို့ဖြင့်"ဟူသောအရေးတွင်'ဖျည်းကရား'ဟူသော စကားကိုလည်းတွေ့ရသေးသည်။ ၆၆၆ ခုစဲ့၊ ပုဂံမြို့၊ကုသသမုတိဖုရားမင်စာ၌၊"ထိုဝ်သော အမှီမရကား၊ နွားနို့တဖျန်၊ ယုန်တခြံနှင့်ဖူးလေ၏။" ဆိုရာ၌ 'နွားနို့တဖျန်' ဆိုသည်မှာ'နွားနို့တအိုး'ပင်ဖြစ်၍ **ဖျန်** ပုဒ်သည်၊တိဗက်ဘာသာ **ဖန်** ပုဒ်ကဲ့သို့ **အိုး** ဟောပင်ဖြစ်သည်ထင်၏။

'မြူအိုး၊မြူတာအိုး၊တာအိုး'ဟူသည်တို့မှာ အမည်အခေါ်၌ ကဲ့သေ်လည်း **အိုး** မှာ တမျိုးတစားတည်းပင်ဖြစ်သည်။ယင်းအခေါ်တို့တွင် **မြူ** ပုဒ်သည်'နှင်းမြူ၊အနုမြူ၊မြူမှုန်၊မြူမှုန့်'ဆိုသည်တို့၌ **မြူ** ပုဒိပင်ဖြစ်၍'သေး၊ငယ်'ဟော ဟုယူဆရာ၏။ယင်းနှင့်မိတ်တူပုဒီများမှာ—

ဘာသာ	စကား	အနက်
(၁)။ တရုတ်	မိအော၊မိအု	သေး၊ငယ်၊
	အု၊မော်၊မိအု	နှင်းမြူ၊
(၂)။ သျှမ်း	မူည်	၎င်း
	မုန်	သေး၊ငယ်၊
(၃)။ ဟန်္ဂီး	မူည်၊မိုည်	နှင်း၊မြူ၊

(၄)။ တိဗက်	ရ်မု၊ရ်မုဂ်သ်	၎င်း
(၅)။ မုဆိုး	မို	၎င်း
(၆)။ ပေါင်းရွှေချင်း	မျော်န်	၎င်း

မြန်မာဘာသာ **မြူ** ပုဒ်နှင့်တရုတ်ဘာသာ **မိဏ္ဍ** ပုဒ်၊တိဗက်ဘာသာ **ရ်မု** ပုဒ် တို့မှာအနီးစပ်ဆုံးဟုဆိုရာ၏။ယင်းတို့ကိုထောက်သဖြင့် မြန်မာဘာသာ **မြူ** ပုဒ် သည်'သေး၊ငယ်'နှင့် 'သေးငယ်သည့် အခိုး,အငွေ့,အမှုန့်၊ နှင်းမြူ၊မြူမှုန်'ဟော ဖြစ်သည်ယူရာ၏။ယင်းအနက်တို့မှာ မြန်မာဘာသာအတွင်း၌ပင် ပေါ်လွင်ထင် ရှားပြီးဖြစ်၏။ ထို့ကြောင့် 'မြူအိုး' ဆိုသည်မှာ 'သေးငယ်သည့်အိုး၊'ရေ,အရေ အခြေအတွယ်တွင်လည်း **တမြူ** ဆိုသည်မှာ'သေးငယ်သည့်ပမာဏ'ဟု တိုက်ရိုက် အနက်ကောက်ယူရာ၏။ 'မြူအိုး၊တမြူ'ဆိုသည်တို့တွင် **မြူ** နှင့် ၂ လမြူ-၁ လ မြက်၊ ၂ လမြက်—တလမယ်၊ ၂ လမယ် - တစလယ်၊ ၂ စလယ်—၁ ခွက်၊ ၂ ခွက်— တပြည်'စသဖြင့်ဆိုသည်တို့တွင် **လမြူ** ဟူသော အခြေအတွယ် ဆက်သွယ်ခြင်းရှိ ကောင်းရှိပေမည်။ဆက်သွယ်ခြင်းရှိလျှင်'**တမြူ**'ဆိုသည်မှာယခုသုံးလျက်ရှိသော နို့ဆီမှုန်တဝက်ခန့်ဝင်မျှသာ ဖြစ်ပေလိမ့်မည်။သို့ဖြင့် **မြူအိုး** ဆိုသည်မှာ တမြူ ဝင်မက၊အရွယ်ကလည်းအမျိုးမျိုးရှိပြန်သဖြင့်၊အချို့အငယ်စားများ ၄ မြူခန့် ဝင်၍၊ အကြီးစားများမှာ ၈ မြူမှ ၁၀ မြူအထိ ဝင်ကြလိမ့်မည်။ထို့ကြောင့် မြူအိုး၏ပမာဏကို တမြူဝင်ဟုစွဲမြဲမထားသင့်ပေ။

မြူတာ တွင် **တာ**၏အနက်ကို'သေတ္တာ (သစ်တာ)၊ ပူတာ'ဆိုသည်တို့၌ကဲ့သို့ 'ထည့်သိုစရာ' ဟူ၍သော်၎င်း၊ 'တိုင်းတာဆိုသည်၌ကဲ့သို့ 'တိုင်း,ခြင့်၊ ခြင်'ဟူ၍ သော်၎င်း၊နှစ်မျိုးပင်ယူနိုင်ရာသည်။ '**တာအိုး**' ဆိုသည်၌ **တာ** ပုဒ်ကိုလည်း **မြူ တာ** မှ **တာ** ပုဒ်သက်ဟူ၍သော်၎င်း၊ယင်းအိုးများကို သကြုံန်အတာကူးပြောင်း ချိန်၌ ပန်း,ရေထည့်၍ပူဇော်ရန် အသုံးပြုလေ့ရှိသဖြင့်၊ 'သကြုံန်ချိန်၊သကြုံန်တာ' ဆိုသည်မှ **တာ** ပုဒ်ပျက်ဟူ၍သော်၎င်း၊နှစ်မျိုးပင်ယူနိုင်ပြန်ရာသည်။ကျွန်ုပ်တို့က သော် ယင်းပုဒ်အားလုံးတို့တွင် **တာ** ပုဒ်ကို'ထည့်သိုစရာ'အနက်ဖြင့်စွဲ၍ယူခြင်းက ပို၍ သင့်သည်ထင်၏။အကြောင်းမှာ ယင်းတို့ကို တသမတ်တည်း တိုင်းတာ ခြင် တွယ်ရန်သော်၎င်း,သကြုံန်ချိန်၌ ပူဇော်ရန်သော်၎င်းမသုံးပဲ၊ ထည့်သိုရန်အတွက် သာသုံးလေ့ရှိသောကြောင့်ဖြစ်၏။

ရေအိုး ကို **ရေခမိုး၊ခမိုး** ဟုလည်း အင်းဝခေတ်ကဗျာတို့တွင် ရေးစပ်လေ့ရှိ သည်။

(၁)။ "သစ်သီးထည့်ဌ၊**အညာခမိုး**၊ခပ်အိုးအင်တွဲ၊ကျည်ထဲပန်းထောက်၊ ရေသောက်ခရူ။" ။ဆုတောင်းခဏ်းပျို၊ ၆၆။

(၂)။ "ရေတွင်းအပေါင်း၊ရေငင်မောင်းနှင့်၊ခပ်လောင်းပြည့်ဖြိုး၊ **ရေခမိုး လည်း**၊ ရေအိုးစင်ထက်၊ထားတင်လျက်တည့်။" ။တန်တားဦး မင်္ဂလာစေတီ မော်ကွန်း(သျှင်ရဋ္ဌသာရ)၊၆။

(၃)။ "ထမ်းသည်ရေအိုး၊ **ရေခမိုးကို**၊ လက်ညှိုးမြဲကိတ်၊ခရိုင်ပိတ်သို့။" ။ သုဝဏ္ဏသျှမ်မြားပစ်ခဏ်းပျို၊ ၆၅။

ယင်းစပ်အင်တို့တွင်'အညာခမိုး၊ရေခမိုး'ဆိုရာဝယ် **ခမိုး** ပုဒ်သည်၊ **ရေခံအိုး**၊ **ခံအိုး** ဆိုသည်ကိုရောထွေးဆိုသည်မှ **ခမိုး** ဖြစ်လာအံ့လောဟု တွေးဖွယ်ရှိသည်။ **ယောက်ယား** ကို **ယောကျ်ား** ဟုရေးခေါ်သည်မှယခု **ယောက်ကျား** ပုဒ်ဖြစ်လာသည်။မွန်ဘာသာ၌ **ချက်အိုး** ဟော **ခမဲ** ပုဒ်တခုရှိသည်။သို့ရာတွင် **ခမိုး**၊ **ခမဲ** တို့မှာ အသံချင်းမနီးစပ်လှသည့်အပြင်၊ အနက်ချင်းလည်း **ချက်အိုး** နှင့် **ရေခံအိုး**၊**ရေထည့်အိုး** ဟူ၍ကဲ့ပြားလွန်းသည်ထင်၏။ဆင်၏ဦးခေါင်းထက်တွင် ထိပ်ဖုနှစ်ခုနှင့်၊ ဆက်သားဖုတို့၏အကြားခွဲဖြစ်၍နေသော အချိုင့်အခွက်ကို'ရေခမိုးတင်၊ခမိုးတင်'ဟုခေါ်လေ့ရှိသည်။ **ရေခမိုး** ကို ယုဒသန်အတိဓာန်နှင့်အချို့ စာပေတို့တွင် **ရေကမိုး** ဟုရေးသည်မှာ မသင့်ဟုဆိုရာ၏။

အိုးအခေါ်နောက်ဆုံးပုဒ်မှာ **လံပါး** ဖြစ်သည်။ **လံပါး** ကို **လံပါ** ဟုလည်းအချို့ရေးဆိုကြသည်။ စပ်အင်များကိုထောက်သော် **လံပါး** ပင်သင့်ရာသည်။

(၁)။ "သည်းချေနောက်မူး၊ ယောကျ်ားရူးသည်၊ မဆူးမရား၊ လံပါးချေးအိုး၊ရေဟုချိုး၏။" ။ပါရမီတော်ခဏ်းပျို၊၇၈(၇၇)။

(၂)။ "တီးပြင်အိုးကျဉ်း၊ လံပါးဖျဉ်းနှင့်၊ စိုးစဉ်းမထူး၊ သရော်တူးခဲ့။" ။ဆုတောင်းခဏ်းပျို၊၄၀။

ဤတွင် **လံပါး** ပုဒ်မှာ၊ပါဠိ - သံသကြိုဠ်ဘာသာ'ရှည်လျား၊ကြီးမား'ဟော **လမ္ဗ** ပုဒ်သက် ဖြစ်သည်။ ထို့ကြောင့် **လံပါးအိုး**၊**လံပါးဖျဉ်း** ဆိုသည်မှာ 'ရှည်လျားကြီးမားသောအိုး၊အိုးရှည်ကြီး'ဟူ၏။

အိုးအမျိုးမျိုးနှင့်အိုးအခေါ်ပရိယာယ်အမျိုးမျိုးတို့ကို ဖွင့်ဆိုပြီးသဖြင့်၊ **အိုး** ဟူသောပုဒ်ရင်းနှင့် မိတ်တူများကိုအောက်တွင် ဖော်ပြလိုက်ပါဦးမည်။

	ဘာသာ	စကား	အနက်
၁။	တရုတ်	ဟု၊အု၊ဂုအော(K.92)	အိုး၊ခွက်၊
		ကုအော၊အုအော၊(K.437)	အိုး၊ကျိုချက်အိုး၊
၂။	မရူ	အုပ်	အိုး၊ရေအိုး၊
၃။	လိစု	ဝု	အိုး၊
၄။	ပေါင်းရွှေချင်း	အုမ်	၎င်း

၅။	လခဲချင်း	အော်(ခ၀)	၎င်း
		အော	အိုး၊ဗူးတောင်း၊ကျည်တောက်၊
၆။	တောင်ခုလ်နာဂ	အောတ်	အိုး၊ခွက်၊
၇။	ဒဖလာ	အိုပုမ်	အိုး၊
၈။	မွန်	အော	အိုး၊အင်၊
၉။	ပလောင်	အူးအ	ရေအိုး၊

ဖေါ်ပြပါများစွာသော အိုးအခေါ်ပရိယာယ်များကို ထောက်သဖြင့်၊ရှေးအခါကမြန်မာတို့သည်အဘယ်မျှအိုးများကိုမြတ်နိုး၍၊အမျိုးမျိုးလုပ်ကိုင်သုံးစွဲခဲ့သည်ကိုသိရသတည်း။

၉။ ကဆုန်ပေါက်၊ ခုန်ပေါက်

မြန်မာအဘိဓာန်ပြုစုရေးအပါအဝင်၊မြန်မာ့စကားတို့၏ အရေးနှင့် အနက်တို့ကို ဖွင့်ဆိုဖေါ်ပြရာ၌၊ရှေးကရေးခဲ့သော မြန်မာသတ်ပုံကျမ်း၊ဝေါဟာရကျမ်းများနှင့် ကဗျာကျမ်းတို့ကိုသာလျှင် မှီခိုအားကိုးနေ၍မဖြစ်၊ကျောက်စာ,မင်စာ, စည်ကွင်းစာတို့၌ မပြုမပြင်၊ မပြောင်းမလဲ တည်မြဲလျက်ရှိသော အရေး သမိုင်းကိုလည်းလေ့လာ၍၊ မြန်မာနှင့် ဆက်ဆံခြင်းရှိသော ဘာသာ,အနွယ်တူ ဘာသာနယ်သို့လည်း ဝင်ရောက်,ရှာဖွေ, မေ့နှောက်နိုင်မှသာလျှင် အမှန်ကိုရရာ၊ အကျိုးများရာသည်ဟု ကျွန်ုပ်တို့အတန်တန် သတိပေးခဲ့ဖူးပါသည်။ဤအချက်ကို ဖွင့်ဆိုခဲ့ပြီးသည့်ဝေါဟာရ မြောက်မြားစွာတို့က ထောက်ခံလျက် ရှိပြီးလျှင်၊ ဤတွင် ဖွင့်ဆိုမည့် **ကဆုန်ပေါက်** ဟူသော စကားကလည်း ထောက်ခံပေဦးမည်။

ရန်ကုန်တက္ကသိုလ်ကပြုစုသော"တက္ကသိုလ် မြန်မာအဘိဓာန်"တွင် **ကဆုန်** ၂ အကြောင်း၌၊သခင်ကြီးခြေင်း၊အပုဒ် ၃ တွင် "နန်းရွှေထီးကို၊စွန့်ငြီးမသုန်၊ယဉ်မြင်းဟုန်နှင့်၊ **ကဆုန်တည့်ချည်း၊**" ဟူသောစပ်အင်၏ တစိတ်တဒေသကိုဖေါ်ပြပြီးလျှင်၊ **ကဆုံ** ရှုဟုဆိုပြီးနောက်၊ **ကဆုံ** ကိုသော် "မြင်း,ဆိတ်,စသည်တို့၏ လက်ကိုဆုံ၍ မြောက်ခြင်း,ခြေကိုဆုံ၍မြောက်ခြင်း။"ဟု အရေးနှင့် အနက်ကိုပြထားသည်။ ကိုးကားချက်အနေဖြင့်၊ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတိယတွဲ၊ "ရှက်ဆုံလက်ဆုံ၊နှမ်းပွတ်ဆုံ၊ကဆုံမြစ်ဆုံမည်သို့နည်း။"ဟူသော သံတူကြောင်းကဲ့အမေးစပ်အင်ကို ညွှန်းသည်။ နောက်ဆုံးတွင် (ခွါဆုံ)ဟု ကွင်းပိတ်ဖြင့် ပြလိုက်သည့် အလိုသော် **ခွာဆုံ** မှ **ကဆုံ** သို့ သက်သည်ဟူ၏။

ထိုင်(ယိုးဒယား)ဘာသာကို ကျွန်ုပ်တို့လေ့လာကြည့်သဖြင့် တွေ့ရှိထားချက်တခုမှာ၊ယင်းဘာသာတွင် **ကးဇောန်** ဟုရေး၍ **ကဆုန်**(ကချုန်)ဟုရွတ်ဆိုသော ပုဒ်၏အနက်မှာ **ခုန်ပေါက်၊ တဟုန်ထိုးပြေးလွှား, ထိုးဝှေ့ပြေး** ဟော် ဖြစ်သည်။ယင်းပုဒ်တွင် **က** ပုဒ်သည်ရှေ့ပစ္စည်းမျှဖြစ်၍၊ **ဇောန်** ဟုရေး၍ **ဇုန်** ဟုရွတ်ဆိုသောပုဒ်ထီး၏အနက်သည်သာ "ခုန်ပေါက်၊ခုန်လွှား၊ခုန်ပြေး"ဟောဖြစ်သည်။ထို့ကြောင့် မြန်မာဘာသာတွင် "ကဆုန်ပေါက်၊ကဆုန်ခုန်၊ ကဆုန်ပြေး၊ ကဆုန်စိုင်း"ဆိုသည်တို့တွင် **ကဆုန်** ပုဒ်မှာ၊ ယင်း ထိုင် (ယိုးဒယား) ဘာသာ **ကးဇောန်** (ကဆုန်)ပုဒ်ဟုပင် ကျွန်ုပ်တို့ယူဆမိ၏။

မြန်မာဘာသာတွင် **ပေါက်** ဆိုသောပုဒ်ကလည်း **ခုန်ပေါက်** ဆိုသည်၌ **ခုန်** နှင့်အနက်တူ၊ **ခုန်၊ လွှား** ဟောပင်ဖြစ်သင့်သည်ထင်၏။ယင်းနှင့် မိတ်တူပုဒ်မျှားကိုလည်း အနွယ်တူဘာသာတို့၌ တွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
(၁) အဗေဒမိရီ	ပေါက်	ခုန်၊လွှား၊
(၂) မုဆိုး	ပေါ့	၎င်း
(၃) တရုတ်	ဖေါ်၊ဘော်	၎င်း

ထို့ကြောင့် **ကဆုန်ပေါက်** ဆိုသည်တွင် **ကဆုန်** ပုဒ်သည် မူရင်း, မူမှန်ပင်ဖြစ်၍၊ယင်းပုဒ်သည် ထိုင်(ယိုးဒယား) စကား၊ **ခုန်၊ လွှား**၊ ဟော။ **ပေါက်** ပုဒ်သည် မြန်မာစကား **ခုန်၊လွှား** ဟောပင်ဟုယူသင့်သည်ထင်၏။**ကဆုန်ပေါက်** ပုဒ်တခုလုံး၏အနက်ကို 'ခုန်ပေါက်၊ ခုန်လွှား၊ ခုန်ပေါက်ပြေး၊ ခုန်လွှားပြေး'ဟုယူရာ၏။သို့ရာတွင် တကွသိုလ်မြန်မာအဘိဓာန် အလိုအတိုင်းသော်၊ **ကဆုန်** ဟူသော **နှ** သတ်ဖြင့် အရေးသည်၊မူရင်း,မူမှန်မဟုတ်၊ **ကဆုံ** ဟူသောသေးတင်ဖြင့် အရေးသည်သာ မူရင်း၊မူမှန်ဖြစ်၍၊ယင်း **ကဆုံ** ပုဒ်သည်လည်း **ခွါဆုံ** ပုဒ်သက်ဖြစ်သည်ဟူ၏။သို့ဖြင့် မြန်မာအဘိဓာန်၊မြန်မာဝေါဟာရ ကျမ်းများကိုပြုစုရာ၌၊ အဘယ်မျှ သံယောဇဘာသာဗေဒနယ်တွင် န္ဒီစပ်ရန်လိုအပ်ကြောင်း၊အထူးဖေါ်ပြရန်မလိုတော့ချေ။

၁၀။ ကတွတ်၊ ပင်း

"ရွှေမန်းဆိုတောင်တော်ဦးက၊ ကြူးလှာတဲ့မိုးသံငယ်၊အုန်းညံ့ခြိမ့်ကြွေးလေ့။
။တာတော်ခွင်၊ရေဝင်အောင် ရွှေကတွတ်ကို၊ပင်းလွှတ်ခဲ့လေး"။ဟူသော၊ လယ်

ဝန်မင်းဦးစီရေးစပ်ခဲ့သည်၊ ရွှေဘိုပုံကြီးသံသီခြင်းငယ်တွင်၊ **ကတ္ထတ်၊ ပင်း** ဆိုသည်တို့မှာ ရှေးတောင်သူ လယ်သမားကြီးများသုံးစကား ဖြစ်သည်။ ယခု ခေတ်တွင် **ကတ္ထတ်** ကိုသုံးလျက်ရှိသေးသော်လည်း၊ **ပင်း** ကို တောင်သူများ အသုံး နည်းလျက်ရှိပြီထင်၏။ယင်းစကားများကို အင်းဝခေတ်ကဗျာစာပေကြီးတို့၌ပင်စတင်တွေ့ရသည်။

(၁)။ "မင်းဖျားစီရင်၊ပြည်ဝန်းကျင်၌၊တည်ထွင်လယ်ချောင်း၊ မြောင်းနှင့် အကွ၊ဖြဖြလုပ်ဆောင်၊ **ရေလျောင်ပင်းတား**၊ တံလားပြွန်သွင်း၊ ကန်သင်းကန်ပိုင်၊ကြဲ့ခိုင်ဆည်းတား၊ရေပြည့်ထားလျက်၊ကွဲနွားထွန်ယက်၊ ပုပ်(**ပင်?**) ညက်မျိုးပဲ၊စိုက်ကြဲယောက်လှန်၊ တဖန်စမ်းစစ်၊ **ကတ္ထတ်လှစ်၍**၊ ရေသစ်သွင်းတိုက်၊ တောနှယ်မိုက်မျ၊ထိုက်ထိုက်အပင်၊ဖုံးထွက်ပြင်လျက်၊ညွှန့်ရွှင်စိမ်းစိမ်း၊ ရှိုးရှိုးရှိမ်းလျင်၊ခပ်သိမ်းလယ်တာ၊ထူပြောစွာ၏။" ။ရွှေဟင်္သာမင်းပျို၊၁၇။

(၂)။ "ထိုမှတပါး၊ ဝန်းလျားကျယ်စွာ၊ လယ်တောကန်ချောင်း၊ မြောင်းလည်းရေဝင်၊ အုန်းအင်းဖြင်လျက်၊ ကောက်လျင်ကောက်ကြီး၊ သုံးသီးမုရင်၊ ခူနင်းမောင်းသွန်း၊လုပ်ငန်းဆောင်တာ၊ **ရေကာပင်းတား**၊ တံလားရေပြွန်၊ မိုးကောင်းမှန်၍၊စိုက်လှန်ကောက်ပင်၊ပျိုးတိုင်းရှင်၏။" ။ဂင်း၊၅။

(၃)။ "အနော်တတ္တာ၊ အိုင်မြတ်ကလျင်၊ **လှစ်ချကတ္ထတ်**၊ ယဉ်တွေလှတ်သို့။" ။နေမိဘုံခဏ်းပျို၊ ၁၅၀။

(၄)။ "ချောင်းမြောင်း **ကတ္ထတ်**၊ ရေအောင်လှတ်သို့။" ။သုဝဏ္ဏသျှမ်းပစ်ခဏ်းပျို၊၁၁။

(၅)။ "ကောင်းကင်မှန်ဝေ၊ရွာစေ့ထစ်ကြိုး၊ မိုးလည်းမလင်း၊ နှင်းလည်းစိုစွတ်၊ **ကတ္ထတ်ရေမြွှန်**၊ တသွန်ချောက်ကမ်း၊တွင်းကျင်းလျှမ်းခဲ့။" ။ဦးတိုးဆို 'ဆင်မြင်းခြေသည်'ခု၊စစ်ရတု။

စပ်အင်တို့တွင် **ကတ္ထတ်** ဆိုသည်မှာ 'ရေဝင်ရန်ထွက်ရန် အပေါက်' ဖြစ်၍၊ **ပင်း၊ ပင်းတား** ဆိုသည်မှာ ထိုကတ္ထတ်ပေါက်ကို ပိတ်ရန်ဖွင့်ရန် 'အပိတ်အဆို့၊အတားအကန့်'ဖြစ်သည်။

ကတ္ထတ် တွင် **က** ပုဒ်မှာ 'ကစွန်း၊ကညို့၊ကတောက်' ဆိုသည်တို့၌ ကဲ့သို့ **ရေ** ဟော၊ 'ကုဆုန်၊ကုတို၊ကုခန်း၊ကုဟာ'ဆိုသည်တို့တွင် **ရေ** ဟောပင်ဖြစ်သော **ကု** ပုဒ်သက်၊ **တ္ထတ်** ပုဒ်မှာ 'တတ္ထတ်တ္ထတ် ပြော့ရွှတ်ဆို့မြည်၊ တတ္ထတ်တ္ထတ် ထွက်၊ ဝင်စီး၊ဆင်း'ဆိုသည်တို့၌ကဲ့သို့၊မူရင်းအနက် 'တွတ်တွတ်မြည်သံ၊'ဆင့်ပွားအနက် '(တွတ်တွတ်မြည်၍)ထွက်၊ဝင်၊စီး၊ဆင်း'ဖြစ်သည်။ ထို့ကြောင့် ရေထွက် ဝင်စီးဆင်းသောအပေါက်ကို 'ကတွတ်ပေါက်၊ကတွတ်'ခေါ်သည် ယူရာ၏။

ပင်း ပုဒ်ကို **ကတ္တက်** နှင့်ဆက်သုံးယ်၍ အသုံးနည်းလျက် ရှိသော်လည်း 'သပ်ပင်း,နားပင်း,အပင်းသွင်း,အပင်းဆို့' ဆိုသော စကားတို့၌ သုံးလျက်ရှိခြေ သေး၏။ အကြား,အပေါက်အားသပ်ဖြင့်ရိုက်၍ ပိတ်ဆို့သည်ကို 'သတ်ပင်း၊' နှံးပိတ်ဆို့နေသဖြင့် မကြားသည်ကို 'နားပင်း၊' ဝမ်းတွင်းသို့ အပိတ်အဆို့သွင်းသည်ကို 'အပင်းသွင်း၊' ဝမ်းတွင်း၌ ပိတ်သွားအောင်ပြုသည်ကို 'အပင်းဆို့၊' ဟု အသီးသီး ဆိုသည်။ထို့ကြောင့် ရေပေါက်,ကတ္တက်၏အပိတ်အဆို့ကို **ပင်း၊ ပင်းတား** ဟု ခေါ်လျက်ရှိသည်။ **ပင်း** နှင့် မိတ်တူပုဒ်များကို အနွယ်တူဘာသာတို့၌အောက် ပါအတိုင်း တွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	ဖိုင်၊ပိုင်	အကာအရံ၊ အဆီးအတား၊ အဖုံးအပိတ်၊
၂။ သျှမ်း	ပန်	ဆီးတား၊ပိတ်ဆို့၊
၃။ ကချင်	ဖင်	နားပင်း၊
၄။ လခဲရ်ချင်း	ပ	၎င်း၊
၅။ မုဆိုး	ပေါ်	၎င်း၊
၆။ လိစု	ပေဝ်	၎င်း၊

ပင်း ပုဒ်သည် အထက်ပါဘာသာတို့အနက်၊ တရုတ်-ထိုင် ဘာသာတို့တွင် 'တားဆီး၊ ပိတ်ဆို့' ဟောမိတ်တူပုဒ်များ ရှိသေးသော်လည်း၊ တိဗက်-မြန်မာ ဘာသာတို့၌သော် **နားပင်း** ဟောမိတ်တူပိတ်များသာ ရှိတော့သည့်အချက်ကို သတိမူသင့်သည်။ မြန်မာဘာသာ၌လည်း ထို့နည်းတူစွာ ယင်း၏'ပိတ်ဆို့၊တား ဆီး'အနက်မှာ တွေးကြည့်မှ သိရလောက်အောင်ပင်၊ မပေါ်မထင်ဖြစ်နေသည် ဆိုရာ၏။

အထက် မြန်မာနိုင်ငံဆည်မြောင်းရှိ ရွှေဘို၊ကျောက်ဆည် စသော ခရိုင်နယ် တို့၌၊ဆည်မြောင်းရေတံခါး စသည်တို့ကို စောင့်ရှောက်ကြည့်ရှုရသော အောက် လက်ငယ်သားများကို **ဗင်သား** ဟုခေါ်ရာ၊ ယင်း **ဗင်သား** ဟူသောစကား၏ ရင်းမြစ်ကိုအချို့က အင်္ဂလိတ်ဘာသာ ပင်လယ်,မြစ်ချောင်း,ဆယ်မြောင်းတို့၏ **ကမ်းခြေ၊ ကမ်းပေါင်** ဟော **ဗင့်** (Bank) ပုဒ်မှ လာပိမ့်လော်ဟု တွေး၍၊ အချို့ကလည်း ဤဆည်မြောင်း, ကတ္တက်ပြုန်ပေါက်တို့၏ **အပိတ်အဆို့** ဟော **ပင်း** ပုဒ်မှလာပိမ့်လော်ဟုတွေးကြ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍အနည်းငယ် ထောက်လှမ်းကြည့်ရာ၊ ကိုးခရိုင်သမိုင်းခေါ် စာအုပ်ငယ်တွင်၊ ၁၁၄၆ ခုနှစ်၊ ကျောက်ဆည်နယ် ဆည်စစ်တမ်းများပါရှိသည်၌၊ **ဆည်ကျွန်ပင်သား** ဆို သော

စကားကို မျှားစွဲသပင်တွေ့ရသည်။ ထို့ကြောင့် **ပင်သား** ဟူသော စကားသည် အင်္ဂလိတ်ဘာသာသက်မဖြစ်နိုင်၊ အင်္ဂလိတ်တို့မဝင်လာမီ ရှေးပဝေဏီကာလက ပင်ရှိပြီးဖြစ်ရပေမည်။သို့သော်ယင်းစကားကို'အပိတ်၊အဆို့'ဟော **ပင်း** ပုဒ်သက် ဟုလည်း တထစ်ချမယူသာသေးပါ။ တရုတ်ဘာသာ၌ 'ချောင်း၊ မြောင်း၊ တူး မြောင်း' ဟော **ပေင်၊ ပင်** (Peng)ပုဒ်ကိုတွေ့ရပြန်သည်(Mathews'5042)။ ယင်းစကားနှင့်အနက်တို့က **ပင်သား** တွင် **ပင်** ပုဒ်နှင့်တိုက်ရိုက်လာ၍တိုက်ဆိုင် နေပြန်သည်။ ၁၁၄၆ ခုနှစ် စစ်တမ်းများတွင် အထပ်ထပ်အခါခါ,အနှံ့အပြား ပင်တွေ့ရသော 'ဆည်ကျွန်ပင်သား' ဟူသော စကားအသုံးအနှုန်းကို စဉ်းစား ကြည့်လျှင်၊ **ဆည်ကျွန်** သည်လျှင် **ပင်သား**၊ **ပင်သား** သည်လျှင် **ဆည်ကျွန်**ဟု ယူရမည်ကဲ့သို့ရှိသည်။ဤသို့ယူလျှင် **ပင်သား** ၏အနက် **ဆည်မြောင်းလုပ်သား** ဟု ပေါ်ထွက်လာမည်ဖြစ်ရာ၊ **ပင်** ပုဒ်သည် တရုတ်ဘာသာ 'ဆည်မြောင်း၊တူး မြောင်း' ဟော **ပေင်၊ ပင်** ပုဒ်နှင့် တထပ်တည်းကျလျက် ရှိခြေမည်။ သို့ရာတွင် **ဆည်ကျွန်** ကိုသာ **တူးမြောင်းလုပ်သား** ဟုယူ၍၊ **ပင်သား** ကို 'ရေမြောင်း အပိတ်, ရေတံခါးစောင့်၊ပင်းစောင့်'ဟု ခွဲခြားယူသော်၊ **ပင်သား** တွင် **ပင်** ပုဒ် သည် **ပင်း** ပုဒ်သက်ဖြစ်နိုင်ရာသည်။ ထိုအယူနှစ်ရပ်တွင် ပထမအယူကပို၍သင့်ပုံ ရသည်ဆိုရာသတည်း။

၁၁။ ကနုတ်

ပန်ချီ၊ပန်ပု နယ်၌ **ကနုတ်ပန်း** ဆိုသောစကားကို သုံးစွဲလျက်ရှိသည်။ သို့ရာ တွင် မည်သည့်ပန်းမျိုးကို ကနုတ်ပန်း ခေါ်သည်ဟုကား မည်သူမျှပြဆိုမိန့်မြွက် ခြင်းမပြုခဲ့သေးချေ။ယုဒသန် အဘိဓာန်,တက္ကသိုလ်အဘိဓာန်စသည်တို့၌ **ကနုတ်၊ ကနုတ်ပန်း** ကိုရှာ၍မရ။တက္ကသိုလ်အဘိဓာန်၌ **ကနု** ကိုသာ 'ဗီသုကာအပြောက် တမျိုး'ဟု ပြလျက်ရှိသည်။ ဗီသုကာအပြောက်မျိုးတို့ကလည်း မျှားပါပါခြင်း။ ဗီသုကာအပြောက်ကိုသာ **ကနု** ခေါ်၍ အခြား ပန်ချီ၊ ပန်ပု၊ပန်တိန် ပန်းတို့ကို သော် **ကနု** မခေါ်တော့ပေဘူးလား။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း၊ အပြိန်း အပြောက်မျှားအကြောင်း၌လည်း **ကနုတ်** မပါရှိ၊ **ကနုတ်** ကိုမဖေါ်ပြခဲ့။ပန်ချီ အနုပညာအုပ် ဦးဘသာ ပုံနှိပ်ဖြန့်ချိခဲ့သော 'အထက်တန်း မြန်မာကနုတ်ပန်း' ဟူသော စာအုပ်တွင်လည်း **ကနုတ်ပန်း** ဟူသည် မည်သည့်ပန်းမျိုးဖြစ်ကြောင်း ကိုမပြဆို။အတွင်းပုံများကို ကြည့်လျှင်လည်း၊ပန်ချီ,ပန်ပုနယ်၌ ရေးချယ်,ထုလုပ် သောပန်းမျိုးဟူ၍ အကုန်အစင်လောက်ပင်ပါရှိနေသည်ကိုတွေ့ရသည်။သို့ဖြင့်

ပန်းဟူသ၍ကိုပင် **ကနုတ်** ခေါ်ရပိသို့ ရှိချေသည်။ **ကနုတ်** ဟူသည် မည်သည့် ဘာသာစကားနည်း၊မည်သည့်အနက်ရှိသနည်း၊မည်သည့်ပန်းမျိုးကို ကနုတ်ပန်း ခေါ်သနည်းဟူသော ပြဿနာများကို ဖြေဆိုနိုင်ရန်အတွက်၊ **ကနုတ်** ၏ ဗျုပ္ပတ်ကို ဘာသာနယ်, ကဗျာနယ်, စာနယ်တို့၌ လိုက်လံရှာဖွေရသည်မှာ၊ အီနောင် ဇာတ်တော်ကြီးတွင် အီနောင်မင်းသားနှင့် ပုတ်စပါးမင်းသမီးတို့ တဦးကိုတဦး လိုက်လံရှာဖွေရသည်ထက်ပင် ခက်ခဲချေသည်။

ရှေးကျောက်စာနှင့် ကဗျာတို့တွင် **တန်ကျစ်**၊ **တန်ကျစ်ရေး**၊ **တန်ကျစ်နွယ်** ဟူသော စကားကို တွေ့ရသည်၌ **တန်ကျစ်** ဟူသည်မှာ ကောက်ကောက် ကွေ့ကွေ့လှပအောင်ရေးဆွဲ,ထုလုပ်,ထိုးချုပ်ထားသော ပန်းနွယ်များဖြစ်သည် ဆိုရာ၏။ကောက်ကောက်ကွေ့ကွေ့ ပန်းနွယ်များဆိုသည်တွင်ကျားကွက်,အင်းကွက် များကဲ့သို့သော အကွက်အကန့်များလည်း ပါဝင်သည်။ ယင်းတို့ကိုလည်း **တန်ကျစ်** ဟုပင် ခေါ်ခဲ့သည်။ တဖန် ခေတ်လတ် ကဗျာ စာပေတို့တွင် **သဇင်ခွေ**၊ **သဇင်နွယ်**၊ **ခြူးပန်း**, **ခြူးခွေ**, **ခြူးနွယ်** ဟူသော စကားများကို တွေ့ရ ပြန်ရာ၊ယင်းတို့သည်လည်း **တန်ကျစ်**၊ **ထန်ကျစ်နွယ်** များကဲ့သို့ 'ပန်းနွယ်,ပန်းလိမ်, ပန်းလိပ်, ပန်းညွှန့်, ပန်းကွန့်, ပန်းတွန့်များပင်ဖြစ်သည်။ ဤ **သဇင်ခွေ**, **သဇင်နွယ်**, **ခြူးပန်း**, **ခြူးခွေ**, **ခြူးနွယ်** ဆိုသည်တို့တွင် **ကစွန်းနွယ်**၊ **သပြက်နွယ်**၊ **ကျည်းကွေး**၊ **ပုစွန်တုပ်ကွေး** စသည့် အကွေး, အကော့, အကောက်, အလိမ်များ ဖြစ်သည်တို့ကိုလည်း ထည့်သွင်းရာ၏။ ယင်းတို့ကိုပင်တဖန် မြန်မာထီးနန်းကွယ်ပ၌ မြန်မာယဉ်ကျေးမှုများ သေးသိမ်,မွေးမြိန်နေချိန်၊ အင်္ဂလိပ်မင်းများ လက်ထက်တွင်၊ **ယိုးဒယားပန်း** ဟု ခေါ်ဆိုလာကြပြန်သည်။ သို့ရာတွင် **ယိုးဒယားပန်း** ဆိုသောစကားကို **ယိုးဒယားသီခြင်း** ဆိုသောစကားကဲ့သို့ ခေတ်ဟောင်း ကဗျာကြီး,စာကြီးတို့တွင်မတွေ့ရ။ စင်စစ်လည်း ယိုးဒယားသီခြင်းများကို၊ယိုးဒယားတို့၏သီခြင်းသွားများအားမှီး၍စပ်ဆိုတီးမှုတ်ခဲ့သော်လည်း၊ ယိုးဒယားပန်းဟု နှောင်းခေတ်အခေါ်ပန်းများကိုသော်၊ ယိုးဒယားနိုင်ငံနှင့် မြန်မာများ ဆက်ဆံမှုမများလှသေးသော ပုဂံခေတ်,အင်းဝခေတ် တို့၌ပင်ရှိပြီး ဖြစ်လေသည်။ ပုဂံခေတ် ပန်ချို,ပန်ပုလက်ရာများတွင် တန်ကျစ်နွယ်,သဇင်နွယ်,ခြူးနွယ် အမြောက်အမြားပင်ပါရှိသည်ကိုတွေ့ရသည်။ထို့ကြောင့်ဤ **ယိုးဒယားပန်း**ဟူသော ခုမှနောက်ပေါ်,မလျော်သည့် အသုံးကို လုံးလုံးစွန့်ပယ်ရာသည်။ အင်းဝခေတ် ကဗျာတို့တွင် **သဇင်ခွေ**,**သဇင်နွယ်** ဟူသောအသုံးအနှုန်းကို မတွေ့ရပဲ၊ ခြူးပန်း,ခြူးခွေ,ခြူးနွယ်,ခြူးသီး,ခြူးရွက်,ခြူးခက်,ခြူးညွှန့်,ခြူးလိမ် စသည်တို့နှင့်ကြာဆွဲ,ကြာယပ်,ကြာထပ်,ကြာဖူး,ကြာပန်း,ကြာရွက်,ကြာပွင့်,ကြာရိုး,

သလင်းကြာ,သင်းတွဲကြာစသည့် အသုံးအနှုန်းတို့ကိုသာ တွေ့ရသည့် အချက်ကို သတိပြုသင့်သည်။ **ခြူး**နှင့် **ကြာ**ကိုပူးတွဲကာ၊ **ခြူးကြာ၊ ကြာခြူး** ဟူသောစကား ကိုလည်းမကြာမကြာသုံးသည်။ ဤမှ "စိမ်ခြူးကြာညောင်" ဟူသော စကားအ သုံးမျိုး သက်ခဲ့သည်။ ယင်းစကားတို့တွင် **သလင်းကြာ** ဆိုသည်မှာ သလင်း ကျောက်ရောင်ရှိ **ကြာဖြူ** ဟူ၍ဝင်း၊ **သင်းတွဲကြာ** ဆိုသည်မှာ "သင်းတွဲမှ ရွှေ ရောင်၊ကုံကော်ဝတ်မှန်၊မွေးထုန်ထုန်နှင့်" ဆိုသည်၌ကဲ့သို့သင်းတွဲရောင်၊ရွှေရောင်၊ ကုံကော်ဝတ်ဆံရောင်ရှိ **ကြာဝါ** ဟူ၍ဝင်းယူရပေမည်။ဤတွင် **ကြာဝါ** မရှိတ ကားဟုဆိုငြားအံ့၊မျက်မှောက်မြန်မာနိုင်ငံ၌ **ကြာဝါ** များကိုမတွေ့ရတော့သော် လည်း၊ပြိတိသျှကြာမျိုးထဲတွင် **ကြာဝါ** ပါရှိကြောင်း မြန်မာ့စွယ်စုံကျမ်း၌ ဆို လျက်ရှိသည်။ ကြေးဝါ၊ကြေးဝါခွေးကိုလည်း **သင်းတွဲ** ခေါ်သည်။

ကနုတ် ကို **စလစ်၊ကမောင်း** တို့ကဲ့သို့၊မွန်သက်ဖြစ်ပိမ့်လောဟုထင်မှတ်ကာ၊ မွန်ဘာသာ၌ရှာကြည့်ရာ'တန်ကျစ်၊ ခြူးခွေ,သဇင်ခွေစသောပန်းနွယ်,ပန်းရေး' ဟော **တနဲ၊တွဲ** ဟူသောစကာကိုတွေ့ရသည်။သို့ရာတွင် ယင်းစကား၏အနက် မှာ **ကနုတ်** ၏အသုံးနှုန်းများစွာတို့က်ဆိုင်လျက်ရှိသော်လည်း၊ပုဒ်ချင်းကအတော် ကွာခြားခြင်းမရှိနေပေသည်။ **တနဲ**မှ **ကနဲ** သို့သက်နိုင်ရာသော်လည်း **ကနုတ်** သို့ သက်ရန်မဖြစ်နိုင်သလောက်ရှိသည်။ **နု** သံချင်းတူသဖြင့်သက်နိုင်ရမည်ဆိုသော်၊ အုန်းလက်ကို မြင်း အမှတ်ဖြင့်စီးသကဲ့သို့သာရှိချေမည်။ ကနုတ်ပန်းနှင့် ခေတ်အ ခေါ် ယိုးဒယားပန်းဆိုသည်တို့ တူယောင်ယောင်ရှိသဖြင့် ယိုးဒယားဘာသာ၌ ရှာဖွေကြည့်ပြန်ပါလည်းအသံအနက်နှစ်ရပ်တို့၌နီးစပ်သယောင်ရှိသော်ပုဒ်ကိုပင် မတွေ့ရ။ တိုဗက်,တရုတ် စသောဘာသာတို့၌ ထောက်လှမ်းကြည့်ရာလည်း၊ ထို့ နည်းတူစွာမောရံသာရှိသည်။သို့ဖြင့် **ကနုတ်** စပ်အင်များမှ ယင်း၏ဗျုပ္ပတ်ပေါ် ထွက်နိုးနှင့်ကဗျာတို့တွင် ကြိုးပမ်းရှာဖွေကြည့်ရာ၊ အင်းဝခေတ် ကဗျာစာပေတို့ တွင် အလျှင်းမတွေ့ရပဲ၊ကုန်းပေါင်ခေတ်လတ်နှင့် ခေတ်နှောင်းပျိုတို့တွင်သာ အ နည်းငယ်မျှ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "ကောင်းကင့်တိမ်စံ၊ပုလဲပျံကို၊ဝတ်ဆံတင်ချုပ်၊မြရှင်မြုပ်လျက်၊ ပြူ လုပ်ထူးဆန်း၊ **ကနုက်ပန်းလည်း**၊ နရန်းတင့်စံ၊သင့်စီမံ၍။" ။တိဏ္ဍုကပျို၊၁၅။

(၂)။ "ပုံထပ်ပပ၊ပဒုမဟု၊ကြာကြဖိုးဖိုး၊ ကြာအမျိုးနှင့်၊ကြိုးတမုတ်ဆန်း၊ ကနုတ်ပန်းက၊ခြူးဘန်းခြူးလိမ်၊ခြူးအိမ်ခြူးပြောက်၊မူးမူးမောက်၏။" ။စန္ဒ ကိန္နရီပျို၊၂၅။

(၃)။ ဆင်နည်းဆင်ပုံ၊မကန်းရုံနှင့်၊ နန်းအုံနန်းအိုး၊နရန်းရိုးမှ၊ ပန်းမျိုးပပ၊ လှမ်းမိုးလှလျက်၊သာစွအစုတ်၊ ကြာကုမုဒ်ဟု၊ **ကနုတ်ကနု**၊ တမုတ်ထု၍၊ သာလု

ကမည်၊ညစ်ကျုကြည်သား၊ကြာရည်ရောရာ၊ တင့်မောစ္စာတွင်၊ ကောကာသက၊ ကမလတည့်၊သတပတ္တိ၊ချပ်ကာခြံလျက်၊ပတ်ရံပြိုးပြွမ်း၊ကြိုးလျှမ်းလျှမ်းကာည့်။”။ အဘိရူကပ္ပျို၊၅၃။

(၄)။ ပန်းရောကေသာ၊ ရွှေဆံချာဝယ်၊ မလွာကုံးသွယ်၊ ကြက်ရုံးချယ်က၊ နွှန်းဆွယ်နိမ္မာ၊တမျှသာတည့်၊ အဆာနှစ်ဖက်၊ ဇာလက်လက်တွင်၊ကြာရွက်ကျေး နူတ်၊ကွေးကွေးဝုတ်သား၊ **ကနုတ်ကန္**၊ တမုတ်စုန့်၊ရှုမရဲရောင်၊စိန်ရွဲတောင်သို့၊ လောင်ဘနမ်းဘွယ်၊လျှမ်းလျှမ်းကယ်မျှ၊ပန်းနွယ်ပန်းပြောက်၊ကွက်ဆန်းကောက် လျက်။” ။အဘိရူကပ္ပျို၊၁၀၆။

(၅)။ “နတ်ပွဲသဘင်၊ တီးစံရွှင်သည်၊ မင်္ဂလာရွှေစောင်း၊ သံပေါင်းရောရှ၊ **ကော်ကန္** နှင့်။” ။ကုသပ္ပျို၊၇၁။

(၆)။ “မြိတ်ဖွားကြိုးရှက်၊ရွှက်နှင့်လက်ရုံး၊သလုံးပေါ်မော်၊နာတိုင်းလျော်သား၊**ကော်ကနုဒ**၊ သိကြားခါန်မောင်း၊စောင်းကိုယူ၍။” ။ကုသပ္ပျို၊၃၂၃။

(၇)။ “**ကော်ကနုခေါ်**၊ သောင်းလုံးကျော်သား၊ စောင်းတော်ရတနာ၊ တီးသောခါတွင်။” ။ကုသပ္ပျို၊၃၃၀။

ထုတ်နှုတ်ချက်တို့ဘွင်(၁)မှ(၄)အထိသာ **ကနုတ်** စပ်အင်များပါ၍၍၊(၅), (၆),(၇)တို့တွင် မင်းကုသ၏စောင်းအမည် **ကော်ကနုဒ** ဟူသောစပ်အင်များ သာပါရှိသော်လည်း၊ **ကနုတ်** နှင့် **ကော်ကနုဒ** ပုဒ်တို့ ဆက်စပ်ခြင်းရှိသည်ကို တွေ့ရသဖြင့်၊ယင်းတို့ကိုပါထည့်သွင်းဖော်ပြလိုက်ပါသည်။

တိတ္ထာကပ္ပျိုတွင် **ကနုက်** ဟုနောက်ပုဒ်တွင်အခြားစပ်အင်များ၌ကဲ့သို့မဟုတ်ပဲ၊ **က** သတ်ဖြင့်ရှိနေသည်မှာ မူအတိုင်းပေလော၊ စာတည်းက ကွန့်လိုက်ခြင်းပေလောဟုမသိရ။ထို့အတိုင်းမူ၌ရှိခဲ့သော် **ကနုက်** ကို **ရွှေ** ဟောပါ၌ **ကနက** ပုဒ် သက်ဟုယူ၍၊ **ကနုက်ပန်း** ၏အနက် **ရွှေပန်း** ဟုယူရပေလိမ့်မည်။သို့ရာတွင် ဤသို့ဟုတ်ပုံမပေါ်၊ **ကနုက်ပန်း** ဟုဆိုလျှင် **ပန်း** ၌ထူးခြားသောသဘောမသက်ဝင်၊ပုလဲပျံကိုမြရှင်နှင့်မြုပ်၍ ရွှေဖြင့်ကွင်းသည်ဟုသာ ဆိုရာရောက်ချေမည်။ **ကနုတ်ပန်းလည်း**၊**နရန်းတင့်စံ** ဆိုမှဖေးပတ်လည်၌ **ကနုတ်** ဟုခေါ်သောပန်းထုထားသည်ဟု ထူးခြားသောအနက် ပေါ်ထွက်ပေမည်။

ထုတ်နှုတ်ချက်(၂),(၃),(၄)တို့ကို သေချာစွာဖတ်ရှုဆင်ခြင်လျှင်၊ **ကနုတ်**၊ **ကနုတ်ပန်း** ဆိုသည်တို့မှာ **ကြာပန်း** ဖြစ်ကြောင်းတွေ့ရလိမ့်မည်။(၂)တွင်“ပဒုမဟု၊ ကြာကြဖြိုးဖြိုး၊ ကြာအမျိုးနှင့်၊ ကြိုးတမုတ်ဆန်း၊ကနုတ်ပန်းက”ဟူသော စကားတို့ဖြင့်၊တမုတ်ကြိုး၊ ဝါ၊ အနားပန်းလှကြိုးကို ကြာရိုး,ကြာရွက်,ကြာဖူး, ကြာပွင့်တို့ဖြင့် မွမ်းမံထားသည်ကို ဖွဲ့ဆို၍၊ “ခြူးတန်းခြူးလိမ်၊ ခြူးအိမ်ခြူး

ပြောက်'' ဟူသော ကျန်စကားတို့ဖြင့် ' ခြူးပန်းခြူးခွေ'တို့ကိုဖွဲ့ဆိုသည်။ ထို့ကြောင့်ကျွန်ုပ်ဘင် **ကြာပန်း** နှင့် **ခြူးပန်း** တို့ကိုခွဲခြားဖွဲ့ဆိုထားသဖြင့် **ကနုတ်ပန်း** ဆိုသည်မှာ ကြာပန်းဖြစ်ကြောင်း ပေါ်ထွက်လျက်ရှိသည်။ ထုတ်နှုတ်ချက်(၃) တွင်လည်း'ကြာကမုဒ်ဟု၊ကနုတ်ကန၊တမုတ်ထု၍၊'ဆိုသည်မှာ၊ကုမုဒကြာဖြူဖြင့် ပြီးသော ကနုတ်ပန်း၊ကနုပန်းတို့ဖြင့်တမုတ်ကြိုး၊ဝါ၊ အနားပန်းလှကြိုးကိုထု၍'' ဟူ၏။(၄)တွင်လည်းထို့နည်းတူစွာ ''ကြာရွက်ကျေးနှုတ်၊ကွေးကွေးငုတ်သား၊ ကနုတ်ကန၊တမုတ်စုနှင့်'' ဟုစပ်သည်၌၊ တမုတ်ခေါ်အနားပန်းလှကြိုးကို ကွေးကောင်း၍ ကျေးနှုတ်သီးနှင့်တူသော ကြာဖူး, ကြာညွှန့်,ကြာရွက် တို့ဖြင့် **ကနုတ်ပန်း၊ကနုပန်း** များကိုပြုလုပ်ထားသည်ဟုဆိုလျက်ရှိသည်။ ဤတွင် **ကနုတ်ကန** ဟုစကားကို အဖိုအမပြု၍သုံးရာဝယ်၊ **ကနုတ်** သည်မူလ,အဖိုပုဒ်၊ **ကန** သည် အပျဉ်း,အမပုဒ်ဖြစ်သည်ဟူရာ၏။

ကနုတ် ဟူသည် **ခြူးပန်း** နှင့်ကွဲကာ၊ **ကြာပန်း** ဖြစ်ကြောင်းသိရပြီးသော်၊ ထုတ်နှုတ်ချက်(၅),(၆),(၇)တို့က ယင်းပုဒ်သည်၊ **ကော်ကန**၊**ကော်ကနဒ** ပုဒ်သက်ဖြစ်ပြီးလျှင် ပါဠိဘာသာ **ကြာနီ** ဟော **ကောကနဒ** ပုဒ်ပျက်ဖြစ်ကြောင်း ထပ်မံညွှန်းဆိုသည်။ **ကောကနဒ** မှ **ကော်ကနဒ** သက်သည်မှာ သိသာပေသည်။ **အ** သရသံတို့ကို **အု** သရသံသို့ပြောင်းလဲရေးဆိုသော အေ့ မြန်မာတို့၌ရှိသည်။သာဓကမျှားမှာ **စလစ်** ကို **စုလစ်**၊ **ဗလဲ** ကို **ပုလဲ**၊ **ပလင်း**၊ **ဗလင်း** ကို **ပုလင်း**၊ **သံပရာ** ကို **သံပုရာ** ဟူသည်တို့ဖြစ်သည်။ **ကော်ကနဒ** မှတဖန် **ကော်ကန** နှင့် **ကနုတ်** တို့သက်ပြန်သည်။ **ကနဒ** တွင် **ဒ** ကို **တ** သတ်ပြုသဖြင့် **ကနုတ်** ကိုရအပ်သည်။ **ကနဒ** နှင့် **ကနုတ်** တို့တွင် **ဒ** နှင့် **တ်** တို့ကိုပယ်သော် **ကန** ဖြစ်ပေမည်။ထို့ကြောင့် **ကနုတ်ကန** ဟုစကားကို အဖိုအမပြု၍သုံးသည်။အနက်မှာ **ကြာပန်း** ဟောချည်းဖြစ်သည်ဟူရာ၏။

ဤသို့အဆင့်ဆင့် ထောက်ခြင့်ဆင်ခြင်သော်၊ **ခြူးကောင်** ကို မူတည်၍ဖြစ်ပေါ်လာသော ပန်းများကို **ခြူးပန်း**,**ခြူးနွယ်**,**ခြူးခွေ** ဟူ၍ငင်း၊ **သဇင်ခက်** ကို မူတည်၍ဖြစ်ပေါ်လာသောပန်းများကိုလည်း**သဇင်ပန်း**,**သဇင်နွယ်**,**သဇင်ခွေ** ဟူ၍ငင်း ခေါ်ဆိုသည့်နည်းတူ၊ ပါဠိ **ကောကနဒ**၊ မြန်မာ **ကောကနုဒ**၊ **ကောကန** ခေါ် **ကြာနီပန်း** ကိုမူတည်၍ဖြစ်ပေါ်လာသော **ပန်းနွယ်**,**ပန်းခွေ**, **ပန်းညွှန့်**,**ပန်းခက်** များကို **ကနုတ်**၊**ကနုတ်ပန်း** ခေါ်သည်ယူရာသတည်း။ယင်းတို့ကို ပန်ချို,ပန်ပု,ပန်တိန့်,ရွှေခြည်ထိုးစသော အနုပညာတို့၌ သုံးသည်ကို အထူးဖေါ်ပြရန်မလိုချေ၊ သို့ဖြင့် **ခြူးပန်း**၊**သဇင်ပန်း**၊**ကနုတ်ပန်း** ဆိုသည်တို့မှာ အခေါ်နှင့်အနက်များကွဲပြားသကဲ့သို့၊ပန်းချင်းလည်းကွဲပြားရာသည်။**ကြာပန်း** ကို

မူတည်၍ဖြစ်ပေါ်လာသောပန်းတို့ကိုသာ **ကနုတ်ပန်း** ခေါ်ဆိုရာသည်။ သို့ရာတွင် ယင်းတို့တွင် အခြားပန်းများလည်း ဖက်တွဲမပါရဟုမဆိုသာ၊ ဖရဲတွဲပါဝင်နိုင်ပေမည်။ အားလုံးကို ခြုံ၍ဆိုလိုသော်၊ **ပန်းနွယ်,ပန်းခွေ,ပန်းလွှ** ဟုခေါ်သင့်သည်ထင်သတည်း။

၁၂။ ကလန်၊ သံပျင်

ပုဂံခေတ်တွင် အကြီး,အကဲ ဟူသ၍ကို **သူကြီး** ဟုခေါ်ဟန်ရှိသည်။ဌာနန္တရကိုလိုက်၍ **ရွာသူကြီး**၊ **တိုက်သူကြီး** (၂၅၄ ခုစ့ဲ၊စောမွန်သင်ကျောက်စာ၊၁၅)၊ **စစ်သူကြီး** (၂၆၉ ခုစ့ဲ၊ခေမာဝရဖုရားကျောက်စာ၊၃၆)ဟူသော အခေါ်များဖြစ်ပေါ်လာသည်။တချိန်တည်းမှာပင် **ကလန်** ဟူ၍ငင်း၊ **သံပျာင်** (၅၂၇ခုစ့ဲ၊ အထောလတ်ကျောက်စာ၊ ၆)၊ **သံပျင်** (၅၉၅ ခုစ့ဲ၊ ဇံသီးဖုရား ကျောက်စာ၊ ၂၄)၊ **သံဗျင်** (၅၀၉ ခုလောက်တွင်ထိုး၊ မင်းအနန္တသူကျောက်စာ၊ ၉၊ ၁၀၊) **သံဗေင်** (၅၀၇ ခုစ့ဲ၊ငရသင်ကျောက်စာ၊ကျော၊ ၆၊၇၊၀)၊ ဟူ၍ငင်း ရေးခေါ်သည်တို့ကိုလည်း တွေ့ရသည်။

ကလန်၊ သံပျင် (**သံဗျင် သံဗေင်**) ဆိုသည်တို့မှာ မွန်စကားဖြစ်၍၊ တရွာတည်းအုပ်ချုပ်သူကို**ကလန်**၊ရွာအများအားအုပ်ချုပ်သူကို **သံပျင်** ခေါ်သည်ဟုယခုအခါ ပညာရှိအများပင် သဘောကြိုက်ညီယူဆလျက် ရှိကြသည်။ **ကလန်၊ သန်ပျင်** ဟူသောပုဒ်တို့၏ရင်းမြစ်နှင့် ဓာတ်အနက်တို့ကိုသော် ယနေ့တိုင် မည်သူမျှ စိစစ်ခြင်းမပြုခဲ့သေးချေ။

ကလန် ကိုအမြဲတစေလိုပင်သည့်အတိုင်း ရေးသည်။ ၅၆၄ခုစ့ဲ၊ပုဂံမြို့၊သံပျင်ရင်ကောင်ဖုရား ကျောက်စာ၊၁၅၌ **သံပျင်** နှင့်ကပ်လျက် နေရာမရှိသဖြင့် **လ္လန်** ဟုရေးသည်ဟူ၍ မှန်းဆရသော်လည်း ကျောက်ပဲ့နေသဖြင့် လ္လ အက္ခရာကိုမမြင်ရ နောက်ကြောင်း၌ **နိ** ကိုသာတွေ့ရသည်။၅၇၆ ခုစ့ဲ ပုဂံမြို့၊ မင်းအနန္တသူ(လေးမျက်နှာစေတီ)ကျောက်စာ ဂတွင် **ဖုတ်လ္လန်အန်** ဟူသောအရေးကို တွေ့ရပြန်သည်။ဤတွင်သော်ယင်း လ္လန် သည် **သူကြီး** ဟော **ကလန်** ပုဒ်ဖြစ်ပုံ မပေါ်၊ **ကြွင်း** ဟော၊ခေတ်ရေး **ကျန်** နှင့် မိတ်တူ လ္လန် ပုဒ်ဖြစ်ပုံပေါ်သည်။ သို့ဖြင့်ပုဂံခေတ်တွင် **ကြွင်း** အနက်ရှိ လ္လန် နှင့် **သူကြီး** အနက်ရှိ **ကလန်**၊ လ္လန် ဟူ၍ ပုဒ်နှစ်ခုရှိဟန်တူသည်။ထို့ကြောင့် 'လ္လန်စစ်သား၊ကျန်စစ်သား' မင်း၏ အမည်တွင် လ္လန်၊ **ကျန်** ပုဒ်ကိုမြန်မာသုခမိန်တို့က **ကြွင်း** အနက်ဖြင့် ယူလိုကြဟန် ရှိသည်။

သူကြီး ဟော **ကလန်** နှင့် နီးစပ်သည်ဟု ထင်ရသော **ကလေန်** ပုဒ်တခုခေတ် မွန်ဘာသာ၌ ရှိသည်။ အနက်မှာ **စုရုံး** ဟော ဖြစ်သည်။ အခွန်ဘဏ္ဍာများကို ကောက်ခံ၊ စုရုံး၊ ပို့ဆက်ရသောသူ, အရာရှိကို **ကလန်** ခေါ်ပိမ့်လေ့ဟု တွေး ဖွယ်ရှိသည်။ ဤအတွေးမျိုးကို လွယ်ကူလှသဖြင့် နှယ်နှယ် မထင်မှတ်ရာ။ ပုံကံ ကျေကျက်စာတို့တွင် ကျွန်မည်များနှင့်တွဲဖက်၍ **ဖုတ်** ဟူသောစကားကို သုံးလေ့ရှိရာ၊ယင်း **ဖုတ်** ကိုလည်း ခေတ်မွန်ဘာသာ၌ ယနေ့တိုင်တွေ့ရသေး၍၊ 'ခဲ့ခွ၊ ဖျက်ဆီး၊ကွဲကွာ၊ပျက်စီး' ဟောပင်ဖြစ်လျက်နေသဖြင့်၊ပုဂံခေတ်သုံး **ဖုတ်** ပုဒ်မှာ 'မယားသေ၊မယားကွာ၊ အိမ်ထောင်ပျက်ယောကျ်ား' ဟောဖြစ်ကြောင်း **ဖုတ်** အဖွင့်၌ ယုတ္တိအထောက်အထားများနှင့်တကွ တင်ပြခဲ့ပြီ။ပုဂံခေတ်၌ 'ဆယ် တရွာသူကြီး၊ပင်လယ်ရွာသူကြီး၊ရင်္ဒုန်ရွာသူကြီး၊ တမုတ်ရွာသူကြီး' စသဖြင့် **သူကြီး** များအား ရွာမည်ကိုစွဲ၍ ရေးခေါ်လေ့ရှိသော်လည်း၊ မည်သည်ရွာကလန်၊ မည်သည့်ရွာသံပျင်ဟူသော အရေးတို့ကိုကား မတွေ့ရချေ။ ဤသို့ မတွေ့ရ သည်မှာ ယင်းတို့သည် ငြိမ်းချမ်းရေး, တရားစီရင်ရေးစသည်တို့နှင့်စပ်လျဉ်း၍၊ တိုက်, မြို့, ရွာ အုပ်ချုပ်ရေးတွင် ပါဝင်ရပုံမပေါ်၊အခွန်ဘဏ္ဍာတော်ကောက်ခံ, စုဆောင်းဆက် သရေးနှင့်သာဆိုင်သောကြောင့် ပေလောဟုဆင်ခြင်ဖွယ်ရှိသည်။

သံပျင်၊ သံဗျင်၊ သံဗေင် ဟုအရေးသုံးမျိုးတွေ့ရသည်၌ **သံဗေင်** သည်မူလ ဖြစ်ပုံပေါ်သည်။လွန်စွာရှေးကျသော မွန်ဘာသာဖြင့်ရေးလျက်ရှိသည့်အုတ်ခွက် တို၌ **သမ္မေင်၊ သုမ္မေင်** ဟုရေးသည်ကိုလည်းတွေ့ရသည် (ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ၊ပဌမတွဲ၊ ၅၅)။ထို့ထက်ရှေးကျသော လေ့ပုံရိမြို့မွန် ကျောက်စာ၌သော် **သုမ္မင်** ဟုရေးလျက်ရှိသည်။ဤသို့လျင် 'သံပျင်၊ သံဗျင်၊ သံဗင်၊သမ္မေင်၊သုမ္မေင်၊သုမ္မင်'ဟု အမျိုးမျိုးပင်ရေးလျက်ရှိသော စကား၏အနက်မှာ '**ကလန်** ထက်အဆင့်အတန်းမြင့်သော အရာရှိ၊ အရာရှိကြီး' ဟောဟု ယူဆလျက်ရှိကြသည်။ ယင်းစကား, အနက်တို့နှင့် နီးစပ်သောပုဒ် ခေတ်မွန်ဘာသာ၌ အလျင်းမရှိချေ။မွန်နှင့်နီးစပ်သော ခမယ်(ကမ္ဘောဇ)ဘာသာသို့ကူးပြောင်း စူးစမ်းသော်လည်း အချည်းနှီးပင်။များစွာသောမွန်ယဉ်ကျေးမှုစကားတို့သည်ပါဠိသံသကြိုဠ်သက်ဖြစ်တတ်ချေရကား၊ဤတွင်လည်းမူရင်းဟုယူဖွယ်ရှိသော **သံဗေင်** ပုဒ်သည် ပါဠိဘာသာ 'စုပေါင်း၊စုစည်း' ဟော **သမ္မဒ္ဓန** ပုဒ်သက်ဖြစ်ပိမ့်လေ့ဟု တွေးဖွယ်ရှိသည်။ဤသို့ဖြစ်လျင်, **သံဗေင်** နှင့်ယင်းပုဒ်သက် **သံဗျင်၊ သံပျင်** တို့၏ အနက် 'စုပေါင်း, စုစည်းထားသောရွာများ၏ အကြီးအကဲ၊ ရွာများကိုစုပေါင်း စုစည်းကြီးကဲသူ'ဟု အနက်ထွက်ပေါ်ပေလိမ့်မည်။ ဤသို့ ထွက်ပေါ် လာသော အနက်သည်လည်း **သံဗေင်၊ သံဗျင်၊ သံပျင်** တို့၏လက်သုံးအနက်နှင့် ဆီလျော်

သံည်ဆိုရာ၏။ သို့ရာတွင် ရွာသူကြီးနှင့်ကလန်တို့၏ တာဝန်ဝတ္တရားများ ကွဲပြားသကဲ့သို့၊ ဤတွင်လည်းရွာများကို စုပေါင်းအုပ်ချုပ်သူ **တိုက်သူကြီး** နှင့် **သံဖျင်** တို့၏ တာဝန်ဝတ္တရားများလည်း ကွဲပြားအံ့သို့ရှိသည်။ သို့ဖြင့် **ကလန်** နှင့် **သံဖျင်** တို့ကို အခွန်ဘဏ္ဍာတော်နှင့်ဆိုင်သည့်အရာရှိများဟု၊ အုပ်ချုပ် စီရင်ရေးနှင့် ဆိုင်သည့် **ရွာသူကြီး၊ တိုက်သူကြီး** တို့နှင့် ခဲခြားမှတ်သားယူဆသော်၊ သင့်ပေလိမ့်မည်လားဟု ထင်မိသည်။ ဤသို့ကဲ့ပြားသောကြောင့်သာလျင် တခေတ်တကာလတည်းတွင် **ရွာသူကြီး၊ တိုက်သူကြီး** ဟူ၍ငင်း၊ **ကလန်၊ သံဖျင်၊** (သံဗျင်၊ သံဗေင်) ဟူ၍ငင်း အဓေးအခေါ်,အသုံးအနှုန်းများကို တွေ့ရသည်ဆိုရာသတည်း။

၁၃။ ကလူ

မြန်မာဘာသာ၌ **ကလူ** နှစ်ပုဒ်ရှိသည်။ တပုဒ်နှင့်တပုဒ် ရင်းမြစ်ချင်းသော်ငင်း၊ အနက်ချင်းသော်ငင်းမတူကြ။ တပုဒ်၏အနက်က **နှိပ်စက်၊ ညှဉ်းဆဲ** ဟော အခြားပုဒ်၏အနက်က 'စိတ်တက်ကြွ, ရွင်မြူး၊ကစား,ကြည်စယ်' ဟော။ **နှိပ်စက်၊ ညှဉ်းဆဲ** ဟော **ကလူ** ပုဒ်သည် မွန်ဘာသာသက်ဖြစ်ပုံပေါ်၍၊ **ကစား၊ ကြည်စယ်** ဟော **ကလူ** ပုဒ်မှာ မြန်မာစကားစစ်ဖြစ်သင့်ကြောင်းတွေ့ရသည်။

နှိပ်စက်၊ ညှဉ်းဆဲ ဟော **ကလူ** ပုဒ်ကိုပေါရာဏ စကားဟူ၍ ပြလေ့ ရှိကြသည်။ သို့ဖြင့် ပေါရာဏကထာလင်္ကာသစ်၌ 'ရိသေကျိုးနှဲ့၊နှံ့ကားနှိပ်စက်၊တချက်ကလူ၊ နှိပ်စက်ယူလေ့'၊ဟု ဆိုလျက်ရှိသည်။ ဤပြဆိုချက်တွင် 'တချက်ကလူ၊ နှိပ်စက်ယူလေ့'၊ဟူသောစကားသာမှန်၍၊ **ရိသေ** နှင့် **ကျိုးနှံ့** ၊ **နှံ့** နှင့် **နှိပ်စက်** တို့ကို အနက်တူဟူ၍ ပြဆိုချက်များသည်ကား တစိတ် တဒေသ လောက်သာမှန်သည်။ **ကျိုးနှံ့ခြင်း** သည်ကြောတ်ရှဲသဖြင့် ပြောသမျှ, ညွှန်ကြားသမျှကို လိုက်နာဆောင်ရွက်ခြင်း၊ ကာပြန်ခြင်း, တော်လှန်ခြင်းငှါ မဝံ့ခြင်းဖြစ်သည်။ ဤကဲ့သို့သောစိတ်ထားနှင့် အပြုအမူတွင် **ရိသေခြင်း** ပါလိုမှပါမည်။ မပါဝဲလည်း ရှိနိုင်သည်။ တဖန် **နှံ့သည်** ဆိုသည်မှာ **နှံ့နာအောင်ပြုသည်၊ နှိမ်နင်းသည်** ဟူ၏။ ဤသို့ပြုရာ၌ **နှိပ်စက်** ခြင်းပါလိုမှပါမည်၊ မပါဝဲလည်းဖြစ်နိုင်သည်။ စစ်တိုက်ခိုက်အောင်မြင်ခြင်းဖြင့်သော်ငင်း၊ လက်နက်များကို ဖမ်းယူသိမ်းဆည်း ထားခြင်းဖြင့်သော်ငင်း၊ ခြိမ်းခြောက်ကာမျှဖြင့်သော်ငင်း၊ တဖက်သားကို နှံ့နိုင်၊ နှိမ်နင်းနိုင်ရာသေးသည်။ ထို့ကြောင့် ပေါရာဏ၊ဝေါဟာရတို့ကို အနက်ပေးရာ, သုံးစွဲရာ၌ အထူးသတိပြုရန်လိုအပ်သည်။ 'နှိပ်စက်၊ညှဉ်းဆဲ' ဟော **ကလူ** စပ်အင်များ ကဗျာ

တို့၌ များစွာရှိသည်တွင်၊အချို့တို့ကိုတင်ပြရမည်ဆိုသော်–

(၁)။ "လက်ငံစိန်းစိန်း၊ ငရဲထိန်းတို့၊ ကြောက်ကျိန်းလန့်ဖွယ်၊ **ကလူနယ်လည်း**၊အမယ်အမိ၊ခေါ်သော်တိလျင်၊မချိသည်းညံ၊ခံသည်ဆင်းရဲ။" ။ပါရမီတော်ခဏ်းပျို၊ ၇၆ (ဟောင်း)။

(၂)။ "ပြင်မထွက်ပဲ၊ဝမ်းထဲအမျက်၊ထွက်ပိတုံမူ၊အကြင်သူတို့၊ **ကလူနိဝ်စက်**၊ အသက်ခန္ဓာ၊မသေကာလျင်။" ။ဘူရိဒတ်လင်္ကာကြီး၊ ၆၀။

(၃)။ "ယောကျ်ားအလမ္ဘါယ်၊ ငါ့ကိုရွယ်၍၊ **နိဝ်နယ်ကလူ**၊ တိုက်ကာမူလော။" ။ဎင်း ၃၃၈။

(၄)။ "ခြေဖျားလက်ဆန့်၊တန့်ရရန့်လျင်၊ လွန့်ပချေလည်း၊ ကျင်နာသည်းမျှ၊ ဖြင်ပည်းမြေထက်၊ အိပ်ရလျက်သည်၊ **နိဝ်စက်ကလူညှဉ်းဆဲတည်း**။" ။ နေမိဝရဲခဏ်းပျို၊ ၆၀။

(၅)။ "မျက်နှာပည်းထူ၊ထိုရန်သူကို၊ **ကလူပုတ်တိုက်**၊ နှင်ဖြိုလိုက်၍။" ။ ဎင်း ၁၇၅။

(၆)။ "ပြင်းပြလောင်ပူ၊ ငရဲသူကို၊ **ကလူကစော်**၊ **နိဝ်စက်ရာမှ**၊ အသာလျလျ၊ လည်းစေရလျက်။" ။ဎင်း ဂ၆။

(၇)။ "အဘယ်မည်သူ၊အရေးယူ၍၊ **ကလူညှဉ်းဆဲ**၊ မလွတ်ပဲတည့်၊ ငရဲသူကြီး၊ငရဲမီးကို၊သီးသီးပိုင်ကား။" ။ဎင်း ၁၀ဂ။

အထက်ပါ စပ်အင်တို့တွင် **ကလူ** ၏ အနက် 'နှိပ်စက်၊ညှဉ်းဆဲ' ဟော ချည်းဖြစ်သည်။မည်သို့ ကလူသည်ကို'နယ်၊နှိပ်နယ်၊နှိပ်စက်၊ညှဉ်းဆဲ၊ပုတ်တိုက်'ဟူသော အတွဲအဖက်စကားတို့က ဖော်ပြလျက်ရှိသည်။ဤ **ကလူ** ပုဒ်ကိုပေါရာဏဟုဖော်ပြယူဆခဲ့ကြသော်လည်း၊မြန်မာစကားစစ်ဟုတ်ပုံမပေါ်၊မွန်ဘာသာ'ထိုးဖောက်၊ဖောက်ထွင်း၊စူးရှ၊စူးဝင်' ဟော **ကလိုဟ်**၊ **ကွော်ဟ်**၊ ကွိုဟ် ဟု သုံးမျိုးပင် ရေးသော ပုဒ်သက်ဖြစ်ပုံပေါ်သည်။ထားလုံစသည်တို့ဖြင့် ထိုးဖောက်၊ထိုးဆု၊စူးရှစေသော် **နိဝ်စက်**၊ **ညှဉ်းဆဲ** ရာရောက်သဖြင့်၊ မြန်မာဘာသာ၌ **ကလိုဟ်** ပုဒ်သက် **ကလူ** သည် **နိဝ်စက်**၊ **ညှင်းဆဲ** ဟူသောအနက်ကိုဆောင်၍ လာသည်ဟု ရာ၏။ကဗျာစပ်အင်တို့ကို ဆင်ခြင်လျင်လည်း ဤသို့တုတ်ထားလုံ စသည်တို့ဖြင့် ရိုက်နှက်ထိုးဆွသည်ကိုပင် **ကလူ** ဟုဆိုလျက်ရှိကြောင်း တွေ့ရပေမည်။

'စိတ်တက်ကြွ,ရွင်မြူး၊ ကစား,ကြည်စယ်' ဟော **ကလူ** ပိုဒ်တွင် **လူ** ပုဒ်မှာ **မောက်** (မောက်တို့၊ မောက်ရူ၊ ခမောက်) အကြောင်း၌ ဖော်ပြခဲ့သည်အတိုင်း "မီးခိုးတလူလူ၊ အညှန့်တလူလူ၊ စိတ်အေးအေးလူလူ" ဆိုသည် တို့၌ကဲ့သို့ 'အထက်သို့ပုံကွန်၊တက်ကြွ' ဟော ဖြစ်၍၊ 'စိတ်တက်ကြွ၊ ပုံကွန်၊ မြူးထူး

သည်'ဟူသည်မှာ **ကလူ** ၏ မူလအနက်ဖြစ်သင့်သည်။ ထိုအနက်မှသာ လက်သုံးဖြစ်သော 'ကစား၊ကြည်စယ်' ဟော အနက်သို့ သက်ခဲ့သည် ယူရာ၏။ 'ကစား၊ကြည်စယ်' ဟော **ကလူ** စပ်အင်မျှားကိုလည်း ကဗျာတို့၌တွေ့ရသည်မှာ–

(၁)။ "ရှစ်သောင်းထိပ်ချ၊ မိမြတ်စွာလျင်၊ ငယ်ခါလည်းကောင်း၊ ဖြားယောင်းပျော်ပါး၊ **ကလူစားသား**၊ ရွှေကျားရွှေကြောင်၊ရွှေဆိတ်ယောင်နှင့်။" ။သျှင်ရဋ္ဌသာရဆို တန်တားဦးမင်္ဂလာစေတီ မောင်ကွန်း၊ ၃၃။

(၂)။ "ရဟန်းယောင်တို့၊ထောင်ထောင်ထား၊ ပလ္လင်းသည်းစွာ၊ သုံးလူ့ချာကို၊တကာယုံဖွယ်၊ အကယ်ကယ်သို့၊ လွယ်လွယ်ကူကူ၊ **ကလူကလဲ**၊ ကဲကဲ ဆောင်းဆောင်း၊ သောင်းသောင်းကျန်းကျန်း၊ ဆန်းဆန်းထူးထူး။" ။ပြာဋ္ဌိဟာဒဏ်းပျို၊ ၂၄။

(၃)။ "တောင်တင်ထုတ်ထား၊မြတ်သည်သားကို၊ဖွားလေတုံလျင်၊မမြင်ရပဲ၊ ဝှက်ပြီးရဲမှ၊သွေးခဲသည်းအူ၊ပြလှည့်ဟူသော်၊ **ကလူလေထ**၊ မသိရတည့်၊ ရှင်မဖွားသည်၊ သစ်သားလှဆုံး၊ သည်ရှားတုံးဟု၊ အားလုံးအားထ၊ ရယ်ရှင်ပလျက်၊ ပြလကုန်ပေ။" ။ဂင်း ၄၂။

(၄)။ "**ကလူကလဲ**၊ မိညဲမယ်မှန်၊တန်တော့ဆင်ပဲ့။" ။ကုသပျို၊ ၂၁၀။

(၅)။ "လေညိုပေါင်းညီ၊ ရုံးစုပြီမှ၊ မယ့်ဆီတူရူ၊ သည်မိုးဖြူသည်။ **ကလူ၏သို့ မြူ၏သို့**။" ။ 'ညို့ညို့ပြာပြာ' ၌ မင်းနဝဒေးဆို မိုးဖွဲရတု။

(၆)။ "ရွှေဆင်ရွှေမြင်း၊ရွှေငါးကြင်းက၊ ခုချင်းကြက်ပေါင်၊မြားမြောင်ဖြိုးဝှန်၊ **ကလူရန်လည်း**၊ မကျန်ကုန်အောင်၊ ကျင်းပဆောင်၏။" ။မင်းနန်းစည်ခြေင်း၊၃၃။

ထုတ်နုတ်ချက် (၁)၊(၄) နှင့် (၆)တို့တွင် **ကလူ** ၏အနက် **ကစား** ဟော၊ **ကလူစား** ဆိုသည်မှာ **ကစား** ဖြစ်၍၊ **ကလူကလဲဆင်ပွဲ** ဆိုသည်မှာ **က်စားပွဲ** ဖြစ်သည်။ (၂)နှင့် (၃)တို့တွင် **ကလူ** ၏အနက် **ကစား**၊ **ကြည်စယ်** ဟုသာမက **ပြောင်လှောင်**၊ **သရော်** ဟုပင် တိုးတက်ပေါ်ထွက်လျက်ရှိသည်။ (၅) ၌သော် 'ကြည်စယ်'ဟုပင်ရှိသည်။ ဤ 'ကစား၊ကြည်စယ်၊ပြောင်လှောင်၊သရော်' ဟောပုဒ်ကို **ကလူကလဲ** ဟု ဆိုလေ့ရှိ၍၊ ကလေးမျှားကစားရာ၌ ရွတ်ဆိုလေ့ရှိသော 'တပြားနှစ်ပြား' အစချီလက်ဘ၌ 'ကလူကလဲ၊ ပိုးတောင့်တဲ' ဆိုသည်တွင် **ကလူကလဲ** ပုဒ်မှာလည်းယင်းပုဒ်ပင်ဖြစ်ကြောင်း မှတ်သားရာသတည်း။

၁၄။ ကုပ္ပိဳး

ကွန်းတည်၊ကွမ်းထည့် ခေါင်းစဉ်အောက်၌**ကုပ္ပိဳး** အကြောင်းကိုအသင့်အတင့်ပြဆိုခဲ့သည်။အင်ရုံစာတမ်းတွင်သေသူတို့အားစားရလေစေဟုတင်သောပဲ့ကို **ဂုပ္ပိဳးပွဲ** ဟူ၍၎င်း၊**ဂုပ္ပိဳး** ပဲ့အားပြင်ဆင်တင်သထားသည်ကို'ဂုပ္ပိဳးကျင်းပသည်'ဟူ၍၎င်း၊ ဝေါဟာရလိနတ္ထဒီပဏီတွင်လည်း နွားဝက်ကြက်တို့ကိုသတ်၍ ကွယ်လွန်လေသော မိဖုရားဖွားတို့အားရလေစေဟု လက်ပြန်သွန်း၍ စားပဲ့သောက်ပဲ့ပြုကြသည်ကို 'ကုပ္ပိဳးသပြေသွန်းသည်၊'ဟူ၍၎င်း ခေါ်ဆိုလျက်ရှိ၍၊ **ဂုပ္ပိဳးတိုင်** ဆိုသည်မှာ ကွန်းစဉ်တိုင်များအနက်အယုတ်အနိမ့်ဆုံးထားသည့်အရပ်၊အနောက်မြောက်ထောင့်တိုင်ဖြစ်ကြောင်းဆိုခဲ့ပြီ။ **ကုပ္ပိဳး** နှင့် **ဂုပ္ပိဳး** အရေးနှစ်ရပ်တွင် **ကုပ္ပိဳး** သည်မူလပုဒ်ရင်းဖြစ်၍၊ **ဂုပ္ပိဳး** သည် ပုဒ်ပြောင်းဖြစ်သည်ယူရာ၏။ **ကုပ္ပိဳး** ၏ရင်းမြစ်နှင့်ဓာတ်အနက်တို့ကို မတင်ပြခဲ့သေး၊ဤတွင်မှ နှိုက်ချွတ်ဆင်ခြင် တင်ပြပါမည်။

အင်ရုံစာတမ်းနှင့် ဝေါဟာရ လိနတ္ထဒီပဏီတို့အရ၊ သေသူတို့အား ရည်စူး၍တင်မြောက်စားသောက်သောပဲ့ကိုသာ **ကုပ္ပိဳး** ခေါ်သည်ဟု ယူရမည်ဖြစ်သော်လည်း၊ မုန်ရွေးဇေတဝန်ဆရာတော်ကသော် မည့်သည်နတ်ကိုမဆို ပသပူဇော်သည့်ပဲ့ကိုလည်း **ကုပ္ပိဳး**ဟူ၍ပင် ကုသပ္ပါများစ္စာသော နေရာတို့တွင် စပ်ဆိုတော်မူခဲ့သည်။

(၁)။ "လဆန်းသုက္ကာ၊တေရသ၏၊နာမကလိ၊တိထိမိဟု၊ နှမ်းတိလာရော၊ရေနှောတပြီး၊ဗြဟ္မာကြီးအား၊ **ကုပ္ပိဳးပူဇော**။" ။ကုသပ္ပါ၊ ၃၁။

(၂)။ "ဓိပတိငြမ်း၊မင်းတို့တမ်းဖြင့်၊ ရှေးလမ်းမှန်စု၊သတ္တာဟတွင်၊ ထာဝရအတိ၊သမုတ်ဘိသည်၊သုဒ္ဓိမည်ခေါ်၊**ကုပ္ပိဳးတော်နှင့်**၊ သုံးဘော်ရတနာ၊ပူဇော်ရာဟု၊သိင်္ဂါဝင်းလျပ်၊ ရွှေကလပ်တွင်၊တင်အပ်စမြဲ၊ သင်ပုဇ်ပဲ့က၊စိုက်ဆွဲကြက်လျှာ၊ ပါတန်းခွန်မျိုး၊ရေချမ်းအိုးနှင့်၊နတ်ရိုးသမှာ၊မိုးဗြဟ္မာနှင့်၊ သက္ကာရာဇာ၊ လောကစတု၊လေးခုဒေဝေါ၊လနေရက္ခာ၊ဘုမ္မအာကာ၊မဟာပိန်ခဲ့၊နတ်ရဲကာဠ၊မီးနတ်စသည်၊ ယက္ခရက္ခိုဿိ၊သမိုက်ဝရုဏ၊သမီရကို၊ပရမပူဇာ၊ဒေဝါနတ်မှန်၊ အနန္တရ၊ စသည်မချို့၊ရွှေမြို့ရွှေနန်း၊ စံခန်းဥကင်၊ ပလ္လင်ထီးချက်၊ စောင့်လျက်နတ်မျိုး၊ ဘုဉးဘိုးမိဘ၊ မင်းသားကိုယ်စောင့်၊ နတ်ကောင့်စင်စစ်၊ နှစ်ဆဲ့ရှစ်ကို၊ ကြဲဆစ်ဌက်ပျော၊ ချိုမောဆေးကွမ်း၊ရွှေမွှမ်းဒေါင်းပေါင်၊တင်ဆောင်စမြဲ၊ပွဲဌာဝီသ၊ခင်းကျင်းပ၍၊ ရှင်မလက်ဝဲ၊ပူဇော်ပွဲနှင့်၊ကျင်းမြဲအစဉ်၊ ထုံးစံယှဉ်သည်၊ **ဝလဉ္ဇနကုပ္ပိဳးတည်း**။" ။ငင်း ၇၄။

(၃)။ "ရှင်မင်းသားဘို့၊**ကုပ္ပိဳးတို့ကား**၊ ရောင်ပြို့ရှန်းရှန်း၊လင်ပန်းနှစ်ပါး၊

ဖလားနှစ်လီ၊ ခတီနှစ်ထွေ၊ သန္ဓေနှစ်သင်း၊ ငါးကြင်းနှစ်အင်၊ ကြက်ကင်နှစ်ခု၊ ကြက်ဥနှစ်တန်၊ ဗုဇ္ဈင်နှစ်ထုပ်၊ ရွှေလုပ်ငွေလုပ်၊ အချုပ်ဥဿုံ၊ အိုးစုံရွှေဖျဉ်း၊ ငွေဖျဉ်း ရွှေအိုး၊ ငွေအိုးထမင်း၊ ထိုယင်းနှစ်ချက်၊ လင်ပန်းထက်မှာ၊ မုန့်ရွက်နီဖြူ၊ မထူညီညီ၊ ဖျင်နီဖျင်ဖြူ၊ ခင်းစမူလျက်၊ တချက်မယ်တော်၊ ခမည်းတော်နှင့်၊ ဘိုးတော်ဘွား မြတ်၊ မှတ်ရန်လေးကွဲ၊ **ပွဲကုပ္ပိဳးလည်း**၊ ဤနည်းဝေဘန်။" ။ဂင်း ၇၆။

(၄)။ "နတ်အားပူဇော်၊ **ကုပ္ပိဳးတော်နှင့်**။" ။ဂင်း ၇၇။

(၅)။ "နန္ဒီရှိညွတ်၊ နတ်ပူဇော်ပြီး၊ **ကုပ္ပိဳးပေးချက်**၊ ပုခက်တင်ရာ၊ အဖြာဖြာ၌၊ ရာဇာမတ္တဏ်၊ ကျမ်းအညွှန်ကို၊ အမှန်နှန်းရိုး၊ ဘေးဘိုးစဉ်ဆက်၊ ဇာတိထုက်ဟု။....။ သိကြားပြဟ္မာ၊ ဒေဝါခပဲ၊ ဘွဲ့(ပုဒ်)သည်ပွဲနှင့်၊ ရိုးရဲပြိုးပြက်၊ ပုခက်တော်တင်၊ **သဘင်ကုပ္ပိဳး**၊ မြောက်ချီးမင်္ဂလာ။" ။ဂင်း ၇၀။

(၆)။ "ပိုက်ပဋ္ဌိသန်၊ လှန်သည်ဆယ်လ၊ ဘွားမြော်ရသော်၊ ရှေးကထုံးမိုး၊ **ကုပ္ပိဳးပုခက်**၊ ပြင်ထုက်မြေနင်း၊ ထမင်းအခွံ၊ ကွမ်းတော်ခွံ၍၊ ဆွတ်ပျံရှေးနှုန်း။" ။ဂင်း ၇၉။

ထုတ်နုတ်ချက်(၁)၌ ပြဟ္မာကြီးအား ပူဇော်သည်ကိုကုပ္ပိဳးခေါ်လျက်ရှိသည်။ (၂)၌ ရတနာသုံးပါးအား ပူဇော်သည်ကိုသာ **သင်ပုဇ္ဈ** ခေါ်၍၊ ထိုမှလွဲ၍ နတ်အပေါင်းတို့အား ပသပူဇော်ပွဲဟူသ၍ကို ကုပ္ပိဳးဟု ခေါ်လျက်ရှိသည်။ (၃)၌ ဖွားကာစ မင်းသားကလေးအဖို့ ရည်ရွယ်၍ သော်ငင်း၊ အသက်ရှင်လျက် ရှိမရှိ ခမည်းတော်မယ်တော်, ဖိုးတော်ဖွားတော်တို့အားရည်မှတ်၍သော်ငင်း၊ စားဖွယ်သောက်ဖွယ်၊ အသုံးအဆောင်စသည်တို့ဖြင့် ပသပူဇော်ပွဲကိုလည်း ကုပ္ပိဳးဟု ပင်ခေါ်လျက်ရှိသည်။ (၄)၊(၅)၊(၆)တို့တွင်လည်း အထက်ပါသဘောတရားများအတိုင်း ထပ်ကာထပ်ကာ ဖွဲ့ဆိုလျက်ရှိသည်။ ထုတ်နှုတ်ချက် (၂)တွင် **သင်ပုတ်** ဟုမရေးပဲ **သင်ပုဇ္ဈ** ဟုရေးသည်ကို အထူး သတိပြုအပ်သည်။ အဓိပ္ပါယ်လည်း အလွန် ကောင်းသည်။ ဖုရားအစရှိသော သံဃာတော် **အသျှင်တို့အား ပူဇော်ခြင်း** ဟူ၏။

ကုပ္ပိဳး ၏ လှန်စွာ ကျယ်ပြန့်သော အသုံးကိုသိရပြီးသော်၊ **ကုပ္ပိဳး** ဟူသော စကား၏ရင်းမြစ်ကို နှိုက်ချွတ်ရန်လိုသည်။ **ကုပ္ပိဳး** တွင်နောက်ပုဒ်မှာ **ဖိုး** ပင်ဖြစ်ရပေမည်။ ရှေပုဒ်၏အန္တနှင့်တဲ့၍ ရေးသဖြင့်သာ **ပ္ပိဳး** ဟုအထက်တွင် **ဖ** နှင့်ဝဂ်တူ **ပ** သက်လာသည်။ ထို့ကြောင့် ရှေပုဒ် **ကု** တွင် အန္တတခုခုကပ်လျက် ရှိသည်ဟု ထင်ဖွယ်ရှိသည်။ ယင်းအန္တမှာလည်း အမျိုးမျိုးပင်ဖြစ်နိုင်သည်။ 'က်၊စ်၊ဋ်၊ည်၊တ်၊န်၊ပ်၊မ်၊' မည်သည့်အန္တပင်ဖြစ်စေကာ၊ **ဖိုး** နှင့်တွေ့သောအခါ **ပ** မှလွဲ၍၊ ယင်းတို့ကျေပျောက်ကာ **ပ** ဖြစ်လာရပေမည်။ သို့ဖြင့် မသေချာသေးသော ရှေပုဒ်ကို

ချန်ထားဦး၍၊သေချာသော **ဖီး** ပုဒ်၏ ပုဒ်ပြီး **ကုပ္ပိုး** အနက်နှင့် တိုက်ဆိုင် ဆီလျော်သော ဗျုပ္ပတ်ကို ရှာသော်အောက်ပါအတိုင်း တွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ သျှမ်း(မြန်မာ)	ဖီး	နတ်၊ဖုတ်၊ပြိတ်၊ဝိညာဏ်၊
၂။ အဟုံ သျှမ်း	ဖိ	၎င်း
၃။ ထိုင်	ဖီ	၎င်း
၄။ တရုတ်	ဖေ၊ဖဲ၊ဖေါ	ဝိညာဏ်၊
၅။ တိဗက်	ဖျံ၊ဖိ	နေ့ဂက်၊ပြင်ပ၊ပြင်ပလောကနေ ဖုတ်,ပြိတ်,ဘီလူး၊

သျှမ်းဘာသာ, ထိုင်ဘာသာတို့၌ မျက်မြင်လူနှင့် တိရစ္ဆာန်တို့မှလွဲ၍၊ မမြင်ရသည့်တပါးသောလောကနေ ဖုတ်,ပြိတ်,တစ္ဆေ,ဘီလူး,နတ်,လူ၏ ဝိညာဏ် စသည့် အလုံးစုံသော သတ္တဝါ, ဘူတတို့ကိုပင် **ဖိ၊ ဖီး** ဟုခေါ်သည်။ တရုတ်ဘာသာ၌လည်း လူ့ဝိညာဏ်၊တိရစ္ဆာန်ဝိညာဏ်မှစ၍ ကမ္ဘာ့လောကသို့သက်ဆင်းဝင်ရောက်လာနိုင်သည့် မည်သည့်ဝိညာဏ်ကိုမဆို **ဖေ၊ဖဲ၊ဖေါ** ဟုခေါ်နိုင်သည်။ဤတွင် **ဖေ ဖဲ** (Phe, Phai) ပုဒ်တို့နှင့် **ဖိ၊ ဖီ၊ ဖီး** ပုဒ်တို့မှာ အပြောင်း အလဲပင် ဖြစ်ကြောင်း အထူးဖေါ်ပြရန်မလိုချေ။ တိဗက်ဘာသာ **ဖျိ၊ ဖိ** ပုဒ်တို့သည် မြန်မာဘာသာ **နောက်ဖီ၊ နောက်ဖေး** ဆိုသည်တို့တွင် **ဖီ၊ ဖေး** တို့နှင့် မိတ်တူဖြစ်၍၊ မူလအားဖြင့် **နောက်ဖက်**၊ အမျှားအားဖြင့် **ပုန်းကွယ်၍နေလေ့ရှိသောဖက်** ဟော၊ ထိုမှသက်၍သာလျင် မမြင်ဖုန်းကွယ်၍နေသောလောကနေ 'ဖုတ်၊ ပြိတ်၊ ဘီလူး၊တစ္ဆေ' စသည်ဟောဖြစ်လာသည်။ ထို့ကြောင့် **ကုပ္ပိုး** တွင် **ဖီး** ပုဒ်ကို မြန်မာဘာသာ သက်သက်ဖြင့်ယူသော် ထိုအနက်အတိုင်းပင် ယူနိုင်ရာ၏။

ကုပ္ပိုး တွင် ပေါ်ထင် လွယ်ကူသည့် နောက် ပုဒ် **ဖီး** ၏ ဗျုပ္ပတ်ကို သိရပြီးသော်၊ရှေ့ပုဒ်၏ အနက်နှင့်ဗျုပ္ပတ်ကို မှန်းဆရာ၌ အနည်းငယ်သက်သာ၍လာချေသည်။ သို့ဖြင့် **ကုပ္ပိုး** ၏အနက် 'နတ်,ဝိညာဏ် စသည်တို့ကိုပူဇော်,ပသ' ဟူသည်နှင့် နီးစပ်သည့်အနက်ရှိ တရုတ်ဘာသာ **ကု** ပုဒ်တို့တွင် ရှာသော် 'ဖုရားကိုသော်၎င်း၊နတ်များကိုသော်၎င်း၊ကွယ်လွန်သူမိဖုရိုးဖွားတို့၏ ဝိညာဏ်များကိုသော်၎င်း၊ ပူဇော်,ပသ' ဟော **ကုင်** (Kung. K 474, M 3710, G 6572) ပုဒ်ကို တွေ့သည်။တဖန်တရုတ်ဘာသာ၌ပင် ဤ **ပူဇော်၊ပသ** ဟော **ကုင်** ပုဒ်နှင့် 'ရိုသေ၊ မြတ်နိုး၊ရှိခိုး' ဟော **ကုင်** (K 474, M. 3711, G,6574) ပုဒ်တို့ မှာလည်း ရေးပုံချင်း ကွဲစေကာ အသံတူ ဖြစ်သဖြင့် ရင်းမြစ် ချင်းလည်း တူ၍၊ အနက်ချင်းလည်း တခုမှ တခုသို့ သက်ခဲ့သည် ယူသင့်သည်။ ရိုသေ မြတ်နိုး သဖြင့်

ပသပူဇော်သဲ့သည်၊ ပသပူဇော်ခြင်းဖြင့် ရှိသေမြတ်နိုးခြင်းကိုပြသည်။ ထို့ကြောင့် ရှိသေ မြတ်နိုးခြင်းနှင့် ပသပူဇော်ခြင်း ဟူသည်တို့မှာ စိတ်မူကိုမူတို့၌ ကွာခြားလှသည်မဟုတ်ချေ။ တိဗက်ဘာသာ၌ **ဝ်ကုရ်** ဟူသော 'ရှိသေမြတ်နိုး၊ ရှိခိုး၊ အလေးပြု' ဟော ပုဒ်ကိုတွေ့ပြန်ရာ၊ ယင်းပုဒ်မှာ တရုတ်ဘာသာ **ကုင်** ပုဒ်တို့နှင့် မိတ်တူဟုယူဖွယ်ရှိသည်။ တဖန် တိဗက်ဘာသာ၌ပင် 'ပသပူဇော်ပဲ့ကျင်းပသည်' ကို **သ်ကု** ဟုဆိုပြန်ရာ၊ယင်းပုဒ်သည် **ကိုခန္ဓာ** ဟော **သ်ကု** ထက်၊ **ရှိသေ၊မြတ်နိုး** ဟော **ဝ်ကုရ်** နှင့် ပို၍ဆိုင်သည်ဟု ထင်ဖွယ်ရှိသည်။ မြန်မာဘာသာ၌လည်း 'ဖုရားကိုကိုးကွယ်၊နတ်ကိုကိုးကွယ်၊ နတ်ကိုကိုးထား' ဆိုသည်တို့၌ **ကိုး** ပုဒ်သည်လည်း 'ရှိသေ၊မြတ်နိုး၊ရှိခိုး' ဟူ၍သော်၎င်း၊ **ပူဇော်၊ ပသ** ဟူ၍သော်၎င်း၊ အနက်များပေါ်ထွက်လျက်ရှိရာ၊ တိဗက်ဘာသာ **ဝ်ကုရ်၊ သ်ကု** ပုဒ်၊ တရုတ်ဘာသာ **ကုင်** ပုဒ်တို့နှင့်သားချင်းတော်၊မိသားစုပါဟုယူရာ၏။ ထို့ကြောင့် **ကုပ္ပိး** တွင် ရွှေပုဒ်မှာ၊တရုတ်ဘာသာ 'ပူဇော်၊ပသ၊ရှိသေ၊မြတ်နိုး၊ရှိခိုး' ဟော **ကုင်** ပုဒ်၊ တိဗက်ဘာသာ 'ရှိသေ၊မြတ်နိုး၊ရှိခိုး' ဟော **ဝ်ကုရ်** ပုဒ်၊ **ပသ၊ ပူဇော်** ဟော **သ်ကု** ပုဒ်၊မြန်မာဘာသာ 'ရှိသေ့၊ မြတ်နိုး၊ ရှိခိုး၊ သပ၊ ပူဇော်' ဟော **ကိုး** ပုဒ်တို့နှင့် မိတ်တူဖြစ်၍၊ အရေးအနက်နှစ်ရပ်စလုံးကိုထောက်သော်၊ တရုတ်ဘာသာ **ကုင်** ပုဒ်နှင့် အနီးစပ်ဆုံးဟုဆိုရာ၏။

သို့ဖြင့် **ကုပ္ပိး** ၏ ဗျုပ္ပတ်ကို ဤသို့ ထုတ်ရာ၏။ တရုတ်-ထိုင်, တိဗက်-မြန်မာဘာသာလာ **ကုင်** ပုဒ်သည် **ပသ၊ ပူဇော်** ဟော၊ **ဖိး** ပုဒ်သည် 'နတ်၊ ဖုတ်၊ ပြိတ်၊ ဘီလူး၊ တစ္ဆေ၊ ဝိဉာဏ်' ဟော၊ **ကုပ္ပိး** ပုဒ်တွဲသည် 'နတ်,ဖုတ်,ပြိတ် စသည် ဝိဉာဏ်ဟူသ၍ကို ပသ၊ပူဇော်' ဟော ဖြစ်သည်။ ထို့ကြောင့် မုန်ရွေးဇေတဝန်ဆရာတော်၏ ကျယ်ပြန့်သော **ကုပ္ပိး** အသုံးကို လုံးဝမှန်သည်ဆိုရာသတည်း။

၁၅။ ကဲ၊အကဲ

မြန်မာဘာသာ၌ **ကဲ** ပုဒ်သုံးပုဒ်မျှရှိသည်။'ကဲ၊သွားကြစို့။ကဲ၊ဘဲ့နှယ်ရှိစ၊' စသည်ဖြင့်ဆိုသည်တို့၌၊ အဆိုပြုခြင်း၊ အဆိုပြုလို့,ဝန်ခံစေလိုခြင်းကိုပြသည့် 'အာလုပ်သံ' **ကဲ** ပုဒ်။'ပိုကဲ၊လွန်ကဲ၊ကြီးကဲ၊စိုးကဲ' စသည်ဖြင့်ဆိုသည်တို့၌'ပို၊လွန်၊ကြီး၊မူး'ဟော **ကဲ** ပုဒ်။'ရွှေတကျပ်သားတွင် ဘော်တမူးကဲထားသည်'ဆိုသည်၌ကဲ့သို့ 'ရော၊နှော၊ပေါင်းစပ်'ဟော **ကဲ** ပုဒ်။ ဤနောက်ဆုံး **ကဲ** ပုဒ်မှ'ရွှေကဲ့,ငွေကဲ၊စိန်ကဲ့,ကျောက်ကဲ၊လူကဲ့,မျက်နှာကဲ'ဟူသောစကားတို့တွင် 'အရည်,အသွေး၊အရိပ်,အခြည်'ဟောအနက်တို့သက်လာသည်။'ရွှေတကျပ်သားတွင် ဘော်တမူးကဲထား

သည်'ဆိုရာ၌ကဲ့သို့သောစကားတွင်၊ကျွဲတတိယ **ကဲ** ပုဒ်ကို'ပို၊လွန်'ဟူသောဒုတိယ **ကဲ** ပုဒ်၏အနက်နှင့်မှားယွင်းကောက်ယူတတ်သည်။တတိယ **ကဲ** ပုဒ်သည် တရုတ်-ထိုင်ဘာသာလာစကားဖြစ်သည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	ကေအော၊ကော၊ကေအု	ဆက်စပ်၊ရောနှော၊
၂။ သျှမ်း	ကဲ	ဆက်စပ်၊ပေါင်းစပ်၊
၃။ ထိုင်	ကေမ်	ရောနှော၊ပေါင်းစပ်၊
	ရးကန်	၎င်း
	ကန်	အတူတကွ၊တခုနှင့်တခု၊

မြန်မာဘာသာ **ကဲ** ပုဒ်သည်၊ အထက်ပါတို့တွင် သျှမ်းဘာသာ **ကဲ** ပုဒ်နှင့် အရေး,အသံချင်း ထပ်တူမျှကျ၍၊ အနက်၌သော် အားလုံးသော ပုဒ်တို့နှင့်ပင် တူညီလျက်ရှိသည်ဆိုရာ၏။ထို့ကြောင့်မြန်မာဘာသာ၌ **ကဲ** ၏မူလအနက်'ရော၊နှော၊ပေါင်း၊စပ်' ဟောဟုယူရာ၏။

ရွှေ့,ငွေစသည်တို့တွင် အခြားကြေး,သွပ်,ဘော်စသောသတ္တုတခုခုကိုရောစပ်လိုက်သောအခါ၊အရည်အသွေး တမျိုးတပုံပြောင်းလဲသွားသည်။ရွှေ ငွေတို့၏အရည်အသွေးသည်၊ယင်းတို့တွင်အခြားသတ္တုများရောစပ်ပါဝင်နေခြင်းအပေါ်၌တည်သည်။သို့ဖြင့်'ရွှေကဲ၊ငွေကဲ'ဆိုသောစကားသည်'အခြားသတ္တုများရောစပ်,ပါဝင်နေခြင်း' ဟူသောအနက်မှ 'ရွှေငွေတို့၏အရည်အသွေး' ဟူသောအနက်သို့သက်လျော့၍၊ **ကဲ** ၏အနက်သည်လည်း 'ရောနှော၊ပေါင်းစပ်'ဟောမှ၊'အရည်,အသွေး'ဟောသို့ပြောင်းလဲလာသည်။ထို့ကြောင့်သာလျှင် 'စိန်ကဲ၊ကျောက်ကဲ' ဆိုသည် တို့၏အနက် ' စိန်ကျောက်တို့၏အရည်အသွေး' ဟုပေါ်ထွက်၍၊ 'လူကဲ၊ မျက်နှာကဲ' ဆိုသည်တို့၌သော် လူ,မျက်နှာတို့၏ 'အရည်အသွေး' ဟူ၍သာမက 'အရိပ်,အခြည်'ဟူ၍လည်း ကျယ်ပြန့်ထွက်ပေါ်လာခဲ့သေးသည်။

သို့ဖြင့် 'ပို၊လွန်၊ကြီး၊မူး' ဟော **ကဲ** ပုဒ်နှင့်၊ 'ရောနှော၊ပေါင်းစပ်၊ရောနှောနေခြင်း၊ပေါင်းစပ်နေခြင်း၊ အရည်,အသွေး၊ အရိပ်,အခြည် 'ဟော **ကဲ** ပုဒ်တို့ကို ခွဲခြားမှတ်သားရသတည်း။

၁၆။ ကောင်းကင်

ကောင်းကင် ဆိုသောစကားတွင် **ကောင်း** ပုဒ် **ကင်** ပုဒ်တို့သည် **ကောင်းကင်** ၏သဘာဝနှင့်ဆက်စပ်သောအနက်တို့မပေါ်ထွက်တော့ချေ။ သို့ရာတွင် အန္တယ်တူဘာသာတို့နှင့်တိုက်ဆိုင်လေ့လာကြည့်သောအခါ **ကောင်း** ပုဒ် **ကင်** ပုဒ်

တို့သည်၊ 'ကောင်းကင်၊အထက်၊ အပေါ်၊အမြင့်၊ကျယ်ပြန့်' ဟောမျှားဖြစ်သင့်ကြောင့် တွေ့ရသည်။

(က)။ **ကောင်း** နှင့်မိတ်တူပုဒ်မျှား။

ဘာသာ	စကား	အနက်
၁။ တိဗက်	ဂျွောင်	ကျယ်ပြန့်၊ကောင်းကင်၊
	ဂေါင်	အထက်၊အပေါ်၊
၂။ မရူ	ကောင်	အိမ်ခေါင်၊
	ဂေါင်	အထွတ်၊အထိပ်၊
၃။ မုဆိုး	ခေါ	အထက်၊အမြင့်၊
၄။ ပေါင်းရွှေချင်း	ကော်	ကြီး၊ကျယ်ပြန့်၊
၅။ တရုတ်	ဂေါ၊ဟော်	ကျယ်ပြန့်၊ကောင်းကင်၊
	ကော၊ကော်	မြင့်၊မြင့်မား၊

(ခ)။ **ကင်** နှင့်မိတ်တူပုဒ်မျှား။

ဘာသာ	စကား	အနက်
၁။ တိဗက်	ဒ်ဂုင်၊ဂုင်	ကောင်းကင်၊
၂။ ကချင်	ဂင်	ကျယ်ပြန့်၊
၃။ တရုတ်	ကန်၊ကာန်	ကောင်းကင်၊နတ်ပြည်၊
၄။ သျှမ်း	ကင်	ကျယ်ပြန့်၊
၅။ ချင်နာဂ	ကင်	၎င်း

ဇယားနှစ်ခုစလုံး၌ပင် တင်ပြထားသောပုဒ်တို့သည် **ကောင်း** ပုဒ်၊ **ကင်** ပုဒ်တို့နှင့် အသံ၊အနက် နှစ်ရပ်စလုံး၌ နီးစပ်ဆက်သွယ်ခြင်းရှိသည်ဟု ယုံကြည်ရာ၏။ ထို့ကြောင့် မြန်မာဘာသာ **ကောင်းကင်** ဟူသော စကားတွင် **ကောင်း** ပုဒ်သည်မူလ၌ **ကောင်းကင်၊အထက်အပေါ်၊အမြင့်၊ကျယ်ပြန့်** ဟော၊ **ကင်** ပုဒ်သည်လည်းနည်းတူ **ကောင်းကင်၊ကျယ်ပြန့်** ဟောဟုယုံကြည်ရာ၏။

မြန်မာဘာသာအတွင်း၌ပင်တဖန် **ကောင်း** ပုဒ်သည် 'အိမ်ခေါင်၊ထုတ်ခေါင်၊ထိပ်ခေါင်၊ခေါင်သူကြီး' ဆိုသည်တို့တွင် **မြင့်၊မြင့်မြတ်** ဟော **ခေါင်** ပုဒ်၊ 'ဦးခေါင်း၊ဆယ်အိမ်ခေါင်း၊ ရွာခေါင်း' ဆိုသည်တို့တွင် ' မြင့်မြတ်သောအာဏာ၊မြင့်မြတ်ကြီးကဲသူ' ဟော **ခေါင်း** ပုဒ်တို့နှင့်လည်းမိတ်တူဖြစ်သည်ယူရာ၏။ **ကောင်း** **ကင်** တွင် **ကင်** ပုဒ်သည်ကား 'ကုန်းခင်၊ခင်ရိုး၊ခင်တန်း' ဆိုသည်တို့၌ **ကုန်းမြင့်၊ကုန်းရိုးမြင့်၊ကုန်းတန်းမြင့်** ဟော **ခင်** ပုဒ်နှင့် မိတ်တူဖြစ်ကောင်းရာသတည်း။

၁၇။ ကြက်ဆောင်း

သင်္ဘာကြည်နူးဖွယ် ကောင်းသော နွေဦးပေါက်စ, တပေါင်းလ ရာသီကို၊ ကဗျာတို့၌ အမျိုးမျိုး တင်စား ခေါ်ဆို ကြသည်အနက်၊ ဆီးနှင်း ပြတ်တောင်း သောကာလဖြစ်ခြင်းကြောင့် **သံတောင်းလ** ခေါ်ဆိုကြောင်း၊ **မိုးနှောင်းသံ ထင်** ခေါင်းစဉ်အောက်၌ ဆိုခဲ့ပြီ။ ဤတွင် ယင်းလရာသီကိုပင် **ကြက်ဆောင်း** ဟုလည်းခေါ်ဆိုသေးကြောင်း အနည်းငယ်တင်ပြလိုသည်။ **ကြက်ဆောင်း** ဟူသော အရေးအခေါ်ကို အင်းဝစာဆိုကြီးများ ခေတ်ကဗျာတို့မှ ကုန်းပေါင် ခေတ်ကဗျာတို့တိုင် ခပ်လှိုင်လှိုင်သုံးခဲ့သည်ကိုတွေ့ရသည်။

(၁)။ "**ချမ်းမြကြက်ဆောင်း**၊ ရာသီပြောင်း၍၊ တပေါင်းတန်းခူး၊ နွေလ ကျူးသော်၊ဟူးဟူးလာထွေ၊မုန်တိုင်းလေဖြင့်၊ မြစ်ရေတံပိုး၊ ဝဲရိုက်ထိုးသို့။" ။ ဘူရိဒတ်လင်္ကာကြီး၊ ၁၆၅။

(၂)။ "**ချမ်းအေး ကြက်ဆောင်း**၊ ရာသီ ပြောင်း၍၊ တပေါင်း လေရှင်၊ ထက်ဝန်းတင်သည်၊ မင်းလွှင်ပျံလျက်၊ ဆဲ့ငဲ့ရက်၌။" ။ပြည်စုန်မော်ကွန်း၊ ၆၄။

(၃)။ "**ရာသီကြက်ဆောင်း**၊ တပေါင်းမူးမူး၊မင်းလွှင်ဦး၌၊ညွှန့်ဖူးကင်းငုံ၊ ပင်တိုင်းစုံသည်၊ရဂုံထွေတဆန်းလှည့်သော၀်။" ။မင်းဇေယရန္တမိတ်ဆို 'မြတ်နန်းရဝေ' ချီရတု။

(၄)။ "ကြူးရင့်မှုန်တ်စည်။ **ကြက်ဆောင်းအလှမ်း** (သန်း?)၊ဆီးဖြန်းဖြန်း နှင့်၊မိုးပန်းဆုတ်ခြွေ၊မှိုင်းမှိုင်းဝေလို့၊နေမတည်သည်၊ မျက်ရည်ကိုရွှေတပက်ကယ် နှင့်၊သုတ်ရက်ပြီဘူး။" ။မယ်ခွေဆို၊တပေါင်းလဖွဲ့အဲ့။

(၅)။ "နန်းခွင်အောင်ချာ၊မယ်တို့မှာကား၊မိန်ရာသီလှမ်း၊ **ကြက်ဆောင်း ချမ်းကို**၊ မလှမ်းဖေါ်လုတ်၊ မနေတတ်အောင်။" ။ဦးတိုးဆို 'ပြောင်ရွှန်း ရစ်ပြိုင်'ချီ၊ စစ်ရတု။

(၆)။ "ပတ်ခြံ့ငယ်ကြည်းရေ၊ သာစုငယ်ခွေသည်၊ **ခါနွေကြက်ဆောင်း**၊ ရက်ဘပေါင်းပေမို့၊လေးသောင်းထုတ်ချွန်၊ နှစ်ထောင်လွန်မှာ၊ ရောင့်ဝန်ရိပ်မြုံ၊ တန်ဆိပ်ပုံနှင့်၊ ဘရဂုဏ္ဍိ၊ တည့်မှန်းသာညီတော့တယ်။" ။သူတော်ဦးမင်းဆို 'မိန်တမှတ်ပေမို့' ချီ၊ဇောင်းကလောကန်တော်ဖွဲ့ လေးချိုးကြီး။

(၇)။ "ပရမသိန္နေ၊ လဂိမေဟု၊ မိန်နွေမသာ၊ ခါသမျဝယ်၊ မမြမောင်းညို၊ **ကြက်ဆောင်းဆိုသား**၊ ညောင်းလိုသမှု၊ခိုခဲ့လုက၊ရတုရာသီ၊နုဝါစီသည်၊ သရဖီဖူးမြောက်၊ပန်းဦးပေါက်သော်။" ။စန္ဒကိန္နရီပျို၊ ၅၅။

ကြက်ဆောင်း ၏အနက်မှာ တိမ်မြုပ်ခြင်းမရှိလှ။ **ကြက်ဆောင်း** တွင် **ကြက်** ပုဒ်မှာ 'အိမ်မွေးတွန်တတ်သည့်ငှက်' ဟော၊ **ဆောင်း** ပုဒ်မှာ 'မိုးနှောင်းသံထင်' အကြောင်း၌ ဖေါ်ပြခဲ့သည်အတိုင်း၊ မြန်မာဘာသာ **သံ** ပုဒ်၊ **ချမ်း** ပုဒ်တို့နှင့် မိတ်တူ၊ **ဆီးနှင်း** ဟော **ချမ်းအေး** ဟောဖြစ်ရာ၊ဤတွင် **ချမ်းအေး** ဟောဟု ယူရာ၏။ ထို့ကြောင့်၊ **ကြက်ဆောင်းလ**၊ **ကြက်ဆောင်းရာသီ** ဆိုသည်မှာ၊ လူတို့အဖို့ ချမ်းအေးသောလ, ရာသီ၊ဆောင်းရာသီသည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့၌ ကုန်ဆုံးတော့သော်လည်း၊ကြက်များအဖို့ ယင်းတပေါင်းလ ကျန်ရက်များတွင်လည်း ချမ်းအေးတုန်းပင်၊ဆောင်းလရာသီပင်ဖြစ်သည်ဟူ၏။သို့ဖြင့် ဦးတိုးဆို 'နေဝန်းစကြာ' ချီစစ်ရတုတွင် 'ရာသီဂိမှာန်၊ နှင်းကျန်မိုင်းဝေ၊ **လေလည်းကြက်ချမ်း**၊ မလှမ်းစအံ့၊တည်တံ့မတတ်၊ခံကတ်နေခက်၊အေးစက်ရွေရင်၊' ဟု ထိုလရာသီတွင် ကြက်တို့ချမ်းသေးကြောင်း စပ်ဆိုလျက်ရှိသည်။

ရေကိုအလွန်ကြီးပူအောင်မဟုတ်, အသင့်အတင့်ပူရုံ, နွေးရုံလောက်ကြိုသည်ကို 'ကြက်သီးနွေးကြိုသည်၊ကြက်သီးထကြိုသည်' ဟု ဆိုသည်၌၊ မြန်မာတို့သည် အပူအအေးအရာဝယ် လူတို့ထက်ကြွက်တို့က အညှာလွယ်ကြောင်းကိုသိမှတ်ထားသည်ကိုထောက်သော်၊ **ကြက်ချမ်း**, **ကြက်ဆောင်း** တို့၏အနက် 'အလွန်ကြီးအေးချမ်း, အေးချမ်းသောရာသီမဟုတ်၊အသင့်အတင့်, အနည်းငယ်မျအေးချမ်း, အေးချမ်းသောရာသီ' ဟုလည်း ကောက်ယူနိုင်ရာသတည်း။

၁၈။ ကြက်ရုံး၊ဂမုန်း

ကြက်ရုံး နှင့် **ဂမုန်း** ပုဒ်တို့ကိုချေးကျေငှက်စာ,မင်စာတို့တွင်ကျွန်ုပ်တို့မတွေ့မိ။ ၆၀၄ ခုစုံ၊ပုဂံမြို့၊ညောင်ရမ်းကြီးသမီး အိမ်ရာကျေငှး ကျေငှက်စာ၊ ၆–၇ ဦးသော် '၎ကြက်ခုန်သာ၎မုတူ ၁' ဟုရေးလျက်ရှိသော်လည်း **ကြက်ရုန်** သည် ပန်းအမည်ဖြစ်မည်၊ကြက်ကရုန်းဆဲဟူသောအနက်ကိုစွဲမည်ကို အဘည်တကျမသိနိုင်ပေ။ကဗျာတို့တွင်သော် ယင်းတို့ကို တပုဒ်ခြင်းသော်၎င်း၊ ဖက်တဲ့ကာရန်ယူ၍ သော်၎င်း အမျှားအပြားပင်တွေ့ရသည်။ ယင်းတို့ကို တပုဒ်ခြင်း စပ်သည့်အခါ၌ **ကြက်ရုံး** ဟူ၍သေးတင်ဖြင့်၎င်း၊**ကမုန်း** ဟူ၍ **နှ** သတ်ဖြင့်၎င်း၊အမျှားအားဖြင့် ရေးစပ်လေ့ရှိသည်။

(၁)။ "အဆိုင်းအကုံး၊ **ကြက်ရုံးချရာ**း၊ ထင်ရှားကြံစာ။" ။ဆုတောင်းခဏ်းပျို၊၁၆၅။

(၂)။ **ခဏ္ဍာကြက်ရုံး**၊ သီချင်းကုံးသို့၊တောလုံးအလံ့။" ။ဂါထာခြောက်ဆယ်ဘုံ၊၃၀။

(၃)။ "ကြက်တက်ပန်းသုန်း၊ **ဂမုန်းကြီစာ**၊ မဟာလေ့ကား။" ။ဂါထာခြောက်ဆယ်ဘုံ၊၃၀။

(၄)။ နံ့သာမျိုးနှင့်၊ ဆေးရိုးထုံးနှန်း၊ **ဂမုန်းပမုန်း**၊ ပန်းသုန်းပန်း၃၊ အထုများစွာ။" ။ကုသပ္ပါ၊၂၄။

ကြက်ရုံး၊ဂမုန်း စင်အင်များစွာတို့မှ၊ အနည်းငယ်မျကိုသာ တင်ပြလိုက်ပါသည်။ရှေးသတ်ပုံကျမ်းနှစ်ခေတ်သတ်ပုံကျမ်းတို့တွင်လည်း၊ **ကြက်ရုံး** နှင့် **ဂမုန်း** အရေးများကို ထို့အတိုင်းပင် ပြလေ့ရှိကြပါသည်။ ဝဏ္ဏဗေဒဓနသတ်အင်းတွင် **ကြက်ရုံး၊ ဂမုန်းအင်** ဟု ပြ၍၊ ပညာရှိများ အားကိုးလေ့ရှိသော ကဝိလက္ခဏာသတ်ပုံတွင်လည်း 'ဖြိုးဖြိုးလုံးလုံး၊အညီကုံး၊ကြက်ရုံးသဇင်ပန်း၊'ဟူ၍ငင်း၊'သဇင်ပန်းသုန်း၊အင်ဂမုန်း၊ပုန်းညက်နှင့်ခဝဲ၊'ဟူ၍ငင်းပြသည်။သို့ရာတွင် **ကြက်ရုံး** နှင့် **ဂမုန်း** တို့ကို ဖက်တွဲ ကာရန်ယူ၍ စပ်သောဇာခါ၊ **ကြက်ရုံး** ကာရန်သို့လိုက်၍၊ **ဂမုံး** ဟု ရေးစပ်သည်ကိုလည်းတွေ့ရပါသည်။

(၁)။ "ဝန်းကျင်နီးဝေး၊ ပျံပျံမွေးသည်၊ **မုလေးကြက်ရုံး**၊ **ဂမုံး**နှံ့**ကြွယ်**၊ စံပယ်ပွင့်ဖြူ။" ။ဘူရိဒတ်လင်္ကာကြီး၊၃၂။

(၂)။ "ပန်းများစုံစီ၊ **ဆရဖီကြက်ရုံး**၊**ဂမုံး**နှံ့**ကြွယ်**၊ စံပယ်စံကား၊ ချယားနံ့မွေး။" ။ရွှေဟသ်ာမင်းပ္ပါ၊၆။

ဂမုန်း ကာရန်သို့လိုက်ကာ **ကြက်ရုန်း** ဟုရေးစပ်သည်ကိုသော် နေမိမဏ္ဍိုးခဏ်းပ္ပါ၊၆ဝ၌သာ'ထားဝယ်မှိုင်းနှင့်၊မြစ်ကိုင်းဂမုန်း၊ကြက်ရုန်းစံပယ်၊'ဟုတွေ့မိသည်။

သီးခြင်းကဗျာတို့တွင်'စုံသာမြိုင်လယ်'ချီ၊သီခြင်းခံကြီး၌ကဲ့သို့ 'တောတောင်သီတာ၊တင့်လှိုင်ပွင့်ဆိုင်၊**ကြိုင်နံ့မဆုံး**၊**မြိုင်ကပန်းဂမုန်း**'ဟု ကာရန်သို့မလိုက်ပဲ၊အရေးမှန်အတိုင်း **ဂမုန်း** ဟု ရေးစပ်သည်လည်းရှိ၍၊ 'သည်ဆောင်းဟေမန်'ချီ၊ဆောင်းဖွဲ့ သီခြင်း၌ကဲ့သို့ 'ရိုးတံဆင့်ဖူးငုံ၊ **ဝတ်မုံတင့်ဆုံး**၊ **သဇင်ပန်းမြဂမုံး**ငယ်နှင့်လေး'ဟု ကာရန်သို့လိုက်ကာ **ဂမုံး** ဟုရေးစပ်သည်ကိုလည်းတွေ့ရသည်။ ဤသို့လျှင် **ဂမုန်း** ကို **ဂမုံး** ဟုလည်း ရေးစပ်သည်တို့ကိုတွေ့ရသဖြင့်၊ စကား၏ရင်းမြစ်နှင့်အနက်တို့ကို ထောက်လှမ်းကြည့်ရာ၊ယင်းအပင်မျိုးကိုသံသကြိုင်္ဂ-ပါဠိဘာသာဖြင့် **ဂန္ဓမူလီ** ဟုခေါ်ကြောင်းသိရသည်။**ဂန္ဓမူလီ** ၏အနက်ရင်းမှာ'မွှေးသောဥပင်၊ဥမွှေးပင်' ဟူ၏။ ဂမုန်းဥများမှာ အများအားဖြင့်မွှေးသဖြင့် ဤသို့ခေါ်ဆိုသည်ယူရာ၏။ **ဂန္ဓမူလီ** ကို **ဂန်မုန်း** ဟု ရွတ်ဆိုလိုသည်မှ **ဂမုန်း** ကိုရအပ်

သည်ထင်၏။ **ဖလိုက** နှင့် **ဖန်**၊ **ပလွက်** မှ ရှေးပုဂံခေတ် ကျောက်စာအရေး **ပန်လင်** သို့သက်သည်တို့ကို ထောက်သော် **ဂန္ဓမူလိ** မှ **ဂမုန်း** သို့ သက်သင့်သည်။ သို့ရာတွင်မြန်မာဘာသာ၌ **လုလ္လ** ဟူသောအရေးနှင့် **လုံးလ**၊**လုံးပမ်း** ဆိုသည်တို့တွင် **လ** သတ်နှင့် **သေး** တင်တို့ပြောင်းလဲသည်တို့ကိုထောက်သော်၊ **ဂန္ဓမူလ** မှ **ဂမုံး** သို့သက်သည်ကိုလည်း အဆိုးဟုမဆိုသာထင်၏။ မည်သို့ပင်ဖြစ်စေကာ၊ **ကြက်ရုံး** နှင့် **ဂမုန်း** အရေးနှစ်ရပ်တွင် **ကြက်ရုံး** အရေးလောက် **ဂမုန်း** အရေးမခိုင်မာပဲ၊ စာပေတို့တွင် **ဂမုံး** ဟူသောအရေးလည်းရှိကြောင်းကိုသော်သတိမူရပေမည်။ **ဂမုံး** နှင့် **ဂမုန်း** ကဲ့သို့၊ **သမုန်း** နှင့် **သမုံး**၊ **ပမုန်း** နှင့် **ပမုံး** ဟူ၍လည်း အရေးနှစ်မျိုးထွက်နေသည်ကို တွေ့ရသေးသည်။

ကြက်ရုံး တွင် တဖန် **ရုံး** ပုဒ်သည် **လက်ဖျ** အကြောင်း၌ထည့်သွင်းစဉ်းစားခဲ့သည့်အတိုင်း၊ **လက်ရုံး** တွင် **ရုံး** ပုဒ်နှင့် အတူပင်ဖြစ်၍၊ **ရှည်သွယ်သော အချောင်းအတံ** ဟောဟုယူရာ၏။ **ကသွန်** အကြောင်း၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ ကြက်၏အမွေးနှင့်တူသောအပင်ကို **ကြက်သွန်** ခေါ်သကဲ့သို့၊ ကြက်၏အမြီးမွေးရှည်ကြီးမျှားနှင့်တူသော အညွှန့်အတက်ရှိသည့်အပင်ကို **ကြက်ရုံး** ခေါ်သည် ယူသင့်သည်။ **ကြက်ရုံး** မှာလည်းယင်းအနက်အတိုင်း လွန်စွာရှည်သွယ်ကောင့်ယွန်းသောအညွှန့်အတက်,အမောင်းအရုံးမျှားရှိသည့်အပင် ပင်ဖြစ်သည်။သို့ဖြင့်ယင်းအပင်ကို သံသကြိုင်္ဂ-ပါဠိဘာသာအားဖြင့် **တိဏသူလ** (မြက်တံစို့)၊**မလ္လိကာ**၊ **ဘူပတိ**၊**သတဘီရု** ဟု ခေါ်ကြောင်းနှင့်၊ 'အကြင်အရပ်၌ ကြက်ရုံးသည် ပေါက်၏၊ ထိုအရပ်၌ မြက်တို့သည် ညှိုးနွမ်းကုန်၏။ မျှားသောအခွလည်းရှိ၏။' ဟု ဝေါဟာရတ္ထဘေဒကျမ်း၌၊မောင်းထောင်ဆရာတော် ပြဆိုတော်မူခဲ့သည်။

ကြက်ရုံး ကို **ကြက်ရုန်း** ဟုရေးသော် **ကြက်ရုန်း** တွင်ယင်းအပင်၏သဘာဝနှင့်ဆီလျော်သောအနက် ပေါ်ထွက်တော့မည်မဟုတ်ချေ။

ကြက်ရုန်း နှင့် **ဂမုန်း**၊**ဂမုံး** အရေးအနက်တို့ ဖွင့်ဆိုဖေါ်ပြခဲ့သည်အတိုင်းရှိနေသော်လည်း၊ ရန်ကုန်တက္ကသိုလ်က ပြုစုသော တက္ကသိုလ်မြန်မာအဘိဓာန်၌သော် **ကြက်ရုံး** ကို **ကြက်ရုန်း** ဟုအရေးပြုပြီးလျှင် ဘူရိဒတ်လင်္ကာကြီး၊၃၂၂စပ်အင်တွင် 'မုလေးကြက်ရုံး၊ဂမုံးနံ့ကြွယ်၊' ဟုရှိသည်တွင် သတ်ပုံမျှားကိုပြောင်းလဲကာ 'မုလေးကြက်ရုန်း၊ဂမုန်းနံ့ကြွယ်၊' ဟူ၍ငင်း၊သုဝဏ္ဏသျှံ သူဌေးခေါ်းပျို၊၃တွင် 'ဥသျော်ဆံထုံး၊ ယဂင်ကုံးလျှင်၊ ကြက်ရုံးစံပယ်၊ ပန်းမျိုးကြွယ်၍၊' ဟု ရှိသည်ကိုလည်း၊ ချေပိုင်း **ကြက်ရုံး** နှင့် ထပ်သည့် ကာရန်မျှားကို ချန်လှပ်၍၊ နောက်ပိုင်း **ကြက်ရုံး** နှင့် ကာရန်မယူသည့်နှစ်ပိုဒ်တွင်လည်း သတ်ပုံကိုပြောင်းလဲကာ 'ကြက်ရုန်းစံပယ်၊ပန်းမျိုးကြွယ်၍၊' ဟူ၍ငင်း၊ကိုးကားတင်ပြလျက်ရှိသည်။

သို့ဖြင့် ဤတွင် **ကြက်ရုံး** အရေးနှင့် ကိုးကားချက်စပ်အင်မျှား ဖေါက်ပြန်လျက် ရှိချေသည်း။

၁၉။ ကြခပ်၊ကြလို ကြသောင်း

ဝါးမျိုးပေါင်းများစွာတို့အနက်၊ သုံးမျိုး၏အမည်များမှာ **ကြခပ်၊ ကြလို၊ ကြသောင်း** ဟု **ကြ** ဖြင့်ချည်းစလျက်ရှိသဖြင့်၊ **ကြ** ၏ရင်းမြစ်နှင့် အနက်တို့ကို စုံစမ်းကြည့်ရာ၊ ယင်းပုဒ်သည် တိဗက်-မြန်မာ စကားဖြစ်၍၊ **ဝါး** ဟော ဖြစ်ကြောင်းတွေ့ရသည်။ယင်းဝါးသုံးမျိုးအနက် အဆူးရှိသောဝါးကို ခေတ်သတ်ပုံကျမ်းတို့တွင် **ကြခတ်** ဟု အရေးပြု၍၊ ကဝိလက္ခဏာသတ်ပုံ တွင်လည်း 'ကြလို ကြခတ်၊ညိုလတ်လတ်၊ခုတ်ဖြတ် ထားနှင့်ထွင်း၊'ဟု တသတ်ဖြင့်ပင် စပ်အင် ရှိသော်လည်း၊ရှေးကျေဂက်စာတို့တွင်သော် **ကြခပ်၊ ကြာခပ်** ဟု ပသတ်ဖြင့်သာ ရေးသည်ကိုတွေ့ရသည်။

(၁)။ "ငါမအိုအိမ်ဖုခိအိုအိမ်ကြခပ် ၁။" ။ ၅၀၉ ခုစွဲ၊ ပုဂံမြို့၊ လေးမျက်နှာစေတီ၊ မင်းအနန္တသူကျောက်စာ၊ ၁၂၊ ၁၃။

(၂)။ "ကြာခပ်ကြိမ်သုံထောင်။" ။ ၅၃၆ (?) ခုစွဲ၊ ပခန်းကြီးမြို့၊ ရွှေစောင့်တင် (သင်?) ဖုရားကျောက်စာ၊ ၄။

(၃)။ "ကြာခပ်ရွာ....၊ကြာခပ်ရွာသူကြီး။" ။ ၇၇၀ ခုစွဲ၊ပုဂံမြို့၊ဝက်ကြီးအင်းအရပ်၊တန်ဆောင်းကျောင်းကျောက်စာ၊ကျော၊ ၁၊ ၃။

(၄)။ "ကြခပ်တောခြုံ....၊ ကြာခပ်တိုက်....ကြခပ်တိုက်။" ။ ၇၇၃ ခုစွဲ၊ ပုဂံမြို့၊ငှက်ပစ်တောင်ဥမင်ကျောက်စာ၊ ၁၂၊၁၅၊ ၁၈။

(၅)။ "ကြာခပ်ရွာလက်၊....မြောက်ကာကြာခပ်မြေဖြူပြင်အခြာ၊ကြာခပ်တောကာ။....ကြာခပ်မြောက်။" ။ ၈၁၃ ခုလောက်တွင်ထိုး၊ပုဂံမြို့၊ရွှေစည်းခုံကျောက်စာ။ ၁၄၊၁၅၊၁၆။

ကဗျာတို့တွင်သော် **ကြခပ်၊ကြခတ်** ဟုနှစ်မျိုးပင်စပ်အင်များကိုတွေ့ရသည်။

(၁)။ "သိုက်တူမြင်တူ၊ပရဘူတိ၊ဝါးကျူခယင်၊တုံကရင်နှင့်၊ရှိုက်ငင်ဝါးပို၊ **ကြလို ကြခပ်**၊ ရောထပ်အပေါင်း၊ သိုက်ကြသောင်းတည့်။" ။ နေမိတုံခဏ်းပျို့၊ ၉၉။

(၂)။ "နေဝန်းမပြောက်၊ ရဂုံရောက်သော်၊ ဘောက်နှင့်ညှင်းခင်၊ သမင်သများ၊ မယ်ဟယ်ဝါးက၊ ကြီးမားမြင့်သွယ်၊ မျက်ဆန်ကျယ်နှင့်၊ ဝါးနွယ်ကြသောင်း၊ နှာမောင်းရစ်ပတ်၊ **ကြခတ်ဝါးဖြူ**၊ မအူကြလို၊ ဖွံ့ပျို့စိမ်းမြ၊ သိုက်မြင်

စသား၊ သနဝါးနက်၊ ဖျားချင်းဆက်လျင်။” ။ရွှေမင်းဖုန်း ဆင်တော် မော်ကွန်း၊ ၇။

ရှေးကျောက်စာတို့တွင် **ကြခပ်** ဟူသည်ထက်၊ **ကြာခပ်** ဟူ၍ အရေးများသည်ကိုထောက်သော်၊ **ကြာခပ်** သည် မူလပုဒ် ဖြစ်၍၊ ယင်းမှသာ **ကြခပ်** ပုဒ်ဆင်းသက်လာသည်ဟူသင့်၏။ထို့ကြောင့် **ဝါး** ဟော မူလပုဒ်မှာ **ကြာ** ဖြစ်၍၊ **ကြာ** မှသာ **ကြ** ပုဒ်ဆင်းသက် လာသည် ဟူရပေမည်။ **ကြာ** ပုဒ်မှာလည်း **က** ပုဒ်နှင့် **ရာ** ပုဒ်တို့ဖြင့် ဖွဲ့စည်းထားအပ်၍၊မူလ **ဝါး** ဟောပုဒ်မှာ **က** သာလျှင် ဖြစ်ပုံပေါ်သည်။ **ရာ** သည် **လျား** ၏မူလဖြစ်၍ ‘ရှည်သွယ်’ ဟော ဖြစ်ကောင်း ဖြစ်ပေမည်။ဤအချက်တို့ကိုအနွယ်တူဘာသာတို့က ထောက်ခံလျက်ရှိသည်မှာ–

	ဘာသာ	စကား	အနက်
၁။	အင်္ဂါမီနှာဂ	ကရ်ရာ	ဝါး
၂။	စေမနှာဂ	အကအော၊အကော၊	၎င်း
၃။	လှိုတနှာဂ	နှ်ကျေပ်	၎င်း
၄။	ကချင်	ကဝ	၎င်း
၅။	တရုတ်	ကော၊ကော်၊ကာအု	ဝါးခြောင်း။

အထက်ပါ **ဝါး** ဟော ပုဒ်တို့အနက်၊ အင်္ဂါမီနှာဂဘာသာ **ကရ်ရာ** ပုဒ်နှင့် မြန်မာဘာသာ **ကြာ** ပုဒ်တို့မှာ ထပ်တူမျှကျလျက်ရှိသည်။ ယင်း **ကရ်ရာ** ပုဒ် ကပင် မြန်မာဘာသာ **ကြာ**၊ **ကြ** အရေးတို့တွင် **ကြာ** သည် မူလဖြစ်ကြောင်း ကိုလည်း ထောက်ခံလျက်ရှိသည်။ ဤ **ဝါး** ဟော **ကြာ**၊ **ကြ** ပုဒ်တို့သည်၊ ဝါးနှင့် အသွင်တူသည့် **ကြိမ်**၊ **ကြဲ** ပုဒ်တို့ တွင်လည်း ခိုအောင်းလျက် ရှိကောင်း ရှိပေမည်။ ဝါးနှင့်ပင်အသွင်တူသည့် **ကျူ** ဟု ယခု အရေးများ နေသော၊ ပုဒ်ကိုလည်း၊ဝဏ္ဏမောဓနသတ်အင်းတွင် **ကျူပင်**၊ **ကြူတောစု** ဟုနှစ်မျိုးပင်အရေးပြလျက်ရှိရာ **ဝါး** ဟော **ကြာ**၊ **ကြ** တို့နှင့်ဆက်သွယ်ခြင်းရှိကောင်းရှိပေဦးမည်။

ကြာခပ်၊ **ကြခပ်** တွင် **ခပ်** ပုဒ် ကို ‘လှော်ခပ်၊ ကူးခပ်၊ ယပ်ခပ်၊ အမြီးခပ်၊ ရောက်ရက်ခပ်’ ဆိုသည်တို့၌ကဲ့သို့ **လှုပ်ရှား**၊ **အပြောင်းအပြန် လှုပ်ရှား** ဟု သောအနက်ဖြင့် ယူရာ၏။ ထို့ကြောင့် **ကြခပ်** ၏အနက် **လှုပ်ရှားသောဝါး** ဟူ၏။ **ကြခတ်** ဟု ရေးသော် ဆူးဖြင့် လူသူကဲ့နွှားတို့ကို **ရိုက်ခတ်**၊ **ရိုက်ပုတ်သောဝါး** ဟု အနက်ထွက်ပေမည်။

ကြလို ဆိုသည်မှာ ခေတ်အခေါ် **ဝါးဝိုး** ကဲ့သို့ဝါးကြီးမျိုးဖြစ်သည်။ **ကြလို** တွင် **လို** ပုဒ်အား ‘နှစ်လို၊နှစ်လို့’ ဆိုသည်တို့၌ကဲ့သို့၊ ‘နှစ်သက်ဖွယ်, နှစ်လိုဖွယ်’ ဟုကောက်ယူ၍၊ ‘နှစ်သက်ဖွယ်,နှစ်လိုဖွယ်ရှိသောဝါး’ ဖြစ်သောကြောင့် **ကြလို**

ခေါ်သည်ယူရာ၏။ကိုးခဏ်းပျိုး၊အပိုဒ် ၁၃၃ ၌၊ 'ကြလိုမျှစ်သို့၊ ရွယ်သစ်ပျိုကုန်သေးစုတည်း။' ဟုစပ်ဆိုရာ၊ပျိုမျှစ်နုနယ်,နှစ်သက်ဖွယ်ကြီးထွားခြင်းကို ကြလိုမျှစ်နှင့်ခိုင်းနှိုင်းလျက်ရှိသည်။

ကြသောင်း တွင် **သောင်း** ပုဒ်ကို၊ **ဖျင်းသောင်း** ဆိုသည်၌ကဲ့သို့ 'သုန်ဖျင်း၊ မအောင်၊မဖွဲ့ဖြိုး' အနက်ဖြင့်ယူသင့်သည်မထင်၊ 'သောင်းသဲ၊ သောင်းညံ၊ သောင်းကျန်း'ဆိုသည်တို့၌ကဲ့သို့'ဆူညံ၊ဆူပူ၊ထကြွ' အနက်ဖြင့်လည်းယူသင့်သည်မထင်၊ သောင်းပြောင်း၊ထောင်သောင်း' ဆိုသည်တို့၌ကဲ့သို့၊'အများ၊အပေါင်း၊ အပြွမ်း' ဟောဟု ယူသင့်သည်ထင်၏။ ဤသို့ယူသော် **ကြသောင်း** ၏အနက် 'အများ,စုပြုံ,ရောပြွမ်းပေါက်ရောက်လေ့ရှိသော၀ါး' ဟုပေါ်ထွက်ရာသဘည်း။

၂၀။ ကြဌန်း၊ ကျဌန်း

'ကြဌန်းထီး၊ကြဌန်းတိုင်၊ဥကင်ကြဌန်း ၊ပလ္လင်ကြဌန်း၊ ညောင်ကြဌန်း၊ ပြည်ကြဌန်း၊လှကြဌန်း၊စောကြဌန်း' စသဖြင့် **ကြဌန်း** အသုံးများကို အင်း၀ခေတ်, ကုန်းပေါင်ခေတ်ကဗျာစာပေတို့တွင် များစွာပင်တွေ့ရသည်။ **ကြဌန်း** ၏အနက် 'ထွတ်မြတ်၊ ကြီးမြတ်၊ မြင့်မြတ်' စသည် ဟော ဖြစ်ကြောင်း ကိုလည်း ပညာရှိအများပင်ပြဆိုလျက်ရှိကြပါသည်။သို့ရာတွင် **ကြဌန်း** ဟူသောစကား၏ရင်းမြစ်ကိုသော်၊ကျွန်ုပ်တို့သတိပြုမိ, ဖတ်မိသ၍တွင်၊မတွေ့ရသေးချေ။ **ကြဌန်း** ကိုပေါရာဏပုဒ်ဟူ၍သာ ခေတ်ပေါရာဏ, ၀ေါဟာရအဘိဓာန်တို့၌ပြဆိုကြသည်ကိုတွေ့ရသည်။ဦးအုံးရွှေပြုစုသော သတ်ပုံအဘိဓာန်၌သော် **ကြဌန်း** ကို **ကြည်ဌန်း** ပုဒ်သက်၊ 'ကြည်=ကြည်လင်ခြင်း+ဌန်း=စွဲမက်စေသောအရာ။မြင်သူတို့စွဲမက်စရာ, ကြည်လင်သောအရာ'ဟု အောက်ခြေမှတ်ချက်တွင် ပြဆိုထားသည်မှာ အတော်ချွတ်ချော်နေသည်ဟု ဆိုသင့်သည်ထင်၏။ **စွဲမက်** ဟော ပုဒ်မှာ **ဇန်း** မဟုတ်၊ **ငမ်း** သာဖြစ်ကြောင်း၊ ယင်းသတ်ပုံ အဘိဓာန်၌ပင် ပြဆိုလျက်ရှိသည်။ အခြားသတ်ပုံကျမ်း, ၀ေါဟာရ ကျမ်းတို့တွင်လည်း ထို့အတိုင်းပင် ပြဆိုကြသည်။ **ကြဌန်း** ၏လက်သုံးအနက်'ထွတ်မြတ်, ကြီးမြတ်, မြင့်မြတ်'ဟူသည်နှင့်'စွဲမက်စရာ ကြည်လင်သောအရာ'ဟူသည်တို့မှာလည်းမည်သို့မျှဆွေငင်စေ့စပ်၍ မရနိုင်လောက်အောင်ကွာခြားသော အနက်အဓိပ္ပါယ်များဖြစ်ကြသည်။

ကြဌန်း ၏ ရင်းမြစ် ဤမျှနှစ်မြုပ်၍နေပြီးလျှင်၊ သုခမိန်တဦးအား အမှားသို့သွေးဆောင်ခဲ့သည်မှာ **ကြက်သရေ** ဟူသော မြန်မာစာပေသမိုင်း ခေတ်လတ်

အရေးကဲ့သို့၊ရွှေပုဒ်တွင်အပင့်ဖြင့်ရှိရမည့်အစား၊အရစ်ဖြင့် ရှိနေသောကြောင့်ဖြစ်သည်။သို့ရာတွင် **ကြက်သရေ** ၌သော် ပုဂံခေတ်,အင်းဝခေတ်ကျောက်စာတို့တွင် **ကျက်သရေ** ဟု အပင့်ဖြင့်အရေးကို တော်တော်များများတွေ့ရသဖြင့်၊ အရေးမှန်, ဗျုပ္ပတ်မှန်တို့ကို၊မခဲမယဉ်းပြန်လည်ဖေါ်ထုတ်နိုင်ခဲ့ သော်လည်း၊ **ကြဉ်း** ၌သော်ကား၊ဖြစ်သင့်သောအရေးမှန် **ကျဉ်း** ကိုမည်သည့်ရွေးကျောက်စာ, မင်စာတို့၌မျှမတွေ့ရသဖြင့်၊ ဤမျှအခက်အခဲနှင့် တွေ့ကြုံခဲ့ရသည်ဆိုရာ၏။

ကြဉ်း သည် **ကျက်သရေ** ကဲ့သို့ပင်၊ မွန်ဘာသာသက် စကား ဖြစ်သည်။ **ကျက်သရေ** ၏ပုဒ်ရင်းမှာ မွန်ဘာသာ **ကျာ်ဩ** ဖြစ်သကဲ့သို့ **ကြဉ်း** ၏ ပုဒ်ရင်းမှာလည်း မွန်ဘာ **ကျာ်ဂန်** ဖြစ်သည်။ **ကျာ်ဩ**၊ **ကျာ်ဂန်** တို့တွင် **ကျာ်** ပုဒ်သည် 'ဖုရား၊သိရိနတ်သမီး၊နတ်၊အသျင်၊ သိခင်'စသည်ဟော ဖြစ်သည်။ **ဂန်** ပုဒ်၏အနက်ရင်းမှာ မွန်ဘာသာ၌ **ဆုဝ်ကိုင်၊ ဆုဝ်ယူ** ဟောဖြစ်သည်။သို့ရာတွင် ယင်း ပုဒ်ကို နာမ်ပုဒ်များနှင့်တွဲဖက်၍၊နောက်ပစ္စည်းအနေဖြင့် သုံးသော်၊ **စဝ်ဆိုင်၊ သက်ဝင်၊ ပါဝင်၊ အကြိုးဝင်** ဟူသော အနက်တို့ ထွက်ပေါ်လာသည်။ ဥဒါဟရုဏ်၊ မွန်ဘာသာ၌ **ကြက်** ပုဒ်သည် **အဆီအနှစ်၊ ရင်းမြစ်** ဟော၊ **ကြက်ဂန်** ဟု ဆိုသောအခါ၊ 'ရင်းမြစ်နှဖွဲ့ဆိုင်သော၊ အရင်းခံဖြစ်သော' ဟု အနက်ထွက်ပေါ်လာသည်။ **ကြုံက်** သည် **သရက်သီး** ဟော၊ **ကြုံက်ဂန်** သည်'သရက်မျိုးတွင်အကြုံးဝင်သည့်စားသူကိုနုပျိုစေသောအသီးတမျိုးဟော။ **သြေံ** သည် **ကောက်စပါး** ဟော။ **သြေံဂန်** သည် 'ကောက်စပါးမျိုးတွင် အကြုံးဝင်သည့် **ပြောင်း** ဟော။ ထို့နည်းတူစွာ **ကျာ်** သည် **ဖုရား၊ နတ်၊ ဘုရင်၊အသျင်** ဟော၊ထို့ကြောင့် **ကျာ်ဂန်** သည် 'ဖုရား၊ နတ်၊ ဘုရင်၊အသျင်နှင့် ဆိုင်သော' ဟော။ထိုအနက်ကိုပင် တနည်းအားဖြင့်ဆိုသော် 'မြင့်မြတ်၊ထွတ်မြတ်၊ ကြီးမြတ်' ဟူ၏။

ကျာ်ဂန် တွင် **ဂန်** ပုဒ်မှ **ကြဉ်း** တွင် **ဉ်း** ပုဒ်သို့သက်သည်မှာ မြို့အမည် **စည်ကူး** ကို **စည်ဒူ၊ စည်ဒူ** ဟူ၍ငင်း၊ **တောင်ငူ** ကို **တောင်ဒူ** ဟူ၍ငင်း၊မှားယွင်းပြောင်းလဲရွတ်ဆိုသည့်နည်းတူ ဖြစ်သည်ဆိုရာ၏။

မူရင်း **ကျာ်ဂန်** ပုဒ်ကိုထောက်သဖြင့်၊ **ကြဉ်း** ကို **ကျဉ်း** ဟု ရွှေပုဒ်ကို ယပင့်ဖြင့်ရေးသော်လည်းသင့်ရာ၏။ **ကြက်သရေ** ဟူသောအရေးကို **ကျက်သရေ** ဟု ယခုပြောင်းလဲ ရေးသည့် သာဓကလည်းရှိပေပြီ။ အနက်မှာ ယခု နားလည်နေကြသည့်အတိုင်း 'ဖုရား၊နတ်၊ဘုရင်၊အသျင်နှင့်ဆိုင်သော၊မြင့်မြတ်၊ထွတ်မြတ်၊ ကြီးမြတ်' ဟောပင်ဖြစ်သတည်း။

၂၁။ ခင်တုရင်

ဧဇ္ဈးခေတ် မင်းစီး လျှေ့လျည်း တို့တွင် ထောက်တိုင် လေးချောင်း အပေါ်၌ ကော့ရရော့,ကြော့မော့စွာတင်ထားအပ်သော အမိုးကို **'ခင်တုရင်'**ခေါ်သည်။ ယင်းစကားကိုအမျိုးမျိုးရေးလျက်ရှိသည်အနက်၊ ဤ **ခင်တုရင်** ဟူသောအရေးမှာ မူလဖြစ်၍၊လွှတ်တော်သုံးလည်း ဖြစ်ခဲ့ဟန်တူသည်။

၁။ "ရွှေလှော်ကားခိုနန်းငှက်ပျံချပ်၊....။အောင်းနီဦးတပ္ပင့် ပဲ့၂ ပင့်၊တက်မနီလောဘက်ဖြူ။ **ခင်တုရင်** အမိုးအုံနီ၊မှုတ်ရိုးထောက်အနီသုတ်။" ။၁၂၄၃ ခုစဲ့၊ မန္တလေးမြို့၊ မြို့ဝန်မင်းကြီး သီရိမဟာဇေယကာမဏီ မောင်နှံထိုး၊ရတနာဘုံသာဖုရားကျောက်စာ၊၄၁၊၄၃၊၄၄၊။

၂။ "ပျဉ်ခုံသယောင်း၊လှေသိန်းသောင်းနှင့်၊ ပဲ့ပေါင်းတင်တင်၊ **ခင်ဒုရင်လည်း**၊ သင့်ပြင်ကောင်းထူး၊ဥဒေါင်းမြူးသို့။" ။နေမိတ်ခဏ်းပျို၊၂၃။

၃။ "သိင်္ဂရည်ရှင်၊ **ခင်တရင်လည်း**၊ အခြင်အပိတ်၊ရွှေဖိတ်ရွှေစင်။" ။မင်းတရားမယ်တော်ခြေင်း၊၄၁။

၄။ "**လှေခင်ဒုယင်** အဖြူမိုးပေးတော်မူသည်။" ။မှန်နန်းမဟာရာဇဝင်တော်ကြီး၊ဒုတိယတွဲ၊၄၀၉။

၅။ "တော်သလင်းလှေပွဲတော်၊ လှော်ကား **ခင်ဒုရင်** တွင်၊နီးပါးထည်မိုးသည်ကိုရည်၍စပ်ဆိုသည်။" ။ဝေါဟာရလိနတ္ထဒီပဏီကျမ်း၊၆၃။

ထုတ်နုတ်ချက်များအနက် လေးခုတို့မှာ ပုံနှိပ်မူများမှဖြစ်၍၊ ပထမတခုတည်းသာ လှော်ကားအဆောင်အယောင်ကိုရရှိသောအမတ်ကြီးကိုတိုင်ရေးထိုးခဲ့သည့် ကျောက်စာမူမှ ဖြစ်သဖြင့်၊ ယင်းမူတွင် ပါရှိသည့် **ခင်တုရင်** ဟူသောအရေးမှာ လွှတ်တော်သုံးအရေးဟုပင် ထင်ဖွယ်ရှိသည်။ ကျန်'ခင်ဒုရင်,ခင်တရင်,ခင်ဒုယင်, ခင်ဥရင်'ဟူသောအရေးတို့မှာ **ခင်တုရင်** မှတိမ်းယိမ်းပြောင်းလဲလာသောအရေးများဖြစ်သည်။ 'ခင်တုရင်'တွင် **တုရင်** ပုဒ်ကလည်း ပါဠိနှင့် သံသကြိုဋ္ဌဘာသာ **တောရဏ** ပုဒ်သက်ဖြစ်ရာ၊ **ခင်တုရင်** ဟူသောအရေးသည်သာ မူရင်းပုဒ်နှင့် အနီးစပ်ဆုံးဟုလည်းဆိုရာ၏။

ခင်တုရင် တွင် **တုရင်** ၏အကြောင်း အကျယ်ကို **ဒုရင်** ခေါင်းစဉ်၌ဖွင့်ဆို ခဲ့ပြီးဖြစ်၍၊ ဤတွင် ထပ်မံမဖွင့်ဆိုတော့ပြီ။ လှေလှည်းတို့တွင် ခင်တုရင်ဟု ခေါ်သောအမိုးသည်၊သာမန်စင်းကြောမဟုတ်၊ ဒုရင်အင်္ဂါ၊ဒုရင်သင်တိုင်းတို့၌ကဲ့သို့၊ ကွေးကော့,ကြော့မော့နေအောင် မှမ်းမံထားသော အမိုးဖြစ်ကြောင်း သတိမူရာ၏။ ဤအခြင်းအရာကိုထုတ်နုတ်ချက် (၂)၊ 'ခင်ဒုရင်လည်း၊သွင်ပြင်ကောင်းထူး၊

ဥဒေါင်းမြူးသို့၊'ဟူသော နေမိဘုံခဏ်းပျို့စပ်အင်က ဖေါ်ပြလျက်ရှိသည်။

ခင်တုရင် ဟူသောအခေါ်တွင် **တုရင်**ပုဒ်မှာရှင်းပြီးလင်းပြီးဖြစ်၍၊**ခင်** ပုဒ်ကိုစိစစ်ရာ၌ **ခင်တိတ်** ဟူသောအခေါ်ပုဒ်နှင့်တဲ့ဖက်စဉ်းစားရပေမည်။ **ခင်တိတ်** ကို ယုဒသန်၏မြန်မာ–အင်္ဂလိတ်အဘိဓာန်၌'သက်ကြီးများကိုသုဿန်သို့ဆောင်ယူသင့်ပြီဟ်ရန်သုံးသည့်လှည်းဘီး, ရထားဘီးများအပေါ်တင်ထားသော သစ်သားအိမ်,ကိုထည်၊'ဟုပြဆိုပြီးလျှင်၊ 'ရထားခင်တိတ်၊လှည်းခင်တိတ်'တို့ကိုညွှန်းသည်။ **ရထားခင်တိတ်** မှာ'ဖုန်းကြီးပုံကို မီးသင့်ပြီဟ်ရာသို့ ဆောင်ယူရန်သုံးသော ရထားငယ်၊'ဟူ၍ဂင်း၊ **လှည်းခင်တိတ်**မှာ'ဆွဲစရာ,တွန်းစရာ,တင်စရာ,သယ်စရာယာဉ်မျိုး'ဟူ၍ဂင်း၊ဖေါ်ပြလျက်ရှိသည်။ တက္ကသိုလ်မြန်မာအဘိဓာန်တွင်လည်း **ခင်တိတ်** ကို' အထူးလေးစားသော ဝတ္ထုပစ္စည်းများကိုတင်ဆောင်ရသည့် ဘီးတပ်ယာဉ်တမျိုး၊ အများအားဖြင့်အသုဘကိုသင်းချိုင်းသို့ပို့ရာတွင်သုံးသည်။'ဟုဖေါ်ပြပြီးနောက်၊ကုန်းပေါင်ဆက် မဟာရာဇဝင်တော်ကြီး၊ပဌမအုပ်၊ စာမျက်နှာ ၁၁၂ တွင်ပါ'(ရန်ပုံခွင်းအမြောက်ကို) မြို့ဝန်အိမ်ရှေတွင် လှည်းခင်တိတ်နှင့် ဝတ်သန့်ဝတ်ကောင်းလှမ်းထားရသည်၊' ဟူသော အရေးကို ညွှန်းဆိုသည်။ ကဝိလက္ခဏာ သတ်ပုံ၊ အဝှန်း ဂဏန်း ၁၂၃၀ တွင်လည်း 'လှည်းနှင့်ခင်တိတ်၊နောင့်ကိုကျိတ်၊ကနိဋ္ဌကူမသင့်၊' ဟုစပ်ဆိုလျက်ရှိသည်။

ခင်တုရင် နှင့် **ခင်တိတ်** တို့ကိုဆက်စပ်မစဉ်းစားမီ၊ **တင်းတိတ်** ဟူသောအခေါ်ကို **ခင်တိတ်** နှင့်ရှေးဦးစွာ ဆက်စပ် စဉ်းစားရပေဦးမည်။ **တင်းတိတ်** သည် နောက်ခေတ်များ၏အခေါ် **တင်းတိမ်** ထက် ရှေးကျသောစကားဖြစ်၍၊ **တင်းတိမ်** ၏ မူလပုဒ်ဟုထင်ဖွယ်ရှိသည်။ ယင်းစကားကို ရှေးစာပေတို့၌ လွန်စွာတွေ့ရခဲ၍၊ ကဝိလက္ခဏာသတ်ပုံ၊ အဝှန်းဂဏန်း ၁၂၂၁ ဝယ် ' ကြာပုဏ္ဏရိက်၊ ကြာတင်းတိတ်၊ချပ်ပိတ်ရံကာဆင့်၊'ဟုပြဆိုလျက်ရှိသည်၌သာတွေ့ရတော့သည်။ ဤတွင် **တင်းတိတ်**၊ ဝါ၊ **တင်းတိမ်** ကဲ့သို့ကြာရွက်ကြာချပ်များ ပိတ်ဆီးရံကာလျက်ရှိခြင်းကို **ကြာတင်းတိတ်** ဟု ခေါ်လျက်ရှိသည်။ စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာခေါ် ကောင်းမှုတော် စေတီကြီးနှင့် အရံကျောင်းတို့၌ အရေးအခင်း ရှိကတင်းတိတ်ကာရံရသည့်ဝတ္ထုရားကိုချပေးထားသည့်သူများ ရှေးကနေထိုင်ခဲ့သည့် ရွာမည် **တင်းတိတ်** လည်းရှိသေးသည်။

ဤ **တင်းတိတ်** ဟူသော အခေါ်မှာ လွန်စွာ ရှေးကျပုံပေါ်သည်။ အင်းဝခေတ်နှောင်းတွင် ဝန်ကြီးပဒေသရာဇာစပ်ဆိုသောသူဇာပျို့နှင့်မနော်ဟရီပျို့တို့၌ပင် **တင်းတိတ်** စပ်အင်ကို မတွေ့ရတော့ပဲ၊ **တင်း ထိမ်** ဟူသော စပ်အင်နှင့်

ကုလားကာ ဟူသော စပ်အင်တို့ကိုသာ တွေ့ရလေတော့သည်။ သူဇာ ပျို အပိုဒ် ၁၄၄ တွင် ' မြချူသွင်သွင်၊တင်းထိမ်ငင်၍၊ရောင်တင်ဝင်းဝင်း။'ဟူ၍၎င်း၊အပိုဒ် ၂၁၇ တွင်'မျက်ရှင်ချယ်သံ၊တင်းထိမ်ရံ၍၊ခြူးဆံရွက်လိမ်။'ဟူ၍၎င်း၊'ယဉ်သည်လျှံ ဝင်း၊ တင်းထိမ်တွင်း၌၊ ရောင်ဆင်းထွန်းညီး။ ' ဟူ၍၎င်း၊ အပိုဒ် ၂၁၈ တွင် 'လက်ညှိုးထိုးရာ၊တင်းထိမ်မှာ၌၊အသာနားမှ။' ဟူ၍၎င်း၊အပိုဒ် ၂၁၉ တွင် 'ထလာချက်ခြင်း(ချင်း)၊ တင်းထိမ်ရင်းသို့၊ ကြည့်ရှုင်းသာရှု၏။' ဟူ၍၎င်း၊ ' မျက်ကျော်ရောင်ထင်၊တင်းထိမ်ပြင်က၊သာရှင်ယုယ။'ဟူ၍၎င်း၊ မနော်ဟရီပျို၊အပိုဒ် ၃၈ တွင် 'ချည်(ခြည်)တိုင်ကွန်ရက်၊ဆွဲရွက်တင်းထိမ်၊ရိပ်ငြိမ်သာထွေ။'ဟူ၍၎င်း၊ **တင်းထိမ်** ဟူ၍ ချည်း ပုံနှိပ်မူတို့၌ အရေးတွေ့ရသည်။ ဝေါဟာရထွေပကာသနီတွင်လည်း ထို့အတိုင်း'စရွက်(ဆွဲရွက်)တင်းထိမ်၊ရိပ်ငြိမ်သာထွေ။ ။ရံလည်းတင်းထိမ်၊ရွှေအိမ်အလယ်။ ။ဖြင်မျှရိပ်ငြိမ်၊နန်းရွှေအိမ်၌၊တင်းထိမ်ကာသန်း။' ဟုစပ်အင်များကိုပြ၍**တင်းထိမ်**ဟုပင်ရေးလျက်ရှိသည်။ကဝိလက္ခဏာသတ်ပုံတွင်လည်း'ရွှေနန်းရွှေအိမ်၊ချမ်းရိပ်ငြိမ်၊တင်းထိမ်ကာမလှစ်၊'ဟုစပ်သည်၌ **တင်းထိမ်** ဟုပင်အရေးပြသည်။သို့ရာတွင် ခေတ်သတ်ဖုံကျမ်းနှင့် စာပေတို့တွင်သော် **တင်းတိမ်** ဟုအရေးအပြများလျက်ရှိသည်။ထို့ကြောင့် **တင်းထိမ်၊တင်းတိမ်** အရေးနှစ်ရပ်တွင် **တင်းထိမ်** သည်မူလဖြစ်၍၊ **တင်းထိမ်** မှသာ **တင်းတိမ်** သို့သက်လာသည်ယူရာ၏။

တင်းထိမ် နှင့် **တင်းတိမ်** တို့၌ **ထိမ်၊တိမ်** ပုဒ်တို့သည် ကာရိုက်နှင့်သုဒ္ဓအားဖြင့် ကွဲပြားလျက်ရှိသည်။ ' ထိမ်ချန်၊ထိမ်ဝှက်၊ ထိမ်မြုပ်၊ဆင်ရာထိမ်မိုး ' ဆိုသည်တို့၌ **ထိမ်** ၏အနက်'ကွယ်ဝှက်၊ဖုံးကွယ်၊ဖုံးအုပ်၊ဖုံးဖိ၊ပိတ်ဖုံး၊ပိတ်ဆို့'ဟောဖြစ်၍၊ 'ရေတိမ်၊သောင်တိမ်၊ ကုလားတိမ်၊ ဆင်ရာတိမ်မိုး ' ဆိုသည်တို့၌ **တိမ်** ၏အနက် 'ပို့ပို့၊ပိတ်ဆို့၊ကွယ်ပ၊ပပျောက် ' ဟောဖြစ်သည်။

တင်းထိမ် နှင့် **တင်းတိမ်** တို့ကဲ့သို့ပင်၊ 'လက်ထိတ်၊ထိတ်ခတ်၊ထိတ်တုံး၊ထိတ်ကျဉ်း' ဆိုသည်တို့၌ 'ပိတ်ဆို့၊ပိတ်ခတ်၊ပိတ်နှောင်၊နှောင်ဖွဲ့'ဟော **ထိတ်** ပုဒ်နှင့်၊ 'တင်းတိတ်၊တိတ်ခိုး၊တိတ်ပုံး၊တိတ်တိတ်-ကြဲစည်,စီစဉ်,ဆောင်ရွက်,လုပ်ကိုင်'ဆိုသည်တို့တွင် 'ပုံးကွယ်၊ပုံးလျှို၊ လျှိုဝှက်၊ ကွယ်ဝှက်၊' စသည်ဟော **တိတ်** ပုဒ်တို့သည်လည်း ကာရိုက်နှင့်သုဒ္ဓဟုယူဖွယ်ရှိသည်။ ထို့ကြောင့် **တင်းတိမ်** ၏မူလမှာ **တင်းထိမ်** ဖြစ်သကဲ့သို့၊ **တင်းတိတ်** ၏မူလမှာလည်း **တင်းထိတ်** ဖြစ်ပုံရသည်။

တင်းတိတ်၊တင်းထိတ်၊ တင်းတိမ်၊တင်းထိမ် တို့တွင် **တိတ်၊ထိတ်၊ တိမ်၊ ထိမ်** ပုဒ်တို့၏အနက် ' ပိတ်ဆည်း၊ပိတ်ဆို့၊ ကာဆည်း၊ကာရံ ' ဟောဟုယူရာ၏။ **တင်း** ၏အနက်ကိုသော် နှစ်မျိုးယူနိုင်ဖွယ်ရှိသည်။မြန်မာသက်သက်ဖြင့်ယူသော်

‘ပြည့်တင်း၊တင်းကျမ်း’ ဆိုသည်တို့၌ကဲ့သို့ ‘အပြည့်၊တဆက်တည်း၊တစပ်တည်း၊ အကြားအလပ်မရှိ’ဟု ရပေမည်။ တရုတ်ဘာသာ၌ မင်းသုံးနှင့် ရှေးသုံး **တင်း** (Tang.K 970)ပုဒ်၊အနက် ‘ကာရံ၊ကာဆည်း၊ကာကွယ်’ဟောလည်းရှိသည်။ **တင်းတိတ်၊ တင်းကြိမ်** တို့ကို မြန်မာသက်သက်ဖြင့် အနက်ယူသော် ‘အပြည့်တဆက်တစပ်တည်းအကာအဆည်း,အကာအရံ’ဟုရ၍၊ တရုတ်ဘာသာ **တင်း** နှင့် စပ်၍ယူသော် ‘အတားအဆည်း၊အကာအရံ’ဟုရရာသည်။ဤသို့ရရှိသည့်အနက် နှစ်ရပ်စလုံးမှာ သင့်သည်ချည်း ဖြစ်သည်။ဤတွင် တရုတ်ဘာသာကိုလည်း ထည့်သွင်း စဉ်းစားရသည်မှာ၊ တရုတ်တို့သည်တင်းတိတ်,ထင်းတိမ်အကာအရံများကို ရှေး ပဝေဏီကာလမှစ၍ တလုံး တလ,တခမ်း တနား,ချယ်လှယ် မွမ်းမံ၍ သုံးစွဲခဲ့သောလူမျိုးဖြစ်သောကြောင့်ဖြစ်သည်။

ခင်တိတ် တွင် **တိတ်** ပုဒ်မှာ **တင်းတိတ်၊တင်းထိတ်** ပုဒ်ကဲ့သို့ ‘အတားအဆည်း၊အကာအရံ’ဟောဟုပင်ယူဖွယ်ရှိသည်။ထိုအချက်ကို **ခင်တုရင်၊ခင်တိတ်** တို့တွင် **ခင်** ပုဒ်၏အနက်နှင့်စပ်လိုက်သောအခါ၊ပို၍ပေါ်ထင်လာသည်ကိုတွေ့ရပေမည်။ **ခင်တုရင်၊ ခင်တိတ်** အခေါ်တို့တွင်၊ **ခင်** ပုဒ်၏အနက်မှာ ယခုအခါ ခပ်မြုပ်မြုပ်ဖြစ်နေသည်။သို့ဖြင့်ယင်းပုဒ်ကိုသုတေသီပညာရှိများဖေါ်ထုတ်ခြင်းမပြုခဲ့ကြပေ။မြန်မာဘာသာ၌ **ခင်** ပုဒ်ပေါင်းငါးခုမျှရှိသည်။ (၁)‘ခင်ကြီး၊ခင်ပွန်း၊ခင်ဖုရား(ခင်ဗျား)၊သိခင်(သခင်)၊စောခင်’စသည်တို့၌ **ခင်** ပုဒ်မှာ မွန်ဂိုလ်ဘာသာ **ခန်** နှင့် မိတ်တူ ‘အသျှင်၊မင်း၊မင်းညီမင်းသား၊ကြီးသူမြတ်သူ’ဟော။ (၂)၊ ‘ခင်တန်း၊ခင်ရိုး၊ကုန်းခင်’စသည်တို့၌ ‘အမြင့်၊ ကုန်းမြင့်၊ တောင်ကုန်း၊ တောင်ရိုး၊တောင်တန်း’ဟော။(၃)၊ ‘ခြည်ခင်၊ပိုးခင်’စသည်တို့၌ ‘ပတ်ရစ်ထားသောအခွေ,အကွင်း’ဟော။ (၄)၊ မသွားခင်၊မလာခင်’စသည်တို့၌ ‘ပြု၊ဖြစ်’မူလအနက်ရှိ ကြိယာပစ္စည်း။(၅)၊ ‘လျှာခင်၊နှဲခင်၊ ပြေခင်၊ ချစ်ခင်၊ခင်တွယ်’စသည်တို့၌ ‘တွယ်၊ကပ်၊ အတွယ်၊အကပ်၊ တွယ်ကပ်နေသည့်အပြား,အပြန့်,အချပ်,အလှာ’ဟော။ **ခင်တုရင်၊ ခင်တိတ်** တို့တွင် **ခင်** ပုဒ်ကို ဤနောက်ဆုံး ‘တွယ်ကပ်၊အတွယ်အကပ်၊တွယ်ကပ်နေသည့် အပြား,အပြန့်,အချပ်,အလှာ’ဟော **ခင်** ပုဒ်ဟုယူရာ၏။ယင်းနှင့်မိတ်တူ၊သျှမ်းဘာသာ၌ ‘တွယ်ကပ်၊ညိတွယ်’ဟော **ခင်** ပုဒ်ရှိခြေသေးသည်။

ဖေါ်ပြခဲ့သည်အတိုင်းယူသော်၊ **လျှာခင်** ၏ အနက် ‘လျှာ၌ တွယ်ကပ်နေသောအမြွေးပြား,အမြွေးပြန့်,အမြွေးချပ်,အမြွေးလှာ’ဟုပေါ်ထွက်၏။ **နှဲခင်၊ ပြွေခင်** တို့ကိုလည်းထိုအတိုင်း၊နှဲပြေတို့၌အသံကိုဖြစ်ပေါ်စေရန် တွယ်ကပ်ထားသောအမြွေးပြား,အမြွေးလှာ’ဟုယူရာ၏။ **ချစ်ခင်၊ခင်တွယ်**ဆိုသည်၌သော် **ခင်**

၏အနက်ကို 'တွယ်၊ကပ်၊တွယ်တာ၊ကပ်ငြိ' ဟု ယူရပေမည်။ **ခင်တုရင်** ၌သော် လျှော့လှည့်နှုတ်ဆို၏ အထက်၊လေးချောင်းသော ထောက်တိုင်တို့၏ အပေါ်၌ တွယ်ကပ်ထားသောအပြား,အပြန့်,အမိုးပြား,အမိုးပြန့်'ကို **ခင်** ဟုခေါ်သည်ယူသင့်၏။ **ခင်တိတ်** ၌လည်းထိုနည်းတူစွာ လှည့်,ရထားဘီးတို့၏အပေါ်၌ တွယ်ကပ်ဖုံးလွှမ်းထားသောအမိုးပြား,အမိုးပြန့်'ကိုပင် **ခင်** ဟုခေါ်လျက်ရှိသည်ဆိုရာ၏။ ထို့ကြောင့် **ခင်တိတ်** ဆိုသည်တွင် **ခင်** ၏အနက်'အမိုးပြား၊အမိုးပြန့်၊' **တိတ်** ၏အနက် 'အကာ၊အရံ' ဟော ဖြစ်သဖြင့်၊ 'လှည်းဘီး,ရထားဘီးတို့အပေါ်၌တင်ထားအပ်သော အမိုးနှင့် အကာ၊အမြောက်,ခေါင်း,တလားစသည် တစုံတရာကို ဖုံးလွှမ်း ကာရံထားသောအရာ၊ လှည်း,ရထားတို့၏ ယာယီအိမ်,ကိုထည်'ပင်ဖြစ်ချေသည်။

ဌက်ခင်ထိတ်,ခင်ပုပ်'ဆိုသည်တို့၌ **ခင်** ပုဒ်၊ **ထိတ်** ပုဒ်တို့၏အနက်များကို ဤတွင်ပြဆိုခဲ့သည်အတိုင်းယူမူ သင့်မသင့် စဉ်းစားကြပါကုန်။ယင်းတို့၏အမွေးပြောက်ကျားရောင်များကို လှည်းရထားခင်ထိတ်,လှေခင်တုရင်နှင့်အလားတူဟု ယူဆကာ ဤသို့ခေါ်ဆိုခဲ့ပိမ့်လောဟုတွေးမည်ဆို်လျင်တွေးနိုင်ရာသည်။

ခင်တုရင် ၏အနက်ကိုသော် 'လှော့,လှည်းတို့တွင်ထောက်တိုင်တို့၏အပေါ်၌ တင်အပ်သောကွေးကော့,ကြော့မော့သည့်အမိုးပြား၊အမိုးပြန့်၊တုရင်အမိုးပြား၊ တုရင်အမိုးပြန့်'ဟုယူရာသတည်း။

၂၂။ ခဏ်း၊ ခန်း၊ ခမ်း

ခဏ်း၊ ခန်း၊ ခမ်း အရေးများသည် ယခုအခါ ရောထွေးလျက် ရှိပြီးလျှင်၊ ယင်းတို့၏ အဓိပ္ပါယ်အကောက်အယူနှင့် အသုံးအနှုန်းတို့သည်လည်း ချွတ်ချော်မှားယွင်းလျက်ရှိခြင်းကိုတွေ့ရသည်။ဤသို့ဖြစ်ရသည်မှာ စကားတို့၏ ရင်းမြစ်နှင့် မူလအနက်တို့ကိုသေချာစွာ စိစစ်လေ့လာခြင်းမပြုသောကြောင့်ဟု ဆိုရပေမည်။

ခဏ်း ပုဒ်သည် သံသကြိုဠ်-ပါဠိဘာသာ **ခဏ္ဍ** ပုဒ်သက်ဖြစ်၍၊ အနက်မှာ ပုဒ်ရင်းအတိုင်း 'အစိတ်၊အပိုင်း၊ကျမ်း,စာအုပ်,စသည်တို့၏အစိတ်,အပိုင်း'ဟော ဖြစ်သည်။သျှင်ရဋ္ဌသာရရေး တန်တားဦးမင်္ဂလာ စေတီမော်ကွန်းတွင် ကျမ်း၏ အစိတ်အပိုင်းများကို '(၁) ရှေးဖျား ပဌမပိုင်းတည်း။ (၂) တခြား ဒုတိယပိုင်းတည်း၊ (၃) ခဲ့ဝေ တတိယ ပိုင်းတည်း၊ (၄) တအုပ် စတုတ္ထပိုင်းတည်း၊ (၅) တခန်းပဉ္စမပိုင်းတည်း၊'ဟုပြလျက်ရှိ၍၊ဘူရိဒတ်လင်္ကာကြီးတွင် '(၁)နဂရ

ခဏ္ဍံ နိဋ္ဌိတံ၊(၂) ဥပေါသထခဏ္ဍံ နိဋ္ဌိတံ၊ (၃) ပြဟ္မဏခဏ္ဍံ နိဋ္ဌိတံ၊(၄)နဂရ ပဝေသနခဏ္ဍံ နိဋ္ဌိတံ' ဟုပြလျက်ရှိသည်။ဤသည်တို့ကိုထောက်သဖြင့် **ခဏ်း**သည် **ခဏ္ဍ** ပုဒ်သက်ဖြစ်၍ ကျမ်း၏အစိတ်အပိုင်းဟော ဖြစ်ကြောင်းသိသာသည်။

တွင်းသင်းမင်းကြီးရေး ဝိခုရပ္ပါတွင်သော် 'ဒေါဟဋ္ဌကဏ္ဍံ နိဋ္ဌိတံ၊ မဏိကဏ္ဍံ နိဋ္ဌိတံ၊အက္ခကဏ္ဍံ နိဋ္ဌိတံ' စသဖြင့်တွေ့ရသည်၌ **ခဏ္ဍ** အစား **ကဏ္ဍ** ကိုသုံးလျက်ရှိပြန်သည်။ **ကဏ္ဍ** ပုဒ်သည်လည်း သံသကြိုင့်-ပါဠိဘာသာတို့၌ 'အစိတ်,အပိုင်း' ဟော ပင်ဖြစ်သည်။ဤ **ကဏ္ဍ** ပုဒ်အား မြန်မာတို့က မည်သို့မျှ ပြုပြင်ပြောင်းလဲခြင်းမပြုပဲ၊ **ကဏ္ဍ** ဟုပင်ပုဒ်မပျက်အနက်မပျက်၊မြန်မာဝေါဟာရတခုအနေဖြင့် သုံးစွဲလျက်ရှိသည်ကို အများအသိပင်ဖြစ်သည်။

ခဏ္ဍ ပုဒ်သက် **ခဏ်း** ပုဒ်ကိုရှေးဦးပုံနှိပ်မူ၊ပါရမီတော်ခဏ်းပျို၊ဆုတောင်းခဏ်းပျို၊သံဝေဂခဏ်းပျို၊ စတုဓမ္မသာရခေါ် ကိုးခဏ်းပျို၊ နေမိမင္ဂလစိုးခဏ်းပျို၊ နေမိဘုံခဏ်းပျို၊နေမိငရဲခဏ်းပျို စသောကဗျာစာပေတို့၌ရေးသားသုံးစွဲခဲ့သည်။ သို့ရာတွင် နှန်းတွင်းပုံနှိပ်မှုများနှင့် ကဝိလက္ခဏာသတ်ပုံနိဂုံးနှင့်ကဝိလက္ခဏာ ဒီပနီတို့၌သော် 'ပါရမီခန်း၊ဆုတောင်းခန်း၊ပြာဋိဟာခန်း၊ ကိုးခန်း၊ ငရဲခန်း၊ ဘုံခန်း' စသဖြင့် **ခဏ်း** ဟုမရေးပဲ၊ **ခန်း** ဟုရေးလျက် ရှိသည်တို့ကို တွေ့ရသည်။ လွန်စွာပါဋိဿန်၍ ပါဋိဘာသာဖက်သို့ မြန်မာ ဝေါဟာရများကို ဆွဲဆောင် ဝိဂြိုဟ်ပြုလေ့ရှိသော၊ လေ့သင်း အတွင်းဝန်မင်းစီရင်သည့် ဝေါဟာရလိနတ္ထဒီပဏီတွင်ပင် 'ပါရမီတော်ခန်း၊ဟတ္ထိပါလဇာခန်း၊မင္ဂလစိုးခန်း၊ဘုံခန်း၊' စသဖြင့် ရေးလျက်ရှိသည်။ဤအရေးများသို့လိုက်၍၊နောက်နိပ်ဟံသဝတီမူတို့တွင် 'ပါမီတော်ခန်းပျို၊ဆုတောင်းခန်းပျို၊စတုဓမ္မသာရကိုးခန်းပျို၊နေမိဘုံခန်းပျို၊ နေမိငရဲခန်းပျို၊' ဟု ပြောင်းလဲ ရေးသားလျက် ရှိသည်ကို တွေ့ရသည်။ အမည်တို့တွင် သာမက၊ အတွင်းစာသားတို့တွင်လည်း ယခင်မူတို့၌ **ခဏ်း** ဟု ရှိခဲ့သည့် နေရာတိုင်းဝယ်၊ နောက်မူတို့၌ **ခန်း** ဟုပါရှိလာသည်။

ကျမ်း, ဇာတ်, နိပါတ် စသည်တို့၏ အစိတ်အပိုင်း အနက်ဖြင့် **ခဏ်း၊ ခန်း** အရေးအသုံးများကို ပုဂံခေတ်နှင့် ရှေးအင်းဝခေတ်ကျောက်စာများတွင် ကျွန်ုပ်တို့မတွေ့မိချေ။ ထိုစဉ်အခါများ၌ **ခဏ္ဍ** ပုဒ်သက်ကိုပင်ဆိုလိုစေကာ **ခဏ်း** ဟုရေးလိမ့်မည်မဟုတ်၊ **ခန်း** ဟုသာ ရေးပေလိမ့်မည်။ **ဘူမိလက္ခဏာ** ကိုလည်း **ဘူမိလက်သဏ်** ဟုမရေး'ဘုမ္မလက္ခန်၊ ဖုံမ်မလက်သန်၊ ဘုံမလက်သန်၊' ဟုသာ ဦးတည်၍ရေးခဲ့သည်။ 'ဘူမလက်သဏ်၊ ဘူမိလက်သဏ်' ဟူသော အရေးများကို အင်းဝညောင်ရမ်းခေတ်ကုန်ခါနီးနှင့်ကုန်းဘောင်ခေတ်ဦးဆီလောက်ကျမှတွေ့ရသည်။ထို့နောက်ခေတ်များတွင်သော် **ဘုမ္မိနက်သန်** ဟု **သန်** ကို ရှေးဦးရေး

နည်းအတိုင်းပြန်၍ရေးကြပြန်သည်။ **ခဏ်း** နှင့် **ခန်း** အရေးတို့တွင်လည်း ထို နည်းတူစွာရှေးဦးစွာ **ခန်း** ဟုရေးခဲ့ပုံပေါ်သည်။နောက်တခေတ်တွင် ပညာရှိတို့ သည်ယင်းဟုဒ်ကို **ခဏ္ဍ** ပုဒ်သက်မှန်းသိသဖြင့်၊ဝါ၊ **ခဏ္ဍ** ပုဒ်သက်ဟုယူဆသဖြင့် **ခဏ်း** ဟု ပြောင်းလဲရေးခဲ့သော်လည်း၊ ထို့နောက် မျက်မှောက်ခေတ်တွင် **ခန်း** ဟုရှေးဦးအတိုင်းပြန်၍ ရေးကြပြန်သည်။ မည်သို့ပင် ရေးစေကာ၊ 'ပါရမီခဏ်း၊ ပါရမီခန်း၊ကိုးခဏ်း၊ကိုးခန်း၊ဘုံခဏ်း၊ဘုံခန်း' ဆိုသည်တို့၌ **ခဏ်း**၊ **ခန်း** ပုဒ်တို့မှာ **ခဏ္ဍ** ပုဒ် ပျက်ချည်းဖြစ်သည်ယူသင့်သည်ထင်၏။

'တိုင်းခန်း၊စခန်း၊ဆုံးခန်း၊ခန်းဝါ၊'ဆိုသည်တို့၌ **ခန်း** ပုဒ်၏အနက်မှာ**နေရာ၊ အရပ်** ဟောဖြစ်သည်။ယင်းစကားတို့တွင် **စခန်း** သည် **စံခန်း၊ စားခန်း၊ စက်ခန်း** ပုဒ်များမှ သက်လာသည် ယူရသည်။ နေရာ, တည်းခိုရာ, ရပ်နားရာ, စားသောက်ရာ, အိပ်စက်ရာအရပ်မျိုးစုံကိုပင် **စခန်း** ခေါ်နိုင်သည်။ရှေ့ဖြတ်သန်း, သွားလာ,ဆိုက်ကပ်,တည်းခိုရာအရပ်ကို **ကုခန်း**၊ **ကုတ္တို** ဟုခေါ်ဆိုခဲ့ရာ၊ **ကု** ပုဒ်သည် **ကုဆုန်**၊ **ကုဟာ** ဆိုသည်တို့၌ကဲ့သို့ **ရေ** ဟော၊ **ခန်း** 'ပုဒ်သည် **စခန်း** ဟော၊ **တ္တို** ပုဒ်သည် သျှမ်းဘာသာစကား၊ **တိုင်** ပုဒ်ဖြစ်၍ 'ဆိုက်ရောက်, ဆိုက်ကပ်ရာအရပ်၊ စခန်း' ဟော ဖြစ်သည်။

ဤ **နေရာ၊ အရပ်** ဟော **ခန်း** နှင့်အနီးစပ်ဆုံးဟု ယူဖွယ်ရှိသော ပုဒ်များမှာ အောက်ပါတို့ဖြစ်သည်။

ဘာသာ	စကား	အနက်
(၁) ကချင်	ခန်	နေရာ၊အရပ်
(၂) တိဗက်	ခင်	အိမ်၊အခန်း၊နေရာ၊
	ခမ်သ်	နယ်၊တိုင်း၊အရပ်၊
(၃) မိုရှင်နာဂ	ကိအန်	ရွာ
(၄) တရုတ်	ကိအေန်၊ကာန်၊ကန်	စပ်ကြားနေရာ၊

ခရိုင်၊ တိုက် အကြောင်း၌ပါရှိသည့် 'ရွာ၊အိမ်၊နေရာ၊အရပ်' ဟော **ခ** နှင့် တကွသော မိတ်တူ ပုဒ်များကိုလည်း၊ **ခန်း** နှင့်မိတ်တူ ပုဒ်များဟု ယူဆရာ၏။ အဘယ်ကြောင့်ဆိုသော် **ခန်း** သည် **ခ** တွင် နှာသံယှဉ်ကပ်သဖြင့် ရအပ်သော ပုဒ်ဖြစ်သည်။

'အိပ်ခန်း၊ည့်ခန်း၊ထမင်းစားခန်း၊ရေချိုးခန်း' စသည်တို့၌ **ခန်း** ၏မူရင်းအနက်မှာလည်း **နေရာ၊ အရပ်** ပင်ဖြစ်သည်။ **အိပ်ခန်း** ၏ မူလအနက်ကို **အိပ်သည့်နေရာ၊ ည့်ခန်း** ၏မူလအနက်ကို **ည့်ခံသည့်နေရာ** စသဖြင့်ယူရာ၏။ ဤသို့ သီးသန့်ထားသောနေရာတို့ကို ယေဘုယျအားဖြင့် ခြားကန့်, ကာရံ, ပိုင်း

ခြားထားလေ့ရှိချေရကား၊နောင်သော် **ခန်း** ၏အနက် 'ကန့်သတ်,ကာရံ, ပိုင်းခြားထားသောနေရာ' ဟောလည်းဖြစ်လာသည်။ထို့ကြောင့် **ခန်း** ၏အနက်ကို 'နေရာ,အရပ်၊ကန့်သတ်,ကာရံ,ပိုင်းခြားထားသောနေရာ,အရပ်' ဟုသာကောက်ယူသင့်သည်။ 'အကန့်,အသတ်,အပိုင်း,အခြား,အစိတ်,အပိုင်း' ဟုသော်ကောက်ယူသင့်သည်မထင်။ကျွန်အချက်ကို ထောက်ဖြင့် 'ပါရမီတော်ခန်း၊ ကိုးခန်း၊ ဘုံခန်း' စသဖြင့် ရေးဆိုသည်တို့၌ **ခန်း** ပုဒ်ကို ကျွန်မာဝေါဟာရ **ခန်း** ပုဒ်ဟုမယူသင့်၊သံသကြိုဋ္ဌ-ပါဠိဘာသာ 'အစိတ်,အပိုင်း၊ကျမ်းစာစောင်,စာအုပ်စသည်တို့၏ အစိတ်,အပိုင်း' ဟော **ခဏ္ဍ** ပုဒ်သက်ဟုသာ ယူသင့်သည်ထင်၏။ သို့ဖြင့် ယင်းပုဒ်ကို မြန်မာဘာသာ 'နေရာ,အရပ်၊ကန့်သတ်,ပိုင်းခြား,ထားသောနေရာ, အရပ်'ဟော **ခန်း** ပုဒ်နှင့်မရောထွေး, မမှားယွင်းစေခြင်းငှာ၊မူအတိုင်းလည်းကျ၊ ရှေးကလည်း ရေးခဲ့ဖူးသည့် **ခဏ်း** ဟု ရေးခြင်းကပို၍သင့်လျော်သည်ဆိုရာ၏။ ထို့နည်း တူစွာ 'အသားတစ်၊ အသားတစ်ရောင် (အနီ)' ဟော သံသကြိုဋ္ဌ ဘာသာ **မံ့ခဏ္ဍ**၊ ပါဠိဘာသာ **မံသခဏ္ဍ** ပုဒ်သက်ကိုလည်း **မံသခဏ်း၊ မသ်ခဏ်း** ဟု ရေးခြင်းက၊ **မံသခ်န်း၊ မသ်ခန်း** ဟု ရေးခြင်းထက် ပို၍သင့်သည်။

"လင်ခန်း,မယားခန်း၊သေခန်း,ရှင်ခန်း" ဆိုသည်တို့တွင် **ခန်း** ပုဒ်မှာ မူလအားဖြင့် **နေရာ၊ အရပ်** ဟော **ခန်း** ပုဒ်ဖြစ်၍၊ **လင်ခန်း, မယားခန်း** ၏ အနက် **လင်နှင့် မယားတို့၏ နေရာ, ဌာန၊ သေခန်း, ရှင်ခန်း** ၏ အနက် **သေခြင်း, ရှင်ခြင်း နေရာ,ဌာန** ဟု ကောက်ယူရာ၏။ ထို့နည်းတူစွာ 'အဆုံးနေရာ, အရပ်သို့ရောက်သည်အထိ' ကို **ဆုံးခန်းတိုင်** ဟူ၍ဝင်း၊'တိုင်းနိုင်ငံအနယ်နယ်, အရပ်ရပ်သို့ လှည့်လည်သည်' ကို **တိုင်းခန်းလှည့်လည်** ဟူ၍ဝင်းဆိုသည်။

"ကုန်ခန်း၊ ခြောက်ခန်း၊ ရေခန်း၊ ဆီခန်း' ဆိုသည်တို့၌၊ 'ကုန်ဆုံး၊ ပျောက်ဆုံး၊ ပျောက်လွင့်၊ ပျောက်ကွယ်' ဟော **ခန်း** ပုဒ်ကို သော် အရွှပ်အထွေးမရှိသဖြင့် အကျယ် ဖွင့်ရန် မလိုဟု ထင်၏။ ယင်း **ခန်း** ပုဒ် သည်၊ **ကျိုးကန်း** အကြောင်း၌ဖော်ပြခဲ့သည်အတိုင်း'မျက်စိကန်း၊ချောင်းကန်း၊အင်းကန်း၊သီးပွင့်ကန်း' ဆိုသည်တို့၌ **ကန်း** နှင့်ပုဒ်ပြောင်းပုဒ်လဲဖြစ်ခြင်းကိုသာ ထပ်မံ သတိ ပေးလိုသည်။

ခန်း နှင့်ဆက်သွယ်၍စဉ်းစားရန် ရှိသေးသောပုဒ်မှာ **ကိန်းခန်း** ဖြစ်သည်။ **ကိန်းခန်း** တွင် **ကိန်း** မှာ ပါဠိဘာသာ **ကိန္တ** ပုဒ်သက် ဟူ၍ဝင်း၊ **ခန်း** မှာ **ခဏ်း** ပုဒ်ရင်း ပါဠိဘာသာ **ခဏ္ဍ** ပုဒ်သက်ဟူ၍ဝင်း၊ အချို့ယူဆကြသည်မှာ မသင့်။ပါဠိဘာသာ၌ **ဂဏန်းကိန်း** ဟော **ကိန္တ** ပုဒ်ဟူ၍မရှိ။မည်သည့်အဘိဓာန်

၌မျှ **ကိန္တြ** ဟူသောပုဒ်ကိုမတွေ့ရ။ မြန်မာဘာသာ ‘ဂဏန်း၊ ဂဏန်းတို့၏အစုအပေါင်း’ ဟော **ကိန်း** ပုဒ်သည်၊မွန်ဘာသာ ထို့အတိုင်းဟော **ကိုန်** ပုဒ်မှသာ သက်ဆင်းလာသည် ယူသင့်သည်။ **ကိန်းခန်း** တွင် **ခန်း** ပုဒ်သည်ကား ပါဠိဘာသာ **ခန္ဓ** ပုဒ်သက် ဖြစ်ကြောင်း ဝေါဟာရထွက်ပကာသနီတွင် **ကျိုး** ပုဒ် အောက်၌ပြလျက်ရှိသည်။ယင်းပါဠိဘာသာ **ခန္ဓ** ပုဒ်နှင့်၊မိတ်တူသံသကြိုဋ္ဌ ဘာသာ **သ္ကန္ဓ** ပုဒ်တို့သည် ‘အစုအပေါင်း၊အစုအစိုင်၊အစိတ်အပိုင်း’ ဟောဖြစ်သည်။ ထို့ကြောင့် **ကိန်းခန်း** ဆိုသည်၌ **ခန်း** ပုဒ်ကို‘ဂဏန်းတို့၏အစုအပေါင်း’ဟော ဟူ၍ဝင်း၊‘ဂဏန်းတို့၏ အစိတ်အပိုင်း’ ဟော ဟူ၍ဝင်း၊ နှစ်မျိုးပင် ကောက်ယူနိုင်သည်။

ခမ်း ၏အနက်ပရိယာယ် အချို့အဝက်ကို **သခ်မ်း** အကြောင်း၌ ဆိုခဲ့ပြီ။ ယင်း **ခမ်း** ပုဒ်သည် ‘မျက်ခမ်း၊နှုတ်ခမ်း၊နခမ်း’ ဆိုသည်တို့၌ ‘အစွန်း, အနား, အစွန်းအနားနေရာ’ ဟောဖြစ်၍၊ကျောက်စာတခုတွင် ‘သသ်ရာဟူသ၊ မွန်မအခံ၊ ကမ်တဖက်သိုဝ် (သသ်ရာဟူသ၊မြစ်မအခမ်း၊ကမ်းတဖက်သို့)’ဟူ၍ဝင်း၊ ကိုးခဏ်း ပျူအပိုဒ် ၆၃တွင်‘ထိုမှာမြစ်ခမ်း၊တဖက်ကမ်းက်ား၊ချစ်ကျမ်းမျိုးဆေ့’ဟူ၍ဝင်း၊ နေမိမ္ဍစိုးခဏ်းပျူ၊အပိုဒ်၅တွင် ‘ဝေးခေါင်တာလှမ်း၊သသ်ာကမ်းလျင်၊ အခမ်းမမြေ၁်’ ဟူ၍ဝင်း၊စပ်ဆိုသည်တို့၌ **ခမ်း** ၏အနက်မှာ ‘တစုံတရာနှင့် ဆက်စပ်လျက်ရှိသောနေရာ,အရပ်’ ဟော ဖြစ်ကြောင်းဆိုခဲ့ပြီ။ ၇၉၂ ခုစဲ့၊ စစ်ကိုင်းမြို့၊ ရတနာစေတီကျောက်စာ၊ ကြောင်းရေ ၉တွင် ‘ဧရောပန်းရောင်၊ ပေါင်းလောင်ချင်းတွင်း၊မြစ်လေးစင်းအခမ်း၊ကမ်းညွတ်မျှနေသော။’ ဟူ၍ဝင်း၊ ၁၁၄၅ ခုစဲ့၊ အမရပုရမြို့၊ဂူကြီးကျောက်စာတွင်‘ဘဝသုမ်းတန်၊မှာဖက်ဌာန်မှ၊နိဗ္ဗာန်မြစ်ခမ်း၊ ထိုဖက်ကမ်းသို့၊ သာချမ်းရောက်သြောင်၊’ ဟူ၍ဝင်း၊ ယင်းအနက်များ ဖြင့်ပင် ကျောက်စာအရေးအသားများလည်း ရှိသေးသည်။

‘ခမ်းနား၊အခမ်းအနား၊ မင်းခမ်းမင်းနား’ ဆိုသည်တို့၌ **ခမ်း** ပုဒ်၏ မူရင်းအနက်မှာ **ကြီးမား၊ကြီးကျယ်** ဟောဖြစ်၍၊ထို့မှ‘ ကြီးမား,ကြီးကျယ်သော အဆောင်အယောင်, အခင်းအကျင်း’ ဟောသို့သက်သည် ယူရာ၏။ **ခမ်း** မှအနက်တူ **ခံ** ပုဒ်လည်းသက်ဆင်းလာသည်။ **ခမ်း** နှင့်မိတ်တူပုဒ်များမှာ—

ဘာသာ	စကား	အနက်
(၁) တရုတ်	ခန်၊ဟမ်၊ဂမ်	ကြီးကျယ်,ခမ်းနား၊
(၂) တိဗက်	ရ်ငမ်,ရ်ငေါမ်	ခမ်းနား၊ကြီးမြတ်၊

ခမ်းနား တွင် **နား** ပုဒ်မှာ **သားနား** တွင် **နား** ပုဒ်ပင်ဖြစ်၍ **လှပ၊တင့်တယ်** ဟော ဖြစ်သည်။ယင်းနှင့်မိတ်တူများကိုလည်း တရုတ်နှင့် တိဗက်ဘာသာ

တို့တွင် အောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
(၁) တရုတ်	နော၊နာ	လှုပ၊တုံ့တယ်၊
(၂) တိဗက်	နောရ်	ကောင်းမြတ်၊မြင့်မြတ်၊

ခဏ်း၊ခန်း၊ခမ်း တို့၏ရင်းမြစ်နှင့် အနက်တို့ကို ဤသို့ခွဲခြားသိမှတ်ရပြီးသော် ကျနမှန်ကန်စွာသုံးစွဲရာ၏။ အထူးသဖြင့် ကျမ်း,စာစောင်, စာအုပ် စသည်တို့၏ အစိတ်အပိုင်းများကို **ခန်း** ဟု ရေးသားသုံးစွဲခြင်းထက်၊ **ခဏ်း** ဟု ရေးသား သုံးစွဲခြင်းကပို၍ အရှုပ် အထွေးများနှင့် ကင်းဝေး၍ သင့်လျော်ကြောင်း သတိမူရာသတည်း။

၂၃။ ခပ်ကယ်၊ခပ်ပင်း၊ခပ်သိမ်း

ခပ်ကယ် ဆိုသောစကားကိုအင်းဝကဗျာခေတ်တွင်သုံးသည်ကိုမတွေ့ရ၊ယခုလည်းမသုံးတော့။ သို့ရာတွင် ၅၅၂ ခုစွဲ၊ ပုဂံမြို့၊အမတ်ကြီး သိဿံသူရိယထိုး၊တောင်ဂူနီ ကျောက်စာတွင် 'သဿံရာဆိုဝ်ငြယ် **ခပ်ကယ်** သောဟ်ကုန် ရာဖွစ်သော (သဿံရာဆိုးငြယ်ခပ်ကယ်သော ကုန်ရာဖြစ်သော)။'ဟု ရေးလျက်ရှိသည်။ **ခပ်ကယ်** တွင် **ကယ်** တလုံးတည်းကိုလည်း ၆၁၀ ခုစွဲ၊ပုဂံမြို့၊မင်းသမီးအစောကြွမ်းဖုရားကျောက်စာ၊ကျောတွင်'ကျွန်လယ်ဥယျန်မိုဝ်မြိုယ်တိုဝ်ကိုဝ်ဖျက်ဆီရစ်ရုပ်သပ္ပာ်စသောသူကာ ဤယ်လူ **ကယ်** ထက်လေနှစ်လုံးချ သာမရမူရုပ္ပာ် ကြောင်ကြလျက်လျင် သိယ်သောဖွစ်စိယ်သတေ (ကျွန် လယ် ဥယျန်မိုးမြေတို့ကို ဖျက်ဆီးရစ်ရုပ်သဲ့စသောသူကား၊ ဤလူကယ်ထက် လေး နှစ်လုံးချမ်းသာမရမူ၍ ကြောင့်ကြလျက်လျင်သေသောဖြစ်စေသကေား)။'ဟု ရေးဆိုလျက်ရှိသည်။ **ကယ်** ကို **ကုံ** နှင့်တွဲကာ၊ **ကုံကယ်** ဟူသော စကားကိုလည်း ပုဂံခေတ် ကျောက်စာတို့တွင် ရှင်္ခိ အမည်အဖြစ်ဖြင့် သုံးတတ်သေးသည်။ ဥဒါဟရဏ်၊ ' ကျောန်....ငါကုံကယ် ၁ (ကျွန်....ငါကုန်ကယ် ၁)။' ။၅၅၀ ခုစွဲ၊ပုဂံမြို့၊ရှင်ပင်ဗောဓိတန်တိုင်းအတွင်း၊ သင်ကြီးဆရာကျောက်စာ။

ခပ်ပင် (ခပ်ပင်း)ဆိုသောစကားကို ပုဂံခေတ်ဦးပိုင်းထိုးကျောက်စာအချို့တွင်သာ တွေ့ရ၍၊ အများအားဖြင့် သော်ကား ပုဂံခေတ်တွင် ယခုခေတ်၌ကဲ့သို့ **ခပင်**(ခပင်း)ဟုပင်အရေးများသည်။

(၁)။''တိုင်ခေတ်ပုဟိသ္ဒိင်ကိုဝ်တာဝ် **ခပ်ပါင်** လေဟိုယ်ရာည်ရိယ်ဇအိ်။....။ ကိုဝ်မိယာသာကျောန် **ခပ်ပါင်** စုံ ဇအိ်။....။ ငသ္ဒိင်မင်ကြီအစမူသော ဗိုလ္လပါ

ခပ္ပါ၎။(တိုင်းခေတ်ပုရှာသိခင်ကိုတော်ခပ်ပင်းလေးရွှေရည်ရေး၏။....။ကိုမိယားသားကျွန် ခပ်ပင်းစုံ၏။....။ငသိခင်မင်းကြီးအစမူသော ဗိုလ်ပါခပ်ပင်း)။" ။ ၅၄၁ ခုစဲ့၊ပုဂံမြို့၊သင်ကြီးအဘိနန္တသူကျောက်စာ။

(၂)။ "ဤမျှသော ငအလှူ **ခပင်** သကာ ဖုရှာသင်္ဃာလျှင် ငါဆောက်နှင့်သတေ (ဤမျှသော ငအလှူ ခပင်း သကားဖုရားသင်္ဃာလျှင် ငါဆောက်နှင်းသတေး)"။ ။၅၇၃ ခုစဲ့၊ပုဂံမြို့၊မဟာထီးဖုရားကျောက်စာ။

(၃)။ "သတ္ထာခပင် (သတ္တဝါခပင်း)။" ။၅၇၄ ခုစဲ့၊ ပုဂံမြို့၊ သင်ကြီးခမ္မပါလ်၊ခမ္မသူရိကျောက်စာကျော။

ခင်သိမ် (ခပ်သိမ်း) ဆိုသောစကားကို ယခုခေတ်၌ကဲ့သို့ပင် ပုဂံခေတ်တွင်လည်း အသုံးများသည်။

(၁)။ "နာဂါမင်ကစအ်သောအသူရာ **ခင်သိမ်** သော လေဖူန်ရစိ(နဂါးမင်းကစသောအသူရာ ခပ်သိမ်းသောလေး ဖုန်းရစိ၏)။" ။ ပုဂံခေတ်ဦး ထိုး၊ပေါ်တော်မူဖုရားကျောက်စာ။

(၂)။ "ဤသိုဝ်သောနိုင်ငံ ရန်**ခင်သိမ်** ကိုဝ်နှိပ်နင်နိုင်ထသော(ဤသို့သောနိုင်ငံရန်ခပ်သိမ်းကို နှိပ်နင်းနိုင်ထသော)။" ။ ၅၅၈ ခုစဲ့၊ ပုဂံမြို့၊ ခမ္မရာဇိကစေတီကျောက်စာ။

(၃)။ "ကက်သူမိယာ အမှုအမြာ **ခင်သိမ်** အရိယ်အရံယူလသိယ်ဟုပိယ်(ကက်သူမိယားအမှုအမြားခပ်သိမ်းအရေးအရံယူလသေးဟုပေး၏)။" ။၆၁၇ ခုစဲ့၊ပုဂံမြို့၊စားပွဲမှောက်ဖုရားကျောက်စာ။

ခင်သိမ်း ကို၊၆၀၄ခုစဲ့၊ရွှေဘိုခရိုင်၊မြင်စည်ရွာ၊သီရိချုတြာထိုး၊ရွှေဂူကျောက်စာတွင် 'လူနတ်တကာ **ခသိမ်** အကျိုဝ်ရစပါစိယ်သတေ(လူနတ်တကာခသိမ်းအကျိုးရစပါစေသတေး) ဟုတွေ့ရသည်၌၊ **ခသိမ်း**ဟုလည်းရေးဆိုလျက်ရှိသည်။

ခပဲ ဆိုသောစကားကိုလည်းပုဂံခေတ်ကျောက်စာတို့နှင့် အင်းဝခေတ်ကဗျာတို့တွင် တွေ့ရပေသေးသည်။

(၁)။ "သင်ဂြီး ငါကျွေင်ဂံသင်လှောသောကျော **နှစ်ပဲ** ကာဟိ (သင်ဂြီးငါကျင်းဂံသင်လူသောကျောန် ခပဲကား)။" ။၄၀၂ ခုစဲ့၊ပုဂံမြို့၊သင်ကြီးငတိလတ်သင်ကျောက်စာ။

(၂) ။ "ငါပုံနှင်ငါစုံကာ ဤ **ခပယ်** သောက်ကုန်တေ (ငါပုံနှင့် ငါစုံကား ဤခပဲသောက်ကုန်တေး)။" ။ ၆၀၄ ခုစဲ့၊ရွှေဘိုခရိုင်၊မြင်စည်ရွာ၊ သီရိချုတြာထိုး၊ရွှေဂူကျောက်စာ။

(၃)။ "ပြန်လာစမြဲ၊နတ်ခပဲကား၊ငါပွဲထိုဝယ်။"။ပါဂုမိတော်ခဏ်းပျို၊၂၇။

တင်ပြခဲ့သည်တို့၌ 'ခပ်ကယ်၊ခပ်ပင်း၊ခပ်သိမ်း' တို့တွင် **ခ၀** ပုဒ်မှ၊ 'ခပင်း၊ခပဲ၊ခသိမ်း' တို့တွင် **ခ** ပုဒ်သို့ သက်လျော်လာသည်မှာ သိသာပေသည်။ **ခ၀** ပုဒ်၏အနက်၊ 'ခပ် ပူပူ၊ ခပ်အေးအေး' ဆိုသည်တို့၌ 'အနည်းငယ်မဟုတ်၊ တော်တော်များများ၊များစွာ' ဟုပေါ်ထွက်လျက်ရှိ၏။အနှယ်တူဘာသာတို့၌ **ခ၀၊ ခ** တို့နှင့် မိတ်တူပုဒ်များကို အောက်ပါအနက်တို့ဖြင့်တွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	ခ	အချို့၊အများ၊
	ချဗ်	ပါဝင်၊ပြည့်နှက်၊
	ဂ(ဆေန်)	အချို့၊တော်တော်များများ၊
	အ်ဂဗ်	ပြည့်စုံ၊လုံလောက်၊
	အဂအ်	အချို့၊အများ၊
၂။ ကချင်	ကော	အချို့၊အများ၊
၃။ မုဆိုး	ခး(ပ်ဂေ)	အားလုံး၊ ကုန်စင်၊
၄။ တရုတ်	ခေါ၊ဟပ်၊ဂပ်	၎င်း

မိတ်တူပုဒ်တို့နှင့်အနက်တို့ကို ထောက်သော်၊ မြန်မာဘာသာ **ခ၀၊ခ** ပုဒ်တို့သည် 'အတော်အသင့်များခြင်းမှ၊ အားလုံးပါဝင်သည်တိုင်အောင်များခြင်း' ဟူသောအနက်ကိုဆောင်သည်ယူရာ၏။ထို့ကြောင့် 'ခပ်ပူပူ၊ ခပ်အေးအေး' ဆိုသည်၌ 'အလွန်အကျွံပူ,အေး' မဟုတ် 'အတော်အသင့်,တော်တော်များများပူ,အေး' ဟုအနက်ထွက်၍၊ 'ခပ်ကယ်၊ခပ်ပင်း၊ခပင်း၊ခပဲ၊ခပ်သိမ်း' ဆိုသည်တို့၌သော် 'အားလုံးပါဝင်သည်တိုင်အောင်များ၊ အားလုံး၊ အပေါင်း၊ ကုန်စင်' ဟုအနက်ထွက်လျက်ရှိသည်ဆိုရာ၏။

ပုဂံမြို့၊ပေါ်တော်မူဖုရားကျောက်စာ၌ 'သအိုကြာစအ်သော ငြဟ္မာနတ်တစ်ကာလေရစီ၎၊ မဟာထေစအ်သောသဃ်ာ တစ်ကာလေရစီ၎၊ မင်ကစအ်သော လောတစ်ကလေရစီ၎၊ ခြင်သိယ်စအ်သောအခြိလိခုအ်သောသတ် (ဒု၇) တစ်ကာလေ(ကွ)တ်စီ၎၊ ကာ(လူ)နှ်(ငှက်)မင် ကစအ်သော ငှက်တစ်ကာလေကွတ်စီ၎၊ (သကြားစသောငြဟ္မာနတ်တစ်ကာလေရစေ၏၊မဟာထေရ် စသောသဃ်ာတစ်ကာလေးရစေ၏၊ မင်းကစသော လူတစ်ကလေးရစေ၏၊ ခြသေ့် စသောအခြေလေးခုသော သတ္တဝါတစ်ကာလေး ကျတ်စေ၏၊ ဂဠုန်ငှက်မင်းက စသောငှက်တစ်ကာလေ ကျတ်စေ၏)။' ဟုရေးသည်၌ **တစ်ကာ**၊ ဟူ၍ငင်း၊ ယခုခေတ်တွင် 'နတ်တကာ၊သဃ်ာတကာ၊ လူတကာ၊ သတ္တဝါတကာ၊ ငှက်တကာ' ဟုရေးဆိုရမည်၌ **တကာ** ဟူ၍ငင်း၊ ဆိုသည်တို့၌၊ **ကာ** ပုဒ်သည်၊ **ခ၀၊ခ** တို့နှင့် တကွ

ဇယားပါပုဒ်တို့နှင့်မိတ်တူဖြစ်၍၊ **ခ၀၊ခ** တို့ကဲ့သို့ပင်'အများ၊အားလုံး၊အပေါင်း' ကုန်စင်၊'ဟောဟုယူရာသေး၏။

ထို့ကြောင့် **ခ၀်ကယ်** တွင် **ခ၀** ၏အနက် ' အားလုံး၊အပေါင်း၊ကုန်စင်၊' ဟော၊ **ကယ်** ၏အနက်'၀မ်းကယ်၊ရင်ကယ်၊လျှံကယ်'ဆိုသည်တို့၌ကဲ့သို့ ' ပြည့်၊ လျမ်း'ဟောဖြစ်ရာ၊ **ခ၀်ကယ်** ၏အနက် ' အားလုံးအပြည့်၊ အားလုံးအကြွင်းမဲ့' ဟု ပေါ်ထွက်၏။

ခ၀်ပင်း၊ ခပင်း တို့တွင် **ပင်း** ပုဒ်သည် ' အပေါင်း၊ ပေါင်းစုံ 'ဆိုသည်တို့၌ **ပေါင်း** နှင့် **အော** သရသံ ပါမပါမျှကဲ့သောပုဒ်ဟု ယူရာ၏။ ထို့ကြောင့် **ခ၀် ပင်း၊ခပင်း** ၏အနက် 'အားလုံးအပေါင်း၊အားလုံးအကြွင်းမဲ့၊အားလုံးကုန်စင်၊ အလုံးစုံ'ဟု ပေါ်ထွက်သည်ဆိုရာ၏။

ခ၀ တွင် **၀** ပုဒ်ကို၊'ပေါပြည်း၊ဖြင်ပည်း၊ပည်းထူ၊ပည်းပုံ 'စသဖြင့်ဆိုသည်တို့၌ 'အများ၊အပြည့်၊အစုံ'ဟော **ပည်း** ပုဒ်ပြောင်းဟုယူရာ၏။ထို့ကြောင့် **ခ၀** ၏ အနက် 'အားလုံးအများ၊အားလုံးအပြည့်အစုံ၊အလုံးစုံ' ဟုပင် ပေါ်ထွက်သည်။

ခ၀သိမ်း တွင် **သိမ်း** ၏ အနက်ပရိယာယ်များမှာ အနည်းငယ် ကျယ်ဝန်း၊ ခက်ခဲ၊သိမ်မွေ့သည်။သို့ရာတွင်ယင်းတို့အားလုံး၀ယ် 'သိမ်းကြုံး၊သိမ်းရုံး'ဆိုသည် ၌ကဲ့သို့ 'စုဆောင်း၊စုပေါင်း'ဟူသည် မူလဖြစ်ပုံပေါ်၏။ 'သိမ်းဆည်း၊သိမ်းပိုက်၊ သိမ်းမြန်း'ဆိုသည်၌ ' စုဆောင်း၊စုပေါင်း ယူငင်၊သိမ်းဆည်း' ဟော၊ ' ပွဲသိမ်း၊ အလုပ်သိမ်း၊ရုပ်သိမ်း' ဆိုသည်၌ 'ခင်းကျင်း၊ ပြသ၊လုပ်ကိုင်၊ပေးကမ်း ထားသည်တို့ကို စုဆောင်း၊စုပေါင်း-ရပ်ဆိုင်း၊ရုပ်၊ပြန်ယူ' ဟောဟု အသီးသီးယူရာ၏။ **ခ၀သိမ်း** တွင် **သိမ်း**ပုဒ်ကို မူလအနက် 'စုဆောင်း၊စုပေါင်း'ဟော ဖြင့်ယူသော် **ခ၀သိမ်း** ၏အနက် 'အားလုံးစုဆောင်း၊စုပေါင်း၊အားလုံးအပေါင်း'ဟု ပေါ်ထွက်၏။

ထို့ကြောင့် 'ခပ်ကယ်၊ခပ်ပင်း၊ခပင်း၊ခပဲ၊ခပ်သိမ်း၊ခသိမ်း ' ဆိုသည်သို့တွင် **ခ၀၊ခ** ပုဒ်သီးတို့သည်'အများ၊အပေါင်း၊အားလုံး၊ကုန်စင်'ဟောဖြစ်၍၊ပုဒ်တဲ့တို့ သည် 'အားလုံး၊အကြွင်းမဲ့၊အကုန်အစင်၊အလုံးစုံ 'ဟောချည်းဖြစ်ကြသတည်း။

၂၄။ ခက်ရင်း၊ဖရင်း၊တုန်ရင်း

အခွအချွန်များရှိသောကရိယာကိုအများအားဖြင့် **ခက်ရင်း**ဟုရေး၍၊**ခရင်း** ဟုဖတ်ရွတ်လျက်ရှိသည်။ **ခက်ရင်း** တွင် **ခက်** ၏အနက်၊ 'သစ်ခက်၊ပန်းခက်၊ ခက်လက်' ဆိုသည်တို့၌ကဲ့သို့ **အခွ** ဟောဖြစ်သည်။တစ်ချောင်း၊ တစ်တံ၊ တစ်

သွယ် တည်းမဟုတ်သည်ကို **အခွ** ဟုခေါ်ဆိုရာ၊ **ခက်ရင်း** တွင် အနည်းဆုံး နှစ်ခွရှိ၍၊နှစ်ခွထက်ပိုကာ သုံး,လေး,ငါးခွ စသဖြင့်လည်း ရှိနိုင်သည်။

တိဗက်ဘာသာတွင် **ခက်ရင်း** ကို **ခဗြဂ်** ဟုခေါ်ဆိုရာ၊ **ခ** ၏အနက် **နှစ်ခု**၊ **ဗြဂ်** ၏အနက် **ကျောက်** ဟောဖြစ်သည်။ဤသို့ 'ကျောက်နှစ်ခု' ဟုမူလ အနက် ပေါ်ထွက်သည်မှာ ခက်ရင်းများကိုလွန်စွာ ရှေးကျသော ခေတ်ကကျောက်ဖြင့် နှစ်ခွသာလျင်ပြုလုပ်သုံးစွဲခဲ့သောကြောင့်ဖြစ်တန်ရာသည်။ဤအချက်ကို ထောက်သော် မြန်မာဘာသာ၌ **ခက်ရင်း** တွင် **ခက်** ပုဒ်သည်၊မူလ၌ **နှစ်ခု** ဟောပင် ဖြစ်၍၊ **ခက်ရင်း** ၏မူလအနက်နှင့်ပုံသဏ္ဌာန်မှာလည်း **နှစ်ခွ** ဟော **နှစ်ခွ** ပင် ဖြစ်ခဲ့ပြီးလျင်၊နောင်မှသာ ထိုအနက်ပျောက်၍၊ အခွပေါင်း မည်မျှပင် ရှိစေကာ **ခက်ရင်း**၊ **ခရင်း** ဟုခေါ်ဆိုလာခဲ့ဟန်တူသည်။ **ခက်ရင်း** တွင် **ရင်း** ပုဒ်ကိုသော် **ဖရင်း**၊**တုရွင်း** ဆိုသည်တို့တွင် **ရင်း**၊**ရွင်း** ပုဒ်တို့နှင့်ညီနှိုင်းကောက်ယူရပေမည်။

ဖရင်း အသုံးကို အမရပုရခေတ် စာဆို မင်းလှသိန်သူရေး၊ တိဏ္ဍုက ပျို့တွင် အမျှားဆုံးတွေ့ရသည်။

(၁)။ "နွားဥဿဘ၊သာလိပ်ကို၊ ကၡလယ်တာ၊ ထွန်သောခါ၌၊ ထက်စွာ လွန်မင်း၊ လှံမယွင်းတည့်၊ **ဖရင်းထွန်သွား**၊ သွယ်မြဖျားနှင့်၊ နွားသာလိခြေ၊ ခိုက်မိချေသော်။" ။အပိုဒ် ၅၄။

(၂)။ "နွားသာလိယ၊ဥဿဘကို၊ **စူးရှဖရင်း**၊ ထိခိုက်လျှင်း၍၊ မင်းမြတ် စွာအား၊အငြိုးထားပြီး၊သောကားကျိန်ဆို။" ။အပိုဒ် ၅၅။

(၃)။ "နွားမြတ်နွားမှန်၊ နွားတန်ခွန်ကို၊ **ထွန်ဖရင်းဦး**၊ ချင်းနင်းစူး၍၊ မိန်းမူးတုန်ခဲ့၊ကြုံသကဲ့သို့။" ။အပိုဒ်၊ ၅၆။

(၄)။ "သင့်နွားဘာသာ၊ ဝေဒနာအထူး၊ **ဖရင်းဦးဖြင့်**၊ စူးသည် လျက်ကို။" ။အပိုဒ် ၅၉။

ဤစပ်အင်များတွင် **ဖရင်း** ဆိုသည်မှာ **ချန်ထက်သောထွန်သွား**၊**ထွန်သွား ချန်** ဖြစ်ကြောင်းသိသာပေသည်။

မဃဒေဝလင်္ကာသစ်၊ပထမနှိပ်ခြင်း၊အပိုဒ် ၅၆၇ ၌ 'မျှားလှတိုရှည်၊ အတည်တည်ဖြင့်၊ **ကျည်ပွေ့ဖရင်း**၊ လွှခက်ယင်း (ခက်ရင်း)ပါ၊ရဲတင်းလျှံထိန်၊ ပုဆိန်ဆောက်ပုတ်၊ချိုးနုတ်ဆွဲငင်၊' ဟုစပ်သည်တွင်သော် **ဖရင်း** ၏အနက် **တုတ်ချန်** ဟုကောက်ယူသင့်သည်ထင်၏။

ထို့ကြောင့် ထွန်သွားအဖြစ်ဖြင့် သုံးသည်ဖြစ်စေ တုတ်ချန် လက်နက်အဖြစ် ဖြင့်သုံးသည်ဖြစ်စေ၊ချန်ထက်သောအချောင်းအတံကို **ဖရင်း** ခေါ်သည်ယူရာ၏။ **ဖရင်း** တွင် **ဖ** ပုဒ်သည် 'ဖိနပ်၊ ဖဝါး၊ ဖနှောင့်၊ ဖမျက်' ဆိုသည်တို့၌ **ခြေ**

ထောက် ဟော **ဖိ၊ ဖ** ပုဒ်သက်ဖြစ်တန်ရာသည်။ သို့ရာတွင် '**ဖရင်း** ၌သော် **ဖ** ပုဒ်သည် **ခြေထောက်** ဟူသည်မှ 'ခြေချောင်း၊ခြေတံ၊အချောင်း၊အတံ' ဟူသော အနက်တို့ကို ပြောင်းလဲဆောင်လျက်ရှိသည်ယူရာ၏။

ချွန်ထက်သောအသွားခွက်ကို **ခက်ရင်း** ခေါ်၍၊ချွန်ထက်သော အချောင်းအတံတုတည်းကိုသော် **ဖရင်း** ခေါ်သည်ကို ထောက်သော်၊ **ခက်ရင်း၊ ဖရင်း** တို့တွင် **ရင်း** ၏အနက် **ချွန်ထက်သောအသွား** ဟောဟုယူသင့်သည်ထင်၏။

ချွန်ထက်သောအသွား ဟော **ရင်း** နှင့်မိတ်တူပုဒ်များကိုအနွယ်တူဘာသာတို့တွင် ရှာဖွေကြည့်ရာ၊အခြားဘာသာတို့၌မတွေ့ရပဲ၊ တရုတ်ဘာသာတခုတည်း၌သာ အရပ်ဒေသကိုလိုက်၍ **ဇင်း၊ ဂျင်း၊ ယင်း၊ ရင်း** ဟူ၍အမျိုးမျိုးဖတ်သည့် ပုဒ်ကိုတွေ့ရသည်။အနက်မှာ 'ထားလှံစသည်တို့၏အသွား၊ထားလှံ' စသည် ဟော ဖြစ်သည်။ (Karlgren 932, Mathews 3110, Giles 5597)။ ထို့ကြောင့် မြန်မာဘာသာ **ခရင်း၊ဖရင်း** တို့တွင် **ရင်း** ပုဒ်နှင့်ဤတရုတ်ဘာသာပြဆိုခဲ့သော ပုဒ်တို့မှာ သားချင်းတော်ရာသည်။ ဤကိုထောက်သဖြင့်လည်း မြန်မာဘာသာ **ရင်း** ပုဒ်သည် **ချွန်ထက်သောအသွား** ဟောဖြစ်သည်မှာတိုးတက်သေချာသည် ဆိုရာ၏။

တုရွင်း ကို **တူးရွင်း** ဟု ယခုအရေးများလျက်ရှိသော်လည်း၊ ၇၅၇ ခုစဲ့၊ ကျောက်ရစ်၊ရွှေပေါင်လောင်စေတီ ကျောက်စာ၊ ၃၃ ၌ 'တွင်တူသော တုရွင် ၂ စင်၊' ဟူ၍ငင်း၊ ၈၇၂ ခုစဲ့၊ အဝမြို့၊နန်းတည်အခမ်းအနားကျောက်စာ၊၇၁၌ 'ရွှေတုရွင် ငွေတုရွင်တိုဝိန္ဒင်....(တပိုဝ်ခရာမြောက်စည်) သံလွင်တီမူတ်လျက်တူစေ၏။' ဟုရှိရာ၊ **တုရွင်း** ဟုပင်ရေးသည်။ **တုရွင်း** တွင် **တု** ၏အနက် **တူး** ပင်ဖြစ်၍ **ရွင်း** ပုဒ်ကိုသော် **ခရင်း၊ ဖရင်း** တို့တွင် **ရင်း** ပုဒ်ပြောင်း၊ **ချွန်ထက်သော အသွား** ဟောဟု ယူရာ၏။

ဖေါ်ပြပါအကြောင်းတို့ကို ထောက်သဖြင့် **ခက်ရင်း** ၏အနက် 'ချွန်ထက်သောအသွားခွ' ဟူ၍ငင်း၊ **ဖရင်း** ၏အနက် 'ချွန်ထက်သောအချောင်းအတံ၊ ကုတ်ချွန်၊ ထွန်သွားချွန်' ဟူ၍ငင်း၊ **တုရွင်း** ၏အနက် 'တူးဆွရန်ချွန်ထက်သော အသွား၊' ဟူ၍ငင်း၊ အသီးသီးကောက်ယူရာသတည်း။

၂၅။ ခရာ၊တိုး

ပုဂံခေတ်ကျောက်စာတို့တွင် 'စည်ခရာတီး၍' ဟူ၍ငင်း၊'စည်သည်၊ ခရာသည်၊ ပန်တျာ၊ပန်ပု၊ပန်ခီ၊ပန်ဖယ်၊ပုရန်၊' ဟူ၍ငင်း၊ ဆိုသည်တို့၌ **ခရာ** အရေးကိုတွေ့ရ

သော်လည်း၊ **တပိုး** အရေးကိုမတွေ့ရသည်မှာ မှတ်သားဖွယ်ပင်။သို့ရာတွင်ယင်း အရေးမျိုးထက်စောသေးသော ကျန်စစ်သားမင်းလက်ထက်ထိုးပုဂံမြို့နန်းတည် အခမ်းအနား မှန်ကျောက်စာကြီး၌သော်၊မှန်ဘာသာဖြင့် **ခရာ** ဟော **ကကာ** နှင့် **တပိုး** ဟော **တဝိဝ၊ ဝဝ** ဟူသော စကားတို့ပါရှိလေသည်။ထို့ကြောင့်ပုဂံ ခေတ်ကျောက်စာတို့တွင် မြန်မာလို **တပိုး** အရေးမတွေ့ရသော်လည်း၊ပုဂံခေတ်၌ **ခရာ၊ တပိုး** နှစ်မျိုးစလုံးပင် သုံးလျက်ရှိရပေမည်။ ခေတ်လတ်နှင့် ခေတ်နှောင်း မှန်ဘာသာတွင်သော် **ခရာ** ကို **ခရာ၊ခြာ၊ သရာ** ဟုရေးခေါ်၍ **တပိုး** ကို **ခဝိဝ** ဟုရေးခေါ်ပြန်သည်။ ဤအချက်အလက်များကို ထောက်သော် မြန်မာ အခေါ် **တပိုး** သည်ရှေးမှန်အခေါ် **တဝိဝ** ပင်ဖြစ်၍၊မြန်မာအခေါ် **ခရာ** သည် ကား ရှေးမှန်အခေါ် **ကကာ** နှင့်မနီးစပ်လှချေ။ခေတ်လတ်နှင့်ခေတ်နှောင်းမှန် အခေါ် **ခရာ၊သရာ** နှင့်ရှေးမြန်မာအခေါ် **ခရာ** တို့တိုက်ဆိုင်နေသည်မှာ မှန်က မြန်မာ့ထံမှတဆင့် ယူပြန်သောကြောင့်ဖြစ်တန်ရာသည်။

မြန်မာဘာသာ၌ စကား တွတ်တီး တွတ်တာ နှစ် သက်အောင် ပြောသည်ကို **ခရာသည်** ဟုဆိုရာ၊ယင်းစကားသည်တွတ်တီတွတ်တာအသံအမျိုးမျိုးထွက်သည့် **ခရာ** နှင့်ဆက်စပ်ခြင်းရှိကောင်း ရှိပေမည်။ဤတွေးထင်ချက်နှင့် စပ်လျဉ်း၍ ရှင် မြူးဖွယ်အချက်ကလေးတရပ်တွေ့ရသည်မှာ၊ တရုတ်ဘာသာ၌လည်း စကားတွတ် တီးတွတ်တာပြောခြင်းနှင့်၊လေတုရိယာခရာတို့ကို **လ**၊ ဝါ၊ **လာ** ဟူသောပုဒ်တ ခုတည်းဖြင့်သာ ခေါ်ဆိုခြင်းဖြစ်သည်။ဤ **လ**၊ **လာ** ပုဒ်နှင့် **ခရာ** တွင် **ရာ** ပုဒ်တို့ ဆက်သွယ်ခြင်းရှိကောင်းရှိမည်လားမသိ။ရှိခဲ့လျှင် **ခရာ** တွင် **ခ** ပုဒ်ကို **ကခြေ** နှင့် **စကား** အဖွင့်တို့တွင်တွေ့ခဲ့ရသည့်၊ **အသံ၊စကားသံ၊စကား** ဟော **က၊ခ၊ဂ** မိတ်တူပုဒ်တို့အနက် **ခ** ပုဒ်ဟုယူနိုင်ရာ၏။ သံလျင် ဦးမြဦးက၊ အိသရေလ (အစ္စ ရေလ်) ဘာသာတွင် တပိုးတမျိုးကို **ခရန်** ဟုအခေါ်ရှိရာ၊ယင်း **ခရန်** နှင့် **ခရာ** ဆက်သွယ်ခြင်းရှိမရှိစဉ်းစားဖွယ်ရှိကြောင်း ပြဆိုသော်လည်း၊ မြန်မာဘာသာအ တွင်း၌ပင် **ခရာ** ၏အနက် ပေါ်ထွက်နေသဖြင့်၊ ရှည်ရှည် ဝေးဝေး ဆက်သွယ် စဉ်းစားရန် မလိုဟုထင်မိ၏။

ခရာ နှင့် **တပိုး** တို့၏ကွဲပြားချက်မှာ ယေဘုယျအားဖြင့် **တပိုး** ကိုဦးချို့တို့ ဖြင့်ပြုလုပ်လေ့ရှိ၍၊ **ခရာ** ကိုသတ္တုတို့ဖြင့် ပြုလုပ်လေ့ရှိသည်။ တပိုးတွင် မှုတ်စရာ အခင့်အတံပါလေ့မရှိ၊ခရာတွင် အခင့်အတံပါလေ့ရှိသည်။တပိုးဖြင့်သံစုံ မမှုတ် နိုင်၊ခရာအချို့ဖြင့် သံစုံမှုတ်နိုင်သည်။ တပိုးကိုမှုတ်ရန် လေပြင်း၍ အာသန်ရန် လို သည်။ခရာကိုမှုတ်ရန်ထိုမျှမခဲယဉ်း မပင်ပန်းလှ။လေတုရိယာတိုင်းကိုမြန်မာတို့က တပိုးမျိုးတွင်သွတ်သွင်းဖေါ်ပြလေ့ရှိသည်။အချို့တံပိုးတို့ကိုခရာကဲ့သို့ပြုပြင်လာ

သဖြင့်၊တံပိုးနှင့်ခရာတို့မှာ ယခုအခါ ရောထွေးနေချေတော့သည်။

တပိုး ကို ယခု **တံပိုး** ဟု အရေးတွင်နေသော်လည်း ရှေးကျောက်စာ တို့တွင် **တပိုင်**(စာပိုး)ဟုသာ၊ ဂဝ၄ ခုစ့ဲ၊ပုဂံမြို့၊တက်နွယ်ကျောင်းကျောက်စာ၊ ၄၄ တွင် 'မြောက်စည် တပိုဝ်ခရာသံလွင်'ဟူ၍ဂင်း၊ ဂဝဂ ခုစ့ဲ၊စစ်ကိုင်းမြို့၊မဟာသီဟ သူရ ကျောင်း ကျောက်စာ၊ကျော ၆ တွင် 'ရွှေစည်မုရိုဝ် ရွှေတပိုဝ်နှင့်၊ရွှေကြိုဝ်ငင်သ၊' ဟူ၍ဂင်း၊ ၁၉ တွင် 'တပိုဝ်ခရာမြောက်စည်သံလွင်၊ 'ဟူ၍ဂင်း၊ ဂ၇၂ ခုစ့ဲ၊အင်းဝမြို့၊နန်းတည်အခမ်းအနားကျောက်စာ၊ ၂၇ တွင် '(မြောက်)စည်သံလွင်တပိုဝ် ခရာတီမှုတ်လျက်' ဟူ၍ဂင်း၊ ၆၀ တွင် 'မြောက်စည်သံလွင်တပိုဝ်ခရာတီမှုတ်လျက် ထူ၏။' ဟူ၍ဂင်း၊ရေးသည်တို့ကိုတွေ့ရသည်။ **လှိုင်း** ဟော ပုဒ်ကိုသာ တက်နွယ် ကျောင်း ကျောက်စာ၊ကျော ၂ ၌ 'ကြောက်လိအံဖွယ်၊ **တန်ဆယ်တံပိုဝ်**၊ လိုင် ထိုဝ်မစဲ၊ (ကြောက်လိအုံဖွယ်၊ တန်ဆယ်တံပိုး၊ လှိုင်းထိုးမစဲ)၊ ဟူသော စပ်အင်၌ ကဲ့သို့ **တံပိုး** ဟုရှေးကရေးသည်။ သို့ဖြင့် **ခရာတပိုး** နှင့် **လှိုင်းတံပိုး** တို့ကို တ ပုဒ်တွင် သေးတင်မပါ၊အပါ **တပိုး၊တံပိုး** ဟုခွဲခြားရေးရာသည်။

ကဗျာတို့တွင် တပိုးနှင့်ခရာတို့ကို **စိန်တပိုး၊ စိန်ခရာ** ဟုရေးဆိုလေ့ရှိ၍၊နေမိ ဘုံခဏ်းပျို၊ ၂၉ တွင် **တပိုးစိန်ဖြစ်** ဟုစပ်ဆိုလျက်ရှိသည်မှာ၊ တပိုး၊ ခရာတို့ကို စိန်ကျောက်စီထားလေ့ရှိသောကြောင့် ဟုတ်ပုံမပေါ်၊ ယင်းတို့ကို ပါဠိဘာသာ အားဖြင့် **စိနရန္ဒ**၊ မြန်မာဘာသာအားဖြင့် **စိန်တိုင်း၊ စိန်တိုင်း** ဟု နှစ်မျိုးပင် ရေးခေါ်ခဲ့သော တရုတ်ပြည်ကြီး၌ လုပ်၍၊ ထို တရုတ်ပြည်ကြီး **စိန်တိုင်း** လုပ် တပိုး၊ခရာတို့ကိုမြန်မာတို့ကဝယ်ယူသုံးစွဲလေ့ရှိခဲ့သောကြောင့်ဟုထင်ဖွယ်ရှိသည်။

၂၆။ ရူမောင်း၊ရူနင်း၊ခန္ဓဲ

ရေရှိသော အထက်လယ်မှ၊ ရေမရှိသော အောက်လယ်သို့ ရေသွင်းချင်သော အခါ၊ကန်သင်းကိုတနေရာရာ၌ဖေါက်လိုက်ကာမျှဖြင့်ကိစ္စပြီးသည်။ဤသို့ဖေါက် လိုက်သော အပေါက်ကို **ကတ္တတ်ပေါက်** ခေါ်သည်။ သို့ရာတွင် ရေရှိသော အောက်လယ်မှ၊ရေမရှိသောအထက်လယ်သို့ ရေသွင်းချင်သောအခါထိုမျှမလုယ်ကူ၊ **ရူ** ကိုအသုံးပြုရသည်။

သစ်သားကိုထွင်းထားသော **အချို့,အခွက်** ကို **ရူ** ဟူ၍ခေါ်သည်။ ဤသို့ ထွင်းထားသော သစ်တုံးကိုလည်း **ရူတုံး** ဟုခေါ်ဆိုသည်။

ရူ နှစ်မျိုးရှိသည်။တမျိုးကို **ရူမောင်း** ဟူ၍သော်၎င်း၊ **ရူနင်း** ဟူ၍သော်

ငင်းခေါ်၍၊အခြားတမျိုးကို **ခန္ဒဲ** ဟူ၍ခေါ်သည်၊ **ခူ** နှစ်မျိုးစလုံး၌ပင် တဖက်၌ပိတ်၍၊ တဖက်၌ပွင့်လျက်ရှိသည်။ အပိတ်ကိုရေခပ်ရမည့်ဖက်၌ထား၍၊ အပွင့်ကို ရေသွန်းရမည့်ဖက်၌ထားရသည်။

ခူမောင်း ထုံးမှာရှည်၍၊ခါးထောက်ကိုကန်သင်းအလယ်လောက်၌ ထားပြီး လျင်၊တဖက်မှ နင်းနင်းပေးလိုက်သော်၊မောင်းတံသည် နိမ့်ချည်မြင့်ချည်လှုပ်ရှားကာ၊အပိတ်ဖက်၌ရေကိုခပ်၍၊အပွင့်ဖက်၌ရေကိုသွန်သည်။ဤသို့ခြေဖြင့် နင်းပေးရသောကြောင့် ယင်းကို **ခူနင်း** ဟူ၍လည်းခေါ်ခဲ့ဟန်ရှိသည်။

ခန္ဒဲ တုံးမှာခပ်တိုတို၊ခပ်ပိုင်းပိုင်းဖြစ်၍၊အထက်မှကြိုးဖြင့်ဆွဲဆိုင်းထားသည်။ အပိတ်ဖက်၌ လက်ကိုင်တုတ်တံ တပ်ထားပြီးလျှင်၊ တွန်း၍ ပေးလိုက်သော အခါ၊ အပွင့်ဖက်ဖြင့်ရေကိုခပ်၍ တဖက်သို့သွန်ချသည်။ပုခက်လဲသကဲ့သို့ **ခူ** ကို **လွဲ၍၊ ခွဲ၍** ပေးရသောကြောင့် ယင်းကို **ခူခွဲ** ခေါ်သည်မှ **ခန္ဒဲ** ဖြစ်လာသည်။ ထို့ကြောင့်အချို့က ယင်းကို **ခါးခွဲ** ဟုရေးလိုသည်မှာ မသင့်ချေ။

ခူမောင်း၊ ခူနင်း၊ ခန္ဒဲ စပ်အင်္ဂျားကို အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "ရေပြန်မလောင်း **ခူမောင်းမသွင်း**၊ ကန်တွင်းမတက်၊ ကုန်းမြင့်ထက်ဝယ်၊ ခွန်နက်ပဲမျိုး၊ ထွန်ယက်ပျိုးလည်း၊ ရေမိုးမအောင်၊ ခေါင်ကြီးခေါင်သို့"။ ။ သာဓိနပျို၊ ၇၄။

(၂)။ "လယ်ရာကန်ချောင်း၊ **သွင်းခူမောင်းနှင့်**၊ ထုံးမြောင်းရှက်ကူး၊မူးလည်းပတ်ရစ်၊မြစ်လည်းသာယာ။" ။ဥတိန္ဒပျို၊ ၇။

(၃)။ "ပန်းပန်းပင်ပင်၊တီထွင်အားထုတ်၊ သစ်ငုတ်ကတူး၊ ဆူးကိုပယ်ပယ်၊ သန်လယ်မုရင်း၊ **ခူနင်းရေပက်**၊ ကုန်စယ်ရှက်၍။" ။နေမိဝရဲခဏ်းပျို၊ ၅၂။

(၄)။ "ကောက်လျင်ကောက်ကြီး၊သုံးသီးမုရင်း၊ **ခူနင်းမောင်းသွန်း**၊လုပ်ငန်းဆောင်တာ၊ ရေကာပင်းတာ၊ တံလားရေပြွန်၊ မိုးကောင်းမှန်၍၊ စိုက်လှန်ကောက်ပင်၊ပျိုးတိုင်းရှင်၏။" ။ရွှေဟင်္သာမင်းပျို၊ ၅။

(၅)။ "တလန့်စခါ၊မိုးကောင်းရွာ၍၊ လယ်တာကန်ချောင်း၊ ဆည်မြောင်းအိုင်အင်း၊ လုပ်ခင်းသာပဲ့၊ ရေညှိကဲလျက်၊ 'ခါးခွဲ (ခန္ဒဲ) မကူ၊ ခူဖြင့် မလောင်း၊ မောင်းဖြင့်မသွန်း၊ ပင်ဝန်းဝေဝေ။" ။ ဥတိန္ဒပျို၊ ၃၆။

(၆)။ "ဆဲ့ငါးကတွတ်၊ လွှတ်သည်ပြွန်ပေါင်း၊ ချောင်းမြောင်း သွယ်ဖြာ၊ လိုရာဆည်ပင်း၊ **ခူနင်းမောင်းငင်**၊ **ခန္ဒဲ** ဆင်၍၊ လယ်ရှင်လူပေါင်း၊ ပျော်နှစ်ထောင်းသည်၊ ပုံမောင်း တီးကြ ငြိုးငြုန်း တည်း။" ။ အဓိ ကရ ကန် တော် မော်ကွန်း။

စပ်အင်တို့တွင် **ခူနင်း** ကို နာမ်ပုဒ်အနေဖြင့်မယူပဲ၊ ကြိယာပုဒ် အနေဖြင့်ယူ

သော် သာ၍သင့်အံ့သို့ရှိသည်။ ဤသို့ယူသော် **ခူမောင်း** နှင့် **ခန္ဓဲ** (ခူန္ဓဲ) ဟူ၍ အခေါ်နှစ်မျိုးသာရှိပေမည်။ယင်းအခေါ်တို့တွင် **ခူ** ပုဒ်မှာ မြန်မာဘာသာအခြားနေရာတို့၌ 'အချိုင့်၊ အခွက်, အခေါင်း, အပေါက်' ဟူ၍ မပေါ်ထွက်သော်လည်း အောက်ပါအနွယ်တူဘာသာတို့၏ထောက်ခံချက်အရသော်၊ ထို့အတိုင်းဟော မြန်မာစကားရင်းဟုပင် ယူဖွယ်ရှိသည်။

	ဘာသာ	စကား	အနက်
၁။	သိန်းဖော	ခူ	အခေါင်း၊အပေါက်၊အချိုင့်၊
၂။	ကချင်	ခု	အခေါင်း၊အပေါက်၊တွင်း၊ချိုင့်၊
၄။	သဒိုးချင်း	ခူ	၎င်း
၄။	လခဲရ်ချင်း	ခေါ	တွင်း၊ချိုင့်၊အခေါင်း၊
၅။	မုဆိုး	ခေါ	အခေါင်း၊အပေါက်၊
၆။	လိဝူ	ခု	၎င်း
၇။	နုင်း	ချု	ထု၊ထွင်း၊
၈။	ကချာရီ	ခု	ခတွင်း၊ပက်ထုတ်၊
		ခုရ်	ထွင်း၊ဖေါက်၊
		ခေါရ်	တွင်း၊ချိုင့်၊ဂူ၊
၉။	တိဗက်	ခုင်	အခေါင်း၊အပေါက်၊တွင်း၊ချိုင့်၊

အထက်ပါတို့တွင် မြန်မာဘာသာ **ခူ** နှင့်အသံအနက်နှစ်ချက်စလုံး၌ထပ်တူမျှကျသော ပုဒ်ပေါင်းများစွာပါရှိသည်ကိုတွေ့ရပေမည်။ ယင်းတို့အနက် သိန်းဖော,သဒိုးချင်း,ကချင်,လိဝူ,ကချာရီ ဘာသာတို့လာ **ခူ၊ခု** ပုဒ်တို့ကိုအထူးသတိပြုရာ၏။တိဗက်ဘာသာ၌သော် **ခု** တွင်နှာသံဝင်သဖြင့် **ခုင်** ဟုရှိသည်။ **ခု၊ ခူ** တို့မှ **ခေါ, ခေါရ်** သို့ သက်နိုင်ကြောင်းကို၊ မြန်မာဘာသာ၌ **အမှုကွန်း၊ အမူကွန်း** မှ **မောကွန်း၊ မော်ကွန်း** သို့သက်ခဲ့သည်တို့ကိုထောက်ရာ၏။မြန်မာဘာသာ၌ 'ခေါင်းတလား' ဆိုသည်တွင် **ခေါင်း** ပုဒ်သည် ယင်း **ခေါ၊ခေါရ်** တို့နှင့် မိတ်တူအနက်တူဖြစ်၍၊ **ခူ** နှင့်ပုဒ်ပြောင်း ပုဒ်လဲ့ဖြစ်သည် ယူရာ၏။ မွန်ဘာသာ၌ **မောင်းတံ၏ ခါးထောက်၊ ခါးချုပ်** အခေါ် **ခု** ပုဒ်ရှိသော်လည်း၊ မြန်မာဘာသာ **ခူ** ပုဒ်နှင့်သက်ဆိုင်ခြင်းရှိပုံမပေါ်။ ပုဒ်နှစ်ခု၏အနက်ချင်းကွာခြားလွန်းသည်။

သို့ဖြင့် **ခူမောင်း** ၏အနက် 'မောင်းတံခူ၊ မောင်းတံကဲ့သို့ နိမ့်ချည် မြင့်ချည် လှုပ်အောင် ခြေဖြင့်နင်း၍ ရေသွင်းရန်ခွက်၊' ဖြစ်၍၊ **ခန္ဓဲ** သည် **ခူန္ဓဲ** ပုဒ်သက်၊ **ခူန္ဓဲ** ၏အနက် 'နှဲ၍၊လွဲ၍ ရေသွင်းရန်ခွက်' ဖြစ်သည် ယူဆမှတ်သားရာသတည်း။

၂၇။ ချည်ချောင်း၊ခြည်ချောင်း

ဤတုရိယာကို နေမိဘုံခဏ်းပျို၊ အပိုဒ် ၅၅ ၌ ' ဆွေစုံအိပ်မွေး၊ ခြင်ရာပေးသား၊သံလေးချည်ချောင်း(ကြည်ချောင်း)၊သာသည့်စောင်းနှင့်၊မိကျောင်းညို့လှုပ်၊ငြင်းလက်ခုပ်လည်း၊ချုပ်ကန့်နဲ့'ဟူ၍ငှင်း၊ဝဏ္ဏဗေဒနသတ်အင်းတွင်လည်း **ချည်ချောင်း**၊ကဗျာသာရတ္ထသင်္ဂဟသတ်ပုံတွင်လည်း **ချည်ချောင်းမှုတ်မြောက်** ဟု ရေးဆိုလာကြသည်ကိုထောက်၍၊ယခု **ချည်ချောင်း** ဟုပင် အရေးတွင်လျက်ရှိချေပြီ။ သို့ရာတွင် နေမိဘုံခဏ်းပျို၌စပ်အင်တွင် ဟံသာဝတီမူအရ **ချည်ချောင်း** ဟုပင် ထည့်သွင်းလိုက်သော်လည်း၊ ကင်းဝန်မင်းကြီး၏ ပေမူအရသော် **ကြည်ချောင်း** ဟုရှိသည်ကို၊အောက်ခြေမှတ်ချက်၌ ဖေါ်ပြထားသည်။ ဤကိုထောက်သဖြင့် **ချည်ချောင်း** ဟူသော အရေးကို တိကျမှန်ကန်ပြီဟု မယူသာသေးပဲ၊ **ချည်ချောင်း** ၏ ဗျုပ္ပတ်နှင့် အရေးမှန်ကို ထောက်ခြင့် ဝေဘန်ရဦးမည်သာဖြစ်ကြောင်းစဉ်းစားမိရာ၏။

၁၉၅၀-၉၃ခုနှစ်အတွင်းလောက်ကကျွန်ုပ်တို့ရခိုင်မြို့ဟောင်းသို့အလုပ်ဝတ္တရားနှင့်ရောက်သွားစဉ် **ချည်ချောင်း**အကြောင်းကိုစုံစမ်းရာ၊ယင်းတုရိယာကို ရခိုင်တို့က **ခြည်ချောင်း**ဟုရေး၍၊**ခြေချောင်း** ဟုလျှာလိပ်သံဖြင့်ရွေ့ပုဒ်ကိုရွတ်ဆိုကြောင်း၊ ရခိုင်တိုင်း အချို့ဒေသတို့တွင် **ခြည်ချောင်း** ကို မှတ်လျက် ရှိသေးကြောင်းနှင့်၊ယင်းကိုဝါးသံ့ကြေးနီတို့ဖြင့်ပြုလုပ်လေ့ရှိကြောင်း၊ရခိုင်ပဏ္ဍိတ် ဦးသာထွန်းကပြောပြသဖြင့် မှတ်သားခဲ့ရသည်။ **ခြည်ချောင်း** ၏ပုံမှာထိပ်၌အပိတ်ပါသောကျည်ချောင်း၊ဝါ၊ပြွန်တံတွင်ပွင့်နေသည့်ဖက်,မှုတ်သည့်ဖက်၌ ကောက်ကောက်အစငယ်ထွက်နေအောင် အလယ်၌သံပြားချောင်းကလေး တပ်ထားသည်။ ယင်းသံပြားချောင်းထိပ်ကောက်ကလေးကိုလှုပ်ရှားအောင်လေမှုတ်သွင်းပေးခြင်းဖြင့် အသံကိုအနည်းငယ် ကစားနိုင်သည်။ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း၊စာတုတ္ထာတွဲ၊ စာမျက်နှာ ၂၂၃ တွင် ' ချည်ချောင်း၏အဖျားမှာ သံချောင်းကလေး တပ်ရသည်၊'ဟု ကျမ်းပြုသူ ဝန်ထောက်မင်း ဦးတင်ကလည်း ဆိုခဲ့သည်။ ဤသည်ကားကျည်တချောင်းတည်းရှိ **ခြည်ချောင်း** ပုံဖြစ်သည်။ပုဂံမြို့၊စူဠဒွာမဏိလှိုင်အောက်ထပ်၊တောင်ဖက်စကြံ့၊မြောက်ဖက်နံရံတွင် အင်းဝခေတ်လောက်ကရေးဆဲခဲ့သော ပန်ချီကားပါ **ခြည်ချောင်း** နှင့် ကယားပြည်နယ်တွင် ယနေ့တိုင် သုံးစွဲလျက်ရှိသော **ခြည်ချောင်း** တို့၌ လုံးပတ်နှင့်အယပ်အားဖြင့်ကြီးစဉ်ငယ်လိုက်စည်တန်းထားသော ကျည်ချောင်း ၁၂ ချောင်းမှ ၁၆ ချောင်းအထိ ပါရှိသည်ကိုတွေ့ရသည်။ ယင်းတို့တွင်သော် သံပြားကောက်ကလေးမျှားမပါ၊ တသံစီထွက်သော

ကျည်ချောင်းများကို ထောင်လိုက်နှုတ်ခမ်းဖြင့်တေ့၍မှုတ်ရသည်။ **ခြည်ချောင်း** မှာအငြိမ့်ထုရိယာအမျိုးအစားတွင်ပါဝင်သည်။

ဤသို့လျှင် 'ချည်ချောင်း၊ကြည်ချောင်း၊ခြည်ချောင်း'ဟု အရေးအခေါ်သုံးမျိုးတွေ့ရသည်တွင် အနက်အားဖြင့် စဉ်းစားသော် **ခြည်ချောင်း** အခေါ်သည် သာအသင့်ဆုံးဖြစ်သည်ဆိုရာ၏။ **ခြည်ချောင်း** တွင် **ခြည်** ၏ အနက်မှာ **ကခြေ** အဖွင့်၌ဖေါ်ပြခဲ့သည်အတိုင်း'ကခြည်(ကခြေ)၊နှုတ်ခြည်၊သံခြည်'ဆိုသည်တို့၌ကဲ့သို့ 'အသံ၊သာယာသောအသံ၊သီဆိုတီးမှုတ်သံ'ဟူ၏။ **ကြည်** ၏ အနက်မှာလည်း 'သြဇာကြည်၊ခြေဝံသက်ကြည်၊ကြည်သံသာနှင့်၊'ဟူ၍ စပ်ဆိုသည်တို့၌ ထို့အတိုင်းဟောဖြစ်ကြောင်းကိုလည်း **ကခြေ** အဖွင့်၌ ဆိုခဲ့ပြီ။ ထို့ကြောင့် သာယာသောအသံထွက်သည့် အတံ့အတံများကို 'ခြည်ချောင်း၊ ကြည်ချောင်း' ခေါ်ဆိုခဲ့ရာ၏။ထိုအရေးအခေါ်နှစ်ရပ်တွင်လည်း၊ခေတ်သုံးခေတ်အသံထွက်နှင့် ရခိုင်သုံး,ရခိုင်အသံထွက်တို့ကို ထောက်သဖြင့် **ခြည်ချောင်း** ဟူသည်သာ အသင့်ဆုံးဟုယူရာ၏။ **ချည်ချောင်း** ဟူသော အရေးသည်ကား၊ အသုံးပင် များခဲ့သော်လည်း၊ **ချည်** ၌သင့်လျော်သောအနက်မရှိ၊ **ခြည်** ပုဒ်ပျက်ဟုသာ ဆိုရချိမ့်မည်။

ခြည်ချောင်း စပ်အင်များမှာ နည်းပိ၏။ နေမိဘုံခဏ်းပျို့စပ်အင်အပြင် ပြည်မြို့၊ဝံတောင်လည်ဖုန်းတော်ကြီးဆို့၊ရတုပိုဒ်စုံနှစ်ခုတို့တွင်သာ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "ဟသ်ဘကားအဲ၊ ဝမ်းပဲကားညှင်း၊ ပိန်ညင်းကား စောင်း၊ ခြေကြောင်း(ခြည်ချောင်း)ရေကြက်၊ဝံလက်စည်ပုတ်၊လက်ခုပ်ဝံလို့၊သံချို့သာမော၊ ကြက်တောသီခြင်း။" ။'ခေတ္တသရေ'ချီ။

(၂)။ " ပဲထွေးကားညှင်း၊ ပိန်ညင်းကား အဲ၊ ဝမ်းပဲကား စောင်း၊ ခြေကြောင်း(ခြည်ချောင်း)ဆက်ရက်၊ ရေကြက်စည်ပုတ်၊ တီးမှုတ်သာမော၊ ကြက်တောသီခြင်း။" ။'မေတ္တာအောင်မြေ'ချီ။

ဤတွင် **ခြည်ချောင်း** ကို **ခြေကြောင်း** ဟု ရေးလျက်ရှိခြင်းကလည်း၊ချေပုဒ်ကို အရစ်ဖြင့်သာရေးသင့်ကြောင်း၊ထပ်လောင်းထောက်ခံလျက်ရှိသည်။ **ခြေ** ပုဒ်မှာ **ကခြေ** ဆိုသည်၌ **ခြေ** ပုဒ်ပင်ဖြစ်သင့်၍၊ **ခြည်** နှင့်ပုဒ်ပြောင်းပုဒ်လဲသာဖြစ်၍၊အနက်တူဖြစ်သတည်း။

၂၀။ ခြိတ်

ယခုခေတ်တွင် 'ချိပ်ကောင်၊ချိပ်ဆိုး၊ချိပ်တန်ဆိပ်၊ချိပ်ပိတ်' စသဖြင့်၊ပိုးကောင်တမျိုးမှရသည့်အစေးခဲကို **ချိပ်** ဟုရေးဆိုလျက်ရှိသော်လည်း၊ပုဂံခေတ်နှင့်အင်းဝခေတ်ထိုးကျောက်စာတို့တွင် ယင်းအရာကိုပင် **ခြိတ်** ဟုရေးဆိုခဲ့သည်။

(၁)။ "စိယ္ဆ် ထန်ဟသ်ာပတာဆုန်မြိယ်ဖ္လူကုံကျွာရိယ် **ခြိတ် ကံကုတ်** ခပင်သော ဧအ်အဖိုဝ်ကာငုယ် ၅၀ (စေ့ထန်း ဟသ်ပတား ဆုန်း မြေဖြူကုံကျွာရေ **ခြိတ် ကံကုတ်** ခပင်းသော၏အဖိုးကဒး ငွေ ၅၀)။" ။၅၉၈ ခုစဲ့၊ပုဂံမြို့၊စော လှဝန်းဖုရားကျောက်စာ၊ ကျော၊ ၁၅၊ ၁၆။

(၂)။ "ဆေရေသောပန်ဒိ လက်ခငွေ့ ၃၀၀၊ စိထန် ၄၀၀ ဟင်သပတာ ၄၅၀ သင် တဲ့ ၄၀၀၊ ဆုန်း ၁၅၀၀။ **ခြိတ်ဖိုဝ်ငွေ့ ၁၀၊** တိုင်ခြေရစ်သောသလဲ့ ၄ ပိတ်သာ။(ဆေးရေးသောပန်ဒိလက်ခငွေ့ ၃၀၀၊စိတန်း ၄၀၀၊ဟင်းသပတား ၄၅၀၊ သင်းတဲ့ ၄၀၀၊ ဆုန်း ၁၅၀၀။ **ခြိတ်ဖိုးငွေ့ ၁၀၊** တိုင်ခြေရစ်သောသလဲ့ ၄ ပိတ်သာ)။ ။၇၃၇ ခုစဲ့၊ပုဂံမြို့၊ချေစည်းခုံစေတီ၊ပုဂံမင်းသက်တော်ရှည်မောင်နှံထိုးကျောက်စာ၊ကျော၊ ၅၊ ၆၊ ၇။

ရှေးသတ်ပုံကျမ်းအချို့ကိုလေ့လာကြည့်သောအခါ၊ 'သဗ္ဗညာဏံ'ချိသတ်ပုံတွင် 'ပန်းပုဏ္ဏရိတ်၊ရွှင်စေတိတ်၊ချိတ်ချိတ်နီမကျန်။' ဟူ၍ငင်း၊ဝဏ္ဏဗေဓနသတ်အင်းတွင် 'ပိုးဆိုးသည့်ချိပ်၊ အရောင်ချိပ်သည်။' ဟူ၍ငင်း၊ ဝေါဟာရထွေ ပကာသနီတွင် 'မောင်းမောင်းချိပ်ဆိုသောအရာ၊ချိပ်ဟူသောအမည်ထင်၏။'ဟူ၍ငင်း၊ ကဝိလက္ခဏာသတ်ပုံတွင် 'ညိုညိုချိပ်ချိပ်၊ ကြာတံဆိပ်၊ ပန်းလပ်ဆူးရွေပင်။ ။ သဝန်စသိပ်၊ခွေစာလိပ်၊ဆီးချိပ်မြဲအောင်တင်။ ။ကွမ်းလောင်ကွမ်းလိပ်၊ရောင်ချိပ်ချိပ်၊ မွမ်းသိပ်မျက်စုံဆင်၊' ဟူ၍ငင်း၊ အသီးသီး ပြဆိုလျက် ရှိသည်ကို တွေ့ရသည်။ယင်းပြအင်တို့တွင် 'ချိတ်ချိတ်နီ၊အရောင်ချိပ်၊မောင်းမောင်းချိပ်၊ညိုညိုချိပ်ချိပ်၊ရောင်ချိပ်ချိပ်' ဆိုသည်တို့တွင် **ချိတ်၊ ချိပ်** ဟုနှစ်မျိုးပင် ရေးလျက်ရှိသော ပုဒ်တို့၏အနက်မှာ ' ပိုးကောင်မှရသည့် အစေးခဲ၏ အရောင်, နီညိုရောင်' ဟော ဖြစ်သည်။ထို့ကြောင့်ယင်းသတ်ပုံကျမ်းတို့တွင် ရှေးကျောက်စာတို့၌ **ခြိတ်** ဟု အရေးတွေ့ရသောပုဒ်ကို **ချိတ်၊ ချိပ်** ဟုနှစ်မျိုးပင် အရေးပြလျက်ရှိသည်။

'ချိတ်နေ၊ချိတ်တွယ်၊ ကောက်ချိတ်၊ အချိတ်လုံခြည်' စသဖြင့် **ချိတ်** ဟု ယခုရေးလျက်ရှိသော၊ **ငြိတွယ်၊ ကွေးကောက်** ဟောပုဒ်ကိုလည်း၊ ပုဂံခေတ်၊ အင်းဝခေတ်တို့၌ **ခြိတ်၊ ခိတ်** ဟုရေးခဲ့သည်။

(၁)။ "စံမဲ့ဒဲ ငါလဝသင် ပိတ်ကြာသော **လခြိတ်ကျွန်** စွင်ဒ (စမာငါလဝ

သင် ပိတ်ကြားသော လခြိတ်ကျွန် စရင်း၁)။” ။၅၉၈ ခုစ့ဲ၊ ပုဂံမြို့၊ မုတ်ဂူကျောက်စာ၊၁၅။ (တိုင်းရင်းပုံ ၉၁)။

(၂)။ “အပေါင် **လက်ခြိတ်ကျွန်** ၉၀။လယ် ၃၀၀ (အပေါင်းလက်ခြိတ်ကျွန် ၉၀။လယ် ၃၀၀။” ။၅၆၁၊၅၉၈ ခုစ့ဲ၊ ပုဂံမြို့၊မုတ်ဂူကျောက်စာ၊၆။ (တိုင်းရင်းပုံ ၉၂)။

(၃)။ “ထန်းပင်စင်ရှိရှိလောက်၊ သံမျှားကောက်ဖြင့် လျှာကို **ခိတ်လျက်**၊ ရဲရဲဝင်သောသံမြေထက်။” ။၇၃၅၊၇၃၆ခုစ့ဲ၊စစ်ကိုင်းမြို့၊ရတနာစေတီကျောင်းကျောက်စာ၊ကျော၊ ၃၁၊ ၃၂။

ထုတ်နုတ်ချက် (၁)နှင့် (၂)တို့တွင် **လခြိတ်ကျွန်**၊ **လက်ခြိတ်ကျွန်** ဆိုသည်တို့မှာ အတူတူပင်ဖြစ်သည်။ **လက်ခြိတ်ကျွန်** ကိုချုံ့၍ရေးဆိုသဖြင့် **လခြိတ်ကျွန်** ကိုရအပ်သည်။ ပုဂံခေတ်၌ ကျွန်များအား ယင်းတို့၏ နေရင်းရပ်ရွာမျှားကို စွဲ၍ခေါ်ဆိုလေ့ရှိရကား၊ **လက်ခြိတ်ကျွန်** ဆိုသည်မှာ **လက်ခြိတ်ရွာ** မှကျွန်များဟုယူဖွယ်ရှိသည်။ တဖန် **လက်ခြိတ်ရွာ** ဟုအဘယ်ကြောင့် ခေါ်ဆိုပါသနည်းဟုမေးသော်၊ ယင်းရွာ၌လက်ဖြင့် ကောက်ခြိတ်, ထိုးရက်ရသော အခြိတ်ဟု ခေါ်သည့်အဝတ်ပုဆိုးများကိုရက်လုပ်ရသောကြောင့်ဟုဖြေဆိုရပေမည်။ထို့ကြောင့် ယခုခေတ်တွင် ‘လက်ချိတ်,အချိတ်,ကောက်ချိတ်’ ဟုရေးသည်တို့ကို, ပုဂံခေတ်၌ ‘လက်ခြိတ်,အခြိတ်,ကောက်ခြိတ်’ ဟုရေးကြောင်းပေါ်ထွက်လာပြန်သည်။ ထိုပုဒ်ကိုပင် တဖန်ထုတ်နုတ်ချက် (၃)တွင် **ခိတ်** ဟုရေးလျက်ရှိပြန်ရာ၊ယင်း **ခြိတ်** ပုဒ်သည် **ခိတ်** ပုဒ် **ရိတ်** ပုဒ်တို့ဖြင့် ဖွဲ့စည်းလျက်ရှိသော မိဿကပုဒ်ဖြစ်ကြောင်းသိရပြန်သည်။ ဤ **ခြိတ်** ပုဒ်၏အနက်များတွင် ‘ငြိတွယ်’ ဟောသည်မူလဖြစ်၍၊ **ငြိတွယ်** မှသာငြိတွယ်ထားသော၊ ငြိတွယ်နေသော၊ ငြိတွယ်တတ်သော‘**အကွေး**၊ **အကောက်**၊ **ကွေးကောက်**’ ဟောသို့ သက်ခဲ့ရာသည်။

‘အစေးခဲ’ဟော **ခြိတ်** နှင့် ‘ငြိတွယ် ’ဟော **ခြိတ်** တို့မှာ တပုဒ်တည်းဖြစ်သည်ယူသင့်သည်။ ယင်းတို့တွင် ‘ငြိတွယ်’ အနက်သည်မူလဖြစ်၍၊ အစေးခဲ၌ ‘ငြိတွယ်၊တွယ်ကပ်’ သည့်သဘောရှိသောကြောင့် ယင်းကို **ခြိတ်** ဟုခေါ်ခဲ့သည်ယူရာ၏။‘သံမျှားကောက်ဖြင့်လျှာကိုခိတ်လျက်’ ဆိုသည်၌ **ခိတ်** ၏အနက်ကလည်း ‘ငြိတွယ်’ ဟောပင်ဖြစ်သည်။ ဤ ဖေါ်ပြပါ အချက်များကို တိဗက်– မြန်မာဘာသာတို့ကအောက်ပါအတိုင်းထောက်ခံလျက်ရှိသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	အ်ခြိဂ်	တွယ်ကပ်၊ပူးကပ်၊ပူးပေါင်း၊ မေခုန်မှုပြု။

၂။ အဗေဒမိရီ ရိုက် ပူးတဲ့၊တွယ်ကပ်၊တူကူ၊တွေ့ဆုံ။
ဖွင့်ဆိုခဲ့သော ပုဂံ-အင်းဝခေတ်သုံး **ခြိတ်** ဟူသော အရစ်တသတ်ဖြင့် အရေးနှင့် ‘စေးကပ်၊ တွယ်ကပ်၊ ညိတွယ်၊’ ဟူသော မူလအနက်တို့ကို တိဝဂ်ဘာသာ **အ်ခြိဂ်** ပုဒ်ကကောင်းစွာထောက်ခံလျက်ရှိသည်။ ယင်း **ခြိတ်** ပုဒ်သည် **ခိတ်** ပုဒ်၊ **ရိုက်** ပုဒ်တို့ဖြင့် ဖွဲ့စည်းထားသော မိဿကပုဒ်ဖြစ်ကြောင်းကိုလည်း အဗေဒမိရီဘာသာ **ရိုက်** ပုဒ်က၊ မြန်မာဘာသာ၊ ရတနာစေတီကျောင်း ကျောက်စာသုံး **ခိတ်** ပုဒ်ကို ဖြည့်စွက်ထောက်ခံလျက်ရှိသည်။

ခြိတ် ၏အစိတ်အပိုင်းတခုဖြစ်သော **ခိတ်** ပုဒ်ကယ်ပ သွားသကဲ့သို့၊ အခြားအစိတ်အပိုင်းဖြစ်သော **ရိတ်** ပုဒ်သည်လည်း မြန်မာဘာသာ၌မပေါ်မထင်,မြုပ်သယောင်ရှိနေသည်။ ယင်းပုဒ်ကိုမည်သည့် အဘိဓာန်ကျမ်း၊ သတ်ပုံကျမ်းတို့၌မျှမပြကြ၊ကဗျာစာပေတို့တွင်လည်းမတွေ့ရဖြစ်ခဲ့၏။ စကားပြောရာ၌သော် ‘ခြိတ်တိတ်တိတ်,ရိတ်တိတ်တိတ်ပြောသည်၊ခြိတ်ပြောသည်၊ရိတ်ပြောသည်၊’ဟုဆိုလေ့ရှိသေးသည်။ဤတွင် **ရိတ်** ပုဒ်နှင့် ‘အရိပ်အခြည်၊အရိပ်အမြွက်’ ဆိုသည်တို့တွင် **ရိဝ်** ပုဒ်တို့မှာ ရောထွေးလျက်ရှိပြီးလျှင်၊ **ရိတ်** အစား **ရိဝ်** ကိုသာနားလည်သုံးစွဲလျက်ရှိကြပုံပေါ်သည်။သို့ရာတွင် ‘ရိတ်၍ပြောသည်၊ရိတ်တိတ်တိတ်ပြောသည်’ ၏အနက်ကို‘အရိပ်အမြွက်ပြောခြင်း’ ဟုမကောက်ယူသင့်၊ ‘စောင်း၍ပြောသည်၊ခြိတ်၍ပြောသည်’ ဆိုသည်တို့၌ကဲ့သို့၊ တိုက်ရိုက်မဟုတ်၊ သွယ်ဝိုက် ကွေ့ကောက်သောနည်းဖြင့်ရည်ရွယ်ချက်ကိုထိမိ,ညိတွယ်,နားလည်ရန်ပြောခြင်း’ ဟုကောက်ယူရာ၏။ ထို့ကြောင့် ဤတွင်လည်း ‘အရိပ်အခြည်၊ အရိပ်အယောင်’ ဆိုသည်၌ **ရိဝ်** ပုဒ်မှခွဲခြား၍၊ ‘ရိတ်၍ပြောသည်၊ရိတ်တိတ်တိတ်ပြောသည်’ ဆိုသည်၌ **ရိတ်** ပုဒ်ကို မှတ်သားသုံးစွဲရာသည်။

ဤ **ရိတ်** နှင့် ‘စပါးရိတ်၊ဆံရိတ်’ ဆိုသည်တို့၌ **ဖြတ်** ဟော **ရိတ်** ပုဒ်တို့သည်လည်းဆက်သွယ်ခြင်း ရှိကောင်းရှိပေဦးမည်။ ‘စပါးရိတ်၊ဆံရိတ်’တွင် **ရိတ်** ဆိုသည်မှာ စပါးပင်၊ဆံပင်များကို တံဇင်သွား, ခွားသွားဖြင့် ထိမိ,ညိတွယ်စေ၍ ဖြတ်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်မြန်မာဘာသာ၌ ‘စေးကပ်၊ တွယ်ကပ်၊ ညိတွယ်’ ဟော ပုဒ်ကို၊ **ချိတ်၊ ချိဝ်** ဟုအပင့်တသတ်,ပသတ်တို့ဖြင့်ရေးခြင်းထက်,ရှေးနည်းအတိုင်း **ခြိတ်** ဟုအရစ်တသတ်ဖြင့် ရေးခြင်းက ပို၍သင့်သည်ဆိုရာသည်။သို့ဖြင့် ‘ခြိတ်ရှည်၊ခြိတ်ဆိုး၊ခြိတ်တန်ဆိပ်၊ခြိတ်ပိတ်၊နီခြိတ်၊မှိုင်းခြိတ်၊ညိုခြိတ်’ ဟူ၍သော်ငင်း၊ ‘အခြိတ်၊ လက်ခြိတ်၊လှိုင်းခြိတ်၊ကောက်ခြိတ်၊ခြိတ်ဆွဲ၊ခြိတ်တွယ်’ ဟူ၍သော်ငင်း၊ ရေးခြင်းတို့သည်သာ သင့်ရာသတည်း။

၂၉။ ခြောက်ခြား

တရုတ်တရက် ခေါင်းစဉ်အောက်၌ **ခြောက်ခြား၊ ချောက်ချား** ဟူသော ဝါဒကဲ့ အရေးနှစ်ရပ်အနက်၊ အရစ်ဖြင့် အရေး **ခြောက်ခြား** သည်သာ သင့်ကြောင်းအကျဉ်းမျှဆိုခဲ့သည်။ ဤစကားတွင် ရှေ့ပုဒ်တခုတည်းပါဝင်သော 'ခြိမ်းချောက်,ခြိမ်းခြောက်၊ တောချောက်၊တောခြောက်၊ လှန့်ချောက်,လှန့်ခြောက်၊ လှုပ်ချောက်,လှုပ်ခြောက်' စသဖြင့်များစွာသော အရေးအသုံးတို့လည်းရှိသေးရာ၊ ယင်းကို အကျယ်ဖွင့်ဆိုရန် အရေးကြီးသည့်,လိုအပ်သည်ထင်၏။ အရေးသမိုင်းကိုရှေးဦးစွာ လေ့လာသောအခါ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "မြန်မာပြည်ကို၊မူသည်မင်းတို့၊ကွယ်(ကဲ့)ချင်းထပြီ၊မည်မည်တ်၊ဖြစ်လတ် **ခြောက်ခြား** ပျက်စီးများရကာ။" ။၇၃၅ ခုစွဲ၊ စစ်ကိုင်းမြို့၊ ရတနာစေတီကျောင်းကျောက်စာ၊ ၁၊၂။

(၂)။ "မြံမာမင်တိုဝ်,မည်မည်တ်သော့ကြောင့်၊ပြည်ထယ် **ချောက်ချား** ပျက်စီး၍။" ။၇၃၀ ခုစွဲ၊ပင်းယမြို့၊မင်းကြီးစွာစော်ကဲ့ကျောက်စာ၊၁။

(၃)။ "ရန်သူတပါးတို့သည် **မလှုပ်ခြောက်** နိုင်သော၊ လုံမစောက် တည်ကြည်ခြင်း ရဲရင့်ခြင်း ဖြစ်သော။" ။ ၈၄၇ ခုစွဲ၊ စစ်ကိုင်းမြို့၊ ရတနာစေတီကျောက်စာ၊ ၃၊၄။

(၄)။ "ဗြဟ္မဒေဝဝင်၊ ထက်လေးပွဲတင်၊ ကောင်းကင်ခပင်း၊ **ချောက်** စေခြင်းဖြင့်၊ဆောက်နှင်းအပြီးတိုင်စေ၏တည်း။" ။၈၀၈ ခုစွဲ၊စစ်ကိုင်းမြို့၊မဟာသီဟသူရကျောင်းကျောက်စာ၊ကျော၊၈။

(၅)။ "ပဥ္စင်တုရိယာ၊သံဝါရိုက်ချီး၊တီးမှုတ်သောအသံ၊ဆင်သံမြင်းသံအစဟိသောအသံတို့ဖြင့်၊မြေမိုးကောင်းကင်တို့ကို **ခြောက်ခြား** စေလျက်(ရေးနည်းဖလှယ်ပြီး)။" ။၁၀၁၁ ခုစွဲ၊စစ်ကိုင်းမြို့၊ရာဇမဏ္ဍိုဝုဋ္ဌာကျောက်စာ၊ကျော၊၃၁။

အရေးသမိုင်းအရ၊ **ခြောက်ခြား၊ချောက်ချား** ဟူသောစကားများကို ပုဂံခေတ်ကျောက်စာတို့တွင်မတွေ့ရ၊အင်းဝခေတ်ဦးကျောက်စာတို့တွင်မှစတင်တွေ့ရကြောင်းပေါ်ထွက်သည်။ ထိုခေတ်အတွင်းရေးကျောက်စာတို့မှာ ခိုင်မာတည်တံ့ခြင်းမရှိသည်ကို၊သာဓကတို့တွင် **ခြောက်ခြား၊ ချောက်ချား** ဟူ၍သာမက၊ 'မြန်မာ၊မြို့မာ၊ လှုပ်ခြောက်၊ ကောင်းကင်ချောက်' ဟူ၍ တွေ့ရသည်တို့က သက်သေခံလျက်ရှိသည်။ ဤသို့အစကပင်အရေးကဲ့ပြားလာသောစကားတို့ကို၊နောက်ခေတ်များတွင် မိမိတို့ထင်သလို ဗျုပ္ပတ်ကိုဆောင်၍၊ နှစ်သက်သလို ရေးကြလေတော့သည်။ သို့ဖြင့် **ချောက်ချား** ဟူသောအပင့်အရေးကို ယခုခေတ်တွင်လူကြိုက်

များ, အလိုက်နာများလျက်ရှိချေသည်။ သို့ရာတွင်ကျွဲသို့မူလကတည်းကအရေးကဲ့ခဲ့သောစကားများကို ယင်းတို့၏ရင်းမြစ်အနက်နှင့် အကြောင်းယုတ္တိ အ့ငေထောက်အထားများကို စိစစ်ရှာဖွေ၍၊ အသင့်လျော်ဆုံးဟု ထွေ့ရသည်ကိုသာ လိုက်နာအပ်လေသည်။

"တုန်လှုပ်ခြောက်ခြား(ချောက်ချား)သည်၊စိတ်ခြောက်ခြား(ချောက်ချား)သည်၊တိုင်းပြည်ခြောက်ခြား(ချောက်ချား)သည်"စသဖြင့်ဆိုသည်တို့၌ **ခြောက်ခြား(ချောက်ချား)**ပုဒ်၏အနက်မှာ 'တုန်လှုပ်၊မတည်ငြိမ်၊မငြိမ်သက်'ဟောဖြစ်သည်ကို အများပင်သိကြပါသည်။ ထို့နည်း တူစွာ 'လူများ ရောက်ရက်ခပ်နေသည်၊ စိတ်ပရောက်ပရက်ဖြစ်သည်။' ဆိုသည်တို့၌လည်း **ရောက်ရက်** ၏အနက် တုန်လှုပ်၊မတည်ငြိမ်၊မငြိမ်သက်'ဟောပင်ဖြစ်သည်။ယင်း **ရောက်ရက်** ပုဒ်သည်လည်း တဖန် 'လူများရုတ်ရုတ်ရက်ရက်ဖြစ်နေသည်။ လောင်လင်ရုတ်ရက်၊ဗရုတ်ဗရက်။' စသဖြင့်ဆိုသည်တို့၌ ထို့အတိုင်းဟော **ရုတ်ရက်** နှင့်ပုဒ်ပြောင်း ပုဒ်လဲသဟုယူသင့်၏။ **ရုတ်ရက်** တွင် **ရုတ်** ပုဒ်၊ **ရက်** ပုဒ်တို့ကလည်း' သဲသဲရုတ်ရုတ်၊ရက်ရက်ပြည်ထဲ'စသဖြင့်ဆိုသည်တို့၌ ပုဒ်တဲ့အတိုင်း'လှုပ်ရှား'ဟောပင်ဖြစ်သည်။ ထို့ကြောင့် **ခြောက်ခြား** တွင် **ခြောက်** ပုဒ်၊ **ရောက်ရက်၊ရုတ်ရက်** တွင် **ရောက်ရုတ်**၊ **ရက်** ပုဒ်တို့မှာ တခုနှင့်တခုဆက်သွယ်ခြင်းရှိသည်ယူရာ၏။

တဖန် **ခြောက်ခြား** တွင် **ခြောက်** နှင့် ' လှန်ခြောက်၊ခြိမ်းခြောက်၊တောခြောက်၊'ဆိုသည်တို့တွင် **ခြောက်** တို့မှာ တပုဒ်တည်းဖြစ်သင့်သည်။လူကိုသော်၎င်း၊ လူ၏စိတ်ကိုသော်၎င်း၊ တောကိုသော်၎င်း၊ တောသတ္တဝါတို့ကိုသော်၎င်း၊ **တုန်လှုပ်စေ၊ လှုပ်ရှားစေ** သည်ကို **ခြောက်** ဟု ဆိုသည်။သို့ဖြင့် **ကြောက်** ဆိုသည်မှာ **စိတ်တုန်လှုပ်သည်** ကို ဆိုလိုကြောင်း သိရာ၏။ ထို့ကြောင့် မြန်မာဘာသာ **ကြောက်၊ခြောက်** ပုဒ်တို့တွင် **တုန်လှုပ်** ဟော **ရောက်** ပုဒ်သက်ဝင်လျက်ရှိသည်ယူရာ၏။

တိဗက်-မြန်မာ၊ တရုတ်-ထိုင် ဘာသာတို့၌ **ကြောက်** ဟောပုဒ်တို့ကို ရှာဖွေကြည့်ရာ တွေ့ရသည်မှာ—

ဘာသာ	စကား	အနက်
၁။ တိဗက်	သ်ကြဂ်	ကြောက်၊လန့်
၂။ သိန်းဖေါ	ကြိတ်	၎င်း
၃။ ကချင်	ကောမ်	၎င်း
၄။ မုဆိုး	ကော်	၎င်း
၅။ မရု	ကျောက်	၎င်း

၆။	လိစုံ	ကျော်	၎င်း
၇။	စိန်ယင်ချင်း	လေဝံ	၎င်း
၈။	သျှမ်း	ကုဝ်	၎င်း
၉။	ခန္တီး	ကော	၎င်း
၁၀။	ထိုင်	လွှဝ်	၎င်း

အထက်ပါတို့တွင် **ကော၊ကို** တို့သည်မူလဖြစ်ပုံပေါ်သည်။ ယင်းတို့မှ **က** သို့သက်ပြီးလျှင်၊ **ရက်** ကို ယှဉ်ကပ်သဖြင့် တိဗက်ဘာသာ **သ်ကြဂ်** ပုဒ်ကို ရအပ်သည်။ စိယင်ချင်းဘာသာတွင်သော် မြန်မာဘာသာ **တုန်လှုပ်** ဟော **ရောက်** တွင် **ရ** ကို **လ** ဖြင့်ဖလှယ်သဖြင့် **လော်** ကိုရသင့်သည်။တိဗက်ဘာသာ၌ **လောဂ်** ၏အနက်၊မြန်မာဘာသာ **ရောက်** ကဲ့သို့ **လှုပ်ရှား၊ထကြွ၊ပုန်ကန်** ဟောပင်ဖြစ်ကြောင်းတွေ့ရသည်။ထို့ကြောင့်မြန်မာဘာသာ **ကြောက်** ပုဒ်ကို **ကြောက်ရွံ့၊ကြောက်လန့်** ဟော **ကော၊ကို** ပုဒ်သက် **က** တွင်၊ **တုန်လှုပ်၊လှုပ်ရှား** ဟော **ရောက်** ကို ယှဉ်ကပ်သဖြင့်ရအပ်၍၊ **ကြောက်** ၏အနက်ရင်းမှာ 'ရွံ့လှုပ်၊လန့်လှုပ်၊လန့်ဖျပ်' ဟူ၏။

ကြောက်လန့် ဆိုသည်တွင် **ကြောက်** ပုဒ်၊ **လန့်** ပုဒ်တို့နှင့် **ခြောက်လှန့်** ဆိုသည်တွင် **ခြောက်** ပုဒ်၊ **လှန့်** ပုဒ်တို့မှာသုဒ္ဓနှင့် ကာရိုက်ဖြစ်ကြောင်း သိသာပေသည်။ 'လှုပ်ခြောက်၊လေပြည်ခြောက်' ဆိုသည်တို့တွင် **ခြောက်** မှာလည်းယင်း 'တုန်လှုပ်စေ၊လန့်ကြောက်စေ' ဟော **ခြောက်** ပုဒီပင်ဖြစ်သည်။ **လေပြည်ခြောက်** ကို **လေပြည်ချောက်** ဟုရေး၍၊ **ချောက်** ကို **ကန်ကျောက်** တွင် **ကျောက်** ပုဒ်ပြောင်း ပုဒ်သက်ဟု အချို့က ယူဆသည်မှာ **မ**သင့်ချေ။ **ကန်ကျောက်** တွင် **ကျောက်** ပုဒိကိုမည်သည့်နေရာ၌မျှ **ချောက်** သို့ ပြောင်းလဲရေးသုံးသည်ဟုမရှိ။ 'လေပြည်မကျောက်၊ ဆီမီးတောက်၌၊ထည့်လျောက်မီးစာ၊ (ပါရမီ၊သစ်၊ ၄၅)။လေယဉ်ထိကျောက်၊ဆီမီးတောက်သို့ (၎င်း၊၆၆)။နေခြည်ကျောက်က၊တောက်လတုံတုံ (ဘုံခဏ်း၊ ၁၆)။ယိုကျစီးပေါက်၊နေခြည်ကျောက်သို့ (၎င်း၊၂၅)။' ဟူသော စပ်အင်တို့တွင် **ကျောက်** ဟုသာ အမှန် အတိုင်းရှိသည်။ ပါရမီတော်ခဏ်းပျို့၊ အဟောင်း ၃၆ ၌ 'လေပြည်မချောက်' ဟုရှိသည်မှာ ချွတ်ချော်ချက်ဟုသာယူသင့်သည်။ **ချောက်** ရေးအင်စပ်အင်တို့မှာ 'ထုတ်ချောက်၊ကျော်ချောက်၊ မကွယ်ချောက်ချောက် (တုံခဏ်း၊ ၁၁၆)' ဆိုသည်တို့တွင် 'တောက်လျောက်၊အတားအဆည်း့အပိတ်အပင်မရှိ'ဟော၊ 'တောင်မြောင်ချောက်ကြား၊ချောက်ကမ်းပါး၊ချောက်မြို့'စသဖြင့်ဆိုသည်သို့တွင် 'နိမ့်ဝှမ်း့နက်ရှိုင်းသောနေရာ့အရပ် 'ဟော၊ 'ချောက်ချောက်ချက်ချက်၊ ချောက်ချိုချောက်

ချက်၊'စသဖြင့်ဆိုသည်တို့တွင်'မထင်မလင်းလွန်းသောထွက်ပေါ်လာသည့်အသံ, အရောင် စသည်' ဟောပုဒ်တို့သာရှိသည်။ထို့ကြောင့် **တုန်လှုပ်၊ တုန့်လှုပ်စေ၊ ကြောက်စေ** ဟောအနက်တို့ကိုလိုသော် **ခြောက်**ဟုသာအရစ်ဖြင့်ရေးသင့်သည်။

ခြောက်ခြား တွင် **ခြား** ပုဒ်မှာလည်း၊ ၇၃၅ ခုစုံ၊စစ်ကိုင်းမြို့၊ ရတနာစေတီ ကျောင်းကျောက်စာ၊၁၀ တွင်' ရက်ရက်ပြည်ထဲ၊ သဲသဲတရား' ဟူ၍ငင်း၊ ယခု ခေတ်တွင် 'လှုပ်ရှား'ဟူ၍ငင်း၊ ရေးဆိုသည်တို့တွင် **ရား၊ရှား** ပုဒ်တို့နှင့် ဆက်စပ် ခြင်းရှိမရှိ စိစစ်သင့်သည်။ယခုခေတ်တွင် 'လှုပ်ရှား၊ရွေ့ရှား၊ဖယ်ရှား'စသဖြင့်ဆို သည်တို့တွင် **ရှား**၏အနက် ' တည်မြဲမနေ၊လှုပ်၊ရွေ့'ဟော ဟု ပေါ်ထွက်သည်။ ရှေးသုံး **ရှိုးရှား** ဆိုသည်တွင် **ရှား** မှာလည်း ယင်းအနက်ဖြင့် ယင်းပုဒ်ပင်ဖြစ် သည်။ထို့ကြောင့် ကျောက်စာတွင်လည်း ' ရှုတ်ရှုတ်သဲသဲ၊ ရှုတ်ရှုတ်ရက်ရက်ဖြစ် သည်၊လှုပ်ရှားသည် 'ကို **တရား၊ရား** ဟုဆိုထားဟန်ရှိသည်။ **တရား** တွင် **တ** ပုဒ် မှာ **တရုတ်တရက်** ဆိုသည်၌ကဲ့သို့ **အလွန်** ဟောဟုယူသင့်သည်။ **ခြား** တွင် **ခ** ပုဒ်မှာ 'ယပ်ခပ်၊အမြီးခပ်၊မျက်ကောင်ခပ်'စသည်ဖြင့် ဆိုသည်တို့တွင် ' လှုပ်ရှား၊ ဝှေ့ယမ်း'ဟော **ခပ်** ပုဒ်သက်ဖြစ်ဘည်ယူသင့်သည်။ထို့ကြောင့် **ခ** ပုဒ် **ရား**၊ ဝါ၊ **ရှား** ပုဒ်တို့ဖြင့် ဖွဲ့စည်းအပ်သော ' **ခြား** ပုဒ်၏အနက် 'လှုပ်ရှား၊ရွေ့ရှား'ဟောဟု ပင်ယူသင့်သည်။

ခြောက်ခြား တွင် **ခြောက်** ပုဒ်သည် **တုန်လှုပ်၊တုန့်လှုပ်စေ** ဟော၊ **ခြား** ပုဒ်ကလည်း **လှုပ်ရှား၊ ရွေ့ရှား** ဟောဖြစ်ရာ၊ **ခြောက်ခြား** ပုဒ်တွဲ၏ အနက် **'လှုပ်ရှား၊ လှုပ်ရှားစေ** ဟောဟုယူပြီးလျှင်၊ အရစ်ဖြင့်သာ ရေးသင့် ကြောင်း တင်ပြအပ်ပါသတည်း။

၃၀။ ခွက်ခွင်း၊လင်းကွင်း

ခွက်ခွင်း၊ လင်းကွင်း ခေါ်တီးခတ်စရာ၊တုရိယာကို လူတိုင်းသိပြီးဖြစ်သော်လည်း၊ **ခွက်ခွင်း၊ လင်းကွင်း** ဟူသောစကားတို့၏ ရင်းမြစ်နှင့် အနက်ကိုသော် ဆင်ခြင်ရန်ရှိပေသေးသည်။

ခွက်ခွင်း သည် ပုဂံခေတ်သုံးစကား၊ ၅၅၂ ခုစုံ၊ ပုဂံမြို့၊ တောင်ဂူနီကျောက် စာတွင် 'ပသာသည်ကာ ငါသုရိမ်။ ခွက်ခွင်သည်ကာ ငဖွဲ့။' ဟူသော စကား တွင် **ခွက်ခွင်း** အရေးကိုစတင်တွေ့ရသည်။

လင်းကွင်း သည် **ခွက်ခွင်း** ပုဒ်ပြောင်းပုဒ်သက်သာလျှင်ဖြစ်သည်။**ခွက်ခွင်း**မှ **လင်းကွင်း** သို့အပြောင်း, လမ်းခုလတ်တွင် **လင်းခွင်း** ဟူသော အရေးကို

လည်း၊ ၈၄၇ ခုစွဲ၊စစ်ကိုင်းမြို့၊ ရတနာစေတီ (ဆင်များရှင်) ကျောက်စာကျော၊ ၄၀၊ ၄၁၌ 'ပန်တယာစောညို၏မြက်၊ **လင်းခွင်းသည်** သား ဓမသော်၊ ကြေးပတ်သည်တန်းဆောင်မုန်းတိကာ၊ သရေပတ်သည် ငစနေသားအဘ၊ ' ဟူသော အရေးနှင့်၊ မဟာဇနကပျို့၊ ၈၀ ၌ 'စည်ပုတ်ပတ်သာ၊ သံဝါလင်းခွင်း၊ ညှင်းမျှကြည်ဟီး၊ တစ်စီတီးလျက်၊' ဟူသောစပ်အင်တို့တွင် တွေ့ရပေ သေးသည်။ သို့ရာတွင် နေမိတုံခဏ်းစပ်အင်တို့တွင်သော်၊ ၅၅၌ 'သံဖြားညည်းညည်း၊ နရည်းလိုလို၊ သံချိုရှုပ်ရှုပ်၊ စည်းစုပ် **လင်းကွင်း**၊ ခရသင်းနှင့်၊' ဟူ၍ငင်း၊ ၆၇ ၌ 'ကြေးနောင်းစည်ပတ်၊လက်ခတ်မြောက်တင်၊သံလွင် **ခွက်ခွင်း**၊ အဲအန်ချင်းနှင့်၊စောင်းငြင်းမှုတ်တီး၊' ဟူ၍ငင်း၊နှစ်မျိုးပင် ရေးစပ်လျက်ရှိသည်။

ခွက်ခွင်း တွင် **ခွက်** ပုဒ်မှာ 'အချိုင့်အခွက်၊မျက်ခွက်၊ရေခွက်' ဆိုသည်တို့၌ကဲ့သို့ **အချိုင့်** ဟောဖြစ်သည်။ **ခွင်း** ပုဒ်မှာ **ခွင်** ပုဒ်ကိုသံလေးဖြင့်ရွတ်ဆိုသည်မှရအပ်၍၊ **ခွင်** ပုဒ်နှင့်အနက်တူဟုယူသင့်၏။ **ခွင်** ပုဒ်၏အနက် 'ခြေခွင်သည်၊ စယ်ခွင်၊ပဲ့ခွင်၊ တိုင်းခွင်' ဆိုသည်တို့၌ကဲ့သို့၊ **ဝန်း၊ ဝိုက်၊ ဝိုင်း** ဟော ဖြစ်သည်။ **ခွင်း** ပုဒ်၏အနက်ကိုလည်း ထို့အတိုင်းယူရာ၏။ထို့ကြောင့် **ခွက်ခွင်း** ၏အနက် **အချိုင့်အဝိုင်း** ဟူ၏။ ယင်းတုရိယာ၏သဏ္ဌာန်မှာလည်း အလယ်၌ **အချိုင့်** ပါသည့် **အပြားဝိုင်း** ဖြစ်သဖြင့်၊ ထိုပုံသဏ္ဌာန်ကိုစွဲကာ **ခွက်ခွင်း** ခေါ်သည်ဟု ရာသည်။

ခွက်ခွင်း ဟု ခေါ်လာသည်မှ အင်းဝခေတ်လောက် ရောက်သောအခါ အဘယ်ကြောင့် **လင်းခွင်း**ဟု၊ ရှေ့ပုဒ်တွင် **ခွက်** ကို **လင်း** ဖြင့်အစားထိုးကာခေါ်လာပါသနည်းဟု စိစစ်သော်၊ မုန်ဘာသာ၌ **ခွက်ခွင်း** တီးသည်ကို **လောင်ဆေ** ဟု ရေးဆိုသည်၌ **လောင်** သဒ္ဒါ **တီးခတ်** ဟော**ဆေ** သဒ္ဒါ၊ **ခွက်ခွင်း** ဟောဖြစ်ကြောင်းတွေ့ရသည်။ ထိုပုဒ်တွင် မြန်မာတို့က **လောင်** ကို **လင်း** သို့ပြောင်းလဲယူကာ၊ **ခွက်ခွင်း** တွင် နောက်ပုဒ် **ခွင်း** နှင့် ယှဉ်တဲ့ ရေးဆိုသဖြင့် **လင်းခွင်း** ဟူသောပုဒ်ဖြစ်ပေါ်လာသည်ထင်၏။နောက်တဖန် **ခွင်း** ကို ယင်းနှင့်အနက်တူ **ကွင်း** ဖြင့်အစားထိုးပြန်သဖြင့်၊ **လင်းကွင်း** ဟူသောပုဒ်သစ်ထွက်ပေါ်လာခဲ့သည်။ **လင်းကွင်း** တွင် **ကွင်း** ပုဒ်မှာလည်း၊ **ခွက်ခွင်း** တွင် **ခွင်း** ပုဒ်ကဲ့သို့ 'အခြည်အကွင်း၊ မျက်ကွင်း၊ ကွင်းပြင်' စသဖြင့်ဆိုသည်တို့၌ 'ဝန်း၊ဝိုက်၊ဝိုင်း' ဟောပင်ဖြစ်သည်။သို့ဖြင့် **လင်းကွင်း** ၏အနက် **တီးစရာ အဝိုင်း** ဟူ၏။

ဖေါ်ပြပါအကြောင်းတို့ကြောင့် **ခွက်ခွင်း** သည် အနက်ဖြင့် ပြည့်စုံသော မူလမြန်မာအခေါ်ဖြစ်၍၊ **လင်းကွင်း** သည် အနက်အသံပြောင်း၊ပဝတ္တိအခေါ်၊ မွန်-မြန်မာ ကပြားအခေါ်ဖြစ်သတည်း။

၃၁။ ဂုန်

ဂုန် ကို **ဂုဏ်တန်** ဟုရေး၍ **အမျက်ကျောက်တု** ဟု ယုဒသန်၏မြန်မာ-အင်္ဂလိပ်အဘိဓာန်၌ပြဆိုသည်။ တက္ကသိုလ် မြန်မာအဘိဓာန်၌သော် **ဂုန်** ၏ အနက် '၁၊ ရွှေစစ်နှင့်ကျောက်စစ်, သို့မဟုတ်, ရွှေတုနှင့် ကျောက်တုကို စီခြယ်သင်းလုပ်ထားခြင်း။ ၂၊ ဂုဏ်နှင့်လုပ်သော ပညာသည်၊' ဟု ပေးလျက် ရှိသည်။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း၊ စတုတ္ထပိုင်း၊ ၂၁၀၊ ပန်းတဆဲ့ တမျိုး အနက် **ပန်းထိမ်** (ပန်ထိန်) အောက်၌ဖေါ်ပြလျက်ရှိသည်မှာ 'ပန်းထိမ် (ပန်ထိန်) ဆိုသည်ကား ရွှေပန်းထိမ် (ပန်ထိန်)ကို ဆိုလိုသည်။ရွှေပန်းထိမ်(ပန်ထိန်)နှင့်ဆက်သွယ်သော ရွှေကျောက်အမျက်နှင့်စပ်သော အလုပ်များမှာလည်း ရွှေမျက်ပါး၊ ရွှေချည်ထိုး၊ ရွှေကြယ်ခတ်၊ ငွေကြယ်ခတ်၊ ရွှေပုဇွန်ဆီယက်၊ ငွေပုဇွန်ဆီယက်၊ **ဂုန်ထိုး** များမှာလည်း အသီးအသီးခေါင်းအကြီးများနှင့် တစုတစုစီဘွဲ့လျက်ရှိသည်။' ဟူ၍ဂင်း၊ယင်းပဥ္စမပိုင်း၊ ၅၀၊အပြောက်များ အကြောင်းတွင် 'ရွှေကိုပြုလုပ်သောအပြောက်မျိုးမှာ၊ ၁၊ ပန်းထိမ် (ပန်ထိန်)၊ ၂၊ **ဂုန်**၊ ၃၊ ၈၀၀ ရိုက်၊အတတ်သုံးရပ် ရောစပ်ပါဝင်သည်။' ဟူ၍ဂင်း၊ယင်း ၇၀၊ သမီးတော် သီရိပဝရ တိလောက မဟာရတနာဒေဝီအားပေးလက်ဆောင်စာရင်းတွင် **'ရတနာဂုန်နှင့်မှန်တပ်**၊ ရွှေပိန်းဆင်ပေါင်း, အမိုး ၃ ဆင့်, ခြင်ပိတ် အကာထောင့် မှန်တပ်၊' ဟူ၍ဂင်း၊ ယင်း ၇၂၊မိုးနဲစော်ပွားပေး အစီးအနင်းအဆောင်အရွက်များ စာရင်းတွင် 'ဒက်ဘယက် (ဗယက်) သရက်ကင်းထုပြောက် **ဂုန်ထိုး**၊ အနားကျောက်တရစ်စီ၊ အလယ်ပတ္တာမြားစီ၊' ဟူ၍ဂင်း၊ ရေးသား ပြဆိုခဲ့သည်။ သို့ရာတွင် ဤ၌ **ဂုန်**၊ **ဂုန်ထိုး** ဟူသောစကား၏အနက် မည်သို့ရှိသည်၊ယင်းလုပ်ငန်းမှာ မည်သည့်အမှုဖြစ်သည်ကို သေချာစွာမဖေါ်ပြခဲ့။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းတွင် ဤသို့မသေချာ, မရေရာသောပြဆိုချက်အများကိုပင် တွေ့ရသည်။ **ပန်တျာ** နှင့် စပ်လျဉ်း၍လည်း ဤအကြောင်းကို တင်ပြခဲ့ရပြီ။ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းတခုတည်းကိုသာ အားကိုးရမည် ဆိုလျင် **ဂုန်**၊ **ဂုန်ထိုး** ဆိုသည်မှာ မည်သည့် လုပ်ငန်း ဖြစ်ကြောင်း မည်သည့် နည်းဖြင့်မျှ သိနိုင်စရာ အကြောင်းမရှိချေ။ရွှေပန်တိန်နှင့်စပ်သောလုပ်ငန်း၊ အပြောက်ဖေါ် လုပ်ငန်းဟူ၍ လောက်သာ စိတ်ဝိုင်းဝါးထင်မြင်နိုင်ပေမည်။

အဘိဓာန်တို့တွင် 'အမျက်ကျောက်တု' ဟူ၍ဂင်း၊'ကျောက်စီခြယ်ကွင်းလုပ်ထားခြင်း၊ကျောက်စီခြယ်ကွင်းလုပ်သူ' ဟူ၍ဂင်းတွေ့ရသည့်အနက်များမှာ ဟုတ်မဟုတ်မှန်မမှန်၊ တိကျသေချာခြင်းရှိ မရှိ သိရစေခြင်းငှာ၊ ဂုန်တန် အကြောင်းကို

မန္တလေးမြို့၌စုံစမ်းစေရာ၊ ရွှေသက်သက်လုပ်ငန်းကို **ပန်တိန်**၊ ရွှေနှင့်ကျောက်မျက်ရတနာစီ လုပ်ငန်းကို **ကျောက်ထည်လုပ်ငန်းပန်တိန်**၊ ကျောက်တုမျိုးစီချယ်သောလုပ်ငန်းကို **ဂုန္တန်** ဟုရွေးကခဲ့ခြင်းခေါ်ဆိုခဲ့ကြောင်းနှင့်၊ ရွှေဘိုခရိုင်၊ ရော်ဦးမြို့အနောက်ဖက်ရွာစ်မိုင်ခန့်အကွာတွင် **ဂုန္တန်** ရွာရှိ၍၊ ယင်းရွာ၌ရွေးကရုပ်ပွားတော်, ပလ္လင်တော်, သပိတ်တော် စသည်တို့၌ ကျောက်တုမျိုးဖြင့် စီချယ် လုပ်ဆောင်ပေးသော သူမျိုး နေထိုင်ခဲ့ ဖူးကြောင်း၊ ရွှေဟောင်း သုတေသန ဝန်ထောက် ဦးစိန်မောင်ဦးက စူးစမ်းအကြောင်းပြန်ကြားသည်။

ဦးစိန်မောင်ဦး စုံစမ်းရချက်အတိုင်းသော် **ဂုန္တန်** ဟူသည်ကျောက်တုမျိုးကို သာစီချယ်သောလုပ်ငန်းနှင့် ယင်းလုပ်ငန်းလုပ်သူဟုယူရမည်ကဲ့သို့ရှိသည်။ သို့ရာတွင် ဤအယူအဆမှာ မှန်ပုံမပေါ်၊ တက္ကသိုလ်မြန်မာအဘိဓာန်၌ ပေးထားသော အသုံးသာဓတို့အနက်၊ ရွှေဘုံနိဒါန်းတွင် 'ရတနာရွှေပြားတွင် ပတ္တမြားကျောက်ရိပ်စိပ်သော ဂုန္တန်ခြံရံလျက် ကမ္မတ်သတ်သကဲ့သို့၊' ဟူသောစကားနှင့်၊ ကဲ့ဝန်မင်းကြီးလန်ဒန်မြို့သွား မှတ်တမ်းတွင် 'ပတ္တမြားစီခါးကြိုး ၁၊ ပတ္တမြားစီ လက်ကောက်ရန်စုံ ၁ မျိုးကို အင်္ဂလိတ်ဘုရင်မသို့ ပေးရန်....လက်တတ်လက်ကောင်း ၉ ခေါင်းပန်းထိမ် **ဂုံတန်** (ဂုန္တန်) တော်တို့ကို လက်ကုန် ကောင်းမွန် အောင် လုပ်ဆောင်စေခြင်း' ဟူသောစကားတို့ကို ထောက်သော် အမျက်ကျောက်စမျိုးကိုလည်း ဂုန္တန်တို့စီချယ်လုပ်ကိုင်ရကြောင်းသိရသည်။ ဘုရင်သုံးရတနာရွှေပြားတွင် စီချယ်ရန်နှင့် အင်္ဂလိတ်ဘုရင်မသို့ လက်ဆောင်ပေးမည့် ခါးကြိုးနှင့် လက်ကောက်မျိုးတွင်စီချယ်ရန် ပတ္တမြားကျောက်မျိုးမှာ အတုမျိုးမဖြစ်သင့်, အစစ်မျိုးသာဖြစ်ရပေမည်။ ထို့ကြောင့် ဂုန္တန်ဆိုသည်မှာ ရွှေတုနှင့်ကျောက်တုမျိုးကိုသာမက၊ ရွှေစစ်နှင့်ကျောက်စစ်မျိုးကိုလည်း လုပ်ကိုင်သော လုပ်ငန်းနှင့် ပညာသည်ဟူသည်မှာ ထင်ရှားပေသည်။ ဤသို့ဖြစ်လျင်အဘယ်ကြောင့် **ပန်ထိန်** နှင့် **ဂုန္တန်** ဟူ၍ခွဲခြားခေါ်ဆိုပါသနည်း။ အကြောင်းရှိရပေမည်။

ဂုန္တန် စပ်အင်မျိုးကို ရှာဖွေကြည့်သောအခါ တွေ့ရပြန်သည်မှာ—

(၁)။ "ကလေးမှမွေ့သိမ်၊ ခေါက်ချိခေါက်ချိုး၊ သိန်းကုန္တန်ထိုးသည့်နှယ်၊ တန်ခိုးကြီးမား၊ နဂါးလိမ်နှင့်၊ လွှမ်းအိမ်ဖွဲ့ကာ။" ။မယ်ခွေဆို့ တော်သလင်းလဖွဲ့အဲ့။

(၂)။ "စန္ဒကိန္နရီ၊ ဇာတ်သဂီကို၊ စိန်ဝဇီရတ်၊ ဂုန္တန်သတ်သို့။" ။စန္ဒကိန္နရီပုံ၊ ၁။

(၃)။ "သခင့်သနစ်၊ အသစ်သစ်ကို၊ တစ်နှစ်အာကျ၊ လှစ်ကာပြမူ၊ အလှစံမြောက်၊ ဂုန္တန်ကျောက်သို့၊ ကြန်လျောက်ကျမ်းဝင်၊ ပြစ်မျိုးစင်၍၊ ဌက်တွင်မိုပတိ၊

ဖက်မရှိသည်၊နှင့်ငဝေရော်၊ ဆင်းရွေ့လျော်။” ။စန္ဒကိန္နရီပျို၊ ၁၁၉။

(၄)။ “တန်ခိုးထက်စု၊ ဖိုးနှင့်တိ၊ မျက်မြတခြည်၊ လှော်ကြည်ကြည်နှင့်၊ ဂေါ်ရည်မရိပ်၊ ကုန်တာန်နှိပ်လျက်၊ သိပ်သိပ်စေ့စပ်၊မြဲစေကပ်သို့။” ။အဘိရုက ပျို၊ ဂ၇။

(၅)။“နိတုံရောင်မြိုက်၊မကိုင်္ဂသင်းကျပ်၊ကျောက်စုံတပ်သား၊မြဲကြပ်ဂုန်တာန်၊ ရွှေနားပန်လည်း၊ဆယ်ဖန်မီးလှစ်၊ လှော်ဦးသစ်တည့်။” ။ မဃဒေဝ လင်္ကာသစ်၊ ၄၇၂ (ဟောင်း)။

စပ်အင်များကို ဆင်ခြင်လျင်လည်း အဖိုးအနှုတ်တန်သော ကျောက်များကို ဂုန်တန်တို့လုပ်ဆောင်ရကြောင်းသိသာပေသည်။**ဂုန်တန်**ကို **ဂုန်ဘာန်**ဟုအချုနှင့်ငင်း၊ **ကုန်တန်** ဟု ပထမအက္ခရာဖြင့်ငင်း ရေးသည်ကိုလည်း သတိမူသင့်သည်။ ၁၂၃၇ ခုစဲ့၊စစ်ကိုင်းမြို့၊ ဓမ္မိကချောင်၊ ဓမ္မိကာရာမဝိဇယဘူမိ သိမ်ကျောက်စာ၊ ၃ တွင် ‘ရတနာပုံမြို့တော်ကြီး၏အနောက်ပြင်၊ ဂုန်တံတန်းရပ်၊’ဟူသောအရေးကိုလည်း တွေ့ရသေးသည်။ ဤအချက်နှင့်အရေးကဲ့များထက် လေးနက်စွာ စဉ်းစားသင့်သောစကားများမှာ ‘ဂုန်တန်ထိုး၊ ဂုန်တန်သတ်၊ဂုန်တန်ခိုပ်၊ မြဲကြပ်ဂုန်တန်’ဟူသည်တို့ဖြစ်သည်။ ယင်းစကားများသည် ဂုန်တန်၏ လုပ်ငန်းစစ်၊ လုပ်ငန်းရင်းကို လင်းကျင်းလျက်ရှိသည်။

ရွှေထည်ကျောက်ပါပန်တိန်လုပ်ငန်းတွင် ကဏ္ဍကြီး နှစ်ရပ်ရှိသည်။ ရှေးဦးကဏ္ဍမှာ ရွှေထည်ကိုလုပ်၍၊ ကျောက်ထည့်ရမည့် နေရာများတွင် ကျောက်အိုး၊ ကျောက်အိမ်များကို အဆင်သင့် ဖေါ်ထားရန် ဖြစ်ပြီးလျှင်၊ နောက် ကဏ္ဍမှာ ဖေါ်ထားသောကျောက်အိုး,ကျောက်အိမ်တို့၌ကျောက်ကိုထည့်သွင်း,ဖမ်းသတ်ရန်ဖြစ်သည်။ ထိုကဏ္ဍနှစ်ရပ်အနက် ဒုတိယကဏ္ဍက ပို၍အရေးကြီးပုံရသည်။ အချို့ပန်တိန်ဖိုကြီးများ၌ တပည့်လက်သားတို့အား ရွှေထည်ကို လုပ်စေ၍ ဆရာကိုတိုင်ကျောက်ကို ထည့်လေ့,သတ်လေ့ရှိသည်ကို တွေ့ခဲ့ရဖူးသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်ကိုထည့်ရာ,သတ်ရာ၌ မထိမခိုက်,မပဲ့မကွဲစေပဲ၊ စွဲမြဲခိုင်ခံ့ရန်လိုသည်။ ကျောက်စစ်, ကျောက်ကောင်း, ကျောက်မာများကို ကိုင်ရသည်ထက်, ကျောက်တု,ကျောက်ညံ့,ကျောက်ပျော့များကို ကိုင်ရသည့်အခါ ပို၍မကွဲမပဲ့စေရန် ကျွမ်းကျင်မှုလိုသည်။ သို့ဖြင့် ရှေးမြန်မာမင်းများ လက်ထက်တွင်ယေဘုယျအားဖြင့်ရွှေထည်လုပ်ပန်တိန်နှင့်ကျောက်သုတ်,ကျောက်သတ်ဂုန်တန်ဟူ၍လုပ်ငန်းနှစ်ရပ်ကို ခွဲခြား သတ်မှတ်ထားဟန်တူသည်။ အထူးသဖြင့် မကိုင်္ဂတော်,စလွယ်တော်,ပလ္လင်တော်,ပုခက်တော်စသော ကျောက်ပေါင်းများစွာ စီချယ်ရမည့် အထည်ကြီးများကိုလုပ်သည့်အခါ **ပန်တိန်** နှင့် **ဂုန်တန်** လုပ်ငန်းတို့ကိုခွဲခြားဆောင်

ရွက်စေရန်လိုအပ်သည်။ကျောက်စစ်,ကျောက်ကောင်း,ကျောက်မာ များသာမက၊ ငကျောက်တု,ကျောက်သို့,ကျောက်ပျော့ များကို ထည့်သွင်း အသုံးပြုရမည့် လုပ်ငန်းများတွင် ပန်တိန်တော်များနှင့်ချည်းမပြီးနိုင်၊ ဂုန္တာန်တော်များလည်း ပါဝင်ဆောင်ရွက်မှပြီးပေမည်။ထို့ကြောင့် သေးငယ်သောလုပ်ငန်း၌ ရွေထည့်, ကျောက်ထည်နှစ်ရပ်စလုံးကို ပန်တိန် တဦးတည်းကသော်ငင်း၊ ဂုန္တာန်တဦးတည်းကသော်ငင်း ဆောင်ရွက်နိုင်မည် ဖြစ်သော်လည်း၊ ဂုန္တာန်၏ လုပ်ငန်းမှာ ပမာန အားဖြင့် ကျောက်သွတ်,ကျောက်ဖမ်း,ကျောက်သတ်ရန်သာလျှင် ဖြစ်ကြောင်း သိသာပေသည်။ ကဗျာစပ်အင်တို့တွင် 'ဂုန္တာန် ထိုး,သတ်,နှိပ်,မြဲ,ကြပ်'ဟူသော စကားများဖြင့် ဤဂုန္တာန်တို့၏ပမာနလုပ်ငန်းကိုပြဆိုလျက်ရှိသည်။ **ထိုး၊နှိပ်၊မြဲ၊ကြပ်၊သတ်** ဆိုသောစကားများဖြင့် ကျောက်ကို ကျောက်အိုး ကျောက်အိမ် အတွင်းသို့ထည့်သွင်းပြီးလျှင်၊စွန်ကုပ်စသည်ဖြင့် မလှုပ်ရှား,မကျွတ်ထွက်စေရန်ကုပ်နှိပ်ဖမ်းသတ်,စွဲမြဲထားခြင်းကိုပြသည်။သို့ဖြင့် **ဂုန္တာန်** ဟူသောစကား၏ ဇစ်မြစ်ကို ရှာဖွေရာ မွန်ဘာသာ၌ 'ဖမ်း၊ဆုပ်ကိုင်'ဟော **ဂိုင်** ပုဒ်နှင့်,'စွဲမြဲ၊တည်တံ့၊ခိုင်ခံ့' ဟော **တန်** ပုဒ်တို့ကိုတွေ့ရသည်။ထိုနှစ်ပုဒ်ကိုတဲ့ဖက်ကာ **ဂိုင်တန်** ဟု ဆိုသည်မှ **ဂုန္တာန်** ပုဒ်ကိုရအပ်သည်။ အနက်ရင်း 'စွဲမြဲ၊တည်တံ့၊ ခိုင်ခံ့အောင်ဖမ်း,သတ်' ဟောဟူ၏။ဤအနက်မှသာ 'ကျောက်ကို စွဲမြဲ တည်တံ့အောင် ဖမ်းသတ်သော လုပ်ငန်း၊ ယင်းလုပ်ငန်းကို လုပ်သူ' ဟူ၍ ရအပ်သည်။'ကျောက်စီခြယ်သွင်းလုပ်ထားခြင်း'ဟူသည်မှာ တဆင့်ပွား,တင်စားအနက်သာဖြစ်၍၊ 'အမျက်ကျောက်တု'ဟူသည်မှာ လွန်စွာအဆက်ဝေး၍၊ အဆင့်ဆင့်တွေးမှ သက်ရောက်နိုင်သော အနက်ဟုဆိုရာ၏။

ဤသို့လျှင် **ဂုန္တာန်** နှင့် **ပန်တိန်** လုပ်ငန်းများကို ခွဲခြား မှတ်သားရသည်။ **ဂုန္တာန်** နှင့် **မှန်စီရွှေချ** လုပ်ငန်းတို့ကိုလည်း မရောထွေးရာ။ ဂုန္တာန်လုပ်ငန်း၌ ပန်တိန်လုပ်ငန်းပါဝင်၍၊မှန်စီရွှေချလုပ်ငန်း၌ ပန်တိန်လုပ်ငန်းအလျင်းမပါဝင်၊ဖန်မှန်များကို ခွဲဖြတ်၍ သစ်စေးသားရိုးကိုင် စီချယ် ရွှေချခြင်းသာ ဖြစ်သတည်း။

၂၃။ ငါးဝိ၊ငံပြာရေ

ငါးဝိ သည် ပုဂံခေတ်လောက်မှစ၍၊ မျက်မှောက်ခေတ်တိုင်အောင် မြန်မာတိုင်းရင်းသားတိုင်းလိုလို စားသုံးလာခဲ့သောအစာဖြစ်၍၊ **ငါးဝိ** ဆိုသောစကားသည်လည်း နွေစဉ်နွေတိုင်းလိုလို ပြောဆိုသုံးစွဲလျက်ရှိသော ဝေါဟာရဖြစ်သော်

လည်း၊ **ငါးဝိ** ၏ အတိအကျအနက်အဓိပ္ပါယ်ကိုသော်၊ မည်သူမျှ မဖွင့်ဆိုခဲ့သေးသဖြင့် သိသူလည်း နည်းပေလိမ့်မည်။ ယုဒသန်၏ မြန်မာ-အင်္ဂလိပ် အဘိဓာန်၌သော်၊ ' ငါးကိုဆားသိပ် ဖိနှိပ်ပြုပြင်ထားသောအရာ၊ ငါးကိုနှဲထားသောအရာ၊ ငါးနှဲ'ဟု **ငါးဝိ** ၏ အဓိပ္ပါယ်ကို ဖော်ပြထားရာ၊ **ငါးဝိ** ၏ ဗျုပ္ပတ်ကို အံတော်ဆောင်လျက်ရှိသည်ဆိုရာ၏။

ငါးဝိ အရေးကို စာကြို ဖုရားလှ ကျောက်စာနှင့် ပရိမ္မထီးလိုင်ရွှင် စေတီကျောက်စာတို့တွင် အောက်ပါအတိုင်း အစောဆုံးတွေ့ရသည်။

(၁)။ "**ငဝိ** နှင် ငါဟင်ခတ်ဖွယ်စိစိမ်ဟူရယ် (ငပိနှင့် ငါးဟင်းခတ်ဖြစ်စိမ့်ဟူ၍)။" ။၅၅၄ ခုစဲ့၊ စလေမြို့၊ စာကြို့ဖုရားလှကျောက်စာ။

(၂)။ "ကသွန်မိန်နှင်ငြုတ်ချင်ဆာ **ငါဝိ** မုဉ်ကြိုန်ယမကြွင်ဝင်မနာကီတွင် ထုတ်ရွယ်လှူ၏ (ကသွန်မိန်နှင့် ငြုတ်,ချင်း,ဆား, **ငါးဝိ** မုညင်းကြိမ်နှယ်မကြွင်း၊ဝင်မနာကျီတွင်ထုတ်၍လှူ၏)။" ။၄၆၉ ခုစဲ့၊ မြောင်မြို့နယ်၊ ပရိမ္မရွာ၊ ထီးလိုင်ရွှင်စေတီကျောက်စာ။

ပရိမ္မထီးလိုင်ရွှင် ကျောက်စာတွင် သကရာဇ်ကို ၄၆၉ ဟု တပ်ထားသော်လည်း၊ယင်းနှစ်ကျန်စစ်သားမင်းလှက်ထက်တွင်ပင် ရေးထိုးခဲ့ပုံမပေါ်၊စာအရေးအသားနှင့် သုံးစွဲထားသော စကားများကိုထောက်သော်၊ ပုဂံခေတ် သကရာဇ် ၆၅၀ ကျော်ခန့်လောက်တွင်ကျမှ၊ ရှေးကတနည်းနည်းဖြင့် မှတ်သားထားသည်တို့ကို၊ထိုခေတ်ရေးနည်းဖြင့်ကျောက်ထက်တင်သည်ဟု ထင်ဖွယ်ရှိသည်။ကျောက်စာတွင် **ကသွန်မိန်** ဆိုသည်မှာ **ကြက်သွန်မြိတ်** ဟု ယူဖွယ်ရှိကြောင်း **ကသွန်** ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည်။ **မုညင်း** မှာ ခေတ် အရေးအခေါ် **မုန်ညင်း** ဖြစ်သည်။ **ဝင်မနားကျီ** ဆိုသော အမည်ကို နောက်ခေတ် များတွင်လည်း မှည့်ခေါ်လေ့ ရှိသည်။ ပစ္စည်းဘဏ္ဍာများ မရပ်မနား,နေ့စဉ်အမြဲ ဝင်နေသည်ဟူသော သြဘာနိမိတ်ဖြင့် ကျီများကို **ဝင်မနား** ဟု မှည့်ခေါ်သည်။ ကျောက်စာပါ အလှူပစ္စည်းများဖြစ်သော ကြက်သွန်မြိတ်၊ချင်း၊ဆား၊ငါးပိ၊မုန်ညင်း၊ကြိမ်နှယ်ဆိုသည်တို့မှာ ပုဂံခေတ်မှ မျက်မှောက်ခေတ်တိုင် မီးနေသည်များစားသုံးလေ့ရှိသည့်အရာများဖြစ်သည်။မိမိ၏မယ်တော်သည် ပရိမ္မအရပ်၌ ဆင်းရဲငြိုငြင်လျက်နေရစဉ် မိမိအားမွေးဖွားခဲ့ရသည်ကို မှတ်သား သတိရသည့် အနေဖြင့်၊ကျန်စစ်သားသည် နောင်မင်းဖြစ်လာသောအခါ၊ ဤအရပ်၌စေတီတည်၍၊ မီးနေသည်များ စားသုံးသည့် ပစ္စည်းများကို လှူဒါန်းခြင်းပြုသည်။ ပရိမ္မစေတီအနီးတွင် ဟင်းခါးဂူဟု ခေါ်တွင်လျက်ရှိသော ဂူငယ်တခုလည်း ရှိသေးသည်။ ယင်းဂူငယ်ဖြင့် ကျန်စစ်သား၏မယ်တော် ဟင်းခါးချက်ပြုတ် သုံးဆောင်လေ့ရှိ-

သည့်နေရာကို မှတ်သားထားသည်ဟု ထိုအရပ်၌ အဆိုရှိသည်။ ဤကဲ့သို့သောအ ထောက်အထားများရှိပါလျက်၊ကျန်စစ်သားမှာ ပရိမ္မအရပ်မှေး မြန်မာမဟုတ်၊ ကျောက်ဆည်နယ်ဇာတိ မွန်လူမျိုးဖြစ်သည်ဟု အချို့သုတေသီတို့ ယူဆ မိန့်ဆိုရဲသည်မှာ အံ့သြလောက်ပါပေသည်။

ငါးဝိ တွင် **ဝ** ပုဒ်နှင့်စပ်လျဉ်း၍ စဉ်းစားဖွယ်ရာ ' အင်ကတိယ်ထောင်ခ **ဝ သည်** ပိယ်သောစပါ ၁၂၀ (အင်းကတေထောင်းခ ပိသည် ပေးသောစပါး ၁၂၀)။' ဟူသော အရေးကို ပုဂံမြို့၊ စောလှဝန်း ဖုံရား ကျောက်စာ၊ ကျော၊ ကြောင်းရေ ၉ တွင် တွေ့ရသည်။ယင်းကျောက်စာတွင်အင်းကတေထောင်းသူကို **ဝိသည်** ဟုခေါ်လျက်ရှိရာ၊ **ဝ** ၏အနက် **ထောင်း၊ထု၊ခြေ** ဟု ပေါ်ထွက်လျက်ရှိသည်။ယင်းအနက်ဖြင့် **ဝ** ပုဒ်ကိုယူသော် **ငါးဝိ** ၏အနက် **ထောင်းထုခြေထား သောငါး၊ငါးထောင်း၊ငါးကြေ** ဟု ပေါ်ထွက်ပေမည်။

တဖန်မြန်မာဘာသာ၌ **ပ** ပုဒ်မှ **ဖ** ပုဒ်သို့သက်ခဲ့သော သာဓကအများပင်ရှိသည်။ဥဒါဟရဏ်ဆောင်ရသော်၊ယခု **ဆုန်းဖြတ်** ဟုရေးဆိုသည်၌ **ဖြတ်** ပုဒ်ကို ရှေးပုဂံခေတ်၌ **ဗြတ်** (အမှုကိုပြတ်၊ကုန်အဖိုးကိုပြတ်)ဟူ၍ငင်း၊ ယခု **ဖန်ဆင်း၊ ဖန်တီး** ဟုရေးဆိုသည်၌ **ဖန်** ပုဒ်ကို ရှေးက **ပန်** (ပန်ခီ၊ပန်ပု၊ပန်ထိန်)ဟူ၍ငင်း၊ ယခု **ဖုရား**(ဘုရား)ဟုရေးဆိုသည်ကို ပုဂံခေတ်၌ **ပုရာ** ဟူ၍ငင်း ရေးဆိုခဲ့သည်။ ထို့ကြောင့် ယခု **ဖိ** (ဖိနှိပ်၊ဖိသိပ်၊ဖိထောင်း)ဟု ရေးဆိုသောပုဒ်ကို ရှေးက **ဝိ** ဟု ရေးဆိုခဲ့သည်မှ **ငါးဝိ** ဟူသောစကား ဖြစ်ပေါ်လာသည်ဟူသင့်ပြန်သည်။ ဤသို့ယူသော် **ငါးဝိ** ၏အနက်'ဖိနှိပ်ထားသောငါး၊ဖိသိပ်ထားသောငါး၊သိပ်နှိပ်ထား သောငါး၊ဖိထောင်းထားသောငါး'ဟုပေါ်ထွက်ပေမည်။ဤသို့ပေါ်ထွက်သော အနက်များသည်လည်း အထက်၌ဖေါ်ပြခဲ့သော'ထောင်းထုခြေထားသောငါး၊ ငါးထောင်း၊ငါးကြေ'ဆိုသည်နှင့်များစွာကဲပြားခြင်းမရှိဟု ဆိုရာ၏။

မြန်မာဘာသာ 'ထောင်း၊ထု၊ခြေ။သိပ်၊နှိပ်'ဟော **ဝိ၊ဖိ** နှင့် မိတ်တူပုဒ်များကိုလည်း အနွယ်တူဘာသာတို့၌တွေ့ရသည်မှာ—

ဘာသာ	စကား	အနက်
၁။ တရုတ်	ပိ၊ပိက်၊ပိအောက်(K.52)	သိပ်၊နှိပ်၊ဖိ၊ကျပ်၊
	ဖိ၊ ဖဲ၊ ဖိအေ (K.714)	ပုတ်၊ရိုက်၊တွန်း၊
၂။ ထိုင်	ပီး(ဗီး)	ဖိ၊နှိပ်၊ခြေ၊တွန်း၊
	ပိပ်(ဗိပ်)	ဖိ၊နှိပ်၊သိပ်၊နယ်၊
၃။ သျှမ်း	ပိက်	ပုတ်၊ခတ်၊
	ပိတ်	တွန်း၊ကန်၊

၄။ အဗောမိရီ	ပိ	ပုတ်၊ခတ်၊တီး၊
၅။ မိကီရ်	ပိ	ခုတ်၊ဖြတ်၊ချိုင်။
၆။ လခဲရ်ချင်း	ဖိ	ဖိနှိပ်။

မြန်မာဘာသာ**ငါးဖိ** တွင် **ဖိ** ပုဒ်သည်၊**ဖိ၊နှိပ်၊သိပ်** ဟော တရုတ်ဘာသာ **ဖိ** ပုဒ်၊ထိုင်သာသာ **ဗီး** ပုဒ်တို့နှင့် အသံအနက် နှစ်ရပ်စလုံး၌ အနီးစပ်ဆုံးဖြစ်သည် ဆိုရာ၏။ထို့ကြောင့် **ငါးဖိ** ၏မျဉ်းစွာသေယူဆခဲ့သည့်အနက်တို့တွင် **'ဖိ၊နှိပ်, သိပ်ထားသောငါး၊'**ဟူသည်မှာ မူရင်းအကျဆုံးဖြစ်ပုံပေါ်သည်။

မြန်မာအခေါ် **ငံဖြာရေ** ဆိုသည်တွင် **ငံဖြာ** ပုဒ်သည်၊ ယိုးဒယားအခေါ် **နာ ံ လ္ဝာ** ပုဒ်သက်ဖြစ်သည်။ယိုးဒယားဘာသာ၌ **နာ ံ** ၏အနက် **ရေ** ဟော၊ လ္ဝာ ၏အနက် **ငါး** ဟောဖြစ်ရာ၊ **နာ ံ လ္ဝာ** ၏ အနက် 'ငါးရေ၊ငါးပိမှထုတ်သောအရေ'ဟူ၏။ယိုးဒယား **နာ ံ** ပုဒ်ကို မြန်မာက **ငံ** သို့လဲပြောင်းယူလိုက်ပြီးလျှင် **လ္ဝာ** ပုဒ်ကိုလည်း **ဖြာ** သို့ဖလှယ်လိုက်သဖြင့် **ငံဖြာ** ပုဒ်ကိုရအပ်သည်။ ထိုတွင်တဖန် **ရေ** ဟော ပုဒ်ပါပြီးဖြစ်သော်လည်း၊မသိတော့သဖြင့် ရှင်းသည်ထက်ရှင်းအောင် **ငံဖြာရေ** ဟု **ရေ** ကိုထပ်မံထည့်သွင်းရေးဆိုပြန်သတည်း။

၃၃။ ငုစုံ(ငုံစုံ၊ငုံ့စုံ)ပစ်မိ၊အန်သိအလား

ဆုတောင်းခဏ်းပျို၊အပိုဒ် ၁၅၂ တွင် 'ငုံစုံပစ်မိ၊အန်သိအလား၊' ဟူ၍ငင်း၊ 'ငုံ့စုံပစ်မိ၊ အန်သိအလား၊' ဟူ၍ငင်း၊ မူနှစ်မျိုး ကဲ့လျက် ရှိသော စပ်အင်တွင်၊ **ငုံ့စုံပစ်** ဟူသောအမြစ်နှင့် စပ်အင်စကားကို၊တက္ကသိုလ်မြန်မာအဘိဓာန်၌ 'မည်သူကိုမျှဂရုမစိုက်။မည်သည့်အရာကိုမျှအလေးမမူ။ အလုံးစုံလျစ်လျူပြုသည်။'ဟု အနက်ပေးထားသည်ကိုတွေ့ရသည်။

စကားတို့တွင် ဓာတ်အနက်, မူရင်းအနက်, တိုက်ရိုက်အနက်နှင့် လက်သုံး အနက်,တင်စားအနက်,တန်ဆာဆင်အနက် ဟူ၍ ပဓာနအားဖြင့် နှစ်မျိုး နှစ်စား ရှိရာ၊တက္ကသိုလ်အဘိဓာန်၌ပေးထားသော **ငုံ့စုံပစ်** ၏အနက်မှာမည်သည့်အမျိုးအစားအောက်တွင်ပါသည်ကို ကျွန်ုပ်တို့ဖြင့်စဉ်းစား၍မရပါ။ **ငုံ့စုံပစ်၊ ငုံ့စုံပစ်** ဟူသောစကားကို အစောဆုံးတွေ့ရသည်မှာ အောက်ပါအတိုင်း ဆုတောင်းခဏ်းပျို၊ အပိုဒ် ၁၅၂ ၌ ဖြစ်ပါသည်။

"ပဓာန္ဓိုင်းချ၊နှုန်းနှုန်းဆအံ့၊ ဘုမနက်သန်၊မြေကြန်သိပြီး၊ လုပ်ပွန်းတီးသည်၊ အသီးစားနွေ့၊စိုက်မိရွေ့လျင်၊ တစေ့အတွက်၊တပင်နက်ကို၊ပုတ်ကက်သရိုင်၊ထည့်

မနိုင်မျှ၊လိုတိုင်းရသို့၊ ကြားကလူတွင်၊ ယုတ်မြတ်အင်ကို၊ နားဝင်သိကြုံ၊ ငါလျှင် တုံလည်း၊ ငုံစုံ (ငှုံစုံ) ပစ်မိ၊အန်သိအလား၊ ရှည်လျားကမ္ဘာ၊သံသရာတွင်၊အကြင် မျှလောက်၊ မပျောက်ခန္ဓာ၊ ရင်းခြာသန်သန်၊ နိဗ္ဗာန်မြေခိုင်၊ မတိုင်သရွေ့၊ ဖုန်း မျိုးစေ့ကို၊ လွှဲလွှဲများများ၊ စိုက်မြှုပ်ထားလျက်၊ ဖုရားသခင်၊ ဤချစ်ရှင် ဝယ်၊ခုခါရွယ်၌၊လိုမယ်လိုတောင်း၊စုံစေ့ကောင်း၏၊မိုးနှောင်းသံထင်၊ဤတွင်မေ့ ကျန်၊သည်မှလွန်သော်၊မထွန်မြေအား၊ကြဲချေမှားသို့၊မပွားနောက်ရှန်း၊ ကာလ သုန်းဝယ်၊ ရှေဖုန်းဖုရား၊ ကြိုးကြားပင့်ခဲ့၊ မကြိုက်ဖဲမူ၊ တကဲတကဲ၊ အမြဲမဟုတ်၊ နှောင်းနှောင်းယုတ်၏၊ နောက်ဆုတ်မျိုးနည်း၊ အရှည်ဆည်းသော်၊ အချည်းမရှိ စေထိုက်တည်း။"

ဤအပိုဒ်ကို 'မိုးနှောင်းသံထင်' အဖွင့်ဋ္ဌလည်း တော်တော် ရှည်ရှည် လျား လျား ထုတ်နုတ်တင်ပြ၍၊ ဝေဘန်ရှင်းလင်းခဲ့ရပြီ။ဤတွင်လည်း တပိုဒ်လုံးကိုပင် တင်ပြ၍ ဝေဘန်ရှင်းလင်းမှသာ၊ **ငုံစုံ (ငှုံစုံ) ပစ်** ၏ အနက် အဘဝေါဟ်ကို၊ က လော်ရှိရပေမည်။ တပိုဒ်လုံးတွင်အစိတ်အပိုင်းကြီး သုံးခုနှင့်၊ အစိတ်အပိုင်းငယ် တခုပါဝင်သည်။အစိတ်အပိုင်းကြီးသုံးခုတွင် နှိုင်းယှဉ်ချက်ဥပမာများနှင့်တင်ပြ ထားသည့်အချက်ကြီးသုံးချက်ပါဝင်၍၊အစိတ်အပိုင်းငယ်မှာနိဂုံးချုပ်ဖြစ်သည်။

(၁)။ ပထမအစိတ်အပိုင်းမှာ'ပမာနှိုင်းချ၊'ဟူသောအစပိုဒ်မှ'လိုတိုင်းရသို့၊' ဟူသောအပိုဒ်အထိ။ ဤတွင်ဆိုလိုရင်းမှာ ' နှိုင်းယှဉ်စရာ၊ ဥပမာပြရသော်၊ မြေ ကြန်ကိုလည်းသိ၊ အလုပ်၌လည်းတတ်ကျမ်းသူသည်၊ အသီးအနှံအထွက် ကောင်း တတ်သည့်နေ့ကောင်းရက်သဘကိုရွေး၍၊မျိုးစေ့ကိုစိုက်ကြဲလျင်၊တစေ့တပင်မှပင် ပုတ်ကက်သရိုင် အပြည့်အလျှံမျှ အသီးအနှံများကိုရသကဲ့သို့၊'ဟူ၏။

(၂)။ ဒုတိယအစိတ်အပိုင်းမှာ 'ကြားကလူတွင်' အပိုဒ်မှ၊ 'စုံစေ့ကောင်း ၏၊' အပိုဒ်ထိ။ ဤတွင်လိုရင်းအချက်မှာ၊ 'ငုံစုံကိုမိမိရရ ပစ်နိုင်သည့် ကြေအန်၌ တတ်ကျမ်းသောသူကဲ့သို့၊ဤလူ့ဘောင်တွင်ယုတ်မြတ်တရားနှစ်ပါးကိုကြားနာ, ကြုံတွေ့, သိမြင်ပြီးဖြစ်သော ငါတုံသည်လည်း၊ ခန္ဓာအကြွင်းမဲ့ ချုပ်ငြိမ်းရာ ဖြစ် သော နိဗ္ဗာန်သို့မရောက်သေးမီအတွင်း၊နောင်လိုသ၍ ပြည့်စုံစေခြင်းငှါ၊ဤသျှင် ချစ်ဖုရားထံ၌ ကုသိုလ်ပုညမျိုးစေ့ကို မြောက်မြားစွာ စိုက်ပျိုး ထားသင့်သည်၊' ဟူ၏။

(၃)။ တတိယအစိတ်အပိုင်းမှာ 'မိုးနှောင်းသံထင်၊'အပိုဒ်မှ'နှောင်းနှောင်း ယုတ်၏၊' အပိုဒ်အထိ။ ဤအပိုင်းတွင်ဆိုလိုရင်းအချက်မှာ 'ဤဘဝတွင်မေ့ကျန် ၍၊ နောင်မိုးကုန်,ဆောင်းပေါက်၊ ဆီးနှင်း ကျရောက် လာသောအခါမှ မြေကို လည်းကောင်းစွာမထွန်ပဲ၊ မျိုးစေ့ကိုအကြဲမှားသော်၊ မျိုးမပြန့်ပွား, မျိုးစေ့ဆုံး

ရုံသာရှိသကဲ့သို့၊ နောင်ကြိုးကြားပွင့်သော ဖုရားသျှင်တို့နှင့် မကြုံကြိုတ်ပဲ၊ ဆိတ်သုန်း နေသောကာလနှင့် ကြိမ်ချေသော်၊ ကြာလေ အကျိုးယုတ် ဇလသာ ရှိရာသည်၊' ဟူ၏။

(၄)။ ကျန်နိုဂုံးအပိုဒ်ငယ်၏ ဆိုလိုရင်းအချက်မှာ 'အချိန်ကို ကြာရှည်ဆွဲ၍ နေသော်၊ မျိုးဆုတ်ယုတ်ပျက်စီးသကဲ့သို့ အချည်းနှီးသာ ရှိပေမည်။ ထိုသို့ မဖြစ်စကောင်းချေ၊' ဟူ၏။

အပိုဒ်များကို ဤသို့သေချာစွာခွဲခြား စိစစ်လိုက်သော်၊ ဤ လူ့ဘောင်တွင် ယုတ်မြတ်တရားနှစ်ပါးကိုကြားနာ, တွေ့ကြုံ, သိမြင်ပြီးဖြစ်သော သုမေဓာ သျင်ရသေ့အား ငုံစုံကိုမလွဲတမ်းပစ်နိုင်သည့်,တတ်ကျွမ်းသောကြေအန်သမားနှင့် နှိုင်းယှဉ်ဖေါ်ပြလျက်ရှိကြောင်းသိသာပေသည်။ထို့ကြောင့် **ငုံစုံပစ်မိ** ဆိုသည်တွင် **မိ** ပုဒ်ကို၊ 'အပြစ်ကိုပြုမိသည်၊' ဆိုသည်၌ကဲ့သို့၊ ဝမ်းနည်းခြင်း, နောင်တရခြင်းကိုဖေါ်ပြသော **မိ** ဟုမယူရာ။ 'အလုပ်၌မိရသည်, မိမိရရရှိသည် ' ဆိုသည်၌ကဲ့သို့'မလွဲမဖယ်,အကယ်ပြုလုပ်နိုင်စွမ်းရှိခြင်း'ကိုဖေါ်ပြသည့် **မိ** အနေဖြင့်ကောက်ယူသင့်သည်ထင်၏။သို့တည်းမဟုတ် **ငုံစုံပစ်မိ** ဟုချီးမွမ်းသည့် အနေဖြင့်ရှိ လျင်လည်း သင့်ပေမည်။ထို့ကြောင့် ကြေအန်၌ **ငုံစုံပစ်** ဟူသည်မည်သည့်အမှု ဖြစ်ပါသနည်းဟု နောက်ထပ်စိစစ်ရန်လိုသည်။

ဆုတောင်းခံဏ်းပျိုစပ်အင်တို့တွင် **'ငုံစုံပစ်၊ ငုံစုံပစ်** ဟု ကွဲပြားနေချက်တွင် **ငုံစုံ၊ငုံစုံ** တို့မှာ ဝိဓုရဇာတ်တော်ကြီးဝတ္ထုနှင့် ဝိဓုရပျိုတို့တွင် **ငုစုံ** ဟု ရှိသော စကားပင်ဖြစ်သင့်သည်။ **ငုစုံ** ကိုပင်အဖတ်အယူ,အတည်းအဖြစ်မှားခဲ့သဖြင့် **ငုံစုံ၊ ငုံစုံ** ဟုအချို့မူတို့တွင် ပါရှိနေသည်ဟု ထင်ဖွယ်ရှိသည်။ **ငုစုံ** ကို ဝိဓုရပျိုး၊စာဆိုတွင်းသင်းတိုက်ဝန် မဟာစည်သူနှင့်၊ ဝိဓုရဇာတ်တော်ကြီးကို ရေးဖွဲ့သူ မင်းပူးဆရာတော်သျင်ဩဘာသတို့က ကြေအန်တွင် **နှစ်ပေါက်၊နှစ်ပွင့်** ဟောဟုယူ၍၊ **ငု** ကိုသော် **တစ်ပေါက်၊ တစ်ပွင့်** ဟောဟု ယူဆဖေါ်ပြခဲ့ကြသည်။ ဤအယူအဆကို စိစစ်ရာ လွဲမှားနေကြောင်း တွေ့ရသည်။ ဝိဓုရပျိုတွင် ကြေအန်များ အကြောင်းဖေါ်ပြခဲ့သည်မှာ—

"နရာသဘ၊ဇုတလက္ခဏာ၊အန်ခြင်းရာ၌၊လိမ္မာနက်တံ၊သူနှင့်ဆံသား၊ **ဧသံ သေ့ငု**၊ ဤလေးခု၏၊ စတုဝိသ၊ ကျရာတွင်ရော၊ **ဧ** ကားမှတ်လောက်၊ တွင်းစုံပေါက်သည်၊ရှစ်ပေါက်စီမံ၊ **သံ** ကားထိုအောက်၊နှစ်စုံပြောက်၍၊ခြောက်ပေါက်စေ့စေ့၊ **သေ** ကားမြော်ထောက်၊လေးပေါက်ဗိန္ဒု၊ **ငု** ကား ဆုံးရောက်၊ သုံးခုနောက်ဝယ်၊နှစ်ပေါက်မျသာ၊ဤသို့လာ၏၊ဖွဲ့ရျာစစ်ကြစေသတည်း။"

ဆရာတော်သျင်ဩဘာသကသော် ကြေအန်အခေါ်များကို အမျိုးမျိုးပင်ပြ

ခဲ့သည်အနက် အောက်ပါနှစ်မျိုးမှာ အရှင်းဆုံးနှင့် အသိရအလွယ်ဆုံးဖြစ်သည်။

(၁)။ "**သေ** ဟူသောအနှစ်ရှိသည်ကား ရှစ်ရေးရှိ၏။ **သံ** ဟူသောအနှစ်ရှိသည်ကား ခြောက်ရေးရှိ၏။ **အိမ်စေ** ဟူသောအနှစ်ရှိသည်ကား လေးရေးရှိ၏။ **ငုံ**ကား နှစ်ပေါက်ရှိ၏ဟူ၍ မြတ်စွာဖုရားသည်ဟောတော်မူအပ်၏။ ။ဤလည်းတနည်း။"

(၂)။ "**သေ**ကားအရေးဗိန္ဓုလေးခု၊ **သံ**ကားအရေးဗိန္ဓုသုံးခု၊ **အိမ်စေ**ကားအရေးဗိန္ဓုနှစ်ခု၊ **ငုံ**ကားအရေးဗိန္ဓုတခု၊ဤကားအနှစ်ပစ်တချောင်းတွင်ကိုသာဆိုသည်။ တချောင်းမှာလည်းဤမျှငုံးတည်း။နှစ်ချောင်းသော်အရေးနှစ်ဆယ်ရှိ၏။"

ဝိဓုရဇာတ် အဋ္ဌကထာတွင် ၁၊ ၆၊ ၄၊ ၂ ဟု အသီးသီးပြသော 'မာလိကံ၊ သာဝဏ္ဏံ၊ ဗဟုလံ၊ သန္တိ' ဟူသော အခေါ်များကို၊ ဝိဓုရပဏ္ဍိတ်တွင် **ဧကုံ၊ သံဒုံ၊ သေ့ုံ၊ ငုံ** ဟုပြု၍၊ ဝိဓုရဇာတ်တော်ကြီး ဝတ္ထုတွင် **သေ၊ သံ၊ အိမ်စေ၊ ငု** ဟုပြုလျက်ရှိသည်။စင်စစ်သော် ဝတ္ထုတွင်လည်း **ဧသေုံ၊သံဒုံ၊အိမ်စေဒုံ၊ ငုံ** ဟုပင်ပြသင့်သည်။အဘယ်ကြောင့်ဆိုသော် အောက်တွင် တဖန် **တချောင်းစီ**၊ ဝါ၊ **အန်တလုံး** စီကိုပြသောအခါ **သေ** ၌ **၄၊ သံ**၌ **၃၊ အိမ်စေ**၌ **၂၊ ငု**၌ ၁ ဟုဆိုပြန်သောကြောင့်ဖြစ်သည်။

အန်အကြောင်းကို ပြကြရာ၌ အဋ္ဌကထာနှင့် ပျို၌ဌင်း၊ ဝတ္ထု၌ဌင်း သေချာပြည့်စုံခြင်း မရှိချေ။ အန်အလုံးပေါင်းမည်မျှ ကစားသည်ဟုလည်း မပါရှိ။ **စုံ၊ တချောင်း၊ နှစ်ချောင်း** ဟူသော ပျို၌နှင့်ဝတ္ထုလာ စကားတို့ကို ထောက်သော်နှစ်လုံးကစားဟန်ရှိသည်။အန်တလုံးတွင်လည်း ၆ မျက်နှာရှိ၍၊ ၁ နှင့် ၂၊၃ နှင့် ၄၊၅ နှင့် ၆ အပေါက်အပွင့်ကလေးများကျောချင်းကပ်လျက်တည်ရှိသော်လည်း အားလုံးကိုမပြ၊ ၁၊ ၂၊ ၃၊ ၄ ဟူ၍ လေးမျက်နှာ အခေါ်များကိုသာ ပြသည်။ ယင်းအခေါ်များကို၊ရှေးဟောင်းမြန်မာ့စဉ်လာ အခေါ်များဖြင့် ဟပ်၍ပြထားသည်၌လည်း မှန်ပုံမပေါ်၊ ကျွန်ုပ်တို့ နှိုက်ချတ် စူးစမ်းကြည့်သောအခါ ချတ်လွဲနေကြောင်းတွေ့ရသည်။မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ ၃၁၊ အပိုင်း ၁ (၁၃၁၂ ခု၊တန်းခူးလ၊၁၉၅၀ ခု၊ပြီလထုတ်)၌၊သမဝါယမမင်းကြီးဟောင်းမစ္စတာ၊စီ၊ဒဗလျူး၊ဒန်း က၊ရှေးဟောင်းခေတ် ကြွေအန်ကစားပုံများကို သုတေသနပြု၍ အကျယ်ဖေါ်ပြထားရာဝယ်၊ရှေးအခါက အန်အများဖြင့် သော်၎င်း၊ သုံးချောင်းဖြင့်သော်၎င်း၊ကစားလေ့ရှိခဲ့၍၊အန်အချောင်းရှည်များကိုလေးမျက်နှာ၌သာ အမှတ်အသားများပါ၍၊ခြေနှင့်ထိပ်တို့တွင်မပါသည်လည်းရှိကြောင်းဆိုသည်။ ဤအချက် အလက်များကို ရှေ့လွန်းမည်ဖြစ်၍ ဤ၌ ဆွေးနွေး ဝေဘန်

ခြင်းမပြုလိုပေ။

မြန်မာ့ ရှေးဟောင်းစည်လာ အခေါ်များတွင် **ဇ၊ သံ၊ သွေ့၊ ဉ** ဟူသော ဝိဓုရပ္ပါထွက်အခေါ်တို့မှာ မူလအမှန်အတိုင်း ဖြစ်ပုံပေါ်သည်။ ဝတ္ထုတွင် **သေ၊ သံ၊အိမ်စေ၊ဉ** ဟုပြုသည်မှာကာလ၊ဒေသအားဖြင့် ကွာခြားသွားသောကြောင့် အနည်းငယ်ကွဲပြားခြင်းမျှသာဖြစ်တန်ရာသည်။မူလအမှန်ဟုယူဖွယ်ရှိသော **ဇ၊ သံ၊သွေ့၊ဉ** ဟူသောအခေါ်တို့ကိုသုတေသနပြုကြည့်ရာ၊ယင်းတို့မှာခေတ်တရုတ်ဘာသာနှင့် အသင့်အတင့်ကွဲပြားသေးသော၊ရှေးဟောင်း တရုတ်ဘာသာစကား ၂၊ ၃၊ ၄၊ ၅ အခေါ်များဖြစ်သင့်ကြောင်း အောက်ပါအတိုင်းတွေ့ရသည်။

မြန်မာ၊	ခေတ်တရုတ်၊	ရှေးဟောင်းတရုတ်၊	အနက်
ဇ	အဲရ်	နှ်ဇီ	၂
သံ	သန် (san)	သံ (sam)	၃
သွေ့	သိ၊သု (si̋,szű)	သိ (si)	၄
ဉ	အု၊ဝု (u,wu)	ဥ အော(ngguo)	၅

ဤသို့တိုက်ဆိုင်လေ့လာကြည့်သော်အခါ၊ မြန်မာအခေါ်များသည်၊မင်းသုံးတရုတ်ခေတ်တရုတ်အခေါ်များထက်၊ရှေးဟောင်းတရုတ် အခေါ်များနှင့် လွန်စွာပိုမိုနီးစပ်နေကြောင်းတွေ့ရရာ၊ မြန်မာတို့သည် ရှေးပဝေဏီကာလကပင်၊ အန်ကစားခြင်းနည်းများနှင့်အခေါ်များကို အခြားသုံးပုံဖဲ့,ကက်,မကျေငး စသည်တို့ကိုကဲ့သို့ တရုတ်လူမျိုးတို့ထံမှရယူသိမ်းပိုက်ထားခဲ့သည်ဟူသောအချက်မှာထင်ရှားပေတော့သည်။ သို့ရာတွင် ယင်းအခေါ်များကို သိမ်းပိုက်ထားခဲ့ရာ၌၊ ကုန်းပေါင်ခေတ်လယ် ဝိဓုရပ္ပါကိုရေးစပ်သူ၊တွင်းသင်းတိုက်ဝန် မဟာစည်သူတို့လက်ထက်လောက် ရောက်သောအခါ၊ မှတ်သားထားချက်များသည် ကမောက်ကမဖြစ်နေပြီးလျှင် ယင်းစကားများကို တရုတ်စကားများဟူ၍ပင် မသိတော့ဟန်ရှိသည်။ထို့ကြောင့်သာ **ဇ** ကို နှစ်ပေါက်ဟုယူရမည်အစား လေးပေါက်၊**သွေ့** ကို လေးပေါက်ဟုယူရမည်အစား နှစ်ပေါက်၊ **ဉ** ကိုငါးပေါက်ဟုယူရမည့်အစား တစ်ပေါက်ဟူ၍၊ **သံ** ကိုသုံးပေါက်ဟုယူရာ၌သာမှန်၍၊ကျန်သည်တို့၌၊ချွတ်ချော်မှားယွင်းလျက်ရှိခဲ့တော့သည်။

ယင်းရှေးဟောင်းတရုတ်ဘာသာမှလာသည့်ကြွေအန်အခေါ်အဝေါ်အမှတ်အသားများသည်၊ သျင်သီလဝံသတို့ လက်ထက်၊ အင်းဝခေတ်လယ်လောက်တွင်သော်၊ အမှန်အတိုင်း သိနားလည်လျက် ရှိသေးပုံပေါ်သည်။ ထို့ကြောင့် သာလျှင် ကြွေအန်တို့၌အပွင့်အများဆုံးရ၍၊အနိုင်ဆုံးဖြစ်သော **ဥစုံ**၊ဝါ၊ **ငါးပေါက်စုံ** ကို၊ မိမိရရ မလွဲမဖယ်ပစ်နိုင်စွမ်းရှိသော ကြွေအန်သွားကို၊လူ့ဘောင်လောက

၌ အယုတ်အမြတ် တရားနှစ်ပါးကို တပ်အပ်သိသူ သုမေဓာ သျင်ရသေ့နှင့် ခိုင်းနှိုင်းခဲ့သည်ဆိုရာ၏။ **ငုံ** ဟူသောစကားကို ထောက်သော် ကစားရာ၌ ခြောက်မျက်နှာရှိသော **အန်** ကိုငင်း၊ ခြောက်လုံးအရေအတွက်ရှိ ကြွေများကိုငင်း သုံးသည်မှာထင်ရှားပေသည်။

ပဆစ်ကြွေကစားရာ၌၊ ကြွေခြောက်လုံးကို ပစ်ရသည်တွင်၊ တလုံးလန်၍ ငါးလုံးမှောက်လျှင်၊ တပွင့်ဟုခေါ်၍ ဆယ်ကွက်သွားရသည်၊နှစ်လုံးလန်၍ လေးလုံးမှောက်လျှင်၊ပါ၊ သို့မဟုတ်၊နှစ်ပွင့်ဟုခေါ်၍၊နှစ်ကွက်သာသွားရသည်။ သုံးလုံးလန်၍ သုံးလုံးမှောက်လျှင် သုံးပွင့်ဟုခေါ်၍ သုံးကွက်သွားရသည်။လေးလုံးလန်၍ နှစ်လုံးမှောက်လျှင် လေးပွင့်ဟုခေါ်၍ လေးကွက်သွားရသည်။ငါးလုံးလန်၍ တလုံးသာ မှောက်လျှင် အစိတ်၊ သို့မဟုတ်၊ ငါးပွင့်ဟုခေါ်၍၊ နှစ်ဆဲ့ငါးကွက်သွားရသည်။ခြောက်လုံးစလုံးလန်လျှင် တဗာရာဟုခေါ်၍တဆဲ့နှစ်ကွက်သွားရသည်။ ခြောက်လုံးစလုံးမှောက်လျှင် တခြောက်ဟုခေါ်၍ ခြောက်ကွက်သွားရသည်။ယင်းစကားတို့တွင် **ပဆစ်** သည်မွန်ဘာသာ‘အစိတ်အပိုင်း’ဟော **ပဆိုက်** ဟုရေး၍ **ပဆာက်** ဟုဖတ်ရွတ်သောစကားဖြစ်သည်ထင်၏။ ပဆစ်အိမ်၌ အစိတ်အပိုင်း,အကွက်အကန့် အများပင်ပါရှိသည်ကိုစဲ့၍ **ပဆိုက်၊ပဆစ်** ဟုခေါ်ခဲ့ရာ၏။ **ပါ** သည် မွန်ဘာသာ **နှစ်** ဟော ၈၊ (ပါ)ဖြစ်သည်။ **ဗာရာ** သည် **တဆဲ့နှစ်** ဟော ဟိန္ဒီဘာသာ **ဗာရဟ်** ဖြစ်သည်။ ရှေးကသော် **နှစ်ပွင့်၊သုံးပွင့်၊လေးပွင့်၊ငါးပွင့်** များကိုဖေါ်ပြခဲ့သည်အတိုင်း **၉၊ သံ၊ သေ့၊ ငုံ** ဟု ရှေးဟောင်းတရုတ်ဘာသာဖြင့်ခေါ်ခဲ့ဟန်ရှိသည်။ကြွေပစ်ရာတွင် တပွင့်၊ငါးပွင့်၊ခြောက်ပွင့်၊ခြောက်လုံးမှောက်များရသော် ထပ်၍ပစ်ရသည်။ ဒုတိယအကြိမ်တွင်လည်း ထို့အတိုင်းရသော် ယင်းတို့ကို **၉ငုံ၊သံငုံ၊သေ့ငုံ၊ငုံ** ဟုခေါ်ခဲ့ရာသည်။ တတိယတကြိမ်ပစ်ခွင့်ရပြန်သဖြင့် ထို့အတိုင်းကျသော်၊ကြေကန်းသည်ဟုဆို၍ ဘာမျှမရတော့ချေ။ထို့ကြောင့်ကြွေပစ်ရာ၌ **ငုံ** သည်၊ အပွင့်အများဆုံး၊အကောင်းဆုံး၊ နှင့် အနိုင်ဆုံးဖြစ်သည်။**ငုံ** ကို မလွဲတမ်းပစ်နိုင်သူသည်၊ကြွေအန်၌ အတတ်ကျွမ်းဆုံး,အတော်ဆုံးဖြစ်သည်။ဤသည်ကိုရည်၍ ‘ငုံပစ်မိ(ငုံပစ်ပိ)၊အန်သိအလား’ ဟု ဆုတောင်းခဏ်းပျို၌ အန်သွားကို ချီးကြူးစပ်ဆိုခြင်းပြုရာ၊ **ငုံ** ကိုတစ်ပေါက်ဟုယူလျှင်၊ကြွေအန်၌ တန်ဖိုးအများဆုံးမဟုတ်သောအပွင့်ကို ပစ်နိုင်သူဟု မဖွယ်ရာသောအနက်သို့သက်ချေမည်။

ရှေးခေတ်များတွင် ကောင်းကင်သို့ပစ်မြှောက်၍ ကြွေအန်ကစားသည့် စည်းစံနစ်များကိုအပြည့်အစုံမသိရသော်လည်း၊ကြွေ၌ဖြစ်စေ,အန်၌ဖြစ်စေ **ငုံ** သည်၊ အပွင့် အများဆုံး,အကောင်းဆုံး, အနိုင်ဆုံး ဖြစ်ရမည်ကိုကား၊ ရှေးကပင် ဆင်း

သက်လာသည်ဟု ယူဖွယ်ရှိသော ခေတ် ကြေပစ် ကစားခြင်း နည်းစံနစ် များကို ထောက်ခြင့်၍ရိပ်စားမိနိုင်ပါသည်။ **ငုစုံပစ်** ၏အနက်အဘဝေါ်ကို ဤမျှသိရပြီးသော်၊ **ငုစုံပစ်** မှ ရွေ့ရှားသက်ဆင်းလာသော **ငုံစုံပစ်၊ ငုံစုံပစ်** ဟူသောစကား တို့၏အနက်အဘဝေါ်တို့ကိုလည်း ထို့အတိုင်းပင် ယူသင့်သည်ထင်၏။ ဤသို့ယူသော်၊တက္ကသိုလ်မြန်မာအဘိဓာန်တွင်ပေးထားသော သဓကတို့တွင်၊ရာမရကန် ထွက်စကား**ငုံစုံပစ်က**ဆိုသည်ကို၊'လျစ်လျူရှုက'ဟုမယူသင့်ပဲ၊သဇင်ပန်းနှင့်ဟပ်၍၊'အကောင်းဆုံး,အမြင့်ဆုံးသောက'ဟု ယူသင့်သည်ထင်၏။ ပဒုမပြဇာတ်ထွက်စကား'ငုံစုံပစ်ကြံကတဲ'ဆိုသည်ကိုလည်း၊'လျစ်လျူရှုကြံကတဲ'ဟု မဟုတ်၊ 'အနိုင်ကြံကတဲ၊ အနိုင်အထက်ကြံကတဲ'ဟု ယူရသည်။ 'ငုံစုံပစ်ကြီးထိုင်နေတော့တာပဲ' ဟူသောအရပ်စကား ကြံဆထားသော သဓကဋ္ဌသော်၊ တင်ပြချက်လွဲမှားနေသည်ဆိုရာ၏။

ဤသို့လျှင် ကာလကြာမြင့်စွာ အရေးမှား,အနက် အကောက်အယူမှား ဖြစ်လာခဲ့သော**ငုစုံပစ်၊ငုံစုံပစ်၊ငွံစုံပစ်** ဟူသောစကားတို့၏၊ရင်းမြစ်နှင့်အနက်တို့ကို ယခုမိမိရရ လက်ဆုပ်လက်ကိုင်ရရှိသိမြင်ပြီး ဖြစ်သောကြောင့်၊ အမှန်အတိုင်းရေးသား, သုံးစွဲရန် မခဲယဉ်းသင့်ဟု ထင်၏။ဆုတောင်းခဏ်းပျို့၌ ရှိသင့်သောစကားတို့မှာ **ငုစုံပစ်မိ**၊ ဝါ၊ **ငုစုံပစ်ပိ**၊ **အနှံသိအလား**၊ ဟူ၍ဖြစ်၏။ ကျန်သာဓကတို့တွင်လည်း **ငုစုံပစ်** ဟုသာရှိသင့်သည်။ **ငုစုံပစ်** ဆိုသည်မှာ ' ငါးပွင့်စုံပစ်၊ ဝါ၊ အစိတ်နှစ်ခါပစ် 'ဟူသည် ဓာတ်အနက်၊တိုက်ရိုက်အနက်၊ မူလအနက်ဖြစ်၍၊' အကောင်းဆုံး၊အနိုင်ဆုံး'ဟူသည် တင်စားအနက်၊ စကားတန်ဆာဆင်အနက် ဖြစ်သည်ယူရသတည်း။

၃၄။ စန္ဒြား၊စန္ဆရား

၅၉၇ ခုစဲ့၊ပုဂံမြို့၊မင်းဆရာပိတရစ်ကျောက်စာ၊ကြောင်းရေ ၁၁ တွင် 'စန္ဒြာသည် ငကနုယ် ၁၊ သိခြင်သည်ငလဟုက် ၁၊ (စန္ဒြားသည် ငကန္ဒေ ၁၊ သိခြင်းသည် ငလဟုတ် ၁)။' ဟုရေးလျက်ရှိသည်ကိုတွေ့ရသောအခါ၊ လူတိုင်းလိုလိုပင် ပုဂံခေတ်၌ စန္ဆရားပေါ်ပါပြီလားဟု အံ့အားသင့်စွာ မေးမိ၏။ အဖြေမှာ ပုဂံခေတ်၌ စန္ဆရားပေါ်လျက်, သုံးလျက်ရှိသည်မှာ အမှန်ပင်၊ သို့ရာတွင် ယင်းမှာခေတ်စန္ဆရားများကဲ့သို့ လွန်စွာထယ်ဝါခံ့ညားး၍ ယန္ဆရားခလုတ်များဖြင့် တပ်ဆင်ထားသော တုရိယာမဟုတ်၊ခေတ်စောင်းပြားများကဲ့သို့ လက်ခတ်ဖြင့်တီးရသောကြိုးတပ်,လေးထောင့်ပုံသဏ္ဌာန်ရှိသည့် တုရိယာသာလျှင်ဖြစ်သင့်ကြောင်း

ကမ္ဘာ့တိုရိယာသမိုင်းမျှားအရသိရသည်။ယင်းတိုရိယာမျိုးကိုပင် ဥရောပ တိုက်သားတို့က တစတစ, ကောင်းသည်ထက် ကောင်းအောင်, ပြုပြင်, စီမံ, ဖန်တီးလာသဖြင့် ခေတ်စနှစ်ရားအခြေသို့ ရောက်လာသည်၊ ခေတ်စနှစ်ရားကို ရရှိသည်။ ထို့ကြောင့် ယင်းတုရိယာကြီးကိုအနောက်နိုင်ငံသားတို့က **ပီအာနို၊ပီအာနို-ဖေါ်တေ** (Piano, Pianoforte) ဟုအမည်ကိုပြောင်းလဲခေါ်ဆိုသော်လည်း မြန်မာတို့က မူလအမည်အတိုင်း **စန္ဒရား** ဟုပင်ခေါ်ဆိုလျက်ရှိချေသည်။

ပုဂံခေတ်ရေး **စန္ဒြာ**၊ မျက်မှောက်ခေတ်ရေး **စန္ဒရား** ဟူသော စကား၏ မူလမှာ ပါရှင်ဘာသာ **စန္တီအားရ်** (Santir) ဖြစ်သည်။ ယင်း တုရိယာကိုပင်ဥရောပတိုက်သားတို့က **ဒါလ်စီမား** (Dulcimer)ဟုလည်း ခေါ်သေးသည်။အထက်၌ဖော်ပြခဲ့သည်အတိုင်း ယင်းတုရိယာမှာ လေးထောင့်ပုံ, စောက်တိမ်အိမ်ရှိစောင်းပြားဖြစ်၍၊ ယင်းတွင် ထိပ်၌ပြား၍ ပေါ်ပါးသော လက်ခပ်တံနှစ်ချောင်းဖြင့်တီးရသည့်၊လေးချောင်းပြူးကြိုး တဆယ့်ရှစ်ချောင်း ရှိသည်ဟု ဆိုသည်။ အချို့တုရိယာ သမိုင်းတို့ကလည်း၊ယင်းကို နှစ်ချောင်းမှ ငါးချောင်းပြူးအထိရှိသော ကြိုးဆယ်ချောင်းမှ အချောင်းနှစ်ဆယ်အထိဖြင့် တပ်ဆင်ထားလေ့ရှိသည်ဟုဆိုသည်။ ဤ **စန္တီအားရ်** ခေါ် **စန္ဒြား**၊ **စန္ဒရား** တုရိယာကို ပါးရှား နိုင်ငံ၌သုံးစွဲခဲ့သည်မှာ ရှေးပဝေဏီကာလ၊ ခရစ်တော်မပေါ်မီ နှစ် ရာပေါင်းမျှားစွာကပင်ဖြစ်၍၊ယင်းသည်ပါးရှားနိုင်ငံမှအနောက်ဖက်မြောက် အာဖရိကတိုက်နှင့်စပိန်ပြည်တို့သို့ရင်း၊တုရကီနိုင်ငံနှင့် ဥရောပတိုက်သို့ရင်း၊အရှေ့ဖက်တရုတ်ပြည်သို့ရင်း ပြန့်နှံ့သွား၍၊ပုဂံခေတ်၌ မြန်မာနိုင်ငံ အတွင်းသို့လည်း ရောက်လာခဲ့ကြောင်းသိရသည်။

ပါရှင်ဘာသာအခေါ် **စန္တီအားရ်** (Santir) မှ တိုက်ရိုက်ဆင်းသက်လာသော မြန်မာအခေါ် **စန္ဒြား**၊ **စန္ဒရား** စပ်အင်များကို၊ မြန်မာ ကဗျာတို့၌ အောက်ပါအတိုင်း တွေ့ရသည်။

(၁)။ "အဲတိုင် အဲဖေါက်၊ သံပြိုင် ကောက်လျက်၊ သံထောက် ညှင်းညှင်း၊ တရှင်းရှင်းနှင့်၊ စောင်းငြင်းမိကျောင်း၊ အောင်းကလေးကျော်၊ သံငေါ်လက်ခုပ်၊စည်းစုပ်ပတ္တလား၊ **စန္ဒရား**တို့၊ ထွေပြားရေးရာ၊တေးတျာမြေက်၊ ငြိမ်သက်သီးသီး၊နာမငြီးအောင်၊မှုတ်တီးလိုက်လွှား၊ အငြိမ့်သားသည်၊ သံထားညှင်းညှင်းပွန်စေတုံ။" ။ဖိုးတော်ဖုရား လက်ထက်၊ တွင်းသင်း.တိုက်ဝန်၊ မဟာစည်သူဖွဲ့၊ ဝေဿန္တရာပျို၊ ၂၉၂။

(၂)။ "ငါးသွယ်ပဉ္စင်၊ သံလွင်ဒုန်မင်း၊ **စောင်းညှင်းစန္ဒရား**၊ ပတ္တလား အိန္ဒရှင်၊ပျော်ခွင်ဖွယ်နိုး။" ။မဟာသီလဝပျို၊ ဂဖ။

(၃)။ "ထွေလည်မပြောင်း၊ ရွှေစည် စောင်းမှ၊ မြည် ဗြောင်း ငြိမ့်အေး၊ အောင်းကလေးဟု၊ စံသွေးစည်လျား၊ **စန္တရားနှင့်၊** ငြင်းကားညက်ညော၊ ငြိမ်သက်မောသား၊တယောညည်းညည်း၊နရည်းရွှန်းရွှန်း၊ စည်းစုပ်ညှန်းမျှ၊ ညံအုန်းမစဲ။" ။မင်းတုန်းမင်းလက်ထက်၊တန်ဆိပ်ဝန် မင်းလှရာဇကျော်ထင်ရေး၊ စန္ဒကိန္နရီပျို၊ ၃၀။

(၄)။ "မကြဘခင်းကျင်း၊ သဘယာခြင်းဖြင့်၊ သီခြင်းခံလို၊ ငြင်းသံဆိုတည့်၊ သံချို့လျော်လျော်၊ တရောသွေးသွေး၊ အောင်းကလေးစန်းတား (စန္တား)၊ယန္တရားက၊စဉ်လျားမပြောင်း၊စောင်းလည်းညည်းညည်း၊နရည်းသွင်သွင်၊သံလွင်လေလေ၊ထွေထွေရော၍၊မနောတက်ပွား။" ။ ၎င်းစန္ဒကိန္နရီပျို၊ ၇၆။

(၅)။ "နတ်စောင်းလည်းချိန်၊ပဥ္စသိန်နှင့်၊ဥဒိန္နရာဇ်၊ လက်သံလှစ်သို့၊ စံစစ်မခြား၊ စန္ဒရားက၊ ခမ်းနားခင်းကျင်း၊ သံသာသွင်းလျက်၊ ညှင်းလည်းခြောင်းခြောင်း၊အောင်းလည်းအိန့်အိန့်၊သောင်းသောင်းထိန့်မျှ။" ။တန်ဆိပ်ဝန်မင်းလှရာဇကျော်ထင်ပင်ရေး၊အဘိရူကပျို၊ ၅၂။

(၆)။ "ငြိမ့်ခြောင်းညှင်းညံ၊ အောင်း ကျုံကျုံနှင့်၊ စောင်းသံ စည်လျား၊ စန္ဒရားက၊ ခမ်းနားသာမော၊ တုံ့ရောတင့်ချေ၊ ပလွေပုံယင်၊ သံလွင်ညည်းညည်း၊ နရည်းစရာ၊နည်းစုံပါလျက်၊သံသာသံပြီ၊သံပြိုင်သီ၍၊ချခြိုကြူးဖျား၊ လွန်ထူးခြားသား။" ။ ၎င်းအဘိရူကပျို၊ ၁၅၅။

(၇)။ "ညှင်းလည်း ခြောင်းခြောင်း၊ အောင်းလည်းပို့ရှား၊ စန္ဒရားကား၊ ခမ်းနားတင့်တော်၊စံပျော်မြူးရွှင်။" ။ ၎င်းအဘိရူကပျို၊ ၁၆၂။

ယင်းစပ်အင်များတွင် **စန္တရား၊စန္ဒရား၊စန်းတား** (စန္တား) ဟူ၍ရေးသားခေါ်ဆိုလျက်ရှိသော တုရိယာမှာ ရှေးခေတ်သုံး **စောင်းပြား** ဟုတ်ပုံမပေါ်၊ ဖိုးတော်ဖုရား လက်ထက် လောက်တွင် ခေတ် စန္တရားမျိုး ပေါ်ပြီး ဖြစ် သဖြင့်၊ အင်္ဂလိတ်အခေါ် **ဒီအာနိုး**၊ ခေတ်လတ်မြန်မာအခေါ် **ပျာနိုး**၊ **စန္တရား** သာလျင်ဖြစ်တန်ရာသည်။ဤအချက်ကိုစန္ဒကိန္နရီပျို၊ ၇၆ စပ်အင် 'အောင်းကလေးစန်းတား၊ ယန္တရားက၊' ဟူသော စကားများက ထောက်ခံလျက် ရှိသည်။ ယင်းစပ်အင်တွင် **စန်းတား** (စန္တား) ဟူသောစကားက မူလပါရှင်းဘာသာ **စန္တီအားရိ** (Santir) နှင့်လွန်စွာနီးစပ်သော်လည်း၊ **ယန္တရား** ဟူသောစကားက စက်ခလုတ်များတပ်ဆင်ထားသည့် ခေတ် **စန္တရား** ကိုညွှန်းဆိုလျက်ရှိသည်။

ဖော်ပြခဲ့သော အချက်အလက်များကို ထောက်သဖြင့်၊ ပုဂံခေတ်သုံး စကား **စန္ဒြား** ဆိုသည်မှာ ကြိုးအချောင်းပြား အရေအတွက် အများရှိ **စောင်းပြား** သာလျင်ဖြစ်သည်ကိုသတိမူရာ၏။ခေတ်သုံးတုရိယာ **ဒီအာနိုး၊ ပျာနိုး** ကိုသော်

စန္ဒြား၊ စန္ဒရား၊ စန္ဒြား၊ **စန္ဒရား** ဟု အမျိုးမျိုးပင်ရေးခဲ့သည်, ရေးနိုင်သည်တို့ အနက်၊မူလပါးရင်းပုဒ် **စန္တိအားရ်** (Santir) ကိုထောက်ကာ **စန္ဒရား** ဟု စွဲမြဲရေးသော် အလွယ်ဆုံးနှင့် အသင့်ဆုံးဖြစ်ရာသတည်း။

၃၅။ စံကား၊စံပါ၊စံပယ်၊စံသီး၊ဇနီး

ခေါင်းစဉ်ပုဒ်တို့တွင် ရင်းမြစ်နှင့် အနက်တို့အရ **စံကား၊ စံပါ** သည်တွဲ့, **စံပယ်၊စံသီ** သည် တွဲ့, **ဇနီး** သည် ပုဒ်သီးဖြစ်သည်။

စံကား၊စံပါ တို့သည် သံသကြိုဠ် - ပါဠိဘာသာ **စံကား** ဟော **စမ္မ၊စမ္မက** ပုဒ်သက်ဖြစ်တန်ရာသည်။မွန်ဘာသာတွင် **စံကား** ဟော **စမ္မာ၊စမ္ဇာ** ပုဒ်တို့သည်လည်း ယင်း **စမ္မ၊စမ္မက** ပုဒ်သက်များပင်ဖြစ်သည်။စံကားညိ၊စံကားစိမ်း၊စကားနီ၊စကားဝါ၊ စံကားဖြူ ဟူ၍ စံကားငါးမျိုးရှိကြောင်း ကျမ်းဂန်မှလာသည်ဟု ဝေါဟာရလိနတ္ထဒီပဏီတွင် ဆိုသည်။မျက်မြင်အားဖြင့်သော် စကားညိကိုမတွေ့ဘူး၊ကျန်လေးမျိုးနှင့် အသွေးအရောင်အမျိုးမျိုးရှိ တရုတ်စကားမျိုးများစွာတို့ကိုသာတွေ့ဖူးသည်။မွန်ဘာသာ၌ **စမ္မာ** ပုဒ်သည် **စံကားပန်း** ဟောပင်ဖြစ်သော်လည်း၊မြန်မာဘာသာ၌ **စမ္မာ** ပုဒ်သည်'အကျော်၊စမ္မာ၊ကရမက်'ဟုခေါ်ဆိုရာ၌ **စကားဖြူပင်၏အနှစ်** ဖြစ်ကြောင်း ဝေါဟာရလိနတ္ထဒီပဏီ၌ပင်ဆိုလျက်ရှိသည်ကို သတိပြုသင့်သည်။

မြန်မာဘာသာ၌ **စံပယ်သည်၊စံပယ်ပန်း**၊ ဟူ၍ ကြိယာပုဒ်နှင့် နာမ်ပုဒိ နှစ်မျိုးရှိရာ၌၊ ကြိယာပုဒ်မှနာမ်ပုဒ်သို့သက်ခဲ့သည်ယူရာ၏။ ကြိယာပုဒ် **စံပယ်** တွင် **စံ** ကို ' ချမ်းသာစံ၊ သာစံ ' ဆိုသည်တို့၌ **သာယာခြင်း** ဟောဟု ဝေါဟာရတ္ထပကာပနီတွင် ဒုတိယကျော်အောင်စံထားဆရာတော်ယူဆသည်။'စံပျော်၊စံစား၊ စံပယ် ' ဆိုသည်တို့၌ **စံ** ၏ အနက် ' သာယာ၊ကြည်နူး၊ကောင်းသောအာရုံတို့ကို ခံစား'ဟု ဆရာတော်ယူဆသောအနက်ထက် အနည်းငယ်ခဲ့ချဲ့ထွင်ယူဆသင့်သည်။ **စံပယ်** တွင် **ပယ်** ပုဒ်မှာ **ပါယ်မိယား၊ပယ်မိယား** ဆိုသည်တို့တွင် **ပါယ်၊ ပယ်** ဟုနှစ်မျိုးပင်အရေးတွေ့ရသော **ပုဒ်**ပင်ဖြစ်၍၊ ' ချစ်ခင်၊နှစ်သက်၊မြတ်နိုး ' ဟော ဖြစ်သည်။ထို့ကြောင့် **စံပယ်** ၏အနက် 'ကောင်းသောအာရုံတို့၌သာယာ၊ကြည်နူး,နှစ်သက်,မြတ်နိုး၊ကောင်းသောအာရုတို့၌သာယာ,ကြည်နူး,နှစ်သက်,မြတ်နိုးစွာခံစား'ဟု ပေါ်ထွက်လျက်ရှိသည်။ ထိုအတိုင်းပင်နာမ်ပုဒ် **စံပယ်** ၏အနက်ကို ကောက်ယူသော်၊ 'သာယာ,ကြည်နူး,နှစ်သက်,မြတ်နိုးဖွယ်သောအာရုံတို့ကိုပေး

သောပန်း'ဟုရ၏။ အကျဉ်းအားဖြင့်သော် 'သာယာ ကြည်နူးဖွယ်ပန်း၊နှစ်သက်မြတ်နိုးဖွယ်ပန်း'ဟူ၏။

စံပယ် ၏အနက်ကိုရပြီးသော် **စံသီး**၏အနက်ကိုကောက်ယူရန်မခဲယဉ်းတော့ချေ။ **စံသီး** ကို ချစ်ခင်မြတ်နိုးဖွယ်သော မိန်းမ,အမ ဟူသောအနက်ဖြင့် အင်းဝခေတ်ကဗျာတို့၌သုံးသည်။

(၁)။ "ပြည်ကြီးသခင်၊ စောနတ်ရှင်လည်း၊ ကျွမ်းဝင်ငယ်ဖက်၊ နန်းထက်သမီး၊မျိုးစံသီးနှင့်၊မငြီးမွေ့လျော်၊နန်းလုံးပျော်မျ။" ။သုဝဏ္ဏသျှံသူဌေးခဏ်းပျို၊၅။

(၂)။ "မြစ်လဟာတွင်၊အညာရန်စစ်၊တွေ့သည်ဖြစ်၍၊လှေ်သစ်စံသီး၊မင်းသားစီးသား၊ မကြီးစတောင်း၊ ထိုမိကျောင်းလည်း၊ ရောင်ကောင်းလှထွား၊ ထိုမင်းသားကို၊သနားစုံမက်၊ဝမ်းတွင်ဝှက်၍။"။သုဝဏ္ဏသျှံမြားပစ်ခဏ်းပျို၊၁၀၆။

(၃)။ "မကြာမတင်၊ဆောတလျင်တည့်၊ မိခင်စံသီး၊ မြင်လတ်ပြီးသော်။" သုဝဏ္ဏသျှံသစ္စာခဏ်းပျို၊၃၃။

(၄)။ "ငါ့မွေးဖနှင့်၊ ရှင်မစံသီး၊ ရွှယ်မကြီးတည့်၊ ခိုင်ဖြိုးမျိုးမည်၊လှခေါင်တည်သား၊ဆင်းရည်နတ်ပြင်၊မယ်မိရှင်ကို။" ။ဂင်း၊၁၆၈။

(၅)။ "ဖြူညီပြာဝင်း၊ တုလွတ်ကင်း၍၊ နောင်မင်းစိတ်တွင်၊ ထွေထွေထင်သည်၊မိခင်သမီး၊မျိုးစံသီး။" ။မနော်ဟရီပျို၊ဟောင်း၊၇၄။

ယင်းစပ်အင်တို့တွင်(၁)၌ မိဖုရား,မိယားကိုပင် **စံသီး** ခေါ်လျက်ရှိသည်။ (၂)၌ မွေ့နှန်းဇာတ်တွင် မင်းနန္ဒာစီးသော မိကျောင်းမကို **စံသီး** ခေါ်ထားသည်။(၃)နှင့်(၄)တို့၌ မိခင်ကို၊(၅)၌ သမီးကို **စံသီး** ဟူ၍ အသီးသီးခေါ်ဆိုလျက်ရှိသည်။ထို့ကြောင့် မည်သည့်ချစ်ခင်မြတ်နိုးသောမိန်းမ,အမကိုမဆို **စံသီး** ခေါ်ဆိုခဲ့သည်ယူရာ၏။

စံသီး ကွင် **စံ** ၏အနက် **စံပယ်** ၌ကဲ့သို့ 'ချစ်ခင်,မြတ်နိုး'ဟုယူ၍၊ **သီး** အနက် အပင်တို့တွင် 'ဩဇဓာတ်များစုံလုံးနေရာဖြစ်သော အဖုအလုံးအသီး'ဟောဟုယူရာ၏။ ထို့ကြောင့် **စံသီး** ပုဒ်တခုလုံး၏အနက် 'ချစ်ခင်မြတ်နိုးဖွယ်သောအသီး၊ဝါ၊စံပယ်သီး'ဟူ၏။

စံသီး အရေးကို လွန်စွာရှေးကျသော၊၅၅၂ ခုစံ့၊ပုဂံမြို့၊ဟောင်ဂုနီကျောက်စာ၊ကျော၊၁၇ ၌ 'သာမိအိုင်္ဂ်စံသီ(သမီးအို့စံသီး)'ဟူသော ကျွန်မိန်းမအမည်တွင်တွေ့ရပေသေးသည်။ကျောက်စာနှင့် ရှေးကဗျာတို့၌ **စံသီး** ဟုသာ ရေး၍၊နှောင်းခေတ်စာပေတို့တွင်သာ **စံသီး** မှ **ဇံသီး** သို့ပြောင်းလဲရေးသည်ကို သတိမူရာ၏။

စံကား၊စံပယ်၊စံသီး တို့နှင့်နောက်ဆုံး **ဇနီး** ပုဒ်မည်သို့မျှစပ်ဆိုင်ဆက်သွဲ့ယ်ခြင်းမရှိခဲ့။ **ဇနီး** ကိုအချို့က **စနီး** ဟုလည်းအရေးပြကြသည်မှာမသင့်။ **ဇနီး** ပုဒ်မှာ သံသကြိုင်္ဒဘာသာ‘**မိန်းမ၊မိယား၊အမိ**’ဟော **ဇနို့၊ဇန့်** နှင့်ပါဠိဘာသာ **မိယား** ဟော **ဇာနိ** ပုဒ်သက်ဖြစ်သည်။မြန်မာဘာသာ၌ေ ာ် **ဇနီး** ကို ပါဠိဘာသာ၌ကဲ့သို့ **မိယား** အနက်ဖြင့် အသုံးများသည်။

(၁)။ “ထိုပြည်ကြီး၌၊ ဇနီးဆွေလင်၊ငါနှင့်ပင်တည့်၊ အိမ်ရှင်မျောက်သား၊ မိဖုရားဟု။” ။ဘူရိဒတ်လင်္ကာကြီး၊ ၄၀။

(၂)။ ဆုံ့လျမကြီး၊ဆွေဇနီးနှင့်၊မျိုးသီးမပြား၊လင်မျောက်သားကို။” ။ သုဝဏ္ဏသို့ သစ္စာခဏ်းပျို၊၃၃။

သုဝဏ္ဏသို့ မြားပစ်ခမ်း၊ အပိုဒ် ၃၆ ၌သော်၊ **ဇနီး** ကို **အမိ** အနက်ဖြင့် အောက်ပါအတိုင်းစပ်လျက်ရှိပုံပေါ်သည်။

“ဝမ်းကလှလှ၊ ဖြိုးဖြိုးရှလျက်၊ နုနုခြည်းခြည်း၊ မဲ့အူသည်းကို၊ မယ်နည်းစောလှ၊သခ်မ်းဝ၌၊ယုယပိုက်ဖြား၊သိပ်ခဲ့ထား၍၊ တောဖျားမြို့ထူ၊ သစ်သီးယူသော်၊ ရွှေဂူလှိုင်ခေါင်း၊ နေကုန်အောင်းသား၊ မျိုးကော်ငင်းလှည်၊ ကိန္နရီတို့၊ ချိုချိုပိုးပိုး၊ နို့ရည်ပျိုးလျက်၊ ဆွေမျိုးမနီး၊ မြို့ငတောကြီးဂယ်၊ **ဇနီးသည်ပင်**၊ မွေးလှည့်ကျင်၍၊ မြင်တုံတမြစ်၊ ရွှေပန်းနစ်သို့၊ ချစ်စခင်ဖွယ်၊ မောင်သငယ်ဟု၊ လူနှယ်ဖျံပျူး၊ကျူးနှင့်ပေ၏။”

ဤစပ်အင်တွင် ဆိုလိုရင်းမှာ၊ ကလေးအရွယ်၌ပင်ရှိသေးသော သုဝဏ္ဏသို့ကို မိခင်ကကျောင်းသခ်မ်း၌သိပ်ထားခဲ့၍၊တောသို့သစ်သီးရှာထွက်သွားသောအခါ ကိန္နရီမများလာ၍’ကလေးအားချိုပိုးနို့ တိုက်ကာ၊ မိခင်အဖြစ်ဖြင့် စောင့်ရှောက်ပြုစုကြသည်ဟူ၏။‘**ဇနီး**သည်ပင်၊မွေးလှည့်ကျင်၍၊’၏အနက်‘**ဇနီး**အဖြစ်ဖြင့်ပင်၊ လာ၍မွေးမြူကြသည်ဟုထွက်သဖြင့်၊ ဤ၌ **ဇနီး** ကို **မိယား** အနက်ဖြင့်မယူသာ၊ **အမိ၊မိခင်** အနက်ဖြင့်သာ ယူရာသည်။ဤသို့ယူခြင်းကိုလည်း **ဇနီး** ပုဒ်၏ ရင်းမြစ်၊သံသကြိုင်္ဒဘာသာ **ဇနီ၊ဇနီ** တို့၏‘ မိန်းမ၊မိယား၊မိခင်’ ဟောအနက်ကခွင့်ပြုပေသတည်း။

၃၆။ စလောင်း

မြန်မာဘာသာ၌ **စလောင်း** ဆိုလျှင် ယခုအခါ‘ မြေအိုးမြေအင်တို့၏ ကိုင်စရာ အဖုအထွတ်ငယ်ပါသော **အုံး**’ဟူ၍သာ နားလည်နေကြသည်။ သို့ရာတွင်

ယင်းပုဒ်သည် မွန်ဘာသာ'အထွတ်၊အချွန်၊ထိပ်ချွန်၊ထိပ်အုပ်' ဟော **စလံင်** ဟု ရေး၍ **စလောင်း** ဟုဖတ်သည့်ပုဒ်ရင်းအတိုင်း၊ဦးကုလားမဟာရာဇဝင်ကြီးတွင် 'စေတီ၏ အထွတ်အအုပ်' ဟူသောမူရင်းအနက်ဖြင့်အောက်ပါအတိုင်းသုံးသည်တို့ကို မှတ်သားဖွယ်ကောင်းသည်။

(၁)။ "ရွှေမြို့တော်လေးထောင့်တွင်၊စေတီတော်လေးဆူကို **ရွှေစလောင်း** တင်တော်မူသည်။" ။စာမျက်နှာ ၅။

(၂)။ "ထီး စလောင်း သွန်း သည်။ .....။ မြို့တွင်း ရွှေစည်းခုံ ထီးတော် စလောင်းတွင် အရွှေမြောက်ထောင့်က ပျားစွဲသည်။" ။စာမျက်နှာ ၁၉၈။

(၃)။ "စေတီတော်ကြေးစလောင်းသွန်းသည်။" ။စာမျက်နှာ ၂၀၆။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ပဉ္စမတွဲ၊ စာမျက်နှာ ၅၆ တွင်၊ ဌက်ပျော်ဖူး အထက်ကအအုပ်ကို **ကြေးစလောင်း** ခေါ်သည်၊ကြေးစလောင်း အထက်ကမှ **ထီး** ဟူ၍ပြလျက်ရှိသည်။ သို့ရာတွင် မဟာရာဇဝင်ကြီး၏ စကားအသွားအလာအရသော် **ထီး** နှင့် ထီးတွင်ပါဝင်သောအပြားအချပ် အစိတ်အပိုင်းများ ကိုပင် **စလောင်း** ခေါ်လျက်ရှိပုံရသည်။

၃၇။ စောင်း

ပုဂံခေတ်ကျောက်စာတို့တွင် **စောင်း** ဟူသောစကားကိုမတွေ့ရသော်လည်း ၁၃၆၃ ခုလောက်တွင်ရေးခဲ့သည်ဟုယူဖွယ်ရှိသော မင်္ဂလာစေတီစည်ချပ်တခုတွင် သော် 'ဂုတ္တိလဇတ် စောင်သမာ (ဂုတ္တိလဇတ်စောင်းသမား)။' ဟူသောအရေးကိုတွေ့ရသည်။ **စောင်း** အရေးကိုဤမျှနောက်ကျ၍တွေ့ရသော်လည်း စောင်းနှင့်တကွ စောင်းတီးနေပုံအရုပ်တို့ကိုကား၊ ကျန်စစ်သားမင်း လက်ထက်ထက်ပင် ရှေးကျသည်ဟုယူဆရန်ရှိသော အနောက်ဖက်လိပ် စည်ချပ်တခုဌ်ဌင်း၊ ကျန်စစ်သားမင်းလက်ထက်တည် အာနန္ဒာလိုဏ်ဗုဒ္ဓဝင်ကျောက်ချပ်တခုဌ်ဌင်း၊ နဂါးရုံ စေတီတောင်ဖက်စကြံ ကျောက်ချပ်တခုဌ်ဌင်း၊အသီးသီးတွေ့ရသည်။တွေ့ရသမျှသောအရုပ်တို့တွင် **စောင်း** မှာ **စောင်းကောက်** ချည်း ဖြစ်သည်။

ယခုခေတ်တွင် **စောင်း** ဟုဆိုလျှင် **စောင်းကောက်** ဟုသာနားလည်လျက်ရှိကြ သော်လည်း၊ ပုံကို လိုက်၍ စောင်းများကို- (၁) သုံး ထောင့်ပုံ စောင်း၊ (၂) လေးထောင့်ပုံစောင်း၊ (၃) စောင်းပြားဟူ၍၊ ပဓာန အားဖြင့် သုံးမျိုးသုံးစား ခွဲခြား မှတ်သား သင့်သည်။ စောင်းကောက်သည် သုံးထောင့်ပုံ စောင်း

အမျိုးအစားတွင်ပါဝင်သည်။ ရှေးအခေါ် စန္ဆရားသည် လေးထောင့်ပုံ စောင်းမျိုးဖြစ်သည်။ မိကျောင်း, ဗျပ်စောင်း စသည်တို့ကို စောင်းပြားမျိုးတွင် သတ်သွင်းရာသည်။ **အောင်းကလေး** မှာ လေးထောင့်ပုံစောင်းဖြစ်မည့်, စောင်းပြား ဖြစ်မည်ကို သေချာစွာမသိရသော်လည်း စန္ဆရားကဲ့သို့လေးထောင့်ပုံ စောင်းပင်ဖြစ်ပုံပေါ်သည်။ ပါဠိတော်များတွင် **ဝီဏာ** ခေါ်စောင်းမှာ စောင်းပြားသာဖြစ်သည်။ ဝလ္လကီ၊ ပရိဝါဒိနီ၊ ပရိဂဒန္ဓာ ပုဒ်တို့သည်လည်း **စောင်းပြား** ဟောချည်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်ရှေးအခါက **စောင်းကောက်** ကိုသုံးခဲ့ပုံမပေါ်ချေ။ **စောင်းကောက်** သည် မြန်မာနိုင်ငံသို့ အနောက်ဖက် အာရေဗျ၊ အီရန် (ပါးရှား) နိုင်ငံတို့မှရောက်လာဟန်ရှိသည်။ ယင်းတို့ဘာသာဖြင့်စောင်းကောက်ကို **ဆင်း၊ ချင်း** (Sang, Chang) ဟု ခေါ်သည်မှ မြန်မာအခေါ် **စောင်း** သက်လာသည်ဟု အချို့ သုတေသီတို့က ယူဆ သည်မှာ သင့်အံ့ မထင်။ **ဆင်း၊ ချင်း** နှင့် **စောင်း** ဟူသောအခေါ်တို့မှာ ကွာခြားလှပါသေးသည်။ မွန်ဘာသာတွင် **စံင်** ဟုရေး၍ **စောင်း** ဟုဖတ်သည့် **စောင်း** ဟောပုဒ်မှာလည်းယင်း **ဆင်း ချင်း** ပုဒ်သက်မဖြစ်တန်ရာ၊ မြန်မာအခေါ်ကိုပင် မွန်တို့က လက်ခံ သုံးစွဲနေသော စကားဖြစ်တန်ရာသည်။ အဘယ်ကြောင့်ဆိုသော် **စောင်းကောက်** ကို မွန်ဘာသာရင်းဖြင့် **ထဏ** ဟူသောအခေါ်ရှိသည်။

စောင်း နှင့်ထပ်တူကျလျက်ရှိသော ပုဒ်တစုကိုတိဗက်ဘာသာ၌တွေ့ရသည်။ ယင်းပုဒ်မှာ **စောင** ဖြစ်၍ အနက်မှာ **တုရိယာ** ဟောဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် **စောင်း** ဆိုသောစကားကိုမူလကပင်ရှိ၍၊ အခြားဘာသာတို့ဖြင့် အမျိုးမျိုး ခွဲခြားခေါ်ဆို ကြသော စောင်းကောက်၊ စောင်းပြား၊ သုံးထောင့်ပုံစောင်း, လေးထောင့်ပုံစောင်း စသည်တို့ကို တွေ့သော အခါ၊ **တုရိယာ** ဟူသောအနက်ဖြင့် ယင်းတို့ကို **စောင်း** ဟု ပေါင်းရုံးခေါ်ဆိုခဲ့သည် ထင်မိ၏။ သို့ကြောင့်သာလျင် **စောင်း** ၏အနက်မှာ ဤမျှကျယ်ပြန့်လျက်ရှိခဲ့သည်ဆိုရာ၏။

ပျိုကဗျာတို့တွင် စောင်းစပ်အင်မြောက်မြားစွာ ရှိသော်လည်း၊ အောက်ပါသုံးခုတို့ကိုသာ ဝေဘန်စရာရှိသဖြင့် ရွေးကောက်ဖော်ပြလိုက်ပါသည်။

(၁)။ "သံလွင်စည်မောင်း၊ **ခုနစ်ချောင်းသား၊ ရွှေစောင်းသာစွာ**၊ တုရိယာလည်း၊ ကျာကျာတီးမြောက်၊ ပြိုင်ကာထောက်တည့်။" ။သုဝဏ္ဏသို့ မြားပစ်ခဏ်းပျို၊ ၇၉။

(၂)။ "**ညို့ခုနစ်ချောင်း၊ စောင်းလက်ချုပ်ကာ**၊ ညှင်းမှုတ်ကာနှင့်၊ တိမ်ချာမိုးရပ်၊ ထုတ်ချင်းခပ်အောင်၊ ရွက်စပ်ခံမြဲ၊ အငြိမ့်ပွဲလည်း။" ။မဟာဇနကပျို၊ ၁၀၈။

(၃)။ "ငါးသွယ်ပဥ္စင်၊ သံလွင်ဒုံမင်း၊ **စောင်းညှင်းစန္ဒရား**၊ ပတ္တလား အိန္ဒိရှင်၊ ပျော်ရွှင်ဖွယ်နိုး၊ ပြေတံပိုးက၊ မုရိုးခရာ၊ ကြော်ငြာခွက်ခွင်း၊ ညှင်းညှင်း မြည်ဟိန်း၊ မုဒိန်းကြေးနင်း၊ ခရွသင်းကျဉ်ကျဉ်၊ နဲသဲငေါ်ငေါ်၊ ဖလေ့ကျော် အောင်း၊ **လက်ပိုက်စောင်းနှင့်**၊ မိကျောင်းလက်အုပ်၊ စည်းစုပ် မြောက်စည်၊ တံရှည်တံမြှာ၊သပြေသဘက၊ဆိုင်ရာရွှန်းရွှန်း။" ။မဟာသီလဝပ္ပါ၊ ၈၆။

ထုတ်နုတ်ချက် (၁) နှင့် (၂) တို့တွင် **ဆို့** ဆိုသည်မှာ **ကြိုး** ပင်ဖြစ်ရာ၊ကြိုး ခုနစ်ချောင်းပါစောင်းသည် မည်သည့် စောင်းအမျိုးအစား ဖြစ်သင့်သည်ကို သုတေသီများနှစ်မျိုးယူဆလျက်ရှိကြသည်။အများအားဖြင့်သော်ယင်းကို **စောင်း ကောက်** ဟုပင်ယူဆကာ၊ ရှေးအခါက စောင်းကောက်တွင် ကြိုးခုနစ်ချောင်း သာတပ်လေ့ရှိ၍၊မြဝတီမင်းကြီးလက်ထက်ရောက်မှ ကြိုးတဆဲ့သုံးချောင်း တပ် ၍တီးသည်ဟုမိန့်ဆိုကြသည်။သို့ရာတွင် သံလျင်ဦးမြဦးက၊ ကြိုးခုနစ်ချောင်းသာ ပါသော စောင်းကောက်ဖြင့် သီခြင်းခံ၊သီခြင်းကြီး၊သီခြင်းငယ်တို့ကိုပြီသပြည့်စုံ စွာတီးနိုင်ဖွယ်ရာမရှိ၊ ယင်းစောင်းမှာ **ဝိဏာ** ခေါ် ခလုတ်များနှင့် ကြိုး ခုနစ် ချောင်းပါစောင်းပြားသာဖြစ်သင့်သည်ဟု ယူဆသည်။ထုတ်နုတ်ချက် (၃)တွင် စောင်းနှစ်မျိုးကိုပြဆိုထားသည်၊ တမျိုးမှာ ညှင်းနှင့် တဲ့ဖက်၍ တီးလေ့ ရှိသော စောင်းဖြစ်၍၊အခြားတမျိုးမှာ လက်ပိုက်စောင်းဖြစ်ကြောင်း ပေါ်ထွက်လျက် ရှိသည်။ဤဖွဲ့ဆိုချက်အရသော် ညှင်းနှင့်တဲ့ဖက်တီးလေ့ရှိသောစောင်းမှာစောင်း ပြားဖြစ်၍၊ **လက်ပိုက်စောင်း** ဆိုသည်သာ **စောင်းကောက်** ဖြစ်ပုံပေါ်သည်။ ထို့ကြောင့် ဦးမြဦး၏ အယူကိုလည်းသူ၏ ထင်မြင် ချက်သာဟု မဆိုရာ။

ဝိဏာ အနက်ပြန် ညို့ခုနှစ်ချောင်းတပ် စောင်းပြားနှင့်၊ ကြိုး အနည်းဆုံးတ ဆဲ့သုံးချောင်းတပ်စောင်းကောက်တို့သည်၊မြန်မာစာပေနှင့် တုရိယာသမိုင်းစဉ် ဥ္ဒရောထွေးမှားယွင်းရေးသားစပ်ဆိုယူဆခဲ့ကြပုံပေါ်သည်။ဤတွင် ကျွန်ုပ်တို့ ဤ မျှသာ ရှင်းလင်းတင်ပြနိုင်ပါသည်။ ရွေသို့တိုး၍ ကြိုးစားသုတေသနပြုကာ၊ ဤ ပြဿနာကို ဖြေရှင်းဆုန်းဖြတ်ကြရာသတည်း။

၃၈။ စိုင်းဖြင်း၊ တိုင်ပင်

ယခုခေတ်တွင် **တိုင်ပင်** ကိုသုံးလျက်ရှိသော်လည်း **စိုင်းဖြင်း** ကို အသုံးနည်း လျက်ရှိချေပြီ။ရှေးကဗျာနှင့်ရာဇဝင်တို့တွင်ကား **စိုင်းဖြင်း** ကိုလည်း **တိုင်ပင်** တ

မျှပင်သုံးခဲ့သည်။ ကဗျာတို့တွင် **စိုင်းပြင်း** အသုံးကို အင်း၀ စာဆိုကြီးမျှားက စတင်တီထွင်ခဲ့သည်။ ဆုတောင်းခဏ်းပျို၊ အပိုဒ် ၆၂ ၌ 'အရေးခင်းလျက်၊ စိုင်းပြင်းပုံပြင်ညီသတည်း၊' ဟူ၍၎င်း၊ယင်းအပိုဒ် ၁၆၇ ၌ 'ငါ့၀ယ်ထံရင်း၊ကိုလုံးနှင်းလျက်၊စိုင်းပြင်းလာမှ၊ခုံနေကျသည်၊ဇ၀နပညာ၊သာရိပုတြာ၊' ဟူ၍၎င်း၊ယင်းအပိုဒ် ၁၉ ၌ ' တွေးဆ ခင်းကျင်း၊ တောထွက်ခြင်းကို၊စိုင်းပြင်းလေလေ၊အိပ်နိုးပြေသော်၊' ဟူ၍၎င်း၊ပါရမီတော်ခဏ်းပျို၊အပိုဒ် ၇၃ ၌ 'လှူသတင်းကို၊စိုင်းပြင်းတွေးခေါ်၊ကြံတုံသော်လည်း၊' ဟူ၍၎င်း၊စပ်ဆိုလျက်ရှိသည်။ ယင်းတို့အနက် နောက်ဆုံးစပ်အင်္ဂစ်ခု၌ **စိုင်းပြင်း** ၏အနက် **တိုင်ပင်** ဟူ၍သာမက၊ 'ဆင်ခြင်၊ကြံဆ' ဟူ၍လည်း ထွက်ပေါ်သေးသည်။ ရာဇ၀င်တို့တွင် ထောက်လှမ်းကြည့်ရာ၊ စော စောပိုင်းတို့၌ **စိုင်းပြင်း** ကိုမသုံးပဲ၊ **တိုင်ပင်** ကိုသာသုံးသည်ကိုတွေ့ရသည်။တပင် ရွှေထီးနတ်ရွာစံပြီးနောက်၊ ဘုရင့်နောင်တိုက်ပွဲများ အကြောင်းတွင်မှသာ **စိုင်းပြင်းခင်းကျင်းသည်** ဟူသောစကားပေါ်ထွက်လာသည်။ထို့နောက်တွင်သော် **စိုင်းပြင်း** အသုံးခေတ်စားလာတော့သည်။အထူးသဖြင့်စစ်ရေးစစ်ရာတို့၌အခက်အခဲတိုက်ပွဲများ ဆင်နွှဲရန်ရှိလျှင်၊ ဘုရင် သို့မဟုတ် စစ်သေနာပတိသည် ဗိုလ်မှူးတပ်မှူးများကိုခေါ်၍ **စိုင်းပြင်းသည်၊ စိုင်းပြင်းခင်းကျင်း** သည်ဟု ရေးဆိုလေ့ရှိသည်။

စိုင်းပြင်း၊ တိုင်ပင် ဟူသောစကားတို့၏အရေး,အနက်,အသုံးနှင့်စပ်လျဉ်း၍၊ မည်သို့မျှ၀ိ၀ါဒမရှိ၊ ခဲယဉ်းကတ်သတ်ခြင်းကိုလည်း မတွေ့ရ။ သို့ရာတွင်စကားတို့၏ရင်းမြစ်မျှားနှင့် စပ်လျဉ်း၍သော် တွေးတောကြံဆ၍ မရနိုင်လောက်အောင် ပင်ရှိခဲ့သည်။ မြန်မာစကား စစ်လျှင် လုံးချင်းအနက်တို့နှင့် အပေါင်း၏အနက်ကိုက်ညီရမည်။ အပေါင်း၏အနက်သည် လုံးချင်းအနက်တို့၌လည်း ပေါ်ထွက်၍နေရမည်။သို့ရာတွင် ဤ **စိုင်းပြင်း၊ တိုင်ပင်** ဆိုသည်တို့၌သော် လုံးချင်းအနက်တို့သည်အပေါင်းအနက်သို့ မသက်ရောက်ပဲရှိနေသည်။ သို့ဖြင့်ယင်းပုဒ်မျှားသည် မြန်မာစကားစစ်မျှား မဟုတ်နိုင်၊ ဘာသာခြားလာ ပုဒ်မျှား ဖြစ်ရမည်ဟု မွန်, သျှမ်း,ထိုင်,ကချင်,ချင်း,တိဗက် စသော ဘာသာတို့တွင် ရှာဖွေ ကြည့်ရာလည်း အမှေ့မျှမမြင်။မွန်ဘာသာ၌ **တိုင်ဗင်** ပုဒ်ကိုတွေ့ရသော်လည်း၊ယင်းမှာမွန်စကားမဖြစ်နိုင်၊ မွန်ဘာသာ၌လည်း **တိုင်** ပုဒ်၊ **ဗင်** ပုဒ်တို့တွင် ဆီလျော်သော အနက်များမပေါ်ထွက်၊ မွန်တို့က မြန်မာတို့ထံမှ တဆင့်ယူထားသော စကားသာလျှင် ဖြစ်ရချေမည်။သို့ဖြင့်တရုတ်ဘာသာဖက်သို့ ဦးတည်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရသည်။

စိုင်းပြင်း နှင့်စပ်လျဉ်း၍ တရုတ်ဘာသာ၌ **စိုင်း** ပုဒ်၊ **ပြင်း** ပုဒ်တို့၏လုံးချင်

မိတ်ဖက်တို့ကိုသာမက၊ ထိုနှစ်ခုကို ပူးတွဲကာ **စိုင်းပြင်း** ပုဒ်တွဲ၏ မိတ်ဖက်ကိုပါ တွေ့ရသည်။

တရုတ်ရှေးဟောင်း **စိုင်** (Saing)၊နောင်ပို **စိုင်၊ စောင်** (Saing,Sông)၊ ဖုကင် **စိအောင်** (Siong)၊ကန်တုန် **ရှောင်** (Shong)၊မင်းသုံး **ရှင်** (Shang) ပုဒ်သည်'တိုင်ပင်၊ဆွေးနွေး၊ခြင့်ချိန်၊ဆင်ခြင်'ဟော။(K859,G9738,M5673)။

တရုတ်မင်းသုံး **ပီအေန်၊ပျေန်** (Pien)၊ကန်တုန် **ပီန်** (Pin)၊ရှေးဟောင်း **ဗီအန်၊ဗျန်** (bian)ပုဒ်သည် 'ခဲ့ခြား၊ဝေဘန်၊ဆွေးနွေး'ဟော။(K734,G9207, M 5240)။

အထက်ပါပုဒ် နှစ်ခုတဲ့ **စိုင်ပျေန်** ပုဒ်တွဲ၏အနက် 'တိုင်ပင်၊ဆွေးနွေး။မည်သို့ စီမံဆောင်ရွက်မည်ကို တိုင်ပင်,ဆွေးနွေး 'ဟော။

ဘာသာတခုနှင့်တခုထိုမျှတိုက်ဆိုင်နီးစပ်လျက်ရှိသည်မှာအကြောင်းမဲ့မဟုတ် တန်ရာ၊ ဆက်သွယ်ခြင်းရှိသောကြောင့်သာ ဖြစ်ရပေမည်။

တိုင်ပင် နှင့် စပ်လျဉ်း၍သော်၊ **တိုင်** ပုဒ် **ပင်** ပုဒ်ဒီ တို့နှင့်တလုံးချင်းတိုက်ဆိုင် ဆီလျော်သောပုဒ်များကိုတွေ့ရ၍၊ ယင်းနှစ်ပုဒ်တွဲသည်ကား အဘိဓာန်သာဓက တို့၌ မပါရှိခေ။

တရုတ်မင်းသုံး**တိင်**(Ting)၊ကန်တုန် **တိင်**(Ting)၊ရှေးဟောင်း **တိအောင်** (Tieng)ပုဒ်သည် ' ခြင့်ချိန်၊ ချိန်ဆ၊ ဆုန်းဖြတ်၊ ညှိနှိုင်း၊ တည်းဖြတ် 'ဟော။ (K 999,G 11261,M 6386)။

တရုတ်မင်းသုံး **ဗိင်** (Ping)၊ကန်တုန် **ဗိင်** (Ping)၊ရှေးဟောင်း **ဗိအင်** (Piang)ပုဒ်သည် 'တူကွ၊ပူးပေါင်း'ဟော။ (K741,G 9282,M 5292)

မြန်မာဘာသာ၌ လူတဦးနှင့်ဖြစ်စေ, အများနှင့်ဖြစ်စေ ပူးပေါင်း ဆင်ခြင် ညှိနှိုင်းဆုန်းဖြတ်သည်ကို **တိုင်ပင်** ဟုဆိုရာ၊အထက်ပါပုဒ်အနက်တို့နှင့် တိုက်ဆိုင် သည်ဆိုရာ၏။

တိုင်ပင် တွင် **တိုင်** ပုဒ် **ပင်** ပုဒ် တို့၏ရင်းမြစ်ဟု ယူဖွယ်ရှိသောပုဒ်များကို တရုတ်ဘာသာ၌တွေ့ရပြီးသော်၊ မြန်မာဘာသာ၌ တဖန်ရှာပြန်သော်၊ ယင်းတို့ နှင့်နီးစပ်သယောင်ရှိသောပုဒ်များကိုတွေ့ရပြန်သည်။မြန်မာဘာသာ၌'တိုင်းတာ သည်၊တိုင်းထွာသည်၊တိုင်းဆသည်'ဆိုသည်တို့၌ **တိုင်း** ၏အနက်၊တရုတ်ဘာသာ **တိင်** ၏အနက်ကဲ့သို့ ' ခြင့်ချိန်၊ချိန်ဆ'ဟောပင်ဖြစ်သည်။ တဖန် 'တဖက်နှင့်ပင်း၍ကြုံသည်၊ရိုင်းပင်းသည်' ဆိုသည်တို့၌ **ပင်း** ၏ အနက်မှာ ' ပူးပေါင်း၊ ပေါင်းသင်း'ဆိုသည်တို့၌ကဲ့သို့ 'ပူး၊ပေါင်း'ဟောဟုပေါ်ထွက်၏။ထို့ကြောင့်ဤ **ပင်း** ပုဒ်သည် တရုတ်ဘာသာ'တူကွ၊ပူးပေါင်း'ဟော **ဗိင်** နှင့် မိတ်ဖက်ဟုယူဖွယ်ရှိ၏။

သို့ရာတွင် မြန်မာဘာသာ၌ ယင်း **ဝိုင်း** ပုဒ် **ပင်း** ပုဒ် နှစ်ခုကို တဲ့ဖက်ကာ **ဝိုင်း ပင်း** ဟုဆိုသော် **ဝိုင်ပင်** ဟူသောအနက်ဖြင့် မည်သူမျှနားလည်လိမ့်မည်မဟုတ်ချေ။ထို့ကြောင့် မြန်မာဘာသာ **ဝိုင်ပင်** ၏ ပုဒ်ရင်းများမှာ တရုတ်ဘာသာ 'ခြင့်ချိန်၊ချိန်ဆ၊ ဆုန်းဖြတ်၊ညှိနှိုင်း၊ တည်းဖြတ်' ဟော **ထိင်** ပုဒ်၊ 'တူကွ၊ပူးပေါင်း'ဟော **ဝိင်** ပုဒ်တို့ဖြစ်သည်ယူရာ၏။

စိုင်းခြင်း နှင့်စပ်လျဉ်း၍သော် မြန်မာဘာသာ၌ တိုက်ဆိုင် ဆီလျော်သော ပုဒ်သီးများကို မတွေ့ရတော့ချေ။ **စိုင်း** အသုံးများကို 'စိုင်းနှင်း၊ဒုံးစိုင်း၊ဒေါင်စိုင်း' နှင့် 'ရိုင်းစိုင်း'တို့၌သာတွေ့ရ၍၊ **ခြင်း** အသုံးများ 'ပြင်းထန်၊ပြင်းပြ၊ကြီးပြင်း၊ပူပြင်း' ဆိုသည်တို့၌တစု၊ 'ပြင်းရိ၊ပြင်းတဲ့၊'ဆိုသည်တို့၌တစု၊ 'ခံပြင်း၊မြင်ပြင်း၊ကြားပြင်း'ဆိုသည်တို့၌တစု၊'ပြုန်းပြင်း၊ပြင်းပြင်း' ဆိုသည်တို့၌တစုရှိသော်လည်း၊ယင်း **စိုင်း** အနက်၊ **ခြင်း** အနက်များကို မည်သို့ပင် ဆက်စပ်ယူစေကာ၊ 'တိုင်ပင်၊ဆွေးနွေး'ဟူသောအပေါင်းအနက်သို့သက်နိုင်စွမ်းမရှိချေ။ထို့ကြောင့် **စိုင်းခြင်း** ပုဒ်မှာ တရုတ်ဘာသာသက်ဖြစ်ကြောင်းပို၍ထင်ရှားသည်။

မြန်မာဘာသာတွင်းသို့ ဤ **စိုင်းခြင်း**၊ **ဇိုင်ပင်** ဟူသော စကားများ ကူးရောက်လာသည်မှာ လွန်စွာ ရှေးကျသော ပုဂံခေတ်၌ ဟုတ်ပုံမပေါ်၊ ပုဂံခေတ်ကျောက်စာ,မင်စာတို့၌ ယင်းစကားများ အသုံးအနှုန်းကို မတွေ့ရ။ ပုဂံခေတ်၌ 'စိုင်းပြင်း၊တိုင်ပင်'တို့နှင့်အနက်ပရိယာယ်အားဖြင့်အနီးစပ်ဆုံးသုံးသော်စကားတို့မှာ **ငါး** ခေါင်းစဉ်အောက်၌ ဖော်ပြခဲ့သော **အဇီ၊ဇိဿတ်၊ညီဿတ်** ဟူသည်တို့သာဖြစ်သည်။၅၅၄ ခုစဲ့၊စောမွန်သင်ကျောက်စာ၊၂၌'စံမွန်သင်၊သို့မှန်အဇီ(စောမွန်သင်၊သို့မှန်အညီ)'ဟူ၍ဂင်း၊ ၅၅၂ ခုစဲ့၊ လေးမျက်နှာစေတီ၊မင်းအနန္တသူကျောက်စာ၊ ၁၆ ၌ 'တြ၂ ၁တို့နှင့်ဇိဿတ်သောမူကြ၍တေး'ဟူ၍ဂင်း၊ ဆိုသည်တို့၌ **အဇီ**(အညီ)၊**ဇိဿတ်**(ညီညွတ်)ဆိုသည်တို့တွင် **ညှိနှိုင်း**၊**တိုင်ပင်** ဟူသောအနက်များကိန်းလျက်ရှိသည်။ **'စိုင်းခြင်း**၊**တိုင်ပင်'**ဆိုသော စကားတို့ကို အင်းဝကဗျာခေတ်လောက်ဆီမှ ခပ်တွင်တွင် သုံးစွဲလာသည်ကို ထောက်သော်၊ ယင်းတို့သည်၊သကရာဇ် ၈၀၀ ကျော်စ၊စစ်ကိုင်းထူပါရုံစေတီတော် ဒါယကာ၊ နရပတိမင်းလက်ထက်၊ မြန်မာနှင့် တရုတ်တို့ အဆက်အဆံ များလာသောခေတ်လောက်တွင်မှမြန်မာဘာသာတွင်းသို့ တရုတ်ဘာသာမှသက်ဆင်းဝင်ရောက်လာသည်ဟု ခန့်မှန်းယူဆရာသတည်း။

ဆုန်းဖြတ်

(မြန်မာစကားအဖွင့်ကျမ်း၊ပထမတွဲ၊၅၅ကြည့်)

မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ **ဆုံးဖြတ်** အကြောင်းတွင်၊ စကား၏ အရေးသမိုင်းကိုပြဆိုရာ၌၊ အချက်အလက်များ ကျန်ရှိသွားသဖြင့်၊ ဤတွင် အနည်းငယ်ဖြည့်စွက်ဖေါ်ပြလိုသည်။

တရားကိုဆုန်းဖြတ်သည်ဖြစ်စေ,ကုန်ပစ္စည်း စသည်၏အဖိုးကိုဆုန်းဖြတ်သည်ဖြစ်စေ၊ပုဂံခေတ်၌ ရှေးဦးစွာ **ဖြတ်** ဟုသာရေးဆိုသည်။

(၁)။ "ဤမျသောသင်ဖမတို့ ကျွန်ကား ငကိုအောင်ဟု **ဖြတ်၍**၊ ငကိုနှင်းပေပြီးသတေး။ သံဗျင် အနန္တသူမိန့်တုံ၏။ ထိုသို့တေးသင်ဖမတို့နှင့်ကိုလျှင် အောင်စေဟု **ဖြတ်** ၍နှင်းပေဟူနှင်ရလင့်။ အောင်စေဟု **မဖြတ်** ၍ မနှင်းပေသောဖြစ်ခဲ့မူကား၊ အသို့မူတုံအံ့နှေးဟုသောတေး။" ။၅၉၅ ခုစွဲ၊ ပုဂံမြို့၊ လေးမျက်နှာစေတီကျောက်စာ၊ ၂၀-၂၄ (အင်္ဂနာက်မျက်နှာအလယ်ကျောက်တိုင်)။(ခေတ်ရေးနည်းသို့ဖလှယ်ပြီး)။

(၂)။ "သကရစ် ၆၃၄၊နံယံုန်လ၂၂ည်သတင်းကြာသပတိယ်နိယ်လျှင်သဝန်နပိစည် ခင်ဦရောင်သောတောင်၂၂နှန်လဲ ၅၀ သောကိုဝ် **ငယ် ၄၀၀ဖြတ်** ၏"။ ၆၃၄ ခုစွဲ၊ပုဂံမြို့၊တာမဏိကျောင်းကျောက်စာ၊၃၁-၃၂။

ဤထုတ်နုတ်ချက်များတွင် **ဖြတ်** ဆိုသည်မှာ(၁)၌ ပေတက်သွားငါးစွယ်သင်နှင့်သံဗျင်အနန္တသူတို့၏ **အမှုကိုဆုန်းဖြတ်** ဖြစ်၍ (၂)၌ ရောင်းသော တောင်ပြုန်းလယ်၏ **အဖိုးကိုဆုန်းဖြတ်** ဖြစ်သည်။

ပုဂံခေတ်ရှေပိုင်းတွင်'တရားကိုဆုန်းဖြတ်၊အဖိုးကိုဆုန်းဖြတ်'ဟုဆိုသော်**ဖြတ်** ဟုသာ ရေးခဲ့သည်မှ၊ ပုဂံခေတ်နောက်ပိုင်းသို့ရောက်သောအခါ **ဖြတ်** ဟုရေးဆိုလာသည်ကိုတွေ့ရသည်။

(၁)။ "ဖြတ်ရကာ ပတည်သာကာ ယှုံသောတေ။"။ ၆၀၄ ခုစွဲ၊ပုဂံမြို့၊ မမူရာဇိကအနိုးပြတိုက်ကျောက်စာ၊ ၂၇၊(တိုင်းရင်းပုံ ၁၄၂)။

(၂)။ "တဏ္ဍုလနာလိဇတ် ကုန်အဖိုဝ်ဖြတ်။" ။ ပုဂံခေတ် နောက်ပိုင်းလောက်တွင်ရေး၊ပုဂံမြို့၊ ဝက်ကြီးအင်း၊ ဂူပြောက်ကြီးမင်စာ။ (အာရုံခံ၊တောင်ဖက်နံရံ)။

ထုတ်နုတ်ချက်(၁)တွင် ကျောက်ကျိုးပဲ့နေသဖြင့် **ဖြတ်ရကား** ၏ရှေစကားများကိုမသိရ။သို့ရာတွင် 'ပတည်သာကားယှုံးသော တေ'ဟူသောနောက်စကားများကိုထောက်သဖြင့်၊ **ဖြတ်** ဆိုသည်မှာ **တရားကိုဆုန်းဖြတ်** ဖြစ်ရမည်။ထုတ်

နုတ်ချက်(၂)တွင် **ကုန်အဖိုးဖြတ်** ဆိုသောစကား၏အနက်မှာ ထင်လင်းပေပြီ။

ဤသို့လျှင် ပုဂံခေတ်ရှေပိုင်းတွင် **ဖြတ်** ဟူ၍ငင်း၊နောက်ပိုင်းတွင် **ဖြတ်** ဟူ၍ငင်း၊ ရေးသားသုံးစွဲလာခဲ့ရာ၊ အင်းဝခေတ်လယ်လောက်သို့ ရောက်သောအခါ၊ ကဗျာလင်္ကာများကို တွင်တွင်စီးကုံးထုံးဖွဲ့လာသဖြင့် စကားများလည်းကြွယ်ဝ၍ လာခဲ့ရကား၊**ဖြတ်**၏ရှေ့တွင်အနက်တူပုဒ်**ဆုန်း**ကိုထည့်ကာ**ဆုန်းဖြတ်**ဟုရေးဆို ပြန်သည်မှ၊ ၁၀၄ ခုနှစ်ထိုး တက်နွယ်ကျောင်းကျောက်စာတွင် 'သို့ငါဒါယကာ ဆုန်းဖြတ်သည်အတိုင်းမကျင့်ပဲ၊'ဟူသောအရေးကိုတွေ့ရသည်။ **ဖြတ်** တွင် **ဆုန်း** ယှဉ်ကပ်ဖြည့်စွက်ရေးဆိုသည်မှာ **ဖြတ်** ၏အခြားအသုံးများဖြစ်သော'တိုက်ဖြတ်၊ ကိုက်ဖြတ်၊ရိတ်ဖြတ်၊လှီးဖြတ်'စသည်တို့နှင့်ကွဲပြားရ၍၊ **တရားကိုဖြတ်** ဟူသောအ နက်အားပိုမို တိကျ,လေးနက်, သိလွယ်စေခြင်းငှါ ဖြစ်သည်ဆိုရာ၏။ ' တရားကို ပြတ်၊အဖိုးကိုပြတ်၊တရားကိုဖြတ်၊အဖိုးကိုဖြတ်'ဟူသော ရှေးရေးထုံးသုံးထုံးများ ကိုထောက်သဖြင့်လည်း၊ **အဖိုးဆုန်း** နှင့် **တရားဆုန်းဖြတ်** တို့ကိုစံနစ်တခုတည်း ထား၍သာလျှင် ရေးသင့်ကြောင်း သဘောပေါက်ရာ၏။ သို့ဖြင့် ကဝိလက္ခဏာ သတ်ပုံတွင် ' နီလာရည်မှုန်း၊ အဖိုးဆုန်း၊ ပုန်းရှည်တောင်စာကဲ့ ' ဟူ၍ငင်း၊ 'ရေး နည်းသတ်ထုံး၊ညီအောင်ကုံး၊ဆုံးဆုံးဖြတ်ဖြတ်ညှာန်း' ဟူ၍ငင်း၊ **အဖိုးဆုန်း၊ ဆုံး ဖြတ်** ဟု အရေးမျာကို ခွဲခြား၍ပြလိုက်သည်မှာ အမှားသာလျှင်ဖြစ်သည်ဆိုရာ သတည်း။

၃၉။ ဆိုက်၊ဝိုက်

(၁) နမောတသ၊ ၊ သကရစ် ၆၇၄ ခု၊ဘရဂုဏ်နှစ် တပေါင်လပြည့် ၄ နိယ်အာ ပင်ယ

(၂) ပ္လည်အလုံကို အစိုရသ သိရိတရိ ပန္ဒာတိတျာ ပဝရဓံမသီဟသူ အမည်ရှိသော

(၃) မင်ကွီသည်ပင်ယရှေစည်ခုံမှေတော်မြတ်အာအပါဝန်ကျင်အင်ရွာနှင့်

(၄) အလုံစုံ မွေ့မြေ့ကို မွှိုထုံဖုတ်တံခါကသည် နွာလည်တောင်ငယ်ကို **ဝိုက်** ရှေယ် ၄၉ စ်လယ်

(၅) ကွော်မွှိစ်ကော်ကော်စင်စင် ခါဖွှ။ **ဆိုက်** ကသည် တောင်ကျပ်ကျာ ကိုမူရှေယ်ကံလရေဝင်

(၆) မွှေ့ငင်ကသည်လာရကာ ကံရှိ **ဆိုက်** သာသနာ ၅၀၀၀ တည်စေ

သတေဟု ရွှေကရာနှင် ရေစင်တော်သွန်

(၇) ရွှေယ်လူတော်မူပါ၏။ ငကောင်မှကို အစည်ပျက်လေအောင့် ဖွ က်ဆီလု ယူလေသောသူတို

(၈) ကိုဘုရာတကာ ခွါတ်ရွှေယ်မကွတ်နိုင်ယ်မှ ငရဲပိတ္တာအသူရိကယ်အပယ် ၄ ပါက မလွတ်နိုင်ယ်စေသတေ။

(နမောတသ၊ ၊သကရစ် ၆၇၄ ခုဘရဂုဏ်နှစ် တပေါင်းလပြည့် ၄နေ့အား ပင်းယပြည်အလုံးကို အစိုးရသ သိရီတရိပန္တာ (ပဝနာ) တိတျာပဝရခံမသီဟသူ အမည်ရှိသောမင်းကြီးသည်ပင်းယရွှေစည်းခုံ မွေတော်မြတ်အားအပါးဝန်းကျင် အင်းရွာနှင့်အလုံးစုံမြေ မြောက်ကို မြို့ထုံးဖုတ် တံခါးကသည် နွားလည်းတောင်ငယ်ကို **ဝိုက်** ၍ မြစ်လယ်ကြော မြစ်ကောက်ကောက်စင်းစင်း ခါဖြူး **ဆိုက်** က သည်တောင်ကျပ်ကျား(ကြား)ကိုမူ၍ ကမ်းလ(လှ)ရေဝင်မြောင်းကသည်လားရကား ကမ်းရိုးဆိုက် သာသနာ ၅၀၀၀ တည်စေသတေးဟုရွှေကရားနှင့်ရေစင်တော်သွန်း၍ လူတော်မူပါ၏။ ငကောင်းမှကို အစည်ပျက်လေအောင် ဖျက်ဆီးလုယူလေသောသူတို့ကို ဘုရားတံကာခွါတ်၍မကျတ်နိုင်ယ်မှ ငရဲပိတ္တာအသူရိကယ်အပယ် ၄ ပါး မလွတ်နိုင်ယ်စေသတေး။)

အထက်ပါကျောက်စာမှာ ၆၇၄ ခုနှစ်တွင်၊ တစီးရှင် သီဟသူထိုး၊ ပင်းယရွှေစည်းခုံကျောက်စာဖြစ်သည်။ ၁၉၃၁ ခုဆီလောက်တွင်၊ စစ်ကိုင်း နယ်ပိုင်ဝန်ထောက်အဖြစ်ဖြင့် နယ်လှည့်စဉ် ယင်းအား ရွှေစည်းခုံရင်ပြင်တော်ပေါ်၌တွေ့သဖြင့် ကျွန်ုပ်တို့ ကူးယူထားသော လက်ရေးမူကို၊ ရွှေဟောင်း သုတေသနဌာနက ကျောက်စာ ဓာတ်ပုံနှင့် ပြန်လည် တိုက်ဆိုင်စစ်ဆေး၍ ကျေးဇူးပြုလိုက်သည်အတိုင်းဖြစ်ပါသည်။ ကျောက်စာကို ကျွန်ုပ်တို့ကူးယူစဉ်အခါ၌ ပင်းယသူကြီးနှင့် ရွာလူကြီးများလည်းရှိသဖြင့်၊ ကျောက်စာပါ အမည်သညာများနှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာ၊ ပင်းယမြို့ဟောင်းတွင် **ထုံးဖုတ်တံခါး** ဆိုသည်မှာ ရှိသေးကြောင်း၊ **နွားလည်း** တောင်ငယ်သည်လည်းရှိ၍ **နွားလဲ** တောင်ဟု ယခုခေါ်တွင်လျက်ရှိကြောင်း၊ကျောက်စာတွင် **ခါဖြူး** ဆိုက်ဟု ရေးလျက်ရှိသည်ကိုသော်ယခု **ခါမြူးဆိပ်** ဟု ခေါ်တွင်လျက်ရှိကြောင်း ပြောပြကြသည်။

ကျောက်စာပါစကားများအနက်၊ 'နွားလည်းတောင်ကိုပတ်၍' ဟုဆိုရမည်အစား 'နွားလည်းတောင်ကိုပိုက်၍' ဟုဆိုလျက်ရှိသည်ကိုငင်း၊ 'ခါဖြူးဆိပ်' ဟု ဆိုရမည်အစား 'ခါဖြူးဆိုက်' ဟုဆိုလျက်ရှိသည်ကိုငင်းထောက်သော်၊ **ပိုက်** နှင့် **ပတ်**၊ **ဆိုက်** နှင့် **ဆိပ်** ပုဒ်များသည် တခုနှင့်တခု ဆက်စပ်ခြင်းရှိ၍၊ တခုမှ တခုသို့ရွေ့လျောလာခဲ့ပေသလောဟု စဉ်းစားဖွယ်ပေါ်လာသည်။

'သပိတ်ကိုပိုက်သည်၊လူကိုပိုက်ပွေ့သည် 'ဆိုသည်တို့မှာ သပိတ်ကိုသော်၎င်း၊ လူကိုသော်၎င်း လက်နှစ်ဖက်ဖြင့် ပတ်ပိုက်၍ကိုင်တွယ်,ပင့်မ,ချီပိုးခြင်း ဖြစ်သည်။ လက်မောင်းမျှားအား တခုနှင့်တခုပတ်ပိုက်၍ သိမ်းသွင်းထားသည်ကို လက်ပိုက်သည်ဆိုသည်။ ဝန်းပိုက်နေသော **ဝမ်း** ကို **ဝမ်းပိုက်** ဟုဆိုသည်၌ **ပိုက်** ပုဒ်မှာလည်း ဤပုဒ်ပင်ဖြစ်ရာသည်။ထို့ကြောင့် **ပိုက်** ၏အနက် **ပတ်၊ပတ်ပိုက်၊ ဝန်း ပိုက်** ဟောဖြစ်ပြီးလျှင်၊ **ပိုက်** နှင့် **ပတ်** တို့မှာအနက်ပရိယာယ်တူဟုယူသင့်သည်။ **ပိုက်** နှင့်**ပိုက်၊ ပတ်** နှင့် **ဝတ်** ပုဒ်တို့သည်လည်း အနက် ပရိယာယ်တူ၊ သြဠာသံ မျှားဖြစ်ကြသဖြင့် **ပိုက်၊ဝတ်** ကို **ပိုက်၊ပတ်** ပုဒ်သက်မျှားဟုယူသင့်ပြန်၏။ပုဆိုး, အင်္ကျီ စသည်ကို **ဝတ်** ဆိုရာ၌ **ဝတ်** ၏အနက် ' ကို၏အောက်ပိုင်း အထက်ပိုင်း တို့ကိုပုဆိုး,အင်္ကျီတို့ဖြင့် **ပတ်** ၍ဆင်မြန်း'ဖြစ်သည်။

အန္ဓယ်တူဘာသာတို့တွင် **ပိုက်၊ ပတ်** တို့နှင့် မိတ်တူပုဒ်မျှားကို အောက်ပါအတိုင်းတွေ့ရသည်။

	ဘာသာ	စကား	အနက်
၁။	တရုတ်	ပေါ၊ပေါ်	ပိုက်၊ဖက်၊
၂။	သျှမ်း	ပတ်	ပတ်ရစ်၊လှည့်လည်၊
		ဖက်	ပတ်၊ရစ်၊
၃။	မရူ	ပေါ	ပိုက်၊ဖက်၊
၄။	ကချင်	ဗတ်	ပတ်၊ရစ်၊
၅။	ပေါင်းလျှောင်း	ပေတ်	ခြည်၊ပတ်၊ရစ်၊
		ပွိုက်	ခါးပိုက်၊
၆။	လခဲရ်ချင်း	ပေအု၊ပေအို	ပိုက်၊ဖက်၊
၇။	မိကီရ်	(အရ်)ဗက်	၎င်း
၈။	အဇောမိရီ	ဗိလ်	ပတ်၊ရစ်၊ခြည်၊
		ပါက်	ခြည်၊နှောင်၊
၉။	ပလောင်	ဗတ်	ပတ်၊ရစ်၊
		ရ်ပါရ်	၎င်း
၁၀။	မွန်	ဗိုက်	ပတ်၊ဝိုက်၊

အထက်ပါပုဒ်မျှားကို ထောက်သော် **ပိုက်** နှင့် **ပတ်** တို့သာမက၊ **ပတ်** နှင့် **ဖက်** တို့သည်လည်း ဆက်သွယ်ခြင်းရှိ၍၊ပုဒ်ပြောင်းပုဒ်လဲမျှားဖြစ်သည်ဟူရာ၏။

ကျောက်စာကြောင်းရေ(၅)တွင် 'ခါဖြူးဆိုက်'ဟုရေးဆို၍၊(၆)တွင် 'ကမ်းရိုးဆိုက်'ဟုရေးဆိုလျက်ရှိသည်အနက်၊ 'ခါဖြူးဆိုက် 'ကို ခေတ်စကားဖြင့် 'ခါဖြူး

ဆိပ်'ဟု ရေးဆိုရမည်ဖြစ်ရာ၊ **ဆိုက်** သည် **ဆိပ်** ၏မူရင်း ဖြစ်ပုံပေါ်လျက်ရှိ၏။ 'ခါဖြူးဆိပ်' ၏အနက် 'ခါဖြူးကလဲ ထ၍ပျံသွားသောဆိပ်'ဟု ကောက်ယူသင့်သည်ထင်၏။ သို့ရာတွင် အထက်၌ ဆိုခဲ့သည်အတိုင်း၊ ယခုအခါ ယင်းအရပ်ကို 'ခါမြူးဆိပ်'ဟုခေါ်ဆိုလျက်ရှိသည်။ 'လှေဆိပ်,လှည်းဆိပ်,ကုတ္တိဆိပ်,အကောက်ဆိပ်,မြစ်ဆိပ်,ဆိပ်ကမ်း'ဆိုသည်တို့၌ **ဆိပ်** ဆိုသည်မှာ'လှေ,လှည်း,လူ,ပစ္စည်း စသည်တို့ဆိုက်ရောက်ရာ,ဆိုက်ကပ်ရာအရပ်'ပင်ဖြစ်သည်။

ဆိုက်၊ ဆိပ် တို့နှင့် မိတ်တူပုဒ်များကိုလည်း အနွယ်တူ ဘာသာတို့၌ တွေ့ရသည်မှာ—

	ဘာသာ	စကား	အနက်
၁။	တိဗက်	မ်ဆိ	ရောက်လာ၊သွားလာ၊ပေါ်လာ၊
		ဂ်သျော်သ်	သွား၊လာ၊ပြန်လာ၊
		အ်ဆုဂ်သ်	ဝင်ရောက်၊ဝင်သွား၊
		အ်ဆုဒ်သ်	ဝင်ရောက်၊သွားရောက်၊
၂။	ကချင်	စောက်	ဆိုက်၊ရောက်၊
၃။	မရူ	ချိုက်	၎င်း
၄။	လိစု	ချိ	၎င်း
၅။	ချင်နဂဂ	စုဆ်	၎င်း
၆။	တရုတ်	ဆိ၊စိ (K 1214)	၎င်း
၇။	သျှမ်း	သိုက်(ဆိုက်)	၎င်း
၈။	ကရင်	ဆဲ	၎င်း
၉။	ပလောင်	ဆုတ်	၎င်း
၁၀။	မွန်	စိုပ်	၎င်း
		ဆိုက်	နီး၊ကပ်၊

အထက်ပါတို့တွင် တိဗက်ဘာသာ **မ်ဆိ၊ဂ်သျော်သ်**၊ ကချင်ဘာသာ **စောက်**၊ လိစုဘာကာ **ချိ**၊ တရုတ်ဘာသာ **ဆိ၊ စိ** ပုဒ်တို့သည်၊ မြန်မာဘာသာ **ဆိပ်** နှင့် နီးစပ်သည်။ ယင်းတို့ကိုထောက်သဖြင့် မြန်မာဘာသာ၌ **ဆိုက်** နှင့် **ဆိပ်** တို့မှာ ရင်းမြစ်တူ၊ တခုမှတခုသို့ သက်လျောလာသောပုဒ်များဖြစ်၍၊ **ဆိပ်** ၏ အနက် **ဆိုက်ရောက်ရာ, ဆိုက်ကပ်ရာ အရပ်** ဟောဖြစ်ကြောင်းမှတ်သားရာသတည်း။

၄၀။ ဇလာ၊ကပင်၊ကတ္တူ၊လွန်းကျင်၊ကူရွှဲ၊သမ္ပန်

ပင်လယ်သွား လှေ့နာဝါကြီးများကို၊ပုဂံခေတ်ဦးပိုင်းတွင် 'ဟန်ဗို၊ဟျန်ပိုဂ်၊ ယွန်ပိုဂ်' ဟု ရေးခေါ်၍၊ နောက်ပိုင်းတွင် **သင်ဖဝ်** (သင်းဖော) ဟု ရေးခေါ်ကြောင်းဆိုခဲ့ပြီ။အင်းဝခေတ်သို့ ရောက်သောအခါ **သင်ဖဝ်** (သင်းဖော) ကို 'သင်ဘဝ်၊သင်ဘော၊သဘော်' ဟု ရေးခေါ်ပြီးလျှင် 'ဇလာ၊ကပင် (ကွင်)'ဟူသော စကားများကိုပါ သုံးစွဲလာ၍ 'ကတ္တူ၊လွန်းကျင်၊ကူရွှဲပ်၊သမ္ပန် ' ဆိုသော စကားများလည်း ထက်ကြပ် ပါလာသည်ကို တွေ့ရသည်။ ဤသို့ 'ဇလာ၊ကပင်၊ ကတ္တူ၊လွန်းကျင်၊ကူရွှဲပ်၊ သမ္ပန်' ခေါ်သော လှေ့၊ သဘော်များ အကြောင်းကို တွေ့ရသည်မှာ၊သကရာဇ် ၇၅၀ ခန့်တွင်၊ အဝဘုရင် မင်းကြီးစွာ စော်ကဲသည်၊ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ကို တိုက်ရန်၊ ကုန်းကြောင်း၊ ရေကြောင်း ချီတက်လာရာ၊ရေကြောင်းအင်အားစုကို မဟာရာဇဝင်ကြီးနှင့် မှန်နန်း ရာဇဝင်တို့တွင် ဖော်ပြရာ၌ဖြစ်သည်။

ဤ 'ဇလာ၊ကပင်၊ကတ္တူ၊လွန်းကျင်၊ကူရွှဲပ်၊ဇာမ္ပန်' ဟူသော စကား အခေါ်တို့၏ ရင်းမြစ်နှင့် အနက်တို့ကို ရှေဘုံနိဒါန်း၌ ဖော်ပြထားသည်မှာ အမှားမှား အယွင်းယွင်း ဖြစ်၍နေသည်ကို တွေ့ရသည်။ ဤသို့ ဖြစ်ရသည်မှာ ထိုစဉ်အခါ၌ ပညာရှိတို့သည်၊ မြန်မာစကားအခေါ်ရင်းမြစ်များကို စူးစမ်း ထောက်လှမ်းရာ၌ ယခုကဲ့သို့ တိုင်းရင်းသားနှင့် နိုင်ငံခြားသား ဘာသာများကိုကျယ်ကျယ်ပြန့်ပြန့်၊ ပြည့်ပြည့်စုံစုံ လေ့လာခွင့်မရကြပဲ၊ ပါဠိ၊သံသကြိုဋ္ဌနှင့် မွန်ဘာသာတို့လောက်ကို သာ သုံးသပ်ဆင်ခြင်ခွင့်ရကြသောကြောင့် ဖြစ်သည်။

ရှေဘုံနိဒါန်း၌ **ဇလာကပင်** ကိုစကားတလုံး၊ အမည် တခုတည်းကဲ့သို့ ယူဆပြီးလျှင်၊ ယင်းမှာ မွန်အခေါ်ဖြစ်၍၊ မွန်ဘာသာ၌ 'ဇလာ၊ဇလား' ပုဒ်သည် **သေတ္ထာ** ဟော၊ 'ကပင်၊ခပင်' ပုဒ်သည် **သဘော်** ဟော၊ထို့ကြောင့် 'သဘော်သေတ္ထာ တဖက်ယပ်ကဲ့သို့၊ဦးကားသဘော်သေတ္ထာ တဖက်ယပ် သဏ္ဌာန်အနိမ့်၊ ပဲ့ကား သဘော်သေတ္ထာတဖက်ယပ် သဏ္ဌာန်အမြင့်လုပ်သည့် လှေ့' ကို **ဇလာကပင်** ခေါ်သည်ဟု ဆိုလျက်ရှိသည်။စင်စစ်သော့်ကား **ဇလာ** နှင့် **ကပင်** တို့သည် သီးခြားအခေါ်များ ဖြစ်ကြ၍၊ **ဇလာ** သည် 'သဘော်တမျိုး' ဟော ပညူးအခေါ်ဖြစ်၍၊ **ကပင်** သည်၊ အိန္ဒိယတောင်ပိုင်းကျန်းဆွယ်နေ ရှေးက စောဠ၊ပန္ဒ၂၊ကြေရ(ကေဋ္ဌာရာ)စသဖြင့်ခေါ်ခဲ့၍၊ယခုတယ်မိလ်(ဒမိလ)ဟုခေါ်သောလူမျိုးတို့၏ **သဘော်** ဟော၊ အရှေတောင်အာရှ တိုက်တခွင်၌၊ လွန်စွာ အသုံးတွင်ကျယ်ခဲ့သော **ကပလ်** ပုဒ်သက်ဖြစ်လေသည်။

ပသျူးဘာသာ၌၊ တပင်တိုင်, ဝါ, နှစ်ပင်တိုင် သင်္ဘောတမျိုးကို **ဇလက်** ဟုခေါ်ကြောင်းတွေ့ရသည်။ ယင်းသင်္ဘောမျိုးကို အထူးသဖြင့် ပါဟင် ပြည်၌ ဆောက်လုပ်သုံးစွဲလေ့ရှိသည်ဟုဆိုသည်။ မြစ်ကြောင်းသွား လုံးထွင်းလေ့တမျိုးကိုပသျူးဘာသာဖြင့် 'ဇလောရ်၊ ဇလုရ်' ဟုခေါ်သည်လည်းရှိသေးသည်။ယင်းစကားနှစ်ရပ်အနက်ပင်လယ်သွားတပင်တိုင်,နှစ်ပင်တိုင်သင်္ဘောအခေါ် **ဇလက်** မှရွေးဦးစွာမွန်အခေါ် **ဇလာ** သက်ခဲ့သည်။ မွန်ဘာသာ၌လျော်ခပ်၍လည်းရ, ရွက်လှုင့်၍လည်းရသောပင်လယ်သွားသင်္ဘောတမျိုးကို **ဇလာ** ဟူ၍ဝင်း ကွင် ဟူ၍ဝင်း။ **ဇလာကွင်** ဟူ၍ဝင်းခေါ်သည်။ယင်းအခေါ်များမှသာမြန်မာအခေါ် **ဇလာ၊ကပင်၊ဇလာကပင်** ဟူသောအခေါ်များကိုရအပ်သည်။

ကပင် ပုဒ်သည်ကား၊ ဖေါ်ပြခဲ့သည်အတိုင်း မွန်ဘာသာ **ကွင်** မှပင် ရရှိခဲ့သော်လည်း၊ ယင်းစကား၏မူလမှာ ဒမိလဘာသာ **ကပလ်** ပုဒ်ပင် ဖြစ်သည်။ **ရွက်သင်္ဘော** ဟော ဤ **ကပလ်** ပုဒ်ကို အင်ဒိုနီးရှင်းဘာသာဖြင့် **ကပလ်** ဟူ၍ပင်ဝင်း၊ပသျူးဘာသာဖြင့်လည်း **ကပလ်** ဟူ၍ပင်ဝင်း၊ခမယ်ဘာသာဖြင့်လည်း **ကပလ်** ဟူ၍ပင်ဝင်း၊ယိုးဒယားဘာသာဖြင့် **ကံာပန်** (**ကမ်ပန်**၊ **ကမွန်**) ဟူ၍သော်ဝင်း၊ မွန်ဘာသာဖြင့် **ကွင်** ဟူ၍သော်ဝင်း၊ မြန်မာဘာသာဖြင့် **ကပင်**၊ **ခပင်** ဟူ၍သော်ဝင်း၊လက်ခံသုံးစွဲခဲ့ကြသည်။ ထို့ကြောင့် မြန်မာဘာသာဝယ်၊ အချို့နေရာတို့၌ **ဇလာကပင်**၊ **ဇလာခပင်** ဟု တပုဒ်တည်းကဲ့သို့ရေးသား သုံးစွဲသော်လည်း၊ **ဇလာ** တပုဒ် **ကပင်**၊ **ခပင်** တပုဒ် အနက် 'ပင်လယ်သွားရွက်သင်္ဘော' ဟောချည်းဖြစ်ကြောင်း သတိမူရာ၏။

ကတ္တူ ကိုအချို့ **ကတ္တူ** ဟုလည်းရေးခေါ်ကြသည်။ရွှေဘုံနိဒါန်း၌ **ကတ္တူ** ပုဒ်သည် မွန်ဘာသာ၌ **လ** ဟော **ခတု** ပုဒ်သက်ဖြစ်၍၊ဦးပဲ့ လခြမ်း ပုံသဏ္ဌာန်လုပ်သည့်လေ့ကို **ကတ္တူလ္ယေ** ခေါ်ကြောင်းဆိုသည်။မွန်ဘာသာ၌ **လ** ကို **ဂတု** ဟုရေး၍ **ကတု၊ကဲတု** ဟုရွတ်ဆိုသည်။ 'ကတ္တူ၊ကတ္တူ' ဟုခေါ်သောသင်္ဘောများကို ယခုလည်း သုံးစွဲလျက်ပင်ရှိသေး၍၊ ယင်းတို့၏ ဦးပဲ့တို့ မှာလည်း လခြမ်းပုံနှင့်တူပါပေသည်။သို့ရာတွင် မွန်တို့ကသော် ယင်းသင်္ဘောမျိုးကို **ကတ္တူ** ဟုအခေါ်နည်း၍ **လွင်ယာ** ဟုသာခေါ်လေ့ရှိသည်။ ပသျူးဘာသာ၌သော်ရွက်သင်္ဘောငယ်ကို **ကတိရ်၊ကတရ်** ဟု အခေါ်ရှိသည်။ ယင်း သင်္ဘောမျိုး ကိုပင် အင်္ဂလိပ်ဘာသာဖြင့် **ကတ္တား** (Cutter) ဟုခေါ်သည်။ထို **ကတိရ်၊ကတရ် ကတ္တား** ပုဒ်မှပင် မြန်မာအခေါ် **ကတ္တူ၊ကတ္တူ** ပုဒ်များ သက်ဆင်းလာခဲ့ပေသလောဟုလည်း တွေးဖွယ်ရှိသည်။

ရွှေဘုံနိဒါန်း၌ လျော်သင်္ဘော အခေါ် ဗျူပွတ်တို့ကိုပြရာဝယ်၊ ဘာသာဗေဒ

အချက်အလက်များထက် စကားတို့၏အပေါ်ယံအနက်များကိုဦးစားပေးလျက်ရှိကြောင်း ‘လွန်းကျင်’ နှင့် စပ်လျဉ်း၍ အသိသာဆုံး ဖြစ်သည်။ ယင်းပုဒ်ကို၊ ၁၂၀၃ ခုနှစ်စွဲ၊ရွှေဘိုမင်းဥက္ကလာပသို့စုန်ဆင်းလာစဉ်ထိုး၊မာရာရိဇယသိမ်တော်မော်ကွန်းကျောက်စာတွင် **လွန်းကျင်** ဟုအောက်ပါအတိုင်း ရေးလျက်ရှိသည်။

“အရံရွှေဘောင် ရွှေလှေ လှော်ကားလက်သင် ရွှေလောင်း ကူရွှဲပ် သမ္မန်သကွတန် ရဲလှေ ကတ္တု **လွန်းကျင်** ဇလာ ခပင် သားရဲးလှေ စသဝ်။”

သကရာဇ် ၉၆၇ ခုခန့်တွင်ရေး၊ မင်းရဲနရာ ခြေင်းတွင်လည်း “အမြောက်မြတပူ၊ကတ္တု **လွန်းကျင်**၊ မြင်းဆင်ခြေတပ်၊ကြည်းရေကြပ်လျက်၊လိုက်ထပ်ဖျဖျ၊ မီးပွားကျသို့။” ဟု စပ်လျက်ရှိသည်။

ရွှေဘုံနိဒါန်း၌သော် **လွန်းကျင်** ကို **လွှမ်းကြင်** သို့ပြောင်းလဲ ရေးသားပြီးသော်၊ပုဂံပြည် နရသိခ်မင်းလက်ထက်၊ငဆောင်ချမ်း၌ စစ်ထသည်ဆို၍၊ညီတော်နရပတိစည်သူအား ချီတက်စေရာ၊ လမ်းခုလတ် မလွဲအုံး ပေါက်တွင် ရှိစဉ်၊ မိုးကောင်း မိုးညှင်းမှ **လွှမ်းကြင်** ငှက်ဖိုမကိုဆက်လာသဖြင့်၊ယင်းတို့ကိုလှေ့တစင်း၌ ကောင်းမွန် လုံခြုံစွာထည့်၍ ယူခဲ့ရာ၊ ယင်းလှေ့ကိုပင် **လွှမ်းကြင်** လှေ့ခေါ်ကြောင်း၊ထို့နောက်မင်းဖြစ်သော် ဦးကို **လွှမ်းကြင်** ငှက် ဖိုမသဏ္ဌာန် နှစ်ဖက်၊ ပဲ့ကိုလည်း လွှမ်းကြင် ငှက်အမြီး သဏ္ဌာန် လုပ်ဆောင်စေသဖြင့် ယင်း လှေ့ကို **လွှမ်းကြင်လှေ့** ခေါ်ကြောင်း၊အချို့ကလည်း အလောင်းစည်သူမင်းကြီးလက်ထက်ကပင် တိုင်းခန်းလှည့်လည်ရာတွင် လွှမ်းကြင်ငှက် ဖိုမကိုရသဖြင့် ယင်းငှက်များသဏ္ဌာန်လှေ့လုပ်၍ **မနာပ** လှေ့သမုတ်ကြောင်း၊ အမျိုးမျိုးပင် ဆိုလျက်ရှိသည်။ သို့ရာတွင် မဟာရာဇဝင်ကြီးနှင့် မှန်နန်း မဟာရာဇဝင် တော်ကြီး တို့တွင်သော် ယင်းလှေ့၏အမည်ကို **လွှမ်းကြင်** ဟု မရေးမခေါ်၊ **လွန်းကြင်** ဟုသာရေးခေါ်လျက်ရှိသည်။ဤသို့လှေ့၏အခေါ်တွင် ကဲ့လဲ့ချက်ရှိသည်အတိုင်း၊ ငှက်၏အခေါ်တွင်လည်း ‘လွန်းကြင်၊ လွှမ်းကြင်’ ဟုကဲ့လဲ့ချက် ရှိနေသည်ကို တွေ့ရသည်။ ယင်းငှက်၏အခေါ်ကို ဝဏ္ဏဗေဒခန္ဓသတ်အင်း၊ ဝေါဟာရတ္ထပကာသနီ၊ ကဝိလက္ခဏာသတ်ပုံ စသော ရှေးသတ်ပုံ ကျမ်းကြီးများတွင် မတွေ့ရ။ ယုဒသန်အဘိဓာန်နှင့်ခေတ်သတ်ပုံကျမ်းတို့တွင်သော် **လွန်းကြင်** ဟု အရေးပြကြသည်။ ပုံနှိပ်မူ ကဗျာတို့အနက် ဂါထာခြောက်ဆယ်ပျို၊ ၅၃၊ တွင် ‘ဂဠုန်ငှက်ဆင်၊ လွှမ်းကြင်ပတီး၊’ ဟုရှင်း၊ ရွှေဟင်္သာမင်းပျို၊ ၆၇ တွင် ‘ဇနီးအိမ့်ရှင်၊ မိလွန်းကြင်ကား၊’ ဟူ၍ရှင်း၊ ဘူရိဒတ်လင်္ကာကြီး၊ ၂၆၇ တွင် ‘သားလှုလှုလင်၊ မျိုးလွန်းကြင်သို့၊’ ဟူ၍ရှင်း၊သုဝဏ္ဏသို့သစ္စာခဏ်းပျို့ ၉ တွင် ‘ရွှေအိမ့်သခင်၊လွှမ်းကြင်လှည်းမိဒေဝီနှင့်’ဟူ၍ရှင်း၊ရှင်း ၁၀၆ တွင်‘မယ်တော်လွှမ်းကြင်၊ယှဉ်ကျမ်း

ဝင်နှင့်၊' ဟူ၍ငင်း၊နေမိဘုံခဏ်းပျို့ ၇၅တွင် 'တောင်နန်းညာတင်၊မျိုးလွန်းကြင်နှင့်၊' ဟူ၍ငင်း၊နေမိမင်္ဂလစိုးခဏ်းပျို့၊ ၁၁၅ တွင် 'ဆွေလွန်းကြင်ကို' ဟူ၍ငင်း၊ နေမိငရဲခဏ်းပျို့ ၇၆ တွင် 'မိတ်ဆွေကျမ်းဝင်၊ မျိုးလွမ်းကြင်နှင့်၊' ဟူ၍ငင်း၊ အသီးသီးရေးလျက်ရှိသည်။ယင်းစပ်အင်တို့တွင်၊ငွက်အမည်နှင့်ချစ်သူကိုတင်စား၍ခေါ်သော အမည်မှာအတူတူပင်ဖြစ်သည်။ နှစ်ရပ်စလုံး၌ပင် 'လွမ်းသည်၊ကြင်သည်၊ဝါ၊လွမ်းအောင်ကြင်သည်' ဟူ၍မဟုတ်၊ 'အလွန်အလွန်းကြင်သည်၊ ဝါ၊ ပိုကဲလွန်လွန်းအောင်ကြင်သည်၊' ဟူသောအနက်သည်သာလိုရင်းဖြစ်ချေရကား၊ **လွမ်းကြင်** အရေးထက် **လွန်းကြင်** အရေးကပို၍ သင့်သည်ဆိုရာ၏။ ဂ၄၄ ခုစဲ့၊ စစ်ကိုင်းမြို့၊ မြစည်းခုံကျောက်စာ၊ ၁၁ တွင်လည်း ' ချစ်ဖိုးဖွားခင်၊ လွန်းကြင်တက္ခ၊ မယ်တော် စသော။' ဟု ရေးလျက် ရှိသည်။ ထို့ကြောင့် ပင်လည်း ဤ **လွန်းကြင်** အရေးကိုသာ အလိုက်အနာ များခဲ့သည်၊ ယခုလည်း လိုက်နာလျက်ရှိကြသည်။

လျှေအမည်နှင့်စပ်လျဉ်း၍သော် **လွန်းကျင်** ဟူသော မူလအမည်ကို၊ဤ ချစ်သူနှင့်ငှက်ကိုတင်စား၍ ခေါ်သောအမည်နှင့် ရောထွေးသွားသည်မှ **လွန်းကြင်** ဟူသော အရေးထွက်ပေါ်လာသည်ဟု ထင်ဖွယ်ရှိသည်။ ထို့ကြောင့် ဤဥစ္စလည်း ရွှေတုံနိဒါန်း၏ ဗျုပ္ပတ်အကောက်အယူမှာ ဒဏ္ဍာရီဆန်၍ သွားချေသည်။ ရှေးအခါက တပင်တိုင်,ဝမ်းပြား,အလွယ်တကူလိုရာသို့လွှင့်နိုင်သော သင်္ဘောအငယ်စားတမျိုးကို အင်္ဂလိတ်ဘာသာဖြင့် **လွန်ချ်** (Launch)၊ စပိန်ဘာသာဖြင့် **လန်ချ** (Lancha) ဟု ခေါ်သည်ကို၊ပသျှူးတို့က **လန်ချင်** (Lanchang) ဟုခေါ်သည်။အခြားများစွာသော လှေ,သင်္ဘောအခေါ်တို့ကို၊ မြန်မာတို့သည် ပသျှူးနှင့်အခြားနိုင်ငံခြားသားများထံမှ၊တိုက်ရိုက်သော်ငင်း၊ မွန်တို့မှတဆင့်ကူး၍သော်ငင်း ရသည်ကိုထောက်သော်၊ ဤ ပသျှူးအခေါ် **လန်ချင်** မှ မူလမြန်မာအရေးအခေါ် **လွန်းကျင်** ကိုရခဲ့သည်ဟုများစွာယုံကြည်ဖွယ်ရှိသည်။နောင်မှသာ **လွန်းကျင်** မှ မြန်မာလိုအနက်နှင့်ပြည့်စုံသည့် **လွန်းကြင်** သို့ ပြောင်းလဲရေးသားခဲ့သည်ကို အရေးသမိုင်းက သက်သေခံလျက်ရှိသည်။

ကူရွပ်ကို ဝေါဟာရထွပကာသနီကျမ်း, ဟောင်း သစ်, တို့၌ **ကူးရွှပ်** ဟုပါရှိရာ၊မူလအတိုင်းမဟုတ်၊ **လွန်းကျင်** ၌ကဲ့သို့ မြန်မာလိုအနက်ရအောင်စာတည်းတို့ကပြင်လိုက်ခြင်းဖြစ်တန်ရာသည်။မင်းတရားမယ်တော်ခြေင်း၊ ၃၃ ၌ 'ကုလားရွှေ့၊ဘရင်ဂျီတို့၊ပည်းသီထူဆပ်၊ ကူရွပ်သင်္ဘော၊ ဖြင်ပေါများလှ၊ ကျောက်ဆူးချ၍။" ဟုစပ်၍ ဦးကုလားမဟာရာဇဝင်တော်ကြီးနှင့်မှန်နန်း မဟာရာဇဝင်တော်ကြီးတို့တွင်လည်း **ကူရွပ်** ဟုသာရေးလျက်ရှိသည်။ထိုနည်းတူစွာရှေးက 'ကုတို့၊

ကုခန်း၊မုဆိုး' ဟုရေးခေါ်ခဲ့သည်တို့ကို၊နောက်လူတို့က 'ကူးတို့၊ကူးခန်း၊ မူဆိုး' ဟု ဗျူပွတ်ရင်းကိုမသိပဲ၊ မိမိတို့ လိုရာအနက်သို့ ဆွဲဆောင် ရေးခေါ် လာခဲ့သော သာဓကမျာ်းလည်းရှိသေးသည်။ **ကူရွှင်**ကို ရာမညတိုင်းသားတို့၏ **ပန်းကန်လုံး** အခေါ် **ခရွှင်** ပုဒ်သက်၊ ဦးပဲ့ ပန်းကန်လုံးကဲ့သို့ နိမ့်မြင့်လုပ်သည့်လေဟု ရွှေဘုံနိဒါန်းတွင်ပြဆိုသည်။ **ပန်းကန်လုံး** ကို ရာမညတိုင်းသားမွန်တို့က **ခရွှင်** ဟုခေါ်ဆိုသည်ကိုမတွေ့ရ၊ **ခြေ် (ခရောက်)**၊ **ကြောက်** ဟုသာခေါ်ဆိုကြောင်းတွေ့ရသည်။သို့ဖြင့် ရွှေဘုံနိဒါန်း၏အာဘော်မှာ ခွတ်ချော် သွားသည် ဆိုရာ၏။ **ကူရွှင်** ကို မင်းရဲနံရာခြေင်း၊အပိုဒ် ၂၀ ၌ 'သင်္ဘော ကရွှပ်၊အထပ်ထပ်တည့်၊နတ်ရပ်အသွင်' ဟု စပ်သည်၌ **ကရွှင်** ဟုရေးလျက်ရှိသေးသည်။ ယင်း စကားတို့နှင့် နီးစပ်သည်တို့ကို ကျွန်ုပ်တို့ရှာဖွေကြည့်ရာ တိုက်သင်္ဘောကိုအင်္ဂလိပ်ဘာသာဖြင့် **ကရွှဆာ**(Cruiser)ဟုခေါ်၍ပြင်သစ်ဘာသာဖြင့် **ကူ(အီ)ရဿေး**(Cuirasse') ဟုခေါ်ဆိုရာ **ကရွှဆာ၊ ကူ(အီ)ရသ်**၊ တို့မှ **ကရွှင်၊ ကူရွှင်** တို့သို့သက်လာသည် ထင်ဖွယ်ရှိသည်။

ယခုအမျာ်းအာ်းဖြင့် **သမ္မန်** ဟုရေးခေါ်နေသောစကာ်းကို၊ ၁၁၃၀ ပြည့်နှစ်ထိုး၊ ပုဂံမြို့၊ ရွှေစည်းခုံစေတီတော်၊ ကုန်းပေါင် ဆင်ဖြူရှင် ထီးတော်တင်ကျောက်စာ၊ကြောင်းရေ ၇၆ တွင် ရေးလျက်ရှိသည်မှာ—

"ရောဝတီမြစ်လုံးပြည့်အထပ်ထပ်အဆက်ဆက်၊ကတ္တူ **သမ္မန်** ရဲလှေ ကဲ့လှေ သာ်းလှေ မကန်းလှေ ဇီဝစိုးလှေ ဇလာ ကပင် လှော်ကာ်း လက်သင် လက်ရွေး ပြည်လုံးအမ်ှ ရန်နိုင် မင်းတံငါ ရွှေတံငါ လှေတော်လှေလျင် ဝန်းကျင်ရံလျက်။" (ခေတ်ရေးနည်းသို့ဖလှယ်ပြီး)။

ဤအတိုင်း **သမ္မန်** ဟုပင် ပြည်မြို့တဖက်ကမ်း ဖိုးဝန်းတောင်စေတီကျောက်စာ၌လည်း ရေးလျက်ရှိသည်။သို့ရာတွင် ၁၂၀၃ ခုနှစ်၊ရွှေဘိုမင်းလက်ထက်ထိုး၊ ရန်ကုန်မြို့၊ မာရာရိဇယသိမ်တော် မော်ကွန်းကျောက်စာတွင်သော် အထက်၌ တင်ပြခဲ့သည့်အတိုင်း သမ္မန် ဟုရေးသည်၌၊ရှေးအရေး **သမ္မန်**မှ **သမ္မန်** သို့ပြောင်းလာသည်။ သို့ဖြင့်ရွှေဘုံနိဒါန်း၌ **သမ္မန်** သည် မဂဓဘာသာ 'စပ်သည်' ဟောပုဒ်ဖြစ်၍၊ယင်းလှေကို အနော်ရထာမင်းအာ်း ပဋိက္ကယာ်းမင်းက ဆက်သည်စွင့်၊ မိဖုရား မောင်းမမိဿံတို့အာ်း စီးနင်းရန်ပေးထာ်းသဖြင့်၊ 'မိဖုရားမောင်းမမိဿံတို့နှင့်စပ်သည့်လေ၊' ဟူ၍ငင်း၊ 'တလိမ်းမထေး၊ သစ်စေးမထည့်၊ အုန်းဆံမရိုက်၊ ပျဉ်ကိုပျဉ်ချင်း၊စူးရဲသပ်နှက်၍စေ့စပ်အောင်လုပ်သည့်လေ' ဟူ၍ငင်း၊စကာ်းနှစ်ချက်ပင်တော်သင့်သည်ဟု ဆိုလျက်ရှိသည်။ ဤစကာ်း ဤအဆိုတို့မှာ တရပ်နှင့် တရပ်လွန်စွာကွဲပြာ်းလျက်ရှိသဖြင့်၊ ယင်းအချက်အလက်တို့မှာ **သမ္မန်** မှ ပေါ်

ထွက်သောအနက်ကိုမှီး၍၊ကြံဆခြင်းမျှဖြစ်သည်မှာ သိသာပေသည်။

စင်စစ်သော် ယင်း **သမ္မန်** ဟူသောအခေါ်နှင့်လေ့မှာ တရုတ်တို့၏အခေါ်နှင့်တရုတ်တို့ကစတင်ပြုလုပ်သောလေ့ဖြစ်သည်။တရုတ်ဘာသာ၌ **စန်** (မင်းသုံး) **စမ်** (ကန်တုန်နယ်နှင့် ရှေးသုံး) ပုဒ်တို့၏အနက် **သုံး** ဟော၊ **ပန်** ၏အနက် **ပျဉ်** ဟောဖြစ်၍၊ရှေးဦးစွာပျဉ်သုံးချပ်တည်းဖြင့်စပ်၍လုပ်သောလေ့ကို**သမ္မန်**ဟုခေါ်ခဲ့၍၊နောင်သော် ပျဉ်သုံးချပ်တည်းဖြင့်သာမက၊မည်သည့် အရေအတွက်ဖြင့် ဖြစ်စေ၊အလားတူပျဉ်ကို ပျဉ်ချင်းစပ်၍လုပ်သောလေ့ကိုလည်း **သမ္မန်** ဟုပင် ခေါ်ပြန်သည်။သို့ဖြင့် ယင်းစကားနှင့်ယင်းလေ့တို့သည် တရုတ်ပြည်မမှ ကမ္ဘာတဝန်းလုံးသို့ပြန့်နှံ့သွား၍၊ **သမ္မန်** ဟူသောအခေါ်သည် ဂျပန်၊အင်ဒိုနီးရှား၊ ပသျှူး၊ ခမယ်၊ယိုးဒယား၊မွန်၊မြန်မာ၊ဟိန္ဒူစတန်၊အင်္ဂလိပ် ဘာသာ စသည်တို့၌ တည်လျက်ရှိသည်။ထို့ကြောင့် **သမ္မန်** ဟုမူလအတိုင်းပင်ရေးသည်ဖြစ်စေ၊ **သမ္မန်** ဟုပါဠိဖက်သို့ဆွဲ၍ ရေးသည်ဖြစ်စေ၊ ယင်းစကား၏ ရင်းမြစ်မှာ တရုတ် ဘာသာ **ပျဉ်သုံးချပ်** ဟော **သမ္မန်** ပင်ဖြစ်၍၊ယင်းလေ့မှာ 'ပျဉ်ပျဉ်ချင်း စေ့စပ်အောင်စူးသပ်နှက်၍ တွယ်ဆက် ဆော့က်လုပ်သော့လေ့' ဖြစ်သတည်း။

၄၁။ ညှင်း

ညှင်း အရေးကို'ငၤည'ခဲ့ထားအဖွင့်၌ အသင့်အတင့်ဆိုခဲ့ပြီးဖြစ်သော်လည်း၊ ဤတွင်အနည်းငယ်ဖြည့်စွက်ပြဆိုလိုပေသေးသည်။

၈၀၆ ခုစဲ့၊စစ်ကိုင်းမြို့၊ထူပါရုံစေတီတော် ကျောက်စာ၊၅၂၊၅၃ တွင်'ပန်တယာသားအမိ ၂ ယောက်၊ ညှင်းသည်ငမောက်ငယ်၊' ဟူသော အရေးကို တင်ပြခဲ့ပြီ။

၉၀၁ ခုစဲ့၊ပုဂံမြို့၊ဓမ္မရာဇိက မင်စာ၊၁၅ တွင် ' သံမြသာလေး၊ သီကြွေးညှင်းစောင်း၊မိကျောင်းစီးစုပ်၊လက်ခုပ်အညီ၊ကချင်း(ကခြင်း)သီ၍၊'ဟူသောအရေးကိုလည်း နောက်ထပ်တွေ့ရသေးသည်။

ရှေးကျသောကဗျာစပ်အင်တို့တွင် **ညှင်း** ဟူ၍အရေးများသည်။'ပြာဋ္ဌိဟာခဏ်းပျို၊ ၉၉ တွင် ' နတ်စောင်းနတ်ညှင်း၊နတ်သီခြင်းဖြင့်၊ ညင်းညင်းမှုတ်တီး၊' ဟူ၍၎င်း၊သာဓိနုပျို၊၃၄ တွင် 'သားကိုစွန့်သုတ်၊ ညှင်းမှုတ်မျောက်ငယ်၊ရေဝယ်ကျောက်ကူး၊'ဟူ၍၎င်း၊သျင်သံကိုဆိုစစ်ချီရတုတွင်'အဲထောက်သီချင်း(သီခြင်း)စောင်းညှင်းနဲ့ပြေ၊ ကခြေရုပ်နတ်၊ ' ဟူ၍၎င်း၊ ဝံတောင်လယ် ဖုန်းတော်ကြီးဆို

ပန်းဖွဲ့ရတဲ့ မျှားတွင် 'ဟသ်ာကားအဲ၊ဝမ်းပဲကားညှင်း၊ပိန်ညင်းကားစောင်း၊'ဟူ၍ငင်း၊'ပဲတွေးကားညှင်း၊ပိန်ညင်းကားအဲ၊ဝမ်းပဲကားစောင်း၊'ဟူ၍ငင်း၊ရေးစပ်သည်တို့ကိုတွေ့ရသည်။သို့ရာတွင် နေမိဘုံခဏ်းပျို၊ဟံသာဝတီမူတို့တွင်သော်၊ အပိဒ် ၃ ၌ 'ရွှေစည်ရွှေမောင်း၊ရွှေငြင်းစောင်းနှင့်၊'ဟူ၍ငင်း၊ ၂၃ ၌ 'ခြည်းခြည်းခြင်းခြင်း၊ စောင်းငြင်းအသံ၊'ဟူ၍ငင်း၊ ၂၇ ၌ 'မြည်လတ်တုံခြင်း၊ စည်စောင်းငြင်းနှင့်၊'ဟူ၍ငင်း၊တလျောက်တည်း **ငြင်း** ဟူ၍ချည်း ရေးလျက်ရှိသည်။ဤသို့နှစ်ကွဲဖြစ်နေသည်မှာ တည်းဖြတ်ပုံနှိပ်သူတို့ အပေါ်၌လည်း တည်ကောင်းတည်ပေမည်။ အဘယ်ကြောင့်ဆိုသော်၊ ဝံတောင်လယ် ဖုန်းတော်ကြီး၏ စပ်အင်ကို၊ မှော်ဘီဆရာသိန်းကြီးတည်းဖြတ်သော ပေါရာဏဒီပနီ၊ပဌမတွဲတွင် 'ဝမ်းပဲကားညှင်း၊ပိန်ညင်းကားစောင်း၊'ဟုပါရှိသည်ကို၊အချို့ **ငြင်း** အရေးကြိုက်သူတို့က 'ဝမ်းပဲကားငြင်း၊ပိန်ညင်းကားစောင်း၊'ဟု ခဲ့ထားသာဓကအနေဖြင့်တင်ပြထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မည်သူမျှ ပြင်ဆင် တည်းဖြတ်ခြင်း မပြုခဲ့သော ထူပါရုံစေတီကျောက်စာနှင့်၊ ဓမ္မရာဇာကမင်စာ **ညှင်း** အရေးတို့ကိုသာ မူလအမှန်ဟု ယူဆရာ၏။ ဤအရေးသည်သာ ယင်းတုံရိယာ၏ သာယာငြိမ့်ငြောင်း၊ ပျောင်းပျော့သောအသံနှင့်လိုက်လျောကိုက်ညီသည်ဆိုရာ၏။ သို့ဆိုသင့်သည်မှာလည်း၊ ၅၅၂ ခုစွဲ၊ပုဂံမြို့၊တောင်ဂူနီကျောက်စာ၌ 'ပဥ္စင်္ဂတုရ်မည်သော စည်ညှင်းဖြင့်နိုးထထသော၊' ဟူ၍ငင်း၊ ပုဂံခေတ်နောက်ပိုင်းလောက်တွင်ထိုး၊ ပုဂံမြို့၊ ဝက်ကြီးအင်းဂူပြောက်ကြီးမင်စာ၌ 'နံ့သာစည်ညှင်းပုဇော်၍၊'ဟူ၍ငင်း၊ ၈၀၄ ခုစွဲ၊ ပုဂံမြို့၊တက်နွယ်ကျောင်း ကျောက်စာ၊ကျော၊ ၁၂ ၌ 'မထန်မပြင်း၊ ညင်းညင်းခြေးခြေး၊ဧမြေက်မြက်၊' ဟူ၍ငင်း၊ တင်ပြခဲ့ပြီးသော ပြာဋ္ဌိဟာဒဏ်းပျို၊ ၉၉ ၌ 'နတ်စောင်းနတ်ညှင်း၊ နတ်သီခြင်းဖြင့်၊ ညင်းညင်းမှုတ်တီး၊' ဟူ၍၊ **ညှင်း၊ညင်း** အရေးများကို ထောက်ထားရန်ရှိသောကြောင့်ဖြစ်သည်။ထို့ကြောင့် **ညှင်း** ဟူသောပုဒ်ကို၊တရုတ်အခေါ် **ရှေင်း** (Sheng) မှလာသည်ဟု ယူခြင်းမှာသင့်အံ့မထင်၊ **ညှ** သံနှင့် **ရှ** သံတို့မှာ တော်တော်ကွာပေသေးသည်။ **ညှင်း** ကိုလည်း ပျူမင်းမျှားလက်ထက်ကပင်သုံးစွဲလျက်ရှိကြောင်း၊တရုတ်တို့က ပျူယဉ်ကျေးမှုအဖွဲ့ပါ တုရိယာတို့ကို မှတ်တမ်းတင်ခဲ့သည်မှသိရရာ၊ ယင်းတုရိယာကို မြန်မာတို့သည် တရုတ်တို့ထံမှမဟုတ်ပဲ၊ပျူတို့ထံမှသာဆက်ခံရယူခဲ့သည်ထင်ဖွယ်ရှိသည်။

ညှင်း ဆိုသည်မှာ၊ ဗူး,အုန်းခွံ,ဝါး,သစ်သား စသည်ဖြင့်ပြီးသော၊လေမှုတ်တံတပ်ထားသည့်ခွက်အပေါ်၌၊အရင်းတွင် အခင်ပါ၍၊နံဖေးခွံလက်ပေါက်ငယ်တခုစီပါသော ဝါးကျည်တချောင်းမှ တဆဲ့ခြောက်ချောင်းအထိ စိုက်ထောင်ထားလေ့ရှိသည့် တုရိယာဖြစ်သည်။ သံစုံမှုတ်ညှင်းများ၌၊ တန်း၍ဖြစ်စေ,ဝိုက်၍

ဖြစ်စေ စိုက်ထောင်ထားသောကျည် အနည်းဆုံးရှစ်ချောင်းမျှပါရပေမည်။ ထို့ထက် ကျည် နည်းသော ညှင်းများဖြင့် မိတ်ဖက်သံများလောက်သာ မှုတ်နိုင်ရာသည်။ထို့ထက်ကျည်များလျှင်လည်း၊ လူ၏လက်နှစ်ဖက်တွင် လက်ဆယ်ချောင်းသာပါရှိသဖြင့်၊ လက်ဆယ်ချောင်းဖြင့် ပိတ်ဖွင့်နိုင်သော ကျည်ဆယ်ချောင်းလောက်တို့သည်သာ သံစုံမှုတ်ရန်အတွက်ဖြစ်၍၊ ကျန်သည်တို့မှာ မိတ်ဖက်သံများအတွက်သာဖြစ်ရာသတည်း။

၂၄။ တံစိုး၊တံဆိုး၊တန်စိုး၊တန်ဆိုး

"လက်ဆောင့်ပဏ္ဏာ"ဟော ပုဒ်ကို၊ ကဗျာနှင့် သတ်ပုံကျမ်းတို့တွင် **တံစိုး၊ တံဆိုး၊ တန်စိုး၊တန်ဆိုး** ဟုလေးမျိုးပင်ရေးခဲ့၊အရေးပြခဲ့ကြသည်။ပါရမီတော်ခဏ်းပျို့နှင့်ဆုတောင်းခဏ်းပျို့တို့တွင် **တံစိုး** အရေးကိုတွေ့ရ၍၊ ကိုးခဏ်းပျို့နှင့် သံဝရပျို့တို့တွင် **တံဆိုး** အရေးကိုတွေ့ရသည်။သဝဓိနပျို့၊ ၃၅ တွင် '**တန်စိုး** သုံးဖြဲ၊မည္ဒာမင့်၊မရွဲ့မစောင်း၊မပြောင်းမယိမ်း၊' ဟူသောစပ်အင်နှင့်၊ဝဏ္ဏဗေဓနသတ်အင်းနှင့် သတ်ထူးတို့တွင် **တန်ဆိုး** ဟူသော အရေးပြများကိုလည်း တွေ့ရသည်။သဝဓိနပျို့တွင်'တန်စိုးသုံးဖြာ'ဟူသောစကားနှင့်အလားတူ၊မဟာသီလဝပျို့၊ ၂၃ တွင်လည်း 'တံစိုးသုံးမြှာ'ဟူသော စကားကို တွေ့ရသေးသည်။ ဤတွင် 'တန်စိုးသုံးဖြာ၊တံစိုးသုံးမြှာ'ဆိုသည်တို့မှာ (၁)အမျိုးဆက်ခြင်း၊ (၂)မိတ်ဆက်ခြင်း၊ (၃)ရွေ့ရှေ့ဥစ္စာပေးခြင်းတို့ဖြစ်သည်။

တံစိုး၊တံဆိုး တို့ကို အများအားဖြင့် မကောင်းသောအနက်၊ မိမိဖက်သို့ပင်းရန် ပေးသည့် လက်ဆောင်အနေဖြင့် အသုံးများသော်လည်း၊ ကောင်းသောအနက်၊စေတနာဖြင့်ပေးသော လက်ဆောင်အနေဖြင့်သုံးသည်ကိုလည်းတွေ့ရသည်။ ပါရမီတော်ခဏ်းပျို့၊ ၅၂ တွင် 'ကျော်သွေးအံ့အဲ၊အလှူရဲ၍၊ ကဲစေရှင်တုံ၊ခပင်းစုံထက်၊ ပေးလေ့ကျက်၍၊ ပန်နက်နှစ်ထောင်း၊ ပန်ထုတောင်းသည်၊ ဆုတောင်းတံစိုးနိုင်စေလတ်သေး၊'ဟူ၍ဂင်း၊ဆုတောင်းခဏ်းပျို့၊ ၉၂ တွင် ' တံစိုးကံကျေး၊ အမြိုက်ဆေးကို၊ပေးပေးသမျှ၊ပြတ်သားလှလျက်၊'ဟူ၍ဂင်း၊ စပ်သည်တို့၌ **တံစိုး**ကိုကောင်းသောအနက်၊ကောင်းသောပေးကမ်းခြင်းအနေဖြင့်သုံးလျက်ရှိသည်။ ဤအနက်သည်သာ မူလဖြစ်၍၊ နောင်မှသာ ဤကောင်းသောအနက်၊ ကောင်းသောပေးကမ်းခြင်းဟူသည်မှ၊**တံစိုး၊တန်စိုး** တို့ကိုအလွဲသုံးစားပြုလာကြသဖြင့်၊ မကောင်းသောအနက်၊မိမိဖက်,မိမိအလိုသို့သွေးဆောင်ရန် မကောင်းသောပေးကမ်းခြင်း ဟူသည်သို့သက်ခဲ့သည် ယူဖွယ်ရှိသည်။ ထိုနည်းတူစွာ ယခုခေတ်တွင်

လည်း၊ပါဠိ **လာဘ** ပုဒ်သက် **လဝ** သည်လည်း၊ကောင်းသောရခြင်း၊တရားသော ရခြင်းဟူသောအနက်မှ၊မကောင်းသောရခြင်း၊ မတရားသောရခြင်းဟူသော အနက်သို့ သက်လျော့ခဲ့သည်။ ထို့ကြောင့်ပင် **တံစိုး၊ တန်စိုး** ဟူသော အရေးမှ **တံဆိုး၊ တန်ဆိုး** ဟူသောအရေးသို့ပြောင်းလာခဲ့၍ **တန်ဆိုး** ၏အနက်ကို 'ထိုက်တန်ဆိုးရွား၊ ထိုက်ထိုက်တန်တန် ဆိုးဆိုးရွားရွား၊ဝါ၊ထိုက်တန်ဆိုးရွားစ္စာ ပေးယူသောလပ်'ဟုအချို့ပညာရှိများယူဆလိုကြဟန်ရှိသည်။သို့ရာတွင် ဤသို့ယူဆခြင်းသည် မူလပုဒ်ဖြစ်သော **တံစိုး၊ တန်စိုး** တို့နှင့်မအပ်စပ်သည်ပြင်၊ အထက်၌ ဖေါ်ပြခဲ့သော ပုဒ်တို့၏ မူလအသုံးနှင့်လည်း မကိုက်ညီသဖြင့် ကျေနပ်ဖွယ်မရှိသေးဟုဆိုရာ၏။

တံစိုး၊တန်စိုး၊ တံဆိုး၊တန်ဆိုး၊ ပုဒ်တို့၏လုံးချင်းအနက်များကို၊ ယင်းတို့၏ မူလ,ဆင့်ပွားအသုံးအနက်များနှင့် မည်သို့မျှကိုက်ညီအောင် ကြံစည်ယူဆ၍မဖြစ် ချေရကား၊တိဗက်ဘာသာ၌ရှာဖွေကြည့်သဖြင့် မိတ်တူဟုထင်ဖွယ်ရှိသောပုဒ်တခု တွေ့ရသည်ကို တင်ပြပါမည်။ ယင်းမှာ **ဇုရ်တေန်**၊ အနက် **လက်ဆောင်၊ ပဏ္ဏာ** ဟောဖြစ်ပါသည်။အရှေ့ဖက်နိုင်ငံတို့တွင်အာဏာပိုင်တို့နှင့်ဆက်သွယ်ရာ၊အာဏာပိုင်တို့ထံ လျှောက်လွှာစသည်တို့ တင်သွင်းရာ၌ ပါရမဲဖြစ်သော လက်ဆောင်, ပဏ္ဏာဟုလည်း ထပ်လောင်းရှင်းလင်း ဖေါ်ပြထားပါသေးသည်။ ဤအနက်နှင့် အသုံးတို့မှာ မြန်မာတို့၏ **တံစိုး၊ တန်စိုး** အနက်နှင့် အသုံးတို့အတိုင်းပင် ဖြစ်ပါသည်။ပုဒ်ကိုခဲ့ကြည့်ပြန်သောအခါ **ဇု** သည် အထက်လူကြီး၊ အာဏာပိုင်တို့အား 'ပြောဆိုလျှောက်ထား၊ လျှောက်လွှာတင်သွင်း၊အမှုစွဲဆို၊အစီရင်ခံ၊တောင်းပန်၊ မေးမြန်း'စသည်ဟော၊ **ရ်တေန်** သည် **အထောက်အပံ့၊ လက်ဆောင် ပဏ္ဏာ၊ ပူဇော် ပသသည့် အရာ** ဟောဖြစ်ကြောင်း တွေ့ရသည်။ ဤလုံးချင်းအနက်တို့သည်လည်း မြန်မာဘာသာ **တံစိုး၊ တန်စိုး** တို့၏ အနက်,အသုံးတို့နှင့် အံကိုက်ကျလျက်ရှိသည်ဆိုရာ၏။

သဒ္ဒါနည်းအရစဉ်းစားပြန်သော် **ဇု** ပုဒ်မှ **စိုး** ပုဒ်သို့သက်နိုင်ကြောင်း၊ပါဠိဘာသာ **ဇမ္ဗု**၊ **ဇေယျသုရ** ပုဒ်တို့ကို ရှေးကျောက်စာတို့၌ **စံပု** (စံပုကျွန်းလည်) **စည်သူ** (စည်သူမင်းကြီး) ဟုဖလှယ်ရေးသည်ကိုငင်း၊ **ပု** (ပုရွက်၊ပုစဉ်း)နှင့် **ပိုး** (ပိုးဖလံ၊ပိုးပရန်) တို့ပြောင်းလဲသည်ကိုငင်း ထောက်ရာ၏။ **ရ်တေန်** နှင့် **တန်၊ တံ** တို့ထပ်တူမျှကျလျက် ရှိကြောင်း၊ ပြောင်းလဲနိုင်ကြောင်းကိုသော် ရှင်းလင်းရန်မလိုတော့ချေ။တိဗက်ဘာသာ **ဇုရ်တေန်** နှင့် မြန်မာဘာသာ **တံစိုး၊ တန်စိုး** တို့၏ပုဒ်အနေအထားချင်း ပြောင်းပြန်ဖြစ်၍ နေသည်ကိုသော်၊ တိဗက်ဘာသာ **ဗျမလေဝ်၊ ဗျလေဝ်** နှင့် မြန်မာဘာသာ **လိဝ်ပျာ** တို့လည်း ထို့နည်းတူ ဖြစ်၍

နေသည်ကို **လိ၀်ပျာ၊ လိ၀်ပြာ** အဖွင့်၌ဖေါ်ပြထားသည်။မြန်မာတို့သည် ရှေးအခါက တိဗက်တို့ထက်နေရာဒေသ၌ အရှေ့ဖက်ကျသဖြင့် တရုတ်, သျှမ်း တို့နှင့် ပို၍နီးနှောဆက်ဆံခြင်းများခဲ့ပုံပေါ်သည်။ထို့ကြောင့်မြန်မာဘာသာ၌သာမန် အားဖြင့် တိဗက်ဘာသာ၌ကဲ့သို့ ဝိသေသနပုဒ်သည် ဝိသေသျပုဒ်၏ရှေကလာရိုးဖြစ်သော်လည်း၊အချို့သောစကားတို့၌တရုတ်နှင့်သျှမ်းဘာသာတို့၌ကဲ့သို့ဝိသေသနပုဒ်သည် ဝိသေသျပုဒ်၏ နောက်ကလာသည်ကိုလည်း၊ ဤ **တန်စိုး၊ တံစိုး၊ လိ၀်ပျာ၊ လိ၀်ပြာ** စသောစကားတို့၌ကဲ့သို့၊မိတ်တူတိဗက်ပုဒ်အထားအသိုတို့နှင့် ဆန့်ကျင်၍နေသည်ကိုတွေ့ရသည်။သို့ရာတွင် အနက်,အသုံးနှင့် ပုဒ်သီးအသံတို့ကို ထောက်သော်၊ မြန်မာဘာသာ **တန်စိုး၊ တံစိုး** နှင့် တိဗက် ဘာသာ **ဇုရ်တေန်** ပုဒ်တို့မှာ ရင်းမြစ်တူ၊ သားချင်း ပုဒ်များ ဖြစ်သည်မှာ သိသာပေသည်။ သို့ဖြင့် မြန်မာဘာသာ၌ **တန်စိုး၊ တံစိုး၊ တန်ဆိုး၊ တံဆိုး** ပုဒ်တို့တွင် **တန်စိုး** ကို ပုဒ်ရင်း **တံစိုး၊ တန်ဆိုး၊ တံဆိုး** တို့ကို ပုဒ်ပွားဟု ယူရာ၏။ အနက် **လက်ဆောင်၊ ပဏ္ဏာ** ဟူသည် မူလဟော၊ ထိုမှ 'မကောင်း, မသင့်, မအပ်, မတရားသော လက်ဆောင်, ပဏ္ဏာ'ဟူသည် ဆင့်ပွားဟောဟူယူရာသတ်သည်။

၄၃။ တယော၊တရော

ယခုခေတ်တွင် **တယော၊တရော** ဟုနှစ်မျိုးပင်ရေးလျက်ရှိသော တုရိယာ၏ အမည်ကိုရှေးကျောက်စာနှင့်ကဗျာတို့တွင်မတွေ့ရ၊ကုန်းပေါင်ခေတ်လတ်ကဗျာတို့တွင်မှ အောက်ပါအတိုင်း စတင်တွေ့ရသည်။

(၁)။ "စောင်းညှင်းမိကျောင်း၊ အောင်းကလေးတခြား၊ ပတ်တလားနှင့်၊ လက်ဖျားသံနှော၊ **တယောဟူသည်**၊ ခြောက်မည်ငြိမ့်မျိုး။" ။ နာရဒပျို၊ ၁၀၁။

(၂)။ "ထွေလည် မပြောင်း၊ ရွှေစည် စောင်းမှ၊ မြည် ငြောင်း ငြိမ့်အေး၊ အောင်းကလေးဟု၊စံသွေးစည်လျား၊စန္ဒရားနှင့်၊ငြင်း (ညှင်း) ကားညက်ညော၊ ငြိမ်သက်မောသား၊ **တရောညည်းညည်း**၊ နရည်းရှုန်းရှုန်း၊ စည်းဆုပ်(စည်းစုပ်) ညှဉ်းမျှ။" ။စန္ဒကိန္နရီပျို၊ ၃၀။

(၃)။ "မကြာခင်းကျင်း၊ သာယာခြင်းဖြင့်၊ သီချင်း (သီခြင်း) ခံလို၊ ငြင်း (ညှင်း) သံဆိုတည့်၊ သံချို့လျောလျော၊ **တရောသွေးသွေး**၊ အောင်းကလေး စန်းတား၊ယန္တရားက၊စဉ်လျားမပြောင်း၊စောင်းလည်းညည်းညည်း၊ နရည်းသွင်

သွင်၊သံလွင်လေလော။” ။ ၎င်း ၇၆။

(၄)။ “အောင်းလည်းညည်းညည်း၊ စောင်းဖြည်းဖြည်းတည့်၊ နရည်းတင့်မော၊ **တရောကျည်ကျည်**၊ မနောကြည်စိမ့်။” ။၎င်း ၁၀၅။

(၅)။ “ငြိမ့်ငြောင်းညှင်းညံ၊ အောင်းကျံကျံနှင့်၊ စောင်းသံ စည်လျားး၊ စန္ဒရားက၊ခမ်းနားသာမော၊ **တရောတင့်ချေ**၊ ပုလေ့ပုံယင်၊သံလွင်ညည်းညည်း၊ နရည်းစရာ၊နည်းစုံပါလျက်။” ။အဘိရုကပ္ပျိ၊ ၁၅၅။

(၆)။ “စောင်းညှင်းမိကျောင်း၊အောင်းပတ်တလား၊ **တယောအားဖြင့်**၊ ခြောက်ပါးငြိမ့်မျိုး။” ။မဃဒေဝလင်္ကာသစ်၊ ၁၄၆။

စန္ဒကိန္နရီနှင့် အဘိရုကပ္ပျိတို့တွင် **တရော** ဟူ၍ငင်း၊ နာရဒပ္ပျိနှင့် မဃဒေဝလင်္ကာသစ်တို့တွင် **တယော** ဟူ၍ငင်းရေးလျက်ရှိသည်တို့ကို၊ယုဒသန်၏ မြန်မာ-အင်္ဂလိပ်အဘိဓာန်၌ **တယော** ဟုရေးသည်။ဤသို့အရေးနှစ်ရပ်ကွဲပြားနေသော စကား၏ ရင်းမြစ်နှင့် ဗျုပ္ပတ်ကိုရှာကြည့်ရာ၊မွန်ဘာသာ၌ ယင်းတုရိယာကို **ဗြဝ** (ကရော) ဟူ၍ငင်း၊ ပလောင်ဘာသာ၌ **တရော** ဟူ၍ငင်း ရေးခေါ်ပြီးလျင်၊ ရခိုင်တို့ကလည်း **တရော** ဟုပင် နောက်ပုဒ်ကို လျှာလိပ်သံဖြင့် ရွတ်ဆိုကြောင်း တွေ့ရသည်။ တဖန် တိဗက်ဘာသာ၌ ‘ပန်တျာ၊ တုရိယာ’ ကို **ရောလ်** ဟုခေါ်သည်လည်းရှိသည်။ထို့ကြောင့်ယင်းတုရိယာ၏ အမည်ကိုမြန်မာတို့သည် မွန်တို့ထံမှရယူသည်ဟူ၍ သော်ငင်း၊ တိဗက်ဘာသာ၌ကဲ့သို့ မိမိတို့၌လည်း ရှိသည့် ‘ပန်တျာ၊တုရိယာ’ ဟော **ရောလ်** ပုဒ်ဖြင့်ခေါ်သည်ဟု ယူသော်ငင်း၊ မည်သို့ပင်ယူစေကာ **တယော** အရေးထက် **တရော** အရေးကပို၍သင့်ပုံ၊အရင်းခံကျပုံပေါ်သည်။

ဤခွဲပျစ်သောအသံရှိသည့် တုရိယာအခေါ် **တရော** နှင့် ခွဲပျစ်သောအရေနှင့် အပင် အခေါ် **တရော်** တို့သည်လည်း ဆက်စပ်ခြင်း ရှိကောင်း ရှိပေမည်။ မြန်မာတို့၏စိတ်၌ အသံခွဲခြင်းနှင့် အရေခွဲခြင်းတို့မှာ သဘောတူဟု ထင်မြင်ယူဆပုံပေါ်သည်။ ဤရှုခွက်မှကြည့်လျင်လည်း **တရော** နှင့် **တရော်** တို့ကို စံနစ်တခုတည်းထားကာ ရကြီးဖြင့်ခွဲခြားသည်ဟု ရေးသင့်ကြောင်း ပေါ်ထွက်ပြန်သည်။

တရော နှင့် **တရော်** တို့ကို ‘ငှက်သရော့နဲ့ကောမိ၊လူသရော့ဘေးဒဏ်ထိ’ဟူသော စကားတွင် ‘သော့သမ်း၊ ဟော့ရမ်း’ ဟော **သရော** ပုဒ်၊ ‘သရောခိုင်း၊ သရောထန်’ ဆိုသည်၌ ‘အစာတော်မှတ်ခေါင်းပါးခြင်း’ ဟော **သရော** ပုဒ်တို့နှင့် ခွဲခြားမှတ်သားရာ၏။

ရှေးကဗျာတို့တွင် **တရော** စပ်အင်္ဂကိုမတွေ့ရသည့်ပြင်၊ အငြိမ့်တုရိယာအရေအတွက်တို့တွင်လည်းအချို့တို့၌သာ‘စောင်း၊ညှင်း၊မိကျောင်း၊အောင်းကလေး၊

ပတ်တလား၊တရော' ဟု **တရော** ကိုထည့်သွင်းကာ ခြောက်မျိုးပြ၍၊အချို့တို့၌ **တရော** ကိုမထည့်သွင်းပဲ၊၎င်းမျိုးပြသည်မှာ၊ ရှေးတရောနှင့် တရောသံတို့မှာ စံမှီလောက်အောင် ကောင်းမွန်သာယာခြင်းမရှိလှသဖြင့် မင်္ဂလာအခမ်းအနားတို့၌ သုံးစွဲလေ့မရှိပဲ၊နောင်မှသာ တရောနှင့် တရောသံတို့ တိုးတက်ကောင်းမွန်၍၊ သာယာကြည်နူးဖွယ်ရှိလာသဖြင့်၊ အငြိမ့် စသော မင်္ဂလာပွဲသဘင်တို့တွင် ထည့်သွင်းသုံးစွဲသောကြောင့်ဟု ထင်ဖွယ်ရှိသည်။တရောမှာ ကြိုးသုံးချောင်း, လေးချောင်းတပ်၊ လက်ဖြင့်နှိပ်ရန်ခလုပ်များအစားကုန်းလျောတံပါ လေးညှို့ဖြင့်ကြိုးကိုပွတ်၍တီးရသည့် တုရိယာဖြစ်ကြောင်း၊ လူတိုင်းအသိအမြင် ဖြစ်သတည်း။

၄၄။ တိမ်ညင်း၊

"ကြက်တိမ်ညင်, ခါတိမ်ညင့်, ရစ်တိမ်ညင်, ခြိုးတိမ်ညင်, ဆင်တိမ်ညင်" ဟူသော အခေါ် များနှင့် 'မယားငယ်တိမ်ညင်၊ လင်မုဆိုး' ဟူသော စကား တို့တွင် **တိမ်ညင်** ပုဒ်ကိုအချို့ **တိန်ညင်** ဟုလည်း ရေးသည်ကို တွေ့ရ သော်လည်း၊ **တိမ်ညင်** ဟု **မသတ်** ဖြင့်အရေးသည်သာ မူလနှင့်ကျနမှန်ကန်သောအရေး ဖြစ်ကြောင်းဖေါ်ပြပါမည်။

တိမ်ညင်၊ တိန်ညင် အရေးများကို ဝေါဟာရထွေပကာသနီ၊ ဝဏ္ဏဗေဒဓနသတ်အင်း၊ ကဝိကက္ခဏာသတ်ပုံ၊ ဆကာရန္တနယသတ်ပုံ ရတနာကြေးမုံ သတ်ပုံ၊ စသောထင်ရှားသည့် သတ်ပုံကျမ်းများတွင် မတွေ့ရသည်မှာ ထူးခြားပေသည်။ ဝရသေတဂိရိဆင်တော်မော်ကွန်းနှင့် အချို့သော ကျမ်းတို့တွင် **တိန်ညင်** ဟု **နသတ်** ဖြင့် အရေးရှိသော်လည်း၊ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ ရတနာပြောင်မွန်ဆင်တော်မော်ကွန်း၊ရွှေမင်းဖုန်းဆင်တော်မော်ကွန်းနှင့်အခြားများစွာသော ကျမ်းတို့တွင်ကား **တိမ်ညင်** ဟု **မသတ်** ဖြင့်သာအရေးရှိသည်။သို့ရာတွင် မည်သည့်စာပေဌာန်မျှ **တိမ်၊ တိန်** တို့နှင့်ကာရန်ယူ စပ်အင်တို့ကိုကားမတွေ့ရချေ။

တိမ်ညင် တွင် **တိမ်** ၏အနက်မှာမြန်မာဘာသာဌာကောင်းစွာမပေါ်မထွက်၊ တိမ်မြုပ်လျက်ရှိသော်လည်း၊ အနွယ်တူဘာသာတို့တွင်ကား ပြတ်သားစွာ ပေါ်ထွက်လျက်ရှိရုံမျှမက၊ မြန်မာဘာသာဌာ **တိမ်ညင်** တွင် **တိမ်** ပုဒ်နှင့်၊ 'အားရတင်းတိမ်၊နက်တိမ်၊စည်းတိမ်၊သောင်တိမ်၊တိမ်ကော' ဆိုသည်တို့တွင် **တိမ်** ပုဒ်တို့မှာ မည်မျှပင်အနက်ပရိယာယ်တို့၌ ကွဲပြားး၍ နေငြားလည်း၊ တပုဒ်တည်းပင် ဖြစ်ကြောင်း ညွှန်ပြပေသေးသည်။

ဘာသာ	စကား	အနက်
(၁) သဒိုးချင်း	တေမ်၊တိမ်	ကျမ်းကျင်၊လိမ္မာ၊ တတ်သိ၊
(၂) ပေါင်းရွှေချင်း	တိအမ်	၎င်း
(၃) စိယင်ချင်း	တိလ်	၎င်း
(၄) လခဲချင်း	ထဲ (Thai)	၎င်း
(၅) တင်ခုလ်နာဂ	ထေမ်	၎င်း
(၆) တိဗက်	လ်တေမ်	ပြည့်တင်း၊ပြည့်လျှံ၊
	ထေမ်	ပြည့်တင်း၊ပြည့်စုံ၊
(၇) တရုတ်	ထိအေန်၊ထိန်၊ထိအေမ်	ဖြည့်စွက်၊တိုးပွား၊

မြန်မာဘာသာ **တိမ်** နှင့်သဒိုးချင်းဘာသာ **တိမ်** ပုဒ်တို့မှာထပ်တူကျလျက်ရှိ၏။ **တိမ်** ကိုပင်အနည်းငယ်မျှစီ ရစ်ဝဲ့ပြောင်းလဲရွတ်ဆိုသဖြင့် **တိအမ်၊တိလ်၊ တေမ်** ပုဒ်တို့ကိုရအပ်သည်။မြန်မာဘာသာ၌ **တဘ** (မှန်တာ)နှင့် **ထာ** (မဟုတ်ထာ)၊ **တံ** (ကုံတံ) နှင့် **ထံ** (ကုံထံ)၊ **တောင်** နှင့် **ထောင်** တို့ပြောင်းလဲသည့်နည်းတူ၊ **တိမ်၊ တေမ်၊ တိလ်** တို့မှ **ထေမ်၊ ထဲ** တို့သို့ပြောင်းလဲ သွားသည် ဖူ ရာ၏။

အနက်တို့ကိုဆင်ခြင်သော် တိဗက်ဘာသာ **လ်တေမ်၊ ထေမ်** တို့၏ အနက် **ပြည့်တင်း၊ ပြည့်စုံ** ဟူသည်မူလဖြစ်သင့်၏။ အသို့ဉာဏ်, ပညာဖြင့် **ပြည့်တင်း၊ ပြည့်စုံ** သော် **တတ်သိ၊ကျမ်းကျင်၊ လိမ္မာ** ဟူသောအနက်တို့ကိုရ၏။ **တိုးပွားသည်၊ ပြည့်တင်း၊ ပြည့်စုံ** အောင်ပြုသည်ဟူ၍လည်းဆိုနိုင်၏။**ပြည့်တင်း၊ပြည့်စုံ** အောင်ပြုသည်ကို **ဖြည့်စွက်** ဟုဆို၏။ထို့နည်းတူစွာ မြစ်ချောင်း,ဆည်မြောင်းစသည်တို့တွင် သဲနုံးတို့ဖြင့် ပြည့်တင်းပြည့်လျှံလာသော် **တိမ်သည်၊တိမ်ကောသည်** ဟုဆိုသည်။မြစ်ချောင်းတို့တွင် သဲနုံးများပို့၍ စည်း,သောင် ပေါ်ထွန်းလာသော် **စည်းတိမ်၊သောင်တိမ်** ဟုခေါ်ပြန်သည်။တစုံတရာဖြင့်ပိပို့ဖုံးလွှမ်း၍ ကွယ်ပ,ပျောက်ဆုံးသွားသည်ကို **တိမ်ကောသည်** ဆိုသည်။တစုံတရာဖြင့် ဖုံးလွှမ်း,ဖျောက်ဖျက်ထားသော် **ထိမ်သည်** ဟုဆိုပြန်သည်။

ထို့ကြောင့်မြန်မာဘာသာ၌ **တိမ်ညင်** တွင် **တိမ်** ပုဒ်သည်'အသို့ဉာဏ်ဖြင့် ပြည့်တင်း,ပြည့်စုံ၊တတ်သိ၊ကျမ်းကျင်၊လိမ္မာ' ဟောဖြစ်၍၊ယင်းပုဒ်နှင့်'နက်တိမ်၊ တင်းတိမ်၊မြစ်ချောင်းတိမ်၊စည်းသောင်တိမ်၊တိမ်ကော၊တိမ်မြုပ်'ဆိုသည်တို့တွင် **တိမ်** ပုဒ်တို့မှာ ပုဒ်တူ,အနက်ပရိယာယ်ကွဲဖြစ်၍၊ 'တင်းထိမ် (အကာ)၊ထိမ်ဝှက်၊ ထိမ်ချန်' ဆိုသည်တို့တွင် **ထိမ်** မှာယင်းတို့၏ကာရိုက်ပုဒ်ဖြစ်သည်ဟူရာ၏။

တိမ်ညင် တွင် **တိမ်** ၏အနက်ကိုရပြီးသော်၊ **ညင်** ၏အနက်ကို 'ညင်သာ'

ဆိုသည်၌ကဲ့သို့ **သာယာ၊ သိမ်မွေ့၊ ဖြည်းညှင်း** ဟောဟုယူရာ၏။သို့ဖြင့် **တိမ်ညင်** ၏ အနက် 'ကျွမ်းကျင်,လိမ်မာ,ပါးနပ်၍ သာယာ,သိမ်မွေ့,ဖြည်းညှင်းစွာ ဆဲဆောင်တတ်သောသူ, သတ္တဝါ' ဟူ၏။ ယင်း အကြောင်းများကို ထောက်၍ **တိန်ညင်** ဟု နသတ်ဖြင့် အရေးမှာမသင့်၊ **တိမ်ညင်** ဟု မသတ်ဖြင့် အရေးသည် သာသင့်သည်ဆိုရာ၏။

ပန်ထိမ် ဟူသောခေတ်အရေးပုဒ်မှာ၊တရုတ်ဘာသာ၊'ရွှေ့ငွေ့ကြေးစသော သတ္တုအလှထည်လုပ်ငန်း'ဟော **တိအော်၊ထိန်** ပုဒ်သက်၊ **ပန်ထိန်** ဟူသော ရွှေးပုဂံခေတ်အရေးမှ တိမ်းယိမ်းချွတ်ချော်လာသောအရေးဖြစ်ကြောင်း 'ပန်ထျန်၊ ပန်ထိန်၊ပန်တည်း'အကြောင်းခ်ဆိုခဲ့ပြီ။ထို့ကြောင့် ယင်း **ထိမ်** ပုဒ်မှာ ဖေါ်ပြခဲ့သော **တိမ် ၊ထိမ်** ပုဒ်တို့နှင့်မည်သို့မျှမဆိုင်ကြောင်း သတိမူရာသတည်း။



၄၅။ တူလောင်၊တူလောင်

" တုလောင်၊တုလောင်း၊ တူလောင်၊ ဒုလောင်၊ဒုလောင်း၊ဒူလောင် "ဟု ဤလေတုရိယာ၏အမည်ကို ခြောက်မျိုးပင် ရေးခဲ့သော်လည်း၊အရင်းခံနှင့်အမှန်မှာ **တူလောင်** ပင်ဖြစ်ပုံရသည်။ရှေးကျသောကဗျာတို့တွင် **တူလောင်** ဟူ၍သာအစပ်များ၍၊ **တူလောင်** နှင့်၊ ယင်းကလဲ့လျှင် **တူလောင်** ဟူသည်တို့သာ အနက်လည်းရကြောင်းတွေ့ရသည်။

(၁)။ "မင်းခမ်းအရိုး၊ စည်မောင်းနှိုးလျက်၊ **တဖိုးတူလောင်**၊ သာခေါင်ရင့်မြည်၊လက်တံရှည်နှင့်၊မြောက်စည်ပြုန်းပြုန်း။" ။နေမိမင်္ဂလစိုးခဏ်းပျို၊၁၀။

(၂)။ " သံလွင်မုရိုး၊ တပိုးလက်မြောက်၊ **တံကောက် တူလောင်**၊ ရန်အောင်ပဥ္စင်၊ထိန့်ထိန့်ရှင်မျ။" ။ရတနာပြောင်မှန်ဆင်တော်မော်ကွန်း၊၁၄။

(၃)။ "အထွေခင်းကျင်း၊တရှင်းရှင်းလျင်၊ ဒုံမင်း(ဒုန်မင်း)ကွန့်မြူး၊ မုရော ထူး၍၊ ရိုက်ကြူးစည်ပြော၊ နဲ့နှောခရာ၊ ကျာကျာလက်တံ၊ မိုးယံထိအောင်၊ **ဩ လောင်ခရ**၊လှလှသာမော၊လက်ခုပ်ရောလျက်။" ။မဟာဥပရာဇာခြင်း၊၄၆။

(၄)။ " ခရတပိုး၊ မုရိုးလက်မြောက်၊ တံကောက်ခရာ၊ တံမြှာတံရှည်၊ ပိတ်ကျည်ဒုံမင်း၊ ခရသင်းနှင့်၊ ခွက်ခွင်းရီးရော၊ စည်ပြောတဆန်း၊ စည်ဝန်းသံလွင်၊ **ပဥ္စင် တူလောင်**၊ တောတောင်ကိုင်းကျန်း၊ ရိုက်မှန်းထိန့်ရှင်။ " ။မင်းရဲဒီပဒေခြင်း၊ ၂၀။

(၅)။ " တီးမှုတ်မျိုးလည်း၊ ကျိုးကျိုးကျ ံကျ ံ၊ ညိုးညိုးည ံတိ၊ **တုလံဖက်**

လိပ်၊ စိပ်စိပ်မြည်ကြွေး၊စည်သေးစည်အိုင်၊ ဆိုင်ကြတီးမြည်၊တဖက်စည်နှင့်၊ထက်စည်သံဟိန်း၊ မုဒိန်းစည်ကြီး၊ ရိုက်ချိုးပဲ့တင်၊ သံလွင်မုရိုး၊ **တံဝိုး တူလောင်**၊ ပုံထောင်နင်းနောင်း၊စည်ပန်းတောင်းက။” ။ဝေဿန္တရာပျို၊ ၂၉၄။

(၆)။ “နဲ့အခြောင်းချုပ်၊ လက်ခုပ်ကျ ံကျ ံ၊ **ရွှေတုလံလည်း**၊ ကျူးသံမွှေ့မွှေ့ ၊စေ့စေ့သိပ်သိပ်၊ဖက်လိပ်စည်သေး၊ ရေးရေးသံလွင့်၊ စည်အိုင်ဆင့်လျက်၊ထက်နှင့်စည်ကြီး၊ မငြိုးသံရှည်၊ တဖက်စည်က၊ အိုးစည်သံလွန်၊ ပုစွန်လက်မ၊ စသည်ပုံထောင်၊ နှတ်ညှင်းယောင်သို့၊ **တူလောင် ငွေမောင်း**၊ စည်ပန်းတောင်းက၊ သံငြောင်းပန်တယား။” ။မဟာသီလဝပျို၊ ၈၆။

(၇)။ “သောင်းလုံးမြေလျှံ၊ ကျ ံကျ ံကြွေးရင်၊ တော်ကြီးသံတင်နိုး၊ နှတ်ပေါင်းငယ်ကြော်ငြာ၊ သခ်ါင္းမည်၊ **တူလောင်းငယ်တံရှည်ပျိုး**။” ။မြဝတီဝန်ကြီးရေး လောကနတ်သံ။

တူလောင် နှင့် အရေးကဲ့စပ်အင်မျှားစွာရှိသေးသော်လည်း၊ရှည်လွန်းမည်စိုး၍ ဤမျှသာတင်ပြလိုက်ပါသည်။ တင်ပြချက်မျှားတွင် **တူလောင်**၊ **ဟူလောင်**၊ **တူလောင်း**၊**ဒူလောင်**ဟူသောအရေးမျှားအပြင်(၅)နှင့်(၆)တို့တွင်**တူလောင်**၊ **တူလောင်** တို့နှင့် တပိုဒ်တည်းမှာပင် **တူလံ** ဟူသော စပ်အင်ကို တွေ့ရပေသေးသည်။ဤ **တူလံ** ဆိုသည်မှာလည်း **ဖက်လိပ်** ဆိုသည်နှင့်ပူးကပ်၍သော်၎င်း၊ ရှေနောက်သော်၎င်း လာလျက်ရှိရာ၊ **ဖက်လိပ်**၊ **တူလောင်** တို့ကဲ့သို့ လေတုရိယာပင်ဖြစ်ပုံပေါ်သည်။

တူလောင် ကို **တူလောင်** ဟု အရေးတွေ့ရသည်မှာ မနည်းလှပေ။ သို့ဖြင့် **တူလောင်** ကို မှားယွင်းဖတ်ယူ တည်းဖြတ်ပုံနှိပ်သဖြင့် **တူလောင်** ဖြစ်လာခဲ့အံ့မထင်၊ မူများ၌ပင်ထို့အတိုင်းရှိနေခဲ့ပုံပေါ်သည်။ထို့ကြောင့် **တူလောင်**၊ **တူလောင်** ပုဒ်တို့ကိုဖက်တွဲစဉ်းစားရန်လိုပေမည်။**တူလောင်** အကြောင်းကိုမည်သူမျှမဖွင့်ဆိုခဲ့သေးချေ။သံလျင် ဦးမြဦးကသော် ခရာတမျိုးကို သံသကြိုဋ္ဌ ဘာသာဖြင့် **တူရိယ** ဟူ၍ဆင်း၊ဟိန္ဒီဘာသာဖြင့် **တူတား** ဟူ၍ဆင်းခေါ်ဆိုခဲ့သည်ကိုတွေ့ရသည်။ယင်းတို့သည် **တူလောင်** နှင့်အနီးဆုံးတွေ့ရသောစကားများဖြစ်သည်ဟုပြဆိုထားသည်။ **တူရိယ**၊ **တူတား** တို့တွင် **တူ** ပုဒ်သည်သာ **တူလောင်**၊ **တူလောင်** တွင် **တူ**၊**တူ** ပုဒ်တို့နှင့်နီးစပ်သည်။တူလောင်တွင် **လောင်** ကိုသော်အသို့ဖြေရှင်းပါအုံးနည်း။

ကျွန်ုပ်တို့ကသော် မြန်မာဘာသာ၌ ‘အသံမြည်ဟီး၊ဆူပွက်၊ ကြွက်ညံ ’သည်ကို ‘ကျယ်လောင်၊စီလောင်၊ဆူလောင် ’ဆိုသည့်နည်းတူ၊ ရှေးက **တူလောင်**၊**တူလောင်** ဆိုသည်တွင် **လောင်** ပုဒ်မှာ ‘အသံမြည်ဟီး၊ကျယ်လောင် ’ဟော ဖြစ်

သည်ထင်၏။ ဤသို့ဖြစ်သော်၊ **တူ၊တူ** ပုဒ်တို့ကို ယဝ်းတုရိယာမှထွက်လာ၍ နားဥ်ထင်သောအသံဟု ယူသော် မသင့်ပေဘူးလား။ အင်္ဂလိတ်ဘာသာဥဒ္ဒလည်း ကျယ်လောင်သောတပိုးသံ ခရာသံကို တု(တ်) (Toot) ဟုပင် ခေါ်ဆိုသည်။ **တူ၊ တူ** ဟု ကျယ်လောင်စွာ မြည်သောတုရိယာ ဖြစ်သောကြောင့် ယင်းကို **တူလောင်၊ တူလောင်** ခေါ်ဆိုသည်ဆိုသော် ရယ်ဖွယ်ကြီးဟု ဆိုကြပါမည်လား။ သံသကြိုဋ္ဌ နှင့်ဟိန္ဒီဘာသာ **တူရိယ၊ တူတား** ပုဒ်တို့ထွင် **တူ** ကိုသာယူ၍၊ မြန်မာဘာသာ 'ဆူည' ၊ကျယ်လောင်'ဟော **လေ့ာင်** ပုဒ်ကပ်သဖြင့် **တုလောင်၊ တူလောင်** ကို ရသင့်သည်ဆိုသော်၊ အစပ်စပ် အဖါဖါ၊ပဥ္စ ရူပရုပ်ကဲ့သို့ ဖြစ်နေသဖြင့် ကျွန်ုပ်တို့ တော့မကြိုက်ချင်ပေ။ မြန်မာသက်သက် အသံစဲ့အခေါ် 'စည်သံလွင်၊စည်အိုင်၊ စည်အိန့်ရှင်၊စည်ဒုန်မင်း၊ဒုန်းမင်း' စသည်တို့ကိုထောက်သဖြင့် 'တုတူသံကျယ်' ဟူသောအနက်ဖြင့် **တုလောင်၊ တူလောင်** ခေါ်သည်ဆိုခြင်းကို စကားသေးသည်ဟုမဆိုသင့်ထင်၏။

စစ်ကိုင်းမြို့၊ရာဇမဏ္ဍိုဋ္ဌေစေတီတော်ကြီးအား လှူခဲ့သော တုရိယာစာရင်းကို စစ်ကြည့်သောအခါ၊ မင်းခမ်းတော်များ၌ပါဝင်မြဲဖြစ်သော စည်ပြေအဖွဲ့တွင် **ဒုံမင်း** အစား **တုလောင်** ကိုထည့်သွင်းထားကြောင်းတွေ့ရသည်။

"မဟာစေတီတော်ရှိုက်၊ အဲမြဲတီးမှုတ် ပုဇ္ဈော်စိမ့်သော့ဌ၊ မြောက်စည် ခုနစ်လုံး၊ခရူသင်းနှစ်လုံး၊ငွေသပြေတပိုးနှစ်စင်း၊ငွေတံမြှောနှစ်စင်း၊ငွေတံရှည်နှစ်စင်း။ စည်ဝန်းတဆဲ့သုံးလုံး၊ငွေတပိုးကြီးနှစ်စင်း၊ရွှေလက်ချပ်၊ရွှေနဲတစင်း။ စည်ပြေတဆဲ့ငါးလုံး၊ ငွေခရာတဆဲ့ငါးစင်း၊ **တုလောင် နှစ်စင်း**၊ ငွေနဲကြီးနှစ်စင်း၊ နဲငယ်နှစ်စင်း၊ဗုံတလုံး၊ ကြေးစည်ပုတ်တလုံး၊ ခွက်ခွင်းတရန်။ ဤသို့ မင်းတန်ဆာပဥ္စင်္ဂါတူရိယာငါးပါးတို့ကို အမြဲတီးမှုတ်စိမ့်သော့ဌါ လှူတော်မူ။" ။(ခေတ်ရေးနည်းသို့ဖလှယ်ပြီး)၊ကျောဖက်၊ကြောင်းရေ ၆၇-၆၉။

ဤစာရင်းနှင့် 'ဒုံမင်း၊ဒုံးမင်း၊ ဒုန်မင်း၊ဒုန်းမင်း' အဖွင့်တွင် ပေးထားသော စာရင်းအပြင်၊အခြားမင်းခမ်းတော်တီးဝိုင်းအဖွဲ့တုရိယာစာရင်းများကိုတိုက်ဆိုင်ကြည့်လျှင်၊ဤစာရင်း၌ **တုလောင်** ကို အခြားစာရင်းများပါ **ဒုံမင်း၊ဒုံးမင်း** အစားထည့်သွင်းထားသည်ကိုတွေ့ရပေမည်။ တို့ကြောင့် **တုလောင်၊တူလောင်** ဆိုသည်မှာ၊ရှေးက **ဒုံမင်း၊ ဒုံးမင်း** ဟုခေါ်ခဲ့သော လေတုရိယာ ခရာပင်ဖြစ်သင့်ကြောင်းပေါ်ထွက်နေပေသည်။ အင်းဝခေတ် ညောင်ရမ်းဆက်ပြည်မင်းက၊ နောင်တော့် တောင်ငူမင်းအားပေး အဆောင်အယောင် တုရိယာများစာရင်း၌လည်း၊စည်ဝန်းအဖွဲ့တွင် **ဒုံမင်း** အစား **တုလောင်** ကိုပင် ထည့်သွင်း ဖေါ်ပြထားသည်ကိုတွေ့ရသေးသည်။

တူလောင်၊ တူလောင ၏ အသံမှာလည်း၊ **ဒုံမင်း၊ ဒုံးမင်း** ၏အသံကဲ့သို့ ပင်၊အဘယ်မျှစူးရှကျယ်လောင်သည်ကို၊ယင်း၏အဖွဲ့၌၊ ကောင်းမှုတော်ရာဇမဏ္ဍိ စူဠဉာဏ်ကျောက်စာအရ၊စည်ပြော ၁၅ လုံး၊ ငွေခရာ ၁၅ စင်း၊ ငွေနဲကြီး ၅ စင်း၊ နဲငယ် ၂ စင်း၊ ဗုံ(သာ)တလုံး၊ ကြေးစည်ပုတ်တလုံး၊ခွက်ခွင်းတယန်၊ အခြားပျို့ ကဗျာ စပ်အင်မျှားအရ၊ မင်းခမ်းတော်ကြီးမျှားတွင် စည်ပြော ၂၅ လုံးစသဖြင့် ပါဝင်သော်လည်း၊ ယင်းမှာ နှစ်စင်းတည်းသာ ပါဝင်သည်မှ နှိုင်းစာ,ချိန်ထိုး, တွက်ဆနိုင်ရာ၏။ ဤမျှစူးရှ ကျယ်လောင်သော တူတ်သံ, တူသံ,တုတူသံ ရှိသော ကြောင့် ယင်းတုရိယာကို **တူလောင်၊တူလောင်** ခေါ်ခဲ့သည်ယူသော်မသင့်ပေ ဘူးလား။

၄၆။ တော၊တောင်း၊တော်

ကြက်တော ဟူ၍ငင်း၊ **ဝက်တောင်း၊ ဥဒုတောင်း** ဟူ၍ငင်း၊ **ကိုတော်၊ နန်းတော်၊မြို့တော်** ဟူ၍ငင်း ဆိုသည်တို့၌ **တော၊တောင်း၊တော်** ပုဒ်တို့သည်၊ တခုနှင့်တခု ဆက်သွယ်ခြင်းရှိရုံသာမက၊တခုမှတခုသို့ ပြောင်းလဲ သက်ဆင်းလာ သည်ဟုယူဖွယ်ရှိသည်။လွန်စွာကြီးမားလှပသောဘုက်ကို ယခု **ဥဒေါင်း** ဟုအရေး များလျက်ရှိသော်လည်း၊ ပုဒ်ရင်းမှာ ၅၆၉ ခုစွဲ၊ ပုဂံမြို့၊ ခေမာဝရ ကျောက်စာ တွင် 'ဥတောင်တတွန်လျှင် အခြာတေ (ဥတောင်း တတွန်လျှင် အခြားတေး) ဟု ရေးလျက်ရှိသည်အတိုင်း **ဥတောင်း** သာလျှင်ဖြစ်သည်။

ကြက်တူရွေးကြီးမျိုးကို **ကြက်တော** ဟူ၍ငင်း၊ဝက်ထီးကြီးကို**ဝက်တောင်း** ဟူ၍ငင်း၊လှပသောဘုက်ကြီးမျိုးကို **ဥတောင်း**ဟူ၍ငင်း၊ခေါ်သည်တို့၌၊ **တော၊ တောင်း** ပုဒ်တို့၏အနက် 'ကြီးမား၊ကြီးမားသောအထီး,အဖို့'ဟော ဖြစ်သည် မှာသိသာပေသည်။ **ဥတောင်း** ၌ ဥ ပုဒ်မှာ **ဥမြို့၊ ဥမျိုင်း** ဆိုသည်တို့၌ကဲ့သို့ **ဌက်** ဟောဖြစ်သည်။ **ကိုတော်၊ နန်းတော်၊ မြို့တော်** စသဖြင့် ဆိုသည် တို့၌ **တော်** ပုဒ်မှာလည်း **ကြီးမား၊မြင့်မြတ်** ဟောဖြစ်ရာ၊ **ကြီးမား** ဟူသောအနက် ရင်းမှ **မြင့်မြတ်** ဟူသောအနက်ဆွယ်သို့ ပွားများ,ပြန့်ကျယ်သွားသည်ယူရာ၏။

ဤ **တော၊တောင်း၊တော်** တို့နှင့်နှိုးရင်းသောပုဒ်များကိုအနွယ်တူဘာသာ တို့၌လည်းတွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
၁။ ဖေါင်းရှေချင်း	တော်၊ (Tao)	အထီး၊အဖို့၊

	ဝေါက်တော်	ဝက်တောင်း၊ ဝက်ထီး၊
၂။ ကချင်	တောန်	သာ၊ပို၊ကဲ၊
	ထောင်	သာ၊ပို၊သာ၍မြင့်,မြတ်၊
၃။ တိဗက်	မ်ထော	မြင့်၊သာ၊ပို၊ကဲ၊
	မ်ထောန်၊မ်ထောသ်	မြင့်၊မြင့်မား၊
၄။ တရုတ်	ထော်၊ထော	ခေါင်း၊ကြီးကဲ၊

တော်နှင့်မိတ်တူပုဒ်များကို**မြန်မာလအမည်များ၊တော်သလင်း**အကြောင်း ၌ အကျယ်ဖေါ်ပြထားသည်။ ယင်းတို့ကိုလည်း ဆက်၍ ကြည့်ရှုသည်။ မြန်မာ ဘာသာ**တော၊တောင်း**ပုဒ်တို့သည်၊ပေါင်းရှေ့ချင်းဘာသာ **တော်** ပုဒ်နှင့်အသံ အနက် နှစ်ချက်စလုံး၌အနီးစပ်ဆုံးဖြစ်သည်။ကချင်ဘာသာ **တောန်၊ ထောင်** နှင့်တိဗက်ဘာသာ **မ်ထော** ပုဒ်တို့၏အနက် **သာ၊ပို၊ကဲ** ဟူသည်နှင့် **ကြီးမား** ဟူသည်တို့မှာ သဘောချင်းမကွာခြားလှချေ။ **ကြီးမား** ခြင်းသည်အခြားအရာ များထက် ပမာဏအားဖြင့် **သာ,ပို,ကဲ** ခြင်းပင်ဖြစ်သည်။အချို့ပုဒ်တို့၏အနက် **မြင့်၊ မြင့်မား** နှင့် **ကြီးမား** ဟူသည်တို့မှာလည်း ဒွန်တဲ့နေသော သဘောတရား များဖြစ်သည်။ သက်ရှိ သက်မဲ့လောကတို့၌ လုံးပတ်ကြီးလျင် အယပ်လည်း မြင့် လေ့ရှိသည်။

မြန်မာဘာသာ၌ **တော** နှင့် **တောင်း**တို့ပြောင်းလဲနိုင်ကြောင်း၊ **ရေကြော** နှင့် **ရေကြောင်း၊ ဖောသည်** နှင့် **ဖေါင်းသည်၊သောသောည်** နှင့် **သောင်း သောင်းည်** စသည်တို့၌ **ကြော** နှင့် **ကြောင်း၊ ဖော** နှင့် **ဖောင်း၊ သော** နှင့် **သောင်း** တို့အနက်တူ သံပြောင်းသံလွဲမျှဖြစ်သည်တို့ကိုထောက်ရှု၏။**တော** နှင့် **တော်** တို့ပြောင်းလဲနိုင်ကြောင်းကိုလည်း **နဲ့ကော** နှင့် **ကျဲကော်၊အရိုးငေါ** နှင့် **အရိုးငေါ်၊ ပေါ်လောမျော** နှင့် **ပေါ်မျော၊ မောက်ကန်း** နှင့် **မော်က်ကန်း** စသည်တို့တွင် **ကော** နှင့် **ကော်၊ ငေါ** နှင့် **ငေါ်၊ ပေါ** နှင့် **ပေါ်၊ မော** နှင့် **မော်** တို့အလားတူ ပြောင်းလဲလျက်ရှိသည်တို့ကို ထောက်ရှု၏။

တော၊တောင်း၊တော် မိတ်တူပုဒ်တို့အနက် **တော်** ကိုမျက်မှောက်ခေတ်တွင် အနှံ့အပြားသုံးစွဲလျက်ရှိသော်လည်း၊**တော** နှင့်**တောင်း** တို့ကိုကားကြက်**တော၊ ဝက်တောင်း၊ ဥစတောင်း** ဟူသည်တို့၌သာ ကြွင်းကျန်သုံးစွဲလျက်ရှိတော့သဖြင့် ယင်းတို့ကို အထူးသတိမူထားရာသတည်း။

၄၇။ တောင်ကပ်ဖားရား၊တောင့်ကပ်ဖားရား

တောင်ကပ်ဖားရား ဟူသောစကားကို၊ကဗျာနှစ်နေရာတို့၌ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "မကွေမကွာ၊ကိုယ်ပါထက်ကြပ်၊ **တောင်ကပ်ဖားရား**၊ ခစားသူ၊ လူနှင့်ရဟန်း၊ခင်ပွန်းဟူလောက်၊သွေးသောက်သနင်း(တသင်း?)၊ကျေးရင်းကျွန်ချာ၊တကာဆွေဝါး၊မကောင်းငြားလည်း။" ။ဘူရိဒတ်ဇာတ်ပေါင်းပျို၊ ၃။

(၂)။ "ရှင်ပုဏ္ဏား၏၊ ဝတ်စား ပေးခွင့်၊ ရိက္ခာ လင့်လျက်၊ ဗိုင်းဝင့် ချည်ကောင်း၊စပါးထောင်းနှင့်၊ရေလောင်းရေခပ်၊ **တောင်ကပ်ဖားရား**၊ တောလား ထင်းခွေ၊ ဆောင်းခွေ ပူပန်၊ သူ့အိမ်ကျွန်ဟု၊ စောင်းမှန်ခိုမ့်ချ၊ လုပ်ကြံရသည်၊ မယ်လျအိမ်ကျွန်သမီးတည်း။" ။နေမိဘုံဧဏ်းပျို၊ ၆။

ကဗျာစပ်အင်တို့တွင် **တောင်ကပ်ဖားရား** ၏ ပိဏ္ဍတ္ထအနက်အပေါင်းချုံးအနက်မှာ၊ ဘူရိဒတ်ဇာတ်ပေါင်းပျို၌ 'ထက်ကြပ်မကွာ၊ ကပ်လပ်မကွာ'ဟု ပေါ်ထွက်လျက်ရှိသော်လည်း၊နေမိဘုံခဏ်းပျို၌ကား ယင်းအနက်ဖြင့်ပင် ကောက်ယူသင့်ပါလျက်၊ထင်ရှားပေါ်လွင်ခြင်းမရှိလှဟေျ။

ဝေါဟာရထွေပကာသနီ၌ ဘူရိဒတ်ဇာတ်ပေါင်းပျို့စပ်အင်ကို 'ကိုယ်ပါးထက်ကြပ်၊ တောင့်ကပ်ဖားရား၊'ဟု ပြုပြီးလျှင်၊ ' **တောင့်ကပ်ဖားရား** ဟူသည်ကား၊ နွားရိုင်းစသည်တို့ကို လွှန်မပြေးပြောင်းသောအောင်၊တဲ့မြောင်ဆွဲးအပ်သော သစ်ချောင်း ဝါးချောင်းငယ်၏ အမည်ကို **တောင့်** ဟူ၏။ ထို **တောင့်** သည်ကပ်မြောင်ရှိတည်၏သို့၊ ကိုယ်ပါးထက်ကြပ် တောင့်ကပ်၏ သို့ဖြစ်သည် ဟူသောအနက်ဖြစ်၏။တောင့်တပ်၏သို့ မလပ်မကွာ များလျားလျား(မြားလျား)ဖြစ်၏ဟူသောအနက်ကိုယူ၍ 'တောင့်တပ်များလျားလျား (မြားလျားလျား)' ဆိုသော်လည်း သင့်ဖွယ်ရှိ၏။"ဟု ဒုတိယကျော်အောင်စံထားဆရာတော် မိန့်ဆိုလျက်ရှိသည်။

ဘူရိဒတ်ဇာတ်ပေါင်းပျို့စပ်အင်ကို 'တောင်ကပ်ဖားရား'ဟု မပြုပဲ၊ 'တောင့်ကပ်ဖားရား' ဟု ပြုဆိုသောအချက်၊ တောင့်ကပ်ဟူသည်မှာ နွားရိုင်းစသည်တို့အား လှန့်၍မပြေးသော၊အဝေးသို့ပြောင်းရွေ့မသွားသောအောင်၊လည်ပင်း၌ တဲ့မြောင်ဆွဲကပ်ထားသော သစ်ချောင်း, ဝါးချောင်းငယ် ဖြစ်သည် ဆိုသော အချက်၊ **ဖားရား** ကို **မြားလျား** ဟူသောအနက်ဖြင့်ယူသော် သင့်ဖွယ်ရှိ၏ဟူသောအချက်တို့သည် ဆရာတော်၏အာဘော်၌ ထွက်ပေါ်လျက်ရှိသည်ကို သတိပြုရာသည်။

တောင့်ကပ် ဟူသော ရွေ့ပုဒ်တွင် အမြစ်နှင့်အရေးသည်၊ ဆရာတော်၏ခေတ်

၌တည်ရှိခဲ့သောမူလအရေးဖြစ်ပုံပေါ်သည်။နောင်မှပေ့ပုရပိုက်တို့ကို ကူးရာဝယ် ထင်ရှားလေ့မရှိသော အမြစ်ကျကျန်ခဲ့သဖြင့် **တောင်ကပ်** ဟူသော အရေးဖြစ်ပေါ်လာသည် ထင်ဖွယ်ရှိသည်။သို့ရာတွင် **တောင်ကပ်** ကို **တောင့်ကပ်** ၏အနက်အတိုင်း ပေါ်ထွက်အောင် ကောက်ယူသော် ရရာသည်ပင်ဖြစ်၏။ **တောင့်ကပ်** တွင် **တောင့်** ပုဒ်မှာ 'အသီးတောင့်၊ပဲတောင့်၊ ယမ်းတောင့်၊ ဗိုင်းတောင့်၊ ဆေးတောင့်'ဆိုသည်တို့၌ **ရှည်သွယ်သောအချောင်းအတံ** ဟော။**တောင်ကပ်** တွင် **တောင်** ပုဒ်မှာလည်း၊ 'တောင်ဝှေး,သန်တောင့်,တံတောင်' ဆိုသည်တို့၌ ထို့အတိုင်း ရှည်သွယ်သော အချောင်းအတံဟောပင်ဖြစ်သင့်သည်။ တောင်ဝှေးသည် ဝှေ့ယမ်း စမ်းသပ်ရန် အချောင်းအတံပင်ဖြစ်၍၊ **သန်တောင်**၊ **တံတောင်** ဆိုသည်တို့မှာလည်း လက်၏ရှည်သွယ်သောအတံ,ယင်းအတံ၏ အလွန်ပမာဏဖြစ်သည်။ ထို့ကြောင့် နွားရိုင်းစသည်တို့၏ လည်ပင်းတွင် ခြည်နှောင် ဆွဲကပ်ထားသောတုတ်ချောင်းငယ်ကို ဆိုလိုသော် 'တောင့်ကပ်ဖားရား'ဟူ၍ ၎င်း၊ 'တောင်ကပ်ဖားရား'ဟူ၍ဂင်း၊ မည်သို့ပင်ရှိစေကာ အနက်ရသည်ချည်းဖြစ်သည်။ သို့ရာတွင် ယခုခေတ်၌ နွားရိုင်း,နွားယဉ်မဟု,အဝေးသို့ ထွက်ပြေးမသွားစိမ့်သောဌာဂ၎င်း၊ သီးနှံပင်များကိုငဲ့၍မစားနိုင်စေခြင်းငှာဂင်း၊ လည်ပင်း၌ ကြိုးဖြင့် ပတ်ခြည်ဆွဲထားလေ့ရှိသောအချောင်းအတံကို **တောင့်၊တောင့်ကပ်** ဟူ၍လည်းမခေါ်၊ **တောင်၊တောင်ကပ်**ဟူ၍လည်းမခေါ်၊ **ထောက်** (ဒေါက်)ဟူ၍သာ ခေါ်၍၊ 'နွား,ကျဲများကိုထောက်ဆဲထားသည် 'ဟုသာဆိုလေ့ရှိသည်။'ထောက်ကပ်ထားသည်'ဟု ဆိုလိုကလည်းဆိုနိုင်ရာသည်။ ထို့ကြောင့် **တောင့်ကပ်**၊ **တောင်ကပ်**၊ **ထောက်ကပ်** ခေါ်သည်တို့မှာ အတူတူပင်ဖြစ်သည်ဆိုရာ၏။

မူလအရေးဟုထင်ဖွယ်ရှိသော **တောင့်ကပ်ဖားရား** ကို အခြားတနည်းဖြင့် လည်းအဓိပ္ပါယ်ကောက်ယူနိုင်ရာသေး၏။ထည့်သိုစရာ,စွပ်စရာ အိပ်,ကျည့်,ခွက်,ခြင်း စသည်တို့ကိုအမျိုးမျိုးခေါ်ဆိုလျက်ရှိကြောင်း **ထောက်ခြာ** နှင့်စပ်လျဉ်း၍၊ **ချာ**၊ **ခြာ** အကြောင်း၌ဆိုခဲ့ပြီ။ ဦးတိုးဆို 'ဆင် မြင်း ခြေသည် 'ချီ၊ စစ်ရတုတွင် 'ရေကျည်တောက်သွန် ပြင်းသနှင့်။ 'ဟူ၍ဂင်း၊ ဆုတောင်းခဏ်းပျို့၊ ၆၆ တွင် 'အညာခမိုး၊ ခပ်အိုးအင်တဲ့၊ ကျည်ထဲပန်းတောက်၊ ရေသောက်ခရု၊' ဟူ၍ဂင်း၊ ဆိုသည်တို့၌ **တောက်** ပုဒ်၊ ပြည်စုံမော်ကွန်း၊ ၅ တွင် 'မချိုလှံထား၊ လေးမြားတောင့်လွယ်၊ပယ်သည်ရန်ငွေ့၊' ဟူ၍ဂင်း၊ ကိုးခဏ်းပျို့၊ ဂ၆ တွင် 'ဆိပ်လူးစဉ်းသွား၊မြွားတ်တည်ရာ၊တောင့်ပမာသို့၊ ဟူ၍ဂင်း၊ဆိုသည်တို့၌ **တောင့်** ပုဒ်၊ သုဝဏ္ဏသို့မြွားပစ်ခဏ်းပျို့၊ ၆၁ တွင် 'ဂိဝါလည်ချောင်း, ရွှေကျည်တောင်းသို့၊ ရင်ခေါင်းကဲ့သားကား၊' ဟူ၍ဂင်း၊ ရွှေဟင်္သာမင်းပျို့၊ ဂဝ တွင် 'အကာဖေါင်း

ဖေါင်း၊နှစ်မအောင်းသား၊ဗူးတောင်းအသွင်၊' ဟူ၍ဌင်း၊ဝေဿန္တရာပျို၊ ၁၈၆ တွင် 'တူးရွှင်းခြင်းတောင်း၊ခြင်းလျောင်းမလုံး၊'ဟူ၍ဌင်းဆိုသည်တို့၌ **တောင်း** ပုဒ်၊ တန်တားဦးတည်မော်ကွန်း (သျှင်ရဋ္ဌသာရ)၊ ၃၀ တွင် 'ရွှေစာထောက် ထက်၊ ရွှေပေရွက်နှင့်၊ သင့်လက်သင့်လျော်က၊ ဌေစာထောက်တွင်၊ ဌေပေတင် လျက်၊' ဟူ၍ဌင်း၊ ၁၀၁၁ ခုစဲ့၊စစ်ကိုင်းမြို့၊ရာဇမဏ္ဍိုဗူဌာကျောက်စာ၊ ၅၉ တွင် 'ရွှေစာထောက် ဌေစာထောက်တို့နှိုက်၊ဇိန်ပြည်ဖြစ်ပုဆိုးကမ္ပလေတင်၍၊ရွှေမံခွက် ဌေမံခွက်တို့နှိုက်၊ မွေးပေါင်းနှင်းရည်ဖျော်၍၊ ရွှေစုတ် ဌေစုတ်တို့ဖြင့် သျှစ်နှစ်ပန် လုံး၊ပိဋကတ်ကျမ်းအပေါင်းကိုရေးစေ၏။' ဟူ၍ဌင်း၊ 'ရသေ့ထောက်ခြာ' ဟူ၍ ဌင်း ဆိုသည်တို့၌ **ထောက်** ပုဒ်။ ယခု ခေတ်တွင် 'အကျဉ်းထောင်, အချုပ်ထောင်,ထောင်ချောက်,အိတ်ထောင်' ဆိုသည်တို့၌ **ထောင်** ပုဒ်၊ယင်း **တောက် တောင့်၊တောင်း၊ထောက်၊ထောင်** ပုဒ်တို့မှာ အနက်ပရိယာယ်တူ ပုဒ်ပြောင်း ပုဒ်လှယ်မျှားသာဖြစ်ကြသည်။

အထက်၌ဆိုခဲ့သော **တောင့်က်ပ်** တွင် **တောင့်** ပုဒ်ကိုကြ့'လှယ်ပိုးစရာအိတ်, ကျည်တောက်' ဟော **တောင့်** ပုဒ်ဟူယူလျင့်လ်ည်း သင့်ရာသည်။ လှယ်ပိုးထား သော အိတ်, ကျည်တောက်တို့သည်လည်းလူနှင့် အမြဲကပ်လပ်,ထက်ကြပ်မကွာ, လိုက်ပါလျက်ရှိသော အရာများပင်ဖြစ်သည်။ **တောင့်ကပ်ဖား၊ရား** ဆိုသည် တွင် နောက်ပုဒ် **ဖား၊ရား** ဟူသောစကားကိုထောက်သော်၊ရွှေပုဒ် **တောင့်ကပ်** ကို **လွယ်အိတ်** အနက်ဖြင့်ယူခြင်းကပင် ပို၍သင့်ပုံပေါ်သည်။

တောင့်ကပ်ဖား၊ရား တွင် **ဖား၊ရား** ပုဒ်ကို **မြား၊လျား** အနက်ဖြင့် ဒုတိယ ကျော်အောင်စံထား၊ဆရာတော်၏ ယူဆချက်မှာသင့်ပေသည်။ **မြား၊လျား** ပုဒ် ကိုသော် မြန်မာစကားအဖွင့်ကျမ်း၊ဒုတိယတွဲ၌ဖွင့်ဆိုခဲ့ပြီ။ **မြား**၏အနက်'အမြိတ် အစ္စန်း' ဟော၊ **လျား** ၏အနက် 'ရှည်၊သွယ်' ဟောဖြစ်ရာ၊ **မြား၊လျား** ၏ အနက် 'ရှည်သွယ်သောအမြိတ်,အစ္စန်း' ဟော ဖြစ်သည်။သို့ဖြင့်ယင်း **ဖား၊ရား၊ မြား၊လျား** ဟူသောဝိသေသနပုဒ်သည်၊ နွား ကျဲတို့၏လည်၌ ဆွဲဆိုင်းထား၊သော လည်ထောက်ထက်၊လူ၏ကိုတွင် လှယ်ပိုးထား၊သောလှယ်အိတ်နှင့်ပို၍ဆီဆိုင်သည် ဟု ဆိုဖွယ်ရှိသည်။

တောင့်ကပ် ၏ အနက်ကို မည်သို့ပင် ယူစေကာ၊ **တောင့်ကပ်ဖား၊ရား**၏ ပိဏ္ဍတ္ထအနက် **အမြိကပ်လပ်၊ထက်ကြပ်မကွာ** ဟူသည်မှာ သင့်လျော်ပေသည်။

တောင့်ကပ်ဖား၊ရား အဖွင့်နှင့်စပ်လျဉ်း၍၊ဆက်လက်ရှင်းပြလိုသော စကား နှစ်ရပ်ရှိသည်။ယင်းတို့မှာ **မြား၊တောင့်** နှင့် **ကပ်လပ်** တို့ဖြစ်သည်။

မြား၊တောင့် ကို 'မြားထည့်သည် ကျည်တောက် ' ဟော ဟူ၍သာ မဟုတ်

'မြားချောင်း၊မြားတံ'ဟောလည်းဖြစ်ကြောင်းတွေ့ရသည်။ သုဝဏ္ဏသျှမြားပစ်ခဏ်းပျို၊၁၁၂ တွင် 'ကြံစည်အဖြောင့်၊မှတ်သောကြောင့်လျှင်၊မြားတောင့်တွင်ပက်၊ ဆိပ်ရည်နှက်သား၊ စက်သကဲ့တို့၊ လေးညှိုင်တင်၊ မြားလုလင်နှင့်၊ နံတွင်ထက်နစ်၊ငါလျှင်ပစ်သည်။'ဟူ၍ငင်း၊ ယင်းသစ္စာခဏ်းပျို၊ ၂၀၄ တွင် 'ထံတွင်မြဲစောင့်၊ မွေးသောကြောင့်လျှင်၊ မြားတောင့်ဆိပ်ဝ၊ သံရှင်ရှလည်း၊ နတ်မျှားအပေါင်း၊သောင်းသောင်းညီညာ၊ မေတ္တာလပြု၊လွှတ်အောင်ကာ၍'ဟူ၍ငင်း၊ စပ်သည်တို့၌ **မြားတောင့်** ၏အနက်၊ ပဲတောင့်၊ဆေးတောင့်၊ဗိုင်းတောင့် ဆိုသည်တို့၌ကဲ့သို့ ရှည်သွယ်သောအချောင်းအတံ ဟောဖြစ်သည်။

ကပ်လပ် တွင်'**လပ်** ဟူသောစကားခွန်းသည်ရှေးနည်းတူဖက်ဆိုကာမျှ၊နှိုးစပ်ယှဉ်တွဲသည်ဟူသောအနက်သာဖြစ်သကဲ့သို့ရှိ၏။'ဟု ဝေါဟာရထွေပကာသနီတွင် ဒုတိယကျော်အောင်စံထား ဆရာတော်၏မိန့်ဆိုချက်ကို အနည်းငယ်ဖြည့်စွက်ရန်လိုသည်ထင်၏။'ထန်းပလပ်(ထန်းပပ်လပ်)၊ကော့လပ်၊ပပ်လပ် (ကျ)'ဆိုသည်တို့၌ **လပ်** ၏အနက်မှာ **ကပ်** ကဲ့သို့ **နှိုးစပ်၊ယှဉ်တွဲ** ဟူ၍သာမက၊ 'တဖက်၌ တွယ်ကပ်ယှဉ်တွဲနေ၍ အခြေးတဖက်၌ တွဲလဲကျနေသော အပြားအချပ်'ဟောဟု ယူဖွယ်ရှိသည်။ **ပပ်လပ်** (ကျ) ဆိုသည်တွင် **ပပ်** သည် ထန်း,အုန်း,ကွမ်းသီး,ငှက်ပျောစသောအပင်တို့၌ကဲ့သို့**တွယ်ကပ်နေသော အပြားအချပ်**ဟော၊**လပ်** သည်လည်းထို့အတိုင်း ဟောဖြစ်သဖြင့်၊ **ပပ်လပ်** ၏ အနက် 'တဖက်၌ တွယ်ကပ်နေသော်လည်း၊ တဖက်၌ တွဲလဲကျနေသော အပြားအချပ်'ဟောဖြစ်သည်ယူရာ၏။ ထို့ကြောင့် မည်သည့်အပြားအချပ်မဆို၊ ကျွတ်လွှတ် ပြုတ်ထွက်၍လည်း မသွား၊ သေပပ်ခြင်းလည်းမရှိပဲ၊ တဖက်၌တွဲလဲကျ၍ လှုပ်ရှားနေသည်ကို 'ပပ်လပ်ကျနေသည်၊ ပပ်လပ်ပပ်လပ် ဖြစ်နေသည်။' ဟုဆိုချေသည်။ ဤ **ပပ်လပ်**ကို အချို့က **ဖတ်လတ်** ဟု ရေးဆိုသည်မှာ မသင့်။ **ပပ်** နှင့် **ဖတ်** တို့အနက်ချင်းမတူ။ **ဖတ်** သည် **အရေအဖုတ်** ဆိုသည်၌ **အရေ** နှင့်ဆန့်ကျင်ဖက် လက်ဖြင့်ကိုင်တွယ်၍ရသော အရာဝတ္ထုဟော၊ **ပပ်** သည် အထက်၌ဆိုခဲ့သည့်အတိုင်း၊'ထန်းပပ်၊ငှက်ပျောပပ်,ဝါးပပ်,ရှားစောင်း လက်ပပ်' ဆိုသည်တို့၌ **အပြား၊ အချပ်** ဟောဖြစ်သည်။ **ဖတ်လတ်** တွင် **လတ်** ၌ဆိုလျော်သော အနက်လည်းမရှိချေ။ ထို့ကြောင့် အပြားအချပ် တွဲလဲကျ၍လှုပ်ရှားနေသည်ကို **ပပ်လပ်** ဟု ရေးဆိုမှသင့်ရာသတည်း။

၄၈။ တော်ရနောင်

တော်ရနောင် ဟူသော ထယ်ဝါခံညားပုံ ပေါက်လှသည့် စကားကို ပုဂံခေတ် ကျောက်စာတို့တွင်မတွေ့ရ၊ အင်းဝခေတ် ကျောက်စာနှင့် ကဗျာတို့တွင်လည်းမတွေ့မိ။ ပြာသာဒ် ဘုံဆောင် လိုဏ်ချောင်မုတ်နှန်းတို့၏အပေါ်၌ စိုက်တူတွယ်ကပ်၊ဆွဲဆိုင်းအပ်သော အချွန်အတက်၊အပိတ်အဆို့၊ အခြိုးအဖြေ၊ အကာအရန်း၊ အမှမ်းအမံ မျှားနှင့်၊ ယင်းတို့၌ ထုလုပ်ချယ်လှယ်အပ်သော အပြိန်း အပြောက်မျှားကို ခွဲခြား ခေါ်ဆိုသည့်ဝေါဟာရ ပုဂံခေတ်၌ ကြွယ်ဝခြင်း မရှိလှ၊ **'အထွတ်၊ စလစ်၊ တုရင်'**ဟုသာ ယေဘုယျအားဖြင့် ရေးသား သုံးစွဲခဲ့သည်။ အင်းဝခေတ်သို့ ရောက်သောအခါ ယင်း အခေါ်ဝေါဟာရများ လွန်စွာတိုးတက်ပွားစည်းလာပြီးလျှင်၊ ကျောက်စာနှင့်ကဗျာတို့၌ 'တုရင်၊ ကမောင်း၊ မှန်ကင်း၊စုလစ်၊မှမ်းခွန်၊ကြက်မောက်၊ကျိုးရန်း၊ သကျည့်၊ သတောင်းလည်၊ပျားစွဲ၊ မုတ်ဆိတ်၊သလင်း၊ သက်တင်၊ကျေးငှက်၊ဥဒေါင်း၊ပန်းတိုင်း၊ရိုင်းစိုင်း၊ ဆပ်သွား' စသည်တို့ကို တွေ့ရသော်လည်း၊ **တော်ရနောင်** ကိုကား မတွေ့ရချေ။ **တော်ရနောင်** ကို ကုန်းပေါင်ခေတ်လတ်၊ဖိုးတော်ဖုရားလက်ထက်ရေး ကဗျာတို့တွင်မှ စတင်တွေ့ရသည်။ ကုန်းပေါင်ခေတ် နောက်ပိုင်းသို့ ရောက်သောအခါ **တော်ရနောင်** အသုံးအတော်တွင်ကျယ်၍ လာပုံရသည်။

(၁)။ "သကျည့်ပန်းတိုင်း၊ ရိုင်းစိုင်းလျှံပြောင်၊ **တော်ရနောင်** နှင့်၊စိုင်ပေါင်ကျည်းကွေး၊ ခြူးသေးကြောပွင့်။" ။ အမရပုရ နန်းတော်ဖွဲ့, နန်းတည်မော်ကွန်း။

(၂)။ "ဝင်းဝင်းပြောင်ပြောင်၊ သမင်ပေါင်နှင့်၊ **တော်ရနောင်လှည့်**၊ သကျည့်ဒုရင်၊စီရင်တထူး၊စိန်ဖူးစိန်ပွင့်၊စိန်ပျံဆင့်သား၊မှန်ကင်းအထွတ်၊ နဝရတ်လျှံကွန်း၊ပြာသာဒ်နန်းသို့။" ။ ကုသပ္ပါ၊ ၃၀၄။

(၃)။ "ခြူးကြောကြေးကွေး၊ ရွဲသေးမှော်တန်း၊ကျိုးရန်းစိုင်ပေါင်၊ **တော်ရဏောင်** နှင့်၊စိန်ထောင်သက်ဆင်း၊သရက်ကင်းက၊သံလျင်းချိတ်ဆိုင်း၊ ရွှေရိုင်းစိုင်းတွင်၊ပန်းတိုင်းပွင့်ချောင်၊ငှက်ပျောသာစဉ်၊ တုရင်ယှဉ်လည်း၊စီလျဉ်ညွှန့်မြိတ်၊ မုဆိတ်ပျားစွဲ၊ ဝဲဝဲစုံလင်၊ တုရင်ကောင့်လန်၊ ရင်အုပ်စွန်တွင်၊ **စန္ဒရသာ**၊ စိန်ကြာရွက်သန်း။" ။ နာရဒပ္ပါ၊ ၂၂။

(၄)။ "ဘုံမြင့်ပြာသာဒ်၊မိုးထုတ်ခတ်သည်၊နဝရတ်အကျော်၊စံရွှေလှော်နှင့်၊ တေဇော်အခေါင်၊ ဝေယော်ရောင်တွင်၊ **တော်ရဏောင်ညွှန့်**၊ စိုင်ပေါင် ကွန့်သား၊တောင်ကျွန့်ကျက်သရေ။" ။ပုဂံမင်းလက်ထက်၊တန်ဆိပ်တော်ဝန်ရေး၊

အမရပုရမြို့၊ဗိမာန်ရတနာကျောင်းတော် မော်ကွန်း၊ ၁၂။

(၅)။ "ဂင်္ဂါနဒီလွှားလွှား၊နဂါးမြေခွာယောင်၊မော်ကွန်းဆောင်တွင်၊ **တော်ရနောင်တစ်**၊ စိုင်ပေါင်စပ်လျက်၊ ရောင်လျှပ်ဝင်းလျှံ၊ သလင်းမံ၍ မင်းစံထပ်မျှ။" ။ စန္ဒကိန္နရီပျို၊ ၁၅။

(၆)။ "တုရင်ကမောင်း၊မမြင်ကောင်းသား၊ဥဒေါင်းမြောင်ယောင်၊မြမော်ညောင်တွင်၊ **တော်ရနောင်ဆင့်**၊ စိုင်ပေါင်မြင့်မှ၊ခြိုး(ချီး)နှင့်ချင်(ခြင်)ညှပ်၊ ချင်ဆီ (ခြင်ဆီး) ကွပ်၍။" ။ အဘိရုကပျို၊ ၉၇။

(၇)။ "တုရင်စိန်စစ်၊စုလစ်ပတ္တမြား၊မြနရားနှင့်၊ ပြယားချီးပေါင်၊ **တော်ရနောင်**နီလာ၊သန္တာကျေးကွေး၊ခြူးသေးခြူးပန်း၊အဆန်းဆန်းသား၊ကျီးရန်းပြောက်စုံ၊ကျောက်မျိုးပုံလျက်၊ရွှေတုံညီးညီး။" ။မဃဒေဝလင်္ကာသစ်၊၄၇၁။

အထက်ပါကဗျာတို့အနက်၊ထုတ်နုတ်ချက် (၃) နှင့် (၄)နာရဒပျို့နှင့် ဗိမာန်ရတနာကျောင်းတော်မော်ကွန်းတို့တွင် **တော်ရဏောင်** ဟုနောက်ဆုံးပုဒ်ကို **ဏ** ကြီးဖြင့်ရေးခြင်းသည် ထူးခြားချ၍၊ယေဘုယျအရေး **တော်ရနောင်** ၏ရင်းမြစ်နှင့်အနက်တို့ကို လက်ညှိုးညွှန်လျက်ရှိသည်။ထို့ကြောင့် **တော်ရနောင်** ဆိုသည်မှာ **တုရင်၊ဒုရင်** ဆိုသည်တို့ကဲ့သို့၊ သံသကြိုဋ္ဌ ပါဠိဘာသာ **တောရဏ** ပုဒ်သက်ဖြစ်၍၊မူလအားဖြင့် **တံခါးကုံး** ဟော၊ထိုမှသက်၍ မြန်မာမှုတို့၌ တုရင်တံခါးကုံးတို့၌ပါလေ့ရှိသော **အစိုက်အထောင်၊အဆွန်အတက်၊အကော့အမော့** ဟောဖြစ်သည်ယူရာ၏။သို့ဖြင့် **တော်ရနောင်** နှင့် **တုရင်** တို့မှာ စကားရင်းမြစ်တူ၊အနက်တူ၊ ဖြစ်သည်ကို သတိမူရာ၏။ သို့ရာတွင် ဘုံလိုဏ်,မုတ်နန်းတို့၌ မြောက်မြားစွာသော အမှမ်းအပြောက်များ ရှိသည်အနက်၊ မည်သည့် အချွန်အတက်၊ အစိုက်အထောင်၊အမှမ်းအပြောက်ကို **တော်ရနောင်** ခေါ်ပါသနည်းဟုစိစစ်ရန်ရှိသည်။

ကဗျာထုတ်နုတ်ချက်တို့တွင် **တော်ရနောင်** ကို **စိုင်ပေါင်**၊၀၊၊**သမင်ပေါင်** နှင့်အမြဲတစေလိုပင် တဲ့ဖက်ဖွဲ့ဆိုလျက်ရှိသည်မှာ၊ ကာရန်ချင်း တိုက်ဆိုင်နေသောကြောင့်သာ မဟုတ်၊ အမှမ်းချင်းလည်း ထူးခြား ထင်ရှားသည့် အခြင်းအရာနှင့် ပုံသဏ္ဌာန်တို့၌ခပ်ဆင်ဆင်ဖြစ်သောကြောင့်ဟုထင်ဖွယ်ရှိသည်။**စိုင်ပေါင်**ဆိုသည်မှာမည်သည့်အရာဖြစ်သည်ကိုသော် လူတိုင်းလိုပင်သိကြပါသည်။မုတ်လိုဏ်တို့၏နှစ်ဖက်ညီ ဘိုဂံပုံတွင် ဖေးနှစ်ဖက်အစွန်းတို့၌ သော်၎င်း၊ အဖြောင့်အောက်အမိုးမြိတ်နှင့် အထက်ခေါင်ရိုး၏ အစွန်း,အလယ်တို့၌ သော်၎င်း၊ တပ်ဆင်လေ့ရှိသည့်၊ စိုင့်,သမင်တို့၏ပေါင်သဏ္ဌာန်၊ ၀၊၊ ကျွဲချိုသဏ္ဌာန်၊ အထက်ဖေးဖက်သို့ ကော့တက်သွားပြီးလျှင် အတွင်းဖက်သို့ ကွေးနေသည့် အမှမ်းချွန်ကြီးမှာ **စိုင်ပေါင်** ဖြစ်သည်။ ယင်း **စိုင်ပေါင်** ကိုပင် ကုသပျို့ ထုတ်နုတ်ချက်၌ကဲ့သို့၊ တခါတရံ

သမင်ပေါင် ဟုခေါ်သေးသည်။ ၁၁၉၂ ခုထိုး၊ အဝမြို့၊ မဟာအောင်မြေတုံသာ ကျောင်း ကျောက်စာ၊ ၆၀ တွင် ထိုသို့ပင် 'မုတ်ဆိတ်ပျားစွဲ ခြီး သမင်ပေါင်၊' ဟု ရေးလျက်ရှိသည်။

ကဗျာစပ်အင်တို့ကိုထောက်သော် တော်ရနောင်ဆိုသည်မှာ စိုင်ပေါင်တမျှ၊ ဝါ၊ နီးပါးမျှ ထင်ရှား အရေးကြီးသော အမှတ်မ်းတရပ် ဖြစ်သင့်သည်။ သို့ရာတွင် တော်ရနောင်ဆိုသည်မှာ သုံးထောင့်ပုံအမိုးစွန်း၏ထိပ်၌ တုရင်နှင့်စိုင်ပေါင်တို့၏ အကြား၊ အဆော်များနှင့်ညှပ်၍စိုက်ထားသည့်၊ အဆော်များထက် အနည်းငယ် ရှည်သွယ်ပုံပေါ်နေသော၊ ရာမလက်ညှိုး၊ ဝါ၊ ဇွန်းရိုးသဏ္ဌာန် အချွန်ငယ်များဖြစ် သည်ဟု ယခုအများအားဖြင့် ယူဆဖေါ်ပြလျက် ရှိကြသည်။ ဤအယူအဆနှင့် ဖေါ်ပြချက်များမှာ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ပဉ္စမပိုင်း၊ အပြောက်မြား အကြောင်း၌၊ ပုဂံဝန်ထောက်မင်း ဦးတင်၏ အောက်ပါ ရေးသား မိန့်ဆိုသည့် စကားများမှ ပေါ်ထွက်လာဟန်ရှိသည်။

"ဒုရင်အထည်ကိုယ်တွင် ခေါ်ပုံမှာလည်းအမျိုးမျိုးရှိသည်။ ဒုရင်အထက်စွန်း ကို ဦးစွန်းဟူ၍၎င်း၊ ဘီလားဟူ၍၎င်းခေါ်သည်။ ၎င်းအောက်ကို ဒုရင်လည်၊ ဒုရင် လယ်ခေါ်သည်။ ဒုရင်လယ်အစွန်းတွင် မန်ကျည်းရွက်ဖတ် ထုလုပ်လေ့ ရှိသည်။ မန်ကျည်းရွက်ဖတ်ပါလျှင်လည်း ရွဲပါမြဲ။ အလယ်မှာ သဇင်ခွေခေါ်သော ခြူး ပန်းထုလေ့ရှိသည်။ (အ)လယ်အောက်ကနေရာကိုရင်အုပ်လည်းခေါ်သည်၊ ရင်အုံ လည်းခေါ်သည်။ ဒုရင်အောက်ခြေအစွန်းကို မုဆိတ်ခေါ်သည်။ မုဆိတ်တွင်ထည့် သောအထွတ်အပွင့်ကို ခွေချလေ့ရှိသည်၊ မှော်ပွင့်ခေါ်သည်။ မုတ်ဒုရင်အောက် တွင်ထည့်သောဝတ္ထုကို ပျားစွဲခေါ်သည်။ ဒုရင်နောက်က အထောင်ကို တော် ရနောင်ခေါ်သည်။ တော်ရနောင်ကြားမှာ အဆော်ထည့်လေ့ရှိသည်။ အဆော် အောက် ပုစွန်တုပ်ကွေး၊ ကျည်းကွေး၊ ကြေးကွေးခေါ်သော အပြောက်ထည့်လေ့ ရှိသည်။ အဆော်နှင့် ကြေးကွေးစပ်ကြားမှာ မှော်တန်းထည့်လေ့ရှိသည်။ ကြေး ကွေးမှာလည်း ခြူးခွေ သဇင်ခွေထည့်လေ့ရှိသည်။ ကြေးကွေးအောက်ကအတွန့် ကို ငှက်ကြာ ခေါ်လေ့ရှိသည်။ တော်ရနောင်နှင့် အဆော် နောက်က ကောက် ကောက်ကို စိုင်ပေါင်ခေါ်လေ့ရှိသည်။ စိုင်ပေါင်တွင် ခြူးတန်း၊ ခြူးခွေ၊ သဇင် ခွေ၊ ရွဲသေး၊ ရွဲကြီး၊ မန်ကျည်းရွက်ဖတ် ထည့်လေ့ရှိသည်။"

'ဒုရင်နောက်ကအထောင်ကိုတော်ရနောင်ခေါ်သည်။' ဟူသော ဝန်ထောက် မင်းဦးတင်၏အထက်ပါမိန့်ဆိုချက်တွင် **နောက်** ဆိုသောစကားဖြင့် **ဖေးဖက်၊ ဖေးတဖက်တချက်** ကိုဆိုလိုပေသည်။ ထို့ကြောင့်ဒုရင်၏ ဖေးတဖက်တချက်တွင် စိုက်ထူအပ်သော အထောင်များကို **တော်ရနောင်** ခေါ်သည် ယူရာသည်။ ဤ

မိန့်ဆိုချက်မှာ သင့်မြတ်ပေသည်။ ဒုရင်၏ ဖေး တဖက်တချက်တွင် တော်ရနေဒင် တချောင်းစီ၊ သို့မဟုတ် သုံးချောင်းစီ၊ ရံဖန်ငါးချောင်းစီ စိုက်ထူလေ့ ရှိသည်ကို တွေ့ရသည်။မန္တလေးမြို့၊ တိုက်တော်ကျောင်း မြင့်မိုဦးသော် ဒုရင်တဖက် တချက်တွင် တော်ရနေဒင် တချောင်းစီထည့်ပြီးနောက်၊ အောက်ဖက်တွင်ဆက်၍ တော်ရနေဒင်ချီးရန်း သုံးချောင်းစီ ထည့်ပြန်သဖြင့်၊ တဖက်တွင် တော်ရနေဒင် လေးချောင်းစီထည့်သကဲ့သို့ ဖြစ်နေသည်။ သို့ရာတွင် ဤ၌ တော်ရနေဒင်ထည့်ပုံချင်း၊ ချီးဆင့်ချင်းမတူသဖြင့် နှစ်မျိုးခွဲ၍သာလျင် ပူသင့်သည်။ မန္တလေးမြို့ မြတောင်ကျောင်းမုတ်တခု၏ ဓာတ်ပုံ၌သော် တော်ရနေဒင်ငါးချောင်းစီ ဒုရင်၏ တဖက်တချက်၌ ထည့်လျက်ရှိသည်ကိုတွေ့ရသည်။ရာဇပလ္လင်ဥကင်တို့တွင်လည်း၊ ဒုရင်၏ တဖက်တချက်၌ တော်ရနေဒင် ထည့်လေ့ရှိသည်တွင်၊ သီဟာသနပလ္လင်၌ တော်ရနေဒင်တချောင်းစီသာပါ၍၊ဟံသာသနပလ္လင်၌ တော်ရနေဒင်သုံးချောင်းစီပါသည်။သို့ရာတွင် 'တော်ရနေဒင်ကြားမှာ အဆော် ထည့်လေ့ ရှိသည်။' ဟူသော ဝန်ထောက်မင်း၏ ဆက်လက်မိန့်ဆိုချက်မှာ အနည်းငယ် တိမ်းယိမ်း ချွတ်ချော်သွားသည်။ အဘယ်ကြောင့်ဆိုသော်တော်ရနေဒင်နှင့်အဆော်များကို တဆင့်တတန်းတည်းစိုက်ထောင်လေ့မရှိ။ အမှမ်းအပြောက်များဆိုင်ရာသီးသန့်စကားဖြင့် ဆိုသော်၊တော်ရနေဒင်နှင့် အဆော်တို့မှာ ချီးဆင့်ချီးတန်းချင်းမတူ။ထို့ကြောင့် တခုကြားတွင် တခုထည့်သည်, တည်သည်ဟု မယူဆနိုင်, မဆိုနိုင်။ **'ဒုရင်** နှင့် **စိုင်ပေါင်ကြား** မှာ အဆော်များထည့်လေ့ရှိသည်။' ဆိုမှတိကျမှန်ကန်ပေမည်။ ဒုရင်နှင့် စိုင်ပေါင်တို့မှာ ထုထည်ကြီးမားသော အမှမ်းအထောင်များဖြစ်သဖြင့် ယင်းတို့ ကြားတွင်သာ အဆော်များသော်၎င်း၊ တော်ရနေဒင်များ သော်၎င်း တည်ရှိသည်ဟုဆိုနိုင်ရာသည်။ တော်ရနေဒင်ကြားတွင် အဆော်ထည့်သည် ဟူ၍ ၎င်း၊ အဆော်များကြားတွင် တော်ရနေဒင် စိုက်သည်ဟူ၍၎င်း၊ ရေးသား ပြဆိုလျှင် ချွတ်ချော်သွားပေမည်။ဤတွင် **ချီး** ဟူသော စကားနှင့်အနက်ကိုရှင်းလင်းစွာ နားလည်ထားရန်လိုသည်။

ချီး ကို **ချီ**၊ **ဒြ**၊ **ဒြီး** ဟူ၍လေးမျိုးပင် အကဲ့ကဲ့အပြားပြား စာပေတို့၌ ရေးလျက်ရှိသည်ကို အထက်ပါထုတ်နုတ်ချက် (၆) (၇) နှင့် အောက်ပါတို့၌ တွေ့ရသည်။

(၁)။ "ချင်ပိတ်(ခြင်ပိတ်)မော်၊ အမှုန်း(အမှမ်း)မော်၊လည်သီးမော်၊မော်စုတန်း၊ မှန်ကင်းတိုင်၊ ငင်းအဖျားစိန်ပျံ၊မှန်ကင်းရွက်၊တုရင်၊တုရင်တိုက်၊ရောက်စွန်း (ယောက်စွန်း)၊ နရား၊ဝေယန်၊ ပြာသာဒ်၊ စိန်ထောင်၊ကျည်းခွေး၊ပျားစွဲ၊ မုတ်ဖြေ၊ခြင်ပိတ်၊ **ပန်းဆွဲချီတိုက်**၊ လည်သီးမော်ပွင့်၊ ငင်းအနားကပ်သကြား၊

စိန်ပျံ၊စိန်အိုး၊စန်ပွင့်၊ ထောင့်ကျည်းခွေး၊ စွန်းရိုး၊ မုတ်ဆို့၊ ထောင့်ဘုံး (ထောင့်ဖုံး)၊ ဟသ်၁၊ ၎င်းထောင့်ပိတ်ဂဠုန်၊ ခေါင်ဘုံး (ခေါင်းဖုံး)၊ ကျည်းခွေး၊ ခိုနန်း ထောင့်ဖြေ့ယာဉ်ပျံ၊ကြက်မောက်တန်း၊တုရင်ရှည်ငှက်ပျော်သား၊ရိုင်းစိုင်း၊ ကြိုး၊ ရွဲတန်း၊မော်တန်း၊ **တော်ရနောင်**၊ စိုင်ပေါင်၊ **ချီဖျား၊ချီရန်း၊ချီဖြေ**၊ သရက်ကင်း၊ဆတ်သွားဖူး၊လင်းနို့တောင်၊ငှက်ဆင်ရေသောက်၊မှုတ်ရိုးထောက်၊ ကတန်ထောက်၊ကြက်မောက်၊ပန်းဆွဲ၊ကလပ်ခြေ၊ဖေါင်းလုံး၊ကြာပြန်၊ကြာလန်၊အလုံးဖြစ်လျှင် ပန်းနုအုပ်၊စမြုံ့လည်း ခေါ့ဖေါင်းလုံးပန်းလှ၊ သလင်းကြာ၊ သလင်းထောင်ဟူ၍ဂင်း၊ခေါင်းခံ၊ခေါင်းစီး၊ပွတ်လုံး၊ပွတ်ခြမ်း၊ပွတ်တိုင်၊ ကြေးစည်တိုင် (ကျေးစေတိုင်)၊ ၎င်းတံခါးတိုင်၊ တံခါးရွက်၊ တံခါးကျည်း၊ မင်းတုပ်တင်၊ လေသွန်ပြတင်း၊ဖီလာပြတင်းကြီး၊ပန်းနစ်စမြုံ့ကြိုး၊သံလျင်းချိတ်၊ **ချီမုဆိတ်**၊တုရင်မုဆိတ်၊ **စန္ဒရသာ**။”။ ။ မုန်ရွေး ဆရာတော်မှတ်စု၊ အပြောက်ခေါ်ပုံမျှား၊ (မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ပဉ္စမပိုင်း)။

(၂)။ “ဟော်အိမ်ဖြူ **ချီတပ်**၊ အမှမ်းထုပြောက်ခြင်ပိတ်၊ပန်းဆွဲတုရင်တပ်၊ အမှမ်းဇဝါ။” ။ မိုးနဲ့ စော်ဖွါးပေး အစီးအနှင်း အဆောင်အရွက်။ (မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ပဉ္စမပိုင်း)။

(၃)။ “အပေါ်အမှမ်းခြီး၊ကျေးကွေး၊ **တော်ရနောင်**၊ မှော်တန်း၊သရက်ကင်း၊အဆောင်ညောင်ရွက်၊အနားမန်ကျည်းရွက်၊ **အတွင်းဘဝါးခြိုတိုက်**၊ဒုယင်တိုက်၊ တော်ရနောင်၊ မှော်တန်း၊ သရက်ကင်း၊ အဆောင်ညောင်ရွက်၊ အနားမန်ကျည်းရွက်၊အတွင်းဘဝါးခြင်ပိုတ်၊ မှော်တတောင်ခြား၊ အကြားသံပွင့်၊ အနားဆီးရွက်၊သတောင်းလည်ကြာနုတမြုံ့ဘောက် (ဖေါက်)၊ ခြင်ပိတ်ထောင့်သားစေတပ်၊ဒုယင်ပါခေါင်စင်း။” ။ညောင်ရမ်းမင်း၊မက္ခရာမင်း၊ရွှေတောင်မင်း၊ ပြည်မင်း၊ပုခန်းမင်းပေးအစီးအနှင်း အဆောင်အရွက်။ (ကုန်း ပေါင်ဆက်မဟာရာဇဝင်တော်ကြီး၊ဒုတိယတွဲ ၅၀၄)။

(၄)။ “ဝေါပလာရွှေပိန်း၊အတွင်းဟသ်ပဒါးသုတ်၊ ထမ်းစင်ခွက် ခါးပန်းစက်သင်းကျပ်၊အတွင်းစက်ဝန်း၊အတွင်းကြယ်၊ အအုံကုလားပန်း၊ အဖျံးခြူး၊ ကမွတ်မှော်တမြုံ့ခြူး၊ ကမွတ်နှားပွတ်ခြမ်း၊ ဘိနပ်ကုလားပန်း၊ အရွက်အခြားခြူး၊ ဘောင်း(ဖေါင်း)မှော်ပန်းလှကြာနု၊ ထောင့်ကြက်ရင်၊ **အမခြိုင်းဒါးဆင့်၊ ဦးခြိုင်းသုံးဆင့်**၊ မှော်တန်း၊သရက်ကင်း၊ အဆောင်ညောင်ရွက်၊ **အဖြေခြိုင်းထိုက်**၊ အုံးကဘ၊သက္ကဒါန်မြင်းမိုရ ဒုယင်တပ်။....။ခင်ဒုယင်ရွှေပိန်း၊အမိုးယွန်းဆက် ရွှေပိန်း၊ရွှေဝေဇယန်တပ်၊အမှမ်း ဒုယင်တပ်၊ ခုံပွတ်လုံး၊ လက်ရန်းအဖြေဒုယင်တပ်၊ **ခြိုင်းဒါးဆင့်ရွှေပိန်း**၊ ပဲ့ဘီးဝေဇယန်။” ။ အိမ်ရွှေမင်းပေး အစီး အနှင်း အ

ဆောင်အရွက်။ (ကုန်းပေါင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ၁၇၇၊ ၁၇၈)။

(၅)။ "ခင်ဒုယင်အမှမ်း ဒုယင်ရွေပိန်း၊အုံရွေဇဝါ၊ တိုင်ရွေကြုံဆစ်၊ မှုတ်ရိုး ရွေကြုံဆစ်၊ လက်ရန်းအဖြေဒုယင်တပ်၊ **ခြီးသုံးဆင့်ရွှေပိန်း**၊ လက်ရန်းရွေရေး၊ ပုတ်လုံးအနီသုတ်၊ခါးအနီသုတ်။" ။ပြင်စည်၊ညောင်အုပ်၊ ချန်းတောင်၊လှိုင်း တက်၊ထီးလင်း၊ ဆောမင်းသားများပေး အစီးအနင်းအဆောင်အရွက်။ (ကုန်း ပေါင်ဆက်မဟာရာဇဝင်တော်ကြီး၊တတိယတွဲ၊ ၁၈၁)။

ထုတ်နုတ်ချက်များကို ကျမ်းလေး၊ စက္ကူကုန်၊ လူပင်ပန်းခံ၍၊ ရှည်ရှည်လျားလျား ကျွန်ုပ်တို့ထည့်သွင်းဖော်ပြလေ့မရှိပါ။ သို့ရာတွင် ဤဥသော် တော်တော် ရှည်လျား ပြည့်စုံစွာပင် တင်ပြလိုက်ပါသည်။ အကြောင်းမှာ ယင်းတို့တွင် မှတ် သားစရာ၊ လေ့လာစရာ၊ ဆင်ခြင် ထောက်ထားစရာ အများပင် ပါဝင်သော ကြောင့်ဖြစ်ပါသည်။အထူးသဖြင့်မုန်ရွေးဆရာတော်၏မှတ်စုဥ အမှမ်းအပြောက် များနှင့်စပ်လျဉ်း၍ အခြားမည်သည့်စာပေဥမျှ မတွေ့ရသည့် အမည်သညာ အ များပါရှိပါသည်။သို့ရာတွင် ဤမျှဖြင့်လည်းမပြည့်စုံသေးပါ။ ကုန်းပေါင်ခေတ် လယ်လောက်မှစ၍၊ ဗိသုကာ,ပန်ဆို,ရွှေခြည်ထိုး အမှမ်းအပြောက် အမည်သညာ များ၊ လွန်စွာမှတိုးပွားကျယ်ပြန့်၊ရှုတ်ထွေးပွေလောင် လာချေရကား၊ မည်သူမျှ ယင်းတို့ကို ကုန်စင်အောင် သေချာကျနစွာ လေ့လာမှတ်သားထားရန် မစွမ်းနိုင် သလောက်ပင် ဖြစ်ဟန်ရှိသည်။ သို့ဖြင့် ထုတ်နုတ်ချက် တို့တွင် အကွရာ၊ စာလုံး ပေါင်း၊ ဝိသဇ္ဇနီပေါက်၊ ပုဒ်စပ်၊ ပုဒ်ရပ်မှစ၍ အရေးအစီများ လွန်စွာချုတ်ယှင်း တိမ်းယိမ်းလျက်ရှိရာ၊ တတ်နိုင်သလောက် တည်းဖြတ် ဖော်ပြ လိုက်ရပါသည်။ ယင်းတို့တွင် ချုတ်ယှင်းချက်များရှိကောင်းရှိပေဦးမည်။ ရှုတ်ထွေးပွေလောင်လှသ ဖြင့် ယင်းတို့ကိုမေ့ဖျောက်ပစ်လိုက်လျှင် မကောင်းပေဘူးလားဟုပင် မေးချင်ကြ ပေမည်။ သို့ရာတွင် ဤသို့မေ့ဖျောက်ပစ်ရန်လည်း မဖြစ်နိုင်သေး။ ယုတ်စွအဆုံး ပျိကဗျာ၊ သီခြင်း ဂီတာ စသော စာပေတို့တွင် တွေ့ရလေ့ရှိသည့် ဝေါဟာရတို့ လောက်ကိုတော့ သိမှတ်ထားရန်လိုအပ်ပါသည်။ဤမျှလောက်မှမသိလျှင်မြန်မာ စကား, မြန်မာစာပေကို၊ မြန်မာ နားမလည်တော့ဟု ဆိုစရာ ဖြစ်ပေမည်။ ထို့ ကြောင့်ဤတွင်ကဗျာစာပေတို့ဥတွေ့ရလေ့ရှိသော၊ အမှမ်းအပြောက်ဝေါဟာရ အချို့တို့မှာ မည်သည့်အရာ ဖြစ်သည်, မည်သည့် အနက် ရှိသည်ကို ဖော်ပြပါ မည်။

ချီ၊ချီး၊ ခြီ၊ခြိုး ဟုအရေးလေးမျိုးကွဲလျက်ရှိသောစကားတို့တွင်**ချီ၊ ချီး** ဟူ သောအရေးနှစ်ရပ်သည် မူလဖြစ်ပုံပေါ်သည်။ **ချီ၊ချီး** ကို **ခီး** ဟူ၍လည်း ၇၃၅

ခုစွဲ၊စစ်ကိုင်းမြို့၊ရတနာစေတီကျောက်စာ၊ ၁၉၊၂၀ ၌ ' ခတ်သားလည်ဆီး၊သန်လျင်းခီးကား၊လက်တီးဆင်ဝင်၊သုံးဆင့်စင်မှ၊' ဟူသောစပ်အင်တွင် ရေးဆိုလျက်ရှိသည်။ ပုဂံခေတ်တွင် **ဒီပင်၊ ဒီမွှမ်** ဟု ရေးသည်ကို အင်းဝခေတ်၌ **ချီးပင့်၊ ချီးမွှမ်း** ဟုရေး၍၊ ကုန်းပေါင်ခေတ်သို့ရောက်သောအခါ **ခြီးပင့်၊ ခြီးမွှမ်း** ဟူသောအရေးမျိုး ထွက်ပေါ်လာသကဲ့သို့၊ **ခီး** ဟူသော အင်းဝခေတ်မူလအရေးမှသက်ခဲ့သည့် **ချီ၊ချီး** ဟူသော ကုန်းပေါင်ခေတ်လတ်အရေးကို၊ကုန်းပေါင်ခေတ်နောင်းသို့ ရောက်သောအခါ **ခြီ၊ ခြီး** ဟု ပြောင်းလဲ ရေးသားလာသည်။ ထို့ကြောင့် **ချီ၊ချီး** ကိုသာ အရေးမှန်ဟု အတည်ပြုရပေမည်။

ချီ၊ချီး တွင် **ချီ** ပုဒ်မှာ 'ကလေးချီ၊စွန်ချီ၊မချီ၊ကြွချီ' ဆိုသည်တို့၌ကဲ့သို့ 'ပင့်၊ မ၊မြှင့်၊မြှောက်' ဟောဖြစ်သည်။ 'ချီပင့်၊ချီမြှောက်၊ချီကြူး၊ချီမွှမ်း' မှ 'ချီးပင့်၊ ချီးမြှောက်၊ချီးကြူး၊ချီးမွှမ်း' သို့ ပြောင်းလဲရွတ်ဆို ရေးသားသည့်နည်းတူ **ချီ** မှ **ချီး** သို့ပြောင်းလဲရွတ်ဆိုရေးသားလာသည်ယူသင့်သည်။ထို့ ကြောင့် ချီ၊ချီး တို့၏အနက် **ပင့်၊မ၊မြှင့်၊မြှောက်၊အပင့်၊အမ၊အမြှင့်၊အမြှောက်** ဟူသည် တို့မှာ မူလဟောဖြစ်၍၊ထိုမှဘုံ့လိုဏ်မုတ်၊နန်းတော်၊အိမ်ဟော်၊ဟော်၊ဝေါ်၊ လှေခင်တုရင်စသည်တို့၏ အစွန်းအမြိတ်တို့တွင် ပင့်မ၊ မြှင့်မြှောက်ထားပိသို့၊ မွှမ်းမံ ချယ်လှယ်ထားသော **အမွှမ်းအပြောက် အဆင့်အတန်း** များကို **ချီ၊ ချီး** ခေါ်ဆိုသည်ယူရာ၏။ ထို့ကြောင့် ပေးသနားတော်မူသော အစီးအနင်း အဆောင်အယောင်များတွင် 'ချီးသုံးဆင့်၊ ချီးငါးဆင့်' ဟု ရေးဆိုလျက်ရှိသည်။ လှယ်လှယ်နှင့်တိုတို ဆိုရသော် **ချီ**၊ သို့မဟုတ် **ချီး** ဆိုသည်မှာ **အမွှမ်းတန်း၊အမွှမ်းဆင့်၊အပြောက်တန်း၊အပြောက်ဆင့်** ဟူ၏။ဤစကားနှစ်ရပ်တွင် **ချီ** သည်မူလသုံး၊ **ချီး** သည် နောက်သုံးနှင့်တည်မြဲနေသောအသုံးဖြစ်သည် ဆိုရာ၏။

ချီး ဆိုသည်မှာ မည်သည့်အရာဖြစ်သည်၊မည်သည့်အဓိပ္ပါယ်ရှိသည်ဟု၊ယနေ့တိုင်မည်သူမျှ ဂနသေချာစွာ ဖွင့်ဆိုဖေါ်ပြခြင်းမပြုခဲ့သေးသောကြောင့်၊ **ချီး** ဟူသော ဝေါဟာရကို ခေတ်သုတေသနနယ်၊ ကဗျာနယ်၊အနုပညာနယ်တို့၌ အသိနည်း အသုံးနည်းလျက်ရှိသည်။ တက္ကသိုလ်မြန်မာအဘိဓာန်၌ပင် **ချီး** ကို ' ပြာသဒိန်နှင့် ဆိုင်ရာ တန်ဆာအထူး' ဟူ၍သာ ကျဉ်းကျုံ့မသေချာ,ဇဝေဇဝါ အနက်ကိုပေးလျက်ရှိသည်။

ချီး ကို အများအားဖြင့်သုံးဆင့်၊ငါးဆင့်၊ခုနစ်ဆင့် စသဖြင့် **မ**အရေအတွက်သာထည့်လေ့ရှိသည်ကိုတွေ့ရသည်။တော်နှင့်ဆိုင်သည်တို့၌ကား ထောင့်ချိုးတို့၌ ချီးတအုံပေါ်၌ အခြားတအုံဆင့်ထပ်၍ ထည့်တတ်သေးသည်။များစွာသော အဆောက်အဦနှင့်အဆောက်အဦဓာတ်ပုံတို့ဝယ်၊လွန်စွာသေးနုတ်သောမန်ကျည်း

ရွက်တန်းကလေးများ မပေါ်လွင်သဖြင့်၊အချို့ပန်ခြံဆရာများ ကူးယူရေးဆွဲရာ၌ ခြံးသုံးဆင့် ရှိရမည့်အစား နှစ်ဆင့်၊ ငါးဆင့် ရှိရမည့်အစား လေးဆင့် ဖြစ်နေတတ်သည်။ဤအချက်ကိုကောင်းစွာသတိပြုရန်လိုသည်။

တော်ရနောင် အကြောင်းကို ပြန်မကောက်မီ **အဖြေ** ဟူသော အခေါ်အကြောင်းကိုလည်း ဖေါ်ပြရန်လိုသေးသည်။ **အဖြေ** ကိုတော့သိသူများပါသည်။ အထောင် (ပန်းထောင်) နှင့် အကပ် (ပန်းကပ်)၊တိုင်နှင့်တန်းစသည်တို့ တွေ့ထိပေါင်းဆုံရာဝယ် ဖြစ်ပေါ်လာသော ထောင့်ချိုး၊ ထောင့်ချွန် တို့၌၊ အရေး အကြောင်းများ မထောင့်၊မထစ်၊မပြတ်၊မတောင်းပဲ၊ပြေပြစ်စေရန် ထည့်သွင်းလုပ်ဆောင်သော အမှုမ်းအပြောက်များကို **အဖြေ** ခေါ်သည်။

ဒုတိယတသိုက်ထုတ်နုတ်ချက်(၁)၊မှုန်ရွေးဆရာတော်၏အမှုမ်းအပြောက် အခေါ်များ မှတ်စုတွင် **ချီဖျား၊ ချီရန်း၊ ချီဖြေ** ဟူသောစကားများပါရှိသည်။ ဤတွင် **ချီဖျား၊ ချီးဖျား** ဆိုသည်မှာ **ချီးဆင့်၊ ချီးတန်း၏ အစွန်း, အဖျား, အဆုံး** ကိုဆိုကြောင်းသိသာသည်။ **ချီရန်၊ ချီးရန်း** ဆိုသည်မှာ ကျီးရန်းဆိုသည်ဥ်ကဲ့သို့ **အကာအရန်းသဖွယ် တည်ရှိသော အချွန်အတက် ပါသည့် ချီးဆင့်, ချီးတန်း** ကို ယူရပေမည်။အဆောင်မှာ ခြံးရန်းပင်ဖြစ်သင့်သည်။ တော်ရနောင်များသည်လည်း **ချီးရန်း** အမျိုးအစားတွင် ပါဝင်ရာသည်။ **ချီဖြေ၊ ချီးဖြေ** ဆိုသည်တို့မှာ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းထွင် ပြထားသည့် ထောင့်ကွေးတို့တွင် ထည့်လေ့ရှိသော **လင်းနို့တောင်၊ ပုဇွန်တုပ်ကွေး၊ သရက်ကင်း** တို့ပင် ဖြစ်ရာသည်။

ဖေါ်ပြခဲ့သည်တို့မှ၊ အဆောင်နှင့်တော်ရနောင်တို့မှာ ခြံးဆင့် ခြံးတန်းချင်း မတူဟုဆိုလျှင် ယခု နားလည်နိုင်လောက်ပေပြီ။ စိုင်ပေါင်မှာ အောက်ဖက်ဆုံးနှင့် အပဖက်ဆုံးကျသည်။ ထိုအတွင်းနှင့် အထက်ဖက်တွင် ခြံးဆင့်များခြားရ၍ သော်ငင်း, ထောင့်အမှုမ်းကြီးများတွင် ခြံးအုံအဆင့်ဆင့်ရှိသည်၌ စိုင်ပေါင်နှင့်တန်းတည်းထား၍သော်ငင်း, တော်ရနောင်များကို စိုက်ထောင်လေ့ရှိသည်။အဆောင်ခြံးရန်းမှာအတွင်းဖက်အကျဆုံးနှင့်အမြင့်ဆုံးဖြစ်သည်။တော်ရနောင်များနှင့်အဆောင်ခြံးရန်းများ ကြားတွင်လည်း အနည်းဆုံး ခြံးတဆင့်မှ ခြားလျက် ရှိတတ်သည်။သို့ရာတွင် အဆောက်အဦတို့ကိုဖြစ်စေ၊အဆောက်အဦခေတ်ပုံတို့ကိုဖြစ်စေ အမှုမဲ့အမှတ်မဲ့ ကြည့်လိုက်လျှင်၊ တော်ရနောင်အစွန်းအဖျားများသည် အဆောင်များစပ်ကြား၌ စိုက်ထားအပ်သောရာမလက်သြား၊ဝါဇွန်းရိုးများပုံရှိ အထောင်များသဖွယ်ငင်း၊ယင်းအထောင်များ၊အဆောင်များနှင့် စိုင်ပေါင်တို့မှာလည်း တတန်းတည်း၊ခြံးတဆင့်တည်း၌ တည်ရှိနေသကဲ့သို့ငင်း၊ ထင်မှတ်စရာဖြစ်နေတတ်

သည်။ ထို့ကြောင့် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၌ 'တော်ရနေဉင်ကြားမှာအ ဆော်ထည့်လေ့ရှိသည်။' ဟု မိန့်ဆိုမှားပြီးလျှင်၊ တော်ရနေဉင်၊အဆော်နှင့် စိုင် ပေါင်တို့ကိုဘာတန်းတည်း၊ချီးတဆင့်တည်း တပ်ဆင်ထားသကဲ့သို့ချွတ်ချော်ဖေါ် ပြလျက်ရှိသည်။ ထို့နည်းတူစွာပင် ခေတ်ပန်ချီဆရာနှင့် သုတေသီတို့ကလည်း အ ဆော်များကြားတွင် စိုက်ထူထားသကဲ့သို့ ရှိနေသော တော်ရနေဉင် အစွန်းဖျား များကို တော်ရနေဉင်ဟု မှတ်ထင်ယူဆနေကြဟန်ရှိသည်။ ပန်ချီအနုပညာအုပ်၊ ဦးဘသာ၏ 'အထက်တန်း မြန်မာကနုတ်ပန်း' စာအုပ်ပုံအမှတ် ၃၂ နှင့်၊ ပြည် ထောင်စု ယဉ်ကျေးမှုစာစောင်အတွဲ ၄၊ အမှတ် ၂ (၁၉၆၃ ခု၊ဧပြီလ) ထုတ်၊ ဇော်ဂျီရေး 'ဒုရင်ပါကြေးကွေးအကြောင်း မှတ်စု'တွင်၊ ယင်းပုံအတိုင်းပါရှိလာ သည်တို့၌၊ တော်ရနေဉင်ကို ဆိုခဲ့သည်အတိုင်း မှားယွင်း ဖေါ်ပြလျက်ရှိသည်။ ယင်းပုံများတွင် တော်ရနေဉင်ဟုပြထားသည့် အချွန်တို့မှာ နတ်ဆော်များနှင့်တ တန်းတည်းတည်ရှိ၍၊ အရေအတွက်လည်း လေးခုဖြစ်နေသည်။ မူကို သေချာစွာ လေ့လာလျှင် တခြောင်း သတ်သတ်နှင့် အောက်တွင် ဆက်လျက် သုံးခြောင်း၊ တိုက်တော်ကျောင်း၌ကဲ့သို့ တွေ့ရလိမ့်မည် ထင်ဟသည်။ နတ်ဆော်များ ကိုလည်း မြန်မာကနုတ်ပန်းစာအုပ်၌ **ကြက်မောက်တန်း** ဟု ပြဆိုလျက် ရှိပြီးလျှင်၊ ယဉ် ကျေးမှုစာစောင်တွင်သော် **ကြက်မောက်တန်း** နှင့် **နတ်ဆော်** ဟု ပူးတွဲဖေါ်ပြထားသည်။ကျွန်ုပ်လည်း **နတ်ဆော်** ဟုသာခေါ်သင့်သည်၊ **ကြက်မောက်တန်း** ဟူသောအခေါ်သည်ကား ပန်းဆော်များနှင့်သာ အပ်စပ်သည်ထင်၏။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်အခြားစာပေတို့တွင် **ကျည်းကွေး၊ ကျေး ကွေး၊ကြေးကွေး** ဟု သုံးမျိုးပင်အရေးတွေ့ရသည်အနက် **ကျည်းကွေး** အရေး သည်သာမူလအရေးနှင့်အရေးမှန်ဖြစ်၍၊ထိုမှရွေ့ကာ **ကျေးကွေး** ဖြစ်လာသည်။ ထိုမှတဖန်ရွေ့ကာ **ကြေးကွေး** သို့နောက်ဆုံးရောက်လာသည်။ထို့ကြောင့်ယင်း အရေးသုံးမျိုးတွင် **ကြေးကွေး** ကိုမူတည်၍ဗျုပ္ပတ်ရှာသော်မတွေ့နိုင်ရာ၊ **ကျည်း ကွေး** ကိုမူတည်၍ရှာမှဗျုပ္ပတ်အမှန်ကိုရရာသည်။**ကျည်းကွေး** တွင် **ကျည်း** ၏အ နက်မှာ'ထမ်းပိုးကျည်း၊တုတ်တင်ကျည်း၊ ကျည်းသားတောက်'ဆိုသည်တို့၌ကဲ့သို့ **အချောင်း၊ အတံ** ဟောဖြစ်သည်။ ယင်းအချောင်းအတံ ကွေးကောဉနေသည်ကို **ကျည်းကွေး** ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် **ကျည်းကွေး** ကိုပင် **ပုဇွန်တုပ် ကွေး** ခေါ်ကြောင်း မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ပြဆိုလျက်ရှိ၍၊ပုံတို့တွင် လည်း ကျည်းကွေး၌ **လ** အက္ခရာနှင့် **လ** ပြောင်းပြန် ဆင်ဆင်အကွေး များကို တွေ့ရသည်။ ကျည်းကွေးနေရာတွင် သဇင်ခွေ၊ ခြူးခွေ တို့ကိုလည်း ထည့်တတ် သည်။ကျွန်ုပ်ထည့်စေကာ မှော်တန်းအောက်ရှိ ကျည်းကွေးထည့်လေ့ရှိသော

ယင်း ချီးဆင့်ချီးတန်းကြီးကို **ကျည်းကွေး** ဟူ၍ပင် ခေါ်တတ်သေးသည်။ ဤ **ကျည်းကွေး** တွင် **အချောင်းအတံ** ဟော **ကျည်း** နှင့် 'ကျည်းခွေ၊ကျည်းပေါင်၊ ကျည်းပေါက်၊ ကျည်းရှက် 'စသဖြင့် ဆိုသည်တို့တွင် ' အပေါက်၊ တံခါးပေါက်၊ အခေါင်းပေါက်၊တွင်းပေါက် 'ဟော **ကျည်း** ကိုလည်းခွဲခြားမှတ်သားရသည်။ ထို **အပေါက်** ဟော **ကျည်း** နှင့် စပ်ဆိုင်သည့် **ကျည်းခွေ၊ ကျည်းပေါင်** တို့ကို လည်း စာမတတ်သူတို့က **ကြေးခွေ၊ ကြေးပေါင်** ဟု ရေးဆိုတတ် လေသေးသည်။

နန်းတော် ပြာသာဒ်ထောင့်ဒုရင်၊ ပုံကြီးခွါခါတ်ပုံတွင် ဒုရင်၏ဖေးခွံ် တော်ရနောင် တချောင်းစီအပြင်၊စိုင်ပေါင်ကြီး၏ဖေးဖက်၊ အမိုးမြိတ်စွန်းသို့လျောက်၍ လည်း၊ အထက် တောင်ရနောင်နှင့်အလားတူ၊ ထင်ရှားထူးခြားသော အချွန်သုံး ချောင်းပါရှိသည်ကိုတွေ့ရသည်။ယင်းတို့ကိုလည်း **တော်ရနောင်** ဟုပင် ခေါ် ရအံ့သို့ရှိသည်။ပုံသဏ္ဌာန်တွင် စိုင်ပေါင်နှင့်လည်းခပ်ဆင်ဆင်ရှိသော်လည်း၊ယင်း တို့၌ အထက်တော်ရနောင်ကဲ့သို့ပင် အပသို့လှည့်သောအစွန်းငယ်ရှိ၍၊ ထိုအစွန်း ငယ်၏အထက်၌ ထူးခြားသောဘဲငံ့ပုန်းခေါင်းရှိသည်။ ဤနေရာ၌စိုင်ပေါင်ကြီး ၏အစွန်းသည်ကား တည့်မတ်လျက်ရှိ၍၊ အခြားနေရာမုတ်စွန်းတို့၌သော်အတွင်း သို့ ကောဲ့ယွန်းလျက်တည်လေ့ ရှိသည်။ ဤတွင်ကဲ့သို့သော **တော်ရနောင်** များ နှင့် တိုက်တော်မြင့်မိုတွင် ဒုရင်ခါးဖြေ တော်ရနောင်တချောင်းစီအောက်၌ ဆက် ၍ထည့်သော တော်ရနောင် များကို **တော်ရနောင် ချီးရန်း** ဟုခေါ်ဆိုနိုင်ရာ သည်။

အင်္ကျီ၊ သင်တိုင်းတို့တွင်လည်း အကောဲ့အလန်၊ အချွန်အတက်များ ပါလျှင် ရှေးက **တုရင်အင်္ကျီ၊ တုရင်သင်တိုင်း** ဟု ခေါ်ဆို ခဲ့သော် လည်း၊ အင်းဝ ညောင်ရမ်းခေတ်လောက်ရောက်သောအခါ၊ယင်းအကောဲ့အလန်၊အချွန်အတက် များကိုပင် **တော်ရနောင်** ပုဒ်ပျက် **ရနောင်** ဟု စတင်ခေါ်လာပြန်သည်။ သို့ ဖြင့် မင်းရဲဒီပဉခြင်းတွင် 'ရွှင့်ဘဘုန်းမြင့်၊ ဖွင့်သောဥကင်၊ အစီရင်ကား၊ **တုရင် ရနောင်**၊ ပြောင်ပြောင်စလွယ်၊ မျက်ချယ်ရောင်မောင်း၊ ဦးဆောင်းသင်းကျစ်၊ မှောင်ညစ်လင်းပျောက်၊မင်းမြောက်ရတနာ၊တန်ဆာငါးထွေ၊'ဟု စပ်ဆိုလျက်ရှိ သည်။ယင်းစပ်အင်သာဓကကိုတင်ပြ၍၊မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ပဉ္စမပိုင်း၊ အချုပ်အပြောက်များ အကြောင်း၌၊ ရနောင်တွန့်ချွန် အကြောင်းကို ရှင်းလင်း ဖော်ပြထားသည်မှာ–

"တွန့်ချွန်ဆိုသည်မှာလည်း သုံးမျိုးရှိသည်။(၁)လည်ခွန်တွန့်ချွန်၊ (၂)လှိုင်း ကွတွန့်ချွန်၊ (၃)ရနောင်တွန့်ချွန်ဟူ၍ ပိုင်းခြားသည်။ လည်ခွန်တွန့်ချွန်မှာ လူခပ်

သိမ်းနှင့်ဆိုင်သည်။လှိုင်းဇလုတ္တန့်ချွန်မှာ မင်းညီမင်းသားများ၊ စော်ဘွားများနှင့် ဆိုင်သည်။ရနောင်တုန့်ချွန်မှာ ရှင်ဘုရင်နှင့်ဆိုင်သည်။ဥဒေါင်းရင်ကဲ့သို့ငင်း၊ရာမ လက်ညှိုးကဲ့သို့ငင်း၊ကပ်ချွန်ကဲ့သို့ငင်း၊မော့လန်ကော့တက်၊အညွှန့်ထွက်ရသောအ တုန့်ကို ရနောင်တုန့်ချွန် ခေါ်သည်။"

အင်္ဂါ၊သင်တိုင်းစသည့် အဆင်တန်ဆာတို့၌သော် မည်သည့် အတုန့်အချွန်ကို တုရင် မည်သည့်အတုန့်အချွန်ကို (တော်)ရနောင် ခေါ်သည်ဟု ကွဲပြားစွာ မသိ ရတော့ချေ။ သို့ရာတွင်ဗိမာန်အမှုမ်းများ၌ကဲ့သို့ ပခုံးစွန်းမှအထက်သို့ကော့တက် နေသော အချွန်ကြီးကို တုရင်ခေါ်၍၊ အခြား အရံအချွန်များကိုသော် (တော်) ရနောင်ခေါ်ဟန်ရှိသည်။

အဆောက်အဦတို့တွင် တပ်ဆင်သောတုရင်တို့၌ ပုံသဏ္ဌာန်နှစ်မျိုးရှိသည်။တ မျိုးမှာ ဦးခေါင်း၊ဝါ၊ဆင်ဦးခေါင်းသဏ္ဌာန် လုံးလုံးဖြစ်၍အဖျားဌ **ကမောင်း** ခေါ်သည့် သွယ်သွယ် ကောက်ကောက် အချွန်ပါသည်။ **ကမောင်း** မှာ မွန်ဘာသာဖြစ်၍ **ဆင်နှာမောင်း** ဟု အဓိပ္ပါယ်ရှိသည်။ ကမောင်းအပေါ်၌ မှန်ကင်းစိုက်လေ့ရှိသည်။အခြားတုရင်တမျိုးမှာ၎င်းဥဒေါင်းရင်၊ဝါ၊ကြက်ရင်သဏ္ဌာန် ကွေးကွေးကောင့်ကောင့်ဖြစ်၍၊ ယင်းတွင်(၁)ဦးစွန်း၊ဝါ၊ဘီလား၊(၂)တုရင်လယ်၊ (၃)ရင်အုပ်၊ဝါ၊ ရင်အုံဟုခေါ်သည့်အစိတ်အပိုင်း သုံးခုရှိကြောင်း၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၌ ပြဆိုထားသည်။ဤတွင် **ဦးစွန်း** ကို **ဘီလား** ဟုရေးခေါ် ခြင်းထက် **ဗိလား** ဟု ရေးခေါ်ခြင်းက ပို၍သင့်ပုံရသည်။ **ဗိလား** ဆိုသည်မှာ တောင်သူ လယ်လုပ်တို့ မိုး၊ လေ၊ နေတို့မှ ကာကွယ်ရန် ဦးခေါင်းပေါ်၌ တင်၍ ဆောင်းဆင်လေ့ရှိသော **ဦးဆောင်း၊ ခေါင်းအုပ်** ဖြစ်ရာ၊ တုရင်၏ဦးဆောင်း၊ ခေါင်းအုပ်ကို ဤစကားဖြင့်ပင် **ဗိလား** ဟုခေါ်ခြင်းဖြစ်သည်။ဤဥဒေါင်းရင် သဏ္ဌာန်အမှုမ်းကို၊ **ဒေါင်းရင်** ဟုခေါ်ဆိုသည်မှ၊ **ဒုရင်** ဟူသောစကားဖြစ်လာ သည်ဟု အချို့သောပညာရှိတို့၏မိန့်ဆိုချက်မှာ၊အရေးသမိုင်းနှင့်ဆန့်ကျင်သဖြင့် အမှားသာလျှင် ဖြစ်သည်။

ပထမသိုက်ထုတ်နုတ်ချက် (၃)နှင့် ဒုတိယသိုက် ထုတ်နုတ်ချက် (၁) မုန်ရွေး ဆရာတော်မှတ်စုတွင်ဒုရင် ရင်အုပ်၌ထည့်လေ့ရှိသော **စန္ဒရသာ**ဆိုသည်မှာ၊ထွန်း လင်းနေသောလဝန်း၊လပြည့်ဝန်းပုံ'ကိုဆိုခြင်းဖြစ်သည်။

ဒုရင်၏အထက်၌မှန်ကင်းသော်ငင်း စိန်ဖူးသော်ငင်း ထောင်လေ့ရှိသည်။ မှန် ကင်းတွင်တဖန် မှန်ကင်းတိုင်၊ မှန်ကင်းရွက်၊ စိန်ပျံ၊ ငှက်မြတ်နား ဟူ၍ငင်း၊စိန်ဖူး တွင်လည်း စိန်ဖူးတိုင်၊ စိန်ဖူး၊ဝါ၊ စိန်အိုး၊ထီး၊ငှက်မြတ်နားဟူ၍ငင်း၊ အစိတ် အ ပိုင်းများကို ခွဲခြားခေါ်ဆိုပြန်သည်။ မှန်ကင်းတွင် ထီးတပ်ရိုးမရှိ၊ မှန်ကင်းရွက်

ပြားပြားသာ ပါလေ့ရှိသည်။ စိန်ဖူးတွင်လည်း စိန်အိုးအမြဲပါ၍၊ တခါတရံသာ ထီးပါလေ့ရှိသည်။သို့ဖြင့်ရုတ်တရက်ကြည့်လိုက်လျှင်၊ မှန်ကင်းရွက် ပြားပြားနှင့် စိန်အိုးလုံးလုံး, တခါတရံထီးချွန်ချွန်ကိုပါမြင်ရခြင်းဖြင့် မှန်ကင်းနှင့် စိန်ဖူးတို့ကို ခွဲခြားသိနိုင်သည်။

အမိုးခြင်တွင်ပိတ်ထား၊ ချပ်ညှပ်ထား၊ ကာဆည်းထားသည့်အပြား၊ပန်းကပ်တို့ကိုခြင်ပိတ်၊ ခြင်ညှပ်၊ ခြင်ဆီး (ခြင်ဆည်း)ဟု ရေးဆိုရမည့်အစား၊ **ချင်ပိတ်၊ ချင်ညှပ်၊ချင်ဆီ** ဟုအဘိရူကပ္ပါနှင့် မုန်ရွေးဆရာတော်မှတ်စုမျှားတွင်ရေးလျက်ရှိသည်၊ဤကဲ့သို့သောအမှားများမှာ၊စာရေး,စာကူး,စာတည်းတို့၏ လစ်ဟင်းမှုကြောင့်သာဖြစ်ရာသည်။

သုံးထောင့်ပုံ မုတ်ဦး အမှမ်းအပြောက်ချီးဆင့် များနောက်၌ ကပ်လျက်၊သုံးထောင့်ပုံကို ပိတ်သည့်အနေဖြင့်၊ဆွဲထား,ကပ်ထားသော အပြိန်းအပြောက်များပါလေ့ရှိသည့် အပြားအပြန့်ကြီးကို **ပျားစွဲ** ခေါ်သည်။ယင်းပျားစွဲနှင့်တုရင်တို့မှ အောက်သို့ချလေ့ရှိသော ရှည်သွယ်သွယ်၊ချွန်းတုန်းတုန်းအမှမ်းကို **မုဆိတ်** ဟုခေါ်သည်။ မုံရွေးဆရာတော်၏မှတ်စု၌ **ချီမုဆိတ်** (ချီးမုဆိတ်) ဟုလည်းပါရှိသေးသည်။

ဒုတိယသုတ် ထုတ်နုတ်ချက်များတွင် **တုရင်တိုက်၊တုရင်ထိုက်၊ခြီးတိုက်၊ခြီးထိုက်** ဟူ၍၊ **တိုက်** နှင့် **ထိုက်** တို့ကိုမပြီမသ ရေးလျက်ရှိသည်တို့ကိုလည်း တွေ့ရသည်။ဤတွင် **တိုက်** နှင့် **ထိုက်** တို့၏ အနက်များ မတူချေ။ **တုရင်တိုက်၊ ချီးတိုက်** ဟု ဆိုလျှင် အလယ်ဘုံတွင်တပ်သောတုရင်နှင့်ချီးတို့ကိုယူရပေမည်။ **တုရင်ထိုက်၊ ချီးထိုက်** ဟုဆိုလျှင်၊မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊စတုတ္ထတွဲ၊အိမ်ခြံဝင်းများစာရင်းတွင် **ခြီးယောင်** (ချီးယောင်) **ကြေး ကွေးရောင်** (ကျည်းကွေးယောင်)ဟုရေးဆိုသည်၌ **ယောင်** ဟူသောစကားဖြင့်တကယ့်အကောင်းအမှန်ကြီးမဟုတ်၊ **သဏ္ဌာန်ပေါ်ရုံ** ဟု ဆိုလိုသကဲ့သို့၊ဤတွင်လည်းတကယ့်အကောင်းအမှန် **တုရင်၊ချီး** များမဟုတ်၊ **တုရင်** ဟု ခေါ်ထိုက်ရုံ၊ **ချီး** ဟု ခေါ်ထိုက်ရုံ အသင့်အတင့်သာလုပ်ဆောင်ရမည့် **တုရင်** နှင့် **ချီး** ဟု အနက်ပေါ်ထွက်ပေမည်။

မုန်ရွေးဆရာတော်၏အပြောက်များမှတ်စုထုတ်နုတ်ချက်တွင်၊ **ကျေးစေတိုင်** အစား **ကြေးစည်တိုင်** ဟု မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဖြစ်နေခြင်းသည်၊ စာတည်းစာပြင်တို့၏ ပေါ့လျော့လစ်ဟင်းမှုများကို ဖေါ်ပြလျက်ရှိသည်။ ယင်းစာအုပ်တအုပ်လုံးမှာ ဤကဲ့သို့သော ချွတ်ယွင်းချက်များဖြင့် အပြည့်ဖြစ်နေသည်ကိုတွေ့ရသည်။ **ကျေးစေတိုင်** ဆိုသည်မှာ တံခါးပေါက်၊ပြတင်းပေါက်စသည်တို့၏ဖေးဘိုင်စိုက်ထူအပ်သော အလှမွမ်းမံချယ်လှယ်ထားသည့်တိုင်ဖြစ်သည်။ ယင်း

တိုင်မျိုးကိုပင်ဒုတိယသုတ်ထုတ်နုတ်ချက်(၃)၌၊ **သားစေ(တိုင်)**ဟုခေါ်ဆိုလျက်ရှိ၍၊ နေမိဘုံခဏ်းပျို၊ ၂၃ တွင် 'နဂါးလည်ခေါင်း၊ ကျေးစေချောင်းနှင့်၊ ရေကြောင်းစုန်ဆန်၊ ဗိမာန်မကွာ၊' ဟု စပ်သည်၌ **ကျေးစေချောင်း** ဆိုသည်မှာလည်း၊ကျေးစေတိုင်ပင်ဖြစ်ရာသည်။

ပထမသိုက်ထုတ်နုတ်ချက် (၁) နှင့် (၃)၊ ဒုတိယသိုက်ထုတ်နုတ်ချက် (၁)တို့တွင် **ရှင်းစိုင်း** ဟူသောစကားပါရှိသည်။ အခြားကဗျာနှင့် ကျောက်စာတို့တွင်လည်း ယင်းစကားကိုတွေ့ရသည်။ **ရှင်းစိုန်း** သည်မည်သည့်ပန်း၊မည်သည့်အရာဖြစ်သည်မှာ မသိသာ။ယင်းစကားကို သီးသန့်ဆင်ခြင်လေ့လာရန် လိုသဖြင့် ဤကျမ်းတွင်သီးသန့်ဖွင့်ဆိုထားသည်။

ဖေါ်ပြပါအမှတ်အမှတ်အပြိန်းအပြောက်အမည်အခေါ်များနှင့်တကွ အခြားများစွာသော အသုံးအနှုန်းအမည်အခေါ်များပါမကျန်၊ အလုံးစုံ သိမ်းရုံး စပ်ဆိုထားသည်ကို မုန်ရွေးဇေတဝန်ဆရာတော်ရေး နာရဒပ္ပျိုအပိုဒ် ၁၁၈၊မင်္ဂလာဖုဿရထားအချီး၌တွေ့ရသည်။တိုးတက်လေ့လာလိုသူတို့အဖို့ယင်းအပိုဒ် တခုလုံးကိုအောက်တွင် တည်းဖြတ်ထည့်သွင်းဖေါ်ပြလိုက်ပါသည်။

"ထိုရောအခါ၊မိဓိလာကို၊အချာချုပ်ခြင်း၊အိုင်မင်းက၊ ဆင်မြင်းပြင်လေ၊ပြီးကြစေဟု၊မိန့်ထွေစကား၊ကြားသောအခါ၊ဆိုင်ရာမှူးအုပ်၊ အချုပ်အကြီး၊အသီးသီးတို့၊အစီးအနင်း၊ခင်းကျင်းစုံလင်၊ရေးတော်တွင်အောင်၊စီရင်သည်မှာ၊မင်းစီးရာသည်၊ မင်္ဂလာရထား၊ ရွှေရထားကို၊ ရှေးဖျားအစ၊ ပြင်ဆင်ရ၏။ ရွှေလရောင်နွယ်၊ ဆင်စွယ်ရှက်ဝန်း၊ အဆန်းဆန်းတည့်၊ ငွေနန်းခြည်လိမ်၊ ငွေရည်စိမ်လျက်၊ ငွေကြိမ်ငွေကြိုး၊ငွေရိုးငွေခက်၊ ငွေရွက်နုရင့်၊ ငွေပုဉ်ငွေတံ၊ ငွေခြံရံသား၊ ဝတ်ဆံထိန်ထိန်၊ ငွေရောင်ရှိန်လျက်၊ စိန်အတန်တန်၊ ဖလ်မုန်သလင်း၊ ပယင်းရိုးရဲ၊ ပလဲဂေါ်မုတ်၊ဥဿဖယား၊ပတ္တမြားနီလာ၊စီချယ်မြှဝ၍၊ ထက်ဝါပြာသာဒ်၊ အထုတ်ညီးညီး၊ ထီးအနီမှည့်၊ သကျည့်စိန်ထောင်၊ တောရဏောင်လည်း၊ ရွှေရောင်ရေးရေး၊ကျေးကွေးပန်းတိုင်း၊ရွှေပန်းဆိုင်းနှင့်၊ ရိုင်းစိုင်းညှဉ်ညှောက်၊ရဲရဲတောက်မျှ၊ကြက်မောက်တက်ဆင်း၊ သရက်ကင်းလည်း၊လင်းလင်းမမှိတ်၊သန်လျင်းခါတ်က၊ မုဆိတ်ပျားစဉ့်၊ ရွဲနှင့်မှော်တန်း၊ ကျီးရန်းချီးပေါင်၊ စိုက်ထောင်လိုက်လျော၊ ငှက်ပျောသာစဉ်၊တုရင်ယှဉ်တုံ၊ အလျဉ်သိုက်မြိုက်၊ တုရင်တိုက်လည်း၊ အလိုက်မလွန်၊ စန္ဒရသာ၊ခြူးကြာကွန့်ကွန်း၊တုရင်ညွန့်လည်း၊ မလွန့်မပျံ၊အလျဉ်ဝင်းဝင်း၊မှန်ကင်းရောင်မြူး၊ရွှေသားလူးလျက်၊စိန်းဖူးစိန်ပွင့်၊ စိန်ပျံဆင့်လည်း၊ မြနှင့်ဂေါ်မိတ်၊ခြင်ပိတ်ခြင်ခံ၊မင်းစံညီးညီး၊ခြင်ဆီးဝင်းဝင်း၊ တိမ်ညင်းရွှေစို့၊မြရည်ဆို့လျက်၊ လင်းနို့တောင်ဖြန့်၊ မီးကုန်ကန့်လိမ့်၊ ဗိတာန့်အနေ၊ စိန်ပန်းခွေတွင်၊ ရွှေငွေကျောက်

မျိုး၊ကြိုးလည်းရစ်ဆိုင်း၊လိုင်းအလိမ့်လိမ့်၊မိုးတိမ့်ပမာ၊သန္တာရဲရဲ၊ပန်းဆွဲရစ်ချည်၊ သတောင်းလည်၌၊ကိုးမည်လိမ်ရှက်၊ ညောင်ရွက်ရွှေချူ။ လူလူကဲ့ဝှန်၊ ရွှေတန်းခွန်နှင့်၊ဗိတာန်ရောင်လျှပ်၊ကြယ်စုံကပ်၍၊ ကြာယပ်လွှလွှ၊ ပွပွလှင့်လှဘား၊ ပန်းပွားဝေဝေ၊အဖြေအနဲ့၊ကြောင်မျက်ရွဲတည့်၊ဝမ်းပဲတောင်လှာ၊ စိန်သာတွဲချုပ်၊ ခေါင်အုပ်မြင့်မိုရ်၊ ဗဟိုရွှေတိုင်၊ လက်ကိုင်လက်သုံး၊ ရွှေတုံးရွှေစင်၊ လက်တင်လက်ရန်း၊ အသန်းအကူး၊ သင်းတွဲဖြူးလျက်၊ အဖူးအညွှန့်၊ နန်းတွန့်နန်းလိမ်၊ ခိုအိမ်ခိုနန်း၊ ကြာတန်းကြာခက်၊ကြာရွက်ကြာငုံ၊မြရည်ထုံ၍၊ ဘုံအထပ်ထပ်၊ လျှပ်နှင့်မယွန်း၊ နားပန်းဝက်စွယ်၊ကြယ်နှင့်ဖြိုးဖြိုး၊စက်နန်းအိုးက၊ထမ်းပိုးလည်းသန်၊ ဝင်သဝဏ်ကို၊ဂုန်တန်တို့စီ၊ နာရဏီတွင်၊ ဝဇီရက္ခာ၊ မသာရဂလ်၊ လုံးဖန်ညိစွာ၊ စီချယ်မြှောရ၍၊ နတ်သာနေတန်၊ ဝေဇယန်သို့၊ ကဲလွန်လှစွာ၊ မင်းတန်ဆာသည်၊ မင်္ဂလာဖုံသာရထားတည်း။”

အမွှမ်းအမံ့ အပြိန်းအပြောက့် အချယ်အလှယ် ရှိသမျှသော အမည်သညာ များကို၊ဤတွင်ဆရာတော်အိတ်သွန်ဖာမှောက်လောက်ပင်တင်ပြထားသည်။ ထိုပညာ၌ ဆရာတဆူ ပြုလုပ်လိုသူတို့သည်၊ ယင်းတို့ကို တခုစီ သိနားလည်အောင် လေ့လာစူးစမ်းရာသည်။

နောက်ဆုံးတွင် သံသကြိုဋ္ဌ-ပါဠိဘာသာ **တောရဏ**ပုဒ်သက် **တော်ရနောင်** ဆိုသည်မှာ တုရင်၏တဖက်တချက်၌ ယောဘုယျအားဖြင့် စိုက်ထူလေ့ရှိ၍၊ထောင့်ကွေးအမှမ်းကြီးများတွင် စိုင်ပေါင်၏ဖေးဖက်၌လည်းစိုက်ထူသည်ကိုတွေ့ရသေးသော၊စိုင်ပေါင်နှင့် ခပ်ဆင်ဆင်၊ ထူးခြားသော အမှမ်းထောင်ဖြစ်ကြောင်း မှတ်သားရာသတည်း။

၄၉။ ထောင်းတာ၊မထောင်းတာ

ထောင်းတာ၊မထောင်းတာ၊မထောင်းမတာ ဟူသော စကားများသည် အင်းဝခေတ် ကဗျာတို့၌ တော်တော်စနစ်ထခဲ့သည်။ နေမိငရဲခဏ်းပျို၊ ၃၅ တွင် ‘မင်းရဲကျော်စွာ၊ ဘယ်ထောင်းတာ၍၊ ကြောက်ရွာအံ့နည်း။’ ဟူ၍ငင်း၊ ယင်း ၅၃ တွင် ‘ဖုန်းတန်းပည်းပေါ်၊ရှင်မင်းစောသည်၊သဘောခြင်းရာ၊ ဘယ်ထောင်းတာ၍၊ရောင်ဝါသမ်းညှိုး၊ကြောင့်ကြစိုးအံ့။’ ဟူ၍ငင်း၊ယင်း ၉၄ တွင် ‘တောင်ရိုလောက်စင်၊သူ့ကိုမြင်လည်း၊ပြည့်ရှင်မင်းမှာ၊မထောင်းတာတည့်။’ ဟူ၍ငင်း၊ ယင်း ၁၀၂ တွင် ‘ငါမင်းအားလည်း၊ ထင်ရှားမြင့်ကြာ၊ မထောင်းတာသား။’ ဟူ၍ငင်း။ယင်း ၇၄ တွင်‘ရေညွှန်တွေ့လည်း၊မွေ့မွေ့ချောင်းနောင်း၊မထောင်း

မတာ၊ လိုရာအရပ်၊ ရောက်ပါခပ်၏။' ဟူ၍ငင်း၊ ပျို့တစောင်တည်း၌ပင် စပ်အင်မျိုးစုံကိုတွေ့ရသည်။

ထောင်းတာ စသည်တို့၏ ပိဏ္ဍတ္ထအနက်များကို လူတိုင်းလိုလို သိပေသည်။ မိမိနှင့်မိမိ၏အကျိုးကို ထိခိုက်,နစ်နာ,ပျက်စီး စေသော် **ထောင်းတာ** ဟုဆို၍၊ ဤသို့မဟုတ်သော်**မထောင်းတာ**၊**မထောင်းမတာ**ဟုဆိုသည်။ဤတွင်**ထောင်း** ပုဒ်၏အနက်ကိုလည်း အလွယ်ပင်ကောက်ယူနိုင်ရာသည်။ 'လူကိုထောင်း၊ ဆန်ကို ထောင်း၊မောင်းဖြင့်ထောင်း၊ကျည်ပွေ့ဖြင့်ထောင်း၊ဇရာထောင်း၊ စိတ်ထောင်းကိုကြေ' စသဖြင့်ဆိုသည်တို့၌ **ထောင်း** ၏အနက်'ထုနှက်၊ရိုက်ခတ်၊ထိခိုက်၊ဖိနှိပ်၊ နှိပ်စက်' စသည်ဟောဖြစ်သည်။သို့ရာတွင် **ထောင်းတာ** တွင် **တာ** ပုဒ်၏ ရင်းမြစ်နှင့်အနက်ကိုသော် ကောက်ယူရန်မလွယ်လှချေ။

မြန်မာဘာသာဝေါဟာရ'သေတ္တာ (သစ်တာ)၊ပူတာ,မြူတာ' ဆိုသည်တို့၌ 'ထည့်သိုစရာ' ဟော **တာ** ပုဒ်၊ 'တာရိုး၊ တာတမန်၊ တာဖို့' ဆိုသည်တို့၌ 'ပိတ်ဆို့၊ တားဆည်း၊အပိတ်အဆို့၊ အတားအဆည်း' ဟော မွန်ဘာသာသက် **တာ** ပုဒ်၊ 'တွယ်တာ၊ညှာတာ၊ခရာတာတာ' ဆိုသည်တို့၌ 'ကြင်နာ၊စာနာ၊သနား' ဟော **တာ** ပုဒ်၊ 'တိုင်းတာ၊ တောင်တာ၊ ခရီးတာ၊ ချိန်တာ၊ ဝန်တာ၊ တပ်တာ၊ တာသွား' ဆိုသည်တို့၌ 'အတိုင်းအထွာ၊အစိတ်အပိုင်း၊အပေါင်းအဖွဲ့' စသည်ဟော **တာ** ပုဒ် ဟုရှိရာ၊**ထောင်းတာ** တွင် **တာ** ၏အနက်သည်၊ဤနောက်ဆုံး **တာ** ပုဒ်၏လွန်စွာကျယ်ဝန်းသော အနက်ပရိယာယ်များတွင်အကြုံးဝင်သည်ဟူရာ၏။

တာ ၏အနက် **တိုင်းတာ၊တောင်တာ** ဆိုရာ၌အကွာအဝေး,အချိန်ကာလ, ပမာဏ,အလေးအပေါ့ စသည်တို့ကို စံတခုခုဖြင့် တိုင်းထွာ, ချိန်ဆ၊ ဤသို့တိုင်းထွာ, ချိန်ဆရသည့် အတိုင်းအထွာ, အချိန်အဆ ဟော ဖြစ်သည်။ ထို့ကြောင့် **ခရီးတာ** ၏အနက် 'ခရီး၏အဝေးအကွာအတိုင်း၊' **ချိန်တာ** ၏အနက် 'အချိန်ကာလ၏အကြာအမြင့်အတိုင်း၊' **ဝန်တာ** ၏အနက်'ဝန်၏အကြီးအငယ်,အပေါ့အလေးအတိုင်း' ဟော ဟုယူရာ၏။'တပ်တာဖွဲ့စည်း၊ တပ်တောင်တာဗိုလ်ထူ' ဆိုသည်တို့၌သော် **တာ** ၏အနက်ကို 'တပ်၏အစိတ်အပိုင်း,အပေါင်းအဖွဲ့' ဟော ဟုယူဖွယ်ရှိသည်။

တာသွား၊တာမသွား ဆိုသည်တို့၌ **တာ** ပုဒ်မှာ 'ခရီးတာသွားသည်၊ ခရီးတာရောက်သည်' ဆိုသည်တို့၌ **တာ** ပုဒ်၏ အနက်ပရိယာယ်ပွား၊ 'ထိရောက်၊ အကျိုးထိရောက်၊အကျိုးသက်ရောက်'ဟောဖြစ်သည်။ **ထောင်းတာ၊မထောင်းတာ** တွင် **တာ**ပုဒ်ကိုလည်း၊ထို့အတိုင်း 'ထိရောက်၊ အကျိုးထိရောက်၊ အကျိုးသက်ရောက်' ဟောဟုပင်ယူသင့်သည်။ဤ၌သော် အများအားဖြင့်ကောင်းကျိုး

မဟုတ်၊မကောင်းကျိုးထိရောက်,သက်ရောက်ခြင်းကို ဆိုလိုသည်။

ထို့ကြောင့် **ထောင်းတာ** တွင် **ထောင်း** ၏အနက် 'ထိခိုက်,ဖိနှိပ်,နှိပ်စက်' ဟော၊ **တာ** ၏ အနက် 'မကောင်းကျိုးထိရောက်, သက်ရောက်' ဟော ဖြစ်ရာ၊ ပုဒ်တခုလုံး၏ အနက် 'မိမိ၏ကိုကို ထိခိုက်, ဖိနှိပ်,နှိပ်စက်၊ မိမိ၏ အကျိုးကိုလည်း ထိခိုက်,နစ်နာစေ' ဟော။အချုပ်အားဖြင့်ဆိုသော်၊ 'မိမိ၏ကိုနှင့် အကျိုးကို ထိခိုက်,နစ်နာစေ' ဟော ဟုကောက်ယူရာ၏။ ဤသို့ထိခိုက်နစ်နာစေခြင်းမရှိသော်၊ **မထောင်းတာ၊ မထောင်းမတာ** ဟုဆို၍၊ယင်းအနက်ကိုပင် ကြိယာ ဝိသေသန အဖြစ်ဖြင့်သုံးသော် **မထောင်းမတာ** ဟုဆိုချေသည်။

'ထောင်းတာ၊မထောင်းတာ' တွင် **တာ** ပုဒ်ကို 'ညာတာ' အနက်ဖြင့်အချို့ကယူလိုပေမည်လားမသိ။ ဤသို့ယူသော် 'နှိပ်စက်, သက်ညှာ၊ မနှိပ်စက်, မသက်ညှာ' ဟု ဆန့်ကျင်ဖက် အနက်နှစ်ခု ပေါ်ထွက် လာမည်ဖြစ်ရာ၊ ဤသို့ ပေါ်ထွက်သောအနက်သည်၊ အထက်ကယူခဲ့သော တသန့်တည်း အနက်လောက် ကျေနပ်နှစ်သက်ဖွယ်မရှိဟုဆိုရာသတည်း။

ထွက်နပ်

(မြန်မာစကားအဖွင့်ကျမ်း၊ပထမတွဲ၊ ၇၆ ကြည့်)

မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ၊ **ထွက်နပ်** အဖွင့်တွင်၊ သျင်သီလဝံသ၊ သျင်အဂ္ဂသမာဓိတို့ပြုစုသောပျိုကဗျာတို့တွင် **ထွက်နပ်** စပ်အင်္ဂကို မတွေ့ရ ဟုမှတ်သားထားချက်များကို အဆောတလျင်ကြည့်ကာမှားယွင်းဆိုလိုက်မိသည်။ ယင်းတို့ကိုသေချာစွာပြန်လည်ကြည့်သောအခါ၊သျင်သီလဝံသရေး ဓမ္မပါလပျို့နှင့် သျင်အဂ္ဂသမာဓိရေး နေမိဘုံခဏ်းပျို့ နှစ်နေရာစီတွင် **ထွက်နပ်** စပ်အင်္ဂများကိုအောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "ဒိဋ္ဌသုတ၊ဥဒ္ဒါဿနှင့်၊ပရိသင်္ကိတား၊သုံးပါးဖြင့်လျှင်၊ပြုကျင့်တုံဝပ်၊ သူထွက်နပ်သည်၊လပ်သပွကာ၊ပို့သလာလည်း။" ။ဓမ္မပါလပျို့၊ ၆၆။

(၂)။ "တဖန်တုံဆပ်၊ ဧည့်ထွက်နပ်သို့၊ ကိုယ်ကြပ်အမှန်၊ ပစ္စုပ္ပန်တွင်၊ သူတော်စင်အား၊ထပ်မနားတည့်။" ။ငင်း ဂ၄။

(၃)။ "နတ်ကမ်းနတ်ရွက်၊နတ်လက်ဖက်နှင့်၊မြိန်ရှက်သုဒ္ဓါ၊ကြွေင်စွာသား၊ နံ့သာဖျော်ရည်၊ထွက်နပ်တည်၍။" ။ နေမိဘုံခဏ်းပျို့၊ ၁၂၀။

(၄)။ "မိုးဝခြေထပ်၊ခုန်လျှပ်လျှပ်လျှင်၊ထွက်နပ်မင့်၊ပြန်တော့အံ့ဟု၊ ဖြည်း

ညံ့နှုတ်နက်၊တောင်းပန်ပွက်၍။” ။ဌင်း ၁၃၃။

ထို့ကြောင့်အင်းဝခေတ် ကဗျာတို့တွင် **ထွက်နပ်** အသုံးပြန့်နှံ့လျက် ရှိသည်ဆိုရာသတည်း။

၅၀။ ဒက်၊ပုတီး

လည်ဆွဲတန်ဆာမျာ**း**အနက်၊ **ဗယက်** နှင့် **လည်မာ** တို့ကိုကျကျမ်းဒုတိယတွဲတွင် **သရဘူ၊မကိုင်** တို့နှင့်တွဲဖက်ဖွင့်ဆိုခဲ့ပြီ။ကျတွင် **ဒက်** နှင့် **ပုတီး** တို့ကိုဖွင့်ဆိုပါမည်။

ဒက် ကို အင်းဝစာဆိုကြီးများ ကဗျာတို့အနက်၊ မြွေလင့်သော နေမိဘုံခဏ်းပျို့တွင်မတွေ့ရပဲ၊ မမြွေလင့်သော စတုဓမ္မသာရ**ခေ**၎ ကိုးခဏ်းပျို့၊ ၂၂၂ တွင်သာ ‘ လက်ကောက် လက်ကျပ်၊ လက်စွပ်ဟုတီး၊ ဆင်ပြီး နားတောင်း၊ စည်ဖေါင်းလည်မာ၊ထွန်းဝါပြိုးပြက်၊ **သင်တိုင်း၊ဒက်လည်း**၊ ဖက်လဏ်ဆူလှယ်၊ နှစ်သက်ဖွယ်ဖြင့်၊ ’ ဟူသော စပ်အင်၌ တွေ့ရသည်မှာ ထူးခြား မှတ်သား ဖွယ်ပင်။ အင်းဝညောင်ရမ်းခေတ် နောက်ပိုင်းသို့ရောက်သောအခါ၊ဝန်ကြီးပဒေသရာဇာရေးစပ်သော မနော်ဟရီနှင့်သူဇာပျို့တို့တွင်၊ကိန္နရီတို့အဖို့ လွန်စွာအရေးကြီး၍၊ ယင်းမပါလျှင် ကောင်းကင်သို့လည်း မပျံနိုင်၊ မြေပြင်တွင်လည်း လျင်မြန်စွာ မသွားနိုင်၊တန်ခိုးနှင့်ပြည့်စုံသည့် လည်ဆွဲတန်ဆာအဖြစ်ဖြင့် တွင်ကျယ်စွာဖွဲ့ဆိုလာသည်ကိုတွေ့ရသည်။ထို့နောက်ခေတ်တို့တွင်သော် **ဒက်**၊ **ဗယက်** တို့ကိုမင်္ဂလာပွဲသဘင် အခမ်းအနားမျာ**း**ကျင်းပ၍၊မင်းမိန်းမမျာ**း** အမြတ်တနိုးဆင်မြန်းရသည့် လည်ဆွဲတန်ဆာမျာ**း**အဖြစ်ဖြင့် သုံးစွဲလာကြောင်းသိရသည်။

ဒက် ၏ရင်းမြစ်နှင့်အနက်တို့မှာလွယ်ကူလှပါသည်။မွန်ဘာသာ‘ခြည်နှောင်၊ နှောင်ဖွဲ့’ဟော **ဒက်** ပုဒ်ပင်ဖြစ်ပါသည်။ လည်၌ခြည်နှောင်ဖွဲ့ရှက်၍ ဆင်မြန်းရသောတန်ဆာဖြစ်သောကြောင့် ယင်းကို **ဒက်** ဟု ခေ၎ဆိုပါသည်။ **ဒက်** ဆိုသည်မှာ **ဗယက်** ကဲ့သို့လည်၌ဆွဲရန်သီတွဲထားသော ရွှေငွေစိန်ကျောက်တို့ဖြင့်ပြီးသည့်၊အပြား,အချပ်,အသွယ်အပျောင်းမျာ**း**ဖြစ်သည်။ ယင်းတန်ဆာကို အင်းဝစာဆိုကြီးမျာ**း**ခေတ်၌ **ဗယက်** ဟုပင်အမျာ**း**အာ**း**ဖြင့်ခေ၎ဆိုခဲ့ဟန်တူပါသည်။ ထို့ကြောင့်သာ သျင်အဂ္ဂသမာဓိရေးစပ်ခဲ့သော နေမိနှင့်သုဝဏ္ဏသျှံပျို့မျာ**း**တွင် **ဗယက်**၊ **လည်မာ**၊ **ပုတီး** လည်ဆွဲတန်ဆာမျာ**း**ကိုသာတွေ့ရ၍၊ **ဒက်** ကိုမတွေ့ရဖြစ်ပါသည်။ **ဒက်** ဟူသောစကားအသုံးခေတ်စာ**း**လာသည်မှာ၊ မွန်နှင့်မြန်မာ

တို့ကို မြန်မာနိုင်ငံတော်တပ္ပန်းလုံး၌ ရောပြွမ်း ပြန့်နှံ့သွားအောင် အကြီးအကျယ် မှေနှောက်လှုပ်ခြောက်ပေးလိုက်သော တပင်ရွှေထီးနှင့် ဘုရင့်နောင်ထိုလက်ထက် လောက်တွင်မှဖြစ်တန်ရာသည်။

ပုတီး ၏ ရင်းမြစ်နှင့် ဓာတ်အနက်တို့မှာ လွယ်သယောင် နှင့် လွန် စွာ ခက် ကြောင်းတွေ့ရသည်။ မြန်မာဘာသာတွင်း၌ **ပုတီး** ၏ ဓာတ်အနက် ပေါ်ထွက် ခြင်းမရှိသဖြင့် အနွယ်တူဘာသာတို့တွင် **ပုတီး** နှင့်မိတ်တူပုဒ်များကိုရှာဖွေကြည့် ရာ အောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	ဗုဒ်ခဲ(ဖြောင်ဗ)	စိတ်ပုတီး၊
	ဗုဒ်ဒေ(တင်န)	၎င်း
	ဗောဒေ	အသီးကိုပုတီးစေ့လုပ်
		ရသောအပင်တမျိုး၊
၂။ လိစု	လိတီး	ပုတီး(စေ့)၊
၃။ ပေါင်းရှေချင်း	ထေး	၎င်း
၄။ ကရင်	ထီး	၎င်း

တိဗက်ဘာသာတွင် **စိတ်ပုတီး** ဟော ပုဒ်ရင်းတို့မှာ **ဗုဒ်ခဲ၊ ဗုဒ်ဒေ** တို့သာ ဖြစ်သည်။ **ဖြောင်ဗ** ၏အနက် **သီကြိုး** ဟောဖြစ်၍၊ **တင်န** ၏ အနက်မှာ မသေ ချာလှသော်လည်း **ဖေါက်သီ** ဟောဟုထင်ဖွယ်ရှိသည်။ မြန်မာဘာသာ **ပုတီး** သည် ဤတိဗက်ဘာသာ **ဗုဒ်ခဲ၊ ဗုဒ်ဒေ** တို့နှင့် မိတ်တူဖြစ်၍၊ ယင်းတို့အားလုံး သည် အသီးကိုပုတီးစေ့လုပ်ရသောအပင်ဟော **ဗောဒေ** ပုဒ်သက်များဖြစ်သည် ယူဖွယ်ရှိသည်။ ကျန်ဘာသာများလာ **တီး၊ထီး၊ထေး** ပုဒ်တို့မှာ **ပုတီး** တွင် **တီး** ပုဒ်သက်များဖြစ်ရာသည်။ ထို့ကြောင့် **ပုတီး** သည် မြန်မာဘာသာ၌ လွန် စွာရှေးကျသောစကားဖြစ်၍၊ အနက်ရင်းမှာ **ဗောဒေ**၊ သို့မဟုတ် **ပုတီးပင်မှ အသီး** ဟောဖြစ်သည်ယူရာ၏။ သို့ရာတွင် မြန်မာဘာသာသက်သက်ဖြင့် လှည့်၍ ကြံပြန်သော်၊ **ပု** ပုဒ်သည် တိဗက်-မြန်မာဘာသာ **ပု၊ဖု၊မု၊ဝု၊အု** တို့နှင့် အတူ 'ဦးခေါင်း၊လုံးဝန်း'ဟော၊ **တီး** ပုဒ်သည် **သီး** နှင့်မိတ်တူ 'အသီး'ဟောဟု လည်းရဖွယ်ရှိသည်။

စိတ်ပုတီးနှင့်လည်ဆွဲပုတီးတို့မှာ အသုံးပင်ကဲ့ပြားသော်လည်း သဘာဝအား ဖြင့် အတူတူပင်။ **'ဖုန်းပုတီး၊စာပုတီး'** ဟူသော ဒုက်အမည်တို့တွင် **ပုတီး** ပုဒ်တို့ မှာ 'လည်ဆွဲပုတီး'ပင် ဖြစ်၍၊ ယင်းဒုက်တို့ကို ဤသို့ခေါ်ဆိုသည်မှာ လည်၌ဖူးတီး သဏ္ဌာန်အမွေးရောင်များ ရှိသောကြောင့်ဖြစ်ရာသည်။ **ဖုန်းပုတီး** ကို **ဘုမ္မတီး၊**

ဘုံမတီး ဟူ၍လည်း လဲ့ပြောင်း ရေးခေါ်ခဲ့ဟန်တူသည်။ သုဝဏ္ဏသို့ မြားပစ်ခဏ်းပျို၊ ၁၂၀ တွင် 'ကျေးသားငုံးခါ၊ခေါက်ရှာတင်ကျီး၊ **ဘုံးမတီးနှင့်**၊ အမြီးအတောင်၊ ချစ်ယောင်ရှိဖွယ်၊'ဟု မူဠ်ရှိနေသည်။ သို့ရာတွင် နေမိမဂ္ဂစိုးခဏ်းပျို၊ ၆၀ တွင်သော် 'ဝန်လိုဆက်ရက်၊လင်းဝက်တောလျှိုး၊ဇီဝဇိုးနှင့်၊ဥချိုး (ဥခြိုး) တင်ကျီး၊ **ဖုန်းပုတီးလည်း**၊ လင်မိုးမဝေး၊'ဟု စပ်လျက်ရှိသည်။ **ဖုန်းပုတီး** ၏ အနက် 'ကုသိုလ်ပုညဖြစ်အောင် စိတ်သောပုတီး'ဟူ၏။ ဤ **ဖုန်းပုတီး** နှင့်တဖန် ဘုံခဏ်းပျို၊၈၀ တွင် 'သပိတ်ကရား၊ယမားဆောင်းထီး၊ **ဖုံးပတီးနှင့်**၊ အုံးကြီးပြောက်ထိုး၊' ဟူသော စပ်အင်တွင် **ဖုံးပတီး** ဟု ပုံနှိပ်မူဠ် တွေ့ရသော စကားတို့လည်း ဆက်စပ်ခြင်းရှိမရှိ စဉ်းစားဖွယ်ရှိပြန်သည်။ **ဖုံးပတီး** ကိုပင် တွင်းသင်းပေါရာဏကထာဠ် **ဘုံမတီး** ဟုမူတွင်ရှိ၍၊ပါဠို **ပါဝါရ** ပုဒ်၏အနက် 'အပေါ်တင်ပုဆိုး'ဟောဟုဆိုပြီးလျှင်၊အချို့က **မတီး** ကို **ရမတီး** ပုဒ်ပျက်ဟုယူကြောင်းဆိုပြန်သည်။သစ်ဆိပ်ဆရာတော်ရေး ပေါရာဏကထာဋ္ဌီကာတွင်သော် **ဘုံပတီး** ဟုပြု၍ **ဘုံ** ပုဒ်ကို 'ဘုံလျှို (ဖုန်လျှို)ခင်းနှီး' **ဖတီး** ကို **ဖြူဆွ** ဟု ယူသင့်ကြောင်းဆိုပြန်သည်။သို့ဖြင့်ယင်းပုဒ်မှာ အရေးမှန်အတိုင်းပြရသော်၊ 'ဖုန်မတီး' ဖြစ်မည်၊'ဖုန်ပုတီး' ဖြစ်မည်၊ 'ဖုန်းပုတီး' ဖြစ်မည်ကိုကြံဆကြရာသည်။ သျှင်အဂ္ဂသမာဓိပင် ရဟန်းပရိက္ခရာများကို ဖွဲ့ဆိုသည့်၊ 'နေမိမဂ္ဂစိုးခဏ်းပျို၊ ၁၂ တွင် 'တောင်ဝှေးကရား၊ ယမားဆောင်းထီး၊ **ပုတီးတသွယ်**၊ သပိတ်လွယ်လျက်၊'ဟုစပ်သည်ကိုထောက်သော် **ဖုန်းပုတီး** သည်ပင် မူလစပ်အင်ဖြစ်တန်ရာသည်။မည်သို့ပင်ဖြစ်စေကာ၊'ဘုံမတီး၊ဘုံပတီး'အရေးများမှန်ပုံမပေါ်။ **ဖုန်ပုတီး** (ဖုန်နှင့်ပုတီး)၊ **ဖုန်းပုတီး** (ကုသိုလ်ရအောင်စိတ်သောပုတီး၊ ကုသိုလ်ပုတီး) ဟူသော အရေးတို့သည်သာ သင့်ပုံရပါသည်။ဤအချက်နှင့်စပ်လျဉ်း၍ **ဖုန်၊ ဖုံ** နှင့် **ဖုန်း၊ မိုးဖုန်း** အဖွင့်တို့ကိုလည်း ပြန်လည်သုံးသပ်ကြပါကုန်။

၅၁။ ဒုန်မင်း၊ဒုန်းမင်း။ဒုံမင်း၊ဒုံးမင်း

စည်တမျိုးအခေါ် **ဒုန်မင်း၊ဒုန်းမင်း** ဟု ရေးသင့်သည်နှင့်၊ လေတုရိယာတမျိုးအခေါ်**ဒုံမင်း၊ဒုံးမင်း**ဟုရေးသင့်သည်တို့ကို၊ရှေးကဗျာစာမူတို့တွင်မှားယွင်းရောထွေးရေးသားလျက် ရှိတတ်သည်။ ဤသို့ဖြစ်ရသည်မှာ ယင်းအခေါ် နှစ်ရပ်၏မူလချင်းလည်းမတူ၊တုရိယာချင်းလည်း ကွဲပြားသည်အလျောက်၊ အရေးချင်းလည်း ကွဲပြားသင့်သည်ကို၊စာဆိုကြီးများ ကိုတိုင်ကပင်သတိမချပ်၊ အမှတ်မဲ့ရေး

သားခဲ့သောကြောင့်သော်၎င်း၊ စာကူး, စာတည်းတို့က မသိမမြင့်,ထင်သလိုရေး ကူး တည်းဖြတ်ခဲ့ သောကြောင့် သော်၎င်း ဖြစ်တန် ရာသည်။ ထိုမှ တပါးလည်း **ဒုံမင်း၊ဒုံးမင်း** ဟုခေါ်သောလေတုရိယာကို ရှေးအခါကပင်လူသိနည်း၍၊အမှုမဲ့ အမှတ်မဲ့ ဖြစ်နေပုံ ရသည်။ တပိုးမျိုး ရှစ်ပါးဟု ခေါ်သော လေတုရိယာ အရေ အတွက်တွင် ယင်းကိုထည့်သွင်းဖေါ်ပြလေ့မရှိခေျ။ သို့ရာတွင် မင်းခမ်း မင်းနား ကြီးများတွင်မြောက်စည်အဖွဲ့၊စည်ဝန်းအဖွဲ့၊စည်ပြောအဖွဲ့ဟူ၍၊သုံးဖွဲ့ပါဝင်တီး မှုတ်ရသည်အနက်၊ **ဒုံမင်း၊ ဒုံးမင်း** သည်၊ စည်ပြောအဖွဲ့တွင် ပါဝင်ရမြဲ ဖြစ် ကြောင်း၊အောက်ပါကဗျာစပ်အင်တို့မှ သိနိုင်ရာသည်။

(၁)။ "ဆဲ့တစ်မြောက်စည်၊ရွှေဖျားတည်၍၊တံရှည်တံမြှေ၊ပြေသာပေါင်း စု၊ခုနစ်ခုစီ၊ ခရုနှစ်မြှေ၊ သည့်နောက်မှာက၊ စဉ်လာတန်းသား၊ စည်ဝန်းလုံးရစ်၊ ဆဲခုနစ်နှင့်၊ နှစ်နဲတလိုင်း၊ ရီးရိုင်းထက်ကြပ်၊ လက်ချပ်လေးမျိုး၊ တပိုးနှစ်မည်၊ ယင်းနောက်တည်တွင်၊ ပြောစည်လိုက်ဖက်၊ ငါးဆယ်ဝက်နှင့်၊ **သံမြက်ဒုံမင်း**၊ နှစ်စင်းမြည်ရုတ်၊စဉ်ပုတ်ပစ်သာ၊ သံဝါလင်းကွင်း၊ ညှင်းမျှကြည်ဟီး၊ တစ်စီတီး လျက်၊ [နဲ့ကြီးလေးလုံး၊ နဲ့ငယ်သုံးနှင့်၊] သာဆုံးကြွေးဖျား၊ ဆဲ့ငါးခရာ၊မင်္ဂလာ ဖြင့်၊ ကမ္ဘာမော်ကွန်း၊ အစဉ်ထွန်းသည်၊ ရွှေနန်းတက်သစ် သရေတည်း။" ။ မဟာဇနကပျို၊ ဂဝ။

(၂)။ "ရွှေတော်ပြေးမည်၊ တီးမြောက်စည်နှင့်၊ တံရှည်တံမြှေ၊ သပြေသာ နဲငယ်၊ ချယ်လှယ်ညီညီ၊ ခုနစ်စီဖြင့်၊ အာနီခရု၊ နှစ်ခုမယွန်း၊ စည်ဝန်းခေါ်မှတ်၊ သတ္တရသ၊ ရာမညနဲ့ ၊မကဲ့နှစ်ရပ်၊ လက်ချပ်လေးမျိုး၊ တပိုးနှစ်မည်၊ ပြောစည်အ စိတ်၊**သံညိတ်ဒုံမင်း**၊ နှစ်သွယ်ကျင်း၍၊လင်းကွင်းပုံသာ၊စည်ပုတ်မှာမူ၊မပါဖေါ် ကဲ့၊ တစ်စီနဲ့လျက်၊ [နဲ့ကြီးလေးသွယ်၊ နဲ့ငယ်သုံးဖြာ၊] ခရာဆဲ့ငါး၊ ပေါင်းငြား စုလစ်၊သုံးလုံးကော်ဖြင့်၊ကြေးဟစ်ညံညံ။" ။ကုသပျို၊ ၁၅၅။

(၃)။ "စည်ပြောမည်ပြား၊ ငါးနှင့်နှစ်ဆယ်၊ သဲသဲကယ်မျှ၊ မိုးနှယ်အုန်း အင်း၊ **ဒုန်းမင်း** (ဒုံးမင်း) **ဒုတ်ဒုတ်**၊ နှစ်စီမှုတ်လျက်၊စည်ပုတ်ကငြာ၊ ပုံသာ ကသွင်း၊လင်းကွင်းကဆော်။" ။ မဟာဇနကပျို၊ ၉၄။

(၄)။ "ငါးခုစွန်းကယ်၊နှစ်ဆယ်စည်ပြော၊ နှောဆဲ့ငါးဖြာ၊ ခရာတသွယ်၊ နဲငယ်စဉ်လာ၊ ဧကာဒသ၊ ပဉ္စနဲ့ကြီး၊ မှုတ်တီးညင်းညင်း၊ **နှစ်ဒုံမင်းနှင့်**၊ လင်း ကွင်းကဝေးတစ်၊စည်ပုတ်တစ်က၊အစ်နှင့်ဒွေးဇေး၊ စူးဝေးရိုက်ချီး။" ။ကုသပျို၊ ၁၄၉။

(၅)။ "ပြောစည်တခြား၊ နှစ်ဆဲ့ငါးတီ၊ မှုတ်သားမယွင်း၊ **ဒုံမင်းနှစ်လီ**၊ ချိုအီမယုတ်၊ စည်ပုတ်သံဝါ၊ ပတ်သာလင်းကွင်း၊ တစ်စီသွင်းလျက်၊ သံညှင်းနဲ့

ကြီး၊ပြိုင်မှီးငါးသွယ်၊နွေငယ်ဆဲ့တစ်၊စင်စစ်မမှား၊ဆဲ့ငါးခရာ။" ။ မဃဒေဝ လင်္ကာသစ်၊ ၆၀။

အခြား **ဒုံမင်း၊ ဒုံးမင်း** စပ်အင်မျှားရှိသေးသော်လည်း၊ ရှည်လွန်းမည်စိုး၍ မပြတော့ပြီ။ဤမျှဖြင့် **ဒုံမင်း၊ဒုံးမင်း** ဆိုသည်မှာ လေတုရိယာ၊ မှုတ်စရာဖြစ်၍၊ မင်းခမ်းမင်းနား တီးဝိုင်းကြီးများတွင် ပြောစည်အဖွဲ့၌ နှစ်စင်းစီ ပါဝင်မြဲ ဖြစ်ကြောင်းသိသာလောက်ပေပြီ။

ထုတ်နုတ်ချက် (၁) နှင့် (၂)တို့တွင်၊ လေးထောင့်ကွင်းများအတွင်းရှိ စကားများကို၊ မူတို့တွင် ကျကျန်မှားယွင်းနေသဖြင့်၊အခြား စပ်အင်များနှင့် ညှိနှိုင်းပြီးလျှင်၊စပ်အင်တို့တွင်လည်းတုရိယာအစုစုပေါင်း 'သုံးလုံးကော်၊' **၁၁၁** လုံးရှိသည်ဟူသောစကားနှင့် ကိုက်ညီအောင်၊ပြင်ဆင်ဖြည့်စွက်ထည့်လိုက်ရပါသည်။အပြစ်ဆိုလိမ့်မည်ဟု မယူဆပါ။ ဤသို့ပြင်ဆင်ထည့်သွင်းမှသာ စပ်အင်နှစ်ရပ် ညီညွတ်၍၊ တုရိယာများကိုလည်း အောက်ပါအတိုင်း တွက်စစ်၍ တစ်ရာ့တစ်ဆဲ့ တစ်လုံးရပါမည်။

၁။ မြောက်စည်တီးဝိုင်း

တုရိယာ				ထွက်ရေ
က။	မြောက်စည်			၁၁
ခ။	တံရှည်			၇
ဂ။	တံမြှော			၇
ဃ။	သပြေသာ			၇
င။	ခရုသင်း	....	....	၂

၂။ စည်ဝန်းတီးဝိုင်း

က။	စည်ဝန်း	....		၁၇
ခ ။	မွန်နဲ			၂
ဂ။	လက်ချပ်			၄
ဃ။	တပိုး	....	....	၂

၃။ စည်ပြောတီးဝိုင်း

က။	စည်ပြော		၂၅
ခ။	ဒုံမင်း၊ဒုံးမင်း		၂
ဂ ။	ပုံသာ၊ပတ်သာ		၁
ဃ။	စည်ပုတ်		၁
င။	လင်းကွင်း		၁

စ။	နဲကြီး			၄
ဆ။	နဲငယ်			၃
ဇ။	ခရာ	....	....	၁၅
			အစုံစုပေါင်း	၁၁၁

စပ်အင်တို့တွင် 'သံမြက်ဒုံမင်း၊နှစ်စင်းမြည်ရုတ်၊' ဟူ၍၎င်း၊ 'သံညိတ်ဒုံးမင်း၊ နှစ်သွယ်ကျင်း၍၊' ဟူ၍၎င်း၊ 'ဒုံးမင်း အုတ်အုတ်၊ နှစ်စီမှုတ်လျက်' ဟူ၍၎င်း၊ 'မှုတ်တီးညင်းညင်း၊နှစ်ဒုံးမင်းနှင့်' ဟူ၍၎င်း ဆိုသည်တို့က၊ **ဒုံမင်း၊ ဒုံးမင်း** မှာ လေတုရိယာ၊မှုတ်စရာဖြစ်ကြောင်းသံသယမရှိသင့်အောင်ဖေါ်ပြသည်။မင်းခမ်း မင်းနား တီးဝိုင်းကြီး များ၏ ဖွဲ့စည်းပုံကိုသေချာစွာ လေ့လာကြည့်သောအခါ၊ တုရိယာ အရေအတွက် အမျိုးမျိုးပင်ပါဝင်လေ့ ရှိကြောင်းတွေ့ရသည်။ မိဖုရား ထွက်တော်မူသာမန်အခမ်းအနားတွင် ၅၇ ဟူ၍ အနည်းဆုံးရှိသည်မှ၊ဘုရင်ထွက် တော်မူ သာမန် အခမ်းအနားတွင် ၈၇၊ အခမ်းအနားကြီးနှင့် နန်းတက် အခမ်း အနားများတွင် ၁၁၁၊ အထူးထွက်တော်မူနှင့် အဘိသိက်မင်္ဂလာအခမ်းအနား များတွင် ၁၂၁ ဟူ၍အသီးသီးပါရှိသည်။

ရှေးအမှတ်အသားများတွင်တပိုးမျိုးရှစ်ပါးဟု ဖေါ်ပြလေ့ရှိကြသော်လည်း သေချာစွာ ရေတွက် ကြည့်သောအခါ (၁) ပြေ၊ (၂)နဲ၊ (၃) ခြည်ချောင်း၊ (၄) ဒုလောင်၊ဒုလောင်း၊တုလောင်၊တုလောင်း၊(၅) ခရာကောက်၊တံကောက်၊ သံကောက်၊ (၆) ခရာမြှော၊ တံမြှော၊ (၇) တံရှည်၊ (၈) ဖက်လိပ်၊(၉) ခရှသင်း၊ (၁၀)တပိုး၊(၁၁)သပြေသာ၊ (၁၂) ဒုံမင်း၊ ဒုံးမင်းဟူ၍ ၁၂ ပါးရသည်။ယင်း တို့အားလုံးသည်ပင် တပိုးမျိုး၌ အပါအဝင်ဟု ဆိုလေ့ရှိသည်။သို့ရာတွင်သာမန် အားဖြင့် မှုတ်စရာဦးချိုကို **တပိုး** ဟု ခေါ်သည်။ **ဒုံမင်း၊ ဒုံးမင်း** သည်လည်း တပိုးမျိုးပင်ဖြစ်ကြောင်း၊ကုသပ္ပါ၊ ၁၅ ၌၊ **တပိုး** ဟုဆိုရမည့်နေရာတွင် **ဒုန်မင်း တပိုး** (ဒုံမင်းတပိုး) ဟုစပ်လျက်ရှိသည်ကိုထောက်ရာ၏။

ဤ **ဒုံမင်း၊ ဒုံးမင်း** အခေါ်၏ရင်းမြစ်ကိုရှာဖွေကြည့်ရာ၊နိုးစပ်သည်ဟု ထင် ဖွယ်ရှိသော ပုဒ်နှစ်ခုကိုတွေ့ရသည်။သံသကြိုဠ်-ပါဠိဘာသာ၌ 'မှုတ်စရာ၊ ကျည်၊ တပိုး၊ပြေ' စသည်ဟော **ဓမနိ** ပုဒ်နှင့် တိဗက် ဘာသာတွင် 'ခရှသင်း၊ တပိုး၊ ခရာ'ဟော **ဒုင်** ပုဒ်တို့ရှိသည်။ယင်းနှစ်ပုဒ်အနက် အသံအားဖြင့် တိဗက်ဘာသာ **ဒုင်** ပုဒ်နှင့်ပို၍နီးစပ်ပုံရသည်။ **ဒုင်** တွင် **ကြိုးမား၊ကြိုးမြတ်** ဟော **မင်း** ပုဒ်ကို ယှဉ်ကပ်သဖြင့် **ဒုင်မင်း** ကိုရအပ်သည်။ဤသို့ဖြစ်လျှင် **ဒုံမင်း၊ဒုံးမင်း** တုရိယာ အမျိုးအစားကို မြန်မာတို့၌ ရှေးကပင်ရှိခဲ့၍၊ယင်းပုဒ်တို့၏အနက် **တပိုးကြိုး**၊ဝါ၊ **ခရာကြိုး** ဟူ၏။ သံသကြိုဠ်- ပါဠိဘာသာ **ဓမနိ** နှင့် **ဒုံမင်း၊ ဒုံးမင်း** ပုဒ်တို့မှာ

အသံအားဖြင့် ကွာခြားလွန်းအားကြီးသည်ထင်မိ၏။ ဟင်းတုရိယာကို **ဒုံမင်း၊ ဒုံးမင်း** ဟုခေါ်ဆိုသည်မှာလည်း ယင်းတုရိယာ နှစ်စင်းတည်း၏အသံဖြင့်၊ စည်ပြောဝိုင်းပါအခြားများစွာသော တုရိယာတို့၏အသံများကို လွှမ်းမိုးနိုင်သောကြောင့် ဖြစ်တန်ရာသည်။

စည်ဒုန်မင်း၊ ဒုန်းမင်း စပ်အင်များကိုလည်း အများပင်တွေ့ရသည်အနက်၊ အနည်းငယ်မျှလောက်ကိုသာ ဖော်ပြရမည်ဆိုသော်—

(၁)။ "ဒုန်းမင်းသံရှည်၊လက်မြောက်မြည်သား၊ ရွှေစည်ခရာ၊ ရင့်ကျက်ကြူးဟုန်၊မြေမိုးတုန်မျှ။" ။ ပြည်စုံမောင်ကုန်း၊ ၁၅။

(၂)။ "လေဟုန် ခတ်နှောက်၊ ပင်လယ်ခြောက်သို့၊ လက်မြောက် ဒုံးမင်း(ဒုန်းမင်း)၊ သံလွင်ခြင်းနှင့်၊ ခွက်ခွင်းနင်းနောင်း၊ စည်မောင်းငါးခု၊ ခရူတပို့၊ ဆော်ရိုးအညီ။" ။ဆုတောင်းခဏ်းပျို၊ ၁၆၂။

(၃)။ "ဒုံမင်း(ဒုန်မင်း) ကြွားထင်၊သံလွင်လက်မြောက်၊ ခြောက်ခြောက်ကျော်စော၊မြေကြောရုတ်ရုတ်။" ။ နေမိဘုံခဏ်းပျို၊ ၁၃၇။

အထက်ပါစပ်အင်တို့တွင် **ဒုန်မင်း၊ ဒုန်းမင်း** ကို **လက်မြောက်စည်၊ စည်သံလွင်** စသည်တို့နှင့် တွဲဖက်စပ်ဆိုလျက်ရှိရာ၊ ယင်းတို့ကဲ့သို့ပင် **စည်** ဖြစ်သောကြောင့် ဟုယူသင့်၏။စည်မျိုးတစ်ဆဲ့နှစ်ပါးအရေအတွက်တွင်လည်း **ဒုန်မင်း၊ ဒုန်းမင်း** ကိုထည့်သွင်းစာရင်းချလေ့ရှိသည်။ ယင်းစကားမှာ သံသကြိုင့်ဘာသာ **စည်** ဟော 'ဒုန္ဒု၊ဒုန္ဒုဘာ၊ဒုန္ဒုဘိ၊ဒုန္ဒုမ' ပုဒ်တို့မှ ဆင်းသက်လာသည်ဟု ယူဖွယ်ရှိချေရကား၊ **ဒုန်မင်း၊ ဒုန်းမင်း** ဟု မူလပုဒ်များအတိုင်း **န** သတ်ဖြင့်ရေးခြင်းသည်သာသင့်သည် ဆိုရာသတည်း။

၅၂။ ဒေါင်စိုင်း၊ခုံးစိုင်း

မြင်းကိုအပြေးအလှာ်,အခုန်အပေါက်စီးသည့်နှင်သည်ကို **ဒေါင်စိုင်း၊ ခုံးစိုင်း** ဟု ဆိုလေ့ရှိသည်။ဤစကားတွင် **စိုင်း** ပုဒ်မှာ မြန်မာစကားစစ်ဖြစ်ပုံပေါ်သည်။ 'ကို့မြင်းကိုစိုင်း၊ စစ်ကိုင်းရောက်ရောက်၊' ဟူသောစကားပုံ၊ 'ပျိုစိုက်တဲ့လယ်ကန်သင်းမှာ၊ မြင်းနီနှင့်ညနေဆီကို၊ စိုင်းသီလို့ပြေးလေ့'ဟူသော လယ်ထွန်မင်္ဂလာဖွဲ့ပုံကြီးသံ၊'စိုင်းနှင်ကြွားကြွား၊ ထားသူးနုတ်ငင်၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်၊'ဟူသောပြဿိလဖွဲ့လူးတားစပ်အင်တို့ကိုထောက်သော်၊မြန်မာဘာသာ၌ **စိုင်း** ၏အနက် 'မြင်းကိုအပြေးအလှာ်စီး,နှင်'ဟောဟုပေါ်ထွက်၏။

အနွယ်တူဘာသာတို့၌ **စိုင်း** နှင့်မိတ်တူဟုယူဖွယ်ရှိသော ပုဒ်များကို အောက်ပါအတိုင်းတွေ့ရသည်။

	ဘာသာ	**စကား**	**အနက်**
(၁)	တရုတ်	စေင်၊စိုင်၊ဇီအောင်	စီး၊မြင်းစီး
(၂)	တိဗက်	စျောန်	၎င်း
(၃)	ကချင်	ဇောန်	၎င်း

ဒေါင်စိုင်း တွင် **ဒေါင်** ပုဒ်ကိုမြန်မာဘာသာ **စိုက်၊ ထူ** ဟော **ထောင်** ပုဒ်ပျက်ဖြစ်၍၊မြင်းကို 'ထောင်၍စိုင်းသည်'ကို **ဒေါင်စိုင်း** ဆိုသည်ဟုရှေးကကျွန်ုပ်တို့ယူဆခဲ့ကြသည်မှာ မမှန်ချေ။ **ဒေါင်** သည် မွန်ဘာသာ၌ **ဒေါင်** (**ဒင်** ဟုလည်းရေးသည့်) ပုဒ်ပင်ဖြစ်၍၊ အနက်မှာ **ခုန်၊ ပေါက်** ဟောဖြစ်သည်။ ထို့ကြောင့်မြင်းကိုအပြေးအလွှား,အခုန်အပေါက်စီးနှင်သည်ကို **ဒေါင်စိုင်း** ဟုဆိုသည်။

ဒုံးစိုင်း တွင် **ဒုံး** ပုဒ်သည် **ဒေါင်** ပုဒ်သက်သာလျှင်ဖြစ်သင့်သည်။ **ဒေါင်** မှ **ဒုံ** သို့အသံပြောင်းသွားပြီးနောက်၊ **ဒုံ** ကိုသံလေးဖြင့်ရွတ်ဆိုသဖြင့် **ဒုံး** ကိုရအပ်သည်။ထိုနည်းတူစွာ **ဖူးသည်၊ ဖေါင်းသည်** ကို **ဖုံးသည်** ဟုလည်း'ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း'ဟူသော စကားဌာနဆိုသည်။ ဂါထာမန္တန် ရွတ်ရာဌာနလည်း **သြောင်** နှင့် **ဥုံ** တို့မှာ သံပြောင်းသံလွဲသာဖြစ်သည်။

ဒေါင်စိုင်း တွင် **ဒေါင်** ပုဒ်နှင့်လေးကို **ဒေါင်တင်၊ ဒေါင်တိုက်** ဆိုသော စကားတို့တွင် **ဒေါင်** ပုဒ်မှာ မတူချေ။ **ဒေါင်တိုက်** ဟူသော စကားကိုလည်း၊ ယုဒသန်မြန်မာအဘိဓာန်နှင့်တကွ အချို့ခေတ်ပြုကျမ်းတို့တွင် **ထောင်တိုက်** ဟုအရေးပြကြရာ၊ **ထောင်** ပုဒ်ကို **ဒေါင်စိုင်း** ၌ကဲ့သို့ **စိုက်၊ ထူ** ဟောဟုယူဆလိုကြဟန်ရှိသည်။သို့ရာတွင် **ဒေါင်တင်၊ ဒေါတိုက်** တို့တွင် **ဒေါင်** ပုဒ်မှာ မွန်ဘာသာတွင် **တံင်** ဟုရေး၍ **တောင်** ဟုရွတ်ဆိုသောပုဒ်သာဖြစ်သင့်သည်။ **တံင်** ၏အနက်မှာ **ဆွဲ၊ ရှုန်း** ဟောဖြစ်သည်။လေးညှို၊ လေးကိုင်းကိုဆွဲ၍ တင်သည်ကို **ဒေါင်တင်၊** လေးညှို့၊လေးကိုင်းကိုဆွဲ၍ ပစ်ခတ်,တိုက်ခိုက်သည်ကို **ဒေါင်တိုက်** ဟုဆိုသည်။ဤတွင် **တိုက်** ၏အနက်မှာ 'စစ်တိုက်၊ကြက်တိုက်၊ ဒူးနှင့်တိုက်၊ ခေမြတိုက်' ဆိုသည်တို့၌ ကဲ့သို့ 'ပစ်ခတ်,ရိုက်ပုတ်,ထိုးခုတ်' ဟောဟုယူရာ၏။ မွန်ဘာသာ၌လည်း ယင်းအနက်အတိုင်း ဟော **တိုက်** ပုဒ်ရှိသည်။

သို့ဖြင့် **ဒေါင်စိုင်း** တွင်မွန်ဘာသာ **ခုန်ပေါက်၊ ခုန်လွှား** ဟော **ဒေါင်** ပုဒ်နှင့် **ဒေါင်တင်၊ဒေါင်တိုက်** တွင် မွန်ဘာသာ **တောင်** ပုဒ်သက်၊ **ဆွဲ၊ ရှုန်း** ဟောင် **ဒေါင်** ပုဒီတို့ကို၊ခွဲခြားမှတ်သားရာသတည်း။

၁၃။ နည်၊နှံ့နည်၊မဲနည်၊နည်နည်ညက်ညက်

မျက်မှောက်ခေတ်တွင် **နည်** လုံးချင်းပုဒ်၏ အနက်ကို ရုတ်တရက် မထင်မြင်နိုင်ကြတော့သော်လည်း၊ **အနည်၊ ဆီနည်၊ ရေနည်** ဟုဆိုလျှင် 'အနယ်အမှုန်၊ ဆီ,ရေတို့၏ အောက်၌တွေ့ရလေ့ရှိသော အနယ်အမှုန် ဖြစ်ကြောင်း ကိုကား သိကြပေသေးသည်။စင်စစ်သော် **နယ်၊အနယ်** ဆိုသော စကားတို့သည်၊ကျ **နည်၊ အနည်** ပုဒ်ပြောင်းမျှားသာဖြစ်ချေသည်။ထို့ကြောင့် **နည်** ၏အနက် 'အကြေ, အညက်,အနယ်,အမှုန်' ဟောဟုယူရာ၏။

ပရိမ္မထီးလှိုင်ရှင် ကျောက်စာတွင် 'ဥဿ်ာလ မည် တန်လိုင်ပြည်ကိုဝ် နည် ၂ ညက် ၂ ဖျက် လွှိယ်ပြီရှယ် (ဥဿာလမည်၊တန်လိုင်းပြည်ကို၊နည်နည်ညက်ညက်၊ ဖျက်ချေပြီး၍)။' ဟုရေးဆိုသည်၌ **နည်** ၏အနက် **ကြေညက်၊မှုန့်ညက်** ဟော ဖြစ်ကြောင်း ကောင်းစွာပေါ်ထွက်လျက်ရှိသည်။

မဲနည် ဆိုသည်၌ **မဲ** ပုဒ်မှာ အောက်ပါတို့နှင့် မိတ်တူ 'အပြာရောင်၊ မဲပင်မှ ရသည့် နက်ပြာရောင် ဆိုးဆေး' ဟောဖြစ်သည်။

ဘာသာ	စကား	အနက်
(၁) မွန်	မဲ၁	အပြာရောင်၊မဲနယ်
(၂) မရူ	မဲ	၎င်း
	မ	အပြာရောင်
(၃) ပေါင်းရှေချင်း	မုအား၊မွား	မဲနယ်

ထို့ကြောင့် မြန်မာဘာသာ၌ မဲပင်မှ ရသည့် နက်ပြာရောင် ဆိုးဆေးကို **မဲ** ခေါ်၍၊ထိုဆိုးဆေးမှုန့်ကို **မဲနည်** ခေါ်သည်ယူရာ၏။

နှံ့နည် ကိုအချို့ **နှံ့နှည်** ဟုနောက်ပုဒ်တွင် **ဟ** ထိုးထည့်၍ရေးလေ့,အရေးပြလေ့ရှိသည်မှာမသင့်။ **နှံ့နည်** ဟူ၍၎င်း၊ နှစ်ပုဒ်စလုံးတွင် **ဟ** ထိုး ထည့်ကာ၊ **နှံ့ နှည်** ဟူ၍၎င်းရေးဆို့မှ မှန်ပေမည်။ **နှံ့နည်** တွင် **နှံ့** ၏ အနက်ကို **ကျိုးနှံ့၊ နှံ့နာ** ဆိုသည်တို့၌ကဲ့သို့ **နိမ့်ဆင်း၊ ယုပ်ဝပ်၊ညွှတ်ပျော့ငြိး** ဟောဟုယူ၍၊ **နှံ့နည်** ပုဒ်တခုလုံး၏ တိုက်ရိုက် အနက်ကို 'ပျပ်ဝပ်,ကြေညက်' ဟောဟု ကောက်ယူ၍၊ လက်သုံးအနက်ကို 'ပြားပြားဝပ်ကြောက်ရှံ့,ရိုသေ' ဟောဟု ကောက်ယူရပေမည်။ ယင်း၏ ကာရိုက်ပုဒ် 'ပျပ်ဝပ်, ကြေညက်အောင်ပြုသည်၊ ပြားပြားဝပ်ကြောက်ရှံ့၊ရိုသေအောင်ပြုသည်၊ ချိုးနှိမ်သည်'ဟောကိုသော် **နှံ့ နှည်** ဟု နှစ်ချက်စလုံးတွင် **ဟ** ထိုး၍ရေးဆိုသင့်သည်။

ဤ'အမှုန့်,အညက်,အနယ်,အမှုန်' ဟော **နည်** နှင့် 'အနည်းငယ်'ဆိုသည်တွင်

နည်း တို့မှာ သံပေါ့နှင့် သံလေးမျက္ခဲသော သားချင်း ပုဒ်များဟု ယူသင့် ပြန်သည်။အသံချင်းတခုမှတခုသို့ သက်နိုင်သကဲ့သို့၊အနက်ချင်းလည်း 'မှန့်ညက်၊နယ်မှန်' ဟူသည်မှ 'နည်းငယ်,သေးငယ်' ဟူသည်သို့ အလွယ်ပင်သက်နိုင်သည်။ 'မှန့်ညက်၊ နယ်မှန်၊ နည်းငယ်၊ သေးငယ်' ဟူသည်တို့မှာ သဘာဝတူများပင် ဖြစ်သတည်း။

၅၄။ နည်း

ပုဂံခေတ်မှစတင်တွေ့ရ၍၊ အင်းဝခေတ် ကဗျာတို့၌ တွင်တွင်ကြီး သုံးခဲ့သော **ချစ်ခင်၊ မြတ်နိုး၊ ချစ်ခင်ဖွယ်၊ မြတ်နိုးဖွယ်** ဟော **နည်း** ပိုဒ်ကို၊မျက်မှောက်ခေတ်၌ အလျင်းမသုံးတော့ပဲ၊ အနက်ကိုလည်း လူသာမန်တို့ မသိတော့ခေ။ လူသာမန်တို့ကိုထားပိဦး၊ အချို့ကျမ်းပြု ပုဂ္ဂိုလ်ကြီးများပင် ယင်းပုဒ်ရှိမှန်း သိပုံမပေါ်၊ခုန်ကျော်သွားသည်သာမျှားသည်။

ဤ **နည်း** ပုဒ်ကို၊ ၆၀၄ ခုစံ၊ ပုဂံမြို့၊ ညောင်ရမ်းကြီးသမီး၊ အိမ်ရာကျောင်းကျောက်စာ၊ခ၃ တွင် **သျှီမောန်ညို** (သမီးမောင်နည်း)ဟူသောအမည်၌ ကျန်ပ်တို့ သတိပြုမိသ၍တွင် စတင်တွေ့ရသည်။ ရတနာသုံးပါးတို့အား လှူခဲ့သော ဤကျန်မိန်းမငယ်အမည် **မောင်နည်း** ဆိုသည်မှာ **မောင်ချစ်၊ မောင်တို့ကချစ်သောသူ** ဟု အနက်ကောက်ယူသင့်သည်။ထိုနည်းတူစွာ အင်းဝခေတ်ကဗျာတို့တွင် **မောင်နည်း၊မယ်နည်း၊ လင်နည်း၊မိနည်း၊ ဆွေနည်း၊ မျိုးနည်း၊ ရှင်နည်း** စသောအသုံးတို့ကို များစွာပင်တွေ့ရသည်။

(၁)။ "မခွထိုးထိတ်၊ရသေ့စိတ်ကို၊မလိပ်မလည်း၊မှန်ချုပ်ဘည်းလျက်၊ **ရှင်နည်းဖုရာ**း၊ ဟောခဲ့ထားသည်။" ။ပါရမီတော်ခဏ်းပျို၊၃။

(၂)။ "ချီချီမြောက်မြောက်၊ ချစ်စလောက်သည်၊ **လေးယောက် မောင်နည်း**၊ သားခမည်းတို့။" ။ကိုးခဏ်းပျို၊၁၇၄။

(၃)။ နှစ်ပါးတူကွ၊မိနှင့်ဖကို၊ **သားလှမောင်နည်း**၊ ခမည်းမောင်မင်း၊မြင်ခြင်းတောင့်တ။" ။သုဝဏ္ဏသျှမ်မြားပစ်ခဏ်းပျို၊၁၃၆။

(၄)။ "**မိနည်းစိုးမင်း**၊ ရှင်ရင်းဖဖွား၊ ငါဖုရား၏၊ ရွှေသားမွေ့ညက်၊ခြေတော်စက်ကို၊ဦးထက်ကြည်ဆ၊တင်လေမှလျှင်။" ။ဂင်း ၁၂၆။

(၅)။ "ယှဉ်ဆွေကြင်ကျမ်း၊ **တဝမ်းဖေါ်နည်း**၊ မိခမည်းနှင့်၊ သေလည်းအတူ။" ။ဂင်း ၁၂၀။

(၆)။ “ **သားချင်း မျိုးနည်း**၊ ကြည်ဖွယ်ချည်းသည်၊ခမည်းကြံဖက်၊ မယ်တော်သက်။” ။ဂုဏ်း ၆။

(၇)။ ‘‘တပေါင်းတဖေါ်၊တောမှာပျော်သား၊ မယ်တော်ခမည်း၊ **ငါ့ရှင်နည်းတို့**။” ။ဂုဏ်း ၁၂၃။

(၈)။ “နုနုခြည်းခြည်း၊မယ့်အူသည်းကို၊ **မယ်နည်းစောလှ**၊ သခ်မ်းဝ၌၊ ယုယပိုက်ဖြား၊သိပ်ခဲ့ထား၍။” ။ဂုဏ်း ၃၆။

(၉)။ “ကြင်ဖက်ရှင့်ဖ၊လက်သာမျှလျှင်၊ သီလစောင့်စည်း၊စမ်းကာတည်းဖြင့်၊ **မယ်နည်းစောဖြူ**၊ ကိုဝန်ယူ၍။” ။ဂုဏ်း ၁၁၁။

(၁၀)။ “မောင်ဖြိုးခမည်း၊ **ငယ်လင်နည်းနှင့်**၊ ညက်ကြည်းမိခင်။” ။ဂုဏ်း ၄၅။

မြောက်မြားစွာသော **နည်း** အသုံးသာဓကတို့မှ၊ဆယ်ခုမျှကိုသာတင်ပြလိုက်ပါသည်။ ဤဆယ်ခုအနက်လည်း ရှစ်ခုမှာ သုဝဏ္ဏသို့မြင့်းပစ်ခဏ်းပျို့ တစောင်တည်းမှဖြစ်ပါသည်။ဤသည်တို့မှ အင်းဝကဗျာခေတ်ဟူင် **နည်း** အသုံးအဘယ်မျှစန်းထခဲ့သည်ကို သိရသည်။ အနက်ကောက်ယူရာ၌ မည်သူက မည်သူ့ကိုချစ်သည်၊မြတ်နိုးသည်၊ ချစ်ခင်မြတ်နိုးဖွယ် ကောင်းသူမှာ မည်သူဖြစ်သည်ကို သတိမူရန်ရှိသည်။

အိမ်ရာကျောင်းကျောက်စာ၌ **မောင်နည်း** ကို “မောင်တို့ကဝိုင်း၍ချစ်သော သူ’ဟု အနက်ကောက်ယူခဲ့သည်။ထုတ်နုတ်ချက်(၂)နှင့်(၃)တို့တွင် **မောင်နည်း** ဆိုသည်မှာ ချစ်ခင်ဖွယ်ကောင်းသောမောင်၊ မောင်မျိုးဟု အနက် ကောက်ယူရပေမည်။(၁)၌ **ရှင်နည်း** ဆိုသည်မှာလည်း **ရှင်ချစ်** နှင့်တူ၍၊ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော ဖုရားသျှင်ဟု အနက်ကောက်ယူသင့်သည်။ (၇)တွင် **ငါ့ရှင်နည်း** ဆိုသည်မှာ‘ငါချစ်သောရှင်တို့၊ငါချစ်သော အမိအဖတို့’ဟူ၏။(၄)တွင် **မိနည်း** ဆိုသည်ကိုလည်း ချစ်ခင်ဖွယ်ကောင်းသောအမိ၊(၅)တွင် **ဖေါ်နည်း**၊ (၆)တွင် **မျိုးနည်း**၊ (၈) နှင့် (၉) တွင် **မယ်နည်း**၊ (၁၀)တွင် **လင်နည်း** ဆိုသည်တို့ကိုလည်း ‘ချစ်ခင်ဖွယ်ကောင်းသော အဖေါ်၊အမျိုး၊အမယ်၊လင်’ဟုအသီးသီး အနက်မျှားကို ကောက်ယူရာ၏။

နည်း ပုဒ်၏ရင်းမြစ်နှင့်မိတ်ဖက်မျှားကိုရှာဖွေကြည့်ရာ၊မည်သည့်ဘာသာဌ်မျှဆီလျော်သောပုဒ်မျှားကိုမတွေ့ရ။မွန်ဘာသာဌ်သော် **အသျင်၊သခင်** ဟော**နဲ**ပုဒ်တခုရှိသည်။သို့ရာတွင် **အသျင်၊သခင်** နှင့် **ချစ်ခင်၊မြတ်နိုး** ဟူသောအနက်တို့မှာတော်တော်ကွာခြားပေသေးသည်။ **အသျင်၊သခင်** ကိုချစ်ခင်မြတ်နိုးသောအနေဖြင့် **နဲ၊နည်း** ဟု ခေါ်ဆိုသည်မှ **ချစ်ခင်၊မြတ်နိုး** ဟူသောအနက်ပေါ်

လာခဲ့ပိမ့်လောဟုသော် တွေးမည်ဆိုလျှင် တွေးနိုင်စရာရှိပါ၏။ **နည်း** ၏မူလမည်သို့ပင်မသေချာလှသော်လည်း၊ယင်းကို '**ချစ်ခင်၊မြတ်နိုး၊ ချစ်ခင်ဖွယ်၊မြတ်နိုးဖွယ်**' ဟူသော အနက်တို့ဖြင့် မြန်မာဘာသာ၌သုံးခဲ့၍၊ ယင်းပုဒ်သည်၊ **ခမည်း**၊ **ပယ်** (ပါယ်)ပုဒ်တို့နှင့် အနက်တူ၊အသုံးတူဖြစ်သည်ကိုကား ငြင်းဆိုဖွယ်မရှိချေ။

၅၅။ နရကာ၊နတ်ရကာ

ကုန်းပေါင်ဆက်မဟာရာဇဝင်တော်ကြီး၊ကုန်းပေါင်မြို့နန်းတည်အကြောင်း၌ 'နတ်ရကာပွဲရှစ်' ဟုရေးလျက်ရှိသည်တွင် **နတ်ရကာ** ဟု ရေးသည်ကို ပုဂံနှင့်အင်းဝခေတ်ထိုး ကျောက်စာတို့တွင် **နရကာ** ဟူ၍ငင်း၊ **နာရကာ** ဟူ၍ငင်း၊ ရေးသည်။

(၁)။ "ဆင်နရကာလဲင်ပန်ကြီ၂ ဆွဲပ်(ဆင့်နရကာလင်ပန်းကြီး၂ချပ်။)" ။၅၇၃ ခုစွဲ၊တိုင်းရင်းပုံ ၃၈ ခု၊ဇ။

(၂)။ "နာရကာလင်ပန်း။" ။ ၇၂၄ ခုစွဲ၊ ပုထိုးတော်ကြီး ကျောက်စာ အမှတ် ၁၆၄၊၅။

(၃)။ "နရကာနွားတခု။" ။ ၇၆၅ ခုစွဲ၊အလုံမြို့၊ ကျောက်ကာရွာ၊ ရွှေဂူနီကျောက်စာ၊၁၈၊၁၉။

(၄)။ "နာရကာကြေးလင်ပန်း ၅ ချပ်။" ။၇၇၃ ခုစွဲ၊ ပုဂံမြို့၊ ငှက်ပစ်တောင်ဥမင်ကျောက်စာ၊ ၂၃။

(၅)။ "နရကာလင်ပန်းလေးချပ်။" ။ ၇၉၃ ခုစွဲ၊ ပင်းယမြို့၊ ရာပြည့် ကျောင်းကျောက်စာ၊ ၁၇။

(၆)။ "ကြေးလင်ပန်းစသားပေါင်းဖျင်မျက်သုတ်တို့ဖြင့် နရကာ စီရင်ပြီးသော်။" ။၈၇၂ ခုစွဲ၊အဝမြို့၊ နန်းတည်အခမ်းအနားကျောက်စာ၊ ၂၆။

(၇)။ "ပသဒေဝါ၊ နရကာဖြင့်။" ။ကုန်းပေါင်ခေတ်တွင်၊ မုန်ရွေးဇေတဝန်ဆရာတော် ဖွဲ့ဆိုသော ကုသပျို၊ အပိုဒ် ၁၆။

ပုဂံခေတ် အင်းဝခေတ်နှင့်ကုန်းပေါင်ခေတ်ရေး ကျောက်စာနှင့်ကဗျာစာပေတို့တွင်တွေ့ရသော **နရကာ၊နာရကာ၊ နတ်ရကာ** ဟူသော အရေးမျိုးအနက် **နတ်ရကာ** ဟူသောပုဒ်သည် ပုဒ်ပြည့်,ပုဒ်ရင်းဖြစ်သင့်သည်။ ပုဂံနှင့်အင်းဝခေတ်တို့၌ **ပတ်သာ** ကို **ပသာ** ဟူ၍ငင်း၊**ကွန်းသာယာ** ကို **ကွန်းသယာ** ဟူ၍ငင်း၊ **ဆိမီး** ကို **ဆမီး** ဟူ၍ငင်း၊ ချု့၍ရေးသည့်နည်းတူ **နတ်ရကာ** ကို **နရကာ** ဟု

ချုံ့၍ရေးခဲ့သည်။ **နရကာ** မှတဖန် **နာရကာ** သို့တိမ်းယိမ်းသွားပြန်သည်။ဤသို့ တိမ်းယိမ်းသွားသည်မှာလည်း**ရွှေ**ဟော'နာရကာ၊နာရဏီ၊နာရဝေါ၊နာရမုတ္တာ' ဟူသောအဓိပ္ပာယ်အခေါ်မျိုးနောက်သို့ လိုက်ပါသွားသောကြောင့်ဟု ထင်ဖွယ်ရှိသည်။

နတ်ရကာ တွင် **နတ်** ပုဒ်၏ အနက်မှာ ထင်ရှားပေသည်။ 'နာမ်တုံ့၌ တည်သော ပုဂ္ဂိုလ်, သတ္တဝါ၊ဒေဝ, ဘူတ' ဟူ၏။ **ရကာ** ပုဒ်သည်ကား မွန်ဘာသာ **ရှိခိုး၊ပူဇော်** ဟော **ရဲဂဲ** (ရော်ကော်)ပုဒ်သက်ဖြစ်သည်။ထို့ကြောင့် **နတ်ရကာ** နှင့်ယင်းပုဒ်သက် **နရကာ၊နာရကာ** ပုဒ်တို့၏အနက် 'နတ်ကိုရှိခိုး,ပူဇော်'ဟူ၏။ သို့ဖြင့် နတ်ကိုရှိခိုးပူဇော်ရာ၌ပူဇော်ဖွယ်တို့ကိုထည့်သိုထားရန်လင်ပန်းကို**နရကာလင်ပန်း၊ နာရကာကြေးလင်ပန်း** ဟူ၍ဝင်း၊ ကြေးဖြင့်ပြီးသော ယင်း လင်ပန်းကို **နာရကာကြေးလင်ပန်း** ဟူ၍ဝင်း၊ နတ်အား ပူဇော် ပသ ထားသော နွားကို **နရကာနွား** ဟူ၍ဝင်း၊နတ်အားရှိခိုးပူဇော်ရန်စီမံပြင်ဆင်ထားသည်ကို **နရကာစီရင်** ဟူ၍ဝင်း၊ ကျောက်စာ ထုတ်နုတ်ချက်တို့တွင် အသီးသီး ရေးသားလျက်ရှိသည်။ကုသပ္ပါ ထုတ်နုတ်ချက် 'ပသဒေဝါ၊နရကာ့ဖြင့်' ဆိုသည်၌သော် **နရကာ**၏အနက်မှာ**နတ်အားပသပူဇော်ရန်ပွဲ** ဟောဏူးရာ၏။ **ပွဲ** ဆိုသည်မှာလည်း၊ မြန်မာစကားအဖွင့်ကျမ်း၊ပထမတွဲ၊ **စဗျစ်၊ ပွယ်** အကြောင်း၌ ပြဆို ခဲ့သည် အတိုင်း 'ပူဇော်ပသဖွယ်နှင့်တကွသော ဗန်း၊ လင်ပန်း၊' ဟူ၏။

နတ်ရကာ တွင် **ရကာ** ၏ပုဒ်ရင်းဖြစ်သော **ရဲဂဲ** (ရော်ကော်) မှပင်၊ အနန္တသူရိယရေးအမျက်ဖြေ လင်္ကာတွင် 'ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏။' ဟုဆိုသည်၌ **ရှိခိုး၊ပူဇော်** ဟော **ကော်ရော်** ပုဒ်ဆင်းသက် လာသည် ကိုလည်း မှတ်သားရာ၏။ဤ၌သော် **ရော်ကော်** ကိုရွေးနောက်ပြောင်းပြန် ရေးသားရွတ် ဆိုသဖြင့် **ကော်ရော်** ကိုရအပ်သည်။

ရွှေ ဟော 'နာရကာ၊နာရဏီ၊နာရဝေါ၊နာရမုတ္တာ' ဟူသော ပုဒ်များ ကိုလည်း၊ဦးတိုးရေး ရာမရကန်၊အခဏ်း ၁၇၊**ဇမ္ဗူရာဇာရွှေချိုး**၌အောက်ပါအတိုင်း တွေ့ရသည်။

'ရွှေနာရဏီ၊သိင်္ဂီနိက္ခ၊ဟေမစာရူ၊ ဝေလုရိယ၊ နာရမုတ္တာ၊ အဠုနာနှင့်၊ နာရကာနာရဝေါ၊ သီးသန့်၍ပြောလွန်းလျှင်၊ ကြောမစင်းတန်၊ ကြောစင်းပြန်မည်ကြောင့်။"

မူတို့တွင်'ဝေလုဝရာ၊နာလာမုတ္တာ'ဟူ၍ဝင်း၊'ဝေလုရိယာ၊နာလာမုတ္တာ'ဟူ၍ဝင်း ရှိသော်လည်း၊သမန္တစက္ခုဒီပနီတွင်၊ ရွှေအမျိုးများကိုပြရာ၌၊ 'နာရမုတ္တာ၊ နလိမုတ္တာ'ဟူ၍သာပါသည်။ 'ဝေလုဝရာ၊ဝေလုရိယာ' တို့လည်းမပါချေ။ ထို့

ကြောင့် **ဝေလုရိယ၊နာရမုတ္တာ** ဟုပြုလိုက်သည်။ဝေလုရိယ ပတ္တမြားရောင်၊ဝါးရောင့်ရွှေစိမ်းကို **ဝေလုရိယ** ဟုခေါ်ဟန်ရှိသည်။ **နာရဏီ** ကိုလည်း **နာရနီ** ဟုအချို့ရေးတတ်သေးသည်။ သို့ရာတွင် **နာရဏီ** သည်သာပုဒ်ရင်း ပုဒ်မှန်ဖြစ်၍၊ ရွှေကျမ်းတို့တွင် သုံးစွဲသောအရေး ဖြစ်သည်။ဤ **ရွှေ** ဟော 'နာရကာ၊နာရဏီ၊ နာရဝေါ၊ နာရမုတ္တာ' ပုဒ်တို့၏ ရင်းမြစ်မျာ့ကို သေချာစွာမသိရ။ သံသကြိုင့် အဘိဓာန်တွင်သော် **လူ** ဟော **နရ၊လူနှင့်စပ်ဆိုင်** ဟော **နာရ** ပုဒ်သက် **နာရဓိဝန** ပုဒ်သည် **ရွှေ** ဟောဖြစ်ကြောင်းတွေ့ရသည်။ဤ **နာရ** ပုဒ်မှပင် **နာရကာ၊ နာရဏီ** စသောပုဒ်တို့ ဆင်းသက်လာပိမ့်လောဟု တွေးဖွယ်ရှိသည်။

အထူးသတိပြုရန်မှာ 'နတ်ရှိခိုးပူဇော်'ဟော **နရကာ၊နာရကာ** ပုဒ်တို့ကို **ရွှေ** ဟော **နာရကာ** ပုဒ်နှင့်မရောမထွေးစေရန်ဖြစ်သည်။ထို့ကြောင့် **ရွှေ** ဟောပုဒ်ကိုသာ **နာရကာ** ဟုရေး၍ 'နတ်ရှိခိုးပူဇော်' ဟော ပုဒ်ကိုသော် အမြဲတစေ **နရကာ၊ နတ်ရကာ** ဟုသာရေးသင့်လေသတည်း။

၅၆။ နရည်းစရာ

နရည်းစရာဆိုသောပုဂံခေတ်မှစ၍၊ရှေးခေတ်တို့တွင်လွန်စွာအသုံးတွင်ကျယ်ခဲ့သောစကားကို မျက်မှောက်ခေတ်ပျိုကဗျာပုံနှိပ်မူတို့တွင်,များစွာသောနေရာတို့၌ **နရည်းခရာ** ဟုမှားယွင်းရှိနေသည်ကိုတွေ့ရတတ်သည်။ **နရည်းစရာ** သာလျှင်ဖြစ်သင့်သည်။ **ခရာ** ကို **စည်ခရာ၊ တဝိုးခရာ** ဟု **စည်၊ တဝိုး** တို့နှင့်တွဲဖက်စပ်ဆိုလေ့ရှိသော်လည်း၊ **နရည်း** နှင့်တွဲဖက်ကာ **နရည်းခရာ** ဟုစပ်ဆိုလေ့မရှိချေ။ **နရည်းစရာ** ကိုတီးသူ၊ **နရည်းစရာသည်** ဆိုသောစကားကိုလည်း၊ရွှေဘုံနိဒါန်းတွင် **နရည်းဆရာသီ** ဟုပြောင်းလဲရေးသားပြီးလျှင်၊ ပါဠိဘာသာ၌ **ဆ** သည် **ခြောက်ခု** ဟော၊ **ရာသီ** သည် **အစု** ဟော၊ ပတ်သာ၊ပုံ၊မောင်း၊နှဲ၊ကြေးနင်း၊ လင်းကွင်း၊ခြောက်မျိုးသောတုရိယာအစုကို **နရည်းဆရာ** ခေါ်သည်ဟု စကား၏ဗျုပ္ပတ်ကို အလွဲလွဲအမှားမှား ထုတ်ယူဖော်ပြလျက်ရှိသည်။

နရည်းစရာ ဆိုသည်မှာ မည်သည့်တုရိယာဖြစ်၍၊ မည်သည့် အခြားတုရိယာများနှင့်တွဲဖက်တီးမှုတ်လေ့ရှိသည်ကို၊ ၆၀၃ ခုစွဲ၊ပုဂံမြို့၊မြောက်ဂူနှီ့ (မိဖုရားစော) ကျောက်စာပါစကားတို့ကို သေချာစွာ လေ့လာသုံးသပ်ခြင်းဖြင့် သိနိုင်ရာသည်။ ထိုကျောက်စာတွင် 'နရည်းစြာသည်၊ နရည်းစြာစည်သည်၊ ပသာသည်၊ခွက်ခွင်းသည်၊ ပန်တျာ' ဟူသော စကားများကို တွေ့ရပြီးနောက်၊ ဖုရားအားလှူခဲ့သော

ပရိကဿရာစာရင်းတွင် 'နရည်စြာဂ လွှပ်၊နောင်နှင် ဇ လွှပ်၊ခွက်ခွင်သုံဆူ၊ချ္ဂု ၃ ဆူ' ဟုဖေါ်ပြထားသည်ပြင်၊ အဆုံး၌ ' ကူကျပ်သော ပုဟ်ဝ ကျွန်စည်သည် ပန်တျာ နရည်းစရာသည် ခပင်စုံကွဲသောစပါဒ၃၅ တင်၊ကျွဲမျှသောစပါတွင်သံကောက်သည် ၂ တင်၊နရည်စရာသည် နရည်စည်သည်တစ်ခွယ်။ကူကျပ် ၄ ယောက် တစ်ခွယ်တစ်ခွယ်၊စည်သည်အသက်ကြီ ပန်တျာအသက်ကြီ ဣ ၂ ယောက်သောကာ တစ်တင် ၂၊ ထိုဝ်အကြေသောစည်သည်ကာ ၃ စိတ် ပိယ်စိယ်သတေ။ 'ဟု ရေးသားဖေါ်ပြလျက်ရှိသည်။ယင်းစကားတို့ကိုထောက်သော်၊ **နရည်းစရာ** ဆိုသည်မှာခေတ်နရည်းတီးဝိုင်းတို့တွင်ပခာနဖြစ်သော **ကြေးနောင်** အရေအတွက် ရှစ်ချပ်ဖြင့်ဖွဲ့စည်းထားအပ်သော ကြေးနောင်ဝိုင်း၊ ဝါ၊ ကြေးနောင်တန်းပင် ဖြစ်ရပေမည်။ ယင်းနှင့်တွဲဖက်တီးသော တုရိယာများတွင်လည်း၊ **စည်** ခေါ် **ပုံသာ, သံကောက်** ခေါ် **တပိုးကောက်၊ ခွက်ခွင်း** ခေါ် **လင်းကွင်း** တို့ အနည်းဆုံးပါဟန်ရှိသည်။နောက်ခေတ်များတွင်သော် **တပိုးကောက်** အစား **နဲ့** ကိုသုံး၍၊ **မောင်း** ကိုလည်းထည့်သွင်းပြီးလျှင်၊ ကြေးနှောင်ကိုလည်း တစတစတိုး၍တဆဲ့ ရှစ်ချပ်အထိ ဝိုင်းဖွဲ့တီးလာကြသည်။

နရည်းစရာ တွင် **ရနည်း** ပုဒ်မှာ ခေတ်သုံး **နာရီ** နှင့် အနက်တူဖြစ်၍၊ သံသကြိုဋ္ဌဘာသာ **နာဠီ** ပုဒ်မှဆင်းသက်လာသောစကားဖြစ်သည်။ ပုဂံခေတ်၌ **နာဠီ** ကို **နဳ့ဳ** ဟုလည်း ရေးသည်။ ယင်း စကားတို့တွင် **ဒု မှ ရ** သို့ပြောင်းလဲသည်မှာ 'ဒုဒဿ၊တေဒသ'တို့ကို ' ဒုဒရသ၊တေရသ'ဟု ပြောင်းလဲ ရေးဆိုသည့်နည်းတူဖြစ်၏။ **အိ** သရသံနှင့် **အည်** ဗျည်းယှဉ်သံတို့ ပြောင်းလဲနိုင်ကြောင်းကိုလည်း ပါဠိ-သံသကြိုဋ္ဌဘာသာ **ပုရိ** မှမြန်မာဘာသာ **ပြည်** သို့ဂင်း၊ **မဟာထေရ** မှ **မဟာထေရ်၊မထေရ်၊မထည်၊မထီး** သို့ဂင်းပြောင်းလဲလာသည်တို့ကိုထောက်ရာ၏။မြန်မာအခေါ် **ရေ၊** ရခိုင်အခေါ် **ရိ** မှလည်း **အရည်၊ပျာရည်** ဆိုသည်တို့တွင် **ရည်** သို့ ပြောင်းလဲလာချေ၏။

သံသကြိုဋ္ဌဘာသာ၌ **၁ နာဒု^{6}** ၏ အခွန့်ကာလသည်၊ **၁ မုဟုတ်** ၏တဝက်ဖြစ်၍၊ **၁မုဟုတ်** ၏အခွန့်ကာလကို စက်နာရီ ၄၈ မိနစ်နှင့် ညီမျှသည်ဟု ဖေါ်ပြလျက်ရှိရာ၊ **၁ နာဒု^{6}** ၏အခွန့်ကာလသည် ၂၄ မိနစ်နှင့် ညီမျှသည်ဟု သိရာ၏။ရှေးမြန်မာတို့၏ အချိန်အမှတ်အသားတွင်လည်းစက်နာရီ ၂၄ နှင့်ညီမျှသောတနေ့နှင့် တညည့်တွင် နာရီပေါင်း ၆၀ ရှိသည်ဆိုရာ၊ ၁ နာရီသည် ၂၄ မိနစ်နှင့် ပင်ညီမျှလျက်ရှိသည်။ ထို့ကြောင့် သံသကြိုဋ္ဌအခေါ် **နာဒု^{6}**၊ ရှေးပုဂံခေတ် အခေါ် **နဳ့ဳ၊ နရည်** နှောင်းခေတ်မြန်မာအခေါ် **နာရီ** တို့၏ အခွန့် ကာလခြင်းမှာလည်းတူသည်ဆိုရာ၏။

နရည်းစရာ တွင် **နရည်း** ၏အနက် **အချိန်နာရီ** ဖြစ်ကြောင်းသိရပြီးသော် **စရာ** အနက်ကို စိစစ်ရန်လိုပေသေးသည်။ ယင်းပုဒ်မှာလည်း သံသကြိုင့်ဘာသာ **စရ** ပုဒ်သက်ဖြစ်သင့်ကြောင်းတွေ့ရသည်။သံသကြိုင့်ဘာသာ၌ **စရ** ပုဒ်၏အနက်များမှာ 'လျှောက်သွား၊လှည့်လည်၊ ကျက်စား၊ လေ့ကျင့်၊ ဆက်ဆံ၊ ထိန်းသိမ်း၊ စောင့်ရှောက်၊စောင့်ထိန်း၊ ဆောင်ရွက်' စသဖြင့် လွန်စွာ ကျယ်ပြန့်လျက် ရှိရာ၊ ဤတွင် 'ထိန်းသိမ်း၊စောင့်ထိန်း' အနက်တို့ဖြင့် ယူသင့်သည်ထင်၏။ ထို့ကြောင့် အချိန်နာရီကိုစောင့်ထိန်းသည့်အနေဖြင့် တီးသည့်တုရိယာကို **နရည်းစရာ** ခေါ်သည်ယူရာ၏။

ပုဂံခေတ်ဝယ် စေတီပုထိုးတို့သို့လှူခဲ့သော နရည်းစရာတီးဝိုင်းကို တီးသည်မှာ ဆွမ်းချက်၊ဆွမ်းကပ်၊ဆွမ်းချခြိန်တို့ကိုသော်၎င်း၊ ဖုရားဝတ်တက်, ဝတ်ဆင်းချိန်တို့ကိုသော်၎င်း သတ်မှတ်စောင့်ထိန်း, နှိုးဆော်ရန်ဖြစ်သည်ဟု ယုံကြည်ဖွယ် ရှိသည်။နှောင်းခေတ်မျှားတွင် **နရည်းစရာ** ဟူသောစကားတွင် **စရာ** ကိုဖျောက်ကာ၊ **နရည်း** ဟုသာ ကဗျာတို့၌အပိုဒ်ကာရန်ယူရန်လွယ်ကူစေခြင်းငှာ၊ စပ်ဆိုလေ့ရှိသည်။ သို့ဖြင့် ဘုံခဏ်း၊ ၅၅ တွင် 'သံခက်တထွေ၊ သံခြေတပါး၊ သံဖြားညည်းညည်း၊ **နရည်းလိုလို**၊ သံချို့ရှုပ်ရှုပ်၊စည်းစုပ်လင်းကွင်း၊ခရွသင်းနှင့်၊ဒုံမင်းသံကျော်၊ စည်ပုတ်ဆော်က' ဟူ၍ဝင်း၊ ဝင်း ၉၀ တွင် 'ရွှေခေါင်းလောင်းတုံ၊ ဗြောင်းဗြောင်းခြည်းခြည်း၊ ရွှေဆည်းလည်းနှင့်၊ **နရည်းမြို့ကွန်**၊ ကြွေးဆန့်လျက်၊' ဟူ၍ဝင်း၊ ဝင်း ၁၁၉ တွင် 'ကျင်လည်လူးလည်း၊ တကိုယ်တည်းနှင့်၊ **နရည်းမြောက်စည်**၊ မြည်လည်းဝမ်းမြောက်၊' ဟူ၍ဝင်း၊ စပ်ဆိုလျက် ရှိသည်ကိုတွေ့ရသည်။ သို့ဖြင့် နန်းတော်, အိမ်တော်တို့ဝယ်၊ ညည့် ၃ ပတိုရ် (၃ နာရီ) ခန့်တွင်၎င်း၊ ၄ ပတိုရ် (နံနက် ၆ နာရီ)ခန့်တွင်၎င်း၊ နေ့ ၄ ပတိုရ် (ညနေ ၆ နာရီ)ခန့်တွင်၎င်း၊ညည့်တပတိုရ်(၉နာရီ)ခန့်တွင်၎င်း၊အချိန်ကို သတ်မှတ်စောင့်ထိန်းရန် အတွဲအဖက် တုရိယာများနှင့်တကွ နရည်းစရာတီးသည်ကို **နရည်းတီး** သည်ဟုခေါ်ဆိုသည်။ ညည့်အချိန်နန်းမြို့ရိုးအပြင်ဖက်,ကျုံးကို လှေများဖြင့်ပတ်၍ ကင်းအစောင့်အရှောက်တို့ကထို့အတိုင်းတီးသည်ကိုသော် **ရောင်းတီး**သည်ဟု ခေါ်ဆိုပြန်သည်။ ထို့ကြောင့် အချိန်ကို သတ်မှတ် စောင့်ထိန်းရန် အလို့ငှာ နရည်းစရာတီးပုံ၊နရည်းတီးပုံ၊ရောင်းတီးပုံ တီးသံတို့မှာစကားအခေါ်၌ကွဲပြားလျက်ရှိသော်လည်း၊ အလားတူပင်ဖြစ်သတည်း။

၅၇။ နောင်နင်၊နောင်နင်း၊နောင်းနင်း

ပုဂံခေတ်တွင် **နောင်နင်** ဟုနှစ်ချက်စလုံးတွင် အမြစ်, ဝိသဇ္ဇနီ မပါပဲ ရေးသည့်စကားကို **နောင်နင်** ဟူ၍ငင်း၊ **နောင်နင်း** ဟူ၍ငင်း၊ **နောင်းနင်း** ဟူ၍ငင်း၊ သုံးမျိုးပင် ဖတ်သော်လည်း သင့်ရာသည်ချည်း ဖြစ်သည်။သို့ရာတွင် နှစ်ချက်စလုံးတွင် ဝိသဇ္ဇနီသံထည့်၍ **နောင်းနင်း** ဟုဖတ်ခြင်းကိုပို၍ နှစ်သက် အပ်သည်ထင်၏။ယခုခေတ်တွင် ရွှေပုဒ်ကိုသာယူ၍ **ကြေးနောင်** ဟု အခေါ် အဆိုများလျက်ရှိသော်လည်း၊အင်းဝခေတ်ကဗျာတို့တွင် **ကြေးနောင်း** ဟု စပ်သည်ကိုတွေ့ရသည်။

(၁)။ "နာရီလျှောက်ဆို၊ ပတိုရ်ခေါင်းလောင်း၊ **ကြေးနောင်းစည်ပတ်**၊ လက်ခတ်မြောက်တင်၊ သံလွင်ခွက်ခွင်း၊ အဲအန်ခြင်းနှင့်၊ စောင်းညှင်းမှုတ်တီး။" ။နေမိဘုံခဏ်းပျို၊ ၆၇။

(၂)။ "သီခြင်းညှင်းစောင်း၊ **ကြေးနောင်းပတ်စည်**၊ ရဲပြည်မပျော်၊ မွေ့လျော်တုံလျက်။" ။ နေမိမင်္ဂလစိုးခဏ်းပျို့း ၇၉။

နောက်ပုဒ်ကိုလည်း အင်းဝခေတ် ကဗျာတို့တွင် **နင်** ဟုစပ်သည်ထက်၊**နင်း** ဟုစပ်သည်ကများသည်။

(၁)။ "ကျည်ကျည်သံဖြား၊ ခိုများမိကျောင်း၊ **နင်နင်နောင်း** နှင့်၊ စည်မောင်းမစဲ၊တသဲ့သဲ့တည့်။" ။သုဝဏ္ဏသျှံ သူဌေးခဏ်းပျို၊ ၇။

(၂)။ "မလွန်စတောင်း၊**ကြေးနင်းမောင်းလည်း**၊ ခြောင်းခြောင်းဝှန်ကဲ၊ ကောင်းကင်ကွဲမျှ။" ။နေမိဘုံခဏ်းပျို၊ ၉၀။

(၃)။ "စိုလင်စေကြောင်း၊**ကြေးနင်းမောင်းနှင့်**၊ ဆင့်လောင်းမေတ္တာ။" ။သာဓိနပျို၊ ၃၀။

နင်းနောင်း ဟူ၍ စပ်သည်လည်းများသည်။

(၁)။ "လက်မြောက်ဒုန်းမင်း၊သံလွင်ခြင်းနှင့်၊ **ခွက်ခွင်းနင်းနောင်း**၊ စည်မောင်းငါးခု၊ခရုတပို၊ဆောင်ရှိုးအညီ။" ။ ဆုတောင်းခဏ်းပျို၊ ၁၆၂။

(၂)။ "မှုတ်တီးညှင်းစောင်း၊ **ရွှေနင်းနောင်းနှင့်**၊ မိကျောင်းပြိုင်ဆော်၊ ပြည်တော်ပုလဲ၊အောက်ပြန်နဲ့လျက်။" ။နေမိဘုံခဏ်းပျို၊ ၄၅။

(၃)။ "သံလွင်မုရိုး၊ တပိုးတုလောင်၊ **ပုံထောင်နင်းနောင်း**၊ စည်ပန်းတောင်းက၊တီးမောင်းသံရှည်။" ။ဝေဿန္တရာပျို၊ ၂၉၄။

ပုဂံခေတ်အရေးအခေါ် **နောင်နင်** ဆိုသည်မှာခေတ်အရေးအခေါ်**မောင်း** ပင်ဖြစ်သည်။ တီးလိုက်သောအခါ ထွက်ပေါ်လာသောအသံကိုစွဲ၍ **နောင်နင်**

ခေါ်ခဲ့ပုံရသည်။ **မောင်း** ဆိုသောစကားကိုပုဂံခေတ် ကျောက်စာတို့တွင်လုံးဝ မတွေ့ရ။အင်းဝခေတ်စာပေတို့၌သာတွေ့ရသည်။ ယင်းစကားကို မြန်မာတို့သည် ပသျှူးတို့ထံမှရပုံပေါ်ကြောင်း 'လင်း၊လင်းယုဉ်' အဖွင့်၌ဆိုခဲ့ပြီ။ ကြေးဝိုင်းတွင် တပ်ဆင်၍ တီးသောတုရိယာကို ယခုခေတ်တွင် **ကြေးနောင်** ဟု ခေါ်ဆိုသော်လည်း၊ပုဂံခေတ်တွင် **နရည်းစရာ** ဟုသာခေါ်ဆိုခဲ့သည်။ **မောင်း** နှင့် **ကြေးနောင်**၊ ဝါ **နရည်းစ**ရာ တို့မှာအကုန်အစင်မတူ၊ပုံသဏ္ဌာန်၌ငင်း၊အသံမြည်ရာ၌ငင်း အနည်းငယ်မျှစီကွဲပြားသည်ကို သတိမူရသည်။ နှစ်မျိုးစလုံး၌ ကြေးကို ခတ်ရသော်လည်း၊ကြေးအရောအစပ်၊အထူအပါး၊ ဖုအရွယ်အစား၊ကွဲပြားသည် အလျောက်၊ မောင်းသံမှာလုံ၍ ဟည်းသည်၊ကြေးနောင်သံမှာလွင်၍ပြတ်သည်။ မောင်းကိုလုံးချင်းသော်ငင်း၊ သိတန်း၍သော်ငင်း တီးလေ့ရှိသော်လည်း၊ ကြေးနောင်ကို လုံးချင်းမတီး၊ ဝိုင်းဖွဲ့၍သာ တီးလေ့ရှိသည်။ သို့ရာတွင် ယခုခေတ်၌ 'မောင်းကြေးနင်းလည်သည်၊ မောင်းကြေးနင်း ခတ်သည်' ဆိုရာဝယ်၊ **ကြေးနောင်** နှင့်အနက်တူဖြစ်ဆင့်သော **ကြေးနင်း** ကို **မောင်း** နှင့် အနက်တူ ပြု၍ သုံးလျက်ရှိသည်။ဤမှ **နောင်နှင်** ဟူသော ပုဂံခေတ်သုံး စကားသည် **မောင်း** ဟောပင်ဖြစ်ကြောင်း ရိပ်စားမိပြန်ရာသည်။

ပုဂံခေတ်ထိုး၊၆၀၃ ခုစ့ဲ၊မြေဂက်ဂူနီကျောက်စာ၁၆ တွင်၊'နရည်စြာဂ လွှပ်၊ နောင်နင် ၉ လွှပ် (နရည်းစရာ ဂ ချပ်၊ နောင်နင် ၉ ချပ်)။' ဟုခဲ့ခြား ဖေါ်ပြလျက်ရှိသည်မှ နရည်းစရာနှင့် နောင်နင်တို့၏ကွဲပြားချက်နှင့် အသုံးတို့ကို ရိပ်စားမိနိုင်ပြန်သေး၏။ နရည်းစရာ ဂ ချပ်ကိုလူသည်မှာ၊ ထိုစဉ်ခေတ်၌နရည်းစရာတီးဝိုင်းတွင် နရည်းစရာ ဂ ချပ်ကိုသာ တန်း၍သော်ငင်း၊ ဝိုက်၍သော်ငင်း ဖွဲ့စည်းတီးခတ်သောကြောင့်ဖြစ်တန်ရာသည်။နောင်နင် ၉ ချပ်ကိုလူသည်မှာလည်းထို့နည်းတူစွာ အသုံးနှင့်ကိုက်ညီအောင် ရည်ရွယ်သည်ဟုယူရာ၏။ စိစစ်ကြည့်သော အခါ ထို့အတိုင်းပင်ဖြစ်ကြောင်းတွေ့ရသည်။

ရှေးမြန်မာတို့၏ အချိန်အမှတ်အသားများအရ၊ တနေ့နှင့်တညည့်တွင် နာရီပေါင်း ၆၀ ရှိရာ၊နေ့နာရီ ၃၀၊ ညည့် နာရီ ၃၀ ဟုအကြမ်းအားဖြင့် ယူဆရမည်ဖြစ်သော်လည်း၊ တန်းခူးလနှင့် သတင်းကျွတ်လတို့၌သာ ဤသို့ တူညီယောင်ရှိ၍၊ ကျန်လတို့၌သော် မတူညီပဲ၊နေ့တာအရှည်ဆုံးဖြစ်သော ဝါဆိုလ၌ နေ့နာရီ ၃၆ ရှိ၍ ညည့်နာရီ ၂၄ သာရှိပြီးလျှင်၊ နေ့တာအတိုဆုံးဖြစ်သော ပြာသိုလ၌နေ့နာရီ ၂၄ သာရှိ၍၊ညည့်နာရီ ၃၆ ရှိသည်။နွေ၌ဖြစ်စေ ညည့်၌ဖြစ်စေ ၄ ပဟိုရ်ရှိသဖြင့် နေ့တာအရှည်ဆုံး၀ါဆိုလတွင်နေ့တပဟိုရ်သည် ၉ နာရီနှင့်ညီမျှ၍၊ ညည့်တာအရှည်ဆုံးပြာသိုလတွင်ညည့်တပဟိုရ်သည်လည်း ၉ နာရီနှင့်ညီမျှသည်။တနာရီတွင်

မောင်းတချက် တစ်မောင်းတီးရမည်ဖြစ်ရာ၊ ၉ နာရီတွင်မောင်း၉ချက် ၉မောင်းတီးရပေမည်။ ဤသို့တီးရာ၌ မောင်းတလုံးတည်း၌သာ ထပ်ကာမတီးပဲ၊ တလုံးလျှင်တချက်ကျသာတီးရန် မောင်း ၉ လုံးလိုပေမည်။ ဤသို့ တီးနိုင် စေခြင်းငှာ မောင်း ၉ လုံးလှူခဲ့သည်ယူရာ၏။ ပဟိုရ်တို့ကိုသော် စည်တီး၍ မှတ်သားရာ၊ ဓ ပဟိုရ်တွင် စည် ၁၁ ချက်တီးသည်၊ နှစ်ပဟိုရ်တွင်စည် ၂၂ ချက်တီးသည်၊ သုံးပဟိုရ်တွင် စည် ၃၃ ချက်တီးသည်၊လေးပဟိုရ်တွင်စည် ၄၄ ချက်တီးသည်။ပဟိုရ်စည်တီးရာ၌ ဤသို့ ၁၀,၂၀,၃၀,၄၀ တွင်မှ ၁၊ ၂၊ ၃၊ ၄ အညွှန့်တက်၍ တီးသည်မှာ ကောင်းသောအတိတ်နိမိတ်ဖြစ်စေခြင်း၊ ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံစေခြင်းငှာဟု ဆိုသော်လည်း၊ လူတို့အား အမှုမဲ့အမှတ်မဲ့မဖြစ်စေပဲ၊ ကောင်းစွာသိမှတ်စေနိုင်သည့် အကျိုးလည်းပြီးစေသည် ဆိုရာ၏။

ဖေါ်ပြပါအချက်တို့ကိုထောက်သဖြင့်၊ ပုဂံမြို့၊ မြောက်ဂူနီ ကျောက်စာဝယ်၊ ဖုရားအား နောင်နင်းကိုးချပ် လှူခဲ့သည်မှာ၊ အချိန်ကို သတ်မှတ်ရာ၌ မောင်းနှင့် ပဟိုရ်စည်တို့ကိုတီးရာဝယ်၊ပဟိုရ်တခုနှင့် တခု ကြားတွင် အများဆုံး ကိုးမောင်းအထိတီးရန် ရှိသောကြောင့်ဖြစ်သည်ဆိုရာသတည်း။

၅၈။ ၊နွံ၊နွမ်း

"နည်၊နွံနည်၊မဲနည်၊နည်နည်ညက်ညက်" အကြောင်း၌၊ 'ကျိုးနွံ၊နွံနည်၊နွံနာ' ဆိုသည်တို့တွင် **နွံ** ၏အနက်မှာ 'နိမ့်ဆင်း၊ပျပ်ဝပ်၊ညှတ်ပျောင်း' ဟောဟူ ယူသင့်ကြောင်းသာမန်အားဖြင့်ဆိုခဲ့သည်။အသေအချာဆိုရသော် **နွံ** ၏အနက်ရင်းမှာ **နိမ့်ကျ၊သက်ဆင်း** သာလျှင်ဖြစ်သင့်သည်။ **ပျဝ်ဝပ်၊ညှတ်ပျောင်း** ဟူသည်တို့မှာ ယင်း၏အနက်ပွားအနက်တင်စားများသာ ဖြစ်ကြသည်။ ယင်း **နွံ** သည် **ရှိ၊နွံ** ဆိုသည်တို့၌ နင်းလိုက်သောအခါအောက်သို့ **ကျ၊ နစ်၊နိမ့်ဆင်း** သွားသည့် သဘောရှိသော **နွံ** နှင့်ပုဒ်တူဖြစ်၍၊ 'အောက်သို့သက်လျော့သက်ဆင်း' ဟော **နိမ့်**၊ 'ညှတ်ပြောင်း၊ညှတ်ခွေ' ဟော **နွမ်း**၊ 'အောက်သို့ဖြစ်စေ့နောက်သို့ ဖြစ်စေသက်ဆင်း့သက်ဝင်' ဟော **နစ်**၊ ထို့အတိုင်း ဟော **နောက်** ပုဒ်တို့နှင့်လည်း သားချင်း တော်စပ်သည် ယူရာသေး၏။ တိဗက် - မြန်မာနှင့် အခြား အနွယ်တူဘာသာတို့တွင် ယင်းတို့နှင့်မိသားတစုတည်းဖြစ်သော ပုဒ်များကို အောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	နိ၊နိုက်၊နိအောက်	နစ်၊မြုပ်၊

၂။	တိဗက်	နေမ်သ၊နေရ်	နစ်၊ကျ့ံ၊
		ခုဇ်	နစ်မြုပ်၊နိမ့်ဝင်၊
၃။	ကချင်	နုတ်	နောက်ဆုတ်၊
၄။	နုင်း	နု	နစ်၊နှစ်၊
		နိုပ်	ဝင်၊နေဝင်၊
၅။	ပေါင်းရွှေချင်း	နှု	နောက်ဖက်၊နောက်၊
၆။	မိကီရ်	နိမ်	နစ်၊နှစ်၊
၇။	ကရင်	နု	နစ်၊နိမ့်၊ဝင်၊
၈။	မွန်	နက်	နစ်၊ကျ့ံ၊

အထက်ပါတို့တွင် မိကီရ်ဘာသာ **နိမ်** ပုဒ်၊ တိဗက်ဘာသာ **နေမ်သ်**၊ ပုဒ်၊ တရုတ်ဘာသာ **နိ** ပုဒ်တို့သည် မြန်မာဘာသာ **နိမ့်၊နွံ** ပုဒ်တို့နှင့် နီးစပ်၍ တရုတ်ဘာသာ **နိုက်၊နိုအောက်** ပုဒ်၊တိဗက်ဘာသာ **နေရ်** ပုဒ်၊ မွန်ဘာသာ **နက်** ပုဒ်တို့ကမြန်မာသာသာ **နစ်** ပုဒ်နှင့်နီးစပ်သည်ဆိုရာ၏။တိဗက်ဘာသာ **နုဝ်** နှင့်မြန်မာဘာသာ **နောက်** တို့မှာ ပုဒ်ဗြောင်းပုဒ်လဲမျှးဖြစ်ကြောင်း **အရွှေ၊အနောက်** အကြောင်းဥဖေါ်ပြခဲ့ပြီ။ထိုအရုတွင်ကချင်ဘာသာ **နုတ်**၊ နုင်းနှင့်ကရင်ဘာသာ **နု**၊ ပေါင်းရွှေချင်းဘာသာ **နှု** ပုဒ်တို့ကိုထည့်သွင်းရာ၏။နုင်းဘာသာ **နိုဝ်** ပုဒ်မှာ တိဗက်ဘာသာ **နုဝ်** အုပ်စုနှင့် မြန်မာ့မိကီရ်ဘာသာ **နိမ့်**၊ **နိမ်** အုပ်စုတို့၏ စပ်ကြား ကွင်းဆက်ဟု ယူသင့်သည်ထင်၏။

မြန်မာဘာသာ၌ **နွံ** ကို အသံလေးနှင့် ရွတ်ဆိုသဖြင့် **နွမ်း** ကို ရအပ်သည်။ **နွမ်း** ၏အနက်မှာ **နွံ** ၏ ‘နိမ့်ကျ၊သက်ဆင်း၊ပျပ်ဝပ်၊ညွတ်ပျောင်း’အနက်တို့နှင့် ပရိယာယ်တူ ညိုးလျော့,ဟောင်းမြင်းသဖြင့်၊ ထောင်မတ့်,တောင့်တင်းခြင်းမရှိ၊ **ညွတ်ပျောင်း**၊**ညွတ်ခွေ** ဟောဖြစ်သည်။တဖန် **နွမ်းနယ်** ဆိုသည်၌ **နယ်** ပုဒ်မှာလည်း၊ **နွံနည်** ဆိုသည်၌ **နည်** ပုဒ်ပြောင်း၊ **ကြေညွှက်** ဟောပင်ဖြစ်သင့်သည်။ဤသို့ **ကြေညွှက်**၊ **မှုန့်ညက်** အောင်ပြုသည်ကို ‘နှိပ်နယ်၊ဆုပ်နယ်’ဆိုသည်တို့၌ **နယ်** ဟုပင်ဆိုပြန်သည်။ ထို့ကြောင့် **နွံ** နှင့် **နွမ်း**၊ **နည်**(နွံ နည်)နှင့် **နယ်**(နွမ်းနယ်၊နှိပ်နယ်)ပုဒ်တို့ကို ပုဒ်ပြောင်းပုဒ်လဲမျှးဟု ယူရာသတည်း။

၅၉။ ပင်လယ်

ပင်လယ် ကို ၅၄၅ ခုစွဲ၊ပုဂံမြို့၊စူဠဒွာမဏိကျောက်စာ၊ ၁၃ ၌ **ပင်လဲ**(ခရိုန်) ဟု ရှေးထုံးစံအတိုင်း **ယ** သတ်နှင့်နောက်ပစ်ကိုဖလှယ်၍ရေးသည်။ **ပင်လယ်** ဆို သောစကားတွင် **ပင်** ပုဒ် **လယ်** ပုဒ်တို့သည် ပင်လယ်၏သဘာဝ၊ **ရေပြင်ကျယ်** ဟူသည်နှင့် ဆက်သွယ်ခြင်းရှိသောအနက်တို့ကို ထင်လင်းစွာဆောင်လျက်မရှိကြ တော့ချေ။ သို့ဖြင့် ယင်းစကားသည် ပုဒ်သီးအနက်များ တိမ်မြုပ် သွားလောက် အောင်လွန်စွာရှေးကျသောမြန်မာစစ်စကားသော်၎င်း၊ဘာသာခြားလာစကား ဌားသော်၎င်းဖြစ်ရမည်ဟုတွေးထင်ဖွယ်ရှိသည်။ဤအချက်ကိုတွက်စစ်ရန်မြန်မာ နှင့်အနီးယ်တူဘာသာတို့တွင် နီးစပ်သော **ပင်လယ်** အခေါ်များနှင့် အခြားဆက် သွယ်သောအနက်ရှိပုဒ်များကို ရှာဖွေကြည့်ရာအောက်ပါအတိုင်းတွေ့ရသည်။

	ဘာသာ	စကား	အနက်
၁။	မွန်ဂိုလ်	ဒလဲ (Dalai)	ပင်လယ်၊
၂။	ထိုင်	ဒလေ	ဂင်း
၃။	သျှမ်း	ပင်လယ်	ဂင်း
		ပင်	လွှင်ပြင်၊ပြင်ကျယ်၊
၄။	ပေါင်းရွှေချင်း	ရီလီ	ပင်လယ်၊
၅။	တရုတ်	ဟဲ (Hai)	ဂင်း
၆။	တိဗက်	ဟေလ်	ကျယ်ပြန့်၊
		ပင်	လွှင်ပြင်၊ပြင်ကျယ်၊
၇။	ကရင်	လဲ	ကျယ်ပြန့်၊

မွန်ဂိုလ်ဘာသာတွင် **ပင်လယ်** ကို **ဒလဲ** ခေါ်သည်၌ မြန်မာ **တ** နှင့်မိတ်တူ **ဒ** ၏အနက် **ကြီးမား၊ ကြီးကျယ်** ဟောဖြစ်ရာ၊ **လဲ** သည်သာပုဒ်ရင်း **ပင်လယ်၊ ရေပြင်** ဟောဖြစ်သည်။ **ဒလဲ** ၏တိုက်ရိုက်အနက်မှာ **ပင်လယ်ကြီး၊ရေပြင်ကြီး** ဟူ၏။ထိုင်ဘာသာ **ပင်လယ်** ဟော **ဒလေ** ပုဒ်သည်၊မွန်ဂိုလ်ဘာသာ **ဒလဲ** ပုဒ် သက်ပင်ဖြစ်ရာသည်။သျှမ်းဘာသာ **ပင်လဲ** နှင့် မြန်မာဘာသာ **ပင်လဲ၊ပင်လယ်** ပုဒ်တို့ထပ်တူကျလျက်ရှိသည်မှာ မည်သူကမည်သူ့ထံမှယူထားသောကြောင့်ဟု မ ဆိုသာ၊ မွန်ဂိုလ်ဘာသာ **ပင်လယ်** ဟော **လဲ** ပုဒ်တွင်၊ယင်းတို့ဘာသာရင်းများ တွင် **လွှင်ပြင်၊ပြင်ကျယ်**ဟော**ပင်** ပုဒ်ကို ထည့်သွင်းသဖြင့်နှစ်ဘာသာစလုံး၌ပင် ရအပ်သည်။သျှမ်းဘာသာ၌ **ပင်** ပုဒ်သည် **လွှင်ပြင်၊ပြင်ကျယ်** ကိုပင်ဟောလျက် ရှိသည်။မြန်မာနှင့်လွန်စွာရင်းနှီးသော တိဗက်ဘာသာ၌လည်း **ပင်** ပုဒ်သည် ထို့

အတိုင်းဟောဖြစ်သည်ကိုထောက်သော်၊ မြန်မာဘာသာ၌လည်း ယင်း **ပင်** ပုဒ် ရှေးကရှိခဲ့၍၊ပုဂံခေတ်သို့ရောက်သောအခါ၊၆၀၆ ခုစုံ၊သင်္ကန်းရုံစတီကျောက်စာ၊ ၁၉၉ ၌ 'ဥန်ကြီးပွင်ပ(အုန်းကြီးပြင်ပ)'ဟုရေးရာ၌ကဲ့သို့ **လွင်** ဟူ၍ဂင်း၊ယခုခေတ်တွင် **ပြင်** (ကွင်းပြင်၊လွင်ပြင်)ဟူ၍ဂင်း၊ **လ၊ရ** ယှဉ်ကပ်၍ ရေးခဲ့သည်ဟုယုံကြည်ဖွယ်ရှိသည်။ ထို့ကြောင့် သျှမ်းနှင့် မြန်မာဘာသာတို့တွင် **ပင်လဲ၊ ပင်လယ်** ၏တိုက်ရိုက်အနက် **ပင်လယ်ပြင်ကျယ်၊ ရေပြင်ကျယ်** ဟူ၍ ကောက်ယူရာ၏။ပေါင်းရှေ့ချင်းဘာသာ၌ **ရီလီ** ၏အနက် **ရေပင်လယ်၊ ရေပြင်ကျယ်** ဟု၏။တရုတ်ဘာသာ **ဟဲ** ပုဒ်နှင့် မွန်ဂိုလ်ဘာသာ **လဲ** ပုဒ်တို့မိတ်တူဖြစ်နိုင်ကြောင်းကိုလည်း၊ **ဖုရား** အဖွင့်၌ပြဆိုခဲ့သည့် **နတ်** ဟောပုဒ်တို့တွင် **ဟာ** ပုဒ် **လာ၊ လ** (လှာ)ပုဒ် **ရာ၊ရှာ** ပုဒ်ဟူ၍ သုံးမျိုးပင်ရှိသည်တို့ကို ထောက်ရာ၏။ တဖန် **ကျယ်ပြန့်** ဟော ကရင်ဘာသာ **လဲ** ပုဒ်၊ တိဗက်ဘာသာ **ဟလ်** ပုဒ်တို့ကိုထောက်သော်၊မွန်ဂိုလ်နှင့်တရုတ်ဘာသာ **လဲ** ပုဒ် **ဟဲ** ပုဒ်တို့သည်မူလအားဖြင့် **ကျယ်ပြန့်** ဟောလည်းဖြစ်ရာသည်။

ထို့ကြောင့်မြန်မာဘာသာ၌ **ပင်လဲ၊ ပင်လယ်** ဆိုသည်တွင်၊ **ပင်** ပုဒ်သည်၊ ပုဂံခေတ်သုံး **လွင်** ပုဒ်၊မျက်မှောက်ခေတ်သုံး **ပြင်** ပုဒ်တို့၏မူလ **'လွင်ပြင်၊ ပြင်ကျယ်'** ဟော၊ **လဲ၊လယ်** ပုဒ်သည် မွန်ဂိုလ်ဘာသာ **ဒလဲ** ပုဒ်သက်၊ **ပင်လယ်၊** ဝါ၊ **ရေပြင်ကျယ်** ဟောဖြစ်၍၊ ပုဒ်တဲ့ **ပင်လဲ၊ ပင်လယ်** ၏အနက် **'ပင်လယ်ပြင်ကျယ်၊ ရေပြင်ကျယ်'** ဟု ကောက်ယူရာ၏။ မြန်မာဘာသာ၌ စပါးစိုက်ပျိုးသည့် မြေ၊ **လဲ၊လယ်** ဆိုသည်နှင့်၊ ၅၅၀ ခုစုံ၊ ပုဂံမြို့၊ ဓမ္မရာဇိက ကျောက်စာ၊ ၆ တွင် 'နိုင်ငံကျယ်ခြင်းအထုကာ (နိုင်ငံကျယ်ခြင်းအထုကား)၊'ဟုရေးသည်၌ **ကျယ်** ပုဒ်၊ခေတ်ရေး **ကျယ်** ပုဒ်တို့သည်လည်းဖေါ်ပြပါ၊ **ကျယ်ပြန့်၊ ပင်လယ်** ဟော **လဲ၊လယ်** ပုဒ်တို့၏ သားချင်းမျှားဖြစ်သည်ယူရာ၏။ ထို့ကြောင့် မြန်မာဘာသာ **လယ်ကွင်း၊လယ်ရာ** ဆိုသည်၌ **လယ်** ၏ အနက်ရင်းမှာ **'ကျယ်ပြန့်သောမြေ၊ မြေပြန့်ကျယ်** ဟောဖြစ်၍၊ **ပင်လယ်** တွင် **လယ်** နှင့်မိတ်တူပုဒ်ဖြစ်သတည်း။

****

၆၀။ ပတ်တလား

ပတ်တလား တွင် **ပတ်** ပုဒ်မှာ သံသကြိုဠ်ဘာသာ 'တီးမှုတ်ခြင်း၊ တီးမှုတ်စရာတုရိယာ'ဟော **ဝါဒျ** ပုဒ်ပျက်ဖြစ်ကြောင်းဆိုခဲ့ပြီ။**တလား**ပုဒ်မှာ**တာလျား** ပုဒ်သက်၊အနက်**တာရှည်၊သေဆွာရှည်**ဟောဖြစ်သည်။ထို့ကြောင့်**ပတ်တလား**

၏အနက် **တုရိယာသေတ္ထာရှည်** ဟု ကောက်ယူရာ၏။ ပတ်တလားသည် ရှည်လျားလျားသေတ္တာပေါ်၌ အချပ်အပြား ၁၈၊ ၂၀, ၂၂, ၂၄ တို့ကို ဖြန့်ကြက်ဆွဲဆိုင်းထားသောတုရိယာဖြစ်သည်။

ပတ်တလား ဟူသောစကားကို အင်းဝစာဆိုကြီးများ ခေတ်ကဗျာတို့တွင် မတွေ့ရ၊ကုန်းပေါင်ခေတ်လတ်ကဗျာတို့တွင်မှ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "စောင်းညှင်းမိကျောင်း၊ အောင်းကလေးကျော်၊ သံငေါ်လက်ခုပ်၊ **စည်းစုပ်ပတ်တလား**၊ စန္တရားတို့၊ ထွေပြားရေးရာ၊ တေးတျာမြေက်၊ ငြိမ်သက်သီးသီး၊နာမငြီးအောင်၊မှုတ်တီးလိုက်လား၊အငြိမ့်သားသည်၊ သံထားညင်းညင်းပွန်စေတုံ။" ။ဝေဿန္တရာပျို၊ ၂၉၂။

(၂)။ "ညှင်းနှင့်မိကျောင်း၊စောင်းအောင်းကလေး၊**ရွှေရေးပတ်တလား**၊ အငြိမ့်များကို၊ လက်ဖျားနုသွယ်၊ ရှုစဖွယ်နှင့်၊ ဗယ်ချီညာအိမ့်၊ ကြောရေစိမ့်အောင်၊ငြိမ့်မျရင့်အေး၊အသံကြေး၍။" ။ကုသပျို၊ ၂၁၁။

(၃)။ "သံသာချိုခြိမ့်၊ ပီတိစိမ့်မျှ၊ အငြိမ့်ခံခြင်း၊ စောင်းညှင်းမိကျောင်း၊ အောင်းကလေးတခြား၊ **ပတ်တလားနှင့်**၊ လက်ဖျားသံနှောတယော(တရော) ဟူသည်၊ခြောက်မည်ငြိမ့်မျိုး။" ။နာရဒပျို၊ ၁၀၁။

(၄)။ "ဖွယ်ရာလက်ခုပ်၊ စည်းစုပ်လင်းကွင်း၊ စောင်းညှင်း ပတ်တလား။" ။နာနာဆန္ဒပျို၊ ၉၁။

(၅)။ "စောင်းညှင်းမိကျောင်း၊ အောင်းပတ်တလား၊ တယော (တရော) အားဖြင့်၊ခြောက်ပါးငြိမ့်မျိုး။" ။ မဃဒေဝလင်္ကာသစ်၊ ၁၄၆။

ပတ်တလားနှင့် တဲ့ဖက်တီးမှုတ်လေ့ရှိ၍၊ ရှေးကအငြိမ့်တုရိယာငါးမျိုး၊ ဝါ၊ ခြောက်မျိုးဟုခေါ်လေ့ရှိသည်တို့ကို၊အထက်ပါစပ်အင်များမှ သိရသည်။ ယင်းတို့မှာ စောင်း၊ညှင်း၊ မိကျောင်း၊ အောင်းကလေး၊ ပတ်တလား၊ တရော ဟူ၏။ ဝေဿန္တရာပျိုစပ်အင်တွင် **စန္တရား** ပါလျက်ရှိသော်လည်း၊ထို၌ အငြိမ့်တုရိယာတို့ကိုသာရေတွက်၍ပြခြင်းမဟုတ်သဖြင့်၊ ယင်းမှာ အငြိမ့် တုရိယာ အမျိုးအစားဟုတ်သော်လည်း တဲ့ဖက် တီးမှုတ်လေ့ရှိသော အငြိမ့် တုရိယာစာရင်းတွင် ထည့်သွင်းလေ့ မရှိခဲ့ဟု ဆိုရာ၏။ ထို့ကြောင့် ပဓာနအငြိမ့် တုရိယာ ငါးမျိုး တို့မှာ (၁) စောင်း၊ (၂) ညှင်း၊ (၃) မိကျောင်း၊ (၄) အောင်းကလေး၊ (၅) ပတ်တလား ဟူ၏။ ယင်းတွင် နောင် **တရော** ထည့်သွင်းသဖြင့် ခြောက်မျိုးဖြစ်လာသည်။ **တရော** ကိုနောက်မှထည့်သွင်းသည်မှာ အခြားကြောင့်မဟုတ်၊ ရှေးကျသော တရောသံတို့မှာ မသာယာလှသဖြင့်တရောကိုမင်္ဂလာတီးဝိုင်းများတွင်ထည့်သွင်းသုံးစွဲလေ့မရှိခဲ့ပဲ၊ နောင်မှသာ တရောများ တိုးတက် ကောင်းမွန် လာကာ

တရောသံ မျှားလည်း သာယာ ကြည်နူးဖွယ် ရှိ၍ မင်္ဂလာနှင့် ပြည့်စုံ လာသော ကြောင့် ဖြစ်တန်ရာသည်။

ပတ်တလား ကို မွန်,ယိုးဒယား,ပသျှူး,ဂျာဝါ, (အင်ဒိုနီးရှင်း) လူမျိုးတို့ တော်တော်ချွေးကပင် သုံးစွဲလာခဲ့သော်လည်း၊ မြန်မာလူမျိုးတို့ကသော် ကုန်း ပေါင်ခေတ် ဆင်ဖြူရှင်ယိုးဒယားကို အောင်နိုင်ပြီးမှသာ အစောဆုံး စတင်သုံးစွဲ ခဲ့သည်ဟုယူဆဖွယ်ရှိသတည်း။

၆၁။ ပတ်၊ပတ်ဆိုင်း၊ပတ်ဝိုင်း

မြန်မာ့သံစုံတီးဝိုင်းကြီးတွင်ပခုံနဖြစ်သည့်ပတ်လုံးရေရှေးက ၂၁၊နောင် ၂၂၊ ယခု ၂၃ တို့ကို ဝန်းဝိုင်း ဆွဲဆိုင်းထားသော တုရိယာကြီးကို ယခုအခါ **ဆိုင်း၊ ဆိုင်းဝိုင်း၊ ပတ်ဝိုင်း** စသဖြင့် အခေါ် များလျက်ရှိသော်လည်း၊ ရှေးက **ပတ်၊ ပတ်ဆိုင်း** ဟု အရေးအခေါ်မျှားခဲ့သည်။

ပတ်ဆိုင်း ဆိုသောအခေါ်ကို၊ ဦးကုလား မဟာရာဇဝင်တော်ကြီး၊ ဒုတိယ တွဲ၊မျက်နှာ ၂၁၀၊ စလင်းမြို့ကို မင်းတရားရွှေထီးနှင့် ဘုရင့်နောင် ကျော်ထင် နော်ရထာတို့ ဝန်းရံတိုက်ခိုက်မည့် အကြောင်းနှင့် စပ်လျဉ်း၍၊ 'ထိုမြို့တွင်းက ရွှေ တန်ဆာဘုရားရှင်ရင်ပြင်တော်တွင်၊ **ပတ်ဆိုင်း** တင်၍တီးရသည်။အသံကို ကြား တော်မူလျှင် ဘယ်အသံနည်းဟူ၍မေးတော်မူသည်ကို **ပတ်ဆိုင်း** တီးသည့်အသံ ဟူ၍ လျှောက်လျှင်၊ စလင်းမြို့ကို အောင်တော်မူလျှင်သည် **ပတ်ဆိုင်း** တီးသူ တို့ကို လက်ခြေမလွန်စေနှင့်ဟူ၍ မိန့်တော်မူသည်။' ဟူသောစကားတွင် အစော ဆုံးလောက်ပင်တွေ့ရသည်။ ဤသည်ကား သကရာဇ် ၉၀၅ ခု လောက်တွင် ဖြစ် သည်။

ပတ်ဆိုင်း ကိုပင် **ပတ်၊ ပတ်သာ** ဟုလည်း ခေါ်သေးဟန် ရှိသည်။ ယင်း မဟာရာဇဝင်တော်ကြီး၊ဒုတိယတွဲ၊ မျက်နှာ ၃၇၇ တွင်၊မိုင်းစံမြို့ကို၊ဟံသာဝတီ ဆင်ဖြူရှင်၏ သားတော် မဟာဥပရာဇာနှင့် ညီသမက်တော် သတိုး မင်းစောတို့ လုပ်ကြံရာတွင် တခဏချင်းအောင်မြင်သဖြင့် ရဲမက်တော်အပေါင်းတို့သည် 'ဝမ်း မြောက် ဝမ်းသာ ပတ်စည် စောင်းငြင်း တီးမှုတ်၍ တည်ည့်လုံး ပွဲလမ်း ခံကုန် သည်။' ဟူသောစကားနှင့်၊ ယင်းမျက်နှာ ၄၃၁ တွင်၊ ယိုးဒယားမြို့ကို၊ ဟံသာ ဝတီဆင်ဖြူရှင် ဒုတိယအကြိမ် တိုက်ခိုက်အောင်မြင် သောအခါ၊ ရဲမက်တော် အ ပေါင်း တို့သည် 'အောင်မြင်သည့် နေ့မှစ၍ ဝမ်းမြောက် ဝမ်းသာ ရွှင်လန်းစွာ

အထပ်ထပ် တိုက်စည်တိုက်မောင်း နွဲခရာပတ်သာတီးမှုတ်၍ ပွဲလမ်းခံကုန်သည်၊' ဟူသောစကားများတွင် **ပတ်၊ ပတ်သာ** ဆိုသည်တို့မှာ **ပတ်ဆိုင်း၊ ပတ်ဝိုင်း** ပင်ဖြစ်ရာသည်။ ထိုနည်းတူစွာ၊ ယင်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ မျက်နှာ ၆၊ သိန်းဆိုကသမီးကညာဆက်ကြိုယူအခမ်းအနားတွင် 'စည်မောင်းခရာပတ်သာ စောင်းညှင်း ပုံလင်းကွင်း' မြစ်လုံးပွဲတင်ထပ်မျှ တီးမှုတ်စေလျက်၊' ဟူ၍ငှင်း၊ ယင်းမျက်နှာ ၂၇၊ သိန်းဆိုက စွယ်တော်ဆက်ကြိုယူ အခမ်းအနားတွင် 'နရည်းစရာ ပတ်သာစောင်းညှင်း တီးမှုတ်၍' ဟူ၍ငှင်း၊ မျက်နှာ ၂၉၊ စွယ်တော်ပင့် အခမ်းအနားတွင် 'တပိုးခရာပတ်သာစောင်းညှင်း တီးမှုတ်လျက်' ဟူ၍ငှင်း၊ 'တပိုးခရာပတ်သာစည်စောင်းညှင်း တီးမှုတ်လျက်၊' ဟူ၍ငှင်း ဆိုသည်တို့၌ **စောင်းညှင်း** ဟူသောစကားများကိုထောက်၍၊ **ပတ်သာ** မှာ **ပတ်ဆိုင်း၊ ပတ်ဝိုင်း** ပင်ဖြစ်တန်ရာသည်။

ပတ်ဆိုင်း၊ ပတ်ဝိုင်း ကို **ပတ်** ဟုခေါ်ကြောင်း မဟာရာဇဝင် တော်ကြီး၊ တတိယတွဲ၊ ၁၃၀၌၊ ၉၇၂ ခုနှစ်တွင် တောင်ငူမြို့ကို အနောက်ဖက် လွန်မင်းတရားအောင်တော်မူသောအခါ၊ အညံ့ခံသူအစ်ကို တောင်ငူဘုရင်က 'ငါ့ညီတော်ကို ပေးဘွယ် ကမ်းဘွယ်တို့ကို ပေးပါခြင်သည်ဟူ၍ မိန့်တော်မူသည်ကိုစကမ်းကား **စောင်းတတ်၊ ညှင်းတတ်၊ ပတ်တတ်** တို့ကိုပေးတော်မူပါမိန့်တော်မူလျှင် ကြိုက်ရာရွေးချယ်၍ ယူတော်မူတော့ဟု မိန့်တော်မူသည်။' ဟူသော စကားတို့တွင်ပို၍ ထင်ရှားသည်။ ဤတွင် **ပတ်တတ်** ဆိုသည်မှာ **စောင်းတတ်၊ ညှင်းတတ်** ဆိုသည်တို့၌ကဲ့သို့ **ပတ်ဆိုင်း၊ ပတ်ဝိုင်း** ကို တီးတတ်သူသာ ဖြစ်ရပေမည်။

ပတ်၊ ပတ်ဆိုင်း ဆိုသောစကားများကို၊ မဟာရာဇဝင်တော်ကြီး၊ ၁၅၂၊ သကရာဇ် ၉၀၁ ခု၊ အနောက်ဖက်လွန်မင်းတရား လက်ထက်၊ ဂုရုကွန္တာမင်း (ဂိုလ်ကွန္ဒ၊ Golconda) သံဧည့်ခံခဏ်းတွင် 'ထိုနေ့ကခြေသဘင်စုံခံရသည်။ **တလိုင်းပတ် တဆဲ့လေးဆိုင်း၊ မြန်မာပတ်တဆိုင်း**၊ ကခြေ ၁၃။ အရပ်ကြီး အရပ်ငယ်သဘင် စုံခံရသည်။' ဟူသော စကားများ၌ နောက်ထပ် ထင်ရှားစွာ တွေ့ရသေးသည်။ (မူ၌ **ပတ်** အစား၊ နှစ်နေရာစလုံး၌ပင် **မတ်** ဟု မှားယွင်း ပါရှိနေသည်)။ ဤတွင် **တလိုင်းပတ်၊ မြန်မာပတ်** ဆို သည် တို့မှာ **ပတ်ဆိုင်း** များ ပင် ဖြစ်ကြောင်း နောက်အရေအတွက် ပစ္စည်းစကား **ဆိုင်း** ပုဒ်က သက်သေ ခံလျက်ရှိသည်။

အောက်ပါကဗျာစပ်အင်တို့တွင် **ပတ်၊ ပတ်သာ** ဟူသော ပုဒ်တို့သည်သာမက၊ **ပတ်စည်၊ စည်ပတ်** ဟူသော ပုဒ်တို့ သည်လည်း **ပတ်ဆိုင်း၊ ပတ်ဝိုင်း** ဟောပင်ဖြစ်သည် ယူဖွယ်ရှိသည်။

(၁)။ **ကြေးနောင်းစည်ပတ်**၊ လက်ခတ် မြောက်တင်၊ သံလှင် ခွက်ခွင်း၊ အဲအန်ချင်းနှင့်၊စောင်းညှင်းမှုတ်တီး၊ နာမငြီးလျင်၊ ဝေးနီးဝန်းရံ၊သဘင်ခံ၏။" ။နေမိဘုံခဏ်းပ္ပျိ၊ ၆၇။

(၂)။ "ရွှေနန်းရတု၊လှလှရွင်းရွင်း၊ **ခုံမင်းနောင်ပတ်**၊ ခတ်ခတ်တီးတီး၊ ချီးချီးပုံပုံ၊နဲ့နဲ့ရင့်ရင့်။" ။ ၎င်း ဂ၂။

(၃)။ မိုးချုံးမိုးသောက်၊ **တီးထောက်ပတ်စည်**၊ စောင်းညှင်းမြည်၏။" ။နေမိမင်္ဂလစိုးခဏ်းပ္ပျိ၊ ၉။

(၄)။ "သီချင်းညှင်းစောင်း၊ **ကြေးနောင်းပတ်စည်**၊ ရဲပြည်မပျော်၊ မွေ့လျော်တုံလျက်။" ၎င်း ၇၉။

(၅)။ "ပဥ္စင်ငါးမည်၊ **ပတ်စည်စောင်းညှင်း**၊ သီချင်းစည်းစုပ်၊လက်ခုပ်လင်းကွင်း၊သံညင်းသံအိုင်၊သံပြိုင်တီးမှုတ်။" ။ရွှေဟင်္သာမင်းပ္ပျိ၊ ၇။

(၆)။ "လက်မြောက်မုရိုး၊တပိုးခေါင်းလောင်း၊ **ပတ်စောင်းခုံမင်း**၊ ခရသင်းနှင့်၊ ခွက်ခွင်းသံလှင်၊ ကြားထင်ကြေးကြော်။" ။မဟာဥပရာဇာခြေင်း၊ ၂၃။

(၇)။ "**ပတ်သာကခြေ**၊ ထွေထွေပွဲလမ်း၊ ပည်းဖြင်မွှမ်းတိ။" ။ သူဇာပ္ပျိ၊ ၅၉။

(၈)။ "ငါးပါးတုရိယာ၊ **ပတ်သာစောင်းညှင်း**၊ သီချင်းအန်အဲ၊ပျော်ငြိုးနဲ့ရတု၊ယဉ်နုသဘင်။" ။ ၎င်း ၁၃၆။

(၉)။ "နေ့တိုင်းပျော်မှု၊ရတုစောင်းညှင်း၊သီချင်းကြူးရင့်၊ အနင့်လုံးထား၊ ထူးပြားထွေထွေ၊ **ကခြေနင့်ပတ်**၊ နတ်လည်းခုန်က။" ။၎င်း ၅၆။

(၁၀)။ "ပုံထောင်နင်းနောင်း၊စည်ပန်းတောင်းက၊တီးမောင်းသံရှည်၊စည်ပတ်တလား၊ **ပတ်သာများလည်း**၊ မိုးဖျားအသံဝှန်စေတုံ။" ။ဝေဿန္တရာပ္ပျိ၊ ၂၉၄။

(၁၁)။ "ကိုင်းရိပ်ငွေသောင်၊လသာရောင်ထက်၊ဖိုးခေါင်သီခြင်း၊တိမ်ညင်းစည်းစုပ်၊လက်ခုပ်စင်ယော်၊ **ဌက်တော်ပတ်သာ**၊ ညှင်းမှာပဲထွေး၊ ရွှေကျေးကစောင်း၊ဥဒေါင်းလက်ရှစ်။" ။ ဦးတိုးဆိုစစ်ချီရတု၊ 'မိုင်းချိပ်ဝေမှော်' ချီ။

(၁၂)။ "အခါချိန်ထောက်၊စခန်းရောက်သော်၊အဲထောက်သီခြင်း၊စောင်းညှင်းနဲ့ပြေ၊ကခြေရုပ်နှတ်၊ **စည်ပတ်သံလွင်**၊ ပဥ္စင်ဒုံမင်း၊ခွက်ခွင်းလက်မြောက်၊ နန်းခြင်းကောက်၍။" ။ ရှင်သံခိုဆိုစစ်ချီရတု၊ 'လျှံဝင်းမဏ္ဍူ' ချီ။

ဤစပ်အင်တို့တွင် **ပတ်၊ပတ်သာ၊ပတ်စည်၊စည်ပတ်၊နောင်ပတ်** ဆိုသည်တို့မှာ၊ တလုံးချင်းခေါ်ပုံ, ပုံထောက်၊ ပုံထောင် အဖြစ်ဖြင့် တီးရသော ပတ်၊

ပတ်သာတို့ကိုမဆိုလို၊ စောင်း၊ညှင်း၊နောင်နင်း (ကြေးနောင်) တို့ကဲ့သို့ သံစုံတီး နိုင်သည့် **ပတ်ဆိုင်း**, **ပတ်ဝိုင်း** တို့ကိုဆိုဟန်ရှိကြောင်း,စကားစပ်စကားလျဉ်းတို့ ကိုထောက်၍သိရာ၏။

အီနောင်နန်းတွင်းဇာတ်တော်ကြီး၊ ဇာတ်ညွှန်းမျှားတွင်လည်း 'ပတ်နဲ့မျှား ကနူးညံ့သာယာစွာသင့်ရာ သင့်ရာတီး၊'ဟူ၍ငင်း၊'ပတ်နဲ့မျှားကသပြေခံသုံးဘန် ချလျင် လူးတားလျောက်စေ၊' ဟူ၍ငင်း၊ 'ပတ်နဲ့မျှားက တျာသံခံ၍တီး၊'ဟူ၍ ငင်း၊ 'ညံ့ညံ့သက်သက်နဲ့ပတ်သာတီး၊'ဟူ၍ငင်း၊ ဆိုသည်တို့၌ **ပတ်၊ပတ်သာ** တို့မှာ **ပတ်ဆိုင်း၊ပတ်ဝိုင်း** မျှားပင်ဖြစ်ကြသည်။

ပတ်ဝိုင်း ဆိုသောစကားကို ကဗျာစာပေတို့တွင်လွန်စွာတွေ့ရခဲသည်။ လော ကဗျူဟာ အင်ရံစာတမ်း၊ ၃၂၃ တွင်၊ ရွှေဆွယ်နေ ကတော်မယား တို့အား သင်္ဂီဟ်သည့်အခမ်းအနားနှင့်စပ်လျဉ်း၍ 'စည်တဆိုင်း၊ **ပတ်တဝိုင်း** နှင့်သင်္ဂြိဟ် သည်။' ဟူသော စကားတွင့်သာတွေ့မိသည်။ယင်း ၃၈၅ တွင်၊ သတင်းကျတ် လ သဘင်ခံခြင်းနှင့်စပ်လျဉ်း၍ 'ပတ်တဆိုင်းစီ၊ကသူ့ ယောက်စီနှင့်' ဆိုသော စကား၌ **ပတ်ဆိုင်း** ဆိုသောစကားကို ထပ်မံတွေ့ရပြန်သည်။

ဆိုင်းဝိုင်း ဆိုသောစကားကိုလည်းကဗျာစဉ်ပေတို့၌မတွေ့ရသလောက်ပင်။ ကုသပ္ပါ၊ အပိုဒ် ၁၆၀ ၌၊ 'ဒုါဒရာနှင့်၊ကညာတမျှ၊ အကနန်းစဉ်၊ **ဆိုင်းဝိုင်း ယှဉ်၍**၊ ပဥ္စင်တူရိ၊ သံပြိုင်ညှိသား၊' ဟူသော စပ်အင်တနေရာတည်း၌သာတွေ့မိ သည်။

ပတ်ဆိုင်း တွင် **ပတ်** ကိုမြှုပ်၍၊ **ဆိုင်း** ဟုသာ ယခုခေတ်၌ကဲ့သို့ အဖျံုးဆွတ်ကာ ရေးသားခေါ်ဆိုခြင်းကိုလည်း၊ အင်းဝညောင်ရမ်းခေတ် နောက်ပိုင်း ရေး အီနောင်နန်းတွင်းဇာတ်တော်ကြီး၊ ဇာတ်ညွှန်းစကား 'ဆိုင်းကအရိုင်တီး၊ ဆိုင်းကလည်း အရိုင်တီး၊ဆိုင်းကလည်းအရိုင်ချိ၍တီးစေ၊' ဟုဆိုသည်တို့နှင့်၊'ခွာ ပြာသင်း၊ညှင်းပြေပြေ' ချိ၊ မြဝတီဝန်ကြီးရေး၊ရွှေဘိုမင်းဆိုင်းတော်ဖွဲ့ပတ်ပျိုး၊ 'သည်ဆိုင်းတော် မဟာသိန်က၊ လွှမ်းချိန်တန်ပါပြီလို့၊' ဟူ၍ငင်း၊ 'ဆိုင်းတော် ပရမေ၊ ဆယ်နေလျှံမောင်း၊' ဟူ၍ငင်း၊ 'သည်ဆိုင်းတော်မှန်ရွှေညာက၊ ဗျာပါ ဖြေဆည်နိုင်ဖွဲ့၊' ဟူ၍ငင်း စပ်သည်တို့၌ တွေ့ရသည်။

ယခုခေတ်တွင် 'ဝိုင်းတော်ကြီး၊ ဝိုင်းတော်ဘီး' ဆိုသည်၌ကဲ့သို့ **ပတ်ဝိုင်း** တွင် **ပတ်** ကို မြှုပ်ကာ **ဝိုင်း** ဟုသာ ရေးခေါ်သည်ကိုလည်း၊ ဦးပုညရေး ရေ သည်၊ ဝိဇယ စသော ပြဇာတ်တို့တွင် 'ကိုးမျက်စုံ **ဝိုင်း** လည်က၊ ရေသည်ကို နေ မမြင့်ရအောင်၊အိုးပင့်တော်မူလိုက်ပါ့၊'ဟူ၍ငင်း၊'မှန်နဂါးပတ်၊ပြန်ကဟတ်နှင့်၊ နဝရတ် **ဝိုင်း** တန်ခွန်က၊မယ်ကုဝဏ်ဖူးစာကို၊ သော့မကြာတက်ကစီး၊ လင့်ကိုစွ

ယနေ့တုန်းလို့၊ပြုန်းကနဲပြီးတဲ့အောင်၊ ချေသီးတဲ့လက်သံက၊ခပ်မြန်မြန် ပို့တော်မူစမ်းပါ့၊' ဟူ၍ငင်း၊ 'ဟေမဝန်လမ်း၊အမူပိုပို၊မြူသလို၊လူပျိုရွာလှမ်းပမယ်၊ နန်းသုံးရ **ဝိုင်း** မျှားနောင်က၊ မာယာဆောင် ခွေးမြီးကောက်ကို၊ သွေးမြောက်လို့ ပေးတော်မူစမ်း၊' ဟူ၍ငင်း၊ ပတ်ညွှန်းစကားများ၌ တွေ့ရသည်။

ယခုခေတ် စကားတို့တွင် 'ပတ်တီး၊ပတ်စပိုး (ပတ်စာပိုး)၊ ပတ်ရိုင်၊ပတ်ပျိုး' ဆိုသည်တို့တွင် **ပတ်** မှာလည်း **ပတ်ဆိုင်း၊ ပတ်ဝိုင်း** ကိုပင် ပခာန အားဖြင့်ဆိုခြင်းဖြစ်သည်။ ယင်း **ပတ်** ပုဒ်သည် သံသကြိုဠ်ဘာသာ တီးမှုတ်ခြင်း၊ **တီးမှုတ်** စရာ၊တုရိယာ'ဟော **ဝါဒျ** ပုဒ်သက်၊ မွန်ဘာသာတွင် ထို့အတိုင်းဟော **ဗာတ်** ဟုရေး၍ **ပတ်** ဟုဖတ်ရွတ်သော ပုဒ်နှင့် မိတ်တူဖြစ်ကြောင်း **ပန်ဏျာ** အဖွင့်၌ ဆိုခဲ့ပြီ။ထို့ကြောင့် မြန်မာဘာသာ၌လည်း **ပတ်** ၏အနက်ရင်းမှာ တီးမှုတ်ခြင်း၊ တီးမှုတ်စရာ၊ တုရိယာ' ဟောပင်ဖြစ်သည်။ ထိုအနက်မှသာ 'တီးစရာပုံ၊ ပုံသာ၊ ပုံသာဆိုင်း၊ဆိုင်း၊ပုံသာဝိုင်း၊ ဝိုင်း' ဟူသော အနက်တို့သက်လာသည်။ **ပတ်တလား** ဆိုသည်၌သော် တီးခေါက်စရာ ဝါးအစိတ်အပိုင်း၊ အပြားအချပ်များကို **ပတ်** ဟုခေါ်လျက်ရှိသည်။

သီခြင်းနှင့် တီးကွက်အခေါ်များတွင် **ကြိုး** ဆိုသည်မှာ ကြိုးတပ်တုရိယာဖြစ်သော စောင်းဖြင့်ဘီးရန်, ဆိုရန်မူလအားဖြင့် ရည်ရွယ်၍ စီကုံးသော သီခြင်းနှင့် တီးကွက်ဖြစ်သကဲ့သို့၊ **ပတ်ပျိုး** ဆိုသည်မှာ ပတ်ဝိုင်းဖြင့် ဆန်းသစ်စွာ တီထွင် ပျိုးထောင်၍, တီးရသည့်တီးကွက်နှင့် သီခြင်းဖြစ်ကြောင်း ပညာရှိများမိန့်ဆိုလျက်ရှိကြသည်။ထို့နည်းတူစွာ **သီခြင်းခံ** ဆိုသည်မှာလည်း ပတ်ဝိုင်းဖြင့်ပင်အခြေခံ, မူရင်းအနေဖြင့် တီးရ, ဆိုရမည့် သီခြင်းနှင့် တီးကွက်ဖြစ်ကြောင်း၊ ချေတိုက်စိုးဦးတိုးရေး ရာမရကန်၊ ၃၆ တွင် 'ဘီးသံနှင့်မှတ်သံ၊ သီဘာဏ်နှင့်ကျက်ဘာဏ်၊ တိုင်းပင်ဆန်ကတဲ၊ကြိုးတသံတဲ့တသံ၊ ဗေဒင်ရွက်သံ၊ **ပတ်သီခြင်းခံ**၊ တချက်လှတ်လက်မြန်၊ချေနန်းသူ့လှန်းသံ၊ လင်းကွင်းကချက်မှန်၊ ဝါးလက်ခုပ်ကအရံ၊ မြိုင်လှသည့်နောက်ထိုင်သံ။' ဟူသော စပ်အင်ဝယ် **ပတ်သီခြင်းခံ** ဟူသောစကားအသုံးကိုထောက်၍သိရာ၏။အကယ် သီဆိုဘီးမှုတ်ရာတွင်လည်း၊ သီခြင်းခံများ၌ပတ်ဝိုင်းကသာ ရွှေဆောင်ကာ ပတ်လုံးများကိုတွဲ့၍ ပတ်သံ ပေါ်လွင် အောင် တီးရသော သီခြင်းနှင့် တီးကွက်ဖြစ်ချေသည်။

ပတ်၊ပတ်သာ၊ပတ်ဆိုင်း၊ပတ်ဝိုင်း စသောစကားတို့၏ အဓိပ္ပါယ်နှင့်အရေးအခေါ်သမိုင်းများကို ဤမျှသိရပြီးသော်၊ **ပတ်ဆိုင်း၊ ပတ်ဝိုင်း** များကို မည်သည့်အခါမှစတင် တီထွင် သုံးစွဲခဲ့သည်ကို နောက်ဆုံးတွင် ဆင်ခြင်ရပေဦးမည်။ တောင်ငူခေတ်၊ဘုရင်တပင်ရွှေထီးလက်ထက်တွင်ပတ်ဆိုင်းတီးလျက်၊ပတ်ဆိုင်းဆို

သောစကားကို သုံးလျက်ရှိကြောင်း ဆိုခဲ့ပြီ။ အင်းဝ စာဆိုကြီးများ ခေတ်တွင်လည်း၊ ဘုံခဏ်း၊ မဏ္ဍစိုးခဏ်းနှင့် ရွှေဟင်္သာမင်းပျို့တို့လာ 'ကြေးနောင်းစည်ပတ်၊ ဒုံမင်းနောင်ပ်တ်၊ တီးထောက်ပတ်စည်၊ ကြေးနောင်းပတ်စည်၊ ပတ်စည်စောင်းညှင်း' စသောစပ်အင်တို့ကိုထောက်သဖြင့် **ပတ်ဆိုင်း၊ပတ်ဝိုင်း** များ ပေါ်ထွန်းလျက်ရှိပြီဟုယူဖွယ်ရှိကြောင်းကိုလည်းဆိုခဲ့ပြီ။ ဤအချက်ကိုယင်းခေတ်စောစောပိုင်း သကရာဇ် ဂ၄၇ ခုနှစ်တွင်၊ဒုတိယမင်းခေါင်နှင့်မယ်တော်မိဖုရားကြီးတို့ရေးထိုးခဲ့သော၊စစ်ကိုင်းမြို့၊ရတနာစေတီကျောက်စာ၊ကြောင်းရေ ၄၀၊ ၄၁ တို့ဝယ် တွေ့ရသည့် အောက်ပါစကားများက ကောင်းစွာထောက်ခံလျက်ရှိသည်။

"ပန်တယာစောညို၏မြက်(မြစ် ?)၊ လင်းခွင်းသည်သား ဓမသော်၊ **ကြေးပတ်သည်**၊ တန်ဆောင်မုန်းတိကာ၊ **သရေပတ်သည်** စနေသားအဘာ။"

ဤတွင် **ကြေးပတ်သည်၊သရေပတ်သည်** ဆိုသည်တို့မှာ၊ **ကြေးဝိုင်းတီးသူ** နှင့် **ပတ်ဆိုင်း၊ပတ်ဝိုင်းတီးသူ** များ ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

ထိုခေတ်တွင်ပင် ရုပ်သေး သဘင်လည်း ပေါ်ပြီး ဟု ယုံကြည်ရန် ရှိသည်။ ရှင်မဟာ ရဋ္ဌသာရရေး တန်တားဦးမင်္ဂလာစေတီမဟာကွန်းတွင် 'ထိုမှတကြိုက်၊ ရထားဥ၌ကား၊ နှစ်ခြိုက်ဖွယ်ဖွယ်၊ ရုပ်ငယ်ထွေပြား၊ ရေသော်မျာ၏။' ဟူ၍ငင်း၊ 'နှစ်ပါးဖိုမ၊ တကွမကွာ၊ ကိုန္နရာတို့၊ တန်ဆာဆင်လျက်၊ပြိုးပြိုးပြက်သား၊နှစ်ဖက်တောင်ပံ၊ရွှေရည်ကျံသို့၊ လက်တံညှတ်မျှ၊ ဟန်ဆောင်က၏။' ဟူ၍ငင်း၊ 'ထိုမှတပါး၊ရုပ်ရှင်များလည်း၊စကားတမည်၊မဆိုသည်သာ၊ထူးပြားစွာ၏။' ဟူ၍ငင်း စပ်သည်တို့၌၊ရုပ်ငယ်၊ရုပ်ကြီးများကို စီမံပြုလုပ်ပြသလေ့ရှိကြောင်း ပေါ်ထွက်သည်ပြင်၊ ဂဝဖ ခုနှစ်ထိုး၊စစ်ကိုင်းမြို့၊တူပါရုံကျောက်စာ၊ ကျော၊ ၅၃၊၅၄ တို့တွင်လည်း ရေးလျက်ရှိသည်မှာ–

"**ပန်တယာ**မ သားအမိ၂ ယောက်၊**ညှင်းသည်** ငမောက်ငယ်၊....**ပန်တယာ**မပုလဲ.... **အရုပ်သည်** သျင်မည၊တပေည် ငသုမ်၊ငစည်၊ဖြူ၊တာ၊အောင်နိုင်၊ခင်လှကဲ၊သူချမ်းသာ၊တောင်ဖက်သာ၊ **အရုပ်သည်** ငရွှေဦး၊ ငမြလူ၊ ယသော၊ပငယ်၊ရွှေဦး၊ငသောက၊ငစနေ၊.... ပညာသည်အပေါင်း ၅ ကျိပ်။"

ဤတွင် **ပန်တယာ** (ပန်တျာ)၊**ညှင်းသည်** တို့ကိုဆိုပြီးနောက်၊ **အရုပ်သည်** အများကိုဆိုပြန်ရာ၊ **အရုပ်သည်** ဆိုသူတို့မှာခေတ်စကားဖြင့်စင်တော်ကြီးသား၊ ရုပ်သေးသမားများဖြစ်ရာသည်။ ဤအချက်ကို 'ပညာသည်အပေါင်း ၅ ကျိပ်' ဆိုသော စကားချုပ်က ထပ်၍ ထင်ရှားစေသည်။ ထို့ကြောင့် အင်းဝ ခေတ်သကရာဇ် ဂဝဝ ခန့်လောက်တွင် နောင်ခေတ်များတွင် အမြင့်သဘင်ဟုခေါ်၍ ယခုရုပ်သေးဟုခေါ်သောသဘင်များပေါ်ထွန်းလျက်ရှိပြီးလျှင်၊ယင်းနှင့်တွဲဖက်

တီးရန် ပတ်ဆိုင်းများလည်းပေါ်ပြီးဖြစ်ကြောင်းသိသာပေသည်။ထို့ထက်စော သော ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပန်းယ ခေတ်တို့၌သော် **ကခြေသဘင်** ဟုခေါ် သောပဲ့များ ပေါ်ထွန်းလျက်ရှိသော်လည်း မည်သည့်တုရိယာ အခဲ့အစည်းများ ဖြင့်တီးမှုတ်ကပြကြသည်ကိုသော် မသိသာခဲ့။

၅၅၉ ခုစဲ့၊ ပုဂံမြို့၊ သင်္ဃေးမုတ်ဂူကျောက်စာ ၁၂ တွင် ' ကုလာ ကခြိယ် ၅ (ကုလားကခြေ ၅)'ဟူ၍ဂင်း၊ ၅၆၉ ခုစဲ့၊ ပုဂံမြို့၊ ခေမာဝရဖုရား ကျောက်စာ၊ ၄ တွင် 'ကခြိယ်သဘင်(ကခြေသဘင်)'ဟူ၍ဂင်း၊ ၆၆၁ ခုစဲ့၊ ပုဂံမြို့၊ ဆုတောင်း ပြည့်ဖုရားကျောက်စာ၊ကျော၊၄ တွင် 'သမ်ီကခြိယ်သည် (သမ်ီးကခြေသည်)'ဟူ၍ ဂင်း၊ ရေးလျက်ရှိသည်တို့မှ ထိုခေတ်တွင် ကခြေ သဘင်များ ပေါ်ထွန်းလျက်ရှိ ကြောင်းသိရသည်။သို့ရာတွင် တုရိယာ,ပန်တျာများနှင့် စပ်လျဉ်း၍သော် စည်၊ ပသာ၊ခွက်ခွင်း၊ခရာ၊နရည်းစရာ၊နောင်နင်း၊ချျု၊သံကောက်ဟုခေါ်သော တပိုး, ဝါ,ခရာကောက်၊စန္ဒရားဟုခေါ်သောလေးထောင့်စောင်းပြား၊စောင်းဟူသည် တို့ကိုတွေ့ရ၍၊ စည်,ပသံာနှင့် ခွက်ခွင်းတို့ကို တွဲဖက်တီးကြောင်းသိရသည်။ ယင်း တီးဝိုင်းတွင် ခရာလည်း တခါတရံ ပါပေမည်။ နရည်းစရာ ဆိုသည်တွင် ကြေး နောင်းရှစ်ချပ်မျ စီတန်းလျက်ပါဟန်ရှိသည်။ယင်းနှင့်အတွဲအဖက်များမှာ စည်, ခွက်ခွင်းတို့ဖြစ်၍ တခါတရံ သံကောက်ခေါ် ခရာကောက်လည်းပါပေမည်။ ဤ အကြောင်းအရာများကို အခြားအဖွင့်များတွင်ဆိုခဲ့ပြီးဖြစ်သဖြင့် ဤ၌သက်သေ အထောက်အထားများကိုမတင်ပြတော့ပေ။ နရည်းစရာဝိုင်းတွင် **စည်** ဆိုသည်မှာ စည်ကြီး ဟုတ်ပုံမပေါ်၊ နရည်းစရာသံနှင့်လိုက်ဖက်မည့် ပတ်သာကဲ့သို့သော စည်သေးများသာ ဖြစ်တန်ရာသည်။ စည်တီးဝိုင်းတွင် **ပသာ** ဆိုသည်မှာလည်း သာယာသောအသံရှိသည့် ပတ်ငယ်၊စည်ငယ်၊ ယခုခေတ်၌ခေါ်ပုံကဲ့သို့ လုံးချင်း သာလျင်တီးသည့်ပုံဖြစ်ရာသည်။ နရည်းစရာတီးဝိုင်းတွင် စည်ဟုခေါ်သော စည် ငယ်သည် ပတ်သာနှင့်အတူပင်ဖြစ်၍ နောင်ယင်း၏ အရေအတွက်နှင့်နရည်းစရာ ခေါ် ကြေးနောင်း၏အရေအတွက်များကိုပွားများ,ချဲ့ထွင်,ဝန်းဝိုင်း,ဆွဲဆိုင်း,စီ စဉ်ပြီးသော်၊ ကြေးဝိုင်းနှင့်ပတ်ဝိုင်းတို့ကို အဓိကထားကာ၊ခရာအစား နဲ့ကိုထည့် သွင်းတီးမှုတ်သည်မှ၊ **ပတ်ဆိုင်း** ဖြစ်ပေါ်လာသည်ဟု တွေးထင်မှတ်ယူဖွယ်ရှိ သည်။ ဆိုလိုရင်းမှာ ပုဂံခေတ် နရည်းစရာ တီးဝိုင်းသည်၊မျက်မှောက်ခေတ် ပတ် ဆိုင်း,ပတ်ဝိုင်း၏အကင်းဖြစ်၍၊ ယင်းနရည်းစရာတီးဝိုင်းကို ချဲ့ထွင်ကာ ကောင်း သည်ထက်ကောင်းအောင် ဖန်တီးလာသည်မှ အင်းဝခေတ်ဦးလောက်တွင် ပတ် ဆိုင်း,ပတ်ဝိုင်းများ ဖြစ်ပေါ်လာသည်ဟူသတည်း။

၆၂။ ပဒေသာ

ယခုခေတ်တွင် **ပဒေသာ** ဟုအရေးအခေါ်ခိုင်မြဲနေတော့သောပုဒိကို၊ ရှေးပုဂံခေတ်၌ **ပတည်သာ** ဟုရေးခေါ်ခဲ့သည်။ယင်းအရေးကို ပုဂံမြို့၊လေးမျက်နှာစေတီ၊အနောက်မျက်နှာ၊မင်းအနန္တသူကျောက်စာ၊ကြောင်းရေ ၃၁ တွင်'စည္သဖင်မွတ်နှင့် **ပတည္သာ** မှောက် စာရိယ်ကြအော် (စည်သဖင်မြတ်နှင့် ပတည်သာ မှောက်စာရေးကြ၏)။'ဟူသော လူအမည်၌ ရှေးဦးစွာတွေ့ရသည်။ ထို့နောက် ပုဂံခေတ် ကုန်ခါနီးလောက်တွင်ထိုး၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိ ကျောက်စာ၊ ကြောင်းရေ ၁၅၊ ၁၆ တို့တွင် 'ရှုပန်ငုယ်ပန်ခွက်ပုဆိုဝ်ဆုယ်သော **ပတည်သာ** လေပုစဝ်၏(ရှေပန်းငေပန်း ခွက် ပုဆိုးဆွဲးသော ပတည်သာလေးပုစော်၏)။'ဟူသောအလှူဝတ္ထုစာရင်းတွင် တွေ့ရပြန်သည်။ပင်းယခေတ် သကရာဇ် ၇၃၇ ခုနှစ်၊ ပင်းယရွှေစည်းခုံကျောက်စာ၊၁၁ ၌ တဖန် 'ရှယ်ပတည်သာ ငုယ်ပတည်သာလေပြု၏၊ 'ဟု ရေးသည်ကို တွေ့ရပြန်သည်။ ဤ မဟာဗောဓိနှင့် ပင်းယ ရွှေစည်းခုံကျောက်စာတို့၌သော် **ပတည်သာ** ဆိုသည်မှာ မှောက်မှောက်ခေတ်၌ကဲ့သို့ အလှူဝတ္ထုအမျိုးမျိုးဆွဲဆိုင်းထားသည့်အပင်ကြီးကဲ့သို့သောအရာဖြစ်ကြောင်းသိသာပေသည်။ မြောက်ကျွန်းသူတို့သည် မိမိတို့အလိုရှိသောအရာများကို ဤပဒေသာပင်ကဲ့သို့သောအပင်များ၌ သီးပွင့်နေသည်မှ အလွယ်တကူဆွတ်ယူသုံးဆောင်ကြရသည်ဟု ဗုဒ္ဓဝါဒီမြန်မာလူမျိုးများ ယုံကြည်ပြောဆိုလေ့ရှိသည်။

ပတည်သာ၊ပဒေသာဟူသောအရေးနှစ်ရပ်အနက်၊နောက်အရေး**ပဒေသာ**က ပို၍ သင့်သည်။ အဘယ်ကြောင့် ဆိုသော် ယင်းစကားသည်၊ ပါဠိဘာသာ **ပဒေသန**၊ သံသကြိုဠ်ဘာသာ **ပြဒေဇန** ပုဒ်သက်ဖြစ်သည်။ယင်းပုဒ်တို့၏အနက် 'လက်ဆောင်၊ပဏ္ဏာ၊အလှူ၊ဒါန'ဟောသာဖြစ်ရာ၊ **ပဒေသာ** ၏ အနက်ရင်းမှာ 'အလှူ၊ဒါန'ဟောသာလျင်ဖြစ်သင့်၍၊ ထိုမှ'လှူဖွယ်ဝတ္ထုအမျိုးမျိုးကို အပင်မှအသီးအပွင့်များသဖွယ် ဆွဲဆိုင်းစီမံထားသောအလှူဒါန'ဟောသို့သက်လာ၍၊ ထိုမှတဖန် 'ဆွဲဆိုင်းထားသော လှူဖွယ်ဝတ္ထုအမျိုးမျိုး'သို့သက်လာသည်ယူသင့်၏။ 'သီခြင်းပဒေသာ၊ ကုန်ပဒေသာ၊ အကပဒေသာ'စသော အသုံးအနှုန်းတို့၌သော်၊ **ပဒေသာ** ၏အနက် '**အမျိုးမျိုး၊ကောင်းမြတ်သောအရာအမျိုးမျိုး**'သို့ တဆင့်သက်ပြန်သည်ယူရာသတည်း။

၆၃။ ပနက်၊ကနက်

နန်းတော်, အိမ်တော်, တန်ဆောင်း, ကျောင်း စသော အဆောက်အဦကြီး များကို၊စက္ကူပုရပိုက်စသည်တို့အပေါ်၌ ပုံရေးဆွဲပြီးနောက်၊ယင်းပုံအတိုင်း မြေ မျက်နှာပြင်ပေါ်၌ တိုင်းတာ, ရာထား,မှတ်သား သည်ကို **ပုံကိုင်သည်** ခေါ် သည်။ သို့ဖြင့် ဦးကုလား မဟာရာဇဝင်တော်ကြီး၊တတိယအုပ်တွင် 'သဘင်နန်း တော်ပုံကိုင်သည်, မဟာရံတန်ဆောင်းပုံကိုင်သည်, ရွှေနန်းတော်ပုံကိုကိုင်၏။'ဟူ သောစကားအသုံးအစွဲများကိုတွေ့ရသည်။ ဤသို့ပုံကိုင်ရာ၌ အရေးကြီးသောအ ချက်အချာနေရာတို့တွင် တုတ်ချောင်းငယ် များစိုက်၍ မှတ်သား ထားသည်ကို ပနက် စိုက်သည်, ပနက် ရိုက်သည် ဟုဆို၍, မှတ်သားရန် စိုက်ထားသော တုတ် ချောင်းငယ်ကိုသော် **ပနက်** ဟူ၍ငင်း, **ပန္နက်** ဟူ၍ငင်း မျက်မှောက်ခေတ်နှင့် နှောင်းခေတ်များတွင် ခေါ်ဆိုသည်။သို့ရာတွင်ရှေးခေတ်များ၌ယင်းအချောင်း ငယ်ကို **ကနက်** ဟုခေါ်ဆိုခဲ့သည်။ ဂ၇၂ ခုစဲ့၊အဝမြို့၊ရွှေနန်းကြော့ရှင်နန်းတည် အခမ်းအနားကျောက်စာ၊ဇကြောင်းရေ ၆ဂ ၌, ဤသို့ပင် ' တံမျဉ်ကြိုဝ်တိုဝ်ဖြင် တန်ပြီသော၊ရွှေကနက် ငွေကနက် နှက်စေ၏၊ထိုကနက်တိုင်တိုဝ်နှိုက် ရွှေခြည် ငွေ ခြည်(ဖွယ်)ပြီသော(တံမျဉ်းကြိုးတို့ဖြင့် တန်းပြီးသော်၊ ရွှေကနက်ငွေကနက် နှက် စေ၏။ထိုကနက်တိုင်တို့၌ ရွှေခြည် ငွေခြည်ဖွဲ့ပြီးသော်)'ဟု ရေးလျက်ရှိသည်။

ကနက် ပုဒ်သည် မွန်ဘာသာတွင်ထို့အတိုင်း ' မြေကြီးထဲသို့ စိုက်ထားသော အချောင်းတို့ အချောင်းငယ်'ဟော **ကွက်** ပုဒ်သက်ဖြစ်သည်။သို့ရာတွင် မြန်မာ ဘာသာ၌ ယင်း **ကနက်** ပုဒ်သည် 'ရွှေထီးကနက်၊ထီးဖြူကနက်၊ထီးနန်းကနက်' စသော ပါဠိဘာသာ **ဆ္ဆ** ဟော **ကနက** ပုဒ်သက်၊မြန်မာဘာသာ၌ ' ရွှေရိုးရှိ ထီးဖြူ'ဟော 'ကနက်ကတန်၊ကနက်ကဒဏ်'ဟု ရေးလေ့ရှိသော **ကနက်** ပုဒ်နှင့် ကဲ့ပြားစိမ့်သောငှာ **ကနက်** ဟူသော မူလအရေး,အရေးမှန်မှ **ပနက်၊ပန္နက်**ဟူ သောအရေးတို့သို့ အင်းဝခေတ်နောက်ပိုင်းမှစ၍ ပြောင်းလဲလာခဲ့သည်။ **ပနက်** ဟူသောအရေးကို ၁၀၁၁ ခုစဲ့၊ စစ်ကိုင်းမြို့၊ရာဇမဏ္ဍိုဋ္ဌာကျောက်စာ၊ ၃၂ တွင် စတင်တွေ့ရ၍၊ **ပန္နက်** ဟူသောအရေးကိုကားဦးကုလားမဟာရာဇဝင်တော်ကြီး တွင် တွင်တွင်တွေ့ရသည်။ **ကနက်** မှ **ပနက်၊ပန္နက်** သို့ပြောင်းလဲ ရေးလိုက် သ ဖြင့် ' ရွှေရိုးရှိထီးဖြူ'ဟော **ကနက်၊ ကနက်ကဒဏ်** ပုဒ်တို့မှ ကဲ့ပြားသွားသော် လည်း၊'ဆုတောင်း၊ဆုပန်၊လေးနက်စွာဆုတောင်း,ဆုပန်'ဟော **ပန်နက်၊ပနက်** ပုဒ်တို့နှင့်တဖန်ရောထွေးလာပြန်သည်။သို့ဖြင့်ယင်း 'မှတ်သားရန်စိုက်သည့် တုတ် ချောင်းငယ်'ဟောပုဒ်ကို ယင်း၏မူလ မွန်ပုဒ် **ကွက်** နှင့်လည်း နီးစပ်၍၊ မြန်မာ

ဘာသာ၌ ယင်း၏ကနဦးအရေးအခေါ်အတိုင်းလည်းကျသည့် **ကနက်** ဟူသော စကားဖြင့်ပင်ပြန်လည်ရေးသားသုံးစွဲသည်က အမှတ်ရလည်းလွယ်၊အမှန်အတိုင်း လည်းကျသဖြင့် အကျိုးများရာသည်။

ယခုခေတ်တွင် **ပနက်** နှင့်စပ်လျဉ်း၍ **ပနက်သည်း**(ကနက်သဲ)၊**ပနက်သည်း ရိုက်** (ပနက်သဲရိုက်)ဟုလည်းဆိုလေ့ရှိသည်တွင်၊ **သည်း** (သဲ)ပုဒ်ကို **အသည်း** (အသဲ)ဆိုသည်တို့၌ကဲ့သို့ 'အချက်အချာ၊အညှာ'ဟူသော အနက်ဖြင့်သော်၎င်း၊ **ခြေသည်း၊လက်သည်း** ဆိုသည်၌ကဲ့သို့ 'အကွပ်,အအုပ်၊ အရှည်၊အသွယ်'အနက် ဖြင့်သော်၎င်း ယူရအံ့သို့ ရှိသည်။ ထိုနည်းတူစွာ ဖိနပ်တွင်လည်း 'အချက်အချာ၊ အထိန်းအချုပ်,ဝါ,အကွပ်,အအုပ်'ဖြစ်သောကြိုးကို **သည်းကြိုး၊သဲကြိုး**ဟုခေါ်ဆိုလျက်ရှိသည်။ **ပနက်** မှ **ကနက်** သို့မူလအတိုင်း ကျအောင် ပြောင်းလဲ ရေးခေါ်သော်၊ ယင်း ပုဒ်ကိုလည်း **ကနက်သည်း** (ကနက်သဲ) ဟု ရေးခေါ်ရာသတည်း။

၆၄။ ပန်း၊ပမ်း

မြန်မာဘာသာ၌ **ပန်း** ပုဒ်ပေါင်းများစွာနှင့် **ပမ်း** ပုဒ်အနည်းငယ်မျှရှိသည်တွင်၊အချို့သောအရေးတို့ဖေါက်ပြန်ရောထွေးမှားယွင်းနေသည်ကိုတွေ့ရသည်။

"ကြိုးစား၊အားထုတ်၊လုံ့လပြု"ဟော **ကြိုးပမ်း** တွင် **ပမ်း** အရေး **မ** သတ်ဖြင့် သေဝပ်ခိုင်မြဲနေသော်လည်း၊ယင်းအနက်အတိုင်း ဟောပုဒ်ကိုသော် **လုံးပန်း** ဟု **ပန်း** ကိုနသတ်ဖြင့်ရေးကြ၊အရေးပြကြပြန်သည်။ဤသို့ဖြစ်ရသည်မှာ စကားတို့၏ဗျုပ္ပတ်နှင့် အနက်,အကြောင်းယုတ္တိ,စသည်တို့ကို မစူးစမ်းပဲ၊ ကဗျာစပ်အင်တို့အပေါ်၌သာ မှီခိုအားကိုးခဲ့ကြသောကြောင့်ဟုဆိုရပေမည်။ ဤသို့ **ကြိုးစား** ဟော **ပမ်း** ပုဒ် ခိုင်မြဲနေပါလျက်၊ **လုံးပန်း** ဟုရေးကြ၊ အရေးပြကြသည်မှာ ကိုးခဏ်းပျို့တွင် 'နားမထောင်အီ၊ ထိုဗာဟီကိုးချီချီချချ၊ သင်အပ်စွဟု၊ **မွေးဖ လုံးပန်း**၊ မတိုက်တွန်းနှင့်၊ 'ဟု သျင်ရဋ္ဌသာရ ဆရာတော်က တီထွင် စပ်ခဲ့သော ကြောင့်ဖြစ်သည်။ဤတွင် **လုံးပန်း** ၏အနက် 'ကြိုးစား၊အားထုတ်'ဟောပင်ဖြစ်သဖြင့် **လုံးပမ်း** ဟုသာရေးသင့်ချေသည်။ **လုံးပန်း** ဟုရေးဆိုလျှင် 'လုံ့လပြုသည်၊မော်ပန်းသည်၊အားထုတ်မောဟိုက်'ဟု အနက်ထွက်ပေမည်။သို့ရာတွင်ဤအနက်ကို ဤ၌လိုပုံမရ၊ကြိုးစားအားထုတ်ခြင်းကိုပင် ဆိုလိုပါလျက်၊နေ့ခက်ယူရမည့်ကာရန် 'တိုက်တွန်း'ကိုငဲ့ကာ **လုံးပန်း** ဖြစ်သွားသည်ဟုသာထင်ဖွယ်ရှိသည်။

ဤကဲ့သို့သောစပ်အင်မျိုးကို ထုံးပြု၍လိုက်နာတင်ပြသင့်အံ့မထင်၊သူ့နေရာနှင့်သူ သာအနက်ရအောင် ကောက်ယူဖေါ်ပြမှတ်သားထားသင့်သည်ထင်၏။

လက်ဝှေ့လက်ပန်း ဟုရေးသင့်သည်ကိုလည်း **လက်ဝှေ့လက်ဿမ်း** ဟုယခု အများအားဖြင့် အရေးပြလျက် ရှိကြသည်။ ဤ ကဲ့လဲ့ချက်မှာ ကြာမြင့်လေပြီ။ ကျောက်စာများတွင်ပင် ကဲ့လဲ့ချက်ရှိသည်ကိုတွေ့ရသည်။

(၁)။ "မရေတွက်နိုင်၊ အဆိုင်ဆိုင်သော လက်ပွေ့လက်ပမ်း၊ ကျမ်းပန်တ ယား၊တိုင်တက်ထားမျိုစသော များစွာသောသဘင်တို့ကိုလည်းပြုစေ၏။" ။ ခေတ်ရေးနည်းသို့ ဖလှယ်ပြီး၊ ၁၀၁၁ ခုထိုး၊စစ်ကိုင်းမြို့၊ရာဇမဏိစူဋ္ဌာ ကျောက် စာ၊၃၅။

(၂)။ "လက်ပွေ့လက်ပန်း၊ကျမ်းပန်တယား၊တိုင်တက်ကြိမ်လျောက်၊ထား မြောက်ထားမြို့၊ထားလျှိုထားကွင်း၊တိုင်ဆင်းတုံးချိစသော များစွာသော မင်းပွဲ တို့ကို စီရင်ကုန်ရ၏။" ။၁၁၃၉ ခုစွဲ၊အဝမြို့၊မိုးထိကျောင်းကျောက်စာ၊ကျော၊ ၂၂။

(၃)။ "ကျမ်းထိုးတိုင်တက်၊ ပချုပ်ဌက်ထွက်၊ သရက်သီးဆွတ်၊ လမွယ်မြွေ ဖမ်း၊လက်ပန်းလက်ပွေ့။" ။၁၁၈၅ ခုစွဲ၊ အဝမြို့၊ မဟာအောင်မြေဘုံသာ ကျောင်း ကျောက်စာ၊၇၇။

ကဗျာများအနက်၊ပါရမီတော်ခဏ်းပျို၊၁၉တွင်'လွေ့လွေ့ရမ်းရမ်း၊မြောက် သည်ဝမ်းဖြင့်၊လက်ပမ်းဟန်လှ၊ဆိုင်စဉ်ပြသို့၊'ဟူ၍ငင်း၊ဘူရိဒတ်ဇာတ်ပေါင်းပျို၊ ၆၁ ၌ 'လက်ရှစ်လက်ပန်း၊တဖျင်သန်းတည့်၊သွမ်းမှန်းမသိ၊'ဟူ၍ငင်း၊ ငင်းနိဂုံး၌ 'လက်ဝှေ့လက်ပန်း၊အကျန်းအကြော့၊အပေါ့အပါး။'ဟူ၍ငင်း၊ကုသပျို၊ ၁၁၆ ၌'သူရဲအစွမ်း၊ ဗလီဖမ်းလျက်၊ လက်ပမ်းလက်ဝှေ့၊ ခုန်ဆွဲလက်ရှစ်၊ 'ဟူ၍ငင်း၊ မဟာသုတသောမပျို၊၁၂ ၌ 'ပန်ချိပန်ရန်၊စွမ်းသန်ဝန်ထမ်း၊ကျမ်းလက်ပန်းက၊ မျက်လှည့်စသည်၊'ဟူ၍ငင်း၊နှစ်မျိုးစလုံးပင် စပ်လျက်ရှိသည်။

ဤစကားများတွင် **လက်ဝှေ့** နှင့် **လက်ပွေ့** အနက် **လက်ဝှေ့**သည် မူလ ဖြစ်သင့်သည်။ **လက်ဝှေ့**တွင် **ဝှေ့**ပုဒ်မှာ **နွားဝှေ့၊ကျဲဝှေ့၊ဆင်ဝှေ့၊လေပွေ့ ဝှေ့** ဆိုသည်တို့၌ကဲ့သို့ 'အားအရှိန်ဖြင့် တွန်းထိုး၊တိုက်'ဟောဖြစ်သည်။ **ဝှေ့မှ နွားခွေ့** ဆိုသည်၌ **ခွေ့**သို့ငင်း၊ **လက်ပွေ့**ဆိုသည်၌ **ပွေ့** သို့ငင်း၊ အရေးအသံ ပြောင်းလဲသွားသည် ယူသင့်သည်။ထို့ကြောင့် တယောက်နှင့်တယောက် လက် သီးဖြင့် သော်ငင်း၊ လက်ချေ၌ဦးခေါင်း အင်္ဂါသုံးပါးစလုံးဖြင့် သော်ငင်း၊ ထိုး ခတ်ပုတ်သတ်ခြင်းကို **လက်ဝှေ့**၊ **လက်ပွေ့** ဟု ခေါ်သည်ယူရ၏။

လက်ပန်း၊ ဝါ၊ **လက်ပမ်း** ဆိုသည်မှာ တယောက်နှင့်တယောက်လက်သီး၊

ဝါ၊လက်ခြေဦးခေါင်းဖြင့် ထိုးခတ်ပုတ်သတ်ခြင်းမပြုပဲ၊လက်ဖြင့်သာ ဖမ်းကိုင်ပွေ့ဖက်၍ မြေသို့လဲချခြင်းဖြစ်သည်။ ခေတ်စကားဖြင့်ဆိုသော် **နပန်းလုံးခြင်း** ဖြစ်သည်။ ဤသို့ပြုခြင်းကို **လက်ပမ်း** ဟုရေးသော်၊ **ပမ်း** ၏အနက် 'ကြိုးစား, အားထုတ်,လုံ့လပြု'ဟု သာရှိသဖြင့် **လက်ပမ်း** ၏ အနက် 'လက်ဖြင့် ကြိုးစား, အားထုတ်,လုံ့လပြုခြင်း'ဟုသာပေါ်ထွက်ချေမည်။သို့ရာတွင် မွန်ဘာသာ၌ **ဗန်** ဟုရေး၍၊ **ပန်း** ဟု **ပ** စောက်သံဖြင့်ရွတ်ဆိုသောပုဒ်ရှိရာ၊ယင်း၏အနက်မှာလက်ဖြင့် 'ဖမ်း,ဖက်,ပွေ့,ပိုက်'ဟော ဖြစ်သည်။ **လက်ပန်း** ဟု ရေး၍၊ **ပန်း** ပုဒ်ကို ယင်းမွန်ဘာသာ **ဗန်** ပုဒ်သက်၊'ဖမ်း,ဖက်,ပွေ့,ပိုက်'ဟောဟုယူသော်၊ **လက်ပန်း** ၏အနက်ကို အထက်၌ဖေါ်ပြခဲ့သည့်အတိုင်း, တိကျပြည့်စုံစွာ'လက်ဖြင့်ဖမ်းကိုင်ပွေ့ဖက်ခြင်း'ဟုရအပ်၏။မွန်ဘာသာ၌လည်းဤသို့ **နပန်းလုံး** ခြင်းကို **လက်ဗန်** ဟုပင်ရေးဆိုလျက်ရှိသည်။

တဖန်ယခုခေတ်တွင် **နပန်းလုံး** ဟု နသတ် **ပန်း** ဖြင့် အရေးကြိုက်ညီလျက်ရှိသောစကားတွင် **နပန်း** သည်ပင် **လက်ပန်း** ပုဒ်သက် ဖြစ်ချေသည်။ **မင်းလုလင်** ကို **မင်းနုလင်**၊ **လုလင်ကျော်မြစ်** ကို နုလင်ကျော်မြစ်၊ **လက်သစ်, လက်သန်** ကို **နက်သန်** (ဘူမိလက်သန်၊ဘူမိနက်သန်) ဟု၊ **လ** နှင့် **နှ** တို့ကို ပြောင်းလဲ ရေးဆိုသည့်နည်းတူ **လက်ပန်း** မှ **နပန်း** သို့ ပြောင်းလဲလာသည်ဟု သင့်သည်။

ဖေါ်ပြပါ အကြောင်းများကိုထောက်ဖြင့် **လက်ဝှေ့,လက်ပန်း** အရေးသည်သာမူလအမှန်ဖြစ်၍၊ **လက်ဝှေ့,လက်ပမ်း** ဟူသောအရေးမှာ၊နောက်၌ပါလေ့ရှိသော'ကျမ်းပန်တယား၊ကျမ်းပန်တယား(ကြမ်းပန်တျာ)'နှင့်ကာရန်ယူလိုသဖြင့်သာ အရေးဖြစ်ပေါ်ပြောင်းလဲလာသည်ထင်ဖွယ်ရှိသည်။

လက်ဝှေ့,လက်ပန်း ဟူသောအရေးမှန်ကိုရပြီးသော်၊ ယခုခေတ်တွင်အရေးအပြများနေသော **လက်ပမ်းပေါက်ခတ်** ဟူသောအရေး၏ မှားယွင်းချွတ်ချော်ချက်ကိုသိမြင်နိုင်ရာ၏။လက်ဝှေ့ထိုးကာနီး၊လက်ပန်းချကာနီးတွင် **လက်မောင်းရင်း** ကိုလက်ဝါးဖြင့်ပုတ်ခတ်၍အသံမြည်စေသည်ကို **လက်ပန်းပေါက်ခတ်**၊ဝါ၊ **လက်ပမ်းပေါက်ခတ်** ဟုဆိုရာ၊ **လက်ပန်း** သည်သာ အရေးမှန်,စကားမှန်ဖြစ်သင့်သည်။ **လက်ပန်းပေါက်** တွင် **ပေါက်** ပုဒ်သည်၊ **မီးပန်း မီးပေါက်**၊ **အီးပေါက်** ဆိုသည်တို့၌ကဲ့သို့ 'တစုံတရာပွင့်ထွက်,ပေါက်ကွဲ၍ အသံမြည်၊အသံမြည်'ဟောဖြစ်ရာ၊ **လက်ပန်းပေါက်ခတ်** ၏အနက်'လက်ပန်းချရန်အသံမြည်အောင်(လက်မောင်းရင်းကို)ရိုက်ခတ်' ဟုကောက်ယူရာ၏။ ထို့ကြောင့်ယင်းစကားကို အရပ်သုံးအနေဖြင့် **လက်ခမောင်းခတ်** ဟုဆိုပြန်သည်။ **လက်ခတ်၊မောင်းခတ်**

မှ **လက်ခမောင်းခတ်** ဖြစ်လာပုံ ပေါ်သည်။ **လက်ပန်းပေါက်** ကိုပင် တဖန် **မလမ်းပေါက်** ဟု ယခု ရေးဆိုလျက်ရှိခြင်းမှာလည်းမသင့်။ **မလန်းပေါက်** ဟု ရေးမှ၊မူရင်းအရေးမှန် **လက်ပန်းပေါက်** နှင့်ကိုက်ညီပေမည်။

လက်ပမ်းကျ ဟူသော မသတ်ဖြင့်အရေးမှာထို့အတိုင်းပင်သင့်ပုံပေါ်သည်။ **လက်ပန်းကျ** ဟုရေး၍ **လက်ပင်ပန်းကျဆင်း** ဟုဆိုခြင်းထက် **လက်ပမ်းကျ** ဟု ရေး၍ **လက်၏ကျိုးပမ်းအားထုတ်မှုကျဆင်း**ဟုဆိုခြင်းကပို၍သင့်အံ့သို့ရှိသည်။

ကျန် **ပန်း** ပုဒ်များအနက် **လေပန်း၊သေးပန်း၊ချေးပန်း၊သွေးပန်း** တွင် 'အရှိန်,အဟုန်ဖြင့် တစုံတရာ စီးကူန်ထွက်,စီးကူန်ထွက်စေ'ဟောပုဒ်၊ 'မောပန်း၊ ပန်းတိုက်'တွင်'မော၊အင်အားကုန်ခန်း'ဟောပုဒ်၊'စံပယ်ပန်း၊နှင်းဆီးပန်း၊သပြေ သန်း၊ရွက်လှုပန်း'စသည်တွင် 'အပွင့်၊လှုပသောအရွက်,အညွှန့်စသည်'ဟောပုဒ်တို့ကို အကျယ်ဖွင့်ရန်မလိုချေ။ ပန်းတိုင်သို့အလျင်ရောက်အောင် ပြေးသည်ကို **ပန်းပြေး** ဟု ခေါ်ဆိုသည်။

'ပုံပန်း၊ပန်းပြ'တွင် **ဓနိ** ပုဒ်မှာ **ပုံ၊အသွင်၊ သဏ္ဌာန်** ဟော၊ 'ခါးပန်း၊ ဖေးပန်း၊ရွှေကပန်း'တွင် **ပန်း** ပုဒ်မှာ 'ပတ်၊ဝိုက်၊ပတ်ဝိုက်ကာဆည်း'ဟော ဖြစ်သည်။ **ဝမ်းပန်း(တသာ)**ဆိုသည်တွင် **ပန်း** မှာ ဤ **ပတ်၊ဝိုက်** ဟောပုဒ်ပင်ဖြစ်သင့်သည်ထင်၏။ ဝမ်းပိုက်ဟုဆိုသည်ကိုထောက်ရာ၏။ **ဝမ်းပိုက်** တွင် **ပိုက်** မှာလည်း **ဆိုက်၊ ပိုက်** အဖွင့်တွင် ဖေါ်ပြခဲ့သည်အတိုင်း **ပတ်၊ ဝိုက်** ဟောပင်ဖြစ်သည်။

ဆွမ်းပန်း၊ကွမ်းပန်း၊ ဖေါင်ပန်း၊လမ်းပန်း ဆိုသည်တို့၌ **ပန်း** ပုဒ်များမှာ မြန်မာစကားရင်းများ ဟုတ်ပုံမပေါ်။ **ဆွမ်းပန်း၊ ကွမ်းပန်း** တွင် **ပန်း** ပုဒ်မှာ ပါဠိဘာသာ **ပုဏ္ဏ** ပုဒ်ပျက်၊ မွန်ဘာသာ **ကုသိုလ်၊ကောင်းမှု** ဟော **ပိုန်** ဟု ရေး၍၊ **ပန်း** ဟုဖတ်သော ပုဒ်ဖြစ်ဟန်ရှိသည်။ **ဖေါင်ပန်း** တွင် **ပန်း** ပုဒ်မှာ တရုတ်ဘာသာ၊ **သစ်ဖေါင်၊ဝါးဖေါင်၊လှေဖေါင်** ဟော **ဖင်၊ဖေါင်** ပုဒ်၊မိကိရ ဘာသာတွင် **ဖေါင်** ဟော **ဖန်** ပုဒ်တို့နှင့် မိတ်တူ၊ **ဖင်၊ဖန်** ပုဒ်သက်ဖြစ်တန်ရာသည်။ **လမ်းပန်း** တွင် **ပန်း** ပုဒ်မှာလည်း၊ တရုတ်ဘာသာ **လယ်ကြားလမ်း၊ ဖေးလမ်းခွဲ** ဟော **ပန်၊ဖန်** ပုဒ်သက်ဖြစ်ပိမ့်လောဟုထွေးထင်မိ၏။

နှင်းပန်းနိုး ဆိုသော စကားလည်း ရှိပေသေးသည်။ ပါရမီတော်ခဏ်းပျို၊ ၁၄၆ တွင် 'မြေငလျင်ကား၊ လောင်လင်ရွတ်ရက်၊ဧးယဉ်စက်နှင့်၊ ပုခက်နှင်းပန်း နိုး၏တည်း။'ဟုဆိုသည်၌ **နှင်း** ပုဒ်သည် **နှိုင်း၊ နှုန်း၊ နှန်း** တို့နှင့် မိတ်တူ၊ **ပြိုင်၊ ယှဉ်** ဟော၊ **ပန်း** ပုဒ်သည် **ပုံပန်း** ဆိုသည်၌ကဲ့သို့ **အသွင်၊သဏ္ဌာန်** ဟော။ ထို့ကြောင့် **နှင်းပန်း** ၏အနက် **အသွင်ချင်းပြိုင်, ယှဉ်၊ အသွင်ချင်းတူ, ဆင်**

ဟုယူရာ၏။ **နိုး** ၏ အနက်မှာ'လာနိုး၊ရနိုး'ဆိုသည်တို့၌ကဲ့သို့ **ထင်၊ မှတ်** ဟော ဖြစ်ရာ၊ **နှင်းပန်းနိုး** ပုဒ်တခုလုံး၏ အနက်ကို ' အသင်ချင်းပြိုင်ယှဉ်,တူဆင်သည် ထင်,မှတ်'ဟောဟုယူရာ၏။

သို့ဖြင့်နောက်ဆုံးတွင် **ကြိုးပမ်း၊ လုံးပမ်း၊ လက်ပမ်းကျ** တို့တွင်သာ **ပမ်း** ဟု **မ** သတ်ဖြင့်ရေး၍၊ ကျန် ပုဒ်အားလုံး၊ အထူးသဖြင့် **လက်ဝှေ့လက်ပန်း၊ လက်ပန်းပေါက်ခတ်** တို့တွင်သော် **ပန်း** ဟု **န** သတ်ဖြင့်သာ ရေးသင့်သည် ဆို ရာသတည်း။

၆၅။ ပလွေ၊ပုလွေ၊ပွေ

ပလွေ၊ပုလွေ၊ပွေ ဟူသောလေတုရိယာ၏ သုံးမျိုးသော အရေးအခေါ်တို့ ကို ပုဂံခေတ်နှင့် အင်းဝခေတ်ထိုး ကျောက်စာတို့တွင် အံ့လျင်းပင် မတွေ့ရသော် လည်း၊ ပုဂံမြို့၊ကျန်စစ်မင်းတည် အာနန္ဒာလှိုင်အတွင်း ဗုဒ္ဓဝင်ကျောက်ချပ် တခု တွင်၊ဖုရားလောင်းအား ဖျော်ဖြေနေဟန် မိန်းမရုပ်များအနက်၊တရုပ်မှာ ကျော် ပြေကိုမှတ်နေဟန်ဖြစ်၍၊ တရုတ်ပြေးမင်းတည် မင်္ဂလာစေတီစဉ်ချပ်များအနက်၊ 'တေမိကိုကခြေနှင့်အလိုစမ်း' ဟုရေးထားသော အချပ်တွင် မိန်းမရုပ် တရုပ်မှာ လည်း ကျော်ပြေကိုပင် မှတ်နေဟန်ဖြစ်လေသည်။ ထို့ကြောင့် ပုဂံခေတ်၌ ပြေ ကိုသုံးလျက်ရှိရပေမည်။ နဲ့နှင့်ပြေတို့မှာလည်း ရှေးပဝေဏီကာလကပင် အိန္ဒိယ၊ အီရန်၊အီဂျစ်,အိသရေလ၊အဆီးရီယား၊ဗဗီလိုနီယာ(ဗာဝေရု)စသောအနောက် နိုင်ငံတို့နှင့် အရှေ့ဖက် တရုတ်ပြည်တို့တွင် သုံးစွဲလျက်ရှိကြောင်း တုရိယာသမိုင်း တို့၌တွေ့ရသည်။ စကား၏ရင်းမြစ်ကိုထောက်သော် ယင်းတုရိယာသည် တရုတ် ပြည်ဖက်မှ မြန်မာနိုင်ငံအတွင်းသို့ ပြန့်နှံ့ဝင်ရောက်လာဟန်ရှိသည်။

တရုတ်-ထိုင်နှင့် တိဗက်-မြန်မာဘာသာ **မွေ** အခေါ်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	လု(အေ)၊လု(အွေ)(l ü, lu ü)	ပြေ
	အုအေ၊အွေ(ue)	၎င်း
၂။ သျှမ်း	ပီ	၎င်း
၃။ ထိုင်	ပီ	၎င်း
၄။ တိဗက်	ပိပို့	၎င်း

၅။ မြန်မာ ပီပီ မှုတ်စရာ
၆။ ကချင် ပျ်ီ ပ္လြေ ၇

အထက်ပါပုဒ်တို့ကိုဆင်ခြင်သော်၊ မြန်မာအခေါ် **ပလ္လေ၊ ပ္လြေ** သည်သျှမ်း-ထိုင့်တိဗက်-မြန်မာအခေါ် **ဝိ၊ဒီ** ပုဒ်တို့နှင့် တရုတ်အခေါ် **လု(အော)၊လု(အွော)** ပုဒ်တို့ကို ပေါင်းစပ်သဖြင့် ရအပ်သောစကားဖြစ်တန်ရာသည်၊ **ဝိ၊ ဒီ** တွင် **အီ** သရသံကျေ၍ ရအပ်သော **ပ** တွင် **လု(အော)၊ လု(အွော)** ယှဉ်ကပ်ပြီးသော်၊ **လု(အော)၊လု(အွော)** ကို **လ္လေ** ဟုရောထွေးဖတ်ရွတ်သဖြင့် **ပလ္လေ** ပုဒ်ကိုရအပ်သည်။ **ပလ္လေ** ကိုပင်တဖန် **လ မှ ရ** သို့ပြောင်းလဲပြီးလျှင် ရောထွေး ရွတ်ဆိုပြန် သဖြင့် **ပ္လြေ** ကိုရအပ်သည်။ **ပလ္လေ** တွင် **ပ** ကို **အု** သရသက်ရွတ်ဆို ရေးသားခြင်းဖြင့် **ပုလ္လေ** ကို ရအပ်ပြန်သည်။ ဤသို့ **ပ မှ ပု** သို့ ပြောင်းလဲ ရွတ်ဆို ရေးသားသည်မှာ **သံပရာ** ကို **သံပုရာ** ဟု ပြောင်းလဲ ရွတ်ဆို ရေးသားသည့် နည်းတူ၊ **ပု** ပုဒ်သည် **ခေါင်း၊အလုံး၊အဝန်း** ဟောဖြစ်သည့်အတိုင်း၊ ယင်းအရာမှာ အလုံးအဝန်း ဖြစ်သောကြောင့် သော့်ဂင်း၊ **အော** သရသက်ရ ရွတ်ဆိုသော အလေ့အထမှန်တို့၌ ရှိသကဲ့သို့၊ **အု** သရသက်ရ ရွတ်ဆိုသောအလေ့အထ မြန်မာတို့၌ရှိသောကြောင့်သော်ဂင်း ဖြစ်တန်ရာသည်။ အကြောင်းကြောင်းကိုထောက်သော် **ပုလ္လေ** အရေးထက် **ပလ္လေ၊ ပ္လြေ** အရေးတို့ကိုပိုမိုနှစ်သက်လိုက်နာအပ်သည်ဆိုရာ၏။ကဗျာတို့တွင်သော် **ပလ္လေ** အရေးထက် **ပ္လြေ** အရေးကိုပို၍ တွေ့ရသည်။

(၁)။ **"ညွှင်းစောင်းနဲ့ပ္လြေ၊** ငြိမ့်ငြိမ့်ခြေမျှ။" ။သုဝဏ္ဏသို့သစ္စာခဏ်း ပို့၊ ၂၁၀။

(၂)။ တုလောင်တံရှည်၊ရွှေစည်ငါးမျိုး၊ ပ္လြေတပိုးဖြင့်။" ။ ရွှေမင်းဖုန်း ဆင်တော်မောင်ကွန်း၊ ၁၃။

(၃)။ "သဘင်ပွဲနေ၊ **နဲ့ပ္လြေလိုက်ဖက်၊** ငြိမ့်ညက်စောင်းညှင်း၊ကြေးနင်းစည်းစုပ်။" ။တွင်းသင်းမင်းကြီးဆို မိတ္ထိလာကန်တော်ဖွဲ့မောင်ကွန်း၊ ၄။

(၄)။ **"ညွှင်းပ္လြေနဲ့စောင်း၊** မိကျောင်းငြိမ့်သံ၊နာခံသာယာ။" ။ကုသပ္ပါ၊ ၇၂။

(၅)။ "စည်ကိုရိုက်ပုတ်၊ **ပလ္လေမှုတ်လျက်၊** စုတ်စုတ်ဝံ့ရဲ။" ။ကုသပ္ပါ၊ ၁၅၄။

(၆)။ "ငြိမ့်ငြောင်းညှင်းညံ၊ အောင်းကျ ံကျ ံနှင့်၊ စောင်းသံစည်လျှာ၊ စန္ဒရားက၊ခမ်းနားသာမော၊တယော (တရော) တင့်ချေ၊ **ပလ္လေပုံယင်၊** သံလွင်ညည်းညည်း၊နရည်းစရာ၊နည်းစုံပါလျက်၊သံသာသံပြီ၊ သံပြိုင်သီ၍။" ။ အဘိရုကပ္ပါ၊ ၁၅၅။

ပလွေ တွင် **ခင်ပလွေ၊ ကျော်ပလွေ** ဟုနှစ်မျိုးရှိသည်အနက်၊ ခေတ်သုံးသည် **ခင်ပလွေ** ဖြစ်၍၊ ယင်းကိုအရင်းပေါက်မှ မူတ်ရပြီးလျှင်၊ မူတ်ပေါက်အတွင်းဖက်၌ အခင်ရှိသည်။ **ကျော်ပလွေ** ၌သော်အခင်မရှိ၊မူတ်ပေါက်ကိုအထက်၌ဖေါက်၍ထားသည်။မူတ်သောအခါ လေကိုအထက်မှ ကျော်၍ သွင်းရသဖြင့် **ကျော်ပလွေ** ခေါ်ဟန်ရှိသည်။ ယင်းပလွေနှစ်မျိုးအနက်၊ ခင်ပလွေမှာ တောသုံး၊ ကျော်ပလွေသည်သာ နန်းသုံးဖြစ်ကြောင်း၊ ရာမရကန်၊ ဂမ္ဘီဠ္ဍဒသဂိုရိထံလျောက်ခဏ်းအခါး၌ 'တေးကွင်းနှင့် တျာကွင်း၊ မူတ်ခြင်းပင်တူသော်လည်း၊ ကျော်ပလွေ၊ ခင်ပလွေ၊ ဇစ်မြစ်ကိုဖွေလိုက်လျှင်၊ကျော်ပလွေ နန်းသံ၊ ခင်ပလွေတောသံ၊ရိုင်းသံနှင့်ယှဉ်သံ၊ မရောနှောမှန်သောကြောင့်၊ အသံကိုထောက်၍၊ အရိုင်းပေါက်ကယ်၊ ယှဉ်နောက်မလိုက်ချည်ဘူး။' ဟု ရွှေတိုက်စိုး ဦးတိုးက စပ်ဆိုခဲ့သည်။

ကျော်ပလွေကိုပင် ရှေးက တံရှည် ခေါ်ခဲ့သည်ဟု၊ ယှဉ်ကျေးမှုဌာန၊ပန်တျာဟုတေသနအရာရှိ၊ သံလျင်ဦးမြဦးကယူဆသည်မှာ သင့်အံ့မထင်။တပိုးမျိုးအရေအတွက်တွင် **ပြွေ** နှင့် **လက်တံရှည်** ဟုလည်းခေါ် **တံရှည်** တို့ကို ခဲ့ခြားဖေါ်ပြလေ့ရှိသည့်ပြင်၊ ကဗျာတို့တွင် **တံကောက်၊ တံမြွာ** ဟုစပ်ဆိုလေ့ရှိသည်တို့ကို **ခရာကောက်၊ ခရာမြွာ** ဟုပြဆိုသည်ကိုထောက်သော်၊ **တံရှည်** ကို **ပြွေ** အမျိုးဝင် **ကျော်ပလွေ** ဟုမယူပဲ၊ **လက်တံရှည်** ဆိုသည်နှင့်အတူ **ခရာ** အမျိုးဝင် **ခရာရှည်** ဟုယူမှသင့်မည်ထင်ပိ၏။ **တံရှည်** သည်ကျော်ပလွေဖြစ်ခဲ့လျှင် မြွောက်စည် ၇ လုံး, ဝါ, ၁၁ လုံး တံမြွာ ၇ လက်၊ သပြေသာ ၇ လက်တို့ဖြင့် ဖွဲ့စည်းထားသော မင်းခမ်းတော် တီးဝိုင်းကြီးတွင်ပါဝင်မြဲဖြစ်သော ယင်း ၇ လက်၏အသံမှာ ဘာမျှထူးခြားထွက်ပေါ်လာနိုင်စရာ ရှိတော့မည် မဟုတ်ဟုလည်း ဆိုရာသေးသတည်း။

၉၆။ ဝိတ်ကျည်

ဝိတ်ကျည် ဟူသောစကားကို ယခုသုံးလည်းမသုံးတော့၊ မည်သည့် တုရိယာဖြစ်သည်ဟုပင် သိလည်းမသိတော့သော်လည်း၊အင်းဝခေတ်မှ ကုန်းပေါင်ခေတ်နှောင်းတိုင်ဖွဲ့ဆိုခဲ့သော ကဗျာတို့တွင်ကား အမျှားအပြားပင် တွေ့ရလေသည်။

(၁)။ "တပိုးသံကျာ၊ စိန်ခရာလည်း၊ နှစ်မြွာကွေးလည်၊ ငကြူးမြည်လျက်၊ **ဝိတ်ကျည်သနဲ့**၊ ရင့်နှဲ့ပဉ္စင်၊ စည်သံလွင်နှင့်၊ အိန့်ရှင်ညှန်းညှန်း၊ တချန်းချန်းသည်။" ။နေမိဘုံခဏ်းပျို၊ ၉။

(၂)။ "ကြေးနင်းမောင်းလည်း၊ခြောင်းခြောင်းဝှန်ကဲ၊ ကောင်းကင်ကွဲမျှ၊ **သနဲဖိတ်ကျည်**၊ မြည်လည်းတကြောင်း။" ။ နေမိဘုံခဏ်းပျို၊ ၉၀။

(၃)။ "ခရု တံပိုး၊ မုရိုး လက်မြောက်၊ တံကောက် ခရာ၊ ထုံမြှဲ့ တံရှည်၊ **ဖိတ်ကျည်ခုံမင်း**၊ ခရုသင်းနှင့်၊ခွက်ခွင်းရီရော၊စည်ပြောတဆန်း၊စည်ဝန်းသံလွင်၊ ပဉ္စင်တုလောင်။" ။မင်းရဲဒိဗ္ဗခြေင်း၊ ၂၀။

(၄)။ "စည်းစုပ်လင်းကွင်း၊ခရုသင်းက၊ဒုန်မင်းမြောက်စည်၊ အိုင်အိုင်မြည်သား၊ **ဖိတ်ကျည်တပိုး**၊ ဆော်နှိုးတီးထောက်။" ။ တွင်းသင်း မင်းကြီး ရေးမိဘွဲလာကန်တော်ဖွဲ့ မော်ကွန်း၊ ၃။

(၅)။ "မြန်မာ့တိုင်းစည်၊ဦးစွန်းတည်က၊ **ဖိတ်ကျည်ရိုးကောက်**၊ အခြင်းထောက်၍၊ လက်မြောက်စည်ရှင်၊ မြည်သံလွင်နှင့်၊ ဥကင်စွင့်စွင့်၊ နန်းသစ်ဖွင့်သား။" ။ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ ၆။

(၆)။ "ဒသသဒ္ဒံ၊ ကြွကြွလျှံသား၊ ကျံကျံကျော်သဲ၊ ညံ့မစဲတည့်၊ **သနဲဖိတ်ကျည်**၊ ရွှင်စိတ်ကြည်မျှ၊ စည်ပဏ္ဏဝါ၊ မုဒိင်္ဂါနှင့်၊ သန်ဂြိမ့်လေး၊ အိန္ဒ်ရွှင်ကြွေးလျက်။" ။ အဘိရုကပျို၊ ၃၇။

(၇)။ "ညှင်းလည်း ဒြောင်းဒြောင်း၊ အောင်းလည်း အိန္ဒ်အိန္ဒ်၊ သောင်းသောင်းထိန်မျှ၊ စိန်ဝါအလျှံ၊ ခရာညံက၊ ကျံကျံကြွေးမြည်၊ နွေးစိတ်ကြည်စိမ့်၊ **ဖိတ်ကျည်သနဲ**၊ သိမ့်သိမ့်နဲ့လျက်၊ သဲသဲသွန်ဖွယ်၊ကွန်ကွန်ကယ်၏။" ။အဘိရုကပျို၊ ၅၂။

ပိတ်ကျည်သနဲ၊သနဲပိတ်ကျည်၊ပိတ်ကျည်ဒုံမင်း၊ပိတ်ကျည်တပိုး၊ ပိတ်ကျည်ရိုးကောက်၊' ဟု **ဖိတ်ကျည်** နှင့် **သနဲ** ဝါ, **နဲ**၊ **ဒုံမင်း**၊ **တပိုး**၊ **တပိုးကောက်** (ရိုးကောက်) တို့ကို ဖက်တဲ့စပ်ဆိုလေ့ရှိသည်မှ **ဖိတ်ကျည်** ဆိုသည်မှာ မှုတ်စရာလေတုရိယာ ဖြစ်ကြောင်း ရိပ်မိနိုင်ပါသည်။

ဖိတ်ကျည် ၏တိုက်ရိုက်အနက်မှာ 'တစုံတရာတွင် သွတ်သွင်း ပိတ်ဆို့ ထားသည့်ကျည်' ဟူ၏။ မည်သည့်အရာတွင် သွတ်သွင်းပိတ်ဆို့ ထားပါသနည်းဟု ဆိုသော် **မူးတွင်** ဖြစ်ပါသည်။ထို့ကြောင့် ဗူးခေါင်းတွင် မှုတ်တဲ့ မှုတ်ပေါက်နှင့် တတန်းတည်း ကျအောင်၊ ရွေပိုင်းမှ သွတ်သွင်း ပိတ်ဆို့ ထားသည့် ကျည်နှစ်ချောင်းပါလေ့ရှိသော လေတုရိယာကို **ဖိတ်ကျည်** ဟု ခေါ်ဆိုသည် ယူရာ၏။ ယင်းတုရိယာတွင် ဗူးအစား သားရေအိတ်၊ ကျည်နှစ်ချောင်းအစား သုံးချောင်းလည်းရှိနိုင်ပါ၏။ကျည်သုံးချောင်းရှိသော် တချောင်းမှာ မိတ်ဖက်သံအတွက်ဖြစ်၍၊ နှစ်ချောင်းသည်သာ အသံကစားရန်အတွက်ဖြစ်သည်။ ကျည်ကိုလည်း ဝါး, သစ်သား၊တို့ဖြင့်သာမက၊ ဆင်စွယ် စသည်တို့ဖြင့်လည်း လုပ်လေ့ ရှိကြောင်းနှင့်၊

ပိတ်ကျည်ကို သရေခေတ္တရာ ပျူမင်းများ လက်ထက်၌ပင် သုံးလျက် ရှိကြောင်း၊ ယင်းခေတ်တွင် တခွတ်ပြည်သို့ စေလွှတ်လိုက်သော ပျူယဉ်ကျေးမှုအဖွဲ့ပါ တုရိယာများကို တရုတ်တို့ကမှတ်တမ်းတင်ခဲ့သည်မှ သိရသည်။

ဗိတ်ကျည် နှင့် **ညှင်း** တို့ကဲ့ပြားဟန်မှာ၊ ပိတ်ကျည်၌ ကျည်နှစ်ချောင်းသာ ပါတတ်၍ ယင်းတို့ကိုဗူး၏ ရွှေတည့်တည့်မှ မှုတ်တံ့မှုတ်ပေါက်နှင့်တတန်းတည်း ကျအောင် ထိုးသွတ်ထားသည်။ ညှင်း၌ကား ကျည်တခြောင်းမှ တဆဲ့ခြောက် ချောင်းတိုင်၊ နှစ်တန်းတန်း၍သော်၎င်း၊ ဝန်းဝိုက်၍သော်၎င်း၊အထက်သို့ထောင် လျက်ဗူးတွင်စိုက်ထားလေ့ရှိသတည်း။

၆၇။ ပုံတောင်း

လှည်းရထားဗီး၏ချက်၊ ဗီး၏အလယ်တွင် ဝန်ရိုးသွတ်ရန်အပေါက်နှင့်တကွ သောအအုံကို **ပုံတောင်း** ဟုခေါ်ရာ၊ယင်းစကားအသုံးကိုအောက်ပါကျောက် စာနှင့်ကဗျာတို့တွင်တွေ့ရသည်။

(၁)။ "ရထားလှည်းဗီအကွပ်အကန့် ပုံမ်တောင်ချက်၊ရထားထံဘိုဝ်၊ကြိုဝ်နှင်တံ တိုဝ် ကိုဝ်(ရထားလှည်းဗီးအကွပ်အကန့်၊ပုံတောင်းချက်၊ရထားထမ်းဘိုး၊ကြိုးနှင် တံတို့ကို)။" ။၁၀၁၁ ခုစဲ့၊စစ်ကိုင်းမြို့၊ရာဇမဏိစူဋ္ဌာကျောက်စာ၊ကျော၊၃၀။

(၂)။ "နာနာကာရေဟိ၊အထူးထူးသော အကန့်အကွက် ပုံတောင်းတို့ဖြင့်၊ ပုဏ္ဏာနိ၊ပြည့်ကုန်သော။....ဒေါ်ဏပုဏ္ဏားသည်၊အကန့်တထောင်နှင့်တကွ၊အကွပ် ပုံတောင်းရှိသော စက်လက္ခဏာဖြင့်၊ခြေတော်ရာကို မြင်လေလျှင်။" ။၁၂၄၅ ခုစဲ့၊ မန္တလေးမြို့၊ပါဒစေတီကျောက်စာ၊ ၇၊၃၇။

(၃)။ "လုံးပတ်အားဖြင့်၊ ရထားလှည်းစက်၊ ပုံတောင်းချက်နှင့်၊ နှိုင်းဖက် ထပ်ရှိ၊ပြောင်ထွန်းညီသား။" ။ကိုးခဏ်းပျို၊၄၅။

(၄)။ "ဝန်းရှက်နောက်ညောင်း၊ ပုံတောင်းနန်းအိုး၊ထမ်းပိုးစပ်တိုင်၊မြဲခိုင် လက်ရုံး။" ။ဘုံခဏ်းပျို၊၉၀။

ပုံတောင်း တွင် အရေးအနှက်တို့နှင့်စပ်လျဉ်း၍ ခဲယဉ်း ကတ်သတ်ခြင်းမရှိ။ ယင်းကိုဖွင့်ဆိုရသည်မှာ အခြားအကြောင်းကြောင့်မဟုတ်၊ အချို့ပညာရှိတို့က **ပုံတောင်း** ၏ အနှက်ဗျူဟာကို အခြားနည်းဖြင့်ဖေါ်ထုတ်ရန်ခဲယဉ်းသည်၊ပါ၌ **ဗိဏ္ဍိကာ** ပုဒ်သက်ဟု ယူမှရ၍၊ **ဗိဏ္ဍိကာ** ပုဒ်ကိုထောက်ကာ၊ **ပုဏ္ဏောင်း** ဟု ရေးသော်လည်းသင့်ပေမည်ဟု မိန့်ဆိုလျက်ရှိသောကြောင့်သာဖြစ်သည်။

ပုံတောင်း ကိုထို့အတိုင်းသာလျှင်အရေးသမိုင်းရှိခဲ့၍၊မည်သူမျှ **ပုလ္လောင်း** ဟုမရေးခဲ့သည်ကို ထုတ်နုတ်ချက်မျှားက သွက်သေခံလျက်ရှိသည်။ **ပုံတောင်း** ဟော ပါဠိဋ္ဌ **ပိဏ္ဍိကာ** ပုဒ်နှင့် **ပုံတောင်း** အရေးတို့မှာလည်း ဆင်နှင့် ဆိတ်ပမာ ကွာခြားပေသေးသည်။

ပုံတောင်း ကို **နားတောင်း** နှင့်ယှဉ်လိုက်လျှင် **တောင်း** ၏အနက်ကိုချက်ကလဲဆင်ခြင်မိရာသည်။ နားပေါက်ထဲ၌ လျှိုထား,သွတ်ထားသော **အတောင့်** ကို **နားတောင်း** ခေါ်လျှင်၊ ဗီးအတွင်း၌ လျှိုထား,သွတ် သွင်း ထား သော **အတောင့်** ကို **ပုံတောင်း** ခေါ်သည် ဟူသော သဘောကို တွေးတောမိသင့်သည်။ **တောင့်** နှင့် **တောင်း** တို့မှာလည်း အသံအားဖြင့်ပြောင်းလဲနိုင်ကြောင်း၊ **ကြီတောင့် ကြီခဲ** နှင့် **မကြီတောင်းကြီရ** ဟူသော စကားတို့တွင် **တောင့်** နှင့် **တောင်း** တို့ပြောင်းလဲလျက်ရှိသည်ကို ထောက်၍ သိရာ၏။ **ပုံတောင်း** တွင် **တောင်း** ပုဒ်၏ အနက်ကို ဂျိမ္ပသဆင်ခြင်မိလျှင်၊ ယင်းပုဒ်မှာ ပါဠိသက် မဖြစ်နိုင်၊ မြန်မာပုဒ်ရင်းသာဖြစ်သင့်ကြောင်း ရိပ်မိနိုင်ရာ၏။

ပုံတောင်း တွင် **ပုံ** ၏အနက်ကသာ ခပ်မြုပ်မြုပ်ဖြစ်နေရာ၊ယင်းကိုသာလျှင် အနည်းငယ်နှိုက်ချတ်ရန်လိုသည်။ **ပုံ** ကိုဆင်ခြင်သော် တီးသည့် **ပုံ** ကိုရှေးဦးစွာ စဉ်းစားမိပေမည်။ တီးသည့် **ပုံ** ၏သဏ္ဌာန်မှာ **အဝန်း,အဝိုင်း** ဖြစ်ရာ၊လှည်းဗီး ၏သဏ္ဌာန်ကလည်း **အဝန်း,အဝိုင်း** ပင်ဖြစ်သဖြင့် **ပုံ** ပုဒ်၏အနက်ရင်းမှာ **အဝန်း,အဝိုင်း** ဟော ဖြစ်သင့်ကြောင်းစဉ်းစား၍ရပြန်သည်။ဤသို့ **ပုံ** ၏ အနက် **အဝန်း,အဝိုင်း** ဟောဟု မြန်မာဘာသာ၌ အစွန်းအစ ထွက်ပေါ်လာသည်ကို၊ အနှယ်တူဘာသာတို့က ထောက်ခံခြင်းရှိမရှိ စူးစမ်းသော်၊ ထောက်ခံခြင်းရှိသည်ကို အောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ ပေါင်းရွှေချင်း	ပုမ်	အဝန်း၊အဝိုင်း၊အလုံး၊
၂။ တိဗက်	ပုင်	အိုးဝန်း၊အိုးဝိုင်း၊
	ဗုမ်	ပလင်း၊ဗူး၊တကောင်း၊
၃။ တင်ခုလ်နာဂ	ပုင်	မောင်း၊
	ဖုင်	ပုံ၊
၄။ မိကီရ်	ပုံ	(အလုံးအဝန်းမျှားကိုရေတွက်ရာ၌သုံးသောစကား)
	ပေါင်	စည်၊ပုံး၊အလုံး၊အဝိုင်း၊

၅။ ပလောင် ပေါင် (အလုံးအဝန်းများကို ရေတွက်ရာ၌သုံးသောစကား)၊

အထက်ဗဟိုတို့တွင်ပေါင်းရှေ့ချင်းဘာသာ **ပုမ်** နှင့်မြန်မာဘာသာ **ပုံတောင်း၊ ပုံသာ** ဆိုသည်တို့တွင် **ပုံ** ပုဒ်တို့မှာအသံအနက် နှစ်ချက်စလုံး၌ ထပ်တူကျလျက်ရှိသည်ယူသင့်သည်။အခြားမိတ်တူပုဒ်များကလည်း **အလုံး,အဝန်း** နှင့် **လုံဝန်းသောအရာ အိုး, ပလင်း, ဖူး, ပုံ, မောင်း** ဟော၊ လုံးဝန်းသော အရာများကို ရေတွက်ရာ၌ **အလုံး,အဝန်း** အနက်ဖြင့်ပင်သုံးသော ပစ္စည်းစကားများဖြစ်ချေရကား၊ **အလုံး,အဝန်း,အဝိုင်း** အနက်ကိုဆောင်လျက်ရှိသည်ချည်း ဖြစ်သည်။ ထို့ကြောင့်မြန်မာဘာသာ၌ ‘ပုံသာ,ပုံထောင်,ပုံရည်,ပုံတို’ဆိုသည်တို့၌ **ပုံ** ၏အနက် ‘အလုံး,အဝန်း,လုံးဝန်းသောတီးစရာ၊ လုံးဝန်းသောတုရိယာ’ဟောဖြစ်၍၊ **ပုံတောင်း** တွင် **ပုံ** ၏အနက်ကိုသော် ‘**အလုံး,အဝန်း၊ လုံးဝန်းသောဗီး**’ ဟောဖြစ်သည်ယူရာ၏။သို့ဖြင့် **နားတောင်း** ဆိုသည်၌ ‘နားတွင်သွတ်သွင်းထားသောအတောင့်’ဟူသည်၌ကဲ့သို့ **ပုံတောင်း** ဆိုသည်၌ ‘**ဗီးတွင်,ဗီး၏အလယ်တွင် သွတ်သွင်းထားသောအတောင့်၊ဗီးချက်တောင့်၊ဗီးတောင့်**’ဟူ၍အနက်ပေါ်ထွက်လျက်ရှိခြေ၏။

‘ပုံတောင်း၊လှည်းပုံတောင်း’ကို **ပတောင်း၊ လှည်းပတောင်း** ဟူ၍လည်းခေါ်ဆိုသေးသည်ပြင်၊ယင်း **ပတောင်း** ကျတ်ထွက်မသွားအောင်ပြင်ပမှကပ်၍ဝန်ရိုးတွင်ထွင်းဖောက်ထည့်သွင်းထားသောအချောင်းငယ်ကို **ပုံတောင်းပိတ်၊ ပတောင်းပိတ်** ဟူ၍ဝင်း၊ **ပုံတောင်းသပ်၊ ပတောင်းသပ်** ဟူ၍ဝင်း၊ **နားစောင့်** ဟူ၍ဝင်းခေါ်ဆိုသည်ကိုလည်းမှတ်သားရာသတည်း။

၆၈။ ပိုးစုန်းကြူး၊ပိုးမဲတောင်စာ

ရှေး မြန်မာ လူမျိုးမျာသည်၊ သဘာဝ နှင့် ပူးပူး ကပ်ကပ် နေထိုင်ခဲ့၍၊ သဘာဝ၏တစိတ်တဒေသဖြစ်သော ပိုးကောင်ကလေးများ၌စိတ်အာရုံအထူး စူးစိုက်ခဲ့ပြီးလျှင် ယင်းတို့၏အသွေးအရောင်များကို အလှအပအရာ၌နှိုင်းယှဉ်စရာ စံအဖြစ်ဖြင့် ရှုမြင်၍၊ ယင်းတို့၏ အလေ့အထ များကို လည်း သင်ခန်းစာ ယူရန် သာဓကများအနေဖြင့် သိမှတ်ခဲ့ကြသည်။သို့ဖြင့်ဆံပင်ရောင်ကို ပိတုန်းတောင်ဖြင့်ဝင်း၊အသွေးအရောင်ကို ပိုးမဲတောင်စာဖြင့်ဝင်း၊ကြော့ရှင်းခြင်းကိုပုစဉ်းဖြင့်ဝင်း၊ခိုင်းနှိုင်းပြီးလျှင်၊မိုက်မဲခြင်းအား မီးကိုတိုး၍သေကြေပျက်စီးရသော ပိုးဖလံ နှင့်

ငင်း၊စည်းပွဲသဂြိုဟ်စုဆောင်းခြင်း၌ ပုရွက်မျှား,ခြမျှားနှင့်ငင်း၊နှိုင်းယှဉ်ဖေါ်ပြ လေ့ရှိခဲ့ကြသည်။ပိုးတို့၏အမည်မျှားကိုလည်းအမျိုးမျိုးပင်တင်စားခေါ်ဆိုခဲ့ရာ၊ အဓိပ္ပါယ်ကောက်ယူရန်ယခုအခါလွန်စွာခဲယဉ်းလျက်ရှိချေပြီ။

ပိုးစုန်းကြူး ကို မောင်းထောင်ဆရာတော်ရေး ဝေါဟာရထွက်ဘေဒကျမ်း၌ **'ပိုးမည်မြွေး** လည်းဟူ'ဟုဆိုလျက်ရှိသည်။ ဤအရေး အခေါ်နှစ်ရပ်စလုံး သင့်၍ **ပိုးမြည်မြွေး၊ပိုးမြေမြွေး** ဟုလည်း တွေ့ရသေးသော အရေးမျှားမှာ သင့်ပုံမပေါ်။ **ပိုးစုန်းကြူး** တွင် **စုန်း** မှာ **တောက်စားတတ်သည်** ဟု မြန်မာမျှား ယုံကြည် လေ့ရှိသည့် **မှော်အတတ်သည်** ဟောပုဒ်ပင်ဖြစ်၍၊ **ကြူး** ပုဒ်မှာ 'ကာမကြူး၊ သေကြူး၊ အန်ကြူး' ဆိုသည်တို့၌ကဲ့သို့ 'တစုံတခုသောအမှု၊ အမျှားအားဖြင့် မကောင်းမှု၌အလွန်အကျ့် စွဲလန်းတပ်မက်' ဟောဖြစ်သည်။ မကောင်းဆိုးရွား, စုန်း,တစ္ဆေ,သရဲစသည်တို့ကိုတိုဗက်ဘာသာ၌**ဆြဲလ်**ဟူ၍ငင်း၊သျှမ်းဘာသာဖြင့် **ဆုင်** ဟူ၍ငင်းခေါ်၍၊သျှမ်းဘာသာ၌ **စုန်း** ကိုသော် **စုင်၊ဆိုင်**(ဆို)ဟုခေါ်ရာ၊ ယင်းပုဒ်တို့သည် မြန်မာဘာသာ **စုန်း** ပုဒ်နှင့်မိတ္တူဟုယူဖွယ်ရှိသည်။ ယင်းပိုးကို **ပိုးစုန်းကြူး** ဟု ခေါ်သည်မှာ ဤ မှော်အတတ်သည် လူစုန်းတောက်စား,ပျော်မြူးသကဲ့သို့၊ အရောင်တောက်ပပျော်မြူးသော ပိုးဟူသောအနက်ဖြင့် ဖြစ်သည်။ **ပိုးမည်မြွေး** ဆိုသည်တွင် **မည်** ပုဒ်မှာ **မီး၊မယ်ဖျူး၊မယ်ဖျူး** ဆိုသည်တွင် **မီး** ဟော **မယ်** ပုဒ်ပြောင်းဟုယူရပေမည်။သို့မှသာ **ပိုးမည်မြွေး** ၏အနက် 'မီးရောင် ကွန့်မြူးတောက်ပသောပိုး၊မီးကွန့်မြူးပိုး၊ **ပိုးမီးတောက်**'ဟူ၍ဆီလျော်စွာ ပေါ်ထွက်ပေမည်။ **ပိုးမြည်မြွေး** ခေါ်ဆိုရအောင် ယင်း၌ **အော်မြည်** တတ်သော သဘာဝမရှိ။ **ပိုးမြေမြွေး** ခေါ်ဆိုရအောင်လည်း ယင်းသည်မြေ၌ ကျက်စားလေ့ မရှိ၊အထက်သို့ပျံသန်း၍သာ ကျက်စားလေ့ရှိသည်။ ယင်း၏ သံသကြိုဋ္ဌ-ပါဠိဋ္ဌ အ ခေါ် **ခဇ္ဇောတ၊ဇောတိ**၊ ဟူသောပုဒ်မျှားတွင်လည်း **မြည်ခြင်း၊ မြေ၌ ကျက်စားခြင်း** ဟူသော အနက်မျှား မပေါ်ထွက်၊ **တောက်ပ** ဟူသော အနက်သာ ပေါ်ထွက်ချေ၏။ **ဣဂိဏ** ဟုလည်း ခေါ်ဆိုသေးကြောင်း ဝေါဟာရထွက်ဘေဒ ကျမ်း၌ပြရာ၊(မီးရောင်ဖြင့်) **အချက်ပြပိုး** ဟုအနက်ကောက်ယူသင့်သည်ထင်၏။ ထို့ကြောင့်ယင်းပိုးကို **ပိုးစုန်းကြူး** ဟူ၍သော်ငင်း၊ **ပိုးမည်မြွေး** ဟူ၍သော်ငင်း သာရေးခေါ်သင့်သည်။နှုတ်ပြော၌ **ပိုးစိမ်းဖြူ** ဟု သုံးစွဲလေ့ရှိသည်ကိုသော် လူ တိုင်းအသိပင်။ **ပိုးစုန်းကြူး**မှ **ပိုးစိမ်းဖြူ** သက်ခဲ့ရာသည်။

ပိုးမဲတောင်စာ ကို သီခြင်း,ကဗျာ စသည်တို့၌ အမျှားဆုံး ဖွဲ့ဆိုခဲ့၍၊ အမည် အမျှားဆုံးဖြင့် ရေးသားခေါ်ဆိုခဲ့ကြောင်း တွေ့ရသည်။ ယင်း၏ နေ့စဉ်သုံးနှင့် အလွယ်ဆုံးအမည်မှာ **ရွှေပိုး** ဖြစ်သည်။သို့ရာတွင်သီခြင်းကဗျာတို့၌ 'ပိုးမဲတောင်

စာ၊ ပိုးမည်းတောင်စာ၊ ပုန်းမဲတောင်စာ၊ ပုန်းမည်းတောင်စာ၊ ပိုးရည်တောင်စာ၊ပုန်းရည်တောင်စာ'စသဖြင့်အမျိုးမျိုးပင်ကာရန်အဆင်သင့်သလို ဖွဲ့ဆိုသိကုံးခဲ့ကြသည်။ ယင်းကို **ရွှေပိုး** ဟု ခေါ်သည်မှာ ယင်း၌ ရွှေကဲ့သို့ ဝါထိန်သောအရောင်ကြောင့်မဟုတ်၊ယင်း၏အောက်ခံအရောင်မှာ **မဲနည်ရောင်**၊ဣန္ဒနီလာ့ဝါ, နီလာရောင်,နက်ပြာရောင်ဖြစ်၍၊ ထိုအရောင်ပေါ်၌သာလျှင် ရွှေကဲ့သို့တောက်ပသော နီသလို့ဝါသကဲ့, ပြာလဲ့လဲ့အရောင်များ ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် **ပိုးမဲတောင်စာ** ဟူသည်တွင် **မဲ** သည် **မဲနည်၊ မဲနည်ရောင်၊ နီလာရောင်၊နက်ပြာရောင်** ဟော၊ **တောင်** သည် **'အတောင်၊ ပျံသန်းရာ၌ အသုံးပြုသည့်အင်္ဂါ'**ဟော။ **စာ** သည် **နေစာ** ဆိုသည်၌ကဲ့သို့ **နေသာ** ဆိုသည်၌ **သာ** နှင့်မိတ်တူ **'တောက်ပသောအရောင်'**ဟောဟုယူ၍၊ **ပိုးမဲတောင်စာ** ၏အနက် **'မဲနည်ရောင် တောက်ပသောအတောင်ရှိပိုး'** ဟု ယူဆရာ၏။ သို့ဖြင့်ယင်းပိုး၏ များစွာသော အမည်အရေးအခေါ်တို့တွင် **ပိုးမဲတောင်စာ** ဟူသည်အမိပွါယ်အရဆုံး, အနက်အပြည့်စုံဆုံး,အပေါ်လွင်ဆုံးနှင့် အသင့်ဆုံးဟုဆိုရာ၏။

ပိုးမည်းတောင်စာ ဟု ရေးဆိုလျှင် **မည်း** အနက်သည် **မဲ** အနက်လောက် ယင်းပိုး၏အရင်းခံအရောင်ကိုပေါ်လွင်စေလိမ့်မည်မဟုတ်။ **မည်း** ကို **အနက်** ဟု သာယူဆရာသည်။ **မဲ** ကိုသော် **မဲနည်** အရေးအခေါ်ကရှိပြီးဖြစ်သဖြင့် **နက်ပြာ** ဟုယူဆနိုင်သည်။

တဖန် **ပုန်းမဲတောင်စာ၊ ပုန်းမည်းတောင်စာ** အရေးအခေါ်တို့တွင် **ပုန်း** ပုဒ်မှာ **ပိုး** ပုဒ်ပြောင်းသာလျှင်ဖြစ်သည်။ **ပိ၊ပု၊ပို၊** အဖွင့်၌ ဤ **ပု** ပုဒ်ပြောင်း၊ **ပု** တွင်နှဲ့သံသက်ဝင်လာသဖြင့်ရအပ်သော **ပုန်း** ပုဒ်ကျန်သွားသည်။ ဤတွင် ယင်းကိုပါထည့်သွင်းမှတ်သားရာသည်။ထို့ကြောင့် ဤ **ပုန်းမဲတောင်စာ၊ပုန်းမည်းတောင်စာ** အရေးအခေါ်တို့သည် **ပိုးမဲတောင်စာ၊ ပိုးမည်းတောင်စာ** တို့လောက်အဓိပွါယ်မပေါ်လွင်လှချေ။

ပိုးရည်တောင်စာ၊ ပုန်းရည်တောင်စာ အရေးအခေါ်တို့တွင် **ရည်** ပုဒ်၏ အနက်မှာ 'ရွှေရည်၊ ကျောက်ရည်၊ လူရည်၊ အသွေးအရည် ' ဆိုသည် တို့၌ကဲ့သို့ **အသွေးအရောင်** ဟောဖြစ်သည်။ ထို့ကြောင့်ယင်းပုဒ်တို့၏အနက် 'အသွေးအတောင် တောက်ပသောပိုး'ဟူ၏။ ဤအနက်သည် **ပိုးမဲတောင်စာ** ၏အနက်လောက်မပြည့်စုံလှချေ။

နောက်ဆုံးတွင် မြဝတီမင်းကြီးရေး **စောဝိသည်နှင့်** ချီ အလွမ်းဖွဲ့ ပတ်ပျိုးကလေးတွင် 'ဣန္ဒနီရွှေတောင်စာနှင့်၊ဘမရာလိပ်ပျာမွန်ငယ်တို့၊'ဟူ၍ဂင်း၊မြဝတီမင်းကြီးပင်ရေး **ဇွဲပြာသင်း** ချီ၊ ရွှေဘိုမင်းဆိုင်းတော်ဖွဲ့ပတ်ပျိုးလတ်တွင် 'မြ

တောင်စာ၊ဘမရာ ဂ္လန္ဒနီငယ်တို့၊'ဟူ၍ငင်း၊ မြဝတီမင်းကြီးပင်ရေး၊ 'ကုန်းပေါင်ပရမေ' ခ၌၊ ဖုန်းတော်ဖွဲ့ပတ်ပျိုးကြီး၏၊ 'သော်ကရွှေနှုန်း' ခ၌ အစိတ်အပိုင်းတွင် 'ပိတုန်းတောင်စာ၊ပန်းရွေပိပ်ပျာ၊'ဟူ၍ငင်း၊ဖွဲ့ဆိုသည်တို့၌ **တောင်စာ** အရေးအခေါ်မှာ **ပိုးမဲတောင်စာ** တွင် နောက်ပိုင်းကိုသာ ဆွတ်ယူသုံးစွဲ ခေါ်ဆိုရေးသားခြင်းဖြစ်သည်။အနက်မှာ'တောက်ပသောအတောင်ရှိပိုး'ဟူ၏။ 'တပြားနှစ်ပြား လင်ပန်းပြား'လက်ဝတ်ရှင် ' ညီးညီးပြောင်ပြောင်၊ပိုးရွေတောင် ' ဆိုသည်၌ ယင်းပိုးကိုပင် **ပိုးရွှေတောင်** ဟုခေါ်လျက်ရှိပြန်သည်။ ထို့ကြောင့်ယင်းပိုးကို သာမန်အားဖြင့် **ပိုးမဲတောင်စာ** ဟုရေးခေါ်သော်အသင့်ဆုံးနှင့်အနက်အပြည့်စုံအပေါ်လွင်ဆုံးဟုဆိုရာသတည်း။

အခြားပိုးအခေါ်များအနက် **ပိုးပရန်** နှင့် **ပိုးဖလံ** တို့ကိုသတိပြုသင့်သည်။ **ပိုးပရန်** ကိုသော် **ပိုးပရံ** ဟုလည်းရေးခေါ်စပ်ဆိုသေးသည်။

(၁)။ "တုတ်တုတ်လန့်လန့်၊ နိုးနိုးနန့်မျ၊ **ပိုးပရန့်သွေး**၊ တန့်ကာရေးလည်း။" ။အဘိရုကပျို၊၉၂။

(၂)။ "မြမိလွာတွင်၊သိင်္ဂီပန်းမျိုး၊ခရမ်းကြိုးနှင့်၊ **ပိုးပရန့်သွေး**၊ တန့်ကာရေးလျက်၊ခြူးသေးထပ်မံ၊ပထ်ပတ်ခြံသည်" ။ဂင်း ၁၃၃။

(၃)။ "အဖြူချယ်ရေး၊ကြော့ဆွဲဖွဲ့ရင်း၊နန္ဒင်းနှစ်အုံ၊နီနုဝါပြေ၊ရွှေရေဒွေလျှံ၊ **ပိုးပရံသွေး**၊ စွေးစွေးနီတွေ့၊ မိုးဆွေပွင့်ရောင်၊ ကြာညိုတောင်ဟု၊ ပြောင်ပြောင်လင်းသန့်။" ။ဝိလာသိနီမော်ကွန်း၊ ၁၀၅။

(၄)။ "ဒေါင်းလည်ဆံမျိုး၊ပိုးပရံကောင်၊အရောင်မူလ။" ။ရာမရကန်၊၁၃။

ပိုးပရန်၊**ပိုးပရံ** အရေးနှစ်ရပ်တွင် **ပိုးပရန်** မူလဖြစ်ပုံပေါ်သည်။ **ပိုးပရန်**၌မည်သည့်အသွေးရှိသည်ကို(၃)နှင့်(၄)တို့၌ဖွင့်ဆိုထားသည်။(၃)၌ 'နန္ဒင်းအုံ၊နီနုဝါပြေ၊ရွှေရေဒွေလျှံ' ဆိုသောစကားများဖြင့် **ပိုးပရန်** ၏အသွေးမှာ နန္ဒင်းနှစ်ရောင်၊ နီဝါဖြော့ရောင်၊ ရွှေနှင့်ငွေကို ရောစပ်ထားသည့် မိုးကြိုးရောင် ဖြစ်ကြောင်းပြဆိုသည်။ (၄)၌သော် 'ဒေါင်းလည်ဆံရောင်'ဟု ဆိုလျက်ရှိသည်။ **ပိုးပရန်** တွင် **ရန်** ပုဒ်မှာ'သက်တင်ရန်း၊ဇော်ရန်း'ဆိုသည်၌ကဲ့သို့ **အရောင်** ဟော **ရန်း** ပုဒ်သက်ဟုယူဖွယ်ရှိသည်။ **ပ** ပုဒ်ကိုသော် **ပန်း** ပုဒ်သက်၊ **ပန်းရောင်** ဟော ဖြစ်ပိမ့်လောဟုသာတွေးခေါ်ရသည်။သို့ဖြင့် **ပိုးပရန်** ၏အနက် ' နန္ဒင်းနှစ်ရောင်၊ ကြက်ဥနှစ်ရောင်၊ပန်းရောင်ရှိပိုး'ဟူ၍ရရာသည်။ **ပိုးပရံ** တွင် **ရံ** ပုဒ်မှာ **ရန်** ပုဒ်သက်ဟုသာ ယူရာသည်။

ပိုးဖလံ ကိုသော် 'တပြားနှစ်ပြား၊လင်ပန်းပြား၊ ပြားပြားစက္ကူ၊ဖလံဖြူ၊'ဟုဆိုသည်၌ကဲ့သို့ **ဖလံဖြူ** ဟုလည်းခေါ်ဆိုသေးရာ၊'အဖြူရောင်ရှိသောပိုး၊ပိုးဖြူ'

ပင်ဖြစ်သည်။ **ဝိုးဖလံ** တွင် **ဖ** ပုဒ်မှာ ' ဖြူဖပ်ဖြူယော်၊ဖြူဖပ်ဖပ်၊' ဆိုသည်တို့၌ကဲ့သို့ **ဖြူဖျော့ဖျော့** ဟော **ဖပ်** ပုဒ်သက်ဟုယူသင့်၍၊ **လံ** ပုဒ်ကိုသော် ' ပိုးပရန်၊ပိုးပရ် ' ဆိုသည်တို့တွင် **အရောင်** ဟော **ရန်၊ရံ** ပုဒ်ပြောင်းဖြစ်၍၊ **အရောင်** ဟောဟုပင်ယူသင့်သည်ထင်၏။ ' နီဖလံ၊နီတာလံ၊သန္တာလံ ' ဆိုသည်တို့တွင် **လံ** ပုဒ်တို့မှာလည်း ထို့နည်းတူစွာ **အရောင်** ဟောများဖြစ်ကြသည်။ ထို့ကြောင့် **ဝိုးဖလံ** ၏အနက် **ဝိုးဖြူဖြော့၊ ဖြူဖြော့ရောင်ရှိဝိုး** ဟူ၏။ ယင်းပိုးကို ' ပိုးဖလံမျိုး၊မီးကိုတိုး၊ကိုကျိုးနဲလှပြီ၊' ဟူသောသံပေါက်၌ကဲ့သို့၊လူမိုက်များနှင့် နှိုင်းယှဉ်ဖော်ပြလေ့ရှိသည်။

ကျန် ပိုးများအနက် **ပုရွက်**၊ နှင့် **ဝိတုန်း** တို့ကိုမြန်မာများတော်တော်အာရုံစူးစိုက်ခဲ့သည်။ **ပုရွက်** ကို မြန်မာသက်သက်ဖြင့်အနက်ကောက်သော်၊ ' ချိရွက်သည်ဆောင်လေ့ရှိသော၁ပိုး ' ဟုရပေမည်။ သို့ရာတွင် ယင်းပိုးကို တိဗက်ဘာသာ၌ **ဂ်ရောဂ်** ဟုခေါ်ဆိုရာ ယင်းပုဒ်သည် မြန်မာအခေါ် **ပုရွက်** တွင် **ရွက်** နှင့်မိတ်တူဟုထင်ဖွယ်ရှိသည်။တိဗက်ဘာသာ၌တဖန် ' နီမည်း၊နီညို ' ဟော **ရောဂ်** ပုဒ်ရှိပြန်သဖြင့် ယင်းပိုး၏အရောင် **နီမည်း၊နီညို** ဖြစ်သောကြောင့် **ဂ်ရောဂ်** ဟုခေါ်ပိမ့်လော တွေးဖွယ်ဖြစ်လာပြန်သည်။ထို့ကြောင့် **ပုရွက်** ၏အနက်ကို ' ချိသည်ပိုး ' ဟူ၍ငင်း ' ပိုးနီမည်း၊ပိုးနီညို ' ဟူ၍ငင်း၊နှစ်မျိုးပင်ယူနိုင်ရာသည်။ အဝတ်အထည်တို၌ ပုရွက်များတန်း၍ သွားနေသကဲ့သို့၊ ငုပ်ချည်ပေါ်ချည် ရက်ထားသော အကြောင်းကို **ပုရွက်ကြော်ငင်း** ဟုစိတ်ကူးယဉ်စွာ ခေါ်ဆိုသည်ကိုလည်း သတိပြုရာ၏။

ဝိတုန်း တွင် **တုန်း** ၏အနက် **ပြတ်တောက်၊ ဖြတ်တောက်** ဟော ဖြစ်ကြောင်းဆိုခဲ့ဖူးပြီ။ အစ္စန်း အမြိတ် မရှိ တုန်းတိတိ အသွင်ကိုစွဲကာ ယင်း ပိုးကို **ဝိတုန်း** ဟုခေါ်ဆိုခဲ့ရာသည်။အမည်းတကာတို့တွင် **ဝိတုန်းရောင်** ကိုစံထားလေ့ရှိသည်ပြင်၊ယင်း၏မည်းနက်သောအဆင်း၊လည်ကုပ်တိုသည့်အသွင်၊ မပြတ်သောတောင်ပံခပ်သံ၊ဝတ်ရည်ကိုသောက်တတ်သောအကျင့်၊ သစ်ခေါင်း ဝါးခေါင်း၌အောင်းနေတတ်သောအလေ့တို့ကို ရှေးက စကားထာ (စကားဌာ?) ဝှက်လေ့ရှိသည်ကို၊ ကုသပ္ပါ၊ အပိုဒ် ၃၀၀ ၌၊ မုန်ရွေးဆရာတော် အသျင် အာဒိစ္စရံသီက စပ်ဆိုခဲ့သည်မှာ–

" ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်း ရွတ်လျက်၊ သက်နှံးနက်နှင့်၊ အရက်လည်းသောက်၊ လိုဏ်ဂူပေါက်မှာ၊ တယောက်ရှင်ညို၊ လည်ကုပ်တိုဟု၊ ရယ်လိုရယ်စာ၊ စကားထာနှင့်၊ဖွေရှာထုံးနှန်း၊ပိတုန်းပုံဝဲ။ "

ရှေးလူကြီးများသည်ပိုးတို့၌များစွာအာရုံစူးစိုက်၍၊ယင်းတို့၏အလေ့အကျင့်

များကို နက်နဲသိမ်မွေ့စွာ ရှုမြင်ပြီးလျှင်၊ စာပေတို့တွင် ကဗျာဉာဏ်၊ဟာသဉာဏ် ကွန့်မြူးကာ၊ဖွဲ့ဆိုသီကြူးခဲ့ကြပေသတည်း။

၆၉။ ဖက်လိပ်

မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်စသည်တို့တွင် တပိုးမျိုးရှစ်ပါး ဟူသော အရေအတွက်တွင် **ဖက်လိပ်** ကိုထည့်သွင်းပြဆိုကြသည်။သို့ရာတွင် **ဖက်လိပ်** ဆို သည်မှာ မည်ကဲ့သို့သောတုရိယာဖြစ်ကြောင်း မည်သူမျှရှင်းလင်းဖေါ်ပြခဲ့ခြင်းမ ပြုခဲ့။မင်းခမ်းတော်တီးဝိုင်းကြီးများတွင် ဖက်လိပ်မပါ။အငြိမ့်တုရိယာဆိုသည်တို့ တွင်လည်း ဖက်လိပ်ကိုမတွေ့ရ။ အင်းဝခေတ် ကဗျာတို့၌ပင် ဖက်လိပ်ကို မဖွဲ့မဆို။ ကုန်းပေါင်ခေတ် ကဗျာတို့တွင်မှ ဖက်လိပ်အား ဖွဲ့ဆိုသည်ကို ကြိုး ကြား တွေ့ရ သည်။

(၁)။ "သည်ပတရိုး၊ တီးမှုတ်မျိုးလည်း၊ ကျိုးကျိုးကျွံကျွံ၊ ညိုးညိုးညံ့တီ၊ **တုလံဖက်လိပ်**၊ စိပ်စိပ်မြည်ကြွေး၊ **စည်သေးစည်အို၌**၊ ဆိုင်ကြတီးမြည်။" ။ ဝေဿန္တရာပျို၊ ၂၉၄။

(၂)။ "ချေတုလံလည်း၊ ကြူးသံမွှေ့မွှေ့၊ စေ့စေ့သိပ်သိပ်၊ **ဖက်လိပ်စည်သေး၊ရေးရေးသံလွင့်၊စည်အိုင်ဆင့်လျက်**။" ။မဟာသီလဝပျို၊ဂ၆။

(၃)။ "တံပိုးရှစ်မည်၊ဟူတုံသည်လည်း၊ သံစည်ငြိမ့်ငြောင်း၊ ဒုလောင်းတပုံ၊ နှစ်စုံခရာ၊ တံမြှောတံရှည်၊ အမည်တကွဲ၊ **နဲ့ဖြွေဖက်လိပ်**၊ ဖျော်ကြသိပ်သို့၊ စိပ်စိပ် ကြည်နူး၊ကြော်ရင့်ကြူး၏။" ။မဃဒေဝလင်္ကာသစ်၊၁၄၆။

စပ်အင်များကို ကြိုးကြာမျတွေ့ရသည်အနက် မဃဒေဝလင်္ကာသစ် စပ်အင် မှာ တံပိုးမျိုးရှစ်ပါးကို ရေတွက်ပြခြင်းဖြစ်သဖြင့် ဖက်လိပ်ဆိုသည်မှာ မှုတ်စရာ လေတုရိယာဖြစ်ကြောင်းသိရသည်။ဝေဿန္တရာနှင့် မဟာသီလဝပျို့စပ်အင်များ ကိုထောက်သော်၊ဖက်လိပ်ကို စည်သေး၊စည်အိုင်၊စည်သံလွင်ဆိုသည်တို့နှင့်ဖက်တဲ့ သုံးလေ့ရှိပုံပေါ်သည်။ **ဖက်လိပ်** ၏ပုံကိုမည်သည့်ပန်ချီ၊ပန်ပုလက်ရာတို့၌မျှသတိ မပြုမိ။သို့ဖြင့် **ဖက်လိပ်** ဆိုသည်မှာ **ဖက်ရွက်** ကို ကတော့ပုံ လိပ်ထားသကဲ့သို့ အဖျားကာကား၊အရင်းချွန်ချွန် ဖြစ်တန်ရာသည်ဟုသာ တွေးရ၏။အထည်ကို ဝတ္ထုမှာလည်းကျွှသို့လိပ်ရှရသည့် ကြေး၊သံ၊ငွေ၊ရွှေပြားတို့သာဖြစ်ရာသည်။သံစုံ မှုတ်ရန် လက်နှိပ်ပေါက်များ ပါပုံမပေါ်။ "ဝိဝီရေ့မင့်အမေ ရေနံချောင်း၊မုန့်ပေါင်းသွားဝယ်တယ်။ တံခါးလုံအောင်ချိပ်၊ စောစောကြီးအိပ်၊"ဟု ဆိုကာ၊

ဖက်ရွက်ငယ်တခုကိုလိပ်ပြီးလျှင်၊အရင်းခွံလက်ဖြင့်ပြားအောင်ထု၍၊ကလေးများကစားရာ၌ မှတ်လေ့ရှိသော၊ဖက်လိပ်ပြီကလေးကဲ့သို့သာဖြစ်တန်ရာသည်။သို့ဖြင့် **ဖက်လိပ်** တုရိယာသည် ခရာမျိုးထက်၊တံပိုးမျိုးတွင် ပါဝင်ဖွယ်ရှိသည်ထင်ပိ၏။

၇၀။ ဖရည်

အင်းဝကဗျာခေတ်၌ အတော်အသုံးတွင်ကျယ်ခဲ့၍၊ ကုန်းပေါင်ခေတ်နှောင်းတိုင်အောင်လည်း သုံးစွဲလျက်ရှိသေးသည့် **ဖရည်** ဆိုသောစကားကို၊မျက်မှောက်ခေတ်၌ လုံးဝအသုံးမပြုတော့ပဲ၊ စကား၏ အနက်မှာလည်း ခပ်ငုပ်ငုပ်ဖြစ်၍ နေသည်မှာ အံ့ခမန်းပင်။

ကဗျာတို့၌ **ဖရည်** စပ်အင်များကို အောက်ပါအကိုင်းတွေ့ရသည်။

(၁)။ "အပျက်လင်္ဂီ၊ဒုဿီသဟောက်၊ အင်္ဂါက်အင်း၊ လက်ကြမ်းနှုတ်ပူ၊ဘယ်သူဆိုဝံ့၊ **ယစ်နံ့ဖရည်**၊ ဆိပ်သို့စည်လျက်။" ။ ပါရမီတော်ခဏ်းပျို၊ ၇၆။

(၂)။ "ချမ်းသာဝမ်းလှိုင်၊ အတိုင်အတံ့၊ ဘယ်မူစံ့ဟု၊ **ယစ်နံ့ဖရည်**၊ ဆိပ်သို့စည်လျက်၊ ရွှေပြည်အထူး၊ ဂုဏ်ကျေးဇူးကို၊ ဝမ်းနူးအမြိုက်၊ မမှတ်ပိုက်တည့်။" ။ ၎င်း ၉၁။

(၃)။ "သဘောညစ်ညမ်း၊ လက်ခြေကြမ်း၍၊ **ယစ်နှမ်းဖရည်**၊ ပြစ်မှားသည်မူ၊သွေးပြည်သောက်မြဲ။" ။ နေမိုင်ရဲခဏ်းပျို၊ ဂဝ။

(၄)။ "မြစ်ဆိပ်ကမ်းခုံ၊ မှတ်မထင်ရှင့်၊ သိမြင်ရိပ်ခြည်၊ ပျံလိမ့်မည်လျက်၊ **ဖရည်သောက်နှမ်း**၊ ကျီးကိုဖမ်းသား၊မသွမ်းစတောင်း၊လူအပေါင်းသို့။" ။ သုဝဏ္ဏသို့သစ္စာခဏ်းပျို၊ ၁၂၃။

(၅)။ "ဖရည်ယစ်ဝ၊ရင်းမူလကား၊ပိဋ္ဌပူဝ၊ဩဒနဟု၊ကိဏ္ဏပတ္တ၊သမ္ဘာရနှင့်၊ သံယုတ္တသည်၊သုရာမည်၏။" ။အဘိရူကပျို၊ ၂၆။

ဖရည် ဆိုသည်မှာ ခေတ်အခေါ်အားဖြင့် **သေရည်** ပင်ဖြစ်သည်။ထုတ်နုတ်ချက် (၁) နှင့် (၂) တို့တွင် **ယစ်နံ့ဖရည်** ဆိုသည်မှာ 'မူးယစ်စေ, နံစော်စေသော သေရည်' ဟူ၏။ ဤ မူးယစ်နံစော်စေသော သေရည်သည် အဆိပ်ရည်ကဲ့သို့ အမြှုပ်တစည်စည်ထသည်ကို 'ယစ်နံ့ဖရည်၊ ဆိပ်သို့စည်လျက်၊' ဟုဆိုလျက်ရှိသည်။

ထုတ်နုတ်ချက် (၃)တွင် **ယစ်နှမ်းဖရည်** ဆိုသည်မှာ 'မူးယစ်စေ,ရူးနှမ်းစေ

သော သေရည်' ဟူ၏။ 'သေရည်ကို သောက်သဖြင့် ရူးနှမ်း' လာသည်ကို ထုတ်နုတ်ချက် (၄) ၌ **ဖရည်သောက်နှမ်း** ဟုဆိုသည်။

ထုတ်နုတ်ချက် (၅) တွင်ယစ်မူးစေသော ဖရည်ဆိုသည်မှာ **သုရာ**၊ သေရည်၊ **အရက်** ပင်ဖြစ်ကြောင်း၊ယင်း၏မူလမှာ မုန့်ညက်, မုန့်, ထမင်းတို့ကို တဆေးဖြင့် ရောနှောသမထားခြင်းဖြစ်ကြောင်း ဆိုလျက်ရှိသည်။

အဘိရုကပ္ပါတွင် တန်ဆိပ်ဝန်ဦးရွှေခြည်က **ဖရည်** ခေါ် သေရည်၏ မူလကို သာ ညွှန်းဆိုခဲ့သည်၊ **ဖရည်** ပုဒ်၏မူလကိုသော် မဖွင့်ဆိုခဲ့ချေ။ ယင်းပုဒ်၏ မူလ ကို ကျွန်ုပ်တို့ ရှာဖွေကြည့်ရာ၊ မွန်ဘာသာ၌ **မူးယစ်** ဟော **ဗစူ** ပုဒ်ကို တွေ့ရ သည်။ထိုပုဒ်တွင် နောက်ပုဒ်ကျေ၍ ရွှေပုဒ် **ဗ** ကို **ဖ** ဟု ရွတ်ဆိုသည်မှ **ဖရည်** တွင် **ဖ** ပုဒ်ကိုရအပ်သည်။ထို **ဖ** ပုဒ်ကို တဖန်မြန်မာဘာသာ **အရေ** ဟော **ရည်** ကိုယှဉ်ကပ်သဖြင့် **ဖရည်** ပုဒ်ဖြစ်လာသည်ဟုထင်ဖွယ်ရှိသည်။နောင်သော် **ဖရည်** ဟူသော စကားအသုံးကို **သေရည်** ဟူသော စကားအသုံးကလွှမ်းမိုးသွားသဖြင့် **ဖရည်** ပုဒ်သည် ယခုတိမ်မြုပ်လုမတတ်ရှိချေတော့သတည်း။

၇၁။ မယ်ဖျူး

မယ်ဖျူး ကို **မီးအိုးကင်း၊ မီးလင်းဖို** ဟုအမျှားပင်သိကြသော်လည်း **မယ်** ၏အနက်၊ **ဖျူး** ၏အနက်တို့ကိုသော် မည်ယူမျှ ဖွင့်ဆိုတင်ပြခြင်း မပြုခဲ့သေး။ဤ သို့လုံးချင်းအနက်မျှားကို မိမိရရမသိသေးသ၍၊ သမာသိ၏အနက်ကိုလည်း သေ ချာပြီဟုမဆိုသာသေးချေ။ **မယ်ဖျူး** ကိုပုဂံခေတ်,အင်းဝခေတ်တို့၌ အသုံးမျှား ခဲ့ပုံပေါ်သည်။

(၁)။ "နေရာနှစ်ထည်၊ရေဗူးတလုံး၊မဲပြူ (**မဲဖျူး**) တချပ်ပြူစေသတည်း။" ။၆၁၀ ခုစ္ဓဲ၊ပုဂံမြို့၊အင်္ဂေါ်ကျောင်း ကျောက်စာ၊ ၂၀။

(၂)။ "အိုဝ်ခင်ငံ ၅ ပဲ၊ ငဝန် ၅ ပဲ၊သူရင် ၅ ပဲ၊ **မယ်ဖျူ** ၅ပဲ။" ။၇၃၀ ခုစ္ဓဲ၊ပင်းယမြို့၊ရာကြည့်ကျောင်းကျောက်စာ၊ ဂ။

(၃)။ "သံအိုဝ်ကင်၊သံမယ်ပျူ။" ။ဂဝ၄ ခုစ္ဓဲ၊ပုဂံမြို့၊တက်နွယ်ကျောင်း ကျောက်စာ၊ကျော၁၊ ၂၀။

ထုတ်နုတ်ချက်မျှားကိုထောက်သော် **မယ်ဖျူး** ကိုရှေးက 'မယ်ပျူ၊မယ်ပြူ'ဟု လည်းရေးခဲ့ပုံပေါ်သည်။ သို့ရာတွင် အင်းဝ ကဗျာခေတ်သို့ ရောက်သောအခါ **မယ်ဖျူး** အရေးကျနသေချာလာသည်။

(၁)။ "မီးငရဲလည်း၊ ရေကြဲလက်ဖြန်း၊ **မယ်ဖျူးဝန်းသို့**၊ ပူမှန်း မသိ၊ တောက်ညိမထိန်၊အရှိန်စံလေ။" ။ပါရမီတော်ခဏ်းပျို(ဟောင်း)၊ ၃၁။

(၂)။ "သပိတ်မြေဖြစ်၊ပြာစစ်အိမ်ဗူး၊ **မယ်ဖျူးမီးလှုံ**၊ ပုတ်ခုံပုတ်ကျေ၊ မီးမွေ့ယောက်မ၊ပဲခွပ်စသည်။" ။ဆုတောင်းခဏ်းပျို၊၆၆။

(၃)။ "ပုတ်တံပုတ်ခုံ၊ **မီးလှုံ မယ်ဖျူး**၊ အိမ်ဗူးပြာစစ်။" ။သုဝဏ္ဏသို့ မြေးပစ်ခဏ်းပျို၊ ၂၅။

(၄)။ "ထင်းယောင်းသွေ့မှိန်၊တထိန်ထိန်တည့်၊အရှိန်မစဲ၊အုတ်ဖိုထဲသို့၊ **ငရဲမီးဖျူး**၊ တဟူးဟူးလျှင်၊ကြောက်မူးကြောက်မော်။" ။နေမိငရဲခဏ်းပျို၊၇၄။

(၅)။ "တပို့တွဲလဆန်း ၁၄ ရက်နေ့ကိုဝင်းစာချီတို့ကထင်းစည်းတထောင် ရုံးတော်တွင်တင်လှူသည်။ရွှေတိုက်ဝန်က **မယ်ဖျူး** ၁၀၀၀ တင်လှူသည်။" အင်ရုံစာတမ်း၊တပို့တွဲလပွဲ အစီအရင်။

မယ်ဖျူး ကို ရှေးကျေ့ကစာတို့တွင် တမျိုးတဖုံစီ ရေးလျက်ရှိသော်လည်း၊ ရုကြည့်ကျေ့ငး ကျေ့ကစာအရေးနှင့် အင်းဝခေတ် စာပေအရေးများကို အ တည်ယူရမေမည်။ထုတ်နုတ်ချက်(၄)၊ နေမိငရဲခဏ်းပျို့စပ်အင်တွင် **မယ်ဖျူး** အ စား **မီးဖျူး** ဟုရေးဆိုလျက်ရှိသည့်အချက်က၊ **မယ်ဖျူး** တွင် **မယ်** ပုဒ်မှာ **မီး** ဟော၊ **မီး** နှင့်ပုဒ်ပြောင်းပုဒ်လဲသာဖြင့်သင့်ကြောင်းညွှန်လျက်ရှိသည်။အနှယ်တူ ဘာသာများတွင် **မီး** ဟောပုဒ်များကိုလေ့လာကြည့်သောအခါ ထို့အတိုင်းပင် တွေ့ရသည်။

	ဘာသာ	စကား	အနက်
၁။	တိဗက်	မေ	မီး၊
၂။	အဗေဘိရီ	(အိ)မိ၊(အေ)မေ	ငင်း
၃။	ရှိုက်ယင်မိရီ	မေ	ငင်း
၄။	မိကီရ်	မေ	ငင်း
၅။	ပုရိက်	မယ်	ငင်း
၆။	ပေါင်းရွှေချင်း	မေ	ငင်း
၇။	သဒိုးချင်း	မေ၊မဲ	ငင်း
၈။	လခဲရ်ချင်း	မေအိ၊မယ်	ငင်း
၉။	တင်ခုလ်နာဂ	မေအိ၊မယ်	ငင်း
၁၀။	အင်္ဂါမီနာဂ	မီ	ငင်း
၁၁။	လှိုတနာဂ	(အို)မိ	ငင်း
၁၂။	စေမနာဂ	(အ)မိ	ငင်း

၁၃။ မရူ	မိ	၎င်း
၁၄။ မုဆိုး	(အ)မိ	၎င်း
၁၅။ နှင်း	(ထ)မိ	၎င်း
၁၆။ လိစု	မိမိ	နေ

ဇယားပါပုဒ်များကို သုံးသပ်သော် တိဗက်-မြန်မာ ဘာသာတို့တွင် **မိး** ကို မြန်မာအခေါ်နှင့်ပရိယာယ်တူများဖြစ်သော **မိ၊မီ၊မေ၊မယ်** ပုဒ်များဖြင့် ခေါ်သည်ကိုတွေ့ရပေမည်။ လိစုဘာသာ၌သာ ဆန်းပြားကာ၊ **မိ** ပုဒ်သည် **မိး** ကို မဟော၊ **မိး** ကဲ့သို့ပင်ပူ၍၊ **မိး** ဓာတ်၏အကြောင်းရင်းခံဖြစ်သော **နေ** ကိုဟော လျက်ရှိသည်။ထို့ကြောင့်မြန်မာဘာသာ၌ **မယ်ဖျူး** ဆိုသည်တွင် **မယ်** ပုဒ်မှာ **မိး** ပုဒ်ပြောင်း၊ **မိး** ဟောပင်ဖြစ်ကြောင်း ကောင်းစွာယုံကြည်ရာ၏။

မယ်ဖျူး တွင် **ဖျူး** နှင့်မိတ်တူပုဒ်များကို ရှာကြည့်ရာ၊ တိဗက်ဘာသာ၌ ကတ်ကတ်သတ်သတ် တိုက်ဆိုင်လျက်ရှိသောပုဒ်တခုကို တွေ့ရသည်။ ယင်းပုဒ်မှာ **ဖျုရ်** ဖြစ်၍ အနက် **'အစု၊အပုံ၊အဝိုင်၊စုပုံ** ဟော။ သို့ဖြင့် **မယ်ဖျူး** ၏ အနက် 'မီးစု၊မီးပုံ၊မီးစိုင်၊မီးစုပုံရာ၊' ဟု ပေါ်ထွက်ပေမည်။ တရုတ်ဘာသာ၌လည်းတဖန် ခေတ်မင်းသုံး **ဖု** (Fu)၊ ခေးသုံး **ဗိအု၊ဗျု** (Biu)၊ အနက် **အိုးကင်း၊တယ်အိုးကင်း** ဟောပုဒ်ကိုတွေ့ရှိပြန်သည်။ဤပုဒ်နှင့်စပ်၍ယူသော် **မယ်ဖျူး** ၏အနက် **မီးအိုးကင်း** ဟုလက်သုံးအတိုင်း တိုက်ရိုက်ပေါ်ထွက်ပေမည်။ ဤနှစ်ပုဒ်အနက် မည်သည့်ပုဒ်ဖြင့် **မယ်ဖျူး** ကိုယူသော်ပို၍သင့်မည်ကို ဆုံးဖြတ်ရန်ကားမလွယ်ကူလှ။ တရုတ်ပုဒ် **ဖု** ၏ အနက်က **မယ်ဖျူး** ၏အနက်နှင့်ပိုမိုနီးစပ်၍၊ တိဗက်ပုဒ် **ဖျုရ်** က **မယ်ဖျူး** တွင် **ဖျူး** ၏အသံနှင့်ပိုမိုနီးစပ်လျက်ရှိသည်။တဖန် **မီးဖို** ဆိုသည်တွင် **ဖို** ပုဒ်ကလည်း **အစု၊အပုံ၊အဝိုင်** ပင်ဟော၊ တိဗက်ဘာသာ **ဖုင်** ပုဒ်၊ သျှမ်းဘာသာ **ဖုင်** ပုဒ် တို့နှင့်မိတ်တူ **အစု၊အပုံ၊အဝိုင်** ဟောဟုပင် ယူဖွယ်ရှိသည်။ **မီး** ကလည်း တိဗက် - မြန်မာ ဘာသာလာ ပုဒ်ဖြစ်နေပြန်သဖြင့်၊ တိဗက်ဘာသာလာ **ဖျုရ်** ပုဒ်နှင့် ဟပ်၍ **မယ်ဖျူး** ၏ အနက်ကို ကောက်ယူသော်ပို၍ သဘာဝကျပိမ့်လောဟူ၍လည်း တွေးဖွယ်ရှိသည်။ နေမိုဝရဲဇော်းပ္ပါစပ်အင်တွင်လည်း **ငရဲမီးဖျူး** ဟုဆိုသည်ကို **ငရဲမီးပုံ** ဟုယူခြင်းက **ငရဲမီးအိုးကင်း** ဟုယူခြင်းထက်ပို၍သင့်ပုံရသည်။အချို့ကဗျာတို့တွင် **မယ်ဖျူး** ကို **မီးမယ်ဖျူး** ဟူ၍လည်း **မယ်** ၏အနက် တိမ်မြုပ်နေသဖြင့် **မီး** ပုဒ်ကိုထပ်၍ ထည့်ဆိုပြန်သည်။ ထို့ကြောင့် **မယ်ဖျူး** တွင် **မယ်** ပုဒ်မှာ **မီး** ဟော၊ **ဖျူး** ပုဒ်မှာ **အိုးကင်း၊ တယ်အိုးကင်း** ဟူ၍ ၎င်း၊ **မီးပုံ၊မီးဖို၊မီးပုံ,မီးဖိုရန် အိုး,ခွက်** ဟူ၍ဖြင်း ယူရာသတည်း။

၇၂။ မိကျောင်း

မိကျောင်း ခေါ်ရေသတ္တဝါနှင့်၊ **မိကျောင်း** ခေါ်တုရိယာတို့ကို လူတိုင်း လိုပင်သိပြီးဖြစ်သဖြင့် အရှည်အမျောဖွင့်ဆိုရန်မလိုလှဟု ထင်၏။

မိကျောင်း ဟူသောစကားတွင်၊ **ကျောင်း** ပုဒ်မှာ၊မွန်ဘာသာ **မိကျောင်း** ဟော **ကျံ** ဟုရေး၍ **ကျာမ်** ဟု ဖတ်ရွတ်သော ပုဒ်သက်ပင်ဖြစ်သည်။ မြန်မာတို့သည် မိကျောင်းမရှိသော အာရှတိုက်အလယ်ပိုင်း ဒေသမှ မိကျောင်းရှိသော ဧရောဝတီမြစ်ဝှမ်းအရပ်သို့ ရောက်လာသော အခါ၊ ယင်းအကောင်ကို ရှိပြီး မွန်စကားဖြင့်ပင် ခေါ်ဆိုခဲ့ကြရာ၊ အဘယ်ကြောင့် **မိ** ပုဒ်ကိုချေက ထည့်ပါသနည်း ဟုသာဆင်ခြင်ရန်ရှိသည်။ **မိ** ပုဒ်၏အနက်မှာလည်း 'မိသင့်,မိနတ်,မိခင်'ဆိုသည် တို့ဌဲ့သို့ 'ကြီးမား၊ကြီးမြတ်' ဟောဟုသာ ယူသင့်သည်ထင်၏။ **မိ** နှင့် မိတ်တူ, အနက်တူ **မ** ပုဒ်သည်လည်း၊ 'နေမ၊မြို့မ၊မြစ်မ' ဆိုသည်တို့ဌဲ့၊ထို့အတိုင်း 'ကြီးမား၊ကြီးမြတ်' ဟောပင်ဖြစ်ကြောင်း ပြဆိုခဲ့လှလေပြီ။ထို့ကြောင့် **မိကျောင်း**၏အနက် **ကြီးမားသောကျောင်း၊ ကျောင်းကြီး** ဟူ၏။

မိကျောင်း တုရိယာကို သရေခေတ္တရာ ပျူမင်းမျိုးခေတ်ကပင် သုံးလျက်ရှိတန်ရာသည်။ထိုအချက်ကိုခရစ်တော်နှစ် ၈၀၁ ခုခန့်က၊တရုတ်ပြည်သို့ဆိုက်ရောက်လာသော ပျူယဉ်ကျေးမှုအဖွဲ့ပါတုရိယာမျိုးအကြောင်းကို တရုတ်တို့က မှတ်တမ်းတင်ခဲ့သည်မှ သိရသည်။ ထိုမှတ်တမ်းတွင် 'ပတတ်,ဝါ၊ တောက်တဲ့ ခေါင်းစောင်းပြားမျိုး'ဆိုသည်တို့တွင် မိကျောင်းတုရိယာပါဝင်ရာသည်။နေမိဘုံခဏ်းပျို၊ ၄၅ တွင် 'မှုတ်တီးညှင်းစောင်း၊ရွှေနှင်းနောင်းနှင့်၊ မိကျောင်းပြိုင်ဆော်၊'ဟူ၍၎င်း၊ ၅၅ တွင် 'သံလေးခြည်ချောင်း၊သာသည့်စောင်းနှင့်၊မိကျောင်းညှို့လှုပ်၊ ညှင်းလက်ခုပ်လည်း၊ချုပ်ကန့်နဲ့၊' ဟူ၍၎င်း၊ စပ်သည်တို့ကိုထောက်သဖြင့် အင်းဝခေတ်၌ မိကျောင်းတုရိယာမျိုးကို သုံးလျက် ရှိကြောင်း သိရသည်။ မိကျောင်းတုရိယာမှာ မိကျောင်းရုပ်ကျောပေါ်တွင် ကြိုး ၃ ချောင်း,လေးချောင်း တပ်ဆင်၍၊ခလုတ်များကို နှိပ်ကာတီးရသော တုရိယာဖြစ်သည်။ ကြိုးများကိုခေါင်းဖက်၌ရှိသော ကြိုးသတ် အပြားငယ်တွင် ခြည်နှောင်ထားပြီးလျှင်၊ အမြီးဖက်၌ရှိသော ငုတ်များ၌ရစ်ပတ်ထားသည်။ခလုတ်များမှာလည်း အမြီးဖက်မှ ခေါင်းဖက်သို့ စိတ်၌သဌားရာ၊ ခေါင်းဖက်သို့ တဖြေးဖြေးအသံများ သေးငယ်မြင့်တက်လာသည်။လက်တဖက်ဖြင့် ခလုတ်များကိုနှိပ်၍၊အခြားတဖက်ဖြင့် ကြိုးကိုခတ်၍ တီးရသည်။ **မိကျောင်း** သည် ရှေးအငြိမ့် တုရိယာများတွင် တခု အပါအဝင်ဖြစ်၍ အချို့မွန်ဒေသတို့တွင်သုံးလျက်ရှိသေးသောတုရိယာဖြစ်သတည်း။

၇၃။ **မီးသွေး**

မြန်မာဘာသာဖြင့်ချည်း နှိုက်ချွတ်၍ ဗျူပွတ် ရှာနိုင်ဖွယ်ရာ မရှိသော ပုဒ်တို့တွင် **မီးသွေး** ပါဝင်သည်။ **မီးသွေး** တွင် **မီး** ပုဒ်ပေါ်လွင် သည်ထက် **သွေး** ပုဒ်ကမြုပ်လျက်ရှိသည်။

မီးသွေး သည် လွန်စွာရှေးကျသော စကား ဖြစ်ပုံပေါ်သည်။ အကြောင်းမတိုက်ဆိုင်သဖြင့် ယင်းစကားကို ပုဂံခေတ်ထိုး ကျောက်စာတို၌ မတွေ့ရ စေကာ၊ အင်းဝခေတ်ဦးထိုး၊ ၇၇၀ ခုစွဲ၊ ပုဂံမြို့၊ ဝက်ကြီးအင်းအရပ်၊ အင်းဝ မင်းခေါင်ကြီး၏ တန်ဆောင်းမိဖုရားလူ၊ တန်ဆောင်းကျောင်း ကျောက်စာ၊ မျက်နှာဖက်အဆက်၊ကြောင်းရေ ၂ တွင် 'တရောက် ၂ တင်ဆီ **မီသွေ** ဆောင်လပေရို (တယောက် ၂ တင်းစီ မီးသွေးဆောင်းလပေးရိုး)' ဟူသော စကားတွင် စတင်တွေ့ရသည်။ နေမိုင်ရဲခဏ်းပျို၊ ၁၃ တွင်လည်း **'မီးသွေးမီးနာ**၊ ပြာမဖြစ်ပဲ၊တလဲလဲလျှင်၊ ရဲရဲတောက်လျက်၊' ဟူသောစပ်အင်ရှိသည်။

မြန်မာနှင့်အနွယ်တူဘာသာစကို့တွင် **မီးသွေး၊ သွေး** တို့နှင့်မိတ်တူဟု ယူဖွယ်ရှိသော ပုဒ်များကိုတွေ့ရသည်မှာ–

	ဘာသာ	**စကား**	**အနက်**
၁။	တိဗက်	သောလ်	မီးသွေး၊ကျောက်မီးသွေး၊
		သောလ်မေး	မီးကျီး၊တောက်လောင်နေသောမီးသွေး၊
		ဂ်သုရ်	အနည်းငယ်လောင်,ကျွမ်း၊
၂။	ကရင်	သွ	မီးသွေး၊
၃။	နှင်း	ရှိလ်	၎င်း
၄။	အင်္ဂမီနာဂ	မိစျူ(မိရှူ)	၎င်း
၅။	တင်ခုလ်နာဂ	မဟဲ	၎င်း
၆။	လှိုတနာဂ	မီဟာ	၎င်း
၇။	ချင်း	မေဟိုလ်၊မေဟောလ်	၎င်း

အထက်ပါတို့အနက် တိဗက်ဘာသာ **သောလ်၊ ဂ်သုရ်**၊ ကရင်ဘာသာ **သွ** ပုဒ်တို့နှင့် မြန်မာဘာသာ **မီးသွေး** တွင် **သွေး** ပုဒ်တို့မှာ အနီးစပ်ဆုံး ဆိုရာ၏။ တဖန် ယင်း **သွေး၊ သွ၊ သောလ်၊ ဂ်သုရ်** ပုဒ်တို့နှင့် နှင်းဘာသာ **ရှိလ်**၊ အင်္ဂမီနာဂဘာသာ **ရှူ (ရှူ)** ပုဒ်တို့သည်လည်း ပြောင်းလဲနိုင်ကြောင်း၊ သံသကြိုင်္ **ယှ၊ရှ၊သျှ** ပုဒ်တို့မှ ပါဠိနှင့် မြန်မာဘာသာ **သ** ပုဒ်သို့ ပြောင်းလဲသည်ကိုထောက်

ရာ၏။ (**ယှုကြ** မှ **သုကြာ၊ သောကြာ**။ **ယှာန္တိ** မှ **သန္တေး**။ **ပေါ်ရှ** မှ **ဖုဿ၊ ဖုဿ**)။ တဖန် **ရှိလ်၊ ဗျူ** (ရှူ) ပုဒ်တို့နှင့် **ဟိုလ်၊ ဟောလ်၊ ဟာ၊ ဟဲ** ပုဒ်တို့ ပြောင်းလဲနိုင်ကြောင်း မြန်မာဘာသာဝေယျာဂရနားက **ဟစ်၊ ဟိ၊ ဟိန်ခို** တို့အား ယခု **ယှစ်**(**ရှစ်**)၊**ယှ**°(**ရှ**)၊ **ရှိန်းခို** ဟု ရေး ခေါ်သည်ကို ထောက် ပါလေ။ ထို့ကြောင့် မြန်မာဘာသာ **မီးသွေး** တွင် **သွေး** ပုဒ်သီးသည်၊ တိဗက် ဘာသာ **သောလ်** ပုဒ် ကရင်ဘာသာ **သွ** ပုဒ်၊ နုင်းဘာသာ **ရှိလ်** ပုဒ်၊အင်္ဂမီနာဂဘာသာ **ဗျူ** (ရှူ)ပုဒ်၊ ကျန်ချင်းနှင့် နာဂဘာသာ **ဟိုလ်၊ ဟောလ်၊ဟဲ၊ဟာ** ပုဒ်တို့နှင့် မိတ်တူ **မီးသွေး** ဟောဟုယူဆရာ၏။ ယင်း ပုဒ်တို့ သည်လည်း တိဗက် ဘာသာ **ဂ်သုလ်** ပုဒ်ကဲ့သို့ မူလအားဖြင့် 'အနည်းငယ်၊ တပိုင်းတစ ကျမ်းလောင် ထား သော အရာ' ဟောဖြစ်တန်ရာသည်။

ဤသို့ သိရပြီးသော် မြန်မာ ဘာသာ တွင်းဌပင် ပြန်၍ ဆင်ခြင် ပြန်သော်၊ **မီးသွေး** တွင် **သွေး** ပုဒ်သည်၊ **မီးရှူး** တွင် **တောက်၊လောင်** ဟော **ရှူး** ပုဒ်၊ **ဟူးဟူး၊ ဟုန်းဟုန်း** တွင် 'တောက်လောင်၊အရှိန်ဖြင့် တောက်လောင်' ဟော **ဟူး၊ ဟုန်း** ပုဒ်တို့နှင့်လည်း သားချင်းတော်သည် ယူဆရာသတည်း။

၇၄။ မုန့်၊မုံ

ရှေးရေးသတ်ပုံကျမ်းတို့တွင်၊ကဝိလက္ခဏာသတ်ပုံကျမ်းသည်မှီခိုအားထားပြု လောက်ဆုံးသောကျမ်း၊ အနက်နဲဆုံးသောကျမ်း ဖြစ်သည်ကို လူတိုင်းပင် ဝန်ခံရ ပေမည်။ သို့ဖြင့်ယင်းကျမ်းထက် သတ်ပုံအားလုံးတို့ကိုမှန်ရမည်၊ မျက်စိမှိတ်,နား ပိတ်,ဥနှောက်ဆိတ်၍ လက်ခံနိုင်သည်ဟုသော်ကား၊မဆိုနိုင်ချေ။အချို့ နေရာတို့၌ ချွတ်ချော်မှားယွင်းချက်များရှိသေးသည်ကို ကျွန်ုပ်တို့တင်ပြခဲ့လှလေပြီ။ဤ **မုန့်၊ မုံ** အရေးဌလည်း၊ ခေတ်သတ်ပုံကျမ်းများနှင့် တကွသိုလ် မြန်မာအဘိဓာန်ကျမ်း တွင် 'မပြန်မလှုံ၊ ကတ္တန့်မုံ (ကတ္တတ်မုံ?) စားမြုံ့သူခတ်ကြွင်း။'ဟူသော ကဝိ လက္ခဏာသတ်ပုံ စပ်အင်သံပေါက်လောက်ကိုသာအားကိုး၍၊ 'စားသောမုံ့၊စား ရန်မုံ၊ကတ္တတ်မုံ'ဟုပြဆိုမှားလျက်ရှိကြသည်။

ရှေးသတ်ပုံကျမ်းများအနက် သဗ္ဗညာဏာ ချီတွင် 'မချက်မလှန်၊ နတ်တို့မုန့်၊ ဖြိုးဖန့်ရွှင်အကြိုက်၊'ဟူ၍ဌင်း၊ဝဏ္ဏဗောဓနသတ်အင်းတွင် 'စားသည့်မုန့်၊ မြေမုန့်၊ မုန့်မုန့်ညက်ညက်'ဟူ၍ဌင်း **နှ** သတ်ဖြင့် **မုန့်** ဟုအရေးပြသည်။ယုဒသန် မြန်မာ-အင်္ဂလိတ် အဘိဓာန်တွင်လည်း 'မုန့်၊မုန့်ကြပ်၊မုန့်ညက်၊'စသဖြင့် အရေးပြလျက်ရှိ သည်။

ကျောက်စာမင်စာတို့တွင် အရေးသမိုင်းကို လိုက်သောအခါ အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "အသျှင်သဃ်ာအား တပေးသော် ဆန်ဖြူ ၃၀ မြတ်၊ ဆန်နီ ၁၂၀ မြတ်၊ **မုန့်** အမဲအဆာအဖိုးငွေ ၂၀ အမြတ်၊အမဲဆိတ် ၁၀ ခု။" ။၇၀၅၊၇၂၀ ခုစဲ့၊တပယ်မြို့၊ကုလားကျောင်းဦးထွက်၊ဇေတဝန်ကျောင်း ကျောက်စာ၊ ၁၈၊ ၁၉။(ခေတ်ရေးနည်းသို့ဖလှယ်ပြီး)။

(၂)။ "သူဆင်းရဲတယောက်သောသည်၊နှစ်လုံးကြည်ညိုစွာသဖြင့်မိမိစားဖို့ **မုန့်** ကို ဖုရှားအားလှူရလောအကျိုးဖြင့်၊ ၉၂ ကမ္ဘာဆိုးငြိ မသိစည်းစိမ်ခံစား၏။" ။ပုဂံမြို့၊ ဝိနည်းဓိရိဖုရားစုမင်စာ၊မြောက်စမုတ်၊ကုံးအောက်မျက်နှာ၊၁၀။ (ဖလှယ်ပြီး)။

(၃)။ "လယ်ကာကောက်ကြီကောက်လျင်ရ လက်မွန်အခွန်ကား ၁၀ ထိတော။ကြက်ဥ ပုဇွန်ချန်(ချဉ်) **မုန်သန်** ရမြဲ၏။" ။၆၂၅၊၆၃၆ ခုစဲ့၊ ပုဂံမြို့၊ ရှင်ပင်ဗောဓိတန်တိုင်းအတွင်းအရှေ့ဖက်ရှိကျောက်စာ၊ ၂၃၊၂၄။(ဖလှယ်ပြီး)။

(၄)။ "ယင်သင်ခနိဿဏာတွင် ၆ ပယ်၊စရပ်ရာ ၁ ပယ်၊ **မုန်သန်** ၁၀၊ ကြံသိုင်း ၃ ပယ်ခဲ့။" ။၆၆၂ ခုစဲ့၊ ကျောက်ဆည်မြို့ အနောက်မြောက်၊ငွေတွင်းတူးတောရကျောင်း ကျောက်စာ၊ ၁၀၊၁၁၊(ဖလှယ်ပြီး)။

(၅)။ "မြင်းခုန်တိုင်ခြုံန့်ခွင် **မုန့်ပေါင်း** နှိုက်လေးကွံးပင် ၂၀၀။" ။ ၆၂၇၊၆၃၇ ခုစဲ့၊ပုဂံမြို့၊ကုသသမုတိဖုရားကျောက်စာ၊၄၁၊၄၂။

(၆)။ "**မုန့်ပေါင်းတိုက်** တွင်ငရွေတုမ်မြေငါးစိတ်နှင့်အကွ ကွံ၁၀၀၀။" ။၈၁၀ ခုစဲ့၊စစ်ကိုင်းမြို့၊အနန္တသူရိယကျောင်းကျောက်စာ၊၁၀။

(၇)။ သမီမိုန်ပွင် ၁၊ငီမမိုန်ကြွစ် ၁။" ။၅၉၇ ခုစဲ့၊ ပုဂံမြို့၊ မင်းဆရာပိတရစ်ကျောက်စာ၊၁၅။(တိုင်းရင်းပုံ ၈၅)။

ထုတ်နုတ်ချက်(၁)နှင့် (၂)တို့တွင် 'မုန့်အမဲ့အဆာ'ဟူ၍ငင်း၊' မိမိစားဖို့မုန့် ' ဟူ၍ငင်း၊ဆိုသည်တို့၌ **မုန့်** ၏အရေးနှင့်အနက်တို့မှာ ထင်ရှားပေသည်။ (၃)နှင့် (၄)တို့တွင် **မုန်သန်** ဟုရေးလျက်ရှိသည်တို့ကို **မုန့်သန်** ဟုကောက်ယူသင့်သည် ထင်၏။ **မုန့်သန်** တွင် **သန်** ပုဒ်မှာ **ကောက်သန်** ဆိုသည်၌ကဲ့သို့ **စပါး၊ ဆန်** ဟောဖြစ်သင့်၍၊ **မုန့်သန်** ၏အနက် 'မုန့်လုပ်စားရသည့်စပါး၊ဆန် 'ဟောဟု ယူသင့်သည်။ယင်း **မုန့်သန်** မှာ(၃)တွင် 'ကြက်ဥ,ပုဇွန်ချဉ် 'တို့နှင့်တွဲဖက်နေသဖြင့် မုန့်လုပ်စားစရာ စပါး,ဆန်,ဝါ၊ ခေတ်သုံးဝေါဟာရအရ၊ 'ကောက်ညှင်းစပါး, ဆန်,သို့မဟုတ်,မုန့်ဆန်း' ဖြစ်ရပေမည်။ တထစ်တိုး၍ကြံပြန်သော် ကောက်ညှင်းစပါးကို လှော်ထောင်း၍ ရသော **မုန့်ဆန်း** ဟူသော ခေတ်သုံးစကားသည်ပင်

ဤ **မုန့်သန်** ပုဒ်မှပင်သက်လာသည်ယူဖွယ်ရှိသည်။ **မုန့်ဆန်း** ဟုယခုခေါ်ဆိုနေသောမုန့်တွင် မည်သည့်ဆန်းပြားသောအခြင်းအရာမျှမရှိ၊ ကောက်ညှင်းစပါးကို လှော်၍ ထောင်းထားခြင်းမျှဖြစ်ရာ၊ **မုန့်သန်** သည်သာ မူရင်းပုဒ်ဖြစ်သင့်၍ အနက်လည်းရသည်။ **မုန့်ဆန်း** ကို ရာသီအလိုက် 'ဆန်းသစ်သောမုန့်' ဟု ယူလျှင် ရဖွယ်ရှိသော်လည်း၊ **မုန့်သန်** လောက် အနက်မထိမိဟုထင်၏။ (၄)၌ 'မုန့်သန် ၁၀' ဟုဆိုလျက်ရှိရာ၊ 'ကောက်ညှင်းစပါး စိုက်သောလယ်၊ ၀၊ မုန့်ဆန်းလယ် ၁၀ ပယ်'ဟု အနက်ကောက်ယူရာ၏။

(၅)နှင့်(၆)တို့တွင် 'မုန့်ပေါင်းနှိုက်၊ မုန့်ပေါင်းတိုက်တွင်'ဆိုသည်တို့၌ **မုန့်ပေါင်း** သည် အရပ်၏အမည်, တိုက်နယ်၏ အမည်များဖြစ်သည်။ယင်းအရပ်နှင့် တိုက်နယ်တို့ကို ဤသို့ခေါ်ဆိုသည်မှာ ယင်းတို့အတွင်း၌ မုန့်ပေါင်းလုပ်၍ ရောင်းစားသူ, နှန်းတော် အိမ်တော်တို့သို့ ဆက်သွင်းရသူများ နေထိုင်သည့်ရွာ ရှိသောကြောင့်ဖြစ်တန်ရာသည်။

(၇)တွင် **မိုန့်ပွင့်၊မိုန့်ကြွစ်** ဆိုသည်၌ **မိုန့်** သည် **မုန့်** ၏ရှေးဆန်သောအရေးဖြစ်သည်ထင်၏။ ထို့ကြောင့်ယင်းတို့ကို ခေတ်ရှေးနည်းသို့ဖလှယ်ကာ၊ **မုန့်ပွင့်၊ မုန့်ကြွပ်** ဟုရေးသင့်သည်။ဤတွင် မုန့်အမည်များကိုစွဲ၍အမျိုးသမီးတို့၏အမည်များကို မှည့်ခေါ်လျက်ရှိသည်။

သမိုင်းအရ **မုန့်** အရေးကိုသာတောက်လျှောက်တွေ့ရပြီးသော်၊ **မုန့်** ပုဒ်၏ ရင်းမြစ်နှင့်အဆက်အသွယ်တို့ကိုရှာပြန်ရာ အောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	မန်၊မုန်၊မုအန်	မုန့်ပေါင်း၊
၂။ သျှမ်း	မုန်	မုန့်၊
၃။ ကချင်	မုက်	၎င်း
၄။ မရူ	မောက်	၎င်း
၅။ ပလောင်	မောင်	၎င်း
၆။ ကရင်	မူ	၎င်း

တရုတ်ကန်တုန်နယ်သုံး **မုန်** ပုဒ်သည် မြန်မာဘာသာ **မုန့်** ပုဒ်နှင့်ထပ်တူမျှကျသည်။သျှမ်းဘာသာ **မုန်** ပုဒ်သည်မြန်မာဘာသာ **မုန့်** ပုဒ်သက်ဖြစ်ရာသော်လည်း၊မြန်မာအရေးမှန်ကို ထိန်းသိမ်းလျက်ရှိသည်။ ကျန်ဘာသာ ပုဒ်များသည်လည်းမြန်မာ **မုန့်** သက်များပင် ဖြစ်တန်ရာသည်။ မြန်မာ **မုန့်** ပုဒ်သည်လည်း တရုတ် **မန်၊မုန်၊မုအန်** ပုဒ်သက်ဖြစ်ကောင်း ဖြစ်ပေမည်။ ထို့ကြောင့်စကား၏ ရင်းမြစ်အရလည်း **မုန့်** ဟု **န** သတ်ဖြင့်အရေးသည်သာ သင့်သည်ဆိုရာ၏။

ရှေးကျေဂက်စာ မင်စာတို့တွင် အရေးတွေ့ရသည်တို့မှာ 'မုန်ပင်၊ မုန်တိုင်၊ မုန်ရွာ၊မုန်ရွေး၊မုန်တောင်တိုက်၊မုန်ကိုင်းရွာ၊ မုန်ကြိုင်ရွာ၊ မုန်ညင်း၊မြူမုန်။ ။ မုန့်၊မုန့်ပေါင်းတိုက်၊မုန့်သန်၊မုန့်မုန့်ညက်ညက်၊မြေမုန့်။ ။သမုန်းပင်။ ကြာမုံ၊ ကြေးမုံ။'ဟူ၏။ ထို့ကြောင့်ယခု 'မုံရွာ၊မုံရွေး' ဟုအရေးပြု, အရေးတွင်လျက် ရှိကြသည်မှာမသင့်။ **မုန်ပင်** ကိုစွဲ၍ ယင်းအမည်များ ဖြစ်ပေါ်လာဟန်ရှိသဖြင့် **မုန်ရွာ၊မုန်ရွေး** ဟုသာရေးသင့်သည်။

ဖေါ်ပြခဲ့သော အချက်အလက်များကို ထောက်သဖြင့်၊ မည်သည့် ပုဒ်၌ မဆို အရေးကွဲပြားမှုရှိခဲ့သော်၊ရှေးသတ်ပုံကျမ်း,ဝေါဟာရကျမ်း,ကဗျာကျမ်းတို့နှင့်၊ ကျမ်းပြုပုဂ္ဂိုလ်ကြီးများ၏ဂုဏ်ကိုသာ အားကိုးပြုနေ၍မဖြစ်၊ စကား၏ မူလနှင့်အ ရေးသမိုင်းတို့ကို၊ခြေခြေမြစ်မြစ်,နှံ့နှံ့စပ်စပ် လေ့လာသုံးသပ်ပြီးမှသာလျှင် အမှား နှင့်အမှန်ကို၊ဝေဘန်ဆုံးဖြတ်ရာသတည်း။

မြားလျား

(မြန်မာစကားအဖွင့်ကျမ်း,ဒုတိယတွဲ၊ ၇၂ ကြည့်)

ခေတ်ပုံနှိပ်မူတို့နှင့် အင်းဝခေတ်နောက်ပိုင်းရေး မင်စာမူတို့တွင်၊ မည်မျှပင် **များလျား** ဟူသော **များ** အပင့်ရေး, ခေတ်စား နေသော်လည်း၊ **မြားလျား** ဟူသော **မြား** အရစ်ရေးသည်သာ မူလအရေး, အရေးမှန်, အခြား **မြား** ပုဒ်တို့ နှင့်ရွေနောက်ညီညွတ်သောအရေးဖြစ်ကြောင်း၊ **ဆိမ်း** (ထိမ်းမြား)အကြောင်း, **ရံမြား** အကြောင်းတို့၌ အကျယ်ရှင်းလင်းဖေါ်ပြခဲ့ပြီ။မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ၊ **မြားလျား** အကြောင်း၌၊ စကား၏ အသုံးပရိယာယ်များ ပြည့်စုံစွာ မပါသွား သဖြင့် ဤတွင် ဖြည့်စွက် ထည့်သွင်း လိုပါသည်။ **မြားလျား** ၏ ယေဘုယျအနက် 'အမြိတ်၊ အစွန်း၊ ရှည်သွယ်သော အမြတ်အစွန်း၊ ဝါ၊ အမြိတ် အစွန်းရှည်' ဟော ဖြစ်ကြောင်းဖေါ်ပြခဲ့ပြီ။

ကိုးခေါ်းပျို၊ ၃၃ တွင် 'နွားမနို့ရည်၊ချိုဥတည်ဟု၊ကြိုးရှည်များလျား(မြားလျား)၊ တိုင်ချည် (ခြည်) ထား၍။' ဟူ၍ဂင်း၊ သျင်ရင်ဌသာရရေး တန်တားဦး မင်္ဂလာစေတီမော်ကွန်း၊ ၁၆ တွင် 'ဆံပင်ကျစ်လုံး၊ပတ်ထုံးနောက်ကျ၊ သွယ်လျ မုဆိတ်၊ ချမြိတ်များလျား(မြားလျား)၊မုနားကျင်စွယ်၊' ဟူ၍ဂင်း၊ဓမ္မပါလပျို ၃၇ တွင် 'ပုံသေသိလွယ်၊ ဆီမီးဝယ်လျက်၊ သွယ်သွယ်များလျား (မြားလျား)၊ မီးစာထား၍၊ဆီသားခွက်ပြည့်၊လျှမ်းလျှမ်းထည့်မှ၊' ဟူ၍ဂင်း၊ နေမိဝရဲခေါ်းပျို၊

၆၇ တွင်'အကျားအပြောက်၊ချို့စောက်ချို့လိမ်၊စွေးအိမ်တဲးပါး၊ကြိုးများလျားလျား (မြားလျား) နှင့်၊ နံပါးတိုက်ဖက်၊ လည်ကချက်၍။' ဟူ၍ငင်း၊ စပ်ဆိုသည် တို့၌၊ **မြားလျား** ၏အနက် 'ရှည်သွယ်သောအမြီတ်, အစွန်း၊ ကြိုးစ, ဆံစ, မုဆိတ်စ' ဟောချည်း ဖြစ်သည်။

ဘူရိဒတ်ဇာတ်ပေါင်းပျို၊ ၆ တွင် 'ဆိုရေးရှိက၊ဆိုအပ်လှ၏၊ ဆိုစများလျားလျား (မြားလျား)၊ ထားပခေမိ၊ငါ့ဝန်ရှိခဲ့။' ဟူ၍ငင်း၊ ကိုးခဏ်းပျို၊ ၃၆ တွင်'အုတ်အင်ပစ္စည်း၊ သိမ်းဆည်းကြံနိုင်၊ ဦးတိုင်ပဲ့လှည့်၊ မကြည့်မရှု၊ မခုမမ၊ လက်စတင်းလင်း၊များလျားလျား (မြားလျားလျား)ကြင်းလျက်။' ဟူ၍ငင်း၊နေမိဝရဲခဏ်းပျို၊ ၇၆တွင် ပဋိဿဒတ်ဟု၊ လွတ်လွတ်ခုန်တက်၊ ကျားကိုဖက်၍၊ သန်လျက်ဉာဏ၊ မြို့က်မြို့က်ရှသား၊ပြတ်ကျများလျားလျား (မြားလျား)၊ သန်လျက်သွားနှင့်၊လှားလှားဖြတ်ရဉ်။' ဟူ၍ငင်း စပ်သည်တို့၌ **မြားလျား** ၏အနက် 'တောင်းလောင်း, တန်းလန်းဖြစ်နေသော အမြီတ်,အစွန်း' ဟောဖြစ်သည်။

ရုံမြား နှင့် **မြားလျား** တို့၏ များစွာမကွဲခြားလှသော အနက် ပရိယာယ်သဘောများကိုထောက်၍သော်၎င်း၊ **ရုံမြား** ကို အင်းဝ ခေတ်ဦးပိုင်း ကျောက်စာတို့တွင် စတင်တွေ့ရ၍၊ **မြားလျား** ကို အင်းဝခေတ်လတ်ကဗျာတို့တွင်မှတွေ့ရသည့်အချက်၊အရေးသမိုင်းကိုထောက်၍သော်၎င်း၊ **ရုံမြား** သည်ပုဒ်ရင်းဖြစ်၍၊ **မြားလျား** သည် **ရုံမြား** မှ ပွားစည်း လာသော ပုဒ်သက် ဖြစ်သင့် ကြောင်း သဘောပေါက်ရာသည်။ ထို့ကြောင်း ယင်း နှစ်ပုဒ်စလုံးကို **ရုံမြား** (ရမြား)၊ **မြားလျား** ဟူ၍ **မြား** ပုဒ်တို့ကို အရစ်ဖြင့်ချည်း ရေးသင့်ကြောင်း ထပ်လောင်း ဖေါ်ပြလိုပေသတည်း။

၇၅။ ယမ်း၊ ရမ်း

အနက်တို့ကို သေချာစွာ စီစစ်၍၊ အနက်ကွဲပြားသည်အတိုင်း၊အရေးတို့ကိုခွဲခြားပြလေ့မရှိသော သတ်ပုံကျမ်းတို့၌ **ယမ်း၊ ရမ်း** အရေးများ မှားယွင်း ရောထွေးနေတတ်သည်။သို့ဖြင့်ယင်းအရေးနှစ်ရပ်ကို ဤတွင်သေချာစွာစီစစ်၍၊တရပ်ရပ်တွင်လည်း၊ အနက်ကွဲပြားသည်အလိုက်၊ တသန့်တသန့်စီ ခွဲခြား ဖေါ်ပြ လိုက်ပါမည်။

(က) **ယမ်း** အရေးများ

(၁)။ ယမ်း = **ခယ၊ ခဧယယ** ဆိုသည်တွင် **ယ** ပုဒ်သက်။ အနက် **ခခယယဖြူ၊ရိရိသေသေဖြူမှု** ဟော = (ရေးထုံးများ) ခယမ်း၊ ခခယမ်းယမ်း၊ ယမ်း

ပည်း(အရိုအသေမျှား)။

(၂)။ ယမ်း = **'ဒ့ဲ၊ခပ်၊ လှပ်ရှား** = ဝှေ့ယမ်း၊ မွေ့ယမ်း၊ ပွေ့ယမ်း၊ ဖက်ယမ်း၊ဖည်ယမ်း၊ ဖယ်ယမ်း၊ လက်ဖြင့်ယမ်း။ယမ်းတမ်းခတ် (တောင်မြောက် ယမ်းရှိရိုက်ခတ်,ဖျက်ဆီး)။

(၃)။ ယမ်း = မှား၊ယောင်မှား = ယောင်ယမ်း၊ တဖျင့်ယမ်း (တလွဲတမှား)၊ကတောင်ကယမ်း။

(၄)။ ယမ်း = မီးလောင် ပေါက်ကွဲတတ်သောဓာတ် = ယမ်းစိမ်း၊ ယမ်းတောင့်၊ယမ်းစမ်းရွာ။

(ခ) **ရမ်း** အရေးမျှား

၁။ ရမ်း = မြေ၁၊မှန်း = ရော်ရမ်း၊ မြေ၁ရမ်း၊ရမ်းဆ၊မျက်ရမ်းဆ၊တောရမ်းမယ်ဖွဲ့ (တောကိုမြေ၁၊ မယ်ကိုဖွဲ့။ တောင်တောင် မြောက်မြောက်ဖွဲ့ဆို,ပြောဆို)။ ကတမ်းကရမ်း (ဟိုမြေ၁ သည်မှန်း၊ မြေ၁မှန်း, ရည်ရွယ်ချက် တခုတည်းမထား၊အမျိုးမျိုးမှန်းမြေ၁)။ကိုရမ်းမသိ (မိမိ၏မြေ၁မှန်း,ရည်ရွယ်ချက်ကိုမသိ)။

(၂)။ ရမ်း = မွန်ဘာသာ **'** ပျက်စီး၊ ဖျက်စီး၊ ပြုန်းတီး၊ ဖြုန်းတီး **'**ဟော **ဗရမ်း၊ဗြမ်း** ပုဒ်သက်ဖြစ်ကောင်းဖြစ်မည်။အနက် **သော့သွမ်း၊ဖျက်ဆီး** ဟော = ဟော့ရမ်း၊သရမ်း၊ဟဟရမ်းရမ်း (ဟော့ဟော့ရမ်းရမ်း)၊ပရမ်းပတာ၊အရမ်းကာရော၊ရမ်းကား၊ရမ်းပဲ(အဖျက်အဆီးများ)၊ သူရမ်းပဲ (အဖျက်အဆီးများသူ၊ ဓမြ၊သူပုန်။ဤတွင် **ပဲ** ပုဒ်သည် **များ**၊ ဟော **ပည်း** ပုဒ်ပြောင်း)။

(၃) ရမ်း = **အားရ** ဆိုသည်တွင် **ရ** ပုဒ်သက်၊ (ကချင် **ရ** = ကြိုက်၊ နှစ်သက်။ တိဗက် **ရင်** = ရှင်လန်း၊ဝမ်းမြောက်)။ အနက် **အားရ၊ နှစ်သက်၊ ရွှင်လန်း၊ဝမ်းမြောက်၊ တပ်မက်၊စွဲလမ်း** ဟော = အားရမ်း၊ လွှဲရမ်း၊လွှဲလွှဲရမ်းရမ်း၊(များစွာနှစ်သက်,ရွှင်လန်း၊ **လွှဲ** ၏ အနက် **လောက်လွှဲ** ဆိုသည်၌ကဲ့သို့ **များ၊ကုံ** ဟော)။ အာသာရမ်းရမ်း (စိတ်စွဲလမ်း၊တပ်မက်)။ခရမ်း(သီး)၊ညောင်ရမ်း (ပင်၊မြို့)၊ရမ်းပြဲ(ကျွန်း)၊ ဟင်းရမ်း(ပင်) ဆိုသည်တို့၌ **ရမ်း** ပုဒ်များသည်၊ဤ **နှစ်သက်၊ရွှင်လန်း၊တပ်မက်** ဟောပုဒ်ဖြစ်ကောင်းဖြစ်မည်။

(၄) ရမ်း = (ပလောင် **ရမ်**၊ မိကီရိ **ပေရမ်**၊ နုံး **ရုမ်**၊ သျှမ်း **ယိမ်**၊ တိဗက် **ဂ်ယရ်၊ဗ်ရည်န်း** ပုဒ်တို့သည် **ချေး၊ဌား** ဟော)။အနက် **ရဟူ၊တောင်းယူ၊ချေးယူ** ဟော = တောင်းရမ်း၊ဌားရမ်း။

(၅)။ ရမ်း = (ဟန်ဆီး **ရုံ**၊ သျှမ်း **လံ** = များပြား၊ပေါများ)။ပေါများ၊ များပြား = ပေါရမ်း၊ကြွေ့ရမ်း၊ကြွေ့ကြွေ့ရမ်းရမ်း(ကြွေ့ = များပြား)။

(၆)။ ရမ်း = ဖေါ်၊ရောင် = ရောင်ရမ်း၊မို့ရမ်၊မို့မို့ရမ်းရမ်း။

(၇)။ ရမ်း = မွန်အမည်မျိုး = ဗညားရမ်း (မင်းသားရမ်း၊ ရမ်းအမည်ရှိ မင်းသား)၊ သို့ပရမ်း(မင်းမတ်ပရမ်း၊ပရမ်းအမည်ရှိမင်းမတ်)။

ယမ်းနှင့်ခွဲစရာ **ယန်း** ပုဒ်မရှိ၊ **ရမ်း** နှင့်ခွဲ၍ရေးစရာ **ရန်း** ပုဒ်သည်ကားရှိသေး၏။

(၁)။ ရန်း = ဆေးရောင် = ဇော်ရန်း၊သက်တင်ရန်း၊မရန်း(မဲညိုရောင်?)။

(၂)။ ရန်း = ကာ၊ကာဆည်း၊ ပတ်ဝိုက် = ကာရန်း၊ကျီးရန်း၊ခါးရန်းကြိုး၊ စောင်ရန်း၊တောင်နရန်း၊ လက်ရန်း၊ အရန်းအတား၊ခေါင်ရန်း (?)။

(၃)။ ရန်း = ပါဠိ **အန္တ** ပုဒ်သက်၊ **အန္တန်း** ဟော = စတုရန်း(စတုရန္တ)၊ တြိရန်း (တြိရန္တ)။

အထက်ပါပုဒ်တို့တွင် 'မှားယွင်း၊မှားယွင်းအော်မြည်၊'ဟော **ယောင်ယမ်း** နှင့် **ဖေါ်သွပ်** ဟော **ရောင်ရမ်း**၊**အခအယမ်းများ** ဟော**ယမ်းပည်း** နှင့် **အဗျက်အဆီးများ** ဟော **ရမ်းပဲ** တို့ကို အထူးသတိပြု ခွဲခြားမှတ်သားရာသတည်း။

၇၆။ ရုံမြား၊ရှုမြား

ရုံမြား အကြောင်းကို **ထိမ်း** ခေါင်းစဉ်အောက်၌ အတော် အသင့် ထည့်သွင်းစဉ်းစားခဲ့သည်။ **မြားလျား** ခေါင်းစဉ် အောက်၌လည်း ထပ်မံ ညွှန်းဆိုခဲ့သည်။သို့ရာတွင် ယင်းပုဒ်နှင့် အဆက်အသွယ်များကို ဆင်ခြင်သုံးသပ်ရန် နယ်အနည်းငယ်ကျန်သေးသည်။

၈၃၆ ခုစဲ့၊ စည့်ကိုင်မြို့နယ်၊ သပြေရိုးရွာ၊ ဖုရားလှကျောက်စာတွင် ကန်ကြီးတခုကိုတူးပြီးလျှင် ရံမြားငင်၍ ဖုရားအားလူသည်ဟု ဆိုလျက်ရှိကြောင်း တင်ပြခဲ့ပြီ။ထို့အလျင်၇၆၅ခုစဲ့၊မုန်ရွာမြို့နယ်၊ကျောက်ကာရွာ၊ရွှေဂူနီကျောက်စာတွင် သော်၊စာသားများပျက်စီး ယိုယွင်းနေသဖြင့်၊ **ရမြားငင်** ဟူသော စကားသုံးကြိမ်မျှပါရှိသော်လည်း၊ မည်သည့်အနက်ဖြင့် သုံးထားသည်ကို အတိအကျမသိရသော်လည်း ဖုရားထီးတင်, ကျောင်းသိမ်ဆောက်,ဝတ္ထုပစ္စည်းများကိုလှူဒါန်းရာ၌ ရမြားငင်သည်ဆိုရာ၊ ကပ်၍ မဖြစ်သော ပစ္စည်းများကို အလှူခံ ပုဂ္ဂိုလ်နှင့် ဆက်သွယ်ပေးခြင်းဟုပင် ထင်ဖွယ်ရှိသည်။ **ရုံမြား**၊ **ရမြား** ပုဒ်နှင့်အသုံးများကို ဤမျှသာကျောက်စာတို့တွင် ခိုင်မာစွာရေးလျက်ရှိသည်ကို တွေ့မိသည်။

ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ ၄၊ အမှတ် ၃၊ ၁၉၆၃ ခု၊ ဇူလိုင်လထုတ်တွင်၊မင်းသုဝဏ်တင်ပြသည့်၊ ၉၅၄ ခုစဲ့၊ ဂူပြောက်ငယ် မင်စာတွင်'ကျန်း

ခွင်ထိမ် (ထိန့်) ၀၀၊သက်သေတိုင်ထား၊ရေကရားနှင့်၊ **ရများသွယ်ဝင်း**၊ ပူဇော်တင်သည်၊ကောင်းကင် မိုးလယ်ပဆိုက်တည်း။' ဟု ရေးလျက်ရှိသည်ကို လေ့လာကြည့်သောအခါ၊ ဤတွင်လည်း စေတီတော်ကိုထီးတင်၊ ရုပ်ပွားတော် များကို ရွှေသင်္ကန်း,ဟသ်ပဒါးသင်္ကန်း ဆင်မြန်းပြီးလျှင်၊များစွာသော ဝတ္ထုပစ္စည်းတို့ကို လှူဒါန်း ရာ၌ **ရများသွယ်ဝင်း**၊ **ပူဇော်တင်သည်** ဆို ပြန်ရာ၊ ဖုရားလှကျောက်စာ၌ကဲ့သို့၊ ထာဝရ ဝတ္ထုများကို ပိတ်စ ရှည်ကြီး တစ်နှန်းဖြင့် ပတ်ရံပြီးလျှင်၊ အခြားတစ်နှန်းကို အလှူခံပုဂ္ဂိုလ်၏ လက်တွင်းသို့ သွယ်ငင်ထည့်သွင်း လှူဒါန်းခြင်းပင် ဖြစ်သင့်ကြောင်းတွေ့ရသည်။

ထို့နောက် **ရုံမြေး** အရေးအသား, အသုံးအနှုန်းတို့ကို စာပေတို့၌တွေ့ရှိမှတ်သားထားသ၍ တင်ပြဆွေးနွေးရမည်ဆိုသော်။

(၁) ဆုတောင်းခဏ်းပျို၊ ၁၆ တွင် 'အခါအခါ၊ရွာဘာသာဖြင့်၊ကြုံဟစ်စာလည်းပေး၊ဦးဆေးမင်္ဂလာ၊ယတရာနှင့်၊တသာလှဲလှဲ၊ **ရများဆွေ၍**၊ ကျင့်မြဲလည်းကောင်း။' ဆိုရာ၌၊ **ရများဆွေ** ဆိုသည်မှာ၊ တပိုဒ်လုံးပါစကားများကိုထောက်သဖြင့်၊ဗုဒ္ဓဝါဒီတို့၏ အလေ့မဟုတ်၊ ဗြဟ္မဏဝါဒီတို့၏အလေ့ဖြစ်ရာသည်။ ဗြဟ္မဏဝါဒီတို့တွင် ယင်းတို့ကိုးကွယ်သော မဟာဗိန္ဓုအစရှိသော နတ်ကြီးများကိုရထားထက်တင်၍ ဖျင်စ, ပိတ်စ တို့ဖြင့် မြို့ရွာကို လှည့်ပတ် ဆွဲလေ့ရှိရာ၊ ဘေးရန် ကင်းပျောက်စေရန် နတ်ရထားကို ဤသို့ဆွဲငင်လှည့်လည်သည်ကို **ရများဆွဲ** ဟုစပ်ဆိုထားဟန်ရှိသည်။ ရှေးမြန်မာနိုင်ငံ၌လည်း ထို့အတိုင်း နတ်တော်လတွင်မဟာဗိန္ဓုနတ်ကိုရထားထက် တင်၍ ဆွဲငင်သောအလေ့ရှိခဲ့ကြောင်း၊ ပျို့များ, ရာသီဖွဲ့များနှင့်ရာဇဝင်တို့တွင် ဖတ်ရှုရသည်။

(၂)။ 'အသက်ရှည်ကြောင်း,ကုသိုလ်ဟောင်းကို၊ ကဲလောင်းအသစ်၊ မျိုးဆွေချစ်နှင့်၊စိစစ်သုတ်သင်၊ **ရများဝင်** ၍၊ကြည်လင်လွန်းကြ၊ဥဿာဟကြောင့်၊ ဆနဝုတိ၊မထိရောဂါ၊အနာပျောက်ကင်း။' ဟု ဓမ္မပါလပျို၊ ၆၁ တွင် စပ်သည်၌၊ **ရများဝင်** ၏အနက် **ဆက်စပ်**၊ **ဆက်သွယ်** ဟုသာ ပေါ်ထွက်သည်။ မျိုးဆွေတစုတို့ပေါင်းရုံး၍၊ ကုသိုလ်သစ်များကို ထပ်လောင်း ပြင်ဆင် သုတ်သင်ကြခြင်းဖြင့်၊ ကုသိုလ်သစ်နှင့် ဆက်သွယ်၍ သဒ္ဓါကြည်ညိုစိတ်ပွားများအားထုတ်ကြသောကြောင့်၊ လူတို့ ရောဂါ ကင်းရှင်း ကြသည်ဟု ဆိုရာ၊ ကုသိုလ် ဟောင်း နှင့် ကုသိုလ်သစ်ဆက်သွယ်သည်ကို **ရများဝင်** ဟုဆိုသည်။ **ခြည်ငင်**၊ **ခြည်ဝင်** ဆိုသည်၌ကဲ့သို့၊ ဤ၌ **ရများငင်** ကို **ရများဝင်** ဟုဆိုလျက်ရှိသည်။

(၃) ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ ၁၉ တွင် 'ပြည့်ဖြိုးဝလင်၊ မျိုးမာတင်ကို၊နတ်ရှင်ရန်နင်း၊ကျုံးတော်တွင်းဝယ်၊မပြင်းစေလို၊ နှစ်ညဉ့်သိုမှ၊ မြင်းမိုရ်လယ်

ချက်၊ နံနက်သောက်ဝါ၊ ထွန်းသောခါ၌၊ လက်ယာတောင်စွန်း၊ သဘင်နန်းက၊ ကြင့်နန်းဘုန်းကြွယ်၊ ရှုစံပယ်လျက်၊ လက်ငယ်လက်ကြီး၊ **ရများပြီးသော်**၊ ပွန်းထီး လက်ကောင်း၊ ဆင့်လောင်းပန်းမော်၊ အကျော်ယရည်း၊ သူမွန်ချည်းတိ။' ဟုစပ်ရာ၌လည်း **ရများ** ၏အနက် **ဆက်စပ်၊ ဆက်လက်** ဟူ၏။ ဘုရင်မင်းမြတ် ရှုစားနေတော်မူစဉ်၊ ကျုံး၌သွင်းထားသော်ဆင်ရိုင်းကြီးကို၊ ယရည်းကြီးငယ်, အကျော်အမော်ဟူသ၍၊ ဆက်ကာဆက်ကာ ဆင်ကြီးနှင့် စွန့်စားကစားကြခြင်းကို ဤ၌ဖွဲ့ဆိုထားရာ၊ **ရများ** ၏အနက် **ဆက်စပ်၊ ဆက်လက်၊ ဆက်ကာ** ဟုသာကောက်ယူရာသည်။

(၄)။ ဝိလာသိနီမော်ကွန်း၊ အပိုဒ် ၁၁၆ တွင် 'အနဂ္ဃမုတ္တာ၊ ရတနာလျှင်၊ အာကာသွန်ထဲ၊ပျံကွန်ဝဲသို့၊ ရဲးရဲးတောက်ရှိမ်း၊ မောက်ရန်ထိမ်းကို၊ ခပ်သိမ်းကိုယ်ပြင်၊ တင့်တိုင်းဆင်၍၊ ပုံယင်ပည်းသီ၊ ခေါဘိဏီဖြင့်၊ နန်းဆီလကျဉ်၊ မြေမျက်နှာဝယ်၊ ပဒေသာငုံ၊ သီးစုံပွင့်မျိုး၊ **ပုဆိုးရများ**၊ ပစ္စူလွှားလျက်၊ ကြွားကြွားကြွကြွ၊ မြူးကွန်ကနှင့်၊ ဗိုလ်မျာ့းပုံဦး၊ ဂဠုန်မြူးသို့၊ ဖြူးဖြူးဖြန့်ဖြည်း၊ မလူးလည်းတိ။' ဟု စပ်ဆိုရာ၌၊ ဆင်ဖြူတော်ကြီးဝင်လာရာ လမ်းတလျှောက်၌ ပုဆိုးပစ္စူ ဆွဲဆိုင်းထားသည်ကို 'ပုဆိုးရများ၊ပစ္စူလွှားလျက်၊' ဟုစပ်ဆိုလျက်ရှိသည်။ ဤတွင် ဆွဲဆိုင်းထားသော ပုဆိုး၊ပစ္စူ (ပုဆိုးဖြူ) ရှည်များကို **ရများ** ဟုခေါ်လျက်ရှိသည်။

(၅)။ သူဇာပျို၊ ၄၀ တွင် 'လျင်ပြင်းစီရင်၊ကြွလမ်းခွင်ကို၊ သုတ်သင်လှည်းခတ်၊ရာဇမတ်လည်း၊မပြတ်စဉ်ဆက်၊ကာစေလျက်လျှင်၊ ကြံ့ဂျက်ပျော်လျဉ်၊ စီစဉ်စိုက်ထား၊ **ယများဆွဲးလွှင့်**၊ စင်နှင့်ရေကြည်၊အိုးပြည့်တည်၍၊ သာသည်စုံအင်၊ တန်ဆာဆင်မှ၊' ဟု စပ်သည်၌လည်း၊ **ယများ** ဆိုသည်မှာ လမ်းတဖက်တချက်တွင် အထက်မှဆွဲဆိုင်းထားသော ပုဆိုးပစ္စူပင်ဖြစ်သည်။

(၆)။ ဦးကုလား မဟာရာဇဝင်ကြီး ပထမအုပ်၊ ပုဂံပြည်၊ မင်္ဂလာစေတီဌာပနာခြင်းအကြောင်း၌ 'လမ်းနှစ်ဖက်ကိုလည်း ကြာသွတ်အိုးတည်စေပြီးသော် ဌက်ပျော်ပင် ကြံပင်စိုက်စေ၏။ **ရမြား** ဆွဲစေလျက်ဖြစ်သောကြောင့် သုဒဿန နတ်လမ်းမကဲ့သို့ အလှန်တင့်တယ်စွာဖြစ်၏' ဟူရှင်းယင်း တတိယအုပ်၊ ဟံသာဝတီပြည်၌၊ မဟာဝိဇယစေတီတော် ဌာပနာခြင်းအကြောင်း၌လည်း "ကမ္မောဇသာမိရွှေနန်းတော်ကသည် ကောင်းမှုတော် တိုင်အောင် လမ်းမြောင် နှစ်ဖက်ကို ဒေါင့်ခြံ (ဒေါင်းခြံ) ကာစေ၍ ဌက်ပျော်ပင် ကြံပင်စိုက်စေပြီးလျှင်၊ **ယမြား** ရေအိုးတို့ဖြင့် တန်းဆာဆင်စေ၍ သုဒဿန နတ်လမ်းမကဲ့သို့ အံ့ဘွယ်သရဲသော ခရီးကို။ (မှန်နန်း မဟာရာဇဝင် တော်ကြီး၊ တတိယ အုပ်၊ ယင်း အကြောင်း၌ 'ဒေါင်းခြံကာစေ၍၊ ဌက်ပျော်ပင် ကြံပင်စိုက်စေပြီးလျှင် **ရမြား** ရေအိုးတို့ဖြင့်

တန်ဆာဆင်စေ၍' ဟုရှိသည်)" ဆိုသည်တို့၌ **ရမြား၊ ယမြား** ဟုနှစ်မျိုးပင်ရေးလျက်ရှိသည်တို့မှာ လမ်းခရီးတဖက်တချက်၌ အလှအပဆွဲဆိုင်းထားသော ပုဆိုးပစ္စည်းပင်ဖြစ်သည်။

(၇)။ လောကဗျူဟာ အင်ရုံစာတမ်း၊ ၃၀၇၊ မင်းအား သိုက်ဟ်သည့် ထုံးတမ်း မသာတော်ချ အခမ်းအနားတွင် 'သည်နောက်ပျည်ကြီးကို အမတ်ပျိုတို့မ၍ လိုက်ရသည်၊ သည့်နောက်မြင်းမူး ၈ ယောက် **ရံမြားတို့** ကိုင်၍ လိုက်ရသည်။သည်နောက် သန်လျင်းတော်ကို အမတ်တို့ထမ်း၍လိုက်ရသည်။ သန်လျင်းရှေက ထီးဖြူ ၂၊ သန်လျင်းနောက်က ထီးဖြူ ၂ စင်းကို၊မြင်းတော်သည်ပေါင်းထုပ် ပေါင်း၀တ်ဖြူနှင့်ကိုင်၍လိုက်ရသည်။' ဟုရေးဆိုလျက်ရှိသည်၌ **ရံများတို့** ဆိုသည်မှာ ဘုရင်၏အလောင်းတော်တင်ထားသော သန်လျင်းတွင် ခြည်ထား၍ ရွှေမှဆွဲသွားရန်ရည်ရွယ်ထားသော ပိတ်စကြိုးပင်ဖြစ်ရပေမည်။

(၈) "တောင်ကုတ်နင်းသော်၊လူချင်းလက်ခြေ၊ တွက်ရေမစစ်၊ ပျားပျစ်လဘို၊နတ်တိုသြဇာ၊ ဆွမ်းသုဒ္ဓါနှင့်၊ စကြာရွှေဘုံ၊လှည်းခုံဝဲ့၊ **ယမြား** ဆဲ့လျက်၊' ဟု ရခိုင်နိုင်မော်ကွန်း ၃၅ တွင်၊မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို၊ လှည်းခုံပေါ်တင်၍၊တောင်ကုတ်လမ်းမှ ခိုင်မဲသောကြိုးတို့ဖြင့်ဆွဲငင်လာသည်ကို **ယမြားဆွဲ** ဟုစပ်ဆိုလျက်ရှိသည်။

ထုတ်နုတ်ချက်များပါ **ရုံမြား၊ ရမြား၊ ယမြား၊ ရများ၊ ယများ** ဟူသော အရေးငါးမျိုးအနက် **ရုံမြား** သည်သာမူလအရေး၊ အရေးမှန်ဖြစ်သင့်ကြောင်းနှင့် **ရုံမြား**' တွင် **ရုံ** ၏အနက် 'ပတ်ရုံ၊ ဝန်းရုံ၊ကာရုံ၊ ထရုံ' ဆိုသည်တို့၌ကဲ့သို့ 'ပစ်ရစ်,ကာသန်း'ဟော၊ **မြား** ၏အနက် 'ထိမ်းမြား၊မြားလျား'ဆိုသည်တို့၌ကဲ့သို့ 'အမြိတ်အစ္စန်း၊အဆက်အသွယ်၊ဆက်သွယ်'ဟောဖြစ်ကြောင်း၊ **ထိမ်း၊မြား လျား** အကြောင်းတို့၌ဆိုခဲ့ပြီ။ **ရုံမြား** မှသော် **ရမြား** ဟုသာစံနစ်အတိုင်းသက်သင့်သည်။

ခေတ် တလျောက် လုံးတွင် **လေးမြား** ဟူ၍ ၎င်း၊ ဆု တောင်းခဏ်းပျို့၊ ၁၁၂ တွင် **သံဟက်မြား** ဟူ၍၎င်း၊ သုဝဏ္ဏသို့ မြားပစ်ခဏ်းပျို့၊ ၇၄ တွင် **သံငက်မြား** ဟူ၍၎င်း၊ရေးဆိုသည်တို့၌ **မြား** သည်လည်း **ရုံမြား** တွင် **မြား** နှင့် ပုဒ်တူပင်ဖြစ်သင့်ကြောင်း နောက်ထပ်စဉ်းစား၍ရပြန်၏။ **ရုံမြား** တွင် **မြား** ပုဒ်မှာ **အစ္စန်း၊အမြိတ်** ဟောဖြစ်၍ အချွန်သော်၎င်း၊အပြားအပြန့်သော်၎င်း ဖြစ်နိုင်သည်။ **လေးမြား** တွင် **မြား** ပုဒ်သည်ကား **အစ္စန်း၊အစ္စယ်** ဟောဖြစ်၍ အချွန်ဖြစ်သည်။ ဤမျှသာ ယင်းတို့၏ အနက်ပရိယာယ်များကွာခြားသည်။ငါးကို အစာဖြင့်ဖြားယောင်း၍ ဖမ်းရာ၌အသုံးပြုသည့် **သံမြားချိတ်** (ခြိတ်)၊ **ငါးများ**

ချိတ် (ခြိတ်)ဟုရေးခေါ်သင့်သော်ပုဒ်ကိုသော်၊ ယခုအများအားဖြင့် **ငါးမျှား ချိတ်** ဟုရေးလျက်ရှိချေပြီ။ ၇၃၅၊၇၃၆ ခုစဲ့၊စစ်ကိုင်းမြို့၊ရတနာစေတီကျောင်း ကျောက်စာ၊ဓဲကျော၊ ၃၁၌ 'ထန်းပင်စင်ရိုရိုရွေလောက်၊သံမျှားကောက်ဖြင့်လျှောကို ခိတ်လျက်၊' ဟူ၍ငင်း၊ ၇၆၀ ခုစဲ့၊ နန်းတွင်း ကျောက်စာရုံရှိ၊ ဓမ္မဂုရုကျောင်း ကျောက်စာ၊ကျော၊ ၁၀၊၁၉ ၌လည်း 'ထန်ပင်စည်ရိုလောက်သံမျှာကောက်ဖြင့် လျှောကိုဝိခိတ်လျက်၊' ဟူ၍ငင်း ရေးလျက်ရှိသည်တို့ကိုတွေ့ရသည်။ သို့ရာတွင် ဤ၌လည်း မူလပုဒ်မှာ **သံမြှားကောက်** ဟူ၍သာဖြစ်သင့်သည်ထင်၏။ သို့ရာတွင်ဤ၌သော် ထို့ထက်စောသောအရေးကဲ့မျှားကိုမတွေ့ရသေးသဖြင့် ဧကန်ကေမဆုန်း ဖြတ်သာသေးချေ။ **ထိမ်း** အကြောင်း၌ ဖွင့်ဆိုခဲ့သော **ထိမ်းမြား** အရေး၊ ဤတွင် နောက်ထပ်စဉ်းစားမိသော **လေးမြား** အရေးတို့ကို ထောက်သဖြင့်လည်း **ရုံမြား၊ ရမြား** ဟူ၍၊ အရစ်ဖြင့်အရေးသည်သာ သင့်သည်၊ ရွေးနောက်ညီညွတ်သည်ဆိုရာသည်။

ရုံမြား ၏သဘာဝကို စဉ်းစားကြည့်သောအခါ၊ ယေဘုယျအားဖြင့် ဖျင်စ, ပိတ်စရှည်၊ပုဆိုးစ,ပစ္စူစရှည်မျှားသာ ဖြစ်သင့်ကြောင်း တွေ့ရသည်။ သို့ရာတွင် မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို လှည်းခုံပေါ်တင်ပြီးလျှင် တောင်ကုတ်လမ်းမှ တောင်မျှားကိုဖြတ်ကျော်ဆွဲငင်လာသည်၌ကဲ့သို့၊ ခိုင်မာသောသံကြိုးရှည်,လျော်ကြီးရှည်, အုန်းဆံကြီးရှည်မျှားလည်းဖြစ်နိုင်သည်။ အခိုင်အမာကိုမလို,အလှအပကိုလိုသောအခါ၊ လှပတင့်တယ်သည့် ဖျင်ပိတ်စရှည်၊ ပုဆိုးပစ္စူစရှည်မျှားကိုသုံးလေ့ရှိသော်လည်း၊ အလှအပကိုမလို၊ အခိုင်အမာကို လိုသောအခါ ခိုင်မာသောကြိုးမျှားကိုလည်း ရမြားအဖြစ်ဖြင့်သုံးလေ့ရှိသည်ကိုသတိမူရာ၏။

ရုံမြား ၏အသုံးမျှားကို ဆင်ခြင်ကြည့်ပြန်သောအခါ၊ထာဝရ,ဝတ္ထုမျှားကို လူဒါန်းရာ၌ အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့အားဆက်သွယ်ရန်သုံးခြင်းကို ရှေးဦးစွာတွေ့ရသည်။ဒုတိယ လမ်းခရီးမျှားကို တန်ဆာဆင်သည့်အနေဖြင့်အထက်မှဆွဲဆိုင်းထားခြင်း၊ တတိယ ဖုရားရုပ်ပွားတော်,နတ်ရုပ်စသည်တင် လှည်းရထားတို့ကိုဆွဲငင်ရန် မင်္ဂလာအခမ်းအနားတို့၌သုံးခြင်း၊စတုတ္ထ ဖုန်းကြီးပို့၊မသာတော်စသော အမင်္ဂလာအခမ်းအနားတို့၌ လိုက်,သန်လျင်းတို့ကိုဆွဲငင်ရန်သုံးခြင်းဟူ၍ ပေါင်းလေးမျိုးပင်ရှိသည်။ **ထိမ်း** အကြောင်း၌ဖော်ပြခဲ့သည်အတိုင်း၊ သရဏဂုဏ်ဘင်ရာ၌ သေသူနှင့် သရဏဂုဏ်တင်သည့် သင်္ဃာတော်များကို ဆက်သွယ်ရန်သုံးခြင်းလည်းရှိသေးသည်ပြင်၊ ယခုခေတ်တွင် ဖုရားတန်ဆောင်း,ဖုရားဆောင်စသည်တို့၌ မျက်နှာကြက်မှအောက်သို့ဆွဲဆိုင်းထားသော၊ လှပတင့်တယ်စွာမွမ်းမံထားသည့်, ပိုး,သကလတ်,ကတီပါ,ဇာ စသော အစပြန့် အစရှည်ကြိုး မျှားကို

လည်း **ရံမြား၊ရမြား** ဟုပင်ခေါ်နိုင်ရာသည်။သို့ရာတွင်ယင်းတို့ကိုယခု **ကြာယဝ်** ဟု အခေါ်များလျက်ရှိသည်။စင်စစ်အားဖြင့်ယင်းတို့သည် **ယဝ်** မဟုတ် **ရံမြား** သာဖြစ်သည်။ ယင်းတို့ကို ယပ်အနေဖြင့် လှုပ်ခပ်ပေးရန်မဟုတ်၊ ရံမြားအနေဖြင့် အလှအပဆွဲထားခြင်းမျှဖြစ်သည်။ သို့ရာတွင် မသာတော်အခမ်းအနားများတွင် အလောင်းစင်ပြင်ရာ၌ 'အလောင်းစင်အုပ် ဗိတာန်ခါသာကို **ကြာယဝ်** နှစ်ဆင့် ထုလုပ်၍ တိုင်ခြောက်ချောင်းတပ်သည်။'ဟူသောစကားအသုံးကို အင်ရုံစာတမ်း၌တွေ့ရသည်။မဟာရာဇဝင်ကြီး၊တတိယအုပ်၊ ၁၇၅ တွင်လည်း'ကျဿံမဏ္ဍပ်ကို ကောင်းမွန်စွာအမွှမ်းအပြောက်တို့ဖြင့် စီရင်ပြီးသော်၊ သမန်းတော်ရိုင်းတို့ဖြင့်မိုး၍မျက်နှာကြက်၏။ ပိတ် ပုဆိုးတို့ဖြင့်ပန်းတောင်းလည်လျက် (သံတောင်းလည်လျက်)၊ ဆန်းကြယ်စွာသောပုဆိုးတို့ဖြင့် **ကြာယဝ်** တည်၏။' ဟူ၍ ဆိုသည်တို့လည်းရှိသည်။ကျဿံသို့ **ရံမြား** အစား **ကြာယဝ်** ဟုနောက်ခေတ်များတွင် သုံးစွဲခေါ်ဆိုလာသည်မှာ **ရံမြား** ၏အနက် ငုပ်လျက်ရှိသောကြောင့်ဟု ထင်ဖွယ်ရှိသည်။

ရံမြား၊ရမြား နှင့်မှားယွင်းတတ်သည့် **ယဝ်မား၊ယမား** ဟူသောအမည်အခေါ်လည်းရှိသေးသည်။ ယဉ်ကျေးမှုစာစောင်၊ဂူပြောက်ငယ်မင်စာဆောင်းပါး၌ထုတ်နုတ်ဖော်ပြလိုက်သော် ' သူသေအဆောင်အရွက် စန္ဒား၊ ရများ၊ မီးအိုး၊ လက်ဖက်ချောင်း'စသော မနုကျယ်ဓမ္မသတ်လာစကားဟုဆိုသည်တို့တွင်'စန္ဒား၊ ရများ'ဟူ၍မသာ့၊ 'စန္ဒား၊ယမား'ဟူ၍သာရှိသင့်သည်။ **ရများ** သည်သူသေအဆောင်အရွက်မဟုတ်၊ **ယဝ်မား၊ ယမား** သည်သာ သူသေ အဆောင်အရွက်ဖြစ်သည်။လောကဗျူဟာ၊အင်ရုံစာတမ်း၊အဋ္ဌမတွဲ၊သင်္ဂြိဟ်သည့်ထုံးတမ်းများအကြောင်းကို ဖတ်ရှုပါက၊ မသာတော်အခမ်းအနားများတွင် သေသူ၏အဆောင်အရွက်အနေဖြင့် ' စန္ဒား၊ ယမား၊ ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေတကောင်း၊ ငွေတကောင်း၊ရွှေပချုပ်၊ငွေပချုပ် ' ဟူသည်တို့ကို အခါပေါင်း မြောက်များစွာ ရေးသားသုံးစွဲထားသည်ကိုတွေ့ရပေမည်။ **ယမား** ကိုအချို့နေရာတို့၌လည်း **ယဝ်မား** ဟုရေးလျက်ရှိသည်။ **ယမား** ကို အမင်္ဂလာအရာ၌သာ သုံးသည်မဟုတ်၊ မင်္ဂလာအရာတို့၌လည်းသုံးကြောင်း၊နေမိမင်္ဂစိုးခဏ်းပျို၊ ၂၂ တွင် ' တောင်ငှေးကရား၊ယမားဆောင်းထီး၊ပုတီးတသွယ်၊'ဟူ၍ငင်း၊ နေမိဘုံခဏ်းပျို၊ ၈၀ တွင် 'သပိတ်ကရား၊ယမားဆောင်းထီး၊ ဖုံး(ဖုန်း)ပုတီးနှင့်၊ အုံးကြီးပြောက်ထိုး၊'ဟူ၍ငင်း၊မင်းတရားမယ်တော်ခြေင်း၊၁၅ တွင်'သန်လျက်သီလဝင်၊ပဉ္စင်းပါး၊ယပ်မားဘိနပ်၊ရွှေသင်းကျပ်နှင့်၊ဇလပ်အတူ၊ထီးဖြူရောင်လျှံ၊ ရွှေတံရွှေရိုး၊ရွှေအိုးရွှေကြာ၊ ရွှေတာရွှေကျပ်၊ ရွှေကွမ်း ချပ် နှင့် ' ဟူ၍ငင်း ရေးစပ်လျက် ရှိသည် တို့ကို

ထောက်ရာ၏။ ဤတွင် **ယင်မား၊ယမား** ဆိုသည်မှာ **ယင်ကြီး၊** အရိုးရှည်ရှည် ခပ်ကောင်းကောင်တွင် အဖျားဥယပ်ပြားဝိုင်းဝိုင်းတပ်ထားလေ့ရှိသော **ယင်ရိုးရှည်ကြီး** ဖြစ်သည်။ **ရုံမြား၊ ရမြား** သည် သူသေ၏အဆောင်အရွက်မဟုတ်၊သူသေအလောင်းတင်ထားသည့်လိုက်,သန်လျင်းစသည်တို့တွင် ဆွဲဆိုင်းရန် တခါတရံအသုံးပြုသည့် ပုဆိုး,ပစ္စူစ၊ပိတ်စ,ပိုးစ စသည်တို့သာဖြစ်သည်။

နောက်ဆုံးတွင်အကျဉ်းချုံး၍ ဖေါ်ပြရသော်၊ **ယမြား၊ရများ၊ယများ** ဟူသောအရေးများမှသင့်ခြင်းနှင့် **ရုံမြား၊ ရမြား** ဟူသော အရေးတို့သည်သာ မူရင်း,မူမှန်ဖြစ်၍၊ရွေးနောက်ညီညွတ်သင့်မြတ်ခြင်း၊ရုံမြား၏အနက် 'ပတ်ရစ်၊ကာသန်းရန်အမြိတ်အစ္စန်း,အသွယ်,အလျား'ဟောဖြစ်ခြင်း၊ ရုံမြားသည် ယေဘုယျအားဖြင့် ဖျင်စ,ပိတ်စ,ပိုးစရှည်၊ပုဆိုးပစ္စူရှည်,အပြားအပြန့်ဖြစ်သော်လည်း၊ခိုင်ခံ့သောကြိုးလုံးများလည်း ဖြစ်နိုင်ခြင်းနှင့်၊ **ရုံမြား** ကို တခုနှင့်တခု ဆက်သွယ်ရန်၊ အပေါ်မှအလှအပဆွဲဆိုင်းထားရန်၊ လှည်း,ရထား,သန်လျင်းစသောယာဉ်များကို သုမင်္ဂလ, ဒုမင်္ဂလတို့၌ ဆွဲငင် အသုံးပြုရန် စသည်တို့ ဖြစ်၍၊ **ယမား၊ ယင်မား** မှာယပ်ရိုးရှည်ကြီးဖြစ်၍၊ **ရုံမြား၊ရမြား**နှင့် **ယင်မား၊ယမား** တို့ကို မရောမမှား,ခွဲခြားမှတ်သားရန် ဖြစ်သတည်း။

၇၇။ ရိခါ၊ရိက္ခာ

"ရိက္ခာကံကျေး၊ ရိက္ခာဆန်၊စားနပ်ရိက္ခာ၊မျိုးရိက္ခာ" စသဖြင့်ဆိုသည်တို့၌ **ရိက္ခာ** ဟုမျက်မှောက်ခေတ်တွင် ရေးသားလျက်ရှိသောစကားကို၊ပုဂံခေတ်ထိုး၊ ၅၉၈ ခုစွဲ၊စောလှဝန်းဖုရား၊အသဝတ်ခမ္မာသင်းချိုင်းဂူကျောက်စာကျောဖက်တွင် **ရိခါ** ဟုအောက်ပါအတိုင်းဇရေးလျက်ရှိသည်ကိုတွေ့ရသည်။

"ကျော်ဂက်ဥတ် ၃၀၀ သောအော် **ရိခါ** စပါ ၃၀၊ အင်ကတိယ်ထောင်ခပိသည် ပိယ်သောစပါ ၁၂၀၊ပုရုန် **ရိခါ** စပါ ၁၄၀၊ပန်ခိရိခါစပါ ၅၄ တင်၊ တစည်သည် ပန်ပု **ရိခါ** စပါ ၆၀ (ကျောက်အုတ် ၃၀၀ သော၏ရိခါစပါး ၃၀၊အင်းကတေထောင်းခ ပိသည်ပေးသောစပါး ၁၂၀၊ပုရုန်ရိခါစပါး၁၄၀၊ ပန်ခိရိခါစပါး ၅၄ တင်း၊တစည်းသည် ပန်ပုရိခါစပါး ၆၀)။

အထက်ပါကျောက်စာတွင် ခေတ်စကား **ရိက္ခာ** ကို **ရိခါ** ဟုရေးခြင်းအပြင်၊ **ဖိသည်** ဆိုသော စကားကိုလည်း သတိပြုသင့်သည်။အင်္ဂတေကို ထောင်းသူအား **ဖိသည်** ဟုခေါ်လျက်ရှိသည်၌ **ဖ** ပုဒ်သည် **ထောင်း** ဟောဟု ပေါ်ထွက်လျက်

ရှိရာ **ငါးပိ** ဆိုသည်၌လည်း ထိုအနက်ဖြင့်ပင် **ငါးထောင်း** ဟုယူသင့်ကြောင်း ပေါ်ထွက်လျက်ရှိသည်။

ပုဂံခေတ်၌ **ရိခါ** ဟုရေးသောစကားကို အင်းဝခေတ်သို့ ရောက်သောအခါ **ရိက္ခာ** ဟုခေတ်ရေးနည်းအတိုင်း ပြောင်းလဲရေးသည်ကို တွေ့ရသည်။

(၁)။ "ရွာမိုမြေကြောင်စကာမျာသပ်အကြေအညာ **ရိက္ခာ** နှင့် သူကြီပြည်စိုမြေတိုင်တိုသည်လိုက်ရ၏ (ရွာမိုးမြေကြောင်းစကားများသော်အကြေအညာရိက္ခာနှင့်သူကြီးပြည်စိုးမြေတိုင်တို့သည်လိုက်ရ၏။)" ။၇၇၀ ပြည့်စုံ၊ပုဂံမြို့၊ ဝက်ကြီးအင်းအရပ်၊တန်ဆောင်းကျောင်းကျောက်စာ နံပါတ် ဂ၊မျက်နှာဖက်၊ အဆက်၊ ၃။

(၂)။ "ရွာလဲမိုမြေကြောင်စကာမျာသပ်သူကြီပြည်စိုတိုသို့၊ **ရိက္ခာ** နှင့် အကွသ္ဒာတိုင်လိုက်ရကုန်၏ (ရွာလယ်မိုးမြေကြောင်း စကားများသော် သူကြီးပြည်စိုးတို့သည် ရိက္ခာနှင့်အကွသ္ဒားတိုင်းလိုက်ရကုန်၏)။" ။၇၇၇ ခုစုံ၊ပုဂံမြို့၊ ဝက်ကြီးအင်းအရပ်၊ဟဲန့်ဆောင်းကျောင်းကျောက်စာနံပါတ် ၉၊၃၅၊၃၆။

ရိခါ၊ရိက္ခာ ဆိုသည်မှာ'အမှုထမ်း လုပ်သားတို့အားပေးသည့် **အစားအစာ၊ အထောက်အပံ့** ဟူသည်ကို လွဲတိုင်းလိုပင်သိကြပါသည်။ သို့ရာတွင် ယင်းစကား၏ရင်းမြစ်ကိုသော်သိသူနည်းပေလိမ့်မည်။ **ရိခါ၊ရိက္ခာ** ဟူသောအရေးအဆိုနှစ်ရပ်တွင် **ရိခါ** သည်အရေးသမိုင်းအရမူလဖြစ်ပုံပေါ်သည်။ **ရိခါ** မှသာ နောက်ပုဒ်ကိုဒွေးဖေါ်ပြုသဖြင့် **ရိက္ခာ** ကိုရအပ်သည်။ ပုဒ်ရင်း **ရိခါ** ၏ **ရိ** ပုဒ်၊ **ခါ** ပုဒ်တို့သည်၊ပုဒ်ပြီး၏ **အစား၊အစာ၊အထောက်အပံ့** ဟူသောအနက်နှင့်ဆီလျော်သည့်လုံးချင်းအနက်များ မြန်မာဘာသာ၌ပေါ်ထွက်ခြင်းမရှိချေရကား၊ **ရိခါ** သည် ဘာသာခြား စကားသက် ဖြစ်ရပေမည်။ ဝန်မင်း ဦးသာမြတ် ပြုစုသည့် ပေါရာဏစကားအဘိဓာန်တွင် **ရိခါ** ပုဒ်သက် **ရိက္ခာ** ၏ရင်းမြစ်ကိုဖေါ်ပြလျက်ရှိသည်မှာ **ရိက္ခာ** သည် ပါဠိသျန်ဘာသာ ရာဟ် (Rah) + ခစ် (Kharch) ပုဒ်တို့ဖြင့်ပြီးသော **ရာဟ်ခစ်** ပုဒ်သက်ဖြစ်သည်။ **ရာဟ်** ၏အနက် **လမ်း၊ ခရီး၊ ခစ်** ၏အနက် **စရိတ်** ဟောဖြစ်ရာ၊ **ရာဟ်ခစ်** ပုဒ်တွဲ **ရိက္ခာ** ၏အနက် **လမ်းခရီးစရိတ်** ဟောဖြစ်သည်ဟူ၏။ ယင်းမိန့်ဆိုချက်ကို ကျွန်ုပ်တို့ စိစစ်ကြည့်သော အခါ **ရာဟ်** ၏အနက် **လမ်း** (road,way)ဟောဖြစ်၍၊ **ခစ်** ၏အနက် ကုန်ကျငွေ၊အကုန်အကျ၊ အသုံးအစွဲ (expense,expenditure) ဖြစ်ကြောင်း တွေ့ရပါသည်။ထို့ကြောင့်ယင်းပုဒ်နှစ်ခုတွဲ **ရာဟ်ခစ်** ၏အနက် 'လမ်းတွင် သုံးစွဲကုန်ကျငွေ၊ ခရီးသွားရာ၌ သုံးစွဲကုန်ကျငွေ၊'ဟောဖြစ်သည်။ ထိုအတိအကျအနက်တို့မှ **'လမ်းခရီးစရိတ်'** ဟူသော ဦးသာမြတ်ယူဆသည့်အနက်သို့ဖလှယ်၍ယူနိုင်ပါ၏။

သို့ရာတွင် ယင်း အနက်များနှင့် စစ်သည်တော်များ အပါအဝင် **အမှုထမ်းများ** နှင့်၊ ဗိသုကာ, ပုရန်,ပန်ပု,ပန်ချီစသော ပညာသည်များ အပါအဝင် **လုပ်သားများ** အားဝတ်စားနေရေးအတွက် ပေးကမ်းရသော '**အစားအစာ၊အထောက်အပံ့၊ ပစ္စည်းအသုံးအဆောင်**' ဟူသောအနက်များမှာ၊ တခုမှတခုသို့မသက်နိုင်ဟုမဆိုသာသော်လည်း၊အတော်တော့ကွာခြားသေးသည်ဆိုသင့်ပါသည်။ တဖန် **ရာဟ်ခစ်** နှင့် **ရိခါ၊ရိက္ခာ** ဟူသောအရေးနှင့်အသံတို့တွင်လည်း ရှေပုဒ်တို့၌ **အာ** သရနှင့် **အိ** သရဟူ၍ ကွဲပြားလျက်ရှိချေသေးသည်။ ထို့ကြောင့်ဝန်မင်းဦးသာမြတ်တင်ပြသောဗျူပွတ်မှာ နီးသယောင်ယောင်နှင့်၊ သေချာစွာ စိစစ်ဝေဘန်ကြည့်သောအခါ **ရိခါ၊ရိက္ခာ** တို့၏အရေး,အသံ အနက်တို့နှင့် အံမကိုက်လှသေးပါ၊ခပ်လွဲလွဲပင်ရှိသေးသည်ဆိုရာ၏။

ကျွန်ုပ်တို့ကိုတိုင် လေ့လာရှာဖွေ ကြည့်သောအခါ၊ ဟိန္ဒီဘာသာတွင် ' စားစရိတ်၊စားနပ်ရိက္ခာ၊အထောက်အပံ့၊ခွင့်ပြုငွေ၊နေ့စဉ်အစားအစာ(subsistence, support, allowance, daily bread)'ဟော **ရိဇက** ပုဒ်ကိုတွေ့ရသည်။ယင်းပုဒ်မှာလည်းတဖန် အရဗီဘာသာတွင်ထို့အတိုင်းဟော **ရိဇက** (Rizaqa)ပုဒ်သက်ဖြစ်ကြောင်း ဦးသာမြတ်ကပင်ကျွန်ုပ်တို့အား ညွှန်ပြပေသေးသည်။ ထို့ကြောင့် ယင်း **ရိဇက** ပုဒ်မှသာ ပုဂံခေတ်အရေးအဆို **ရိခါ** သို့သက်၍၊ထိုမှတဖန် **ရိက္ခာ** သို့သက်သည်ဟု ယူမှသာ၊ အရေးအသံတို့နှင့်တကွ,အနက် အဓိပ္ပါယ်တို့၌ပါ မူလနှင့်မူလီတို့အံကိုက်တမျှကျပေမည်။

စားနပ်ရိက္ခာ ဆိုသည်တွင် **စားနပ်** မှာမွန်ဘာသာ **အစားအစာ**(Food) ဟော **စဏ၊ စ္ဆ** ပုဒ်သက်ဟု ဦးသာမြတ်ယူဆသည်မှာ သင့်မြတ်ပါပေသည်။ သို့ရာတွင် ယင်းပုဒ်တို့မှ **နပ်** သို့ပြောင်းလဲ ရယူအပ်သောပုဒ်ကိုသော်၊ **စားနပ်** ၌သာမဟုတ်၊ **ထမင်းတနပ်** (နပ်ကျော်စား,နပ်ပြည့်စား) ဟူ၍ငင်း၊ ပါဂမီတော်ခဏ်းပျို့၊ ၁၂ တွင် ' နို့နပ်ပြုလျက် 'ဟူ၍ငင်း၊သုဝဏ္ဏသို့သင်္ဘောခဏ်းပျို့၊၄၅တွင် 'ရွာနပ်မှီ၍'ဟူ၍ငင်း၊ယင်းမြားပစ်ခဏ်းပျို့ ၁၁၂ တွင်'စိုင်ထီးငမဲ့၊ကဲ့ရှိလောက်ကို၊ **ငါ့နပ်လိုက**၊ ရည်ချိုဟင်းလေး၊ နွေးနွေး ကင်ပေါင်း၊ အကြော် ကောင်းသား၊' ဟူ၍ငင်း၊နေမိငရဲခဏ်းပျို့ ၃၅ တွင် 'စဖန်စနပ် 'ဟူ၍ငင်းစပ်ဆိုသည်တို့၌လည်း အခြားပုဒ်များနှင့်တွဲဖက်ကာ မြန်မာစကားစစ်ကဲ့သို့ သုံးလျက်ရှိသည်။ ဤ **အစားအစာ** ဟောပုဒ်ကိုမူန်ဘာသာ၌ **စဏ၊စ္ဆ** (စန) ဟူ၍သာမက **ထ္ဆ ထ္ဆ** ဆိုသည်တွင် **ထ္ဆ** (ထန)ဟူ၍လည်းရေးဆိုသေးသည်။ **ထ္ဆ** ၏အနက်'ပသ၊ပူဇော်၊ ပေးကမ်း၊လှူဒါန်း' ဟော၊ **ထ္ဆ** ၏ အနက် 'အစားအစာ' ဟောဖြစ်ရာ၊ **ထ္ဆ ဏ္ဍ** ပုဒ်တခုလုံး၏အနက် ' အစားအစာဖြင့် ပသ,ပူဇော်,ပေးကမ်း,လှူဒါန်း' ဟူ၏။

ထို့ကြောင့် **စကား၊ စ္ဆ၊ ထ္ဆ** ပုဒ်သက် **နပ်** သည် မြန်မာဘာသာတွင်းသို့ **အစား အစာ** ဟူသောအနက်ဖြင့် ဝင်ရောက်တည်တံ့လာခဲ့ရကား၊ မူလ **စန** ပုဒ်ကို **စနပ်** ဟုအချို့နေရာတို့၌ရေးသည်ကိုတွေ့ရသော်လည်း၊ မြန်မာဘာသာ၌ချေပုဒ်ကိုဖလှယ်ကာ **စားနပ်** ဟု အရေးများခဲ့အရေးတွင်လျက် ရှိသည်ဆိုရာ၏။ ဤ **စားနပ်** (စားရန်အစာ)၊ထမင်းနပ်(ထမင်းအစာ)၊ **နို့နပ်** (နို့အစာ)၊ **ရွာနပ်** (ရွာမှအစာ)၊ **ငါးနပ်**(ငါးအစာ)ဟောပုဒ်ကို 'နူးနပ်၊ပျော့နပ်၊ကျေနပ်၊မုန့်နပ်' စသဖြင့်ဆိုသည်တို့တွင် **ပျော့ပျောင်း၊နူးညံ့၊ညံ့သက်** 'ဟော **နပ်** နှင့်ကွဲပြားသည်ကို သတိမူရာ၏။ ယင်း **နပ်** ပုဒ်သည် **ကျိုးနပ်** ဆိုသည်၌သော် 'ကျေနပ်လောက်သောအကျိုးရှိ' ဟောဟုယူသင့်သည်ထင်၏။

စရိတ် ဟူသော ခေတ်မြန်မာစကားသည် **စနပ်ရိက္ခာ** ဟူသောပုဒ်ရင်းပုဒ်ပြည့်တွင် **စ** ပုဒ်**ရိက်** ပုဒ်တို့ကိုသာယူကာ၊**ရိက်** မှတဖန် **ရိတ်**သို့ဖလှယ်၍ရေးသဖြင့် ရအပ်သည်ထင်၏။အနက်မှာမူလပုဒ်တို့၏အနက်အတိုင်း 'သုံးစွဲကုန်ကျအပ်သော ငွေ,ပစ္စည်း,အစားအစာ၊'ဟူ၏။

ရိက္ခာကံကျေး ဆိုသည်၌ 'ကံကျေး' ၏အနက်သည် **ရိက္ခာ** ၏အနက်နှင့် ပရိယာယ်တူပင်ဖြစ်သည်။ **ကံကျေး** တွင် ကံ သည်ပါဠိ **ကမ္မ** ပုဒ်သက်၊ **အမှုအလုပ်** ဟော၊ **ကျေး** သည်မြန်မာပုဒ် **စားသုံးရန်ပေး** ဟောဖြစ်ရာ၊ကံကျေးပုဒ်ပြီး၏အနက် 'အမှုထမ်းလုပ်သားတို့အား စားသုံးရန်ပေးသည့်ငွေ,ပစ္စည်း,အစားအစာ,အသုံးအဆောင်,'ဟောဟုယူရာ၏။

ဖေါ်ပြပါအကြောင်းတို့ကြောင့် ပုဂံခေတ်ရေး **ရိခါ**၊ အင်းဝခေတ်မှ မျက်မှောက်ခေတ်တိုင်ရေး **ရိက္ခာ** ပုဒ်သည်၊ ပါသျှန်ဘာသာ 'လမ်းခရီးတွင် သုံးစွဲကုန်ကျငွေ၊ လမ်းခရီးစရိတ်' ဟော**ရာဟိစ်** ပုဒ်သက်မဖြစ်တန်ရာ၊အရဗီနှင့် ဟိန္ဒီဘာသာများလော်'စားစရိတ်၊စားနပ်၊အစားအစာ၊အထောက်အပံ့'ဟော **ရိဇက** ပုဒ်သက်သာလျှင်ဖြစ်သင့်ကြောင်းတင်ပြအပ်ပါသတည်း။

၇၈။ ရိုင်းစိုင်း

ပြာသာဒ်ဘုံဆောင်တို့တွင်ထုလွှဲရှိသော အမှမ်းအပြောက်တို့အကြောင်းကို ဖွဲ့ဆိုရာ၌၊ **ပန်းတိုင်း၊ ဆင်ဆွား** ဟူသောပန်းအမည်များနှင့်တွဲဖက်၍ **ရိုင်းစိုင်း** ဟူသောစကားကို၊အင်းဝခေတ်ကျောက်စာနှင့်ကဗျာတို့တွင်ထည့်သွင်းသုံးစွဲလေ့ရှိသည်။

(၁)။ " ဆန်ကြဲစီရင်၊ ရွှဖွဲဆင်၍၊ ကွန်စင်သ့ မ၊လက်တီစသ၊စလစ်မွှံ ခွန်၊

သွန်သွန်လှနိုင်၊ ဆီဆီဆိုင်လျှင်၊ **ကြက်မောက်ပန်တိုင်၊ ရှိုင်စိုင်ဆင်သွာ**၊ ထွေပြာဖန်ဆင်၊ ဝင်ဝင်ညီညီ၊သန်လျင်ချိတ် (ချီ)နှင့်၊ လည်ဆီလှတင်၊စွင်စွင်ဝံ့ဝံ့၊ပျာစဲ့ကျီရန်၊လျှံထွန်နှင်နှင်၊ရုပ်ရှင်အပြောက်၊ ရဲရဲတောက်သ၊စံမြောက်ရွှေတိ၊ ပြောင်ပြောင်ညိ၏၊(ဆန်းကြယ်စီရင်၊ ရှုဖွယ်ဆင်၍၊ကွန်းစင်သည်မ၊ လက်တီးစသ၊စလစ်မှမ်းချန်း၊ သွန်းသွန်းလှန်ိုင်း၊ဆီးဆီးဆိုင်းလျှင်၊ ကြက်မောက်ပန်းတိုင်း၊ ရိုင်းစိုင်းဆပ်သွား၊ထွေပြားဖန်ဆင်း၊ဝင်းဝင်းညီးညီး၊သန်လျင်းချိတ်(ချီး)နှင့်၊ လည်ဆီးလှတင့်၊စွင့်စွင့်ဝံ့ဝံ့၊ပျားစဲ့ကျီးရန်း၊လျှံထွန်းနှင်နှင်၊ရုပ်ရှင်အပြောက်၊ ရဲရဲတောက်သ၊စံမြောက်ရွှေတိ၊ပြောင်ပြောင်ညိ၏)။”　။ ဂ၇၃ ခုစဲ့၊ ပုဂံမြို့၊ မြစည်းခုံအနောက်၊အဝဂ္ဂနန်းကြွေ့ရှင်အထိန်းတော်ကျောင်း ကျောက်စာ၊၁၄–၁၇။

(၂)။ “စုလစ်မကြွင်း၊သလင်းချိတ်ဆိုင်း၊ **ရိုင်းစိုင်းဆပ်သွား**၊ မျက်ပါးမရှိ၊ ရွှေသတိဝယ်၊ မဏိစိပ္ပြမ်း။”　။ သျှင်ရဋ္ဌသာရဖွဲ့၊ တန်တားဦး မင်္ဂလာစေတီ မော်ကွန်း၊ ၂၅။

(၃)။ “ရွှေမွန်လက်တီး၊ လည်ဆီးရေးရေး၊ သကျည့်ပြေးလျက်၊ **ကျေးနှင့် ရိုင်းစိုင်း၊ ပန်းတိုင်း သွန်းသွန်း**၊ ကျီးရန်းသက်တင်၊ မဏ္ဍပ်ခွင်ဝယ်။”　။ နေမိတုံခဏ်းပျို၊ ၁၀၈။

(၄)။ “ပယ်လှစ်ကျယ်တိုင်း၊မိုးတံပိုင်းထက်၊ **ရိုင်းစိုင်းလိုက်မြင့်**၊ နှိုင်းပြိုင်ခြင့်လည်း၊ကောင်းကင့်ခါးပန်း၊ဘုံသာနန်း၌။”　။နေမိတုံခဏ်းပျို၊ ဂ၂။

(၅)။ “ဝံ့ဝံ့ဆိုင်းဆိုင်း၊ **ရိုင်းစိုင်း ကားကား၊ ဆပ်သွား သွယ်သွယ်**၊ အလယ်သန်းသန်း၊ ရွှေကျီးရန်းလည်း၊ မကန်းရုပ်စောင်း၊ ခြသော့်ကောင်းလျက်၊ ဥဒေါင်းတွန်တွန်။”　။နေမိုင်ရဲခဏ်းပျို၊ ၇၆။

(၆)။ “ငံဖူးသားသား၊ **ဆပ်သွားရိုင်းစိုင်း၊ ပန်းတိုင်းသကျည့်**၊ ထောင့်တိုင်းတည့်မှ၊လည်လှည့်ငဲ့စောင်း၊ဥဒေါင်းကြိုးကြာ၊ ကိန္နရာနှင့်၊ဟသ်ာရေကြက်၊ ရုပ်ငှက်ထူးဆန်း၊မကန်းခြသော့်၊ရေသောက်တွေ့သို့။”　။မင်းရဲနရာခြောင်း၊ ၂၉။

(၇)။ “ခြူးကြာ ကျည်းကွေး၊ ရွဲသေးမှော်တန်း၊ ကျီးရန်း စိုင်ပေါင်၊ တော်ရဏ္ဏောင်နှင့်၊ စိန်ထောင်သက်ဆင်း၊ သရက်ကင်းက၊ သန်လျင်းချိတ်ဆိုင်း၊ **ရွှေရိုင်းစိုင်းတွင်၊ ပန်းတိုင်းပွင့်ချော**၊ ငှက်ပျောသာစည်၊ တုရင်ယှဉ်လည်း၊ စီလျဉ်ညွှန့်မြိတ်၊ မုဆိတ်ပျားစဲ့၊ ဝံ့ဝံ့စုံလင်၊ တုရင်ကော့လှန်၊ ရင်အုပ်စွန်တွင်၊ စန္ဒရသာ၊စိန်ကြာရှက်သန်း၊ပန်းအမျိုးမျိုး။”　။နာဂရဒပ္ပျို၊ ၂၂။

(၈)။ “သကြည့်(သကျည့်) စိန်ထောင်၊တောရဏ္ဏောင်လည်း၊ရွှေရောင်ရေးရေး၊ကြေးကွေး (ကျေးကွေး)ပတိုင်း၊ရွှေပန်းဆိုင်းနှင့်၊ **ရိုင်းစိုင်းညွှန့်ညောက်**၊ ရဲရဲတောက်မျ။”　။နာဂရဒပ္ပျို၊၁၁၈။

ထုတ်နုတ်ချက်(၁)၊အထိန်းတော်ကျောင်းကျောက်စာမှာ၊အင်းဝသျင်သီလ ဝံသ၊ သျင်ရင္ဘသာရတို့ ခေတ်ရေးဖြစ်၍၊ လေးလုံးစပ်ကဗျာဖြင့်ရှိရာ၊ ထိုခေတ်စာ ဆို၊ပုဂ္ဂိုလ်ကျော်တပါး၏လက်ရာဟုပင်ထင်ဖွယ်ရှိသည်။ သို့ဖြင့်ယင်းကျောက်စာ မှ၊ထိုခေတ် မြန်မာစာ ရေးပုံ ရေးနည်းများကို မှန်းဆအကဲခတ်နိုင်ရန်၊ စာသား ကို ခပ်ရှည်ရှည်ပင် တင်ပြလိုက်ပါသည်။ ကျောက်စာ တွင် အမြစ်, ဝိဇ္ဇနီမပါ၊ နောက်ပစ်နှင့်ယသတ်၊သေးတင်နှင့်မသတ်တို့ကိုသဘောတူထား၍ရေးသည်တို့ကို ထောက်သော်၊ ထိုခေတ် ပျိုကဗျာတို့ကို ထို့အတိုင်း ပေ့ပုရပိုက် တို့တွင် ရေးခဲ့ သည်မှ၊ နောက်ကာလတို့တွင်၊ ဆိုင်ရာ ခေတ်ရေးနည်းသို့ဖလှယ်၍ ကူးယူကြရာ ဝယ်၊အဘယ်မျှ မှားယွင်းချွတ်ချော်ချက်များ သက်ဝင်လာနိုင်စရာရှိသည်ကို ခန့် မှန်းနိုင်ရာသည်။ကျောက်စာ၌ပင် 'ဝင်းဝင်းညီးညီး၊ သန်လျင်းချီးနှင့်၊ လည်ဆီး လှတင့်၊'ဟုကာရန်ညီရှိရမည်အစား၊ 'ဝင်းဝင်းညီးညီး၊ သန်လျင်းချိတ်နှင့်၊လည် ဆီးလှတင့်၊'ဟု ကာရန်ပျက်၍နေသည်မှာ၊ ကျောက်စာ စီကုံးသူ၏အပြစ်မဟုတ်၊ ကျောက်စာကို တည်းဖြတ်သူ၊ ထုထွင်းသူတို့၏အပြစ်သာလျှင် ဖြစ်တန်ရာသည်။ အင်းဝမှ စာဆိုပညာရှိတဦးက စီကုံးရေးသား ပေးပို့လိုက်သော စာမူကို၊ ပုဂံ၌ ကျောက်ထက်အက္ခရာတင်သောအခါ၊ စာတည်း,စာထုသူတို့သည်၊ **ချီး** ၏အနက် အဓိပ္ပါယ်ကိုနားလည်ဟန်မရှိ၊ **ချိတ်** ဖြစ်ပါလိမ့်ဟုယူဆကာ၊ **ချိတ်** ဟုထုထွင်း လိုက်သည်မှာကျိသို့ကာရန်နှင့် အနက်နှစ်ချက်စလုံး တိမ်းယိမ်းချွတ်ချော် သွားခဲ့ရ သည်ဟုထင်ဖွယ်ရှိသည်။ **ချီး** ၏အနက် မည်သည်ကိုဟောချ၍၊ **ချီး** ပုဒ်ကို နှောင်း ခေတ်လူတို့လည်းကောင်းစွာ သဘောမပေါက်ပဲရှိခဲ့သည်ကို **တော်ရနောင်** အ ကြောင်း၌ အကျယ်ဖေါ်ပြထားသည်။ **သန်လျင်းချီး** ၏အကြောင်းကိုလည်း **သန်လျင်း၊ သန်လျင်းချီး၊ သန်လျင်း ချိတ်** ခေါင်းစဉ်အောက်၌ အကျယ်ဖွင့်ဆို ပါမည်။

ထုတ်နုတ်ချက် စပ်အင်တို့တွင် **ရိုင်းစိုင်း** ဆိုသော စကား၏အနက်ကို မည်သို့ ကောက်ယူပါအံ့နည်း။ 'မယဉ်ကျေး၊မနုနယ်၊ကြမ်းတမ်း၊ကြမ်းကြုတ်'ဟူသော ဝိသေသနအနက်ဖြင့် ကောက်ယူပါအံ့လော။ သို့တည်းမဟုတ် **ပန်းတိုင်း၊ ဆပ် သွား** တို့ကိုပင် လယ်တော,ရာတော,ချောင်းစပ်,မြောင်းစပ်တို့၌ အရိုင်းပေါက် လေ့ရှိပြီးလျှင်,အသွင်အားဖြင့်လည်း ခပ်ကြမ်းကြမ်း,ခပ်ရိုင်းရိုင်းဖြစ်သဖြင့် **ရိုင်း စိုင်း** ဟုခေါ်ခဲ့တုံအံ့လော။

ထုတ်နုတ်ချက်(၁)တွင် 'ကြက်မောက်ပန်းတိုင်း၊ရိုင်းစိုင်းဆပ်သွား'ဟုဆိုသ ဖြင့်၊ **ရိုင်းစိုင်း** သည်ကြက်မောက်၊ပန်းတိုင်း၊ဆပ်သွားတို့ကဲ့သို့ ပန်းတမျိုး၏အ မည်အဖြစ်ဖြင့် ပါဝင်လာပုံရသည်။(၂)တွင် 'ရိုင်းစိုင်းဆပ်သွား၊'ဟုဆိုရာ **ရိုင်း**

စိုင်း ကိုပန်းအမည်အနေဖြင့်သော်၎င်း၊ **ဆပ်သွား** ကိုအထူးပြုသော ဝိသေသန ပုဒ်အနေဖြင့်သော်၎င်း ယူဆနိုင်ရာသည်။(၃)တွင် 'ကျေးနှင့်ရိုင်းစိုင်း၊ပန်းတိုင်း သွန်းသွန်း၊'ဟုဆိုရာ၌လည်း **ရိုင်းစိုင်း** ကိုသီးခြားပန်းအနေဖြင့်သော်၎င်း၊ **ပန်း တိုင်း** ကိုအထူးပြုသည့် ဝိသေသနပုဒ် အနေဖြင့်သော်၎င်း ယူနိုင်ရာသည်။ 'မိုး တပိုင်းထက်၊ရိုင်းစိုင်းလိုဏ်မြင့်၊'ဟု(၄)၌စပ်လျက်ရှိသည်တွင် **ရိုင်းစိုင်း** ကို ပန်း အဓနဖြင့်သာ ကောက်ယူနိုင်ဖွယ်ရှိသည်။ **ရိုင်းစိုင်းလိုဏ်မြင့်** ဆိုသည်မှာ 'ရိုင်း စိုင်းပန်းသဏ္ဌာန်ရှိလိုဏ်မြင့်'ဟုသာအနက်ထွက်ပေါ်လျက်ရှိသည်။ဤတွင် **ရိုင်း စိုင်း** ကိုသီခြားပန်းအနေဖြင့်သော်၎င်း၊ **ပန်းတိုင်း**၊ **ဆပ်သွား** တို့အစားသုံးအ နေဖြင့်သော်၎င်းကောက်ယူနိုင်ရာသည်။ (၅)တွင် 'ရိုင်းစိုင်းကားကား၊ဆပ်သွား သွယ်သွယ်၊'ဟုစပ်ဆိုရာ၊ **ရိုင်းစိုင်း** သည် ကားပြန့်သောပန်းဖြစ်ကြောင်း ပေါ် ထွက်လျက်ရှိ၏။ သို့ပေါ်ထွက်သော်လည်း **ပန်းတိုင်း** မပါလာ၊ **ပန်းတိုင်း** က လည်းအသင့်ကားကားပင် ဖြစ်ပြန်သဖြင့် **ပန်းတိုင်း** အစား သုံးထားပိလောဟူ သောအတွေးဝင်လာနိုင်သည်။(၆)တွင် 'ဆပ်သွားရိုင်းစိုင်း၊ပန်းတိုင်းသကျည့်' ဟုစပ်သည်၌၊ (၁)တွင် 'ကြက်မောက်ပန်းတိုင်း၊ရိုင်းစိုင်းဆပ်သွား၊'စပ်အင်၌ကဲ့ သို့၊**ရိုင်းစိုင်း** သည် **ပန်းတိုင်း**၊**ဆပ်သွား** တို့အလံုး၊သီးခြားပန်းပင်ဖြစ်သင့်ပြန် သည်။ (၇)တွင် 'သန်လျင်းချိတ်ဆိုင်း၊ရွှေရိုင်းစိုင်းတွင်၊ပန်းတိုင်းပွင့်ချေ'ဟုစပ် ဆိုသည်၌၊ **ရိုင်းစိုင်း** မှာ **ပန်းတိုင်း** မဖြစ်နိုင်တော့၊ သီးခြားပန်းပင်ဖြစ်သင့် ကြောင်းပေါ်ထွက်သည်။ နောက်ဆုံးပိတ် (၈) တွင် 'ရိုင်းစိုင်းညွန့်ညောက်၊ရဲရဲ တောက်မျ၊'ဟုဆိုသဖြင့် **ရိုင်းစိုင်း** မှာပန်းတမျိုးဖြစ်သည်ပြင် ပန်းနီဖြစ်ကြောင်း သိရပြန်သည်။

စပ်အင် အလုံးစုံကို ခြုံ၍ကြည့်သော်၊ **ရိုင်းစိုင်း** သည် ဝိသေသနပုဒ်လည်းမ ဟုတ်၊ **ပန်းတိုင်း**၊**ဆပ်သွား** တို့အစားသုံးထားသောပုဒ်လည်းမဟုတ်၊ သီးခြား ပန်း၏အမည်သာလျှင်ဖြစ်ပုံပေါ်သည်။ ယင်းပန်းမှာလည်း 'ရိုင်းစိုင်းလိုဏ်မြင့်၊ ရိုင်းစိုင်းကားကား၊'ဆိုသောစကားတို့ကိုထောက်သဖြင့်၊ **ပန်းတိုင်း**ကဲ့သို့ခေါင်း လောင်းပုံသဏ္ဌာန် ခပ်ကားကားပင် ဖြစ်ဟန်ရှိသည်။ သို့ရာတွင် **ရိုင်းစိုင်း** ဟူ သောအမည်ကို မည်သည့်ပန်းဖွဲ့ကဗျာစပ်အင်၊ မည်သည့်ပန်းအမည် စာရင်းတွင် မှုရှာ၍မရခေျ။ အလေ့ပေါက်မဲပင်များကိုသော် **မဲရိုင်း** ဟုခေါ်ဆိုလေ့ရှိသည်။ ယင်းအပွင့်မှာခပ်ကားကားဖြစ်သော်လည်း သေးငယ်သည်။ ရိုင်းစိုင်းကို အခြား အမည်တခုခုဖြင့်လည်း ခေါ်ကောင်း ခေါ်ခဲ့ပေမည်။ ခေါင်ရန်း၊ ခတ်တာ၊ရင် ခတ်၊မဟာလေ့ကားစသည်တို့မှာ ပန်းတိုင်းကဲ့သို့ခေါင်းလောင်းပုံရှိ ပန်းများဖြစ် သည်။ အထက်အညာ ပူအိုက်သောအရပ်တို့တွင် **ဆေးကလုန်** (ဆေးဂဋ္ဌန်.)၊

ဂဠုန်လက်သည်း ဟုခေါ်သည့်အပင်တမျိုးသည် ရာပြင်လယ်ပြင်တို့တွင်အရိုင်းပေါက်နေလေ့ရှိသည်။ ယင်း၏အပွင့်မှာလည်း ပန်းတိုင်းကဲ့သို့ ခပ်ကားကား၊ ခေါင်းလောင်းပုံသဏ္ဌာန်ပင်ဖြစ်သည်။ကျွဲသို့မျှားပြားစွာသော ခေါင်းလောင်းပုံသဏ္ဌာန်ရှိပန်းကားကားမျှားအနက်မည်သည့်ပန်းကိုရွေးက **ရိုင်းစိုင်း** ဟုခေါ်ခဲ့ပါသနည်း။ **ရိုင်းစိုင်း** သည် ပန်းနီ ဖြစ်ခဲ့လျှင်၊ **ခတ်တာ၊ ဆေးကဠုန်** နှင့် **ခေါင်ရန်းပန်း** တို့လည်း ခပ်နီနီနှင့် နီတာရဲမျှား ဖြစ်ကြသည်။ ဤ **ရိုင်းစိုင်း** ပြဿနာကို ကျွန်ုပ်တို့ဖြင့်ဤမျှရောက်အောင်သာ စဉ်းစား၍ရသည်။ရွှေသို့တိုး၍ အလင်းသို့ရောက်ရန် ကြိုးစားကြရာသတည်း။

၇၉။ ရွှေ၊ရွှေး

ဤ၌ စိစစ်လိုသော်ယူန်တို့မှာ 'သစ်ကိုရွေ၊ဒေါင်းရွေသွား၊ရွှေပေါ်'ဆိုသည်တို့၌ **ရွှေ** ပုဒ်နှင့်'စရွေး၊ဒေါင်းရွေးသွား၊'ဆိုသည်တို့၌ **ရွှေး** ပုဒ်တို့ဖြစ်သည်။

ဒေါင်းရွှေ၊ ဒေါင်းရွှေး ဟူသောအရေးအခေါ်နှင့် ယင်းလုပ်ငန်းအကြောင်းကို ကဗျာစပ်အင်တို့မှရွေးဦးစွာတင်ပြလိုသည်။

(၁)။ " ဆစ်ရှည်တင်းဝါး၊ မြင်သိုက်မျှားနှင့်၊ မြစ်နားတခွင်၊ ကျူပင်မကြွင်း၊ တောင်းတင်းကွပ်ချောဲ့ စံကောဆန်ခါ၊ ဗန်းပြာပုတ်ကက်၊ သရိုင်ယက်(ရက်)မူ၊ပြက်ပြက်မည်ဇာစ်၊ **ဒေါင်းရွှေဖြစ်ဇာ်။** " ။ဓမ္မရာသီပို့ကျိုး၊၁၄၆။

(၂)။ " နဋ္ဌကာရာ၊ မည်သာခေါ်ရေး၊ **ဒေါင်းရွှေးလည်းဟူ**၊ ကျူထရံကာ၊နှီးလွှာသမား၊ ကပ်ဝါးခွဲခြမ်း၊ အမှုထမ်း၌၊ စာတမ်းစည်လာ၊ယိုင်(ရိုင်)ဖျာတောင်းခွက်၊ယက်(ရက်)လေသမျှ၊ငယ်သွားစားဦး၊ နေ့တိုင်းခူးသည်၊အမှုးကြီးထံ၊နည်းခံလိုကြောင်း၊ပန်ထုတောင်း၍၊ ရွေးဟောင်းကဲ့သို့၊ထန်းရွက်တို့ကို၊ အချို့လျော်ရာ၊ဖျာကျူ့သယိုင် (ရိုင်)၊ နေထိုင်အိပ်ရုံ၊ ခြုံဘွယ်ဝတ်ဘွယ်၊လူဝယ်ရွေးထုံး၊ သုံးလေသမျှ၊ ရာဇလက္ခဏာ၊ မင်းရာစိုးထိုက်၊ သိမ်းပိုက်သဖြင့်၊ သင့်ရာလျော်ရာ၊ ဉာဏ်စကြာဖြင့်၊ဖဒါနှင့်ပလုပ်၊ ပူပခြုပ်(ချုပ်) သည်၊ ကျပ်အုပ်ကြုတ်ခွက်ယိုင်(ရိုင်)ဖျာတည်း။" ။ကုသပ္ပါ၊၃၃၄။

အထက်ပါစပ်အင်နှစ်ခုကိုထောက်သဖြင့် **ဒေါင်းရွှေ၊ ဒေါင်းရွှေး** ဆိုသည်မှာ ဝါး,ကျူ,ကြိမ်,သင်,ထန်းရွက်,ထန်းခေါက်စသည်တို့ကို စိတ်ဖြာ၍၊ဖျာရိုင်တောင်းခွက်၊ပုတ်ကက်ဗန်းစကောစသော လူ့အသုံးအဆောင်မျှားကို ရက်လုပ်သူဖြစ်ကြောင်းသိရာ၏။

မြန်မာဘာသာ၌ **သစ်ကို ရွေသည်** ဆိုသည်မှာ သစ်တွင်မလိုအပ်သော အစိတ်အပိုင်းများကို ထားဖြင့်ခုတ်၊ လှဖြင့်တိုက်၍ဖြတ်ခြင်း၊ သစ်တုံးကို လှဖြင့်တိုက်ဖြတ်,ခွဲစိတ်ခြင်းဖြစ်သည်။ **ရွေပေါ်** ဆိုသည်မှာလည်း ဤ **ရွေ** ပုဒ်နှင့်တရုတ်ဘာသာ **ရွေပေါ်** ဟော **ပေါ်** (Pao) ပုဒ်တို့ဖြင့် ဖွဲ့စည်းထားသောစကားဖြစ်၍၊ သစ်တွင်မလိုအပ်သော အပေါ်လျှံအပိုင်းများကို တိုက်ဖြတ်၊ ထိုးလှာပစ်ရန်ကရိယာပင်ဖြစ်သည်။ ထို့ကြောင့်မြန်မာဘာသာ၌ **ရွေ** ပုဒ်သည် **ခုတ်ဖြတ်၊ တိုက်ဖြတ်၊ထိုးလှာ** ဟူသောအနက်တို့ကိုဆောင်သည်ဆိုရာ၏။ ၅၆၇ ခုစ့ဲ၊ပုဂံမြို့၊ ဓမ္မရံကြီးကျောက်စာ၊ ၁၉ တွင် 'ခွက် ၅ ပိသာရှယ်ရှယ် ပုရွာလှူတုံ့(ခွက်ငါး ပိသာရွေရွေ့ပုရွားလှူတုံ့၏)။" ဟု ရေးဆိုသည်၌ **ရွေ** ကို ထိုအနက်ဖြင့်ပင် သုံးလျက်ရှိသည်။

စရွေး ဆိုသည်မှာလည်း၊ နှစ်ဖက်သောအစွန်းတို့အားတခုအတွင်းသို့တခုဝင်၍ စေ့မြေ့စွာဆက်စပ်နေရန် သစ်ကို တိုက်ဖြတ်ခြင်းဖြစ်ရာ၊ 'စေ့အောင်ရွေသည်၊ စေ့ရွေ့မှ **စရွေး** ဟူသောအခေါ်ဖြစ်ပေါ်လာသည်ဟုဖွယ်ရှိသည်။ထို့ကြောင့် **စရွေး** တွင် **ရွေး** ပုဒ်မှာ **ရွေ** ပုဒ်သက်ဖြစ်၍၊ **တိုက်ဖြတ်** ဟောပင် ဖြစ်သင့်သည်။

ဒေါင်းရွေ၊ ဒေါင်းရွေး တွင် **ရွေ၊ ရွေး** ပုဒ်တို့မှာ 'ခုတ်ဖြတ်၊ တိုက်ဖြတ်၊ ထိုးလှာ'ဟော **ရွေ၊ရွေး** ပုဒ်တို့ပင်ဟုယူရာ၏။ **ဒေါင်း** ပုဒ်မှာ **ဒေါင်းလန်း** ဆိုသည်တွင် **ဒေါင်း** နှင့်ပုဒ်တူဖြစ်ကောင်း ဖြစ်ပေမည်။ သို့ရာတွင် ယင်း **ဒေါင်း** ပုဒ်တို့သည်၊ **ဌက်ဥတောင်း** ပုဒ်သက် **ဒေါင်း** နှင့်သော် ဆက်သွယ်ခြင်း ရှိပုံမပေါ်။ **ဒေါင်းရွေ၊ ဒေါင်းရွေး၊ ဒေါင်းလန်း၊ ဒေါင်းပေါင်** တို့တွင် **ဒေါင်း** ပုဒ်များသည် မြန်မာဘာသာ၌ ဆီလျော်သော အနက်များ မပေါ်ထွက် သဖြင့်၊ ဘာသာခြားတို့၌ရှာဖွေကြည့်ရာ၊ မွန်ဘာသာ၌ **ထောင်** ဟုရေး၍ **ထောင်း** ဟုဖတ်ရွတ်သောပုဒ်ကို တွေ့ရသည်။ အနက်မှာ 'စုတ်ပြတ်၊ ကွဲပြတ်၊ ပေါက်ပြတ်၊ ကျယ်၊ကျဲ'ဟောဖြစ်သည်။ **စုတ်ပြတ်၊ ကွဲပြတ်** ဆိုသည်မှာ **နှစ်ခြမ်း ကွဲသွားခြင်း** ဖြစ်သည်။ ဤသို့နှစ်ခြမ်းကွဲသွားသည်၊ နှစ်ခြမ်းကွဲအောင် ပြုသည်ကို၊ ဝါးကြိမ် စသည်တို့နှင့် စပ်လျဉ်း၍ **ဖြာသည်၊ သွာသည်** ဟု မြန်မာဘာသာ၌ ဆိုသည်။ထို့ကြောင့် **ဒေါင်းရွေ၊ ဒေါင်းရွေး** တို့၏တိုက်ရိုက်အနက် 'ဖြာဖြတ်၊ လှာဖြတ်' ဖြစ်၍၊ သာမန်အနက် **ဖြာ၊ သွာ** ပင်ဖြစ်သည်။ **ဖြာခြင်း၊ သွာခြင်း** တွင် **ဖြတ်ခြင်း** အနက်ပါဝင်ပြီးဖြစ်သည်။ **ဒေါင်းရွေ၊ဒေါင်းရွေး** တို့၏လုပ်ငန်းမှာလည်း ဝါး, ကြိမ်,ကျူ,သင်,ထန်းရွက်,ထန်းခေါက် စသည်တို့ကို နှိုးဖြစ်အောင်ဖြာ၍၊ လှာ၍၊ လိုရာပစ္စည်းကိုရက်လုပ်ရသောလုပ်ငန်းပင်ဖြစ်သည်။ သို့ဖြင့်

ဒေါင်းရွှေ့၊ ဒေါင်းရွေး တွင် **ဒေါင်း** ပုဒ်သည်မွန်ဘာသာ 'စုတ်ပြတ်,ကွဲပြတ်, ပေါက်ပြတ်'ဟော၊ မြန်မာပြန်သော် 'ဖြာ၊ လွှာ' ဟော **ထောင်း** ပုဒ်သက်ဖြစ်သည်ယူရာ၏။

အခြေပါသော ဗန်း,ဗျပ်,ခွက် အခေါ် **ဒေါင်းလန်း** တွင် **လန်း** ပုဒ် သည်လည်း မြန်မာဘာသာ၌ဆီလျော်သောအနက်မထွက်၊ **ဒေါင်းလန်း** နှင့်မိတ်တူ ပုဒ် မွန်ဘာသာ၌မရှိ၊သျှမ်းဘာသာ၌သော် **ဒေါင်းလန်း** ကို **တွင်လန်** ဟုရေးခေါ်ရာ၊ **တွင်** ပုဒ်သည် **ဒေါင်း** ပုဒ်သက်ဖြစ်ပုံရသည်။အဘယ်ကြောင့်ဆိုသော် မြန်မာတို့က **တောင်းပန်** ဟုဆိုသည်ကိုလည်း သျှမ်းတို့က **တွင်ပန်** ဟုဆိုသည်။ **လန်** ပုဒ်သည် သျှမ်းဘာသာ၌ **အပြား၊ အချပ်** ဟောဖြစ်သည်။ ထို့ကြောင့် သျှမ်းဘာသာ၌ **တွင်လန်** ၏အနက် **ဒေါင်းပြား၊ ဒေါင်းချပ်** ဖြစ်၍၊ **ဒေါင်း** ပုဒ်ကိုတဖန်ဘာသာပြန်လိုက်သော် **ဗန်းပြား၊ဗန်းချပ်** ဖြစ်ရာသည်။ထို့ကြောင့် မြန်မာဘာသာ၌ **ဒေါင်းလန်း** ဆိုသည်တွင် **ဒေါင်း** ဆိုသည်မှာ နှီးကိုဖြာ၍ ရက်ထားသော **ဗန်း၊ ဗျပ်** ဟော၊ **လန်း** သည် သျှမ်းဘာသာစကား **အပြား၊ အချပ်** ဟောဖြစ်၍၊ **ဒေါင်းလန်း** အနက် **နှီးဗန်းပြား၊နှီးဗန်းချပ်** ဟုကောက်ယူရာ၏။ပဒေသရာဇာ၏ ထ်န်းတက်ဖွဲ့တွင်လည် 'နှီးဒေါင်းလန်းကြီး'ဟုဆိုလျက်ရှိသည်။

ဒေါင်းလန်း ကိုပင် **ဒေါင်းပေါင်** ဟုလည်းခေါ်သေးရာ၊ **ပေါင်** သည် မွန်ဘာသာ **မြှင့်၊မြှောက်** ဟော **ပေါင်** ပုဒ်ပေလောဟုတွေးဖွယ်ရှိသည်။ဤသို့ဖြစ်လျှင် **ဒေါင်းပေါင်** ၏အနက်' အခြေဖြင့် မြှင့်မြှောက်ထားသောဗန်း၊ဗျပ်' ဟုပေါ်ထွက်ပေမည်။ **ဒေါင်းပေါင်** သည်လည်းခြေထောက်ပါ **ဒေါင်းလန်း** ပင်ဖြစ်သည်။

ဒေါင်းရွှေ့၊ဒေါင်းရွေး၊ဒေါင်းလန်း၊ဒေါင်းပေါင် တို့နှင့်ဆက်စပ်စဉ်းစားသင့်သည့်၊ **ဒေါင့်ခြီ၊ဒေါင်းခြီ** ဟူသောပုဒ်မြန်မာဘာသာ၌ရှိသေးသည်။ဤပုဒ်ကိုလည်း အနက်ကိုမိမိရရမသိကြသဖြင့် **ဒေါင့်ခြီ၊ဒေါင်းခြီ** ဟု နှစ်မျိုးပင်ရေးလျက်ရှိသည်ကိုတွေ့ရသည်။

(၁) "သင်းချိုင်းတော်တွင်၊ ထီးဖြူသံလျင်း (သန်လျင်း) လောင်တိုက်၊ ငှက်ချေးခံ၊ ဒေါင့်ခြံရာဇမတ် အစီအရင်တို့ဖြင့်။" ။ ၁၂၄၅ ခုစွဲ၊မန္တလေးမြို့၊ ပါဒစေတီယ အတ္ထုပ္ပတ္တိကျောက်စာ၊၅၆။

(၂)။ "ငှက်ချေးခံတန်ဆောင်း ပတ်လည်ကို ဖျင်ရံ၍ကာသည်၊သည်လက်ပြင်ကိုရာဇမှတ် **ဒေါင့်ခြီ** ကာသည်။" ။မင်းတို့အားသင်္ဂြိုသည့်ထုံးတမ်း၊အင်ရံစာတမ်း။

(၃) "ရွှေနန်းတော်ကသည် ကောင်းမှုတော်တိုင်အောင်၊ လမ်းမြောင်နှစ်ဘက်ကို **ဒေါင့်ခြဲ** ကာစေ၍ဌက်ပျော်ပင်ကြုံပင် စိုက်စေပြီးလျှင်။" ။မဟာရာဇဝင်ကြီး၊ တတိယအုပ်၊ ၃၅။

(၄)။ "ရွှေနန်းတော်ကသည်၊ ကောင်းမှုတော် တိုင်အောင် လမ်းနှစ်ဘက်မြောင်ကို၊ **ဒေါင်းခြဲ** ကာစေ၍ဌက်ပျော်ပင်ကြုံပင်စိုက်စေပြီးလျှင်။" ။မှန်နန်းမဟာရာဇဝင်ကြီး၊ တတိယတွဲ၊ ၄၃။

(၅)။ "မုယောနှမ်းဝါ၊ တဖြာပြောင်းပဲ၊ ကြဲသည်စပါး၊ ပြုငြားတုံလတ်၊ ရာဇမှတ် **ဒေါင်းခြဲ**ံ၊ ကာရံထားပြီး၊ အသီးအခြား။" ။မဃဒေဝလင်္ကာသစ်၊ ၄၈။

ဤ **ဒေါင့်ခြဲ**၊ **ဒေါင်းခြဲ**ံ အရေးနှစ်ရပ်အနက် **ဒေါင်း** ၏ မြန်မာဘာသာ 'ဝါးစသည်ကိုစိတ်ဖြာခြင်း, စိတ်ဖြာရက်လုပ်ခြင်း' ဟူသောအနက်ဖြင့် ယူသော်ငင်း၊ **ဒေါင်း** ပုဒ်ရင်း မွန်ဘာသာ **ထောင်း** ၏ 'အပေါက်, အကွက်, အကဲ့' ဟူသော အနက်ဖြင့် ယူသော်ငင်း၊ **ဒေါင့်** အရေးမှာ မသင့်ပဲ၊ **ဒေါင်း** အရေးသည်သာသင့်ကြောင်းပေါ်ထွက်လျက်ရှိ၏။ထို့ကြောင့် **ဒေါင်းခြဲ**ံဟုသာရေး၍ **ဒေါင်းခြဲ**ံ ၏အနက် 'ဝါးကိုစိတ်ဖြာ၍အကွက်, အကဲ့ရက်ထားသောအကာအရံ၊ ကွက်ကဲ့ အကာအရံ' ဟု ကောက်ယူရာ၏။ ယုဒသန်၏ မြန်မာ-အင်္ဂလိပ် အဘိဓာန်၌ **ဒေါင်းခြဲ**ံ၏အနက်ကို 'ဒေါင်းလျှောင်အိမ်နှင့်တူသောအပိတ်အကာ' ဟုအနက်ပေးထားသည်မှာ **ဒေါင်း** ၏ လွန်စွာတိမ်မြုပ် ဖုံးကွယ်လျက် ရှိသောမူလနှင့်အနက်ကို မန္ဒိုက်ချွတ်နိုင်ပဲ၊ အပေါ်လျှံအနက်ကိုသာယူ၍ ပေးထားခြင်းဖြစ်သည်ဆိုရာ၏။

ဒေါင်းခြဲံ နှင့်တွဲဖက်၍သုံးလေ့ရှိသော စကားတွင် **ရာဇမတ်**၊ **ရာဇမှတ်** ဟု အရေးအခေါ်နှစ်မျိုးကဲ့လျက်ရှိသည်တွင် **ရာဇမတ်** ကိုကြိုက်သူတို့က **မတ်** ပုဒ်ကို ပါဠိဘာသာ **မတ္တ** ပုဒ်သက်၊အနက် ' ပိုင်းခြားသတ်မှတ် ' ဟောဟု ယူကာ၊ **ရာဇမတ်** ၏အနက် 'မင်းအတွက်ပိုင်းခြားသတ်မှတ်သောအရာ' ဟုကောက်ယူကြသည်။သို့ရာတွင် **မတ္တ** ၏အနက်ကို ' ပိုင်းခြားသတ်မှတ် ' ဟောဟု အချို့သော ပါဠိ-မြန်မာအဘိဓာန်တို့၌ ထည့်၍ပြသော်လည်း၊ ပါဠို-အင်္ဂလိတ် အဘိဓာန်တို့၌ ဤသို့မပြ၊ 'အတိုင်းအရှည်၊အရေအတွက်၊မျှသာ၊ချုံ' စသဖြင့်သာ ပြသည်ကို တွေ့ရသည်။ယင်းအကာအရံကို **ရာဇမတ္တ** ဟူ၍လည်း ပါဠိဘာသာအားဖြင့်ခေါ်လေ့မရှိ၊ **ရာဇမတ္တ** ပုဒ်သည်လုပ်ပါဠိသာဖြစ်သည်။ **ရာဇမှတ်** ကိုကြိုက်သူတို့က **မှတ်** ကို **သတ်မှတ်** ဟုယူကာ၊ **ရာဇမှတ်** ကို 'မင်းအတွက်သတ်မှတ်သောအရာ' ဟုကောက်ယူကြသည်။ ဤတွင်လည်း ပါဠို **ရာဇ** နှင့်တွဲ၍ မြန်မာသက်သက်ပုဒ်မျှားကိုသုံးလေ့မရှိ၊ ပါဠိသက်ပုဒ်မျှားနှင့်သာတွဲ၍ **ရာဇဝတ်** (ရာဇ + ဝတ္တ)၊

ရာဇဝင် (ရာဇ + ဝံသ)၊ရာဇသတ် (ရာဇ + သတ္ထ)စသဖြင့်သာ သုံးလေ့ရှိသည် ဟုဆိုနိုင်ရာသည်။ သို့သော်ဤကန့်ကွက်ချက်က **မတ္တ** ကို ကန့်ကွက်ချက်လောက် ဆိုးမဆိုးဆင်ခြင်ရာသည်။

မြန်မာဘာသာ'ခုတ်ဖြတ်၊ တိုက်ဖြတ်၊ ထိုးဖြတ်ဟု အနက်ထွက်ပေါ်လျက် ရှိသော **ရွေ၊ရွေး** တို့နှင့် မိတ်တူပုဒ်များကို ရှာဖွေကြည့်ရာ၊ တိဗက်ဘာသာ၌ 'ရွေပေါ်ဖြင့်ထိုး၊လှဖြင့်တိုက်' ဆိုသည်တို့တွင်'ထိုး၊တိုက် 'ဟူသောအနက်ဖြင့်သုံးသည့် **သြုလ်** (Srul) ပုဒ်ကိုတွေ့ရသည်။ ဤသို့ရွေဖေါ်ဖြင့် **ထိုး**၊ လှဖြင့် **တိုက်** ဟူသော စကားအနေဖြင့် သုံးသော်လည်း၊ ယင်း၏အနက်ရင်းမှာ 'အပြန်အလှန် တွန်းထိုး,လှုပ်ရှား' ဟောဖြစ်သည်။ ထို့ကြောင့်မြန်မာဘာသာ၌ **ရွေ၊ရွေး** ၏ လက်သုံးအနက်များမှာ ' ခုတ်ဖြတ်၊ တိုက်ဖြတ်၊ ထိုးဖြတ် ' ဟုပေါ်ထွက်လျက်ရှိသော်လည်း၊ မူလအနက်မှာ တိဗက်ဘာသာ၌ကဲ့သို့ 'တစုံတခုသော ရွေပေါ်၊လှစသော အသွားဖြင့် အပြန်အလှန်တွန်းထိုး၊ တိုက်ပုတ်၊ ထိုသို့တွန်းထိုးတိုက်ပုတ်၍ ဖြတ် 'ဟောဟူယူရာ၏။ ဤသို့လျင် **ရွေ၊ရွေး** တို့၏အနက်ကို၊ ထား,ပေါက်ဆိန်ဖြင့် **ခုတ်,ဖြတ်** ဟူသောအနက်မှခွဲခြားမှတ်သားရာ၏။

မြန်မာဘာသာ၌ **ရွေ၊ရွေး**၊ တိဗက်ဘာသာ **သြုလ်** တို့နှင့်မိတ်တူနှစ်ပုဒ်ကို တရုတ်ဘာသာ၌လည်း တွေ့ရသေးသည်။ ပထမပုဒ်မှာ 'ထပ်ကာထပ်ကာ၊အထပ်ထပ်အခါခါ'ဟော **လု(အော)** (Lü.K.588,M.4288,G.7514)ဖြစ်၍၊ဒုတိယပုဒ်မှာ'တစည်း၊ကျားလျှာ၊ပုတ်တိုက်၍ချော'ဟော **လု(အော)** (Lü. M 4259, G.7534) ဖြစ်သည်။ နှစ်ပုဒ်မှာ အသံထွက်ချင်းတူသော်လည်း ရေးပုံချင်းမတူ။ 'အပြန်အလှန်တွန်းထိုး,တိုက်ပုတ်ခြင်း'နှင့်'ထပ်ကာထပ်ကာ၊ အထပ်ထပ်အခါခါပြုခြင်း'ဟူသောသဘောတို့မှာမကွာလှချေ။ပထမသဘောသည် ဒုတိယသဘောဌ အကြုံးဝင်သည်။တဖန် ' ပုတ်တိုက်၍ချော 'ဆိုသည်မှာလည်း 'တစည်း,ကျားလျှာစသည်ဖြင့် အထပ်ထပ်အခါခါ၊ ထပ်ကာထပ်ကာ ပုတ်တိုက်ရခြင်း ' ပင်ဖြစ်သည်။မြန်မာဘာသာ၌လည်း တစည်း,ကျားလျှာစသည်တို့ဖြင့် ပုတ်တိုက်ခြင်းကို **ရွေ** သည်ဟုဆိုကြောင်း မဟာရာဇဝင်ကြီးတွင် 'ရွေတစည်းငွေတစည်းတို့ဖြင့်ရွေ၏။' ဟူသောစကား၌ တွေ့ရသည်။တဖန် **သစ်ကိုထွင်းဖေါက်** ဟူသောအနက်ဖြင့် ' ထွင်းလေ့သည်၊ သစ်ထွင်းသစ်လေ့သည်၊ သစ်ထွင်းလေ့သည်၊ ' ဟူသော စကားများကိုမဟာရာဇဝင်ကြီး၌ပင်တွေ့ရပြန်သည်။ထို့ကြောင့် ဤ **ပွတ်တိုက်၍ချော** ဟူသောအနက်သည်လည်းအထက်ပါအနက်သဘော၏ တစိတ်တဒေသသာဖြစ်သည်။ထို့ကြောင့်မြန်မာဘာသာ **ရွေ၊ရွေး၊လွှေ၊လွှေး**၊ တိဗက်ဘာသာ **သြုလ်**၊ တရုတ်ဘာသာ **လု(အော)** ပုဒ်တို့မှာ မိတ်တူဖြစ်၍၊'တစုံတရာအား ထပ်

ကာထပ်ကာ,အထပ်ထပ်အခါခါပြု၊အပြန်အလှန်,ထပ်ကာထပ်ကာတွန်းထိုး,ပွတ်တိုက်၊အပြန်ပြန်,အလှန်လှန်,ထပ်ကာထပ်ကာတွန်းထိုး ပွတ်တိုက်ရှိဖြတ်'ဟူသော အနက်တို့သို့အဆင့်ဆင့် ပွားစည်း,ကျယ်ပြန့်လာသည်ယူရာသတည်း။

၈၀။ ရှောက်၊ရှက်

တရုတ်တရက် အကြောင်း၌၊ **ရုတ်ရက်၊ရောက်ရက်** တို့ကိုထည့်သွင်းဖွင့်ဆိုခဲ့သော်လည်း၊ **ရှောက်ရှက်** ကျန်ရစ်ခဲ့သဖြင့်၊ **ရှောက်ရှက်** ကိုကျွတ်သီးသန့်ဖွင့်ဆိုပါမည်။

ရှောက်ရှက် သည် **ရောက်ရက်** ၏ပုဒ်ပြောင်းသာလျင်ဖြစ်၍၊ **ရောက်ရက်** ကလည်း တဖန် **ရုတ်ရက်** ၏ ပုဒ်ပြောင်း ဖြစ်ချေရကား၊ **ရှောက်ရှက်** သည် **ရောက်ရက်၊ရုတ်ရက်** တို့ကဲ့သို့ 'မငြိမ်မသက်၊ လှုပ်ရှားထကြွ၊ ထိပါးနှောင့်ရှက်၊ ဖျက်ဆီး'ဟောဖြစ်သည်။သို့ရာတွင် **ရောက်ရက်** နှင့် **ရုတ်ရက်** တို့ကို ယေဘုယျအားဖြင့် တဲ့ဖက်သုံးလေ့ရှိသော်လည်း၊ **ရှောက်ရှက်** ကိုကား ဤသို့တဲ့ဖက်သုံးသည်ကနည်း၍၊ **ရှောက်** နှင့် **ရှက်** တို့ကို တပုဒ်စီခွဲခြား သုံးသည်ကသာ များကြောင်းတွေ့ရသည်။

ရှောက်ရှက် ပုဒ်တဲ့အသုံးကို၊ ကိုးခဏ်းပျို၊ ၂၆၈ တွင် ' တရားအလျောက်၊ မရှောက်မရှက်၊ခဲခက်လွယ်ကူ၊ဟူဟူသမျှ၊မင်းကိစ္စကို၊ဆုမွှပဲ့ပြင်၊ ဖန်စီရင်၍၊' ဟူသောစပ်အင်၌တွေ့ရသည်။ ဤ၌ **မရှောက်မရှက်** ၏ အနက် 'အနှောင့်အရှက်မရှိ'ဟူ၏။

ရှက် ပုဒ်သီးအသုံးကို **နှောင့်ရှက်၊ ရှတ်ရှက်** ဆိုသည်တို့တွင် တွေ့ရသည်။ ဤသာဓကနှစ်ခုအနက် **ရှတ်ရှက်** သည် 'နှောင့်ရှက်၊ ထိပါး၊ ထိခိုက်၊ဖျက်ဆီး' ဟောဖြစ်၍၊ ယင်းကို 'လိမ်ကျစ်၊ငြိတွယ်'ဟော **ရှပ်ရှက်** ပုဒ်နှင့်ခဲခြားမှတ်သားရသည်။ **ရှတ်ရှက်** တွင် **ရှက်** ပုဒ်တည် **ရုတ်ရက်၊ ရောက်ရက်** ဆိုသည်တွင် 'လှုပ်ရှားထကြွ၊ ထိပါးနှောင့်ရှက်'ဟော **ရက်** ပုဒ်ပြောင်း၊ **ရှပ်ရှက်** ဆိုသည်တွင် **ရှက်** ပုဒ်သည်ကား'ယက်ကန်းရက်၊တောင်းရက်၊ဖျာရက်'ဆိုသည်တို့တွင် 'တခုနှင့်တခုငြိတွယ်အောင်ပြု'ဟော **ရက်** ပုဒ်ပြောင်းဖြစ်သည်။

ရှောက် ပုဒ်ကို 'ရေလည်းမနောက်၊ ကြာမရှောက်'ဟူသော ရှေးစကားပုံကလေးအနေဖြင့်အသုံးများသည်။

(၁)။ "အကြားရှေနေ၊နှစ်ဖက်ပြေဖြင့်၊ **ရေလည်းမံနောက်၊ကြာမရှောက်**

သို့၊ သာလျော်က်ချစ်ပြုံ၊ကျွန်ုပ်ကြုံအံ့။” ။သံဝရပျို၊ ၁၁၂။

(၂)။ “မေတ္တာရစ်စည်း၊ ချစ်ခြင်းသည်းရှ်၊ **ရေလည်းမနောက်၊ကြာမ ရှောက်ဖြင့်**၊ သာလျော်က်စီမံ၊မောင်တော်ကြုံရှ်။” ။ကုသပျို၊၄၁၀။

(၃)။ “သုံးစွဲပြန့်ပြန့်၊ ဗေဒါဩန့်လျင်၊ လိုလွန့်ဝေးက၊ ကြိုက်တိုင်းရသို့၊ **ရေမျှမနောက်၊ကြာမရှောက်တည်း**၊ ထွန်းတောက်ကျက်သရေ၊ ထိန်ဝေပြောင် ပြောင်။” ။မင်းရဲဒီဗွင်ခြင်း၊ ၂၄။

(၄)။ “လေပြည်မခြောက်၊ **မရှောက်မနောက်**၊ **ကြာရောက်ငါးဆိုင်**၊ အပြိုးအပြိုင်၊ပွင့်ခိုင်ဖြိုးထွေ။” ။၁၂၂၁ ခုစွဲ၊မန္တလေးမြို့၊သုဓမ္မာစရပ်ကျောက် စာ၊ကျော၊၉၊၁၀။

(၅)။ “ရေပန်းများနှင့်၊ဖေါင်းကားဆံဖြူ၊အလိုကျူတို့၊ရှူရှူရှူရှဉ်းရှဉ်း၊မုန် တိုင်းညှဉ်းလည်း၊ **စိုးစဉ်းမရှောက်**၊ လေအလျော်က်ဖြင့်၊တကောက်ညွတ်ညွတ်၊ လိုက်စတတ်ရှ်။” ။ဧရှဟသ်ာမင်းပျို၊၃၁။

ထုတ်နုတ်ချက်(၁)၊(၂)၊(၃)တို့တွင် ‘ရေလည်းမနောက်၊ကြာမရှောက်’ ဟူ သော စကားပုံကိုပင်အနည်းငယ်စီလှိုးလဲ့ဆိုလျက်ရှိသည်။ (၄) တွင် ‘မရှောက် မနောက်၊ကြာရောက်ငါးဆိုင်’ ဆိုသည်၌လည်း ယင်းစကားပုံသဘောပင် သက် ဝင်လျက်ရှိသည်။ (၅) ၌သာ စကားပုံမှလွဲဖယ်၍စပ်သည်။ စကားပုံတွင် ‘**ကြာ မရှောက်**’ ဆိုသည်မှာ ‘ကြာကိုထိခိုက်,လှုပ်ရှားစေ,နှောင့်ရှက်,ဖျက်စီးစေခြင်း မရှိ’ဟူ၏။ (၅)တွင် ‘စိုးစဉ်း **မရှောက်**’ ဆိုသည်၌လည်း **ရှောက်** ၏အနက် မှာထို့အတိုင်း ‘ထိခိုက်၊ ဖျက်ဆီး’ ဟောပင်ဖြစ်သည်။ သို့ဖြင့် ‘ထိခိုက်ဖျက်ဆီး သောမိုး’ကို **ရှောက်ရှာမိုး၊ရှောက်ရှာမိုး** ဟု စပ်ဆိုပြန်သည်။

(၁)။ “တောင်မြောက်ညီးညီး၊လျှပ်စစ်မီးနှင့်၊ ရိုက်တီးကောင်းကင်၊ ဖြူစင် ရေခဲ၊ **ရှောက်ရှာကြဲလျက်**၊ ကျော်သဲနတ်လူ၊ဖွားတော်မူက။” ။မင်းတရား ရွှေထီးခြေင်း၊၂၇။

(၂)။ “အနိဋ္ဌဖိုလ်၊မလိုလေနှိုင်း၊ မုန်တိုင်းမိုးပါ၊ **ရှောက်ရှာရေရွဲ**း၊ မလူး လည်းလိပ်။” ။ရခိုင်နိုင်မော်ကွန်း၊၃၆။

(၃)။ “မိန်းမောခွေကာ၊နေလှည့်ရာတွင်၊ **ရှောက်ရှာ** မိုးဖြူ၊အငြိုးကူ၍၊ ကလူသည့်နှယ်၊မြူသည့်နှယ်လျင်၊ ဗယ်ဗယ်ညာညာ၊ ဝိုက်ကာဝေ့သည်။” ။ ဘလွာတိယပျို၊၂၆။

(၄)။ “မိုးသေးမိုးဖွဲ၊ **မိုးခဲရှောက်ရှာ**၊ ဖြာဖြာဖြန်းပက်။” ။နာရဒ ပျို၊၇၆။

ရှောက်ရှာ၊ရှောက်ရှာ ဆိုသည်တို့၌ **ရှာ** နှင့် **ရှာ** တို့မှာအနက်တူ၊‘ကောင်း

ကင်မှရေစက်ရေပေါက်များကျ'ဟောချည်းဖြစ်သည်။ချင်းဘာသာတို့၌ **မိုးရွာ**ကို**ရွှဲ၊ရွာ**ဟုဆိုသည်။ထို့ကြောင့် **ရှောက်ရွာမိုး၊ရှောက်ရွာမိုး**တို့၏အနက်ရင်းမှာ'နှောင့်ရှက်ဖျက်ဆီးသောမိုး၊ မိုးနှောင့်ရှက်၊ မိုးဖျက်'ဟူ၏။ 'မိုးသီးနှင့်တကွရွာချသောမိုး၊မိုးသီး' ဟူ၍အနက်ပေးလျက်ရှိကြသည်မှာမထိမိ၊ မတိကျဟုဆိုရာ၏။**ရှောက်ရွာမိုး၊ရှောက်ရွာမိုး** ဆိုသည်တွင် မိုးသီး,မိုးခဲပါခြင်းသည်အရင်းခံသဘောမဟုတ်၊ မိုးသီး,မိုးခဲပါသဖြင့် အသီးအနှံ, လူကျွဲနွား, အိမ်ကျောင်းအဆောက်အဦ စသည်တို့ကို နှောင့်ရှက်၊ထိခိုက်၊ဖျက်ဆီးခြင်း သည်သာ ဆိုလိုရင်းသဘောဖြစ်သည်။ **ရှောက်ရွာမိုး** ကိုလွန်စွာပြင်းထန်၍စွတ်လိုသူမှစွတ်သည် ဟုပြဆိုလေ့ရှိသော **ပေါက္ခရဝဿမိုး** နှင့်ခွဲခြားမှတ်သားရာသည်။

ရှောက် သည်လည်း **ရှက်** ကဲ့သို့၊နှစ်ပုဒ်ရှိသည်။'ထိပါး,နှောင့်ရှက်,ဖျက်ဆီး'ဟော ဤတွင် ဖွင့်ဆိုလျက်ရှိသည့် **ရှောက်** ပုဒ်နှင့် **ရွှပ်ရှက်** ဆိုသည်တွင် **ငြိတွယ်** ဟော **ရှက်** ပုဒ်ပြောင်း **ရှောက်** တို့ဖြစ်သည်။ဤ **ငြိတွယ်** ဟော **ရှောက်** ပုဒ်စပ်အင်များကိုလည်း ကဗျာတို့၌တွေ့ရသည်မှာ–

(၁)။ "တရံမိုးမှ၊ မြူမှုဆံလောက်၊ **မရှောက်ငြိတန်း**၊ အဆန်းတကြယ်၊ လည်ဝယ်သို့ပင်၊ပန်းနှယ်ဆင်၍။" ။မနော်ဟရီဗျူဟောင်း၊၅၆။

(၂)။ "ထုတ်ချင်းယဉ်ကြား၊လွန်းလျင်သွားသို့၊ဝိုးဝါးမရှိ၊ **မငြိမရှောက်**၊ တယောက်မလွန်၊" ။သံဝရပ္ပါ။၂၄။

ဤစပ်အင်တို့တွင် **ရှောက်** ၏အနက် **ငြိတွယ်** ဟောဖြစ်ကြောင်း၊ယင်းနှင့်တွဲဖက်လျက်ရှိသော **ငြိတန်း၊ မငြိ** ဟူသော စကားများက ဖေါ်ပြလျက်ရှိသည်။

ကျွန်ုပ်တို့သည် စကားတို့၏ ဓာတ်ရင်း, ဟောရင်း တို့ကို မရှာဖွေမဆင်ခြင်ပဲ၊ တိကျသေချာသော လက်သုံးအနက်များကို များစွာသော နေရာတို့၌ မပေးနိုင်, ချုတ်လွဲရာသတည်း။

၈၁။ လက်စောင်၊လက်ဆောင်၊လက်ထက်၊လက်နက်

ခေါင်းစဉ်ပါ 'လက်စောင်၊ လက်ဆောင်၊ လက်ထက်၊ လက်နက် ' ဟူသော စကားများအပြင်၊မြန်မာဘာသာ၌ **လက်** နှင့်တွဲကာ 'လက်သည်၊ လက်သား၊ လက်ဝံ၊လက်ငင်(လက်ငင်း)လက်မရွံ၊လက်သုံး၊လက်စွဲ' စသဖြင့် အခြားများစွာသောပုဒ်တို့ကိုထောက်သော်၊ ရှေးမြန်မာလူမျိုးတို့သည်၊ တွေးတော,ကြံဆ၍သာနေသူများမဟုတ်ပဲ၊လက်တွေ့လုပ်ကိုင်တတ်သူများဖြစ်ကြောင်းသိရသည်။

လက် နှင့်တွဲဖက်သုံးသောပုဒ်များအနက်အချို့တို့မှာသိသာပေါ်လွင်သော အနက်များရှိသော်လည်း၊ အချို့တို့၏ အနက်ရင်းတို့ကို ကောက်ယူရာ၌ သတိပြုဖွယ် အချက်အလက်ကလေးများ ရှိသည်။ ခေါင်းစဉ်ပါ စကားတို့တွင် **လက်ဆောင်** ၏အနက်မှာ သိသာလွယ်ကူပေသည်။ ပေးကမ်းရန် လက်ဖြင့်ဆောင်ယူသွားသောပစ္စည်းသည် **လက်ဆောင်** ပင်ဖြစ်သည်။ကိုတိုင်ဆောင်ယူမသွားပဲ၊ တဦးဦးကဆောင်ယူပေးပို့လျှင်လည်း **လက်ဆောင်** ပင်ဖြစ်တော့သည်။

လက်စောင် ၏အနက်ရင်းမှာ **လက်ဆောင်** ၏ အနက်လောက် မလွယ်ကူလှပေ။ပါဂရမီတော်ခဏ်းပျို၊ ၄၄ ၌ 'ဗောဓိပက္ခိယ၊ ဓမ္မပေါင်မြောင်၊ **ကူလက်စောင်နှင့်**၊ ရန်ဘောင်ရိပုပ်၊ဤလူ့ရပ်တွင်၊ နှီးကပ်ကာကာ၊ ထောင့်ငါးရာစင်၊ သင်းဝင်လက်သား၊ဆဲ့နှစ်ပါးသား၊ရွှေသွားခေါင်းကြီး၊ဦးစဉ်းသီးကို၊ဖျက်ဆီးလေးကြိမ်၊တိုက်လှည်းနှိမ်မှ၊'ဟူ၍ဂင်း၊ ဆုတောင်းခဏ်းပျို၊ ၁၁၅ တွင် 'သံဃာ့လယ်၌၊မကျယ်နည်းမျှ၊ ရိပ်ခြည်ပြက၊ ဆယ်ဆဖေါင်ဖေါင်၊ သိမြင်ဆောင်သည်၊ **လက်စောင်ငါ့သား**၊' ငွေထရံမြတ်ဖျား၊'ဟူ၍ဂင်း၊ ၁၄၁ တွင် ' ပညာအရောင်၊ သံဃာဘောင်၌၊ **လက်စောင်ကြိုးကြား**၊ မေးထောက်ထားသည်၊ ငါသားရှင်မွန်၊ဂုဏ်ဝန်၊'ဟူ၍ဂင်း၊စပ်သည့်တို့၌၊ **စောင်** ၏အနက်၊အလိုရှိကအသင့်ရစေရန် **အနီးအကပ်ထားသည်, အနီးအကပ်ထားသည့်အနာ** ဟူ၏။ ဆုတောင်းခဏ်းပျို၊၁၄ ၌ ' ပီဂီလာလာ၊ရုပ်ဝါတဆန်း၊စောင်းတန်းမီးတား၊ **လက်စောင်နားမှ**၊ နတ်သားဘီလူး၊ခြသေ့မြူး၏၊' ဟူ၍ဂင်း၊ ကိုးခဏ်းပျို၊ ၁၅ ၌ ' ခရီးလမ်းဘောင်၊ ရန်ဆူးထောင်၍၊ **လက်စောင်လက်နား**၊ သူ့ဆောင်ပါးကို၊ ပိုင်ကားလုယက်၊ဆော့ကျွတ်ဖျက်သည်၊'ဟူ၍ဂင်း၊စပ်သည်တို့၌ **စောင်** ၏အနက် **အနီး၊ အစပ်၊အစွန်၊အဖျား** ဟောဟုယူရာ၏။ပိုင်နက်မြေ၏အစပ်အစွန်,အဖျား၌ကာရန်းထားသောစည်းကိုလည်းထိုအနက်အတိုင်းပင် **စောင်ရန်း** ဟုခေါ်ဆိုသည်။ **လက်စောင် လက်နား** ကို **လက်စောင်း လက်နား** ဟူ၍ ' ညည့်ဌက်တအုပ်၊ ပြင်းဟုပ်မဝံ့၊အညံ့မချောင်း၊ဘေးမဲ့ကြောင်းလျှင်၊ **လက်စောင်းလက်နား**၊ နှစ်ပါးကြည်းရေ၊ စောင့်ရှောက်ပေသော်၊ ' ဟု၊ သံဝရပျို၊ ၁၇၀ ၌ စပ်လေသေးသည်။ဆုတောင်းခဏ်းပျို၊ ၆၅ တွင် 'တင့်တင့်တယ်တယ်၊သပ္ပါယ်လျင်းအောင်၊ ကုဋ္ဌိချောင်နှင့်၊ **ယပ်စောင်နောက်ဖို**၊ တဖျင်မှီ၍၊ 'ဟု စပ်သည်၌ **ယပ်စောင်** ၏အနက်မှာလည်း 'အိမ်မြင့်အိမ်ယပ်နှင့်ကပ်၍ နောက်ဖက်၌ဆောက်ထားသော အဖို'ဟောဟုပေါ်ထွက်ရာ၊ **စောင်** ကို **အနီး၊ အကပ်** ဟောဟုပင်ယူရာ၏။

လက်စောင် နှင့် **လက်စွဲ၊လက်သုံး** ဟူသောစကားတို့၏အနက်များကွဲသင့်သည်။ ယခုသုံးစွဲလျက်ရှိချင်မှရှိမည်၊အလိုရှိကသုံးစွဲရန် အနီးအကပ်၌အသင့်ထား

သည်ကို **လက်စောင်**၊ ယခုပင်သုံးစွဲလျက်ရှိသည်ကိုသော် **လက်စွဲ၊ လက်သုံး** ဟု ခွဲခြားမှတ်သားရာ၏။

လက်ထက် တွင် **ထက်** ၏အနက်ကိုယူဆရာ၌အနည်းငယ်သတိပြုဖွယ်ရှိသည်။ ဤတွင် **ထက်** ကို ' အထက်၊အပေါ်၊အမြင့်၊အညာ ' ဟုသောအနက်ဖြင့်ယူသင့်သည်မထင်၊ 'ထက်ကြပ်၊ထက်တိုက်၊ထက်တိုင်' ဆိုသည်တို့၌ကဲ့သို့၊ **ပူးကပ်၊ထိတွေ့** ဟောဟုသာ ယူသင့်သည်ထင်၏။ ထို့ကြောင့် **လက်ထက်** ၏အနက်ကို ' တဦး တယောက်သောသူ၏လက်နှင့် ပူးကပ်,ထိတွေ့ နေသော အချိန်ကာလ၊ဝါ၊ တဦး တယောက်နှင့် ကြိုက်ကြံ၊ တိုက်ဆိုက် နေသောကာလ ' ဟု ကောက်ယူရာ၏။ဤ **လက်ထက်** ဆိုသောစကားကို ၅၆၉ ခုစွဲ၊ပုဂံမြို့၊ခေမာဝရဖုရားကျောက်စာ ၂၃ တွင် 'ဤလူလက်ထက်အပ္ပစ်ဂပါရောက်စေသတေ၊' ဟူ၍ဖြင်း၊ ၅၇၄ ခုစွဲ၊ပုဂံမြို့၊ စောရဟန်သိမ်ကျောက်စာ၊ ၂၇ တွင် 'ငါလျော်သင်လက်ထက်တော၊' ဟူ၍ဖြင်း၊ ၅၇(၃)ခုစွဲ၊ ပုဂံမြို့၊သက်စိုးတောင်စေတီကျောက်စာ ၄၊၅ တွင် 'ထိလိုင်မင်လက်ထက်လေလွတ်အော်၊ (သက်တ်ရှည်) လက်ထက်လေလွတ်၏၊ ဤမ်တင်နသိုလက်ထက်လေလွတ်၏၊(နရသိခ်) လက်ထက်လေလွတ်၏။' ဟူ၍ဖြင်း၊ ရေးလျက်ရှိသည်တို့ကို ထောက်၍၊ ယင်းစကားသည် ပုဂံခေတ်၌ပင် အသုံးတွင် ကျယ်လျက်ရှိကြောင်းသိရ၏။

လက်နက် တွင် **နက်** ပုဒ်ကို အနည်းငယ်ဖွင့်ဆိုရန်လိုသည်။ **နက်** ပုဒ်များသည် တူယောင်ယောင်နှင့်၊ တခုနှင့်တခု အဓိပ္ပါယ်ချင်း သိသိသာသာကွာခြားလျက်ရှိသည်ကိုတွေ့ရပေမည်။

(၁)။ 'ရေနက်၊တွင်းနက်၊အစူးနက်၊အဝင်နက်၊အတွေးနက်၊အဓိပ္ပါယ်နက်' စသဖြင့်ဆိုသည်တို့၌ **နက်** ပုဒ်သည် 'စူးဝင်၊စောက်၊ရှိုင်း၊အတွင်းသို့သော်ငင်း, အောက်သို့သော်ငင်း ပေါက်ရောက်'ဟော။

(၂)။ ' ပိုင်နက်၊တိုင်နက်၊ကုခန်းတိုက်နက်၊ယင်းတို့အနက် 'စသဖြင့်ဆိုသည်တို့၌၊ 'အတွင်း၊အဆဲ။နို့က်၊တွင်၊မှာ၊ဝယ်'ဟော **နက်** ပုဒ်။ ထိုမှသက်၍ 'အနက်အဓိပ္ပါယ်၊ပုဒ်နက်၊ပါဠိနက်၊ဂါထာအနက် 'စသဖြင့် ဆိုသည်တို့၌ **နက်** ပုဒ်မှာ 'အတွင်း၌တည်သောအရာ၊အတွင်းသဘော'ဟောဟုယူရာ၏။

(၃)။ 'တကွနက်၊တပြိုင်နက်၊တခဲနက်၊တနွေ့နက်'စသဖြင့်ဆိုသည်တို့၌ **နက်** ပုဒ်သည် 'တစုတပေါင်းတည်း၊တလုံးတစည်းတည်း၊တပြိုင်တည်း'ဟော။

(၄)။ 'နက်ကိ၊နက်ကျိ၊သမန္တစက်,ကျေးဇူးနက်တည့်(ပါ၊၃၆)၊ ဆယ်ဘန်ဖြစ်လျက်၊ လူကျိုးနက်၏ (ပါ၊ ၅၀)၊ ကြောတင် နှိပ်စက်၊ ဆင်းရဲ နက်လည်း(ပါ၊၄၀)'စသဖြင့်ဆိုသည်တို့၌ 'ပြည့်,သိပ်၊များပြား၊ပြည့်စုံ'စသည်ဟော **နက်**

ပုဒ်။ယင်း **နက်** ပုဒ်သည် **ပြည့်နှက်**၊ ဆိုသည်၌ **နှက်** ပုဒ်ရင်းပင်ဖြစ်သင့်သည်။

(၅)။ 'လေးနက်၊လေးလေးနက်နက်'ဆိုသည်တို့၌ '**လေး၊အချိန်စိုး၊မပေါ့**' ဟော **နက်** ပုဒ်။ ယင်းပုဒ်ကိုအချို့က' ပြည့်၊ သိပ်'စသည် ဟောပုဒ်နှင့်အတူဟု ထင်ကောင်းထင်ပေမည်။သို့ရာတွင်ယင်းပုဒ်သည်၊ထိုင့်သျှမ်း ခန်တီး အဟုံဘာသာ တို့လာ **လေး** ဟော **နက်** ပုဒ်၊ တရုတ်ဘာသာ 'ဖိ၊နှိပ်'ဟော **နှ၊ နာတ်** ပုဒ် တို့နှင့်မိတ်တူ၊ပုဒ်သီးဟုယူဖွယ်ရှိသည်။

(၆)။ 'မဲနက်၊မှောင်နက်၊'စသဖြင့်ဆိုသည်တို့၌၊ 'မဲ၊မှောင်'ဟော **နက်**ပုဒ်။

(၇)။ 'နံနက်၊နက်ဖြန်'ဆိုသည်တို့၌ **နံနက်** အကြောင်းတွင်ဖေါ်ပြခဲ့သော 'နောက်'ဟော့ **နက်** ပုဒ်။

ဤသို့လျှင် **နက်** ပုဒ်ပေါင်းခုနစ်ခုမျှရှိသည်တွင် **လက်နက်** တွင် **နက်** ပုဒ်ကို 'အတွင်း၊အထဲ၊အတွင်း၌တည်သောအရာ'ဟော ဒုတိယ **နက်** ပုဒ် အနေဖြင့်ယူ သင့်သည်ထင်၏။ဤသို့ယူသော် **လက်နက်** ဟူသည်မှာ'လက်တွင်း၌ထားရှိသော အရာ၊လက်ကိုင်၊လက်စွဲ'ကိုဆိုလိုရင်းဖြစ်ကြောင်းပေါ်ထွက်၏။ ထို့ကြောင့် 'စစ်တိုက်ခိုက်ရာ၌သုံးသော ထား၊လှံ၊ လေးမြား၊ သေနပ်၊မီးပေါက်'စသည်တို့ကိုသာ **လက်နက်** ဟု ခေါ်သည် မဟုတ်ပဲ၊ ပုရန်၊ ပန်ပု၊ ပန်တိန်၊ လက်သွား စသည်တို့ကိုင်တွယ်သုံးစွဲသောကရိယာဘဲနှင့်တကွ၊လက်ဖြင့် ကိုင်တွယ်ယူငင်လာသောပစ္စည်း၊ အသုံး အဆောင်၊ လက်ဆောင် မျှားကိုလည်း **လက်နက်** ဟုပင် ခေါ်ဆိုနိုင်ကြောင်းသတိပြုရာသည်။

လက်နက် အရေးနှင့်အသုံးကို အစောဆုံးလောက်ပင် တွေ့ရသော၊ ၆၄၇ ခုစွဲ၊ပုဂံမြို့၊မင်္ဂလာစေတီ၊သျှင်ဒီသာပါမောက္ခ ကျောက်စာ၊ ၁၅၊၁၆ ၌ ''ထိုဝိန္ဒိုက် တန်လင်သောသျှင်တိုဝ်သည် ငါကိုဝ် **လက်ဆောင်လက်နက်** ဆက်ရှယ် ဤသိုဝ် ဆိုဝ်လင်၏။''ဆိုရာဝယ် **လက်ဆောင်** နှင့်ဖက်တွဲလျက်ရှိသော **လက်နက်** သည် သျှင်ရဟန်းအချင်းချင်းပေးပို့သောပစ္စည်းဖြစ်ခြင်းကြောင့် စစ်သုံးကရိယာမဖြစ်နိုင်၊ **လက်ဆောင်** ကဲ့သို့ပင်ရဟန်းသုံးပစ္စည်းသာလျှင်ဖြစ်ရပေမည်။ထိုနည်းတူစာ ရာဇဝင်တို့တွင်လည်း' ယိုးဒယား၊ လင်းဇင်း၊ ရခိုင်၊ အင်္ကပါတ်၊ စသော ကျည်းပြည်မင်းတို့ကလည်း၊ ရှိသေကျိုးနွံ့စွာသော စကားဖြင့် ဆက်စာတမန် **လက်ဆောင်လက်နက်** မပြတ် ရွှေဖဝါးတော်အောက် ဆက်ရောက်လာသည်။' ဟူ၍ ၎င်း၊'အပြည်ပြည်ထောင်သို့ချီတော်မူလျှင်၊ အလှယ်တကူအလိုတော်ပြည့်၍၊ ဆင်ကြီးမြင်းကြီး သားသမီး **လက်နက်လက်ဆောင်** ဆက်၍၊ သစ္စာတော်ကိုခံကြသည်။'ဟူ၍၎င်း၊ရေးဆိုသည်တို့၌၊ **လက်နက်** ကို 'စစ်သုံးကရိယာ'ဟူ၍သာမယူရာ၊အခြားဆောင်ယူဆက်သသောပစ္စည်းအသုံးအဆောင်မျှားလည်းပါဝင်သည်

ယူရာသည်။ သို့ဖြင့်ယခုခေတ်တွင် ပန်ပဲ့,ပုရန်,ပန်ပု,ပန်တိန်,လက်သွားစသည်တို့၏ ကရိယာများကိုလည်း **လက်နက်** ဟုပင် ပြောဆို သုံးစွဲလျက် ရှိကြသည်မှာ သင့်သည်သာဖြစ်၏။ **လက်နက်** ကို အချို့စာမူတို့၌ **လက်နှက်** ဟုပါလျက်ရှိရာ 'လက်ဖြင့်ရိုက်နှက်ရန်ကရိယာ'ဟုအနက်ပေါ်ထွက်နေသဖြင့် မသင့်ဟုဆိုရာ၏။

ကျန် **လက်** နှင့်တွဲဖက်လျက်ရှိသောပုဒ်များအနက်၊ 'အမှုတခုခုကိုပြုလုပ်သူ' အား **လက်သည်**၊'တပည့်လက်သား၊ယမမင်း၏,စည်းတွင်းလက်သား(ပါ၊၄၀)' ဆိုသည်တို့၌ကဲ့သို့ 'လုပ်ကိုင်ဆောင်ရွက်သူ'ကို **လက်သား**၊ 'ဓားလှံကိုင်၍သတ်ဖြတ်ရန်မကြောက်သူ'ကို **လက်မရွံ** ဟု ဆိုသည်တို့၌ ပုဒ်အနက်တို့မှာ သိသာထင်ရှားပေသည်။

လက်ငံ ဆိုသည်တွင် **ငံ** ပုဒ်ကိုအနည်းငယ်စိစစ်ရန်လိုသည်။ယင်း **ငံ** ပုဒ်သည် 'သာယာခြေငံ၊စကားခြေငံ၊ရည်ငံ၊ငါးဟင်းငံ'ဆိုသည်၌ကဲ့သို့'သာယာ,ကောင်းမွန်,နှစ်လို ဖွယ် ရှိသော အသံ၊ ကောင်းမွန် နှစ်လိုဖွယ်ရှိ ' ဟော လည်းမဟုတ်၊ 'လောက်ငံ၊သဒ္ဒါငံ၊အသိငံ'ဆိုသည်တို့၌ကဲ့သို့ 'စေ့စုံ၊ ပြည့်စုံ၊ လုံလောက် 'ဟော၊ 'လောက်ငံ၊ကုံငံ'ဆိုသည်တို့တွင် **ငံ** နှင့်မိတ်တူလည်းမဟုတ်၊'တိုင်းနိုင်ငံ၊'ဆိုသည်တွင် ' မြေကြီး၊နေရာ၊နယ်တိုင်း'ဟော၊ 'ငမ်းစွန်၊ငမ်းမြား' ဆိုသည်တို့တွင် **ငမ်း** ပုဒ်၊'ငလျင်'ဆိုသည်တွင် **ငံ** ပုဒ်တို့နှင့်မိတ်တူလည်းမဟုတ်၊ **နိုင်ငံ** အကြောင်း၌ ဖေါ်ပြခဲ့သည့်အတိုင်း၊' နိုင်ငံသော အဆင်းအရောင်အဝါ' ဆိုသည်တွင် 'ကြီးကျယ်,ခမ်းနား,မြင့်မြတ် 'ဟော **ငံ** နှင့် မိတ်တူပုဒ်လည်းမဟုတ်၊ **ငံ** ၏ အနက်နှင့် **လက်ငံ** ၏အနက်ကိုအောက်ပါပါရမီတော်ခဏ်းပျို့ (ဟောင်း)၊ စပ်အင်များမှထောက်ခြင့်ဝေဘန်၍ ကောက်ယူရပေမည်။

(၁)။ "သုံးထစ်စည်းစိမ်၊အခေါင်နှိမ်ကို၊ **ရချိန်လက်ငံ**၊ ကြံသားမငြို။"။ အပိုဒ် ၆၀။

(၂)။ " **လက်ငံစိန်းစိန်း** ၊ ငရဲထိန်းတို့၊ ကြောက်ကြိမ်းလန့်ဖွယ်၊ကလူနယ်လည်း။" ။အပိုဒ် ၇၆။

(၃)။ "ယိုးယား(ရှိုးရှား)တရုံ၊ဝစီကံနှင့်၊ **လက်ငံမနော်**၊ နှလုံးသော်လည်း၊စေ့ဆော်ကြံမိ၊အပြစ်ရှိမူ။" ။အပိုဒ် ၉၄။

(၄)။ " ဆိုးညစ်ခလုတ်၊ပါဒြံသစ်ငုတ်က၊စသည်မကျန်၊ **လက်ငံတန်လျက်**၊ တတ်ပွန်ကျယ်ဝန်း၊ဆန်းအလင်္ကာ၊ဖွဲ့နည်းနာဖြင့်။" ။အပိုဒ် ၉၅။

(၅)။ " ထိုးထိတ်မရွံ၊ လက်ငံမြောက်မြား၊သူတပါးတုံ့ခွန်အားထုတ်ထုတ်၊ အရကုတ်လျက်။" ။အပိုဒ် ၁၀၁။

(၆)။ "အယူကြံခက်၊ သူအမျက်အား၊ **နှုတ်လက်မငံ**၊ အောင့်၍ခံသား၊

သည်းညဉ်ခန္တီ၊ပါဂရမီကို၊ရွှေဆီလည်းထား။” ။အပုဒ် ၁၀၇။

(၇)။ “အဓိဋ္ဌာန်ဤ၊ပါဂရမီကို၊အညီလုံးခြုံ၊သိမြင်တုံမှ၊အင်စုံလှက်ငံ၊ တဖန်ကြံ၏။” ။အပိုဒ် ၁၃၄။

ဤစပ်အင်များတွင် **လက်ငံ** ၏အနက် ‘လက်ဖြင့်ထိထိရောက်ရောက်လုပ်ကိုင်ဆောင်ရွက်၊ လက်ဖြင့်ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်မှု’ ဟူ၍ပေါ်ထွက်လျက်ရှိသည်။ဤသို့ယူသော် ထုတ်နုတ်ချက်(၁)၏အနက်‘မြင့်မြတ်သော စည်းစိမ်သုံးပါးကိုရခိုက်တန်သဖြင့်၊ကိုလက်ဖြင့်လည်း လုပ်ကိုင်ဆောင်ရွက်၊စိတ်ဖြင့်လည်းကြံဆ’ဟူ၍၎င်း၊ (၂)တွင် ‘ လက်ငံစိန်းစိန်း၊ငရဲထိန်းတို့၊’၏အနက်ကို ‘လက်ဖြင့်လုပ်ကိုင်ဆောင်ရွက်ရန် အာရုံစူးစိုက်နေသောငရဲထိန်းတို့’ဟူ၍၎င်း၊(၃)တွင်‘ ဝစီကံနှင့်၊လက်ငံမနေ၁၊နှလုံးသော်လည်း’၏အနက် ‘ကာယကံ၊ဝစီကံ၊မနောကံ ’ဟူ၍၎င်း၊ ကျန်စပ်အင်တို့တွင်လည်း ထိုနည်းနှင့်နှင့်ရရာသည်။ ထို့ကြောင့် ဤတွင် **ငံ** ၏အနက် ‘ထိရောက်စွာ လုပ်ကိုင်, ဆောင်ရွက်၊ ထိရောက်သောလုပ်ကိုင်, ဆောင်ရွက်မှု’ဟူ၍ရ၏။ယင်းအနက်သင့်မသင့်၊ အနွယ်တူဘာသာတို့ဖြင့်ချိန်ထိုးကြည့်ရာတွေ့ရသည်မှာ—

ဘာသာ	စကားစု	အနက်
၁။ သျှမ်း	ငံ	လက်ဖြင့်ကိုင်တွယ်,ဆုပ်ကိုင်,ဖမ်းဆီး၊
၂။ တရုတ်	ကိုအမ်	ကောက်ယူ၊ ကိုင်တွယ်၊ ဆုပ်ကိုင်၊ဖမ်းဆီး၊
	နိုအမ်	၎င်း
၃။ ထိုင်	ငံ	လက်ဖြင့်စမ်းသပ်၊
၄။ တိဗက်	သ်နောမ်	၎င်း
	သ်နောမ်,နာမ်	ကိုင်တွယ်၊ဆုပ်ကိုင်၊ဖမ်းဆီး၊

အနွယ်တူဘာသာတို့တွင် **ငံ** နှင့်မိတ်တူပုဒ်များသည်‘လက်ဖြင့်ကိုင်တွယ်,ဆုပ်ကိုင်,ဖမ်းဆီး, စမ်းသပ်’ ဟူသော အနက်များကို ဆောင်လျက်ရှိကြသည်။ ယင်းအနက်တို့နှင့်မြန်မာဘာသာတွင် ပေါ်ထွက်နေသော **ငံ** ၏အနက် ‘ထိထိရောက်ရောက်လုပ်ကိုင်ဆောင်ရွက်’ဟူသည်တို့မှာ ကွာခြားလှသည်မဟုတ်၊ ‘လက်ဖြင့်ထိရောက်စွာ လုပ်ကိုင်, ဆောင်ရွက် ’ဟူသည်တွင် ‘လက်ဖြင့် ကိုင်တွယ်,ဆုပ်ကိုင်’ဟူသည်ပါဝင်ရပေမည်။ယင်းအနက်တို့တွင် လိုရင်းအချက်မှာ‘ကိုထိလက်ရောက်ပြုခြင်း’ ပင်ဖြစ်သည်။ ထို့ကြောင့် **ငံ** ၏အနက်ကို‘ ကိုထိလက်ရောက် ပြုခြင်း၊ကိုထိလက်ရောက်ပြုမှု၊ ကာယကံ’ဟုယူသော်လည်းသင့်ရာ၏။

လှက်ငင်၊လက်ငင်း ဆိုသည်တို့၌လည်းကိုထိလက်ရောက်ပြုခြင်းသဘောသည်

အရင်းခံပင်ဖြစ်သည်။ 'မဆိုင်းမတွ မျက်မှောက် ထင်ထင်ဦပြူခြင်း, ပေးခြင်း' ကို 'လက်ငင် လက်ငင်း ပြူခြင်း, ပေးခြင်း' ဟုဆိုသည်။ ထို့ကြောင့် **လက်ငင်၊လက်ငင်း** ပုဒ်တို့သည် **လက်ငံ** ပုဒ်သက်မျှားဖြစ်ရပေမည်။ ငံ မှ **ငင်** သို့သက်နိုင်ကြောင်း **သံဃာ** မှ **သဃ်ာ၊ဟံသာ** မှ **ဟသ်ာ၊မံစာ** မှ **မင်စာ** တို့သို့သက်သည်ကိုထောက်ရာ၏။ **ငင်** မှ **ငင်း** သို့သက်နိုင်ကြောင်း **ထင်** (ထင်ရှား) မှ **ထင်း** (စွန်းထင်း)သို့ သက်သည်ကို ထောက်ရာ၏။ သို့ဖြင့် **ငံ,ငင်,ငင်း, လက်ငံ,လက်ငင်,လက်ငင်း** ပုဒ်တို့ကိုရင်းမြစ်တူ,အနက်တူဟု ယူရာသတည်း။



၈၂။ လင်၊ဟင်း

နိရုတ္တိနယ်၌ မှော်အတတ်, မျက်လှည့် အတတ်မျှားကို ပြသကဲ့သို့သော အရာမျှားရှိသည်။မွန်ဘာသာ၌ 'စီတန်းထားသည်'ကို **ရေင်ပု** ခေါ်သည်၊ **ရေင်ပု** မှ **ရင်ပု** သို့သက်သည်၊ **ရင်ပု** ကို ပြောင်းပြန်လှန်က **ပုရင်** ဟုဆိုသည်၊ **ပုရင်** မှ မြန်မာဘာသာ 'အဆောက်အဦ မျှားကို အုတ်,အင်္ဂတေဖြင့် ဆောက်လုပ်သော အတတ်'ဟော **ပုရန်** ကို ရသည်ဟုဆိုသော၊ ယုတ္တိလည်းမရှိ၊ မှန်လည်းမမှန်၊ အတွေး မှောက်မှား ဖေါက်ပြန်မှုမျှားကိုမဆိုလို။ စကားနှစ်ခုတို့ကို ကြည့်လိုက်လျှင် အသံချင်းလည်းမတူ၊အနက်ချင်းလည်းအမြင်အားဖြင့် အလွန်ကဲပြား,ခြားနားနေသော်လည်း၊ယင်းတို့၏အတွင်း,အမြစ်အရင်းသို့ ရောက်အောင်တူးဖြိုနှိုက်ချုတ် ကြည့်သောအခါ၊ယင်းတို့မှာ ပင်ရင်းတခုတည်းမှ ပေါ်ထွက်လာ၍၊အနက်ပရိယာယ်ချင်းလည်းတူလျက်ရှိကြောင်း၊သာမန်အားဖြင့်မမြင်မသိနိုင်သည့်အရာကို၊မှော်အတတ်, မျက်လှည့်အတတ်ဖြင့် ပြလိုက်သကဲ့သို့၊ သိမြင်သာအောင်ပေါ်ထွက်လာစေခြင်းကို ဆိုလိုပါသည်။

ခေါင်းစဉ်ပါ **လင်** နှင့် **ဟင်း** ပုဒ်တို့ကို၊ရင်းမြစ်တူ,အနက်တူ ဖြစ်ပါသည်ဟု ရုတ်တရက်ဆိုလိုက်လျှင်၊ **လင်** က **လင်မယား၊ခင်ပွန်းလင်** ဆိုသည်တွင် မိန်းမတဦးနှင့် လက်ထပ်ထားသော ယောကျ်ား၊ သူနှင့် ပေါင်းသင်းဆက်ဆံနေသော ယောကျ်ား၊ **ဟင်း** က **ထမင်းဟင်း၊ ဝက်သားဟင်း၊ ဟင်းချို၊ ဟင်းလေး** ဆိုသည်တို့၌ထမင်းနှင့်ဖက်တွဲစားရသောအရာ၊ချက်ပြုတ်၊ကြော်လှော်ထားသည့် သားငါး,ဟင်းရွက်ဟင်းသီး၊အဘယ်သို့လျှင် ယင်းစကားနှစ်ခု၊ရင်းမြစ်အနက်တို့၌ တူနိုင်ပါမည်နည်းဟုတွေးမိ,ပြန်၍ ပြောမိလိမ့်မည်။ သို့ရာတွင် ယင်းတို့မှာရင်းမြစ်တူ အနက်ပရိယာယ်တူဖြစ်ကြောင်း ယခုတင်ပြပါမည်။

တိဗက်ဘာသာ **ဟ** အက္ခရာကြောင်း၌ **ဟ** တွင် **လ** ရွှေပြေးကာ **လ္ဟန်** ဆို သောပုဒ်ကိုတွေ့သည်။ အနက် **အတူတကွ**(together)ဟူ၍ငင်း၁ **ဆက်စပ်၊ပူး ပေါင်း၊ပူးတွဲ** (join, unite) ဟူ၍ငင်း ပေးထားပါသည်။ သို့ဖြင့် ယင်းစကား သည် မြန်မာဘာသာ **လင်** နှင့်မိတ်တူဖြစ်ရမည်ဟု ချက်ချင်းတွေးမိရပါသည်။ မြန်မာဘာသာ၌ **လင်** ၏ အနက်မှာလည်း **မိတ်လင်စုံ** ဆိုရာ၌ လူ,ကျေးငှက် တိရိစ္ဆာန်, ကျမ်းစာအုပ် စသည်၊ မည်သည့်အရာ၌မဆို၊ အနည်းဆုံး နှစ်ဦး နှစ် ယောက်,နှစ်ကောင်,နှစ်ခု အတူတကပူးတွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် **လင် မယား** ဆိုသည်၌လည်း **လင်** မှာ **မယားနှင့်အတူတကွ,ပူးပေါင်း,ပူးတွဲနေသူ** ဖြစ်ချေသည်။တိဗက်ဘာသာ **လ္ဟန်** မှ အောက်ပုဒ် **ဟ** ကျ၍၊ **န** သတ်မှ **င** သတ်သို့ပြောင်းလဲလာကာ **လင်** သို့သက်နိုင်ကြောင်းကိုသော် အကျယ်ဖေါ်ပြ ရန်မလို၊သာဓကမျှားကိုတွေ့ခဲ့ရလှလေပြီ။ရခိုင်တို့က **လင်** ကို **လန်**(င်)ဟု ယခု တိုင်ရွတ်ဆိုလျက်ရှိသေးသည်။

တဖန်တိဗက်ဘာသာ **လ္ဟန်** တွင် အထက်ပုဒ် **လ** ကျ၍၊ **န** သတ်မှ **ဂ** သတ် သို့ပြောင်းသွားသဖြင့် မြန်မာဘာသာ **ဟင်း** ပုဒ်ကို ရအပ်သည်။ **ဟင်း** မှာ လည်း **ထမင်း** နှင့် အတူတကံ့တွဲဖက်,ပူးပေါင်း,ပူးတွဲ စားရသောအရာပင် ဖြစ် သည်။ **ဟင်း** ကိုလည်း ရခိုင်တို့က **ဟန်**(င်း) ဟုခေါ်သည်။

မြန်မာဘာသာ၌ **လင်** ၏မူလအနက် **အတူတကွ, ပူးတွဲ, ပူးပေါင်းနေသူ** ဟောဖြစ်သင့်သည်ကို သိရပြီးသော်၊ ယင်း၏မိတ်တူဟု ယူဖွယ်ရှိသောပုဒ်မျှားကို စဉ်းစားကြည့်သောအခါ၊ **တည်းလည်း**၊ **တောင်းလောင်း** တို့နှင့် သံပြောင်း သံလဲ **တင်းလင်း**၊ **တန်းလန်း** ဆိုသည်တို့တွင် **လင်း**၊ **လန်း** ပုဒ်မျှားကို တွေ့ရ သည်။ယင်းတို့၏အနက်မျှားကလည်း 'စကားတန်းလန်း၊ အမျှင်တန်းလန်း' စသ ဖြင့်ဆိုသည်တို့၌ 'မပြီးမပြတ်၊ဆက်စပ်၊ ပူးတွဲ၊' ဟောပင် ဖြစ်သည်။ 'ရုပ်ဖြင့်ဆက် စပ်,စွဲမြဲ,ပူးတွဲ' ဟော **လန်း** ပုဒ်ကိုထောက်သဖြင့် 'စိတ်ဖြင့်ဆက်စပ်,စွဲမြဲ, ပူးတွဲ' ဟောပုဒ်ကိုလည်း **စွဲလန်း** ဟုရေးသင့်သည်ထင်၏။ သို့ရာတွင် ယင်းပုဒ်ကိုသော် ခေတ်သတ်ပုံကျမ်းအချို့၌ **စွဲလမ်း** ဟု **မ** သတ်ဖြင့် အရေးပြလျက်ရှိကြ၍၊ အ ချို့ကဗျာတို့တွင်လည်းထို့အတိုင်းရေးစပ်လျက်ရှိသည်။ ရှေးကျ၍ ခိုင်မာသော ဝဏ္ဏဗေဒခန္ဓသတ်အင်း၊ ဝေါဟာရထွဋ္ဌကာသနီ၊ ကဝိလက္ခဏာ သတ်ပုံကျမ်း တို့၌ သော် **စွဲလန်း**၊ **စွဲလမ်း** အရေးကိုမပြကြ။ **တန်းလန်း** အရေးကိုထောက်သဖြင့် **စွဲလန်း** အရေးသာသင့်ရာသည်။

မြန်မာဘာသာ၌ပင် တခုနှင့်တခု **ဆက်စပ်,ဆက်သွယ်** လျက်ရှိသည်ကို **စပ် လျဉ်း** ဆိုရာ၌၊ **လျဉ်း** ပုဒ်သည်လည်း **လင်**၊ **လင်း**၊ **လန်း** အနက်တူပုဒ်တို့နှင့်

သားချင်းတော်သည် ယူသင့်သည်။ ရှေးကျေဂက်စာတို့နှင့် ယခုခေတ်တွင် ‘ငါ့ သားလည်းကော၊ ငါ့မြေးလည်းကော၊ ရွှေထီးလေးဆောင်း၏၊ ရွှေပလ္လင်လေးပြု၏၊’စသဖြင့်ဆိုသည့်တို့တွင် ‘တကွ၊အတူတကွ’ဟော **လည်း၊ လေး** ပုဒ်တို့သည်လည်း၊ဤစကားမိသားစုတွင်ပါဝင်သည် ဆိုရာသေး၏။

အနွယ်တူဘာသာတို့တွင် ယင်းမိသားစု ပုဒ်တို့နှင့်မိတ်တူများကို ရှာဖွေကြည့်ရာ၊တွေ့ရသည်မှာ–

ဘာသာ	စကား	အနက်
၁။ မိကီရိ	(ချေ)လင်	ဆက်စပ်၊ပူးပေါင်း၊
	(ချေ = တခုနှင့်တခု)	
၂။ အဗောမိရီ	လင်(ကုံ)	စုပေါင်း၊ပူးပေါင်း၊
	(ကုံ = အတူ၊တကွ)	
၃။ တရုတ်	လိအေန်၊လိအန်	အတူတကွ၊ဆက်စပ်၊ပူးပေါင်း၊
၄။ သျှမ်း	လုည်းလဲ	ဆက်စပ်၊စပ်လျဉ်း၊အတူတကွ၊
၅။ ဒဖလာ	လာ	နှင့်၊အတူ၊တကွ၊
၆။ လခဲချင်း	လ	အဆစ်၊အဆက်၊
	(အပ)လေ့	ဆက်စပ်၊ပူးပေါင်း၊
	(အပ = ဖေါင်၊အဖွဲ့၊အတွဲ)	
၇။ လိစု	လော	ပူးပေါင်း၊
၈။ မုဆိုး	လေ	နှင့်၊တတူ၊တကွ၊
	အဖေါ်	လင်၊

မိကီရိနှင့် အဗောမိရီဘာသာတို့တွင် **လင်** ၏ အနက် ‘ဆက်စပ်၊ပူးပေါင်း၊စုပေါင်း၊’ဟောဖြစ်သည်ကိုအထူးသတိပြုအပ်သည်။တရုတ်ဘာသာ **လိအန်** ပုဒ်ကလည်း တိဗက် ဘာသာ **လွန်** ပုဒ် နှင့် လွန်စွဲနီးစပ်သည်။ နောက်ဆုံး မုဆိုးဘာသာတွင် **လင်** ကို **အဖေါ်** ဟုဆိုခြင်းက မြန်မာဘာသာတွင်လည်း **လင်** ၏ အနက် ‘အပေါင်း၊ အဖေါ်၊ အတူ ပူးပေါင်း, ပူးတွဲ ခနထိုင်သူ’ ဟူသော မူလသဘောနှင့်လွန်စွာတိုက်ဆိုင်လျက်ရှိသည်။

‘ထမင်း၏အတွဲအဖက်၊ ထမင်းနှင့် တတူတကွ,ဘဲ့ဖက် စားသောအရာ’ ဟော **ဟင်း** နှင့်နီးစပ်သည့် မိတ်တူပုဒ်များကို မြန်မာဘာသာ၌ ရှာ၍မရတော့ချေ။ ‘အပ်စပ်သည်၊စပ်ဟပ်သည်၊’ ဆိုသည်တို့၌ **အပ်** ပုဒ် **ဟပ်** ပုဒ်တို့၏ အနက်များမှာ **ဟင်း** ၏အနက်နှင့်နီးစပ်၍ **ဟ** သံ နှင့် **အ** သံတို့ ပြောင်းလဲနိုင်သော်လည်း၊ **ပ်** နှင့် **င** သတ်တို့ကကွာခြားနေသည်။သို့ရာတွင် **နှပ်လေသနော့၊ နှပ်၏** ဆိုသည်

တို့တွင် **နှင်** ပုဒ် နှင့် **အင်နှံ၊ သွင်းနှံ** ဆိုသည် တို့တွင် **နှံ** ပုဒ် တို့၏ အနက်တူပုံ၊ ပြောင်းလဲပုံတို့ကိုထောက်သော်၊ **အင်၊ဟင်** နှင့် **ဟင်း၊ဟန်း** ပုဒ်တို့လည်းတခုမှ တခုသို့ ပြောင်းလဲ့ပွားစည်းမသွားနိုင်ဟု ဆိုသင့်အံ့မထင်။ သို့ရာတွင် ယင်းတို့ကို မိတ်တူဟု ဆိုရလောက်အောင် နီးစပ်ခြင်းတော့မရှိချေ။ အနှယ်တူ ဘာသာတို့၌ **ဟင်း** နှင့်မိတ်တူပုဒ်များကို အောက်ပါအတိုင်းတွေ့ရသည်။

	ဘာသာ	စကား	အနက်
၁။	ပေါင်းရွှေချင်း	ဟင်	ဟင်း၊အရေ၊အနှစ်၊
၂။	စိယင်ချင်း	အန်	ဟင်း
၃။	တောင်ဖက်ချင်း	အောန်	၎င်း
၄။	မိကိရ်	ဟန်	ဟင်း၊ဟင်းသီးဟင်းရွက်၊
၅။	အဗေဒမိရီ	အိုယင်	ဟင်း၊ဟင်းသီးဟင်းရွက်၊
		အလင်	ဟင်း၊ဟင်းရည်၊
၆။	ရှိုက်ယင်မိရီ	ယင်	ဟင်း၊ဟင်းသီးဟင်းရွက်၊
၇။	လှိုတနဂ	အိုဟန်	ဟင်း၊

အနှယ်တူဘာသာတို့၌ **ဟင်း** နှင့်မိတ်တူပုဒ်အချို့သည် **ဟင်း**ကိုသာမက၊ ဟင်း၏သဘာဝနှင့်စပ်လျဉ်းသော **ဟင်း၊ရေ၊ဟင်းသီး၊ဟင်းရွက်** တို့ကိုလည်း ဟောခြင်းကိုသတိမူသင့်သည်။အဗေဒမိရီဘာသာ၌ **ဟင်း** ကို **အလင်** ဟုခေါ်ခြင်းသည် ကျ **ဟင်း** ပုဒ်နှင့် ၎င် ပုဒ်တို့၏ မူလတူ,အနက်တူ ဖြစ်ခြင်းကို ထပ်လောင်းညွှန်ပြထောက်ခံသည်။

ဤသို့ဖေါ်ပြပြီးသဖြင့် **ခင်ပွန်းလင်** ဆိုသည်တွင် 'ဇနီးနှင့်ပူးပေါင်း,တဲ့ဖက်နေသည့်သူ'ဟော **လင်** ပုဒ်နှင့် **ထမင်းဟင်း** ဆိုသည်တွင်'ထမင်းနှင့်ပူးပေါင်း, တဲ့ဖက်စားသည့်အရာ'ဟော **ဟင်း** ပုဒ်တို့မှာ၊ရင်းမြစ်တူအနက်တူဟုဆိုသည်ကို၊ ယခုယုံနိုင်လောက်စရာ ရှိပါပြီလား။

****

၈၃။ လိပ်ပျာ၊လိပ်ပြာ

ရောင်စုံတို့ဖြင့်တောက်ပြောင်တင့်တယ်သော ပိုးပုံကို **လိပ်ပြာ** ဟုယခုအရစ်ဖြင့်အရေးများ, အပြများလျက် ရှိသော်လည်း၊ ကုန်းပေါင်ခေတ်ဦးဆီလောက်တွင် **လိပ်ပျာ** ဟုအပင့်ဖြင့်လည်း အရေးတွင်လျက်ရှိပုံပေါ်သည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌၊ဒုတိယ ကျော်အောင်စံထား ဆရာတော်က **လိပ်ပျာ** ဟုအပင့်

ဖြင့်ရေးသည်ကိုမကြိုက်၊ယင်း၌ထင်သည့် ပြာညိုရောင်အဆင်းကိုစွဲ၍ **လိ၀်ပြာ** ဟု အရစ်ဖြင့်ရေးမှ အနက်ရ၍ သင့်မည်ဟု မိန့်ဆိုတော်မူခဲ့သည်။

လိ၀်ပျာ၊လိ၀်ပြာ အရေးများကို ရှေးကျေ၁က်စာ တို့၌မတွေ့မိ။ ပုံနှိပ်မူ ကဗျာစာပေတို့၌သော် **လိ၀်ပြာ** ဟုအရစ်ဖြင့်သာ အရေးများ သော်လည်း လိပ်ပျာ၊လိပ္ပ၁ဟူသောအရေးများကိုလည်းတွေ့ရသည်။ ရွှေတိုက်စိုး ဦးတိုးရေး စစ်ချီရတု၊ရာမရကန်၊မင်းနန်းစည်ခြေင်းတို့၌ **လိပ္ပ၁**ဟုပဆင့်အပင့်ဖြင့်ချည်းရေး သည်။စကား၏ရင်းမြစ်ကို ရှာဖွေကြည့်သောအခါ **လိ၀်ပျာ** ဟုအပင့်ဖြင့်အရေး ကပင် သင့်ပုံရသည်။ **လိ၀်ပျာ၊လိ၀်ပြာ** ၏အနက် ယခုလုံး၀လော်ပင် ပိုးပျံ ၏ အခြင်းအရာ,သဘာ၀နှင့် စပ်လျဉ်း၍ ထွက်ပေါ်ခြင်း မရှိတော့သည်မှာ၊ ရှေး နှစ်ပေါင်းသုံးထောင်ကျော်၊မြန်မာနှင့်တိဗက်လူမျိုးတို့သည်အာရှတိုက် အလယ် ပိုင်းတွင်၊တစုနှင့်တစု မခွဲကြသေးပဲ၊အတူနေထိုင်လျက် ရှိစဉ်ကပင်၊ယင်းစကား ကို တိဗက် - မြန်မာ လူမျိုးတို့ အတူသုံးစွဲလာကြပြီးလျင်၊ ထိုအတောအတွင်း တိဗက်နှင့် မြန်မာဘာသာတို့က လွန်စွာ ပြောင်းလဲ လာခဲ့သောကြောင့်ဖြစ်တန် ရာသည်။ သို့ဖြင့်ယင်းပိုးပျံကို တိဗက်ဘာသာအားဖြင့် **ဗျူမလေ၆**၊ ၀၊၊ **ဗျာ မလေ၆** ဟုခေါ်ဆိုရာ၊အလယ်ပုဒ် **မ** မှာနာမ်ပစ္စည်းမျဖြစ်သဖြင့်လိုရင်းပုဒ်တို့မှာ **ဗျာလေ၆** သာလျှင်ဖြစ်သည်။ ယင်း **ဗျာလေ၆** နှင့် မြန်မာအခေါ် **လိ၀်ပျာ** တို့မှာ စကားအနေအထား ပြောင်းလဲ နေသော မိတ်တူပုဒ်တူတို့သာ ဖြစ်သည် ယူသင့်သည်။တိဗက်ဘာသာ၌ **အ** သရသံနှင့် အာသရသံတို့ကိုခွဲခြား၍မရေး၊ **အ** သရဖြင့် ရေးသည်ကိုပင် **အာ** သရသံဖြင့်လည်း ရှုတ်ဖတ်သည်။ထူးခြား ချက်မှာ **လိ၀်ပျာ** ၏ ဗျူပွတ်နှင့် အနက် မြန်မာဘာသာ၌ ပေါ်ထွက်လျက် မရှိတော့ သော်လည်း၊ တိဗက်ဘာသာ၌ **ဗျာမလေ၆**၊ ၀၊၊ **ဗျာလေ၆** ၏အနက်ကောင်း စွာပေါ်ထွက်လျက်ရှိသေးခြင်းဖြစ်သည်။

တိဗက်ဘာသာ၌ **ဗျာ** ၏အနက် **ငှက်**၊**ကြက်** ဟော။ **မ** ပုဒ်မှာနာမ်ပစ္စည်းမျ ဖြစ်ကြောင်းဆိုခဲ့ပြီ။ **လေ၆** ၏အနက် **'ပြားသော၊အပြား၊အချပ်'** ဟော။ ထို့ကြောင့် **ဗျာလေ၆** ၏အနက် **ငှက်ပြား** ဟူ၏။ရှေးတိဗက်-မြန်မာလူမျိုးတို့ သည် **လိ၀်ပျာ** ကို **ငှက်** မျိုးတွင်သွင်းကာ **ငှက်** ဟုခေါ်ဆိုပြီးလျင်၊ယင်းကို ကြည့်လိုက်လျှင် အခြားငှက်များကဲ့သို့ လုံး၀နှံးသောကို ကို မမြင်ရပဲ၊ ပြားချပ် သောအတောင်ကိုသာ မြင်ရသဖြင့် **ငှက်ပြား** ဟုခေါ်ဆိုခဲ့ရာသည်။ **လိ၀်ပျာ** ကိုတိဗက်ဘာသာဖြင့် **ဗျမလေ၆** ဟုခေါ်သည့်အပြင် **ဗျေမလေ၆** ဟုလည်း ခေါ်ဆိုသေးရာ၊အနက်မှာ **အမွှန်ပြား၊မှုန်မှုန်ပြား**ဟူ၏။လိပ်ပြာကိုကြည့်လိုက် လျှင်အမှုန်များကပ်နေသကဲ့သို့ရှိသောကြောင့် ဤသို့လည်းခေါ်ဆိုဟန်တူသည်။

ဗျမလေဝ ဟူသောတိဗက်အခေါ်နှင့် အနက်တို့ကိုသိရပြီးသော်၊ **လိဝ်ပျာ** ဟူသောမြန်မာအခေါ်ကို ယခုမြန်မာဘာသာဖြင့်ပင်ပြန်၍ ဗျုပ္ပတ်ထုတ်သော် ရကောင်းရာသည်။တိဗက်ဘာသာ **ဌက်** ဟော **ဗျ** ပုဒ်သည်မြန်မာ့အခေါ် **ဌက်** ဟော **ဥ** (ဥဗျိုင်း၊ဥခြိုး၊ဥဒေါင်း) ပုဒ်သက်ဖြစ်သင့်သည်။ ပါဠိဘာသာ၌ **ဥ**မှ **အဝ၊ဗျ** တို့သို့ပြောင်းလဲတတ်သည်ကို ပါဠိတတ်သူတိုင်း အသိဖြစ်သည်။ထိုနည်း တူစွာရှေးဟောင်းတိဗက်မြန်မာ **ဌက်** ဟော ဝေါဟာရ **ဥ**မှ **ဌက်** ဟော **ဗျ** သို့ ပြောင်းလဲခဲ့ရာသည်။ တိဗက်ဘာသာ **လိဝ်ပျာ** ဟော **ဗျမလေဝ** တွင် **ဗျ** ပုဒ်မှ မြန်မာဘာသာ **လိဝ်ပျာ** ဆိုသည်တွင် **ပျာ** ပုဒ်သို့ သက်ခဲ့ရာသည်။ ယင်း **ဌက်** ဟော **ဗျ**၊ ဝါ၊ **ဗျာ၊ပျာ** ပုဒ်တို့နှင့်မြန်မာဘာသာ'လေထဲ၌ သွားလာလှုပ်ရှား' ဟော **ပျံ** ပုဒ်တို့သည်လည်း ဆက်သွယ်ခြင်းရှိကောင်း ရှိပေမည်။တဖန် တိဗက် ဘာသာ **အပြား၊အချပ်** ဟော **လေဝ** ပုဒ်သည် မြန်မာဘာသာ 'ထန်းပလပ်၊ စံလပ်(ဇလပ်)'ဆိုသည်တို့တွင် **အပြားအချပ်** ပင်ဟော **လဝ်** ပုဒ်နှင့်မိတ်တူဖြစ် သည်။ ယင်း'အပြားအချပ်'ဟော **လေဝ်၊ လဝ်** ပုဒ်တို့သည်လည်း၊ **လက်ဖက်** အကြောင်း၌ဖေါ်ပြခဲ့သည့်၊မျှားစွာသောတိဗက်-မြန်မာဘာသာတို့တွင် **အရွက်** ဟော၊ **လက်ဖက်** ဟော 'လ့က်၊ **လဝ်၊ လ** ပုဒ်တို့နှင့် မိတ်တူဟုယူရာ၏။ **အရွက်** သည်လည်း **အပြား အချဝ်** ပင်ဖြစ်သည်။ မြန်မာဘာသာ၌ တွားသွားကောင် တမျိုးကို **လိဝ်** ဟုခေါ်သည်မှာလည်း ယင်း၏ပုံသဏ္ဌာန် ပြားချပ်ချပ် ဝိုင်းတိုင်း တိုင်းဖြစ်သောကြောင့်ဟု ထင်ဖွယ်ရှိသည်။

ထို့ကြောင့် မြန်မာ့အခေါ် **လိဝ်ပျာ** တွင် **လိဝ်** ပုဒ်သည်၊ တိဗက်ဘာသာ **လေဝ်**၊ မြန်မာဘာသာ **လဝ်၊လက်** တို့နှင့်မိတ်တူ **အပြား၊အချပ်** ဟော၊ **ပျာ** ပုဒ်သည် တိဗက်ဘာသာ **ဗျ** နှင့်မိတ်တူမြန်မာဘာသာ **ဥ** ပုဒ်သက်၊ **ဌက်** ဟော။ ပုဒ်ပြီး **လိဝ်ပျာ** ၏တိုက်ရိုက်အနက် **ဌက်ပြား** ဟောဟုကောင်းစွာပေါ်ထွက် ခြေ၏။ပုဒ်ပြောင်း **လိဝ်ပြာ** တွင် **ပြာ** ၌သင့်လျော်သော ဗျုပ္ပတ်နှင့်အနက်မရှိ။ **ပြာရောင်** ဟုယူရအောင် **လိဝ်ပျာ** တိုင်းလည်းမပြာ။ ရခိုင်တို့က **လိဝ်ပြာ** ဟု ယခုအရစ်သံဖြင့်ရွတ်ဆိုနေကြသည်မှာ အသုံးကြာမြင့်ခဲ့သော အရေးသို့လိုက်၍ ရွတ်ဆိုခြင်း ဖြစ်ရာသည်။ **လိဝ်ပျာ** အရေးသာလျှင် ဗျုပ္ပတ်, အနက်နှစ်ချက် သင့်ဖြစ်သတည်း။

၈၄။ ဝန်၊တန်တိုင်း၊သဇိုင်း

ပုဂံခေတ်နှင့်အင်းဝခေတ်ထိုးကျောက်စာတို့တွင် 'ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊မြို့ဝန်၊'စသဖြင့် **ဝန်** ဟူသောစကားကို အလျှင်းမတွေ့ရသည်မှာ ထူးခြားပေသည်။ ထိုခေတ်ထိုးကျောက်စာများတွင် 'အမတျာ့အမတ်တျာ့အမတ်ရာ့အမတ်၊'ဟူသော၊ သံသကြိုင်္ဒဘာသာ၊ **အမတ်** ဟော **အမာတျ** ပုဒ် သက်မျှားကိုငင်း၊ 'တိုက်သူကြီး၊ရွာသူကြီး၊သူကြီး'ဟူသော မြန်မာသက်သက်ပုဒ်များကိုငင်း၊'ကလန်၊သံပျင်၊သံဗျင်၊သံဗေင်'ဟူသော မွန်ဘာသာသက်ပုဒ်များကိုငင်းသာ အတွေ့ရများသည်။ အင်းဝခေတ် ရဟန်းစာဆိုတော်ကြီးများရေး ပျို့များတွင်ပင် **ဝန်** အသုံးကို ရှာဖွေကြည့်ရာ၊ အကြောင်းမတိုက်ဆိုင်၍လားမသိ၊ မော ရုံသာရှိသည်၊ အချီးနှီးပင်။ အင်းဝခေတ်နောင်းလောက်တွင် ပဒေသရာဇာရေးသူဇာပျို့၊ ၅တွင်'မရေတွက်သာ၊လက်ဖွဲ့စာကို၊ရေးရာမြင်သိ၊ရည်ရွယ် **ဝန်ထောက်**၊ ဖတ်လျှောက်စေ၍၊ရွေးမှောက်ဖုန်းဝှန်၊ **ဝန်** ကအစ၊ခန့်သမျှကို၊ မိန့်ဟလေပြီး၊' ဟူသော စပ်အင်တွင်မှ **ဝန်** ဟူသောစကားကို ကဗျာတို့၌စတင်တွေ့ရပေတော့သည်။မဟာရာဇဝင်ကြီး၌သော်၊ ၉၀၂ ခုနှစ်၊မုတ္တမကိုမင်းတရားရွှေထီးလုပ်ကြံစဉ်၊ သမိန်ပရူကို 'လှေတပ်ဝန်ချုပ် ခန့်တော်မူသည်။'ဟူသောစကားတွင် **ဝန်** ဟူသော အသုံးကိုအစောဆုံးတွေ့ရသည်။ ဤသည်တို့ကိုထောက်သော် **ဝန်** ဟူသောစကားသည် တောင်ငူခေတ်နှင့် အင်းဝ ညောင်ရမ်း ခေတ်လောက်တွင်မှ မြန်မာဘာသာတွင်းသို့ ဝင်ရောက်လာကောင်းစရာ ရှိသည်။

ဝေါဟာရထွဋ်ပကာသနီတွင် 'အတွင်းဝန်,အပြင်ဝန်,ဝန်ကြီး၊ဝန်ထောက် စသောဆိုမိန့်ခြင်း၊ကိုယ်ဝန်၊တာဝန်၊မှူဝန်၊မိမိဝန်၊ သူတပါးဝန်၊ ပြစ်ဝန် စသည်ဖြင့် အရာအလျှောက် ရောက်သောအဘိုအခွင့်အတာကို **ဝန်** ဆိုမိန့်သောအရာကား ထင်ရှားစွ။'ဟု ဒုတိယ ကျော်အောင်စံထား ဆရာတော် မိန့်မြွက်ခဲ့သည်မှစ၍၊ **ဝန်** ကို 'ဆောင်ရွက်ရန်အဖို့၊အတာ'အနက်ဖြင့်သာပညာရှိများယူဆခဲ့ကြဟန်ရှိသည်။ဝေါဟာရလိနတ္ထဒီပဏီတွင်လည်း၊ပါဠိဘာသာ **ဘာရ** ပုဒ်၏အနက်ကိုယူကာ၊ မြန်မာတို့က **အမတ်** ကို **ဝန်** ခေါ်ခဲ့သည်ဟုပင် ဆိုသည်။ သို့ဖြင့် နောက်ခေတ်စာတို့တွင် 'ဝန်ကြီး၊သဇိုင်းကြီး၊'ဟူ၍ငင်း၊ ၁၂၄၅ ခုစုဲ၊ မန္တလေးမြို့၊ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိ စာတမ်းတွင် 'ဩရောသဇိုင်း၊ ကြံသိုင်းဝဲခြိုး(ချိုး)၊ ပြည်ကြီးမှန်ကင်း၊ဝန်ကြီးမင်းအရာကိုခန့်အပ်တော်မူသဖြင့်'ဟူ၍ငင်း၊ ရေးသားသုံးစွဲသည်ကိုတွေ့ရသည်။ ယင်းအသုံးအနှုန်းတို့တွင် **သဇိုင်း** ဟူသည်မှာ မွန်ဘာသာ **တာဝန်** ဟော **သျွိုင်၊သဇိုင်** ပုဒ်ပင်ဖြစ်သည်။ **ဩရော** ဆိုသည်မှာ

လည်းမွန်ဘာသာ **အာသျင်** ဟော **အ်** (သြ)နှင့် **ရှိနိုးကော်ရော်** ဟော **ရ်ဂ်** (ရောကော)တွင် ရွေ့ပုဒ် **ရ်**(ရော)ပင်ဖြစ်သည်။ထို့ကြောင့် **သြရော** ၏အနက် 'ရိုသေ,ရှိခိုးထိုက်သောအရှင်' ဟူ၏။

ကျွန်ုပ်တို့အဖို့သော် 'အဖို့၊အတာ'ဟော **ဝန်** မှ 'အမှူးအမတ်'ဟော **ဝန်** သို့ သက်နိုင်အံ့မထင်၊ စကားချင်း တိုက်ဆိုင်နေပြီးလျှင် ရှေးခေတ်မျှားတွင် 'အမှူးအမတ်'ဟော ဝန်၏ ရင်းမြစ်ကိုအခြားနည်းရှာကြံ၍မရသဖြင့်သာ'အဖို့၊အတာ' ဟော **ဝန်** ပုဒ်ပင်ဟုလွယ်ကူသောနည်းဖြင့်ယူဆခဲ့ကြသည်ထင်၏။ မြန်မာနှင့်နီးစပ်သော ဘာသာတို့တွင် **ဝန်** ၏မိတ်တူမျှားဟုယူဖွယ်ရှိသောပုဒ်မျှားကိုအောက်ပါအတိုင်း တွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	ဝင်	မင်း၊မင်းညီမင်းသား၊စိုးအုပ်သူ၊
၂။ မွန်ဂိုလ်	ဝင်၊ဗင်	၎င်း
၃။ တိဗက်	ဒ်ဗင်	အသျင်၊စိုးအုပ်သူ၊မင်း၊တန်ခိုးအာဏာရှိသူ၊

တိဗက်ဘာသာတွင် **ဝ** ပုဒ်ဃီးခြားမရှိ၊ **ဗ** နှင့် **ဝ** အတူပင်ဖြစ်ရာ၊ **ဒ်ဗင်** သည် တရုတ်ဘာသာ **ဝင်** နှင့် ပုဒ်တူဟုယူရာ၏။မွန်ဂိုလ်ဘာသာ **ဝင်** ပုဒ်သည် တရုတ်ဘာသာ **ဝင်** ပုဒ်ဖြစ်သည်။ သို့ရာတွင်ယင်းတို့က **ဝင်** ကို **ဗင်** ဟုလည်းရွတ်ဆိုသည်။ ထို့ကြောင့်ယင်းပုဒ် အားလုံးတို့သည် မိတ်တူမျှားဖြစ်ကြသည်။ အသံနှင့်အနက်တို့ကိုဆင်ခြင်သော် မြန်မာဘာသာ **ဝန်** ပုဒီသည် ယင်း **ဝင်၊ဗင်** ပုဒ်တို့မှပင် ဆင်းသက်လာဟန်ရှိသည်။မြန်မာဘာသာတွင် 'အဝိုက်,အဝန်း'ဆိုသည်တွင် **ဝန်း** ပုဒ်နှင့် **ခြံဝင်း** ဆိုသည်တွင် **ဝင်း** ပုဒ်၊ **'မင်းသား၊မန်းသား၊မင်ကျည်း၊ မန်ကျည်း'** ဆိုသည်တို့တွင် **မင်း၊မင်** နှင့် **မန်း၊မန်** ပုဒ်တို့မှာလည်းအပြောင်းအလဲသာဖြစ်ချေသည်။ 'ဝန်ကြီး၊အတွင်းဝန်၊ဝန်ထောက်၊ဝန် (မြို့ဝန်၊ဆင်ဝန်၊သဘင်ဝန်)ဆိုသည်တို့တွင် **ဝန်** ၏အနက်မှာလည်း မြန်မာဘာသာ၌'အုပ်စိုးသူ၊ အုပ်ချုပ်သူ၊မင်း၊အမှူး၊အကြီး၊အကဲ၊အာဏာရှိသူမျှား'ဟူ၍ပင်ပေါ် ထွက်လျက်ရှိသည်။ထို့ကြောင့် ကျွန်ုပ်တို့ကသော်မြန်မာဘာသာ **ဝန်** ပုဒ်သည်'အဖို့အတာ' ဟော **ဝန်** ပုဒ် မဟုတ်၊ 'မင်း၊အမှူး၊အမတ်၊စိုးမိုးအုပ်ချုပ်သူ'ဟောဖြစ်၍၊ ထို့အတိုင်းလိုပင်ဟော တရုတ်ဘာသာ **ဝင်** ပုဒ်၊တိဗက်ဘာသာ **ဒ်ဗင်** ပုဒ်တို့နှင့်မိတ်တူ၊ဝါ၊ယင်းတို့မှ သက်လာသည်၊သီးခြားပုဒ်ဟု ယူဆလိုပေ၏။

'ဝန်ကြီး၊တန်တိုင်းကြီး'ဆိုသည်၌ **တန်တိုင်း** ပုဒ်သည်၊ သံဝရပ္ပါ၊ ၇၇ ၌ 'သတ္တဘ္ဘန္တရာဝိဂန်စသား၊ တောင်လှခုနစ်ခြံ၊ မြင်းမိုရ်ရံသို့၊ ငါးထံဝန်းပတ်၊ ရှိသော

သွတ်သည်၊အမတ်ကြံသိုင်း၊ ရွှေတံတိုင်း(တန်တိုင်း)တို့။'ဟု စပ်ဆိုသည်တို့၌ကဲ့သို့၊ 'တိုင်းနိုင်ငံ၏ **အကာအရံ**' ဟောဖြစ်သတည်း။

၈၅။ ဝံ

"ဝက်ဝံ၊မျောက်ဝံ၊လူဝံ၊ဌက်ဝံပို၊ကြောင်ဝံပိုက်"ဆိုသည်တို့၌၊ **ဝံ** ၏အနက်ရင်းနှင့်၊မည်သည့်အခြင်းအရာကိုစွဲ၍ သတ္တဝါတို့အား **ဝံ** ခေါ်သည်ကို စဉ်းစားဖွေကြည့်သောအခါ၊ **ဝံ** နှင့်မိတ်တူ ပုဒ်များနှင့် အနက်များကို မြန်မာနွယ်ဝင်ဘာသာတို့၌ အောက်ပါအတိုင်းတွေ့ရသည်။

	ဘာသာ	စကား	အနက်
၁။	ပေါင်းရွှေချင်း	ဝမ် (vum)	ဝက်ဝံ၊
၂။	သဒိုးချင်း	ဝမ် (ပီ)	၎င်း
၃။	မိကီရိ	ဝမ်(ခဲ့)	၎င်း
၄။	မရူ	ဝေ	၎င်း
၅။	လိစု	ဝေါ်	၎င်း
၆။	စေမနာဂ	အဝ (ava)	၎င်း
၇။	လှိုတနာဂ	(စေ) ဝါး (seva)	၎င်း
၈။	တရုတ်	ဟိအုင်၊ဟုင်	၎င်း
၉။	ကချင်	(လ)ဝုင်	အမွေဖွား၊
၁၀။	သဒိုးချင်း	ဝေဝမ်(vom)	မဲ၊နက်၊

ပေါင်းရွှေချင်း, သဒိုးချင်းနှင့် မိကီရိဘာသာ **ဝက်ဝံ** အခေါ်များဖြစ်သော **ဝမ်** ပုဒ်တို့သည်၊မြန်မာအခေါ် **ဝံ** နှင့် ထပ်တူမျှကျလျက်ရှိခြေရကား၊ မြန်မာအခေါ် **ဝံ** ပုဒ်သည် မူလအားဖြင့်အခြား **ဝံ** တို့ကိုမဟော၊ **ဝက်ဝံ** ကိုသာဟောကြောင်းပေါ်ထွက်လျက်ရှိခြေ၏။ထို့ကြောင့် မြန်မာဘာသာ၌အခြားသတ္တဝါများဖြစ်သော မျောက်၊လူ၊ဌက်၊ကြောင် ဟူသောအမည်တို့တွင် **ဝံ** ထည့်၍ခေါ်သည်မှာ၊သူတို့၌ **ဝက်ဝံ** ၏လက္ခဏာများ တစိတ်တဒေသ အားဖြင့်ရှိကြသောကြောင့်ဖြစ်ရာသည်။ ယင်းလက္ခဏာ များသည်လည်း **ဝံ** နှင့် မိတ်တူဟုယူဖွယ်ရှိသော ကချင်ဘာသာ(လ) **ဝုင်** နှင့်သဒိုးချင်းဘာသာ **ဝေဝမ်** တို့ကညွှန်ပြလျက်ရှိသည့်အတိုင်း၊ဝက်ဝံ၏အမွေးဖွားခြင်းနှင့်အဆင်းမဲနက်ခြင်းဟူသည်တခုခုဖြစ်ရပေမည်။မြန်မာအခေါ် **မျောက်ဝံ၊လူဝံ** ဆိုသည်တို့၌၊အဆင်းအားဖြင့်မမဲသော်

လည်း အမွေးအားဖြင့်ကား ထူပျစ်ရှည်လျား, ဖွားသည်ဆိုရာ၏။ ငှက်ဝံပို နှင့် ကြောင်ဝံပိုက်တို့၌သော် မဲသောအဆင်းလည်းမရှိ၊ ယင်းတို့နှင့်အမျိုးတူ အခြား ငှက်ကြောင်တို့ထက်ဖွားသောအမွေးလည်း မပေါက်ချေရကား၊သူတို့၌ဝက်ဝံ၏ မည်သည့်လက္ခဏာရှိပါသနည်းဟုစဉ်းစားသော်၊သူတို့၌ကား ဝက်ဝံ၏ကြီးထွား သန်မာသောလက္ခဏာမျှားရှိသည်ဟုယူရပေမည်။

ငှက်ဝံပို ဆိုသည်၌ **ပို** ပုဒ်မှာ 'မူဆိုးပို၊ပိုပါ၊ပိုမိုး'ဆိုသည်တို့၌ကဲ့သို့ 'အကြီး၊ အက'ဟောဖြစ်၍၊ **ကြောင်ဝံပိုက်** ဆိုသည်၌ **ပိုက်** ပုဒ်မှာ'ဝမ်းပိုက်၊ကြိမ်ပိုက်၊ ကြိမ်ပိုက်တော၊ကြိမ်ပိုက်ချောင်း၊ကြိမ်ပိုက်ရေ၊ခါးပိုက် 'ဆိုသည်တို့၌ကဲ့သို့'လုံး၊ ဝန်း၊'ဟောဖြစ်သည်ယူရာ၏။ တဖန် 'လုံး၊ဝန်း'ဟော **ပိုက်** ပုဒ်သည်၊ 'လုံးဝန်၊ ကြီးထွား၊ဝဖိုး 'ဟော **ဖိုင့်** (လူခပ်ဖိုင့်ဖိုင့်) ပုဒ်နှင့် သံပြောင်းသံလွဲမျှဖြစ်တန်ရာ သတည်း။

****

၀၆။ ၀၀၂

၀၀၂ ဟူသောစကားကို ပုဂံခေတ်ကျောက်စာတို့တွင်မတွေ့ရ။ အင်းဝခေတ် လတ် ကျောက်စာနှင့် ကဗျာတို့တွင်လည်း မတွေ့မိ။ ယင်းခေတ်တွင် **သန်လျင်း** နှင့် **ထမံးစင်** ဟူသော၀၂ါဟာရတို့ကိုသာသုံးလေ့ရှိသည်။အင်းဝခေတ်နှောင်း၊ သကရာဇ် ၁၀၁၁ ခုနှစ်ထိုး၊ စစ်ကိုင်းမြို့၊ ရာဇမဏိစူဋ္ဌာ ကျောက်စာ ကျော၊ ကြောင်းရေ ၃၁'ပြာဿာဒ်ယဉ်သာ၊ ရတနာလျှံပြောင်၊ ၀၂ါတော်ရောင်'ဟူ၍ ၎င်း၊ယင်းကြောင်းရေ ၄၂တွင် 'ရတနာ၀၂ါတော်ဖြင့် များစွာသောအခြံအရံ နှင့်တကွ စေတီတော်သို့ဖူးမြင်တော်မူ၏။'ဟူ၍၎င်း၊ ရေးသည်တို့တွင်မှ **၀၀၂** ဟူ သောအသုံးကိုစတင်တွေ့မိသည်။စကားပြင်ကျမ်းများအနက်သော်၊ထို့ထက် အ နည်းငယ် နှောင်းသော အင်းဝခေတ်ရေး ဦးကုလား မဟာရာဇဝင် ကြီးနှင့်၊ ကုန်းပေါင်ခေတ်ဦးရေး အင်ရှိစာတမ်းတို့တွင် **၀၀၂** ဟူသောစကားကိုသုံးလျက် ရှိသည်။ ၁၁၃၉ ခုနှစ်ထိုး၊အ၀မြို့၊မိုးထိကျောင်းကျောက်စာ၊ကြောင်းရေ ၄၈ ၌'မယ်တ်အမိဘုရားအားများစွာသင်္ဘအဆောင်အရွက် အခြွေအရံနှင့် ရွှေစည်ရိုက်ချီး ရွှေဝဲစီးရွယ်ရွေဦစွာလျှင်ထွက် တဲ့မူရ၏(မယ်တော်အမိဘုရားအားများစွာသော အခြွေအရံနှင့်ရွှေစည်ရိုက်ချီး ရွှေ၀၂ါစီး၍ရှေးဦးစွာလျှင် ထွက်တော်မူရ၏။' ဟု ရှိသည်၌ **၀၀၂** ကို ထိုခေတ်ရေးနည်းအတိုင်း **၀၆** ဟုရေးလျက်ရှိသည်။ မှန်တို့ ကလည်း ထိုရေးနည်းအတိုင်းပင် ယင်းစီးစရာကို **၀၆** ဟုရေးခေါ်သည်။

ဝေါ ဆိုသည်မှာမည်သည့်အရာဖြစ်ကြောင်း၊ လူတိုင်းလိုပင် အသိဖြစ်သော်လည်း၊ အချို့ကဝေါတွင်အမိုးမပါဟု စွဲမှတ်ထားဟန်ရှိသည်။ ဝေါတွင်သော်၎င်း၊ယာဉ်သံန်လျင်းတွင်သော်၎င်း၊ ထမ်းစင်တွင်သော်၎င်း၊အမိုးပြာသာဒ်များတင်၍လည်းစီးလေ့ရှိကြောင်း၊ကုန်းပေါင်ဆက် မဟာရာဇဝင်တော်ကြီးကိုသတိနှင့်ဖတ်လျှင်သိရပေမည်။ ဤသို့ အမိုးပြာသာဒ်တင်၍စီးသော ဝေါ,ယာဉ်,ထမ်းစင်တို့ကို **'ဝေါပြာသာဒ်** ဟူ၍၎င်း၊ **ရတနာဝေါတော်** ဟူ၍၎င်း၊ **ပြာသဒ်ယာဉ်တော်** ဟူ၍၎င်း၊ **ရတနာထမ်းစင်** ဟူ၍၎င်း၊ ရေးခေါ်လျက် ရှိသည်။ မန္တလေးမြို့၊ကျောက်တော်ကြီးရုပ်ပွားတော်သို့ မင်းတုန်းမင်းတရားထွက်တော်မူကြီး ထွက်တော်မူသောအခါ စီးတော်မူသည့် **ရတနာထမ်းစင်** ဟုဖေါ်ပြထားသည့်ပုံမှာ အမိုးပြာသာဒ်နှင့်ဖြစ်ကြောင်းတွေ့ရပေမည်။ဝေါ၌သော်၎င်း၊ ယာဉ်သန်လျင်း၌သော်၎င်း၊ ထမ်းစင်၌သော်၎င်း၊ အမိုးပါရှိသည်၊ မပါရှိဟု ကန့်သတ်မှတ်သား ထား၍ မဖြစ်။ **ဝေါပလာ** ဆိုသည်၌သော်၊ အမိုးပါရှိပုံ မပေါ်။ ယာဉ်တို့တွင်လည်း ယွန်းဆင့်လည်ပေါ်ဆောင်တင်၍စီးလေ့ရှိသေးသည်။ ယင်းအမိုးများတင်၍စီးသောယာဉ်များကို **'ယွန်းဆင့်ဧရွှေယာဉ်တော်၊ လည်ပေါ်ဆောင်ရွှေယာဉ်တော်** ဟုခေါ်သည်။သေသူတို့ကို သယ်ဆောင်သင့်ပြိုဟ်သော ယာဉ်ကိုသော် **သန်လျင်း** ဟုသာခေါ်လေ့ရှိခဲ့သည်။ သို့ရာတွင် **သန်လျင်း** ကို ဖုန်းကြီးရဟန်း,မင်းညီမင်းသားများလည်း မင်္ဂလာအခမ်းအနားများ၌သုံးသေးသည်။ **သန်လျင်း** ကိုပင် နောက်ခေတ်များတွင် **တည်ငြိုး** ဟု အကွာရာ,အသံပြောင်းလဲရေးသားခေါ်ဆိုပြန်သည်။

စင်စစ်သော် ယင်း **ဝေါ၊ယာဉ်၊သန်လျင်း၊ထမ်းစင်** ဟူသည် တို့ကို လှေနံထားထစ်ခွဲခြားမှတ်သားခေါ်ဆိုခြင်းရှိခဲ့ပုံမပေါ်။ **ထမ်းစင်** ဆိုသည်မှာမြန်မာစကားသက်သက်ဖြင့်အခေါ်ဖြစ်၍၊**ယာဉ်၊သန်လျင်း** ဆိုသည်တို့မှာ သံသကြိုဋ္ဌ-ပါဠိဘာသာ **ယာန၊ သလ္လယ** ပုဒ်သက်များဖြစ်ပြီးလျှင်၊ **ဝေါ** ဆိုသည်မှာ တရုတ်ဘာသာ **အူး၊ယူး၊အိုဝေါ** ပုဒ်သက်ဖြစ်သည်။ တရုတ်ဘာသာ၌ 'ဝေါ၊သန်လျင်း၊ထမ်းစင်၊ရထား'ဟူသည်တို့ကို**အူး၊ယူး**(မင်းသုံးနှင့်ကန်တုန်နယ်သုံး)၊ **အိုဝေါ** (ရှေးသုံး)ဟုခေါ်သည်။ယင်းအခေါ်စကားများမှ မြန်မာ,ထိုင်,သျှမ်း,မွန်အခေါ် **ဝေါ၊ဝေါ်**ဟူသောပုဒ်တို့သို့သက်ဆင်းပြန့်နှံ့ခဲ့သည် ထင်ဖွယ်ရှိသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	အူး၊ယူး၊အိုဝေါ	ဝေါ၊သန်လျင်း၊ထမ်းစင်၊ရထား၊
၂။ မြန်မာ	ဝေါ	ယာဉ်၊ထမ်းစဉ်၊သန်လျင်း၊
၃။ ထိုင်(ယိုးဒယား)	ဝေါ	၎င်း

၄။ သျှမ်း ဝေါ် ၎င်း
၅။ မွန် ဝဝ်(ဝေါ်) ၎င်း

မြန်မာဘာသာ၌ **ဥတဲ့** ကို **ဝတဲ့** ဟူ၍၎င်း၊ **ဥရှစ်၊ဥရစ်** ကိုရခိုင်နယ်၌ **ဝရစ်** ဟူ၍၎င်း၊ ခေါ်ဆိုသည်ကို ထောက်သဖြင့် **အ** သံမှ **ဝ** သံသို့ ပြောင်းလဲတတ်ကြောင်းသိရ၏။ မြန်မာဘာသာ၌ပင်တဖန် **သူ**ရော နှင့် **သော**ရော၊ **ဖြူ** နှင့် **ပြော့**၊ **အမှုကွန်း၊အမူကွန်း**၊ နှင့် **မောကွန်း၊မော်ကွန်း၊မူး** နှင့် **မော်**၊ **ကျူး** နှင့် **ကျော်** စသည်တို့ပြောင်းလဲခဲ့သည်ကို ထောက်သဖြင့်၊ တရုတ်ဘာသာ **အူး** နှင့်မြန်မာ,ထိုင်,သျှမ်း,မွန်ဘာသာ **ဝေါ်၊ဝေါ်** တို့ပြောင်းလဲနိုင်ကြောင်းဆင်ခြင်နိုင်ရ၏။တရုတ်ဘာသာ **ငါးခု** ဟော၊ **အူး၊ ဂူး၊ ငုအော** ပုဒ်မှလည်း၊ မြန်မာဘာသာ သုံးပုံဖဲကရားရာတွင် **ငါးပေါက်** အခေါ် **ဝေါ်** ပုဒ် ဆင်းသက်လာခဲ့သည်။တရုတ်ရှေးဟောင်းအခေါ် **အိဝေါ်** မှလည်း၊ **အိ** သရသံကျေ၍၊ **ဝေါ်၊ ဝေါ်** တို့သို့တိုက်ရိုက်သက်မည်ဆိုလျှင်လည်းသက်နိုင်ရာသည်။ တရုတ်တို့မှာ ရှေးပဝေ့ကီကာလကပင် ခေါ်၊ သန်လျင်း၊ ထမ်းစင် တို့ကို သုံးစွဲလာသူများ ဖြစ်ပြီးလျှင်၊ မြန်မာ,သျှမ်း,ထိုင်,မွန်,တို့နှင့် ရင်းနှီးစွာ ဆက်ဆံခြင်း ရှိခဲ့သည်ကိုထောက်သော်၊ယင်းတို့ဘာသာရှေးအဲခေါ် **အိဝေါ်** ပုဒ်မှပင်၊မြန်မာနှင့်အခြားဘာသာ အခေါ်များ **ဝေါ်၊ ဝေါ်** ပုဒ်တို့ ဆင်းသက်လာသည်ဟု ယူခြင်းမှာ ယူတိုက်သင့်သည်ဆိုရာ၏။ ဤရှေးတရုတ်အခေါ် **အိဝေါ်**၊ မြန်မာ,ထိုင်,သျှမ်း,မွန်အခေါ် **ဝေါ်၊ဝေါ်** ပုဒ်တို့သည်၊ ယင်း အနက်အတိုင်းဟော သံသကြိုဠ်ဘာသာ **ဝဟ္ဟ**၊ ပါဠိဘာသာ **ဝယ္ဟ၊ဝါဃ** ပုဒ်တို့နှင့်လည်း နီးစပ်လျက်ရှိသည်ကို သတိမူရာသေးသတည်း။

၈၇။ သင်ပုန်း

"သင်ပုန်းကြီး၊ကျောက်သင်ပုန်း၊ကျောင်းသင်ပုန်း" စသဖြင့် **သင်ပုန်း** ပုဒ်ကိုအမျိုးမျိုးရေလဲဖြင့်သုံးလျက်ရှိသော်လည်း၊ **သင်ပုန်း** ၏တိကျသောအနက်ရင်းကိုကားမထင်မြင်နိုင်ရှိခဲ့၏။အချို့က **သင်ပုန်း** သည်ပါဠိဘာသာ **သံပုဏ္ဏ** ပုဒ်သက်ဖြစ်၍ မူလအားဖြင့် **မြ ုံ စုံ** ဟောဟုတွေးထင်ကြ၏။သို့ရာတွင် **သင်ပုန်း** တွင် **သင်** ပုဒ်မှာ 'သင်ရိုး၊သင်တန်း၊သင်ခဏ်း' စသဖြင့်ဆိုသည်တို့တွင် 'စာပေ စသည်ကို လေ့လာ, ဆည်းပူး, တတ်သိအောင်ပြု ' နှင့် 'စာပေ စသည်ကို ပြသ, ညွှန်ကြား,ဆုံမှ,ဩဝါဒပေး,တတ်သိစေ'ဟော **သင်** ပုဒ်ပင်ဟု ယူဖွယ်ရှိသည်။ **ပုန်း** ပုဒ်သည် မြန်မာဘာသာ ဟုတ်ပုံမပေါ်၊အနက်မထင် ဖြစ်၍နေသည်။

မြန်မာတို့သည် မြန်မာစာရေးသားရာ၌ အခြေခံဖြစ်၍ လူတိုင်းရှေးဦးစွာလေ့လာ သင်ကြားရမြဲ ဖြစ်သော သရ,ဗျည်း အက္ခရာများ နှင့်တကွ၊ယင်းတို့ အချင်းချင်းတွဲဖက်၍ ပူးယှဉ်သဖြင့် ဖြစ်ပေါ်လာသော အရေး အသံ ဟူသ၍ အခေါ် **သင်ပုန်းကြီး** ကို၊မှန်တို့ထံမှရရှိခဲ့ရကား၊ **သင်ပုန်း** တွင် **ပုန်း** ပုဒ်မှာမှန် ဘာသာသက်သာ ဖြစ်တန်ရာသည်။ဤအတွေးအထင်ဖြင့် မှန်ဘာသာတွင်ရှာဖွေကြည့်ရာ **ဗိုန်** ဟုရေး၍ **ပုန်း** ဟုဖတ်သော ပုဒ်ကိုတွေ့ရသည်။ အနက်မှာ'စွဲမြဲ၊သေချာ၊အမှန်၊မလွဲ'ဟော။ **သင်ပုန်း**၊ ဝါ၊**သင်ပုန်းကြီး** ပါစာများမှာအထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း လူတိုင်း 'စွဲမြဲ၊သေချာ၊အမှန်၊မလွဲ၊ သင်အံ လေ့ကျက်၊ ဆည်းပူး၊မှတ်သားထားရမည့်စာများ'ပင်ဖြစ်သည်။ထို့ကြောင့် **သင်ပုန်း** တွင် **ပုန်း** မှာယင်းအနက်ဖြင့်ယင်းပုဒ်ပင်ဖြစ်၍၊ **သင်ပုန်း** ပုဒ်ပြီးသည်မြန်မာစကားစစ်များဖြစ်သော 'သင်ရိုး၊သင်တမ်း'ဟူသည်တို့နှင့်အနက်တူ၊ 'စွဲမြဲ၊သေချာ၊အမှန်၊မလွဲ သင်ရမည့်စာ၊သင်ရိုး၊သင်တမ်း'ဟောပင်ဖြစ်သည်ယူရာ၏။

သင်ပုန်း ၏အနက်ကိုရပြီးသော်၊ **သင်ပုန်းကြီး** ၏အနက်'သင်ရိုးကြီး၊သင်တမ်းကြီး' ဟူသည်သိလွယ်ပေပြီ။ သင်ရိုး၊သင်တမ်း များကို ရေးသား၍ သင်အံလေ့ကျက်ရာ၌ အသုံးပြုသော ကျောက်၊ ဝါး၊ သစ်သားပြား စသည်တို့ကို 'ကျောက်သင်ပုန်း၊ဝါးသင်ပုန်း၊သစ်သားသင်ပုန်း' ခေါ်သည်တို့၌ သော်၊စာမှစာ၏တည်လေ့ရှိရာဝတ္ထုသို့ အနက် ကူးသန်း သွားချေ၏။တဖန်ဤသို့ သင်ပုန်း, သင်ရိုး,သင်တမ်းစာများအား ကျောင်း၌ရေးသားပြသရန် အသုံးပြုလေ့ရှိသော အပြား အချပ်ကြီးကို **ကျောင်းသင်ပုန်း** ဟုခေါ်ပြန်သည်။ဤ၌အရာဝတ္ထုတခုမှတခုသို့,စာမှစာ၏တည်ရာ တို့သို့ အနက်ကူးပြောင်းသွားပုံမှာ အနည်းငယ်ဆန်းပြားသည်ဆိုရာသတည်း။

၈၈။ သဠာလီ၊သလွန်

အိပ်ရန်နေရာမြင့်အခေါ်များသည်၊မြန်မာဘာသာ၌များစွာပင်ပေါ်ထွန်းခဲ့သည်။သကရာဇ် ၆၀၃ ခုစွဲ၊ပုဂံမြို့၊မြောက်ဂူနီ၊မိဖုရားစောကျောက်စာကြောင်းရေ ၁၄ ၌ '**ရွှယ်သလဝန် ၁**၊.... **ခံတင်မွန် ၁**၊' ဟူ၍ဂင်း၊ယင်းကြောင်းရေ ၂၁ ၌ 'ရွှယ်သလဝန်ကြီမျက်ခတ် ၁။'ဟူ၍ဂင်းတွေ့ရသည်အတိုင်း၊ထိုခေတ်၌ယင်းတို့ကို **သလဝန်**၊ **ခံတင်** ဟု ခေါ်ဆိုခဲ့သည်။ ပုဂံမြို့၊ ဝိနည်းခိုရ်ဖုရားစု မင်စာတို့၌ 'အမျိုးသမီးသည် သွင်ရဟန်းကိုကြည်ညိုး၍ **ပျန်** ထက်ပုဆိုးခင်း၍ပေးရသော အ

ကျိုးဖြင့်၊ တဝဝတိ သဒ္ဒိက် ၁၂ ယူဇနာသော ရွှေပိမန်တွင် စည်းစိ ခံစား၏။' ဟူ၍ဂုဏ်း၊ 'အမျိုးသမီးသည် သွင်သာရိပုတြာကို **ပန်လင်** လူရသော အကျိုးဖြင့် တဝဝတိ သဒ္ဒိက် အစောက်အယူဇနာ ၁၂၀ သောရွှေပိမန်တွင်စည်းစိမ်ခံ၏။' ဟူ၍ဂုဏ်း၊ ရေးခဲ့သည်တို့၌ **ပျန်** ဆိုသည်မှာ **ပျဉ်** ဖြစ်၍ **ပန်လင်** ဆိုသည်မှာ ခေတ်ရေး **ပလ္လင်** ဖြစ်ရာ၊ ယင်း **ပျဉ်**၊ **ပလ္လင်** တို့သည်လည်း အိပ်ရန်ခုံမြင့်, စင်မြင့်ပင်ဖြစ်သည်။ **ပလ္လင်** ၏ပုဒ်ရင်း **ပလ္လင်** သည်ပါဠိဘာသာ၌ 'ထိုင်ရန်နေရာ' ကိုသာမက 'အိပ်ရန်နေရာ' ကိုလည်းဟောသည်။ **ပျဉ်** သည်ကားနောက်ခေတ် များတွင် **အင်းပျဉ်** ဟူသော ဝေါဟာရ၏ မူလဖြစ်သည်။ **အင်းပျဉ်** သည်လည်း 'အိပ်ရန်နေရာမြင့်,ခုံမြင့်,စင်မြင့်' ဟောဖြစ်၍၊ ယင်းတွင် **အင်း** ပုဒ်မှာ တရုတ်ဘာသာ **မြင့်**၊**မြှင့်** ဟော **အင်း** ပုဒ်ဖြစ်ပိမ့်လောဟု ထင်မိ၏။ မြန်မာသက်သက်ဖြင့်ကြံသော်၊ **အင်းပျဉ်** ကို 'အင်းကွက်များချထားသည့်ပြင်' ဟု ယူနိုင်ရာသည်။သို့ရာတွင်အင်းပျဉ်တို့၌ အင်းကွက်များ ချထားလေ့ရှိသည်ဟု မသိမမှတ်ခဲ့ရဘူးချေ။ **အင်းပျဉ်** တွင် **ပျဉ်** ပုဒ်တခုတည်းသည် **နေရာမြင့်**၊ **ခုံမြင့်**၊ **စင်မြှင့်**၊**ပလ္လင်** ဟော်ဖြစ်ကြောင်း၊ဘုရင်အဘိသိက်ခံရာ၊ ရေသဖန်းသားဖြင့်ပြီးသော မိဂါသနပလ္လင်ကို **ရေသဖန်းပျဉ်** ဟုခေါ်လေ့ရှိသည်ကိုထောက်ရာ၏။

ပုဂံခေတ်နောက်ပိုင်းနှင့်အင်းဝခေတ်တို့သို့ရောက်သောအခါ၊ **သလဝန်** ဟူသောမူလအရေးသည်၊ **သလွန်** ဟူသောမျက်မှောက်ခေတ်အရေးသို့ပြောင်းလဲလာခဲ့သည်။သို့ဖြင့် သကရာဇ်မပါ၊ပုဂံမြို့၊ ဝက်ကြီးအင်းဂူပြောက်ကြီးမင်စာတွင် 'ပုရှာလောင်အတူလ မည်သော နာကာမင်ရှယ်သလွန် လူရှယ်ဗျာတိစ်ခံ၏။' ဟူ၍ဂုဏ်း၊ ဂ၁၀ ခုစဲ့၊ စစ်ကိုင်းမြို့၊ အနန္တသူရိယကျောင်း ကျောက်စာ၊ ၂၇ တွင် 'ကလုန်လေးထောင့်စောင့်သ ရွှေသလွန်ထက် နေတော်မူသောခါလျှင်၊' ဟူ၍ဂုဏ်း၊ရေးသည်တို့ကိုတွေ့ရသည်။

အင်းဝခေတ်လယ်လောက်တွင် **သလွန်** အပြင် **သဠာလီ၊ဖန်ထိုင်၊ဆောင်ပန်း** ဟူသောအရေးအခေါ်များကိုလည်းတွေ့ရသည်။

"ကျောင်းတော်နှိုက်ဆြာ(ဆရာ)တော်တို့ နေစိမ့်သောငှာ **သဠာလီ**၊ အဝေးအနီးသွားသော်စီးစိမ့်သောငှာ **သဠာလီထမ်းစင်**၊ သံအိုးကင်း၊သံမယ်ပျူး(သံမယ်ဖျူး)၊ပြတို့၊ကရား၊ **ဖန်ထိုင်**၊ **ဆောင်ပန်း** သင်ခိုက (သင်္ဃိက) ထားတော်မူ၏။" ။ဂဝ၄ ခုစဲ့၊ပုဂံမြို့၊တက်နွယ်ကျောင်းကျောက်စာ၊ကျော၊ ၂၀။

ဤတွင် **သဠာလီ**၊**ဖန်ထိုင်**၊ ဆိုသည်တို့မှာ အိပ်ရန်နေရာမြင့်အခေါ်များပင်ဖြစ်၍၊ **သဠာလီထမ်းစင်** နှင့် **ဆောင်ပန်း** တို့ကိုသော် ခရီးသွားရာ၌ အသုံးပြုရန်ဖြစ်သည်။

ကုန်းပေါင်ခေတ်သို့ရောက်သောအခါ အိပ်ရန်နေရာမြင့်အခေါ်များ တိုးရ၍ လာသေးသည်။ ၁၁၄၀ ခုစဲ့၊ပုဂံမြို့၊စူဠဒွာမဏိမင်စာဌ် 'ခုံပုံညောင်စောင်းထက်၊ လကျဉ်နံတောင်းဖြင့်၊လျောင်းစက်တော်မူဟန်၊'ဟုဆိုသည်၌ **ခုံပုံ** နှင့် **ညောင်စောင်း** တို့မှာ အိပ်ရန်နေရာမြင့်များပင်ဖြစ်သည်။

သလွန် ၏ဗျုပ္ပတ်နှင့်စပ်လျဉ်း၍၊ 'ထိုနေရာကို အခြားနေရာများထက် သာလွန်၍မြတ်နိုးသည်ဖြစ်သောကြောင့် **သာလွန်** နေရာသမုတ်သည်။ရှည်လျားသဖြင့် **သလွန်** ခေါ်ဝေါ်လေသည်။'ဟူသောရွှေဘုံနိဒါန်းလာစကားကို ပညာရှိအများပင် ယခုလက်ခံလျက်ရှိနေကြပုံပေါ်သည်။ သို့ရာတွင် ယင်း **သလွန်** ၏ မူရင်းမှာ **သာလွန်** မဟုတ်၊ ပုဂံမြို့၊ မြောက်ဂူနီကျောက်စာ၌တွေ့ရသည်အတိုင်း **သလဝန်** သာလျှင်ဖြစ်သည်။ **သလဝန်** တွင် **သ** ပုဒ်ကို **သာ** ပုဒ်ကျဉ်းဟုယူခြင်းကို ကျွန်ုပ်တို့လက်ခံပါ၏။ထိုနည်းနှင့်နှင် **ကွန်းသာယာ** ကို **ကွန်းသယာ၊ သားမိ** ကို **သမိ၊သမီး** ဟု ရေးသည့်သာဓကများလည်းရှိချေသည်။ သို့ရာတွင် **လဝန်** မှသော် **လွန်** သို့အရေးအသံအားဖြင့် အကယ်သက်ခဲ့သော်လည်း၊အနက်အားဖြင့် သက်ခဲ့သည်ဟု မယူသာ။ ၆၀၃ ခုစဲ့၊ မြောက်ဂူနီ ကျောက်စာတွင် **သလဝန်** ဟူသောအရေးမပေါ်မီကပင်၊ **လွန်** ပုဒ်ကို ၄၇၄ ခုလောက်တွင်ထိုး၊ ပုဂံမြို့၊ ဂူပြောက်ကြီးကျောက်စာတွင် 'အနှစ်တစ်ထောင်ခြောက်ရာ နှစ်ဆယ်ဟေတ်နှစ် **လောန်** လိယ်ပြီရကာ။'ဟူ၍ငင်း၊၅၆၇ ခုထိုး၊မြင်းခြံခရိုင်၊ပြင်စည်မြို့၊ရွှေပြည့်ရှင် ဖုရားကျောက်စာတွင် ' မွတ်စ္စာသော ပုရှာသွင်သာသနာ **လွန်** လိယ်ပြီသောအနှစ် ၁၇၅၀'ဟူ၍ငင်းရေးသည်တို့၌ **လောန်၊လွန်** ဟုရေးလျက်ရှိချေပြီ။ထို့ကြောင့် မြောက်ဂူနီကျောက်စာအရေး **သလဝန်** ကိုနောက်ခေတ်များတွင် **သလွန်** ဟုပင် ပြောင်းလဲရေးသားသော်ငြားလည်း၊ **လွန်** ပုဒ်ကို **သာ၊ပို၊ကဲ၊ကျူး** အနက်ဖြင့်မယူသာ၊မူလ **လဝန်** ပုဒ်အနက်အတိုင်းသာယူရပေမည်။ **လဝန်** ပုဒ်ကိုသော်ရွှေပြေး **သ၊သာ** ပုဒ်တို့ကိုထောက်သဖြင့် **လဝန်း** ဟုသာ ယူသင့်သည် ထင်၏။ ထိုအယူကို **သလွန်၊ညောင်စောင်း** မွန်အခေါ် **ဇံင်သဝန်** (စောင်းသဝန်) ပုဒ်ကထောက်ခံလျက်ရှိကြောင်းတွေ့ရပေမည်။မွန်ဘာသာဖြင့် အိပ်ရန်နေရာမြင့်,ခံတင်, ခုံမြင့်,စင်မြင့်ကို **ဇံင်** (စောင်း) ဟုခေါ်သည်တွင် **သဝန်** ပုဒ်ကပ်ကာ၊ **ဇံင်သဝန်**(စောင်းသဝန်)ဟုခေါ်သည်၌ **သဝန်** ပုဒ်မှာမြန်မာအခေါ် **သလဝန်၊လဝန်** ပုဒီတို့နှင့် အနက်တူဟူ၍ငင်း၊ **သလဝန်၊ လဝန်** ပုဒီပျက်ဟူ၍ငင်းယူဖွယ်ရှိသည်။သဝန်ပုဒ်၏ ရင်းမြစ်နှင့်အနက်တို့ကိုထပ်လောင်းရှာဖွေကြည့်ရာ၊ သံသကြိုဋ္ဌဘာသာ၌ 'လဝန်း၊ သောမပင်မှအရည်ညှစ်ခြင်း'ဟော **သူ** ဓာတ်၊**သဝ**ပုဒ်ကိုတွေ့ရသည်။မွန်ဘာသာ **ဇံင်သဝန်** တွင် **သဝန်**

ပုဒ်မှာကျ**လဝန်း** ဟော **သဝ** ပုဒ်သက်ဖြစ်သင့်သည်။သို့ဖြင့်မွန်ဘာသာ**ဇင်သဝန်**၏အနက် ' ညောင်စောင်းလဝန်း၊ လဝန်းညောင်စောင်း' ဟူ၏။ ထို့ကြောင့် မြန်မာဘာသာတွင်လည်း **သလဝန်** ၏ပုဒ်ရင်းပုဒ်ပြည့်မှာ **သာလဝန်း** ဖြစ်သည်ယူရာ၏။ ယင်းခံတင့်,ပလွင့်,ညောင်စောင်း,ကို အဘယ့်ကြောင့် **သာလဝန်း၊ သလဝန်** ခေါ်ပါသနည်းဟု မေးသော်၊ညောင်ရွက်များ ထုလုပ်ဆွဲဆိုင်းထားသောကြောင့် **ညောင်စောင်း** ဟူ၍ဆင်း, ကြာပွင့်ကြာဖူး,ကြာရွက်များထုလုပ်ထားသောကြောင့် **ကြာညောင်၊ ကြာပလွင်** ဟူ၍ဆင်း ခေါ်ဆိုသည့်နည်းတူ၊ ယင်းအိပ်ရန်နေရာမြင့်ကို လဝန်းပုံများဖြင့် ထုလုပ်မှမ်းမံ ချယ်လှယ်ထားသောကြောင့်၊သို့တည်းမဟုတ်၊ယင်းအိပ်ရံနေရာမြင့်မှာ လဝန်းကဲ့သို့သာယာတင့်ရွန်းသောကြောင့်ဟုဖြေဆိုရာ၏။ဤအနက်ဖြင့်သာ **သလဝန်၊သလွန်** ပုဒ်တို့၏အနက်များကိုကောက်ယူရာသည်။

သဠာလီ ဟူသော် စကားနှ, စကားလှ ကလေးများကို စာကြီးစာခံ့တို့၌ထက် သီခြင်းလတ် သီခြင်းငယ်တို့၌ ပို၍အသုံးများသည်။ ' သဠာလီဘွေအုံး၊ ရွှေနှလုံး ထိတ်တယ်၊ 'ဟူ၍ဆင်း၊ ' သဠာလီဘွေပြဒုမ္မာဖြင့်၊ ခင်သာကီတမေစုကိုလ၊' ဟူ၍ဆင်း၊ စပ်သည်တို့၌ သဠာလီပုဒ်ကို အပြည့်သုံးလျက်ရှိသည်။ **သဠာလီ** တွင် **လီ** ကိုဖြုတ်ကာ၊ **သဠာ** ကိုသာလျင်ယူ၍၊'အုံးရွှေသဠာ၊လိပ်ပျာပုံကာဝဲ၊ မယ်တကိုတဲ့'ဟူ၍ဆင်း၊ 'နှင်းသပ်တဲ့မွေ့သဠာမှာ၊ကုန်စင်စုာအောက်မေ့စိတ်ကူး၊'ဟူ၍ဆင်း၊'ရုံးညာပိုင်၊အုံးလှိုင်သဠာကြေ့မှာတဲ့လေး၊'ဟူ၍ဆင်း၊'အုံးရွှေသဠာ၊ယုန်းမော်ကြာရံလယ်၊'ဟူ၍ဆင်း၊ ' မြတ်မျိုးဒါဟန်မယ်က၊ ဘဏ်ချယ်လှယ် သဠာငြိမ့်မှာ၊ မြင်တော်ရှာလိမ့်နိုး ' ဟူ၍ဆင်း၊ များစုာပင်စပ်ဟပ်ကြသည်။ **သဠာ** တွင် တဖန် **ဇာ** ကိုဖြုတ်ကာ၊ **သဉ်** ပုဒ် တခုတည်းဖြင့်လည်း စပ်လေ့ရှိသေးသည်။ 'ရွှေတညာ'ခြံ၊ ပြင်စည်မင်းသားရေး ယိုးဒယားသီခြင်း၌ ' ဘွေအုံး-အုံးသင်ညို၊ ဆည်ရုံး-ရုံးနိုင်လို 'ဟူ၍ဆင်း၊ 'စိန်ချယ်ခြူးသန်း'ခြံပတ်ပျိုးလတ်တွင် 'လားစက်ပျော်ပေါင်၊မြွေ်ကိုး ထင်ယောင်ယောင်နှင့်၊ သဉ်ဆောင်ကြဉ်း'ဟူ၍ဆင်း၊ စပ်သည်တို့၌ **သဉ်** ပုဒ်မှာကျ **သဠာလီ** ပုဒ်ပျက်ပင်ဖြစ်သည်။ **သဠာလီ** တွင်အလယ်ပုဒ် **ဇာ** ပုဒ်ကိုမြုပ်၍၊ **သဉ်လီ** ဟုလည်းစက်တော်ခြင်း၌'အိုလျှံညီးလင်း၊ပျံသင်း **သဉ်လီ** ဘွေ၊ပျော်မြူးများရည် (ယဉ် ?)ရွှေ၊ စက်ပါရော့မေ၊'ဟူ၍ဆင်း၊ 'လေညှင်းခွေသင်း'ခြံ၊မယ်ဖွဲ့ပတ်ပျိုးကလေး၌ 'ဖြေမတည်၊ဘွေ **သဉ်လီ** စိန်ညောင်ကြာက၊လေးဖြာရွယ်ရွေညီလုံး၊ရွှေကေသီထား၊'ဟူ၍ဆင်း၊ ကုတ်ကုတ်ကတ်ကတ်ရေးစပ်ပေသေးသည်။ တက်နွယ်ကျောင်းကျောက်စာတွင် **သဠာလီ** ကိုအိပ်ရာနေရာ **ညောင်စောင်း** အဖြစ်ဖြင့်သော်၎င်း၊အဝေးအနီးသွားလျှင်စီးစရာ ထမ်း

စင်အဖြစ်ဖြင့်သော်ငင်း အသုံးဖေါ်ပြထားသည်ကိုသတိပြုရာ၏။ဆင်၏ကျောက်ကုန်းပေါ်၌လည်း သဠာလီကိုတင်၍ သွားလာအသုံးပြုသေးသည်။ထိုအခါယင်းဆင်ကို သဠာလီတင်ဆင်ဟုခေါ်သည်။

သဠာလီ ၏ ဗျုပ္ပတ်ကို ရွှေဘုံနိဒါန်း၌ နှစ်မျိုးကြံဆထားသည်။ သံ၊သုဠုံ၊ ကောင်းစွာ၊ ဇလတိ၊ထွန်းပတတ်၏။ ကောင်းစွာထွန်းပတတ်သောနေရာ။ သို့မဟုတ်၊ သံ၊သမွာ၊ကောင်းစွာ၊ ဇာလော၊ ရွှေကုန်ရက် စသည်ဖြင့် ရစ်လှည့်ကာရံခြင်းရှိ၏။ ကောင်းစွာရွှေကုန်ရက်စသည်ဖြင့် ရစ်လှည့်ကာရံခြင်းရှိသောနေရာဟု၏။သဠာလီ၏သဘာဝနှင့် ထို့ထက်ပို၍နီးစပ်သောဗျုပ္ပတ်တခုကို ကျွန်ုပ်တို့ကြံမိသေး၏။ ပါဠိဘာသာ၌ **သဇ္ဇာ** ပုဒ်သည် **သလွန်၊ညောင်စောင်း** ဟော၊ **လီ** ပုဒ်သည်'လဲလျောင်း၊မှီ၊တည်နေ'စသည်ဟော။'လဲလျောင်းရာ၊မှီရာ၊တည်နေရာ သလွန်,ညောင်စောင်း'ဟူသောအနက်ဖြင့် **သဇ္ဇာလီ** မှ **သဠာလီ** ဖြစ်လာပိမ့်လောဟူ၏။

အင်းပျဉ် နှင့် **ညောင်စောင်း** တို့ကိုအထက်၌ဖွင့်ခဲ့ပြီ။ **ညောင်စောင်း** တွင် **စောင်း** ပုဒ်မှာ မွန်ဘာသာ **ဇံင်** ဟု ရေး၍၊ **စောင်း** ဟု ဖတ်သောပုဒ်၊ **ခံတင်၊ အိပ်ရန် နေရာမြင့်** ဟောဖြစ်ကြောင်း အထူးဖေါ်ပြရန်မလိုချေ။ **ခုံပျဉ်** ဆိုသည်မှာလည်း **ခုံမြင့်** ဟူ၏။

ခေတ်ရေး **ခုတင်** ကို၊ပုဂံမြို့၊မြောက်ဂူနီကျောက်စာ၌ **ခံတင်** ဟုရေးကြောင်းဖေါ်ပြခဲ့ပြီ။ယင်း**ခံတင်၊ခုတင်** ကိုဟိန္ဒီဘာသာ **အိပ်ရာခံတင်** ဟော **ခဋိယာ၊ ခဋိလာ** ပုဒ်သက်ဟုသုတေသီအချို့တို့ကယူဆလိုကြသည်။ပုဒ်ချင်းနီးသယောင်ရှိသော်လည်း မြန်မာဘာသာ၌မူလပုဒ်မှာ **ခံတင်** သာဖြစ်သည်။ ကျွန်ုပ်တို့ကလည်း **ခံတင်** တွင် **တင်** ပုဒ်တခုတည်းက **ခုံရှည်၊ခံတင်** ဟောဖြစ်ကြောင်းတွေ့သည်ကိုတင်ပြလိုသည်။

ဘာသာ	စကား	အနက်
၁။ တရုတ်	တင်	ခုံရှည်၊
၂။ သျှမ်း	တင်	ခုံရှည်၊ထိုင်ခုံ၊
၃။ မွန်	ဒေန်(တင်)	ခံတင်၊သလွန်၊

မြန်မာဘာသာ **ခံတင်** တွင် **တင်** ပုဒ်သည်ဖေါ်ပြပါပုဒ်ပင်ဖြစ်၍၊ **ခံတင်၊ သလွန်** ဟောဖြစ်ရာ၊အခြားအနက်ဟော **တင်** ပုဒ်များနှင့် မရောထွေးစေခြင်းငှာ **ခံ** ပုဒ် **ခု** ပုဒ်တို့ကို ရွှေမှယှဉ်ကပ်ခြင်းဖြင့် အနက်ကိုလည်းသာ၍ပေါ်လွင်ထင်ရှားစေခဲ့သည်ထင်မိ၏။

ဆောင်ပန်း ပုဒ်ကို ယုဒသန်၏မြန်မာ-အင်္ဂလိပ် အဘိဓာန်၌ 'လှဲပုခက်၊ထိုင်

စရာလှည်းရွေပိုင်း'ဟု ကျဉ်းမြောင်းသောအနက်ကိုပေးလျက်ရှိသည်။ တက်နွယ်ကျောင်းကျောက်စာတွင် 'ဖန်တိုင့် **ဆောင်ပန်း**'ဟူ၍၎င်း၊ဆုတောင်းခဏ်းပျို့၊ ၆၆ တွင် ' နေနားသန့်ရှင်း၊ စကြံ့တွင်းဝယ်၊ အဆင်းပဲနောက်၊ **မြကျောက်ဆောင်ပန်း**၊ အင်းပျဉ်ဝန်းနှင့်'ဟူ၍၎င်း၊ယင်း ၇၉ တွင် '**မြကျောက်ဆောင်ပန်း**၊ အင်းပျဉ်ဝန်းထက်၊ ခိုင်ကျန်းလည်းနေ၊ ပုံသွန်းရွှေသို့'ဟူ၍၎င်း ရေးစပ်သည်တို့၌ **ဆောင်ပန်း** ၏ အနက် **လည်းလျောင်ရာ အင်းပျဉ်** ဟော ဖြစ်ကြောင်း သိသာပေ၏။ ပုခက်ဆောင်ပန်း၊ လှည်းဆောင်ပန်း၊ အိပ်ရာ, ခံတင်ဆောင်ပန်း အပြင် **ထမ်းစင်ဆောင်ပန်း** လည်းရှိသေးသည်ကို သတိပြုရာ၏။ **ဆောင်ပန်း** တွင် **ဆောင်** ပုဒ်မှာ 'အိမ်ဆောင်၊ခန်းဆောင်၊ ကျောက်ဆောင်' ဆိုသည်တို့၌ ' ပြုလုပ်ဖန်တီးထားသော အဆောက်အဦ ' ဟောပုဒ်ပင်ဖြစ်သည်။ **ပန်း** ပုဒ်ကိုသော် 'အဖူး၊အပွင့် 'ဟောဟု တထစ်ကျမယူသင့်။မြန်မာဘာသာ၌ 'ဆွမ်းပန်း၊ လမ်းပန်း၊ ဖေါင်ပန်း၊ ပုံပန်း၊လေပန်း၊ မောပန်း၊ ခါးပန်း၊ဖေးပန်း' စသဖြင့် **ပန်း** ပုဒ်ပေါင်းများစွာရှိသည့်အနက်၊ **ခါးပန်း၊ဖေးပန်း** ဆိုသည်တို့၌ကဲ့သို့ ' ပတ်,ဝိုက်၊ပတ်ဝိုက်ကာဆည်း ' ဟောဟု ယူသင့်သည်ထင်၏။ ဤသို့ယူသော် **ဆောင်ပန်း** ၏အနက် **လှည်းဆောင်ပန်း၊ပုခက်ဆောင်ပန်း** တို့၌ကဲ့သို့ 'ပတ်လည် ကာဆည်းထားသော ဆောက်ဦ,ထိုင်နေ လည်းလျောင်းရန် နေရာမြင့်'ဟုရပေမည်။

တက်နွယ်ကျောင်း ကျောက်စာတွင် ' **ဖန်ထိုင်, ဆောင်ပန်း** ' ဆိုသည်၌၊ **ဖန်ထိုင်** ပုဒ်ကို နောက်ဆုံးအနေဖြင့်ဆင်ခြင်ရပေဦးမည်။ ခေတ်ရေး **ဖထိုင်** ပုဒ်သည် ဤ **ဖန်ထိုင်** ပုဒ်သက်ဖြစ်သင့်သည်။ **ဖထိုင်** ကို အချို့ကဗျာ, အချို့သတ်ပုံကျမ်းတို့၌ **ဖိထိုင်** ဟုလည်းရေးသည်၊ အရေးပြသည်။ သို့ရာတွင် **ဖိထိုင်** အရေးကို ကျောက်စာတို့တွင် မတွေ့မိ။ ဂါထာခြောက်ဆယ်ပျို့၊ ၇၀ တွင်သာ 'ရေစစ်ကရိဏ်၊ဖိထိုင်သလွန်၊'ဟု၊တခုတည်းသောစပ်အင်ကိုတွေ့ရ၏။ **ဖထိုင်** ကို အချို့ကပါဠိဆန်ဆန် **ဘဏ္ဍိုင်** ဟူ၍လည်းရေးခေါ်ကြသေး၏။ ယင်းတို့မှာ **ဖထိုင်** ကိုအနက်ရစေရန်ကြံဆရေးခြင်းတို့သာ ဖြစ်ရာသည်။ **ဖထိုင်** ၏ပုဒ်ရင်းအနေဖြင့် တက်နွက်ကျောင်း ကျောက်စာအရေး **ဖန်ထိုင်** သာလျှင် ထင်ရှားသည်။**ဖန်ထိုင်** တွင် **ထိုင်** ပုဒ်၏အနက်မှာသိသာပေ၏။သို့ရာတွင်ဤ၌သော် **ထိုင်** ဆိုရာ၌ **လဲလျောင်းအိပ်စက်** ဟူသော အနက်မျှားကိုလည်း ထည့်သွင်းယူရပေမည်။ **ဖန်** ပုဒ်ကိုသော် **ဖန်၊ဖန်ခုန်၊လုံးဖန်** အကြောင်း၌ ဖေါ်ပြခဲ့သော **ဖန်** ပုဒ်ဖြစ်၍၊အနက် **အမြင့်** ဟောဟုယူနိုင်ရာ၏။ ဤသို့ယူသော် **ဖန်ထိုင်** ၏အနက် 'ထိုင်,လည်းလျောင်း,အိပ်စက်ရန်နေရာမြင့် 'ဟောဖြစ်ရာသည်။ သို့တည်းမဟုတ်

'ဖထိုင်၊ဖန်ထိုင်၊ဖိထိုင် 'ပုဒ်တို့သည် 'ဖင်ထိုင် 'မှလာ၍၊ **ဖင်ထိုင်** ဟုရေးဆိုရမည်ကို ရိုင်းအံ့ထင်၍၊ ယဉ်ကျေးအောင် အမျိုးမျိုး လှီးလဲ့ရေးခြင်းများသာ ဟူ၍လည်း ယူနိုင်ရာသတည်း။

၈၉။ သန်လျင်း၊ သန်လျင်းချီး၊ သန်လျင်းချိတ်

မြန်မာဘာသာ၌ **သန်လျင်း** နှစ်ပုဒ်ရှိသည်။ တစ်ပုဒ်မှာ ပါဠိဘာသာဖြင့် **ပါဠုန်ဒီ** ခေါ် **ယာဉ်သန်လျင်း** ဖြစ်၍၊အခြား တပုဒ်မှာ ပြာသာဒ်ဘုံဆောင်တို့၌အမှမ်းအနေဖြင့်ထည့်လေ့ရှိ၍ ကဗျာတို့တွင် **သန်လျင်းချီး၊သံလျင်းချိတ်** ဟုဖွဲ့ဆိုလေ့ရှိသော **အမှမ်းသန်လျင်း** ဖြစ်သည်။ ယင်းနှစ်ပုဒ်စလုံး၏ မူရင်းအရေးမှန်မှာ **သန်လျင်း** ဖြစ်သော်လည်း၊ အချို့နှောင်းခေတ် မူတို့တွင် **သံလျင်း၊ သံလျှင်း၊သန်လျှင်း** ဟုအခွျတ်ခွျတ် အလဲ့လဲ့ရေးလျက်ရှိသည်တို့ကိုလည်းတွေ့ရတတ်သည်။ပုဒ်ရင်းမှန် **ယာဉ်သန်လျင်း** ကို **သန်ရှင်** ဟူ၍လည်း ရှေးကျသောကျောက်စာ အနည်းငယ်မျှတွင်ရေးသေးသည်။

ယာဉ်သန်လျင်း နှင့်စပ်လျဉ်း၍ ကျောက်စာ အရေးများကို အောက်ပါအတိုင်းတွေ့ရသည်။

(၁)။ "သန်ရှင်းကစသော သပိတ်ကရား အလှူလေးပေး၏။" ။(ခေတ်ရေးနည်းသို့ဖလှယ်ပြီး)၊ သကရာဇ် ၄၀၀ နှင့် ၅၀၀ စပ်ကြား လောက်တွင်ထိုး၊ပုဂံမြို့၊ပေါ်တော်မူကျောက်စာ၊၅၊၆။

(၂)။ "ရှယ်ထံစင်ရှယ်သန်လျင်လေထာ၏ (ရွှေထမ်းစင်ရွှေသန်လျင်းလေးထား၏)။" ။၄၆၉ ခုစွဲ၊ပရိမ္မရွာ၊ထီးလိုင်ရှင်စေတီကျောက်စာ၊၇၊၈။

(၃)။ "ထိသန်ရှင် ၃ဆူ။....။ထိသန်ရှင် ၅ ဆူ။" ။ ၅၅၉ ခုစွဲ၊ ပုဂံမြို့၊ ဖုန်းသည်ဇေယျသိန်ကျောက်စာ၊၇၊၁၀။

(၄)။ "ငါစိသော်သန်ရှင်သည်(ငါစီးသောသန်ရှင်သည်)။"။၆၀၃ ခုစွဲ၊ ပုဂံမြို့၊လက်ပွတ်ကန်စေတီ ကျောက်စာ၊ကျော၊ ၂၊၃။

(၅)။ "အဖွာရင်ကိုဝ် ငါကိုစာ သန်လျင်ထံစိယ်သတော။....။သန်လျင်နှစ်စုံ ပိယ်လှာသတော။ (အဖွားရင်းကို ငါ့ကိုစား သန်လျင်းထမ်းစေသတေး။....။သန်လျင်းနှစ်စုံ ပေးလှာသတေး)။" ။ ၆၂၇ ခုစွဲ၊ ပုဂံမြို့၊ မင်းဝိုင်းကျောင်းကျောက်စာ၊၂၉။

(၆)။ "ရွှေငွေဥစ္စာ၊ ရတ္တနာဆင်မြင်း၊ ယည်သန်လျင်းလည်း အလျှင်းပေး၏။" ။၇၆၄ ခုစွဲ၊ပုဂံမြို့၊ဖွားတော်ကျောင်းကျောက်စာ၊၁၇။

(၇)။ "ဖြင်မျှမကြွင်း၊ယန်သန်လျင်းလည်း၊မကင်းနှင်နှင်ရစေသော။" ။ ၇၇၃ ခုစဲ့၊ပုဂံမြို့၊ဌာပစ်တောင် ဥမင်ကျောက်စာ၊၃၀။

(၈)။ "ရတ္တနာသန်လျင်း၊ရတ္တနာက၊ရတနာထမ်းစင်စသ။" ။ ၁၁၀၀ခုစဲ့၊ စစ်ကိုင်းမြို့၊အနန္တသူရိယ ကျောင်းကျောက်စာ၊၁၄၊၁၅။

(၉)။ "ထမ်းစင်သန်လျင်း၊ ဝင်းကိုယ်ရံ အိပ်ဖန်စသည်။" ။ ၁၁၄၅ခုစဲ့၊ အမရပုရမြို့၊ရွှေဂူကြီး၊ကျောက်စာ၊၃၄-၃၅။

(၁၀)။ "ပါဠုဂ်္ဂိ၊ရွှေသန်လျင်းလည်းကောင်း။" ။ ၁၂၄၅ ခုစဲ့၊မန္တလေးမြို့၊ပါဒစေတီကျောက်စာ၊၁၄။

ဤသို့လျှင် ပုဂံခေတ်အစောဆုံးပိုင်းမှ ကုန်းပေါင်ခေတ် အနှောင်းဆုံးပိုင်း တိုင်ကျောက်စာတို့တွင် **သန်ရှင်း၊သန်လျင်း** ဟူ၍သာရေးသည်ကိုတွေ့ရသည်။ ထိုအရေးနှစ်ရပ်တွင်လည်း **သန်ရှင်း** ကိုလွန်စွာရှေးကျသော ကျောက်စာအ နည်းငယ်မျှတွင်သာတွေ့ရ၍၊ **သန်လျင်း** ကိုသော်ပုဂံခေတ်နှောင်းပိုင်းလောက်မှ စ၍ တောက်လျှောက်ပင်တွေ့ရသည်။ထိုအရေးနှစ်ရပ်အနက် **သန်ရှင်း** သည် မူလဖြစ်၍၊ **သန်ရှင်း** မှသာ **သန်လျင်း** သို့ပြောင်းလဲလာသည်ယူသင့်သည်။ သို့ရာတွင် ပုဒ်တို့၏ရင်းမြစ်ကို စစ်ကြည့်သောအခါ ယင်းတို့သည် သံသကြိုဋ္ဌ ဘာသာ **သလ္လယ** ပုဒ်သက်ဖြစ်ကြောင်းတွေ့ရသည်။**သလ္လယ**၏အနက်သံသကြိုဋ္ဌ ဘာသာ၌ 'ထိုင်ခြင်း၊ တည်နေခြင်း၊ ရပ်နားခြင်း 'ဟောဖြစ်ရာ၊ **သန်ရှင်း၊ သန်လျင်း** တို့၏အနက်'ထိုင်နေရပ်နားနေရသောထမ်းစဉ့်,ယာဉ်'ဟူ၏။မူလပုဒ် နှင့်သော်၊**သန်လျင်း** ကပို၍နီးသည်။သို့ရာတွင် သူဟောင်းတို့သည် **လ** နှင့် **ရ** တို့ အား အလဲအလှယ် သုံးလေ့ရှိသည်ကို ထောက်သော် **သလ္လယ** မှ **သန်ရှင်** သို့ လည်းဖလှယ်၍ ယူနိုင်ရာသည်။

ထုတ်နုတ်ချက် တို့တွင် **ထမ်းစင်၊သန်လျင်း။ ရွှေထမ်းစင်၊ရွှေသန်လျင်း။ ရတနာထမ်းစင်၊ရတနာသန်လျင်း** ဟူ၍ **ထမ်းစင်** နှင့် **သန်လျင်း** တို့ကိုခွဲခြား ရေးဆိုရာ၊ ယင်းတို့၏ ကွဲပြားချက်ကို ဆင်ခြင်ရန်ရှိသည်။ ကွဲပြားချက်မှာအခြား မဟုတ် **သန်လျင်း** ၌ဖေါ်ပြခဲ့သည်အတိုင်းထိုင်နေရန်၊ဝါ၊ကုလားထိုင်ပေါ်တွင် ကဲ့သို့ခြေတုံ့လဲ့ ချ၍ထိုင်ရန် အထူးစီမံ ပြုလုပ်ထားသော နေရာရှိ၍၊ ထမ်းစင်၌ သော် ထိုကဲ့သို့သောနေရာမပါ၊တင်ချ၍ ထိုင်လိုထိုင်၊မှီလိုမှီ၊လျောင်းလိုလျောင်း ရန် စင်သာပါရှိခြင်း ဖြစ်တန်ရာသည်။ရှေးပုဂံခေတ် အင်း၀ ခေတ်တို့၌ သံဃာ တော်များသုံးစွဲရန် ကျောင်း ဖုရားတို့သို့ ထမ်းစင်နှင့် သန်လျင်းများကိုလှူလေ့ရှိ ကြောင်း ကျောက်စာတို့မှသိရသည်။

ကုန်းပေါင်ခေတ် နှောင်းပိုင်းတွင် **သန်လျင်း** ဟူသော စကားကို တွေ့ရခဲ

သည်။ **ဝေါ်ယဉ်** (ယာဉ်)၊ **ထမ်းစင်** ဆိုသော စကားများကိုသာအသုံးများသည်။ကျွတ် **ယဉ်** (**ယာဉ်**) ဆိုသည်မှာ **ယာဉ်သန်လျင်း** ၏အတိုကောက်ပင်ဖြစ်ပုံရသည်။ဘုရင်နှင့်ဆိုင်သည် တို့ကိုသော် 'ရတနာဝေါတော်၊ ပြာသာဒ်ယာဉ်တော်၊ရတနာထမ်းစင်တော်'ဟူသောစကားများကို သုံးလေ့ရှိသည်။ **သန်လျင်း** ကိုနှောင်းခေတ်များတွင် **တည်ခင်း** ဟူ၍လည်းဖေါက်ပြန်ပြောင်းလဲသောအရေးအသံတို့ဖြင့်ရေးသားခေါ်ဆိုလေ့ရှိသည်။

အမ္ဘမ်းသန်လျင်း ကို **သန်လျင်ချီး**၊ **သန်လျင်းချိတ်** ဟုနှစ်မျိုးပင်ရေးဆိုလေ့ရှိသည်။

(၁)။ "ခတ်သားလည်ဆီး၊ **သန်လျင်းခီးကား**၊ လက်တီးဆင်ဝင်၊သုံးဆင့်စင်မှ၊အခြင်ရနယ်၊ရွှေကြယ်ရောင်ဝီး၊မီးသွေ့တောက်၏။" ။၇၃၅ ခုစွဲ၊စစ်ကိုင်းမြို့၊ရတနာစေတီကျောင်းကျောက်စာ၊၁၉၊၂၀။

(၂)။ "စလစ့် **သန်လျင်းချီး**၊ ရိုင်းစိုင်းဆပ်သွား....ကျီးရန်း....(တ)ပ်စေ၏။" ။၈၇၂ ခုစွဲ၊အဝမြို့၊နန်းတည်အခမ်းအနားကျောက်စာ၊၇၅။

(၃)။ "ကြက်မောက် ပန်းတိုင်း၊ရိုင်းစိုင်းဆပ်သွား၊ထွေပြား ဖန်ဆင်း၊ဝင်းဝင်းညီးညီး၊ **သန်လျင်းချီး** နှင့်(မူ၌ **ချိတ်** ဟုရှိနေသာည်)၊လည်ဆီးလှတင့်၊စွင့်စွင့်ဝဲ့ဝဲ့၊ ပျားစွဲကျီးရန်း။" ။၈၇၃ ခုစွဲ၊ပုဂံမြို့၊ မြစည်းခုံအနောက်၊ အထိန်းတော်ကျောင်းကျောက်စာ။

(၄)။ "ရင်အားပျိုပျို၊ လည်ခပ်ကို့နှင့်၊ ဆို့ဆို့ရုပ်ကြီး၊ **သန်လျင်းချီးက** (မူမျှားတွင် **သန်လျက်ချီးက** ဟု ဖြစ်နေသည်)၊ လည်သီး(လည်ဆီး)ပတ်ကုံး၊ မိုးချုံးမိုးသောက်၊တောက်လိန်းနိုး။" ။နေမိဘုံခဏ်းပျို၊၄၀။

(၅)။ "ရောင်လျှံဖိတ်ဖိတ်၊**သန်လျင်းချိတ်**နှင့်၊ မုတ်ဆိတ်ပျားစွဲ၊မျက်စုံကြဲလျက်။" ။နေမိဘုံခဏ်းပျို။၁၄။

(၆)။ "စုလစ်မကြွင်း၊သလင်း (သဲန်လျင်း) ချိတ်ဆိုင်း၊ရိုင်းစိုင်းဆပ်သွား၊ မျက်ပါးမရှိ၊ရွှေသတိဝယ်။မဏိစီပြွမ်း။" ။သျင်ရဋ္ဌသာရဖွဲ့၊တန်တားဦး၊မင်္ဂလာစေတီမော်ကွန်း၊၂၅။

(၇)။ "စိန်တောင်သက်ဆင်း၊သရက်ကင်းက၊ သန်လျင်းချိတ်ဆိုင်း၊ရွှေရိုင်းစိုင်းတွင်၊ပန်းတိုင်းပွင့်ချောင်။" ။နာရဒပျို၊၂၂။

သန်လျင်းချီး၊**သန်လျင်းချိတ်** ဟူသောစကားဘို့တွင် **သန်လျင်း** ပုဒ်မှာတခုတည်းဖြစ်၍၊ သံသကြိုဠ်ဘာသာ 'သန်လျက်သွား၊ မြားသွား၊ ထားသွား၊ လှံသွား၊တုတ်ချွန်၊အချွန်' စသည်ဟော **ဇလျ** (ယ့လျ) ပုဒ်သက်ဖြစ်သင့်သည်။ မြန်မာဘာသာ **သန်လျက်** ပုဒ်သည်လည်း၊ဤသံသကြိုဠ်ဘာသာ **ဇလျ** (ယ့လျ)၊

ဓလျက (ယှလျက)ပုဒ်သက်ပင်ဖြစ်ကြောင်း **သန်လျက်** အကြောင်းခံဖေါ်ပြခဲ့ပြီ။ထို့ကြောင့် **သန်လျင်းချီး** ၏အနက်'အချွန်ချီး၊အချွန်အမှတ်းဆင့်၊အချွန် အမှတ်းတန်း၊ အချွန်အဆော်၊ အချွန်ကျီးရန်း၊' ဖြစ်သည်ယူရာ၏။ **ချီး** ကို တော်ရနောင်အကြောင်းခံဖွင့်ဆိုခဲ့ပြီ။

သန်လျင်းချိတ် ၏တိုက်ရိုက်အနက် 'ကောက်ကွေး၊ ကောက်ချိတ် နေသော အချွန်၊အတံ'ဟောဖြစ်ရာ၊ **ကျည်းကွေး၊ပုစွန်တုပ်ကွေး** ခေါ်သောအမှတ်းကိုပင် **သန်လျင်းချိတ်** ခေါ်အံ့သိုရှိသည်။ **သန်လျင်းချိတ်ဆိုင်း** ဟုဆိုလေ့ရှိရာ,ယင်း အမှတ်းမှာ **သန်လျင်းချီး** ကဲ့သို့အပေါ်ထောင် အချွန်အတက် မဖြစ်တန်ရာ၊ **ကျည်းကွေး၊ပုစွန်တုပ်ကွေး** ကဲ့သိုအခြင်မြိတ်တွင် တယ်ကပ်ဆွဲဆိုင်းထားသော အရာဟုပေါ်ထွက်သဖြင့် ယင်းကိုကျည်းကွေး၊ပုစွန်တုပ်ကွေး၏အခေါ်တမျိုးပင် ဟုသာယူရန်ရှိသည်။ **ကျည်းကွေး၊ပုစွန်တုပ်ကွေး** တို့ကိုလည်း **တော်ရနောင်** ခေါင်းစဉ်အောက်၌ အကျယ်ဖွင့်ဆိုထားသည်။

အမှတ်းအပြောက် အဲမည်သည်ဘများ မြောက်မြားစွာ ရှိသည်အနက်၊အနည်း ငယ်မျှလောက်ကိုသာ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းစာအုပ်တို့၌ မည်သည့်အရာ များဖြစ်သည်ကို သေချာစွာ ဖေါ်ပြလျက်ရှိပြီးလျှင်၊ ကျန်အမည် သည်ဘများကို သော် မည်သည့်ကျမ်း,စာတမ်းတို့၌မျှ ဤသို့ဖေါ်ပြခဲ့သည်ကို မတွေ့ရသဖြင့်,စပ် အင်များ,စကား၏ရင်းမြစ်အနက်များနှင့် ကျန်ရှိနေသေးသော အဆောက်အဦ နှင့်အဆောက်အဦခတ်ပုံတို့တွင်တွေ့မြင်ရသောအမှတ်းအပြောက်ပုံသဏ္ဌာန်များ မှသာမှန်းဆ,ဆင်ခြင်ကောက်ယူရရာ၊ယင်းကောက်ယူချက်များကိုကေန်းကေဖြစ် ရမည်ဟု မဆိုသာ၊ကိုတွေ့လက်ငင်း၊ သိမြင်သူတို့က မသင့်မမှန်သည်ကို တွေ့လျှင် အမှန်ကို ညွှန်ကြားရှင်း ဖယ်ရှားရာသတည်း။

၉၀။ သန့်၊နှဲ

ပုဂခေတ်မှအင်းဝခေတ်တိုင်ထိုးကျောက်စာတို့တွင် **သန့်၊နှဲ** ဟူသောစကား များကိုအလျှင်းပင်မတွေ့ရချေ။သို့ရာတွင် ပုဂံမြို့၊ရွှေစည်းခုံစေတီရင်ပြင်,မြောက် ဖက် ကြေးဂူတိုက်,သစ်သားတံခါးရွက်တွင် နှဲမှုတ်နေဟန် ပန်ပုရုပ်တခုကို တွေ့ရ ၍၊ယင်းအရုပ်မှာလွန်စွာရှေးကျသည်ဟုယူဆလျက်ရှိကြသည်။ နှဲ နှင့် ပြေ တို့မှာ ရှေးပဝေဏီ ကာလကပင် အိန္ဒိယ, အီရန်, အီဂျစ်, အိသရေလ, အဆီးရီးယား, ဗဗီလိုနီယား(ဗာဝေရု) စသောအနောက်နိုင်ငံတို့နှင့် အရွှေဖက်တရုတ်ပြည်တို့ တွင်သုံးစွဲလျက်ရှိကြောင်းတုရိယာသမိုင်းတို့၌တွေ့ရသဖြင့်၊များစွာသောအခြား

တုရိယာများနည်းတူ ယင်းတို့သည်လည်း ပုဂံခေတ် မြန်မာနိုင်ငံအတွင်းသို့ ပြန့်နှံ့ရောက်ပေါက်လာခဲ့သည်ဟုပင် ယုံကြည်ရန်ရှိသည်။အင်းဝခေတ်သို့ရောက်သော အခါ **သနဲ့၊ နဲ့** စပ်အင်များကို ကဗျာတို့ဥ်တွေ့ရလေတော့သည်။

၁။ "တပိုးသံကြာ၊ စိန်ခရာလည်း၊ နှစ်မြှာ ကွေးလည်၊ ကြွေး မြည်လျက်၊ **ဖိတ်ကျည်သနဲ့**၊ ရင့်နှဲ့ပဉ္စင်၊ စည်သံလွင်နှင့်၊ အိန့်ရှင်ငြုန်းငြုန်း၊ တချုန်းချုန်းသည်။" ။နေမိတုံခဏ်းပျို၊ ၉။

(၂)။ "ကြေးနင်းမောင်းလည်း၊ ခြောင်းခြောင်းဝှန်ကဲ၊ကောင်းကင်ကွဲမျှ၊ **သနဲ့ဖိတ်ကျည်**၊ မြည်လည်းတကြောင်း၊ ရွှေခေါင်းလောင်းတုံ၊ ငြောင်းငြောင်းခြည်းခြည်း။" ။နေမိတုံခဏ်းပျို၊ ၉၀။

(၃)။ "**ညှင်းစောင်းနဲ့ဖွေ**၊ ငြိမ့်ငြိမ့်ခြေမျှ။" ။သုဝဏ္ဏသျှံသစ္စာခဏ်းပျို၊ ၂၁၀။

(၄)။ "**ပုံနဲ့ခရာ**၊ တီးမှုတ်ကာနှင့်။" ။သံဝေဂခဏ်းပျို၊ ၃၅။

ထုတ်နုတ်ချက်(၁)နှင့် (၂)တို့တွင် ' ဖိတ်ကျည်သနဲ့၊သုန်ဖိတ်ကျည် 'ဆိုသည်တွင် **သနဲ့**သည်ထုတ်နုတ်ချက်(၃)နှင့်(၄)တို့တွင် **နဲ့** ထက်ရှေးကျသောအခေါ်ဖြစ်သည်။

နဲ့ ကို ဟိန္ဒီ ဘာသာဖြင့် **စုရိနာ၊ ရှနဲ** ဟူ၍ငင်း၊ သံသကြိုဠ် ဘာသာဖြင့် **သာနာယိ** ဟူ၍ငင်း၊ အရဗီ-ပါရှင်ဘာသာဖြင့် **စုရိနာ၊ စုရိနာယ်** ဟူ၍ငင်း၊ တရုတ်ဘာသာဖြင့် **စောန** ဟူ၍ငင်း၊မွန်ဂိုလ်ဘာသာဖြင့် **စုရွနဲ** ဟူ၍ငင်း၊ မွန်ဘာသာဖြင့် **သကော်**။**နဲ့** ဟူ၍ငင်းခေါ်ရာ၊ မြန်မာဘာသာ **သနဲ** ပုဒ်သည် ဟိန္ဒီဘာသာ **ရှနဲ**၊ မွန်ဘာသာ **သကော်** ပုဒ်တို့နှင့်အနီးစပ်ဆုံးဖြစ်သည်။ ထို့ကြောင့်မြန်မာဘာသာ **သနဲ** နှင့် မွန်ဘာသာ **သကော်** တို့သည် ဟိန္ဒီဘာသာ **ရှနဲ** မှဆင်းသက်လာသည်ယူသင့်သည်။ မြန်မာဘာသာ **နဲ့** ပုဒ်နှင့် မွန်ဘာသာ **နဲ့** ပုဒ်တို့မှာဆိုင်ရာ **သနဲ့၊သကော်** ပုဒ်တို့မှသက်ဆင်းလာရာသည်။ **နဲ့** အခေါ်အာ်းလုံးတို့တွင် အရဗီ-ပါရှင်ဘာသာ **စုရိနာ၊စုရိနာယ်** ပုဒ်တို့သည် မူလဖြစ်၍၊ ယင်းတို့မှသာ ဟိန္ဒီ၊တရုတ်၊မွန်ဂိုလ်၊ နှောင်းသံသကြိုဠ် အခေါ်တို့သို့ပြန့်နှံ့ ဆင်းသက်သွာ်းသည်ဟု တုရိယာသမိုင်းမျာ်းအရ ယူဖွယ်ရှိသည်။

ရှေးမြန်မာဘုရင်တို့၏ မင်းခမ်းတော်ကြီးမျာ်းတွင် တီးမှုတ်ရသည့် ပန်တျာဝိုင်းမျာ်းတွင် မြန်မာနဲ့တွင် **နဲ့ကြီး၊နဲ့ငယ်** ဟူ၍ငင်း၊ယင်းတို့မှခွဲခြာ်း၍ **တလိုင်းနဲ့ (မွန်နဲ့)** ဟူ၍ငင်း၊ ခေါ်ဆိုလေ့ရှိသည်ကို သတိပြုရာ၏။

ဖိတ်ကျည်သနဲ့၊သနဲ့ ဖိတ်ကျည် ဆိုသည်တွင် **ဖိတ်ကျည်** ပုဒ်ကိုသီးခြာ်းဖွင့်ဆိုထွာ်းပါသည်။

၉၁။ **သပြေသာ**

"ဒုန်မင်း၊ဒုန်းမင်း။ဒုံမင်း၊ဒုံးမင်း" အဖွင့်၌ **သပြေသာ** သည် မင်းခမ်းတော်ကြီးများတွင် တီး,မြောက်စည်အဖွဲ့ပါ, လေကုရိယာ ဖြစ်ကြောင်းဆိုခဲ့ပြီ။ သို့ရာတွင် **သပြေသာ** ဟူသောအမည်ကို အင်းဝခေတ်လတ်ပျို့ကဗျာများတွင် မတွေ့ရသည်မှာ ထူးခြားပေသည်။ ယင်းအမည်ကို အစောဆုံးတွေ့ရသည်မှာ အင်းဝခေတ်နှောင်း ကဗျာ၊ ဝန်ကြီးပဒေသရာဇာရေး မနော်ဟရီပျို့ တွင်မှဖြစ်သည်။ ကုန်းပေါင်ခေတ် ရောက်သောအခါ အဆိုပါမင်းခမ်းတော်တီးဝိုင်း ကြီးများဖွဲ့ကဗျာတို့တွင် အမြဲတစေ, **သပြေသာ** ပါဝင်လာတော့သည်။

(၁)။ "ရွှေစည်ရွှေညှင်း၊ဒုံမင်းမုရိုး၊တပိုးလက်မြောက်၊ **တံကောက်သပြေ**၊ စီရင်စေသည်၊မိုးမြေဆူလို့က်ရွှင်သတည်း။" ။မနော်ဟရီပျို့၊၅၂။

(၂)။ "ရွှေဖျားဓံမြောက်စည်၊ကြွေးကမြည်သား၊တံရှည်တံမြှာ၊ **သပြေသာက**၊ သခ်ါခရု၊တစုံတခန်း။" ။ဝေဿန္တရာပျို့၊၂၉၃။

(၃)။ " ဆဲ့တစ်မြောဲက်စည်၊ ရွှေဖျားတည်၍၊ တံရှည်တံမြှာ၊ **ပြေသာပေါင်းစု**၊ ခုနစ်ခုစီ၊ခရူနှစ်မြှာ။" ။မဟာဇနကပျို့၊၈၀။

(၄)။ "မြောက်စည်ဆဲ့တစ်၊ ခုနစ်စီသာ၊ တံမြှာတံရှည်၊ **သာသည်သပြေ**၊ နှစ်ထွေခရူ။"။ ။ကုသပျို့၊၁၄၉။

(၅)။ "တီးမြောက်စည်နှင့်၊တံရှည်တံမြှာ၊ **သပြေသာနဲ့ငယ်**၊ ချယ်လှယ်ညီညီ၊ခုနစ်စီဖြင့်၊အာနိခရူ၊နှစ်ခုမယွင်း။" ။ကုသပျို့၊၁၅၅။

ထုတ်နုတ်ချက်များတွင် **သပြေသာ** ကို(၁)နှင့်(၄)တို့၌ **သပြေ** ဟူ၍သာ၎င်း၊(၃)၌ **ပြေသာ** ဟူ၍သာ၎င်း စပ်သည်တို့ကို သတိမူရာ၏။ ထုတ်နုတ်ချက်(၁)တွင် **တံကောက်သပြေ** ဟုစပ်သဖြင့်၊ **သပြေ** သည်လျှင် **တံကောက်**၊ **တံကောက်** သည်လျှင် **သပြေ** ဆိုလိုပေသလောဟု တွေးဖွယ်ရှိသည်။ မြောက်စည်ဝိုင်းတွင်ပါ အခြား လေတုရိယာတို့မှာလည်း **ခရာရှည်**၊ ဟု ယူသင့်သော **တံရှည်**၊**ခရာမြွှာ**ဟုယူလေ့ရှိသော**တံမြွှာ**တို့ကလည်းပါလျက်ရှိရာ၊ **ခရာကောက်** ဟုယူရမည်ဖြစ်သော **တံကောက်** ကိုပင် **သပြေ** ဟုလည်းခေါ်သဖြင့် **တံကောက်သပြေ** ဟုစပ်ခဲ့ပိမ့်လောဟူသော အတွေးကို ရှည်ဝေးသည်ဟု မဆိုသင့်ထင်၏။ သို့ရာတွင် ယင်းအပိုဒ်၌ စည်ညှင်း၊ဒုန်မင်းစည်၊ မုရိုးစည်၊မြောက်စည်၊ တပိုးစသဖြင့် တုရိယာတို့၏အမည်များကိုတခုစီသာလျှင်ပြလျက်ရှိသဖြင့် **တံကောက်** နှင့် **သပြေသာ** ကိုအတူဟုမယူသင့်၊တမျိုးစီဟုသာ ယူသင့်သည်ဟု ဆိုလျှင်လည်းဆိုနိုင်ပါသေး၏။

• တုတ်နုတ်ချက်(၁)၊ ကုသပ္ပါစပ်အင်္ဂတ်တွင် **သပြေသာနဲ့ငယ်** ဟူသောစကား ကိုလည်း လေးနက်စွာ ဆင်ခြင်ရန်ရှိသည်။ ဤမြောက်စည် ဝိုင်း၌ တံရှည်တံမြှာ၊ သပြေသာနှင့် ခရုသင်းတို့သာ ပါဝင်စမြဲဖြစ်သည်တွင်၊ **သပြေသာနဲ့ငယ်** ဟု ဗဟုသုတအရာ၌ လွန်စွာသေချာစေ့စပ် ကျယ်ဝန်း ကြွယ်ဝလေ့ရှိသော အသျှင် အာဒိစ္စရံသီ ဆရာတော် စပ်ဆိုခဲ့သည်မှာ **သပြေသာ** နှင့် **နဲ့ငယ်** တို့တွင်ဤသို့ သောအချက်များ ရှိသောကြောင့်သာ ဖြစ်ရပေမည်။ ဤသို့ တူညီသော အချက် များတွင် အနည်းဆုံး ပုံသဏ္ဌာန်ချင်း ဆင်မှုပါဝင်ရမည်ထင်၏။ ထို့ကြောင့် **သပြေသာ** သည် **နဲ့ငယ်** ကဲ့သို့ပန်းတိုင်း ပွင့်သဏ္ဌာန်အဖျားကော့လန်လန်နှင့် ကောက်တောက်တောက် နေပိမ့်လောဟု တွေးဖွယ်ရှိသည်။ လေပေါက်များမှာ လည်းနဲ့ငယ်၌ကဲ့သို့ပင် သံစုံမှုတ်ရန်အပြည့်အစုံ ပါကောင်းရာသည်။ ဤတွင်တွေး၍ရသည်အတိုင်းသော်၊ **သပြေသာ** ဆိုသည်မှာနဲ့ငယ် သဏ္ဌာန်အဖျားကော့လန်လန်၊ ကောက်တောက်တောက်၊ ခရုကောက် ဖြစ်တန်ရာသည်။ ဤသို့ဖြစ်သော ကြောင့်ပင်လည်း၊ တံပိုးမျိုးရှစ်ပါးအရေအတွက်တွင် ခရုကောက်(တံကောက်)၊ ခရုမြှာ (တံမြှာ)၊လက်တံရှည်၊ ဝါ၊ ခရုရှည်(တံရှည်)တို့သာပါ၍၊ **သပြေသာ** မပါသည်မှာ၊ **သပြေသာ** နှင့် **ခရုကောက်**၊ ဝါ၊ **တံကောက်** တို့အမျိုးတူဖြစ်သော ကြောင့်ပေလောဟုတွေးဖွယ်ရှိသည်။

သပြေသာ တွင် **သပြေ** ပုဒ်သည် ဇမ္ဗုသပြေပင်ကိုပင် ဆိုလိုဟန်ရှိသည်။ **သပြေသာ** ၏အသံမှာ ဇမ္ဗုသပြေပင်ကို အကြောင်းရင်းခံ၍ဖြစ်ပေါ်လာသော အသံတို့ အနက်၊သာယာသော အသံနှင့် တူသည်ဟုမှန်းဆကာ ယင်းတုရိယာကို **သပြေသာ** ခေါ်သည်ယူရာသတည်း။

၉၂။ သံကောက်၊သံကောက်သည်

၆၀၃ ခုစ့ဲ၊ပုဂံမြို့၊ မြောက်ဂူနီ၊မိဖုရားစော ကျောက်စာအဆုံး၊ ကြောင်းရေ ၃၁ မှ ၃၆တွင်အောက်ပါအတိုင်းရေးလျက်ရှိသည်။

"ကူကြိပ်သောပုဟိဒကျွန် **စည်သည် ပန်ဟျာနရည်စရာသည်** ခပင်စုံကြွသော စပါဒ၃၅တင်။ဤမျှသောစပါတွင် **သံကောက်သည်** ၂တင်၊ **နရည်စရာသည် နရာည်စရာစည်သည်** တစ်တင်တစ်တင်၊ **နရာည်စရာခွက်ခွင်သည်** တစ်ခွယ်၊ ကူကြိပ် ၄ ယောက်တစ်ခွယ်တစ်ခွယ်၊ **စည်သည်** အသက်ကြီး **ပန်ဟျာ** အသက် ကြီး ဤယ် ၂ ယောက်သောကာတစ်တင် ၂၊ထိုဝိအကြိယ်သော **စည်သည်** ကာ

၃ စိတ်ပိယ်စိယ်သတေ။ထိုဝ်ကြောင်သော **စည်သည် ပန်တျာကာ** တစ်ခွယ်တစ်စိတ်ဆင်ခြင်ရွယ်ပိယ်။ကျွယ်စပါ ၁၃၅ တင်ကာနှစ်တိုင်အကွာမူစိယ်သတေ။စိုဝ်သော သူဟူလေ မစာပါစိယ် သတေ။

ဤကျောက်စာတွင် **သံကောက်သည်** ဟုပါရှိသည့်စကားဝယ် **သံကောက်** ဆိုသည်မှာမူတ်စရာလေတုရိယာ၊သံဖြင့်ပြီးသောတံပိုးကောက်ဟု သံလျင်ဦးမြဦး ကယူဆသည်ကို ကျွန်ုပ်တို့ကလက်ခံကြောင်း၊မင်းတရားရွှေထီးခြောင်း အပိုဒ် ၂၉ တွင် " အိမ့် (အိန်) ရှင်လက်မြောက်၊ တပိုးကောက်နှင့်၊ " ဟူ၍ဝင်း၊မင်းတရားမယ်တော်ခြောင်း၊ အပိုဒ် ၅၃ တွင် 'သံလွင်မုရိုး၊ တပိုးရွှေကောက်၊ လက်မြောက်ခြောင်၊ 'ဟူ၍ဝင်း စပ်အင်များလည်းရှိသည်ဟု မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ၊ **ပန်တျာ** ခေါင်းစဉ်အောက်၌ကျွန်ုပ်တို့ဆိုခဲ့သည်။

ဖေါ်ပြပါသံလျင် ဦးမြဦးနှင့် ကျွန်ုပ်တို့၏ယူဆချက်ကို လက်မခံနိုင်၊ကျောက်စာပါစကားတို့တွင်၊ **သံကောက်** ဆိုသည်မှာ **သေ့ ဟောသံကောက်၊သေ့သံကောက်** သာလျှင်ဖြစ်ရမည်ဟု တထစ်ချ ယူဆထားဟန်ရှိသော သုတေသီတဦးကကျွန်ုပ်ထံသို့စာဦးစာရေး၍ **သံကောက်** ဆိုသည်မှာပါဠိ-ကုဋ္ဌကာ၊တာဋ္ဌ၊ အပါဝုရန တို့၏အနက် **ဧသေ့သံကောက်** ဖြစ်သည်ကိုသာတွေ့ရပါသည်။ ဤ **သေ့သံကောက်** ကိုလည်း အဆိုပါကျောက်စာများနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည် ထင်ပါသည်။ ' ဦးမင်း သတိမပြုမိသေးလျှင်၊ ပြုမိရအောင် အကြောင်းကြားပါသည် ခင်ဗျား။' ဟု စိုးရိမ်သဖြင့် သတိပေးရှာသည် အပြင်၊ **သေ့သံကောက်** အရေးစပ်အင်သာဓကများကိုလည်းတင်ပြပေးလိုက်ပါသေးသည်။သို့ရာတွင်ကျွန်ုပ်တို့နှင့်စပ်လျဉ်း၍ ဤစိုးရိမ်ချက်မှာအချည်းနှီးအကြောင်းမဲ့သာလျှင် ဖြစ်ပါသည်။ **သေ့သံကောက်** ကိုကျွန်ုပ်တို့အဖို့ သတိမမူမိပဲ မနေနိုင်၊သတိမူမိရမည်သာဖြစ်ကြောင်းကို၊ကျွန်ုပ်တို့ပြုစုခဲ့သော မြန်မာစကားအဖွင့်ကျမ်းတွင် သက်သေ အထောက်အထားများ ရှိပါသည်။ မြန်မာစကားအဖွင့်ကျမ်းတွင် နေမိဘုံခဏ်းပျို့မှစပ်အင်များကိုသာဓကအဖြစ်ဖြင့်ကျွန်ုပ်တို့ထုတ်နုတ်တင်ပြခဲ့သည်မှာ အမြောက်အမြားပင်ပါရှိသည်ကို သတိမူမိသင့်ပါသည်။ ယင်းနေမိဘုံခဏ်းပျို့၊ အပိုဒ် ၄၉ တွင် ' ကညစ်စူးဆောက်၊သံကောက်ဆီကျည် 'ဟူ၍ဝင်း၊အပိုဒ် ၆၀ တွင် ' အိုးနှင့်သိုမြုပ်၊ ကျီကြချုပ်လျက်၊ မင်းတုပ်သံကောက်၊တယောက်မဖွင့်၊'ဟူ၍ဝင်း၊ ၇၄ တွင် 'တံခါးကျစ်ကျစ်၊ သံကောက်လှစ်လျက်၊'ဟူ၍ဝင်း၊သုံးနေရာ၌ပင် **သံကောက်** စပ်အင်များပါရှိပါသည်။ အခြားပျို့ကဗျာစာပေတို့ကိုထားပိဦး၊နေမိဘုံခဏ်းပျို့ကို ကျေပွန်စွာဖတ်ရှုလေ့လာထားသောသူအဖို့၊တနေရာတည်း၌သာမက၊ သုံးနေရာ၌ပင်ပါရှိသော **သေ့သံကောက်** ကို

သတိမမူမိပဲ၊မသိပဲနေနိုင်စရာမရှိဟုသာယူဆသင့်သည်ထင်ပါသည်။ ထို့ကြောင့် အပြစ်ကင်းစင်၍ အနှောင့်အသွားလွတ်စွာ မေးသင့်မေးထိုက်သော မေးခွန်းမှာ အဆိုပါကျောက်စာတွင် **သံကောက်သည်** ဟု ပါရှိရာဝယ် **သံကောက်** ကို ကျွန်တော်တို့တော့ **သေ့ဟော သံကောက်၊ သေ့သံကောက်** ဟု ယူဆပါသည်။ဦးမင်းက သံလျင်ဦးမြဦး၏အယူကိုလက်ခံကာ၊ **တပိုးသံကောက်၊သံဖြင့် ပြီးသောတပိုးကောက်** ဟုယူဆသည်မှာအဘယ်အထောက်အထားအကြောင်း ယုတ္တိများကြောင့်ပါနည်း။'ဟူ၍သာဖြစ်သင့်ပါသည်။ ဤသို့မေးသော် အောက်ပါအတိုင်းဖြေအပ်ပါသည်။

သံကောက် ဆိုသည်မှာမြန်မာဘာသာ၌လွန်စွာပြားပြန့်ကျယ်ဝန်းသောအနက်ရှိသည့်စကားဖြစ်ပါသည်။သတိသံချောင်းကိုဖြစ်စေ,ခေါင်းပွသံချောင်းကိုဖြစ်စေ ကောက်သော သဏ္ဌာန်ရှိလျှင် **သံကောက်** ဟုပင် ခေါ်နိုင်ပါသည်။ မယ်နသံကောက်၊ အချောင်းသံကောက်၊ ငါးမြွားသံကောက်၊ ချွန်းသံကောက်၊ တံချူသံကောက်၊သေ့သံကောက်၊ တပိုးသံကောက် စသဖြင့် သံကောက်အမျိုးမျိုးပင်ရှိနိုင်ပါသည်။တခေတ်တွင် တံခါးပိတ်သော် 'သေ့' ကို **သံကောက်**ဟု ခေါ်ဆိုသုံးစွဲခဲ့ကာမျှဖြင့်၊ **သံကောက်** ဟူသောစကားတွေ့တိုင်း **သေ့** ဟော ဟုတထစ်ချမယူဆထားသင့်ပါ။ စကား၏ အဆက်အသွယ်, အစပ်အလျဉ်း,ပတ်ဝန်းကျင်တို့ကိုပါ ထည့်သွင်းစဉ်းစား၍၊ သင့်လျော်ဆီဆိုင်သည့် အနက်ဖြင့်သာ ယူဆသင့်ပါသည်။ သို့ဖြင့်အထက်၌ဖော်ပြခဲ့သော ဘုံခဏ်းစပ်အင် သာဓကတို့တွင် ' ကညစ်စူးဆောက်၊သံကောက်ဆီကျည်၊ 'ဟူ၍၎င်း၊ 'မင်းတုပ်သံကောက်၊ တယောက်မဖွင့်၊'ဟူ၍၎င်း၊ 'တံခါးကျစ်ကျစ်၊သံကောက်လှစ်၍၊'ဟူ၍၎င်း စပ်သည်တို့၌ **သံကောက်** မှာ **သေ့** ဟော၊ **သေ့သံကောက်** ဖြစ်ကြောင်း 'ကညစ်,စူးဆောက်,မင်းတုပ်,တံခါး'စသောစကားစပ်,စကားလျဉ်းတို့က ဖော်ပြလျက်ရှိပါသည်။သို့ရာတွင် မြောက်ဂူနီကျောက်စာ၌ မည်သို့သော စကားစပ်, စကားလျဉ်း,စကားပတ်ဝန်းကျင်တို့ကို တွေ့ရပါသနည်း။ မည်သည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ **သံကောက်** ဟူ၍သာမဟုတ် **သံကောက်သည်** ဟူသော စကားကိုသုံးစွဲထားပါသနည်း။

မြောက်ဂူနီကျောက်စာ၌ **သံကောက်သည်** ဆိုသောစကားကို ' စည်သည်, နရည်းစရာသည်၊ နရည်းစရာစည်သည်၊ နရည်းစရာ ခွက်ခွင်းသည်၊ ပန်တျာ 'ဆိုသောစကားတို့နှင့်တွဲဖက်သုံးလျက်ရှိပါသည်။ **ပန်တျာ** ဆိုသည်မှာဤတွင်စည်သည်၊ နရည်းစရာသည်၊ နရည်းစရာစည်သည်၊ နရည်းစရာ ခွက်ခွင်းသည် ဟူ၍ သီးခြားပန်တျာသည်၊ တီးမှုတ်သူများစာရင်းတွင်မပါသည့် သံကောက်အပါအ

ဝင် အခြားတီးမှုတ်သူများကို ဆိုလိုသည်ဟု ယူဆရပါမည်။ အောက်တွင်လည်း တဖန်တီးမှုတ်သူများအားလုံးကိုပေါင်းရုံးရှိ 'စည်သည်အသက်ကြီး၊ပန်တျာ အသက်ကြီး'ဟူ၍ နှစ်မျိုးနှစ်စားခွဲလိုက်ပြန်ရာ၊ **ပန်တျာအသက်ကြီး** ဆိုသည်တွင် **စည်သည်** မဟုတ်သူ၊နရည်းစရာသည်၊ခွက်ခွင်းသည်၊ သံကောက်သည် စသည်တို့ပါဝင်သည်ဟု ယူဆရပါဦးမည်။ဤသို့လျှင် **ပန်တျာ** စာရင်းတွင် **သံကောက်သည်**ဟူသောစကားပါဝင်၍လာရာ **သံကောက်** ကိုမည်သို့ယူဆရပါအံ့နည်း။ **သံကောက်** ကို ဤ၌ **သော့** ဟု ယူဆလျှင် **သံကောက်သည်** ကို 'မုန့်သည်၊ လည်ရွဲသည်'ဆိုသည်တို့၌ကဲ့သို့ **သော့ကိုလုပ်သူ၊ သော့ကိုရောင်းသူ** ဟု ယူဆပါမည်လား။ **သော့ကိုင်သူ၊ သော့ထိန်းသူ** ကိုသော် **သံကောက်ကိုင်၊ သံကောက်ထိန်း** ဟုသာဆိုသင့်သည်၊ **သံကောက်သည်** ဟု မဆိုသင့်ထင်၏။ ဤနေရာ၌ **သံကောက်သည်** ကို **သော့ရောင်းသူ၊သော့လုပ်သူ** ဟုယူဆရအောင် မည်သည့်စကားစပ်,စကားလျဉ်း,အကြောင်းယုတ္တိ,အထောက်အထားများ ရှိပါသနည်း။

ကျောက်စာထုတ်နုတ်ချက်ကိုသေချာစွာ ဖတ်ရှုလျှင်ဖုရားအားလှူထားသော လယ်မှရသည့် စပါးများအနက် ၁၃၅ တင်းကို ဂူအိပ် ၄ ယောက်နှင့် စည်သည်, နရည်းစရာသည်,ပန်တျာဘို့အား မည်သို့ ခွဲဝေပေးရမည်ကို သတ်မှတ် ညွှန်ကြားနေကြောင်းသိသာသည်။ထို့ကြောင့် ခွဲဝေပေးရမည့် သူများမှာ **ဂူအိပ်** နှင့် **ပန်တျာသည်** များသာဖြစ်သည်။ **ဂူအိပ်** စာရင်းတွင် မပါသူမှာ **ပန်တျာ** စာရင်းတွင်ပါရမည်။ဤသို့နှစ်မျိုးနှစ်စားခွဲခြားထားသည်အနက် **သံကောက်သည်** ကို မည်သည့် အစား၌ ထည့်သွင်းပါမည်နည်း။ **ဂူအိပ်** စာရင်း၌ထည့်သွင်းပါမည်လော။သို့တည်းမဟုတ် 'စည်သည်၊နရည်းစရာသည်၊ နရည်းစရာစည်သည်၊နရည်းစရာခွက်ခွင်းသည်'တို့ပါဝင်သည့် **ပန်တျာ** စာရင်းတွင်ထည့်သွင်းပါမည်လော။ စကားအသုံးအနှုန်း စကားလာ စကားသွား တို့ကိုထောက်သဖြင့်၊ **သံကောက်သည်** ကို **ပန်တျာ** စာရင်း၌ထည့်သွင်းရမည်မှာ လွန်စွာထင်ရှားပါသည်။ဂူအိပ်လေးယောက်အနက် သော့လုပ်သူ၊ သော့ရောင်းသူများ ပါဝင်သည်ဟု မည်သည့်စကားရိပ်,စကားငွေ့မျှလည်းမရှိ။ **သံကောက်သည်** ကို **သော့ကိုင်သူ၊ သော့ထိန်းသူ** ဟု ယူဆရအောင်လည်း ရရှိသော စပါးများကို မည်သည့်ဂူ, မည်သည့်ကျိကြြ တွင်သိုလှောင်ထား၍၊သော့ဖြင့်ပိတ်ခတ်ထားပြီးလျှင် မည်သူက သော့ကို ကိုင်တွယ်ထိန်းသိမ်းထားရမည် ဟူသော အချက်အလက်များလည်းမည်သို့မျှ ဤ၌လည်းမပေါ်ထွက်, ကျောက်စာ အခြားအစိတ်အပိုင်းများတွင်လည်း မပါရှိ။ထို့ကြောင့် ဤတွင် **သော့သံကောက်** နှင့် စပ်လျဉ်း၍ လုံးဝထည့်သွင်း

စဉ်းစားတွေးတောရန်မလို။ **သံကောက်** ဆိုသည်မှာမည်သည့်တုရိယာဖြစ်၍၊ **သံကောက်သည်** ဆိုသည်မှာ စည်သည်၊နရည်းစရာသည်၊ ခွက်ခွင်းသည်ဆိုသည် တို့ဦးကဲ့သို့ယင်းတုရိယာကို တီးမှုတ်သူသာလျှင်ဖြစ်ရမည်ဟူသော အတွေးအမြော်သည်သာ ကျန်ရှိလေတော့သည်။ အနောက်နိုင်ငံ အီဂျစ်, အီရန်, အီသရေလ, အိန္ဒိယတုရိယာ သမိုင်းတို့တွင်လည်း သတ္တုဖြင့်ပြီးသော ခရာနှစ်မျိုးရှိ၍၊ တမျိုးမှာအဖြောင့်,တမျိုးမှာအကောက်ဖြစ်ကြောင်းတွေ့ရသည်။ သို့ဖြင့်နှောင်းခေတ် ကဗျာစပ်အင်များကို ရှာဖွေသုံးသပ်သော်၊ **သံကောက်၊သံကောက်သည်** ဟူသောစကားများကို တိုက်ရိုက် မတွေ့ရငြားလည်း၊ **သံကောက်** ယူသောအနက်သို့သက်သည့်၊ **သံကောက်** ဟူသော ပုဂံခေတ်သုံးစကားနှင့် အနက်တူဟုယူသင့်သည့် စကားအသုံးအနှုန်းတို့ကိုသော်၊ ဖေါ်ပြပြီးသော မင်းတရား ရွှေထီးနှင့်၊ မင်းတရား မယ်တော်ခြေင်း ထုတ်နုတ်ချက်များအပြင်၊အောက်ပါတို့တွင်လည်း တွေ့ရသည်မှာ အမြောက်အမြားပင်။

(၁)။ "ရွှေစည်ရွှေငြင်း၊ ဒုန်မင်းမုရိုး၊ တပိုးလက်မြှောက်၊ **တံကောက်သ ပြေ**။" ။မနော်ဟရီပ္ပါ ဟောင်း၊၅၂။

(၂)။ "**ခရာစိန်ကောက်**၊ လက်မြှောက်လက်ချုပ်။" ။ မဟာသီလဝ ပ္ပါ၊ ဂ၅။

(၃)။ "သံလွင်မုရိုး၊တပိုးလက်မြှောက်၊ **တံကောက်တုလောင်**။" ။ ရတနာပြောင်မွန်ဆင်တော်မော်ကွန်း၊၁၄။

(၄)။ "ပြည်မအိမ့်ရှင် (အိန့်ရှင်) ၊သံတင်လက်မြှောက်၊ **တံပိုးကောက် လည်း**၊ကွန်းပြောက်နန်းလယ်၊စံဖွယ်ဖွယ်လျှင်။" ။မင်းတရားရွှေထီးနားတော် သွင်း၊၁၉။

(၅)။ "ဒုန်မင်းသံလွင်၊အိမ့်ရှင် (အိန့်ရှင်) လက်မြှောက်၊ **တကောက်ခရာ**၊ နန်းရတုဖြင့်။" ။မင်းရဲကျော်စွာစုန်ခြင်း၊၄၉၊

(၆)။ "ပဲတင်စည်ပြော ၊နဲ့ရောခရာ၊ လက်ချပ်ပါလျက်၊ သံဝါတုလောင်၊ **သာခေါင်တကောက်**၊ လက်မြှောက်ဒုန်မင်း၊သာခြင်းခရာ၊တီးမှုတ်ပြုသား။" ။ ၎င်း ၇၃၊

(၇)။ "ခရူတပိုး၊မုရိုးလက်မြှောက်၊ **တံကောက်ခရာ**၊ တံမြှောတံရှည်၊ပိတ် ကျည်ဒုန်မင်း၊ခရူသင်းနှင့်၊ခွက်ခွင်းရီရော။" ။မင်းရဲဒီပဒြခြင်း၊၂၀။

ဖေါ်ပြပြီး စပ်အင်နှစ်ခုနှင့် အထက်ပါစပ်အင်တို့တွင် 'တပိုးကောက်,တံကောက်,တကောက်,တပိုးရွှေကောက်,ခရာစိန်ကောက်' ဆိုသည်တို့မှာ ဦးချို့ဖြင့်သော်၎င်း၊သံ,ကြေး,ရွှေ,ငွေ စသောသတ္တုတို့ဖြင့်သော်၎င်း အရာအရာလျှော်စွာ

ပြီးသော လေတုရိယာ၊ တပိုးကောက်များဖြစ်ကြ၍, ယင်းတပိုး ကောက်ကိုပင်၊ သံဖြင့်ပြီးသဖြင့် **သံကောက်** ဟုပုဂံခေတ်၌ ရေးသားခေါ်ဆိုခဲ့သည်ဟု ကျွန်ုပ် တို့ယူဆပြီးလျင်၊မြန်မာ့တုရိယာသမိုင်း၌ ကောင်းစွာ လေ့လာပြီးရှိသူ၊ လေ့လာ လျက်နေသူသံလျင် ဦးမြဦး၏ ထို့အတိုင်းအယူကို ထောက်ခံခဲ့ပါသည်။ ဤသို့ယူ ဆထောက်ခံခဲ့သည်မှာလည်း၊ စာဝါနုသူများပင်သိကြ၍၊ခေတ်ပေါရာဏကျမ်း များတွင် ပါရှိနေသော **သေ့ဟောသံကောက်၊သေ့သံကောက်** ကိုမသိမ မြင့်,မဆင်ခြင်မတွေးတောမိသောကြောင့်မဟုတ်၊ဤနေရာ၌ ယင်း **သေ့ဟော သံကောက်၊သေ့သံကောက်** ကိုကျွန်ုပ်တို့အဖို့ မည်သို့မျှထည့်သွင်း စဉ်းစား၍ မရသောကြောင့်သာ ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသတည်း။

၉၃။ သရော၊သရောင်း

ခေါင်းစဉ်ပါ စကားနှစ်ရပ်,စလုံးကိုပင် ယခု **သယော၊ သယောင်း** ဟု **ယ** ငယ်ဖြင့် အရေးများလျက်ရှိခဲ့ပြီ။ သို့ရာတွင် ယင်းတို့၏ မူလနှင့် အရေးမှန် အ တိုင်းသော် **သရော၊သရောင်း** ဖြစ်သင့်ကြောင်းတွေ့ရသည်။

သယော အရေးကို ကဗျာတို့၌တွေ့ရသည်မှာ –

(၁)။ "ရှစ်သောင်းလေးထောင်၊ကျီကုန်အောင်ဝယ်၊ထုပ်ခေါင်ပြည့်ထား၊ ထောင်းကာ စားလည်း၊ ရှည်လျားကုန်မြောက်၊ **သယောရောက်သော်**၊ မ လောက်မလုံ၊မကုံသဖြင့်၊ခွေးငှဲးလင့်လည်း၊လူနှင့်ထမင်း၊ခံတွင်းဟလျက်၊နံနက် ညဝတ်၊မွတ်ရှားတတ်၏။" ။နေမိဘုံခဏ်းပျို၊၆၂။

(၂)။ "မီ နှင့် ဖကို၊ ရှင်လှခြုံးခြံ (ချိုးချံ)၊ ဆွမ်းသာခံလျက်၊တရံတဖန်၊ **သယောထန်လည်း**၊ အကျွန်ဝမ်းနည်း၊ အမှတ်သည်း၍၊မနည်းနေ့ရက်၊ထမင်း ခွက်နှင့်၊ ဆတက်ကြင်လေး၊ ရင်နှစ် သွေးကား၊ မွေးတုံကျွန်ုပ် ကောင်းကောင်း တည်း။" ။သုဝဏ္ဏသျှံသူဌေးခဏ်းပျို၊၁၀၁။

အစာရှာပါး,ပြတ်လပ်,ငတ်မွတ်,ခေါင်းပါးသည်ကို **သယောရောက်သည်၊ သယောထန်သည်၊ သယောခိုင်းသည်** ဟုဆိုလေ့ရှိသည်။ **သယော** ၏မူလ နှင့်အနက်ရင်းကိုသော်မသိကြချေ။

မစိုမပြည်၊မစိမ်းမလန်း၊ သွေ့ခြောက်သွှဲးနွမ်း သည်ကိုလည်း၊ ယခုခေတ် တွင် **သယောင်း၊ခြောက်သယောင်း၊ ထင်းယောင်း** စသဖြင့် ရေးဆိုလျက်, အရေးပြလျက် ရှိကြသည်။ကဗျာတို့တွင်လည်းထို့အတိုင်း အတွေ့ရများသည်။

(၁)။ "မာလှကောက်ယောင်း၊ စပါးထောင်းသော်၊ ဆန်ကောင်းလည်းရ၊ ဝမ်းလည်းဝသို့။" ။ကိုးခဏ်းပျို၊ ၃၄။

(၂)။ "အိမ့်ရှင်တယောက်၊ သွေ့ခြောက်အယောင်း၊ မီးစာဟောင်းတွင်၊ နှောင်းပြီတသီး၊ သမီးသားမြင်၊ လောင်လင်ကဲ့ချစ်၊ မီးစာသစ်ကြောင့်။" ။ ၎င်း ၃၇။

(၃)။ "ဆိုးရွားဟောင်း၍၊ သယောင်းသွင်သွင်၊ ကမ်းမေးတင်လျက်၊ ပြုပြင်နှောင့်နှေး၊ လေ့ယိုဆွေးအား။" ။ဆုတောင်းခဏ်းပျို၊ ၅၃။

(၄)" ရွှေနောက်လက်ငံ၊ ထင်းယောင်းခွံဖြင့်၊ ဖိလံလုံးကျည်း၊ ငင်ကာလှည်းလျှင်။" ။နေမိုင်ရဲခဏ်းပျို၊ ၁၂။

(၅)။ "ထင်းယောင်းပိုးစား၊ လူဆိုးများနှင့်၊ မသွားလေချင်၊ မမြင်လေသီး၊ မမှီးလေလို။" ။၎င်း၇၃။

သို့ရာတွင် ဤစကားနှင့် စပ်လျဉ်း၍သော် **ရောင်း** အရေးကိုလည်း၊ ဘူရိဒတ်လင်္ကာကြီး၊ ၁၄၂ ၌ 'မရှိမသေ၊ မထေလေးစား၊ ခုံညားမရွံ၊ **ထင်းရောင်းချွံသို့**၊ မည့်မပြတ်၊ တတွတ်တွတ်လျင်၊ ရေရွတ်မြည်တမ်း၊' ဟူသော်စပ်အင် နှင့်၊ သုဝဏ္ဏသို့သူဌေးခဏ်းပျို၊ ၆၇ ၌ 'ကျီကြယ်တယ်ယိုင်၊ ဆင်ခြင်တုံတိုင်လည်း၊ မခိုင်လည်းကောင်း၊ ဖုန်ထောင်းထောင်းလည်း၊ **ရောင်းရောင်းမွဲမွဲ**၊ အိုးခြမ်းကွဲနှင့်၊ ခဝဲနွယ်ခြုံ၊ တော်သာအုံလျက်။' ဟူသော်စပ်အင်တို့၌တွေ့ရပေသေးသည်။ ဤ**သယော၊ သယောင်း** (သရောင်း) တို့၏မူလများကို အနွယ်တူ ဘာသာတို့၌ရှာဖွေကြည့်ရာအောက်ပါအတိုင်းတွေ့ရသည်။

ဘာသာ	စကား	အနက်
၁။ တိဗက်	ရြော	ပူစေ၊နွေးစေ၊
	ရြ	မာ၊ကျစ်၊ခဲ၊
	ရြသ်	ပျစ်၊ခဲ၊
၂။ မရူ	ရောင်း	မာ၊
၃။ ပေါင်းရွှေချင်း	ရော၊ရော်	ခြောက်၊သွေ့၊ညှိုး၊နွမ်း၊
	သ	ပူ၊နွေး၊ခြောက်၊ခန်း၊
၄။ လခဲရ်ချင်း	ရော် (Rao)	ခြောက်၊သွေ့၊
	ရော်	ပူစေ၊နွေးစေ၊ ကင်ဖုတ်၊
	ရော	ရှိ့၊မြှိုက်၊
၅။ ကချင်	သော၊သောင်း	ခြောက်၊သွေ့၊

၆။ ကရင်	သရော	မိုးစဲ၊မိုးပြတ်၊မိုးခေါင်၊
	သဉ်(သး)	ငတ်မွတ်၊ခေါင်းပါး၊
၇။ ထိုင်	ရောန်	ပူ၊
	သြော(သော်)	ညှိုးနွမ်း၊ပူဆွေး၊
၈။ တရုတ်	ဇော(G.5649)	ပူ၊ပူစေ၊
	ဇေ(K.198,M.3095)	ငင်း

ဇယားပါ ပုဒ်တို့သည်၊မြန်မာဘာသာ၌ **သယော၊သရော** နှင့် **သယောင်း၊သရောင်း** တို့ကိုသာမက၊ **ယော်**(ရွက်ယော်၊ညိုးယော်)နှင့် **ရော်**(ရွက်ရော်၊ညိုးရော်)ပုဒ်တို့ကိုလည်း သရုပ်ဖေါ်လျက်ရှိချေသည်။

သယော၊သရော နှင့် **သယောင်း၊သရောင်း** ၌ **သ** သည်ပေါင်းရွေချင်းဘာသာ **ပူနွေး၊ခြောက်ခန်း** ဟော **သ** ပုဒ်၊ကချင်ဘာသာ **ခြောက်သွေ့** ဟော **သော၊သောင်း** ပုဒ်၊ကရင်ဘာသာ **တော်မွတ်၊ခေါင်းပါး** ဟော **သး** ပုဒ်တို့မှ သက်ဆင်း၍ ရွေ့လျောဇာသော့ ပုဒ်ဖြစ်တန်ရာသည်။ မြန်မာဘာသာ ' နေသာ၊လသာ၊သာယာ' ဆိုသည်တို့တွင် 'တောက်ထွန်း၊ထွန်းလင်း'ဟော **သာ** ပုဒ်၊'နေစာလှံ'ဆိုသည်တွင် 'ပူနွေးသောအခြည်၊အရောင်' ဟော **စာ** ပုဒ်၊'ခြောက်သွေ့' ဆိုသည်တွင် 'ခြောက်' ဟော **သွေ့** ပုဒ် တို့သည်လည်းကျ **သ** ၏ပုဒ်ရင်းတို့တွင် သက်ဝင်သည်ဆိုရာ၏။ထို့ကြောင့် **သ** ပုဒ်သီး၏အနက် **ပူနွေး၊ ခြောက်သွေ့** ဟောဟုယူရာ၏။

သယော၊သရော နှင့် **သယောင်း၊သရောင်း** ၌နောက်ပုဒ်များသည် မရှုဘာသာ **မာ** ဟော **ရောင်း**၊ ပေါင်းရွေချင်းဘာသာ ' ခြောက်သွေ့၊ညှိုးနွမ်း' ဟော **ရော၊ရော်**၊ လခဲရိချင်းဘာသာ 'ခြောက်သွေ့'ဟော **ရော်**၊ 'ပူနွေး'ဟော **ရော်**၊ 'ရှိုး၊မြိုက်'ဟော **ရော**၊ ထိုင်ဘာသာ **ပူ** ဟော **ရောန်**၊ တရုတ်ဘာသာ **ပူ** ဟော **ဇော** ပုဒ်တို့နှင့်မိတ်တူဟုယူရာ၏။တရုတ်ဘာသာ၌ **ရ** သံမရှိ၊ **ရ** ကို **ဇ** ဟုယခု ရွတ်ဆိုလျက် ရှိသည်။ မိတ်တူ ပုဒ်တို့ကို ထောက်သဖြင့် မြန်မာဘာသာ၌ **သယော၊သယောင်း** ဟုရေးခြင်းထက် **သရော၊သရောင်း** ဟုရေးခြင်းကပို၍ သင့်သည်၊အရင်းခံကျသည်ဆိုရာ၏။ **ရော၊ရောင်း** တို့၏ အနက်ကိုလည်း **သ** ပုဒ်ကဲ့သို့ပင် မူလပဓာနအားဖြင့် **ပူနွေး၊ခြောက်သွေ့** ဟောဟုယူရာ၏။

တိဗက်ဘာသာ၊ 'ပူစေ၊နွေးစေ' ဟော **သြော** ပုဒ်၊ကရင်ဘာသာ၊'မိုးစဲ၊မိုးပြတ်၊မိုးခေါင်'ဟော **သရော** ပုဒ်တို့ကိုထောက်ပြန်သော်၊ မြန်မာဘာသာ၌ **သရော၊သရောင်း** ပုဒ်တို့တွင် **သရော** သည်မူလ၊ **သရောင်း** သည် **သရော**

ပုဒ်သက်ဟုယူရာ၏။ ထိုနည်းတူစွာ မြန်မာဘာသာ၌ 'ထောင်ကြာ' ဟော **ငေါ** မှ **ငေါင်း**၊ 'ဖူးရောင်' ဟော **ဖေါ** မှ **ဖေါင်း**၊ 'ဆူညံ' ဟော **သော** (သောသော) မှ **သောင်း** (သောင်းသောင်း)သို့ပြောင်းလဲသည့်သဘကမျှားလည်းရှိသည်။

အနက်တို့ကိုဆင်ခြင်သော် **နေပူ၊ပူနွေးခြင်း** ဟူသည်မူလဖြစ်ပုံပေါ်သည်။ နေပူ၍ချည်း နေသော်၊ မိုးမရွာ၊ မိုးပြတ်လပ်၊ မိုးခေါင်၍နေရာသည်။ နေပူ,မိုးခေါင်သော် လယ်ရာအသီးအနှံတို့ ခြောက်သွေ့,ခြောက်ခန်းရာသည်။ လယ်ရာအသီးအနှံတို့ခြောက်သွေ့ခြောက်ခန်းသော် အစာရှားပါး၊ ပြတ်လပ်၊ ငတ်မွတ်၊ ခေါင်းပါးသောဘေးနှင့် တွေ့ရာသည်။ သို့ဖြင့် မြန်မာဘာသာ၌ **သရော** နှင့် **သရောင်း** တို့တွင် **သရော** သည် ပုဒ်အုပ်ဖြင့်မူလဖြစ်သော်လည်း အနက်အားဖြင့် 'ငတ်မွတ်ခေါင်းပါးသောဘေး'ဟူသည့် နောက်ဆုံးသက်ကို ဆောင်လျက်ရှိ၍၊ **သရောင်း** မှာ **သရော** မှသက်လာခဲ့ရမည်ဖြစ်သော်လည်း၊ ထို့ထက်အရင်းခံကျသော 'ခြောက်သွေ့၊ခြောက်ခန်း' ဟူသည့်အနက်ကို ဆောင်လျက်ရှိသည်။

စပ်အင်တို့တွင် **သရောရောက်သည်၊သရောထန်သည်** ဆိုရာ၌ **ရောက်၊ထန်** တို့၏အနက်များမှာ ပေါ်လွင်ပေသည်။ ငတ်မွတ်-ခေါင်းပါးသော ဘေးဆိုက်သည်ကို **သရောရောက်သည်**၊ ထိုဘေးပြင်းပြလျက်ရှိသည်ကို **သရောထန်** သည်ဆိုသည်။ **သရေ ခိုင်းသည်** ဆိုရာ၌ **ခိုင်း** ပုဒ်၏အနက်ကိုသော် ဆင်ခြင်ရန်ရှိသည်။ 'ကျောခိုင်း၊ဖေးခိုင်း၊နံခိုင်း' ဆိုရာ၌ **ခိုင်း** ၏အနက်'တဖက်ဖက်သို့လှည့်၍ထား၊ မူ၍ထား၊ ပြသထား၊ပေါ်ထင်စေ၊' ဟော၊'ပုံခိုင်း' ဆိုရာ၌'ယှဉ်ပြိုင်ပြသ, ပေါ်ထင်စေ၊' ဟောဟုရှိရာ၊ **သရောခိုင်းသည်** ဆိုရာ၌ **ကျောခိုင်း** ဆိုသည်၌ကဲ့သို့'ငတ်မွတ် ခေါင်းပါးသောဘေးကို လူတို့၏ဖက်သို့လှည့်ထား၊ မူထား၊ပေါ်ထင်စေ' ဟူသောအနက်ဖြင့် ကောက်ယူသင့်သည် ထင်၏။တိုတိုနှင့် လိုရင်းကိုဆိုသော်၊'ငတ်မွတ်ခေါင်းပါးသောဘေးပေါ်ထင်နေ,ပေါ်ပေါက်နေ၊'ဟူ၏။

သနော၊သရောင်း ဟူသော အရေးမှန်တို့သို့လိုက်၍၊ **ခြောက်သွေ့၊ညှိုးနွမ်း** ဟောပုဒ်ကိုလည်း **ရော်၊ ရွှက်ရော်၊ ညှိုးရော်၊ရင့်ရော်** ဟုရေးမှရွေ့နောက်ညီညွတ်,ကျန,မှန်ကန်ရာသည်။ဤအနက်တို့တွင် **ခြောက်သွေ့** ဟူသည်မှာမူလဖြစ်၍၊တစုံတရာ **ခြောက်သွေ့** သော် **ညှိုးနွမ်း** ၍သော်လည်းသွားရာ၏၊ **မာကျော** ၍သော်လည်းလာရာ၏။ထို့ကြောင့် **ရော်** ၏အနက် **ရွှက်ရော်၊ညှိုးရော်** တို့၌ **ညှိုးနွမ်း** ဟော၊ **ရင့်ရော်** ၌ **မာကျော** ဟောဟုယူရာ၏။ဤပုဒ်ကိုသော် **ရော်** ဟုပင်ကဗျာတို့၌ ရေးစပ်လျက်ရှိသည်ကိုတွေ့ရသည်။

(၁)။ "ကျုံကျုံလှိလှိ၊ တိတိမျော့မျော့၊ ဖြော့တော့ထွေငေါ်၊ **ဖက်ရော် အတူ**၊ ကြုံသည့်နှင့်။" ။ဆုတောင်းခဏ်းပျို၊၄၉။

(၂) "ချပ်ရုံသမ်းမဲ၊ **ပွင့်ရော်လဲသို့**၊ မြဲလတ်သမြို့။" ။သုဝဏ္ဏသို့သူဌေး ခဏ်းပျို့၊ ၈၄။

(၃)။ "ကြောင့်ကြဖန်များ၊ မွေးသောအားလျင်၊ ရှည်လျားလတ်သော်၊ **ဖက်ရွက်ရော်သို့**၊ သူတော်သွေးရည်၊မတည်မည်တည့်။" ။ဂင်း ၉၀။

ဆုတောင်းခဏ်းပျို့၊ ၄၀ ၌ 'တီးပြင်အိုးကျဉ်း၊ လံပါးဖျဉ်းနှင့်၊စိုးစဉ်းမထူး၊ သရော်တူးခဲ့။' ဟူ၍ဂင်း၊ ယင်း ၅၁ ၌ 'အူအူစော်စော်၊ သရော်တည်း၀င်၊ ကိုယ်မစင်၌၊' ဟူ၍ဂင်း၊စပ်ဆိုသည်တို့၌ **သရော်** ကိုသော်၊ဤတွင် 'ခြောက်သွေ့၊ ညိုးနွမ်း၊မာကျော' ဟော **ရော်** ပုဒ်သက်ဟုမယူသင့်၊ **တရော** အကြောင်း၌ဖေါ်ပြခဲ့သည့်၊ **ခဲကို၊ခဲပျစ်** ဟော **တရော်** နှင့်အနက်တူဟု ယူသင့်သည်။သို့ရာတွင် **ခက်တရော်** ဆိုသည်၌ **မာကျော** ဟော **ရော်** ပုဒ်မှာဤ **ရော်** ပုဒ်ပင်ဖြစ်သည်။

'တရောခိုင်း၊ ခြောက်သရောင်း၊ ရွက်ရော်၊ညိုးရော်၊ ခက်တရော်' ဆိုသည်တို့တွင်၊**ရော၊ရောင်း၊ရော်**၊ပုဒ်တို့မှာရင်းမြစ်တူ,အနက်ပရိယာယ်တူများဖြစ်သဖြင့်, ယင်းတို့ကို စံနစ်တခုတ်ညီးထားကာ **ရ** ကြီးဖြင့်ချည်း ရေးမှသင့်ရာသတည်း။

၉၄။ သ၊ချမ်းသ၊သဘာ

ပုဂံခေတ်၌ **သာ** ကို ပုဒ်ထိုးအနေဖြင့်သော်၎င်း၊ ပုဒ်တွဲအနေဖြင့်သော်၎င်း၊ အနှံ့အပြား, နှစ်ခြိုက်မြတ်နိုးစွာသုံးခဲ့သည်။ 'ကျောင်းလည်း သာစွာပြု၏၊' ဟူ၍ဂင်း၊ 'အိမ်တေးသာလေး သာနိုးစွာ၏၊' ဟူ၍ဂင်း၊ရေး ဆိုသည့်ပြင်၊ 'ပသာ (ပတ်သာ)၊ မြစ်သာ၊ရွာသာ၊ မြို့ခင်းသာ၊ ညံ့သာတိုက်၊ နံ့သာရွာ၊ပြည်တော်သာ' စသောအမည်များလည်း များစွာရှိသည်။ ကိုစိတ်တို့၏ အခြင်းအရာနှင့်စပ်လျဉ်း၍လည်း' နှစ်လုံးချမ်းသာ၊ကိုချမ်းသာ၊ ဝမ်းသာ' ဟူ၍ဆိုပြီးလျှင် လူအမည်များကို ပင်'အိုန်ချမ်းသာ,ချမ်းသာကောင်း' ဟုမှည့်ခေါ်လေ့သေးသည်။ **သာ** တွင် **ယာ** ကပ်ကာ၊ **သာယာ** ဟူသော ပုဒ်တွဲကိုလည်း'သာယာစွာသောဓမ္မသာလေးပြု၏၊ သာယာစွာသော တန်ဆောင်းကြီးလေးပြု၏၊ သာယာစွာသောနိဗ္ဗာန်ချမ်းသာ၊ အရိပ်သာယာသော မွန်မ်းခေါင် တစွင့်သော ကြီးစွာသကျောင်းလေး ပြုတော်မူ၏။' ဟုကျယ်ပြန့်စွာရေးသားသုံးစွဲသည်။

သ၊ချမ်းသ၊သာယာ ဟူသောစကားများ အနက် **သာ** နှင့် **ချမ်းသာ** တို့သည် မြန်မာတို့၏ဇာတိချက်ကြွေဒေသကို ညွှန်ပြ၍၊ **သာယာ** ပုဒ်သည်မြန်မာတို့နှင့် မွန်တို့၏ယဉ်ကျေးမှုများ ပေါင်းစည်းလာသည့် အခြင်းအရာကို ညွှန်ပြ

သည်။ **သာ** ပုဒ်၏အနက်၊ **အရှေ့၊အနောက်** အကြောင်းဋ္ဌဖေါ်ပြခဲ့သည်အတိုင်း၊ 'နေသာ၊လသာ' ဆိုသည်ဋ္ဌကဲ့သို့ 'ထွန်းလင်း၊တောက်ပ' ဟောသည် မူလဖြစ်၏။ မြန်မာတို့၏ ဇာတိချက်ကြေ အရပ်ဋ္ဌ ဆီးနှင်းမြူတိမ်များ အမြဲတစေလိုပင် ဆင်ဆိုင်း အုံမှိုင်းလျက်ရှိချေရကား၊ ယင်းတို့အဖို့ နေထွက်ပြူ, ထွန်းတောက်လာမှ သာလျင်ကိုစိတ်နှစ်ဖြာချမ်းသာရွှင်လန်းမွေ့လျော်ခြင်းကိုရရှိသည်။ ထို့ကြောင့် **နေသာ** ခြင်းကိုစွဲ၍ **ချမ်းသာ၊ဝမ်းသာ၊နှစ်လုံးသာ** ဟုပြောဆိုသုံးစွဲသည်။ တဖန် **ချမ်း** နှင့် **သာ** ကိုတွဲဖက်ကာ 'ကိုစိတ်နှစ်ဖြာ ရွှင်လန်း, နှစ်သိမ့်မွေ့လျော်ခြင်း' ကို **ချမ်းသာ** ဟုဆိုခြင်းဖြင့်၊ယင်းတို့သည် **ချမ်းအေး** သောဒေသဇာတိသားများဖြစ်သဖြင့် **ပူအိုက်ခြင်း** ကိုမနှစ်သက်၊ အလိုမရှိ၊သုခဟုမယူဆ၊ **ချမ်းအေးခြင်း** ကိုသာလျင် နှစ်သက်,အလိုရှိ, သုခဟုယူဆကြောင်းပေါ်ထွက်လျက်ရှိ၏။ထို့ကြောင့် **သာ၊ချမ်းသာ** ဟူသောစကားများကိုထောက်သဖြင့် မြန်မာတို့သည် လွန်စွာ ချမ်းအေး၍၊ဆီးနှင်းမြူတိမ်များအုံမှိုင်း, ဆွဲဆိုင်းနေလေ့ရှိသော မြောက်ဖက်-အေးသမပိုင်း ဇာတိသားများဖြစ်ကြောင်းသိရာ၏။

သာယာ အကြောင်းကို၊ ဝေါဟာရထွပကာသဲ့ဂိဉ် ဒုတိယကျော်အောင်စံထားဆရာတော် ဖွင့်ဆိုလျက်ရှိသည်မှာ "**ယာ** ကာရန္တဋ္ဌကား **သာယာ** သည် ဆိုမိန့်သော အရာထင်၏။ထိုဋ္ဌ **သာသည်** ဟူသောစကား၏အရ မွေ့လျော်ဖွယ်ရှိသည်ဟူသော အနက်သာရ၏။ **ယာ** ဟူသောစကားအရ မထွက်၊ပြေပြစ်ရုံဖက်ကာမျှသာဖြစ်သင့်၏။"အထက်ဋ္ဌဆိုခဲ့သည့်အတိုင်း 'မွေ့လျော်ဖွယ်' ဟူသည်မှာ **သာ** ၏အနက်ရင်းမဟုတ်၊အနက်ပွားသာဖြစ်သည်။ **ယာ** ပုဒ်ဋ္ဌလည်းအနက်မရှိ၊ **သာ** ၏ပြေပြစ်ရုံ ဖက်တွဲသံမျှသာ ဖြစ်သည်ဟူသော အဆိုမှာလည်း မမှန်ချေ။ **ယာ** ပုဒ်သည် မွန်ဘာသာ **ယး** ပုဒ်ပင်ဖြစ်၍၊မွန်ဘာသာဋ္ဌ **ယး** ပုဒ်၏ အနက်မှာလည်း၊မြန်မာဘာသာ **သာ** ပုဒ်၏အနက်အတိုင်း '(နေ) ထွန်းလင်း၊ တောက်ပ' ဟောပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာဘာသာဋ္ဌ **သာသာ** ပုဒ်မှာ မြန်မာ-မွန်သမာသ်ပုဒ်ဖြစ်၍၊ မူလအားဖြင့် '(နေ)ထွန်းလင်း၊တောက်ပ'ဟော။ထိုမှသက်၍ 'မွေ့လျော်ဖွယ်၊ရွှင်လန်းဖွယ်၊နှစ်သက်ဖွယ်၊ပျော်ရွှင်ဖွယ်' စသည်ဟောဖြစ်သည်ယူရာ၏။ **ယာ** ၏ရင်းမြစ်ကိုထောက်သဖြင့် **သာယာ** ဟူသောပုဒ်တွဲသည်၊ မွန်-မြန်မာတို့၏ ယဉ်ကျေးမှုများ ပေါင်းစပ်ပြီးမှ ထွက်ပေါ်လာသော စကားဖြစ်ရာသည်။

အင်းဝကဗျာခေတ်သို့ ရောက်သောအခါ၊ **သာ** ဟူသော စကားလှကလေးကို၊အနက်တိုးတက် ထိရောက်ကျယ်ပြန့်စွာသုံး၍လာသည်ကိုတွေ့ရသေးသည်။

(၁)။ "လေသွန်ပျော်ခန်း၊ ဆင်ကျုံးကွန်းက၊လမ်းမဖိုင်ဖိုင်၊ကျောင်းတော်

တိုင်အောင်၊ **သာဘောင်တိတိ**၊ မြေပြင်ညီလျက်၊ခတ်ထိခလုတ် ငြောင့်သစ်ငုတ်လည်း၊ထွင်နုတ်ပယ်ခွာ၊စည်မျက်နှာသို့။”။သျှင်ရဋ္ဌသာရဆို တန်တားဦးမင်္ဂလာစေတီမော်ကွန်း။၅။

(၂)။ “တောဝယ်မွေ့သည်၊ရသေ့တန်မဲ့၊ **သာဘောင်ဖွဲ့ဟု**၊ ကဲ့ရဲ့လည်းရ”။ ။ဆုတောင်းခဏ်းပျို၊၉၃။

(၃)။ “ပျော်ပါးစေအောင်၊ သားလတ်မောင်တို့၊ **သာဘောင်တစု**၊ ညီလာပြုသည်။”။ ။ဘူရိဒတ်လင်္ကာကြီး၊၂၅၄။

(၄)။ “ထိုရောအခါ၊ငါဠဒ္ဓဲခယ၊လုပ်ကျွေးစသည်၊မောင်းမတထောင်၊ **သာစဘောင်ဖြင့်**၊ ဆောင်ဆောင်သမျှ၊ကိစ္စပြီးစီး။” ။ငင်း၊၄၀၅၊

(၅)။ “မသမ်းမြူမှောင်၊အဆောင်ဆောင်တည့်၊ **သာခေါင်ချမ်းမြေ့**၊ ပြာသာဒ်ရွှေတွင်၊ခြဆေး့ခံရာ၊တံခါးသာနှင့်။” ။သာဓိနပျို၊၁၁။

ထုတ်နုတ်ချက် (၁) တွင်လမ်းမကြီး၏ ဆူးငြောင့်၊ခလုတ်ကင်းစင်၍၊ပြန့်ပြူးညီညာ၊သာယာသည့် အခြင်းအရာကို **သာဘောင်** ဟုဖွဲ့ဆိုလျက်ရှိသည်။ (၂)၌ **သာဘောင်ဖွဲ့** ဆိုသည်မှာ ပျော်ပွဲ ရွှင်ပွဲ ကျင်းပခြင်းဖြစ်သည်။ (၃)၌ဝမ်းမြောက်ပျော်ရွှင်နေသောလူတို့ကို **‘သာဘောင်တစု’** ဟုဆို၍၊(၄)၌ပျော်ရွှင်မြူးတူး နေသောအဖြစ်ကို **သာစဘောင်** ဟုဆိုသည်။ မွေ့လျော် ပျော်ရွှင်ဖွယ်အကောင်းဆုံးသောဘုံနန်းပြာသာဒ်တို့၏ အခြင်းအရာကို **သာခေါင်ချမ်းမြေ့** ဟု(၅)၌ဖွဲ့ဆိုလျက်ရှိသည်။

သာ နှင့်ဆန့်ကျင်ဖက် အခြင်းအရာဘို့ကိုလည်း၊ဆုတောင်းခဏ်းပျို၊ ၁၅၇ တွင်‘အပြည့်ရေလောင်၊ နက်ချောင်တံစီး၊ **မသာကြီးဌ်**၊ ခြားဆီးပါကြ၊ အရာကျသည်၊လမ်းမထိုယင်း၊ငါတာခင်းကား၊’ဟူ၍ငင်း၊ပြာဠိဟာခဏ်းပျို၊၅၈ တွင်‘ကြာတင်ရှည်လျား၊နွေရက်များသော်၊လှည်းသားငါးရာ၊ဝေးကလာ၍၊ **မသာလဲ့းကြီး**၊ ညှန်ခရီးတွင်၊တံစီးချုပ်ကိုင်၊ မတက်နိုင်ပဲ၊မြင့်မြဲကြာတင်၊’ ဟူ၍ငင်း၊ စပ်ဆိုကြသေးသည်။မျက်မှောက်ခေတ် တွင်သော် **မသာ** ဆိုလျင် **သူ့သေ** နှင့် သာအများအားဖြင့် တွဲဖက်နာလည်လျက်ရှိကြသည်။

သို့ဖြင့် **သာ၊သာယာ** တို့၏အနက် **နေသာ၊လသာ**ဆိုသည်တို့ဌ်ကဲ့သို့၊ **ထွန်းလင်း၊တောက်ပ** ဟောသည် မူလဖြစ်၍၊ ထိုမှ‘နှစ်လုံးသာ၊ ဝမ်းသာ၊ ကျန်းခံသာ၊ ပတ်သာ၊လမ်းသာ၊စခန်းသာ၊မြစ်သာ၊ရွာသာ၊ ကုန်းသာယာ’စသဖြင့်ဆိုသည်တို့တွင်‘မွေ့လျော်ဖွယ်၊ကြည်နူးဖွယ်၊ ရွှင်လန်းဖွယ်၊ ပျော်မြူးဖွယ်၊ နှစ်သက်ဖွယ်၊တင့်တယ်၊လှပ’စသော အနက်တို့သို့သက်ဆင်းပုံသဏ္ဌာန်သဏ္ဌာန်သည်။

ချမ်းသာ ၏အနက်မှာလည်း ထို့နည်းတူစွာ‘ ကိုစိတ်နှစ်ဖြာမွေ့လျော်, နှစ်

သိမ့်,ပျော်ရွှင်'ဟူသည်မှာမူလဟော၁ထိုမှ'ပစ္စည်းဥစ္စာ စသည်ပေါများ, ကြွယ်ဝ' ဟောသို့သက်ပြန်သည်ယူရာသတည်း။

၉၅။ သိခင်၊သခင်

ပုဒ်ရင်း **သွိင်၊သိခင်** နှင့် ပုဒ်သက် **သွင်၊သခင်** ဟူသော၁စကားကို၊ ယင်းတို့နှင့်အနက်ပရိယာယ်တူ၊ **သင်၊သင်ကြီး၊သျင်၊အသျင်** ဟူသော စကားများထက်ပင်၊ပုဂံခေတ်၌အသုံးများသည်။ ပုဂံခေတ်ဦးပိုင်းတွင်ထိုး ဂူပြောက်ကြီးကျောက်စာ၌'ပုရာသွင်၊ငသွင်'ဟူသော၁အရေးများကို စတင်တွေ့ရပြီးနော်က၊ 'ငါသွိင်၊ ပုဟိုသွိင်၊ ငသွိင်မင်ကြီ၊ သွိင်မဟာထေရ်၊ သွိင်မဟာပဏ္ဍိတ်၊ သွိင်ငါကောင်ရှည်သင်၊ သွိင်ငါဖုက်သင်၊ ပြည်ကြီသွိင်မင်ကြီ၊ ဖုရာသိခင်၊ ပုဟိုသခင်၊ သွိင်အနန္တသူ၊အစောကြွမ်းသွိင်' စသဖြင့်အမြောက်အများ၌ ရေးသားသုံးစွဲသည်ကိုတွေ့ရသည်။ဤသို့တွေ့ရသည်၌ **သွိင်၊ သွင်** ဟူသော်လုံးဆင့်အရေးများကို၊ **သိခင်၊သခင်** ဟူသော၁လုံးချင်းအရေးများထက်၎င်း၊ **သွိင်** ဟူသော **အိ** သရနှင့်အရေးကို **သွင်** ဟူသော **အိ** သရမဲ့အရေးထက်၎င်း၊ပို၍သုံးစွဲလေ့ရှိသည်ကိုလည်းသတိမူမိသည်။

တဖန် **သိခင်၊သခင်** ဟူသော၁ဂုဏ်တင်စကားများကို ဗုဒ္ဓဖုရားသျင်၊သံဃာတော်အသျင်များ၊ ဘုရင်၊ မင်း၊ မင်းသား၊မင်းသမီး၊ အမတ်ကြီးများ စသော၁ မြင့်မြတ်,စိုးမိုး,ကြီးကဲသူတို့နှင့်သာ တွဲဖက်သုံးစွဲသည်ကိုတွေ့ရသည်။ **သိခင်** ပုဒ်ရင်းကိုခွဲကြည့်ရာ၊ **သိ** ပုဒ် **ခင်** ပုဒ်တို့သည်လည်း 'ဘုရင်၊မင်း၊အသျင်၊သိခင်၊ အကြီး၊အကဲ'ဟော၁ချည်းဖြစ်ကြောင်း အောက်ပါအတိုင်းတွေ့ရသည်။

(က) **သိ** နှင့်မိတ်တူပုဒ်များ—

ဘာသာ	စကား	အနက်
၁။ တရုတ်	သျီ၊စိ	အကြီးအကဲ၊အသျင်သိခင်၊ဆရာ၊ ခေါင်းဆောင်၊
၂။ တိဗက်	ရြိဒ် (စိ) ရ်ဇေ	မင်း၊မင်းသား၊စစ်သူကြီး၊ ဘုရင်၊မင်း၊အသျင်၊သိခင်၊
၃။ လိစု	စိ (ဖ)	အသျင်၊သိခင်၊အကြီး၊အကဲ၊

မြန်မာဘာသာ **သိ** နှင့်တကွအထက်ပါပုဒ်တို့တွင် တရုတ်ဘာသာ သျီ(မင်းသုံး)၊ **စိ** (ကန်တုန်နယ်သုံး)ပုဒ်တို့သည် မူရင်းဖြစ်ပုံပေါ်သည်။ မြန်မာဘာသာ

တွင် **အမိ၊ ဝိ** (ဟုတ်ပိ၏)၊ **လိ** (ဟုတ်လိနိုး) တို့မှ **အမေ၊ ပေ** (ဟုတ်ပေ၏)၊ **လေ** (ဟုတ်လေနိုး)တို့သို့ပြောင်းသည့်နည်းတူ **သျှိ၊စိ** မှ တိဗက်ဘာသာ **ရ်ဇ** သို့ပြောင်းနိုင်ရာသည်။ကျန်အသံနှင့်အနက်တို့၏ပြောင်းလဲခြင်းတို့ကိုသော် တွေ့ခဲ့ရလှပြီဖြစ်သဖြင့် ဤဥ်အကျယ်မဖေါ်ပြလိုတော့ပေ။

(ခ) **ခင်** နှင့်မိတ်တူပုဒ်များ—

ဘာသာ	စကား	အနက်
၁။ မွန်ဂိုလ်	ခန်	အသျင်၊သိခင်၊မင်းသား၊
၂။ တရုတ်	ခင်	မြင့်မြတ်၊ကြီးမြတ်၊
၃။ တိဗက်	မ်ဂေါန်	အသျင်၊သိခင်၊အကြီး၊အကဲ၊
၄။ နုန်း	ခင်	အသျင်၊ပိုင်သျင်၊

မြန်မာဘာသာ **ခင်** နှင့်တကွ အထက်ပါပုဒ်တို့တွင် မွန်ဂိုလ်ဘာသာ **ခန်** ပုဒ်သည်မူရင်းဖြစ်ပုံပေါ်သည်။ တိဗက်ဘာသာ **မ်ဂေါန်** ပုဒ်ကို ဤ **ခန်** တွင် **အော** သရသံဝင်ကဲ့သို့ **ခ မှ ဂ** ဗျည်းသံသို့ ပြောင်းလဲသွားသဖြင့် ရအပ်သည်။ ပုဒ်တို့၏အနက်များမှာလည်း ထပ်တူမျှရှိကြသည်။မွန်ဂိုလ်ဘာသာ **ခန်** ပုဒ်သည် ယင်းလူမျိုးများ ကြီးစိုးခဲ့ဖူးခြင်း၊ ယင်းတို့၏ အဆက်အနွယ်များ ကြွင်းကျန်ရစ်ခဲ့သေးသော အာရှတိုက် အံနောက်ပိုင်းနေ၊ တူရကီလူမျိုး၊ အီရက်လူမျိုး၊ အီရန်လူမျိုး၊အဖဃန်လူမျိုး၊ပါကစ္စတန်လူမျိုး၊အိန္ဒိယနိုင်ငံရှိ မဂိုလ်လူမျိုးတို့၏အမည်များတွင် ယနေ့တိုင်ခေတ်စားလျက်ရှိပြီးလျှင်၊မြန်မာနိုင်ငံအတွင်း၌ပင်မင်းမျိုး, အမတ်မျိုးတို့၏ အဆက်အနွယ် အမည်များတွင် **ခန်** ပုဒ်သက် **ခင်** ပုဒ်ကို ထည့်သွင်း သုံးစွဲလျက်ရှိသေးကြောင်း အကျယ်ဖေါ်ပြရန်မလိုတော့ချေ။

ပုဂံခေတ်ဦး၌ **သ္ခိင်၊ သိခင်၊ သ္ခင်၊ သခင်** ပုဒ်များ အသုံးတွင်ကျယ်လျက်ရှိသည်ကိုထောက်သော်၊ မြန်မာလူမျိုးတို့သည်၊မြန်မာနိုင်ငံတွင်းသို့မသက်ဆင်းမီ၊ ရှေးပဝေဏီကာလကပင် တရုတ်လူမျိုး,မွန်ဂိုလ်လူမျိုးတို့နှင့် ရင်းနှီးစွာဆက်ဆံခဲ့ရပေမည်ဖြစ်သတည်း။

၉၆။ သီခြင်းခံ

နှစ်ပေါင်းလေးဆယ်ခန့်(၁၂၀၅ ခုနှစ်)ကပေါ်ထွက်လာသောဂီတဝိသေသခန်းခေါ်ကျမ်းတွင်၊ရှေးသီခြင်းကြီးများကိုဖေါ်ပြရာဝယ်၊ရှေးအစဉ်အလာအားဖြင့် **သီချင်းခံ** (သီခြင်းခံ) ဟုခေါင်းစဉ်တပ်ခဲ့သည်တို့ကို **သီချင်းခန့်** (သီခြင်းခန့်)

ဟု အသစ်တီထွင် ခေါင်းစဉ် တပ်ခဲ့သည်မှ၊ ပညာသည်များနှင့် ပညာရှိများနယ် တွင်ရှေးက **သီခြင်းခံ** ဟုခေါ်ခဲ့သည်ကိုအဓိပ္ပါယ်မရှိသယောင်၊ **သီခြင်းခန့်** ဟု ရေးမှအဓိပ္ပါယ်ရှိသယောင်၊မှန်သယောင်ယောင်၊ဝိုးဝါးတွေးထင်ကာ၊ **သီခြင်းခန့်** အရေးနောက်သို့ ကောက်ကစင်း လိုက်ပါသွားသူများလည်းရှိသည်။ သို့ရာတွင် **သီချင်းခန့်**(သီခြင်းခန့်)ဟူသောအရေး၌အပြစ်နှစ်ခုရှိကြောင်းတွေ့ရသည်။ တခုမှာ ရှေးအစဉ်အလာအခေါ်အသုံးအတိုင်းမဟုတ်ခြင်းနှင့်တခုမှာသတ်ပုံမှား နေခြင်းဖြစ်သည်။

ရှေးက **သီခြင်းခံ** ဟု ရေးသားခေါ်ဆိုခဲ့သော သီခြင်းကြီးများတွင်စပ်ဆို ဖွဲ့နှဲ့ပုံနှင့်တီးကွက်တီးချက် စသည်တို့မှာ လွန်းစွာထယ်ဝါ့ခမ်းနားပါသည်၊ ထို့ ကြောင့်ဤထယ်ဝါခမ်းနားသည်ဟူသောအနက်ဖြင့် ယင်းတို့ကိုခေါ်လိုပါသည် ဟုဆိုလျှင်လည်း **သီချင်းခံ့**(သီခြင်းခံ့)ဟုသာရေးသားခေါ်ဆို၍၊ **သီချင်းခန့်** (သီခြင်းခန့်)ဟုမရေးသားမခေါ်ဆိုသင့်ပါ။

မြန်မာဘာသာ၌ **ခန့်** နှင့် **ခံ့** အရေးနှင့်အသုံးတို့အနည်းငယ်ရောထွေးနေပါ သည်။ **ခန့်** ၏အရေးနှင့် အသုံးများမှာ (၁)၊ **မှန်းဆ၊ထွက်ဆ-** ခန့်မှန်း၊ခန့် တွက်၊တနာရီခန့်၊ လူတရာခန့်။(၂) **အခိုက်အတန့်-** အခန့်သင့်၊ အခန့်တော်၊ အခိုက်အခန့်။(၃) **စီမံ၊စီရင်-** ခန့်ရန်၊ခန့်ခဲ့၊ရာထူး ခန့်ထား၊ခန့်အပ်၊ခန့်စီမံဟူ၍ သာရှိသင့်သည်။ **ခံ့** ၏အရေးနှင့်အသုံးမှာ(၁) **သန်မာတောင့်တင်း-**ခိုင်ခံ့၊ ကျန်းခံ့၊မာမာခံ့ခံ့။(၂) **ကြီးမား၊ကြီးကျယ်၊ ခမ်းနား-**လူခံ့၊ခံ့ညား၊ခံ့ခံ့ ညားညား၊ပမာခံ့၊ပမာမခံ့ဟူ၍ရှိသင့်သည်။

ဖေါ်ပြပါအရေးနှင့် အသုံးတို့တွင် **ခံ့ညား** နှင့် **ခန့်ညား၊ပမာမခံ့**၊ နှင့် **ပမာမခန့်** တို့ရောထွေး မှားယွင်းနေတတ်သည်။ **ခံ့ညား** တွင်နာမဝိသေသန ပုဒ်နှင့် ကြိယာပုဒ်ဟူ၍ နှစ်မျိုးရှိသည်။ဥပမာရုပ်ကောင်းမွန်၊ထယ်ဝါ၊ကြီးမားသူ ကို **ခံ့ညားသူ** ဟုဆိုလေ့ ရှိသည်။ဤတွင် **ခံ့** ၏ အနက် **ကြီးမား၊ကြီးကျယ်၊ ခမ်းနား** ဖြစ်၍၊ **ညား** ပုဒ်မှာ‘စွဲမှတ်၊ ထင်မှတ်၊ ရည်မှန်း’ဟော **ယိုးယား** ဟူ သောစကားတွင် **ယား** နှင့်သံပြောင်းသံလဲ၊ **ယား** ကဲ့သို့ပင်‘ရည်မှန်း၊ရည်မှတ်’ ဟောဖြစ်သည်။(ယိုးယား၊ရှိုးရှား အဖွင့်ကိုပြန်ကြည့်)။ထို့ကြောင့် **ခံ့ညား** ၏ အနက် ‘ကြီးမား,ကြီးကျယ်, ခမ်းနား ဟု ရည်မှတ်,ထင်မှတ်, ရည်မှန်းလောက် သော’ဟူ၏။‘မင်းအားရိုသေခံ့ညားဆိုသည်၌ကဲ့သို့ **ခံ့ညား** ကိုကြိယာအဖြစ်ဖြင့် သုံးသောအခါ၊ **ခံ့ညား** ၏အနက်ကို ထို့အတိုင်း ကျအောင် ‘ကြီးမား၊ကြီး ကျယ်၊ ခမ်းနားဟု ရည်မှတ်,ထင်မှတ်,ရည်မှန်း’ဟု ကောက်ယူရာ၏။‘မင်းအားရို သေခန့်ညား’ဟုဆိုလျှင်ဤတွင်လိုအပ်သောအနက်မဟုတ်၊ **ခန့်** ကလည်း **ခန့်မှန်း**

ဟော၊ **ညား** ကလည်း‘ စွဲမှတ်၊ထင်မှတ်၊ရည်မှန်း ’ဟော ဖြစ်သဖြင့်‘ ခန့်မှန်းထင်မှတ်’ဟူ၍သာ၊ကြီးကျယ်ခမ်းနားပါပေသည်ဟု လေးစားခြင်းသို့မရောက်ပဲ၊စိတ်၌သာ တဝဲလည်လည် ခန့်မှန်း,ရည်မှန်းနေရာကျပေမည်။ ထို့နည်းတူစွာ **ပမာမခံ့** ဟုရေးဆိုလျှင် ‘ကြီးကျယ်ခမ်းနားသည်ဟု မထင်မှတ်၊ကြီးကျယ်ခမ်းနားသည့်အနေဖြင့်မလေးစား’ဟုလိုအပ်သောအနက်ကိုရရှိ၍၊ **ပမာမခန့်** ဟုဆိုလျှင်‘ပမာဏကို မခန့်မှန်း’ဟူ၍သာ မတင်မကျ လိုရာသို့မရောက်သောအနက်ကိုရပေမည်။

လူခံ့၊ **ခံ့ညား** ဆိုသည်တွင် **ခံ့** ပုဒ်မှာ ‘ခမ်းနားကြီးကျယ်၊ မင်းခမ်းမင်းနား’ဆိုသည်တို့တွင် **ခမ်း** ပုဒ်နှင့် သံတိုနှင့်သံရှည်မျှသာကွဲ၍၊ ဓာတ်တူအနက်တူ ဟုယူရာ၏။ထို့ကြောင့် ထယ်ဝါခမ်းနားသောသီခြင်း ဟူသောအနက်ဖြင့်ခေါ်ဆိုလိုလျှင်လည်း သီချင်းခံ့(သီခြင်းခံ့)ဟုသာရေးဆိုသင့်ပါသည်။သို့ရာတွင်ကျွှသို့ရေးဆိုသောအစဉ်အလာလည်းရှိခဲ့ပုံမပေါ်ပါ။ပေ,ပုရပိုက် တို့တွင် **သီခြင်ခံ၊ သီချင်ခံ** ဟု ပုဒ်တို့တွင် အမြစ်ဝိဇ္ဇနီမပါပဲ ရေးလျက် ရှိကောင်းရှိမည် ဖြစ်သည်ကို၊ရှေးအစဉ်အလာနှင့် ကဗျာ့စပ်အင်တို့ကို ထောက်သော် သီချင်းခံ (သီခြင်းခံ) ဟုသာ ဖတ်ယူ သင့်သည်ထင်ပါသည်။ တွေ့ရသမျှသော ကဗျာ စပ်အင်တို့တွင် **သီချင်းခံ** (သီခြင်းခံ) ဟုသာရှိပါသည်။

(၁)။ “တေးတျာအဲအန်၊ ဖေါင်ပြန် ဖေါင်ဆန်၊ မျောက်မင်းအူသံ၊ မယ်တော့်လက်သန်း(သံ ၇)၊ **ဆန်းလှသည့် သီချင်းခံ**၊ စီရရီညံရရံ၊ တသံနှင့်တသံ၊ နယ်ကန်ရှိမှတ်ရသည်။” ။ရာမရကန်၊၁၀။

(၂)။ “ကြိုးတသံဘွဲ့တသံ၊ဗေဒါရွက်သံ၊ ပတ်သီချင်းခံ၊ တချက်လှုတ်လက်မြန်၊ရွှေနန်းသူ့လွန်းသံ၊လင်းကွင်းကချက်မှန်၊ ဝါးလက်ခုပ်ကအရံ၊ မြိုင်လှသည့်နောက်ထိုင်သံ။” ။ရာမရကန်၊၃၆။

(၃)။ “ဗေဒါရွက်သံ၊ သီချင်းခံဘွဲ့တျာ၊ တေးလှာတေးထပ်၊ ကလပ်ငယ်ကြီး၊သီရှုပြီးသလို။” ။ရာမရကန်၊ဒု၊၁၆။

(၄)။ မကြာခင်းကျင်း၊ သာယာခြင်းဖြင့်၊ သီချင်းခံလို၊ ညှင်းသံဆိုတည့်၊ သံချိုလျောလျော၊တရောသွေးသွေး။” ။စန္ဒကိန္နရီပျို၊၇၆။

(၅)။ “လှော်ကနတ်သံ၊သီချင်းခံနှင့်၊ ညှင်းညံစာစာ၊ သဲသဲငြာက။” ။ စန္ဒကိန္နရီပျို၊၁၀၅။

(၆)။ “သံလယ်သံပြော့(ပျော့)၊သံလေးကြော့လျက်၊မယ်တော့်လက်သံ၊ သီချင်းခံနှင့်၊အသံကမောက်၊အန်ကထောက်လျက်။” ။အဘိရုကပျို၊၁၆၂။

ကဗျာတို့တွင်လည်းသီချင်းခံ(သီခြင်းခံ)စပ်အင်သာရှိ၍၊**သီချင်းခံ့**(သီခြင်းခံ့)စပ်အင်မရှိချေရကား၊ရှေးအစဉ်အလာအတိုင်း **သီချင်းခံ** (သီခြင်းခံ)ဟုသာ

ရေးဆိုသင့်ပါသည်။။ **သီခြင်းခံ** ၌လည်း ဆီလျော် ကောင်းမွန်သော အနက်ရှိပါသည်။ **အီခြင်းခံ** ၌ **ခံ** ပုဒ်မှာ 'အရင်းခံ၊အခြေခံ၊အရိုးခံ' ဆိုသည်တို့၌ကဲ့သို့ 'အရင်း, အခြေ,အရိုး, အစဉ် ၌ တည်ရှိ' ဟောဖြစ်ပါသည်။ ထို့ကြောင့်နောက်ပေါ်,အဆန်းအပြား,ပတ်ပျိုး,ယိုးဒယား,မွန်,ကရင်ဩ, ထဝယ်ဒိန်းသံ စသော သီခြင်းများမဟုတ်၊ရှေးအရိုးအစဉ်,အရင်းခံ,အခြေခံသီခြင်း ဟူသောအနက်ဖြင့် **သီခြင်းခံ** ဟုခေါ်ဆိုခဲ့သည်မှာ လွန်စွာမှ့ဆီလျော်သင့်မြတ်ပါပေသည်။ယင်းသီခြင်းခံကြီးများကိုလည်း၊ပညာသည်များအခြေခံထား၍ လေ့လာရ,တီးမှုတ်ရပါသည်။သို့ဖြင့် **သီခြင်းခံ** ဟုဆန်းကွန့်၍မရေးခေါ်ပဲ၊ **သီခြင်းခံ** ဟုသာရှေးရိုးစဉ်လာအတိုင်း ရေးခေါ်သင့်ပေသတည်း။

၉၇။ သော်မော်၊သောမာ

သော်မော် ဆိုသော စကားကို၊ဖိုးတော်မင်းတရား လက်ထက်တွင် ပြုစုရေးသားကြသော အီနောင်နန်းတွင်းဇာတ်တော်ကြီး၊ ဇာတ်ညွှန်းများ၌၊အစောဆုံးလောက်ပင် အောက်ပါအတိုင်းတွေ့မိသည်။

(၁)။ "မိဖုရားကြီးတို့လည်း သတိလွတ်ကွာ၍၊ မိန်းမောနေကြစေ၊ နန်းသူတို့လည်း အမွေးအထုံ သော်မော်များနှင့်လိန်းသပ်ကြစေ။" ။ဦးဖိုးစိန် နှိုင်းညှိ၊ ပြင်ဆင်ပုံနှိပ်သည့် အီနောင်နန်းတွင်းဇာတ်တော်ကြီး၊၃၇။

(၂)။ "နန်းသူတို့လည်း 'သတိဆောင်တော်မူပါ၊'ဟု ဆိုကြလျက်၊နှင်းရည်သော်မော်များနှင့် လိန်းသပ်ကြစေ။" ။ဂင်း ၃၈။

(၃)။ "သတိလွတ်ကွာ၍ မိန်းမောနေစေ။ နန်းသူတို့လည်း နှင်းရည်သော်မော်များနှင့်လိန်းသပ်ကျစေ။" ။ဂင်း ၆၈။

" အမွေးအထုံသော်မော်၊ နှင်းရည်သော်မော် "ဆိုသည်တို့တွင် **သော်မော်** သည်၊ အမူးအမော်တို့ကို ပြေစေတတ်သော 'အမွေးရည်၊ နံ့သာရည်' ပင်ဖြစ်ကြောင်းသိသာပေ၏။

အမရပုရခေတ်နှင့် မန္တလေးခေတ်တို့တွင် ရေးခဲ့သော သီခြင်း, ပျို့ကဗျာတို့၌လည်း **သော်မော်** ကို ထို့အတိုင်းလိုပင် **ရေမွှေး၊အမွှေးရည်၊နံ့သာရည်** ဟူသောအနက်တို့ဖြင့်ပင် အများအားဖြင့် သုံးလျက်ရှိသည်ကိုတွေ့ရသည်။

(၁)။ "နှင်းနှင့်ထုံပန်း၊စံပယ်ခေါင်ရန်း၊ **သော်မော်** အပြည့်လျှမ်းပါလို့၊ မင်းလမ်းစပ်ကာကာလေတည့်၊ မင်းလမ်းစပ်ကာကာ။" ။'ရွှေနန်းအောင်ချာ' ချီ၊အောင်ပင်လယ်ကြာချပ်ကြီးကြိုး။

(၂)။ "နဲ့ ယိမ်းယိုင်၊ကြာမြိုင် သော်မော်မော် မှာတဲ့လေး။ ဖွဲသိမ်းနိုင်၊ဗျာ လှိုင်ပျော်တော်တော် ပါခဲ့လေး။" ။နားခံတော်ဦးခြုံရေး၊ မိုးဖွဲအလှမ်းပတ်ပျိုး ကလေး။

(၃)။ " နန်းကြော့ ကေကေ၊ ဖျော်လဲ ပျော်တော်ရွှေနှင့်၊ သော်မော်ဘွေ ဘယ်စက်အုံးငယ်မှာ၊ဖုန်းစံသည့်မှန်း။" ။ ' စိန်ချယ်ခြူးသန်း ' ချီ၊ မြေတော် ယောင်မောင်ဖွဲ့ ပက်ပျိုးလတ်၊သဖြန်။

(၄)။ "ထုံနံ့ သာဟု၊ စမွာအကျော်၊မွေးသော်မော်ကို၊ ကိုယ်တော်မလိမ်း၊ ချမ်းငြိမ်းစေအပ်၊ပန်းစုံသပ်သား။" ။စိန္ဒကိန္နရီပျို၊၁၂၂။

(၅)။ " ပျံကြွယ်ကြော်၊ မွေးစုံဖျော်သား၊ သော်မော်သုမန၊ သုဓိကနှင့်၊ သွင်ပြသီရိ၊ကြိုင်စွာညီမူ။" ။အာဘိရုကပျို၊၉၃။

အထက်ပါ စပ်အင်တို့တွင်လည်း **သော်မော်** မှာ ' အမွေးအထုံရည် ' ပင်ဖြစ် သည်။အမွေးအထုံရည်မျှားပက်ဖြန်းထားသော ကြာညောင့်ညောင်စောင်း ကို ' ကြာမြိုင်သော်မော် ' ဟူ၍ဆင်း၊အမွေးအထုံရည်များဖြင့် ကြိုင်လှိုင်လျက်ရှိသော အိပ်ရာ့နေရာကို ' သော်မော်ဘွေ ' ဟူ၍ဆင်း၊ စပ်ဆိုထားသည်။

မျက်မှောက်ခေတ်တွင်ဆဲသော် **လှသော်မော်** ဆိုသောစကားကို သုံးလေ့ရှိ၍ **သော်မော်** ကို **သော်တာ၊စန္ဒာ၊လဝန်း** ဟူသောအနက်ဖြင့်၊အလှမယ်များကို ချီးကြူး,တင်စား,ဖွဲ့ဆိုလေ့ရှိသည်။

(၁)။ "မြင့်မိုတောင်ဦး၊ မကကျူးသည်၊ကျေးဇူးလွန်ပိုမို့။ပင်နန်းစံပျော်၊ လှသော်မော်ငယ်၊ခုသော်ဘယ်အလိုဟု၊ခေါ်သံကိုကျွန်ကကြား။ ။ကျေးစေ သျှိုးလိုက်ရတုများ၊၂၅။

(၂)။ "အိမ်တော်သာ သည်ဆောင်တွင်း၊ပင်နန်းစံပျော်၊လှသော်မော်ငယ်၊ ပျော်ပျော်စံရစ်လျှင်းပ၊နတ်မယွင်းသည်၊ယဉ်မင်းအိုသခင်။" ။ကျေးစေသျှိုး လိုက်ရတု၊ ၂၇။

(၃)။ "မြန်မနှေးသာပ၊ရွှေကျေးကတင်လျှောက်ရှာ။ ။ခင့်မောင်တော် ဝိဟာကျောင်းငယ်က၊ညောင်းလိမ့်စကြာ။ ။မလေးရွှေလှော်နတ်ကိုလ၊ချဉ်း ကပ်လို့ လာမည့်တာ၊ကေန်သာမှတ်စွဲ။ ။လှသော်မော်၊လာရေးအကြံပေါ်လို့၊ အမြန်နော်လာမည့်လမ်းကို၊တမ်းတမြော်နဲ့။" ။ကျေးစေသျှိုးလိုက်ရတု၊ ၃၇။

အထက်ပါ စပ်အင်တို့တွင် **လဝန်း** ကဲ့သို့ထွန်းပကြည်လင်သော အလှမယ်ကို **လှသော်မော်** ဟုဆိုလျက်ရှိသည်။ယင်းအနက်ဖြင့်ပင် **သောမာ** ဟူ၍လည်း အ ချို့သော ပျိုကဗျာတို့တွင် စပ်လေ့ရှိသည်။

(၁)။ "**စန္ဒာသောမာ**၊ သော်တာ်ထွန်းစည်၊ ဝန်းပြည့်ဖြိုးမျ၊မိုးကလေ။" ။သူဇာပျို၊ ၂၂၅။

(၂)။ "သသိရာဇာ၊ **မြသောမာဟု**၊ သော်တာသမယ၊ပေါ်လာပသို့၊နန်း မနရိန်၊ပျမ်းမျခါနိမူ။" ။အဘိရူကပျို၊ ၈၇။

ဤစပ်အင်တို့တွင် **သောမာ** ဟူသည်ယင်း၏အတွဲအဖက် **စန္ဒာ၊သော်တာ၊ သသိရာဇာ** ပုဒ်တို့ကပြည့်နှန်လျက်ရှိသည်အတိုင်း **လဝန်း** ပင်ဖြစ်သည်။

မြန်မာကဗျာစပ်အင်တို့တွင် ဤသို့လျှင် **သော်မော်** နှင့် **သောမာ** ဟူ၍ စကားနှစ်ရပ် ကွဲပြားရှိနေသော်လည်း၊ ယင်းတို့၏ သံသကြိုင့် ပုဒ်ရင်းမှာ တခု တည်းသာဖြစ်၍ **သောမ** ဖြစ်သည်။ **သောမ** ပုဒ်ကို ပထမဝိဘတ်ပြုသော် **သောမော** ကိုရသည်။ဤ **သောမော** မှ **သော်မော်** သို့ဝင်း၊ပုဒ်ရင်း **ဒသာမ** မှ **သောမာ** သို့ဝင်းကဗျာတို့တွင်သက်ခဲ့သည်။

ပုဒ်ရင်း **သောမ** ၏အနက်မှာ လွန်စွာကျယ်ဝန်းသည်။' အရည်၊သောမဟု ခေါ်သောအပင်ကိုကြိတ်၍ရသောအရည်၊ယင်းအရည်နှင့်ထောပတ်စသည်တို့ကို ရောနှော၊ အချဉ်ဖေါက်၍ရသော သေရည်၊အမြိုက်ရည်၊ လဝန်း၊ လနတ်သား၊ ကုဝေရနတ်မင်း၊သောမသေရည်ဖြင့် ရင်ဖူဇော်ခြင်း'ဒသည်တို့မှာယင်းပုဒ်အနက် ၏ တစိတ်တဒေသ မျှဖြစ်သည်။ **သောမ** ဟုခေါ်သော အပင်မှာအနွယ်ဟုဆို သည်။သို့ဖြင့် **သောမဝလ္လိ** သည် **ဆင်သွားနွယ်ပင်** ဟော၊ **သောမဝလ္လိကာ** သည် **ကန့်ကာပင်** ဟောဟု မောင်းထောင်ဆရာတော်ပြုစုသော ဝေါဟရတ္ထ ဘေဒကျမ်းနှင့်၊ ဦးဟုတ်စိန် ပြုစုသော ပါဠိ-မြန်မာ အဘိဓာန်တို့တွင် တွေ့ရရာ၊ ယင်းတို့အနက် တမျိုးမျိုးသည် **သောမပင်** ဖြစ်ပိမ့်လောဟု ထင်မိ၏။ထိုနှစ်မျိုး တွင်လည်း **ကန့်ကရာ** ပင် မှာမြေတွင် တွားပေါက်လေ့ရှိသောအပင်ဖြစ်၍၊ **ဆင်သွားနွယ်** သည်သာ အနွယ်ပင်စစ် ဖြစ်သဖြင့် **ဆင်သွားနွယ်** ကိုပင် **သောမ** ခေါ်ပိမ့်လောဟု တွေးရသည်။ **ဆင်သွားနွယ်** ပင် ကလည်း ဆေးဖက်ဦစွမ်း ပိ၏။

သောမ ၏အနက်မျှားတွင် 'အမွေးအထုံရည်၊နံ့သာရည်'ဟူ၍မတွေ့ရသော်လည်း၊ **အမြိုက်ရည်** ကိုပင်မြန်မာတို့က သင်းထုံမွှေးပျံသောအရည်ဖြစ်ရမည်ဟု ယူဆကာ၊'အမွေးအထုံရည်၊နံ့သာရည်'ဟူသောအနက်ဖြင့် **သော်မော်** ကိုသုံး ခဲ့သည်ထင်ဖွယ်ရှိသည်။ **လဝန်း** မှာ **သောမ** ၏အနက်ရင်းတွင်ပါပြီး ဖြစ်ပေ သတည်း။

၉၇။ သွေးချို၊သွေးသီ

ဟောင်းသစ်ပေါရာဏကျမ်းတို့တွင် **သွေးချို** ၏အနက် **တောင့်တ** ဟူ၍ဖြင်း၊ **သွေးသီ** ၏အနက် **ပြောဆို** ဟူ၍ဖြင်း၊ပြဆိုလျက်ရှိကြရာ၊ **သွေးချို** ကို **တောင့်တ** ဟောဟုဆိုသည်၌ မှန်သည်ဟု ယူဆဖွယ် ရှိသော်လည်း **သွေးသီ** ကို **ပြောဆို** ဟောဟုဆိုသည်၌ မှန်ပုံမပေါ်ချေ။

ပုဒ်သီးတို့ကို ဆင်ခြင်သော် **သွေးချို၊သွေးသီ** တို့တွင် **သွေး** ၏အနက်'သွေးဆောင်၊ သွေးငင်၊ ' ဆိုသည်တို့၌ကဲ့သို့ **အသာအယာဆွဲငင်, ဆောင်ယူ** ဟော ဖြစ်သည်။လေအသာအယာဆွဲငင်,ဆောင်ယူသည်ကို **လေသွေး** ဆိုသည်။ **သွေးချို** တွင် **ချို** ပုဒ်မှာ' မျက်နှာချို၊စကားချို၊ချိုသာ 'ဆိုသည်တို့၌ကဲ့သို့'သာယာ၊ ချင်ပြု၊နှစ်သက်ဖွယ်'ဟော။ထို့ကြောင့် **သွေးချို** ၏အနက်'မျက်နှာချိုသွေး' ဆိုသည်၌ကဲ့သို့'သာယာစွာဆွဲငင်,ဆောင်ယူ'ဟူသည်တိုက်ရိုက်အနက်၊ထို့မှ'သာယာစွာဆွဲငင်ဆောင်ယူလို၊လိုချင်၊ တောင့်တ' ဟူသော အနက်တို့သို့ သက်နိုင်ပါ၏။ ပါရမီတော်ခဏ်းပျို၊ ၄၄ (ရှေဟောင်း)၌ ' ငါသို့လောက်စင်၊ ပျင်းရောင်လျက်၊ ရချင်သွေးချို၊ဦးမစိုမူ၊'ဟူ၍ဖြင်း၊ဂင်း ၇၅ ၌'နိကွမကို၊တောင့်တသွေးချို၊ကျင့်လတ်လို၍၊'ဟူ၍ဂင်း၊ဂင်း ၉၁၌'နိဗ္ဗာန်မင်္ဂဖိုလ်၊ ရောက်ခလိုဟု၊ သွေးချိုပတ္ထနာ၊ လွှကမ်းခါ၌ 'ဟူ၍ဂင်း၊ စပ်သည်တို့၌ **သွေးချို** ၏ အနက်များကို **တောင့်တ** ဟု ကောက်ယူနိုင်ရာသည်။

သွေးသီ တွင် **သီ** ပုဒ်ကို'ပွတ်သိပ္ပတ်သပ်၊ရစ်သီ၊သီသီလွဲ၊သီကုံး၊သီတွဲ၊သီချုပ်' စသဖြင့်ဆိုသည်တို့၌ကဲ့သို့ 'ကပ်၊ပူးကပ်၊ယှဉ်ကပ်၊ပူးတွဲ'ဟောဟုယူရာ၏။ ' သီဆို၊ သီကြူး၊သီခြင်း)ဆိုသည်တို့၌လည်း **သီ** ၏အနက်ရင်းမှာ ယင်း၏ပုဒ်တွဲများ'ဆို၊ ကြူး၊ခြင်း'တို့ကဲ့သို့' အသံပြု၊သာယာသောအသံပြု၊ ရွတ်ဆို၊ကြူးရင့်'ဟောမဟုတ် 'စကားများ၊ စကားသံများကို ပူးဘွဲ့၊ ကုံးဖွဲ့'ဟော သာလျင်ဖြစ်သည်။ ယင်းသို့ စကားများ, စကားသံများကို ကုံးဖွဲ့ရွတ်ဆို, ကြူးရင့် သည်ကိုသာ မူလ၌ **သီဆို၊ သီကြူး** ဟုဆို၍၊ ရွတ်ဆို,ကြူးရင့်ရန် ပူးတွဲ,ကုံးဖွဲ့ထားသည့် စကားများ,စကားသံများကို**သီခြင်း** ဟုဆို၍၊နောင်မှသာ **သီ** ပုဒ်သည်ဤသို့ **ဆို၊ကြူး၊ခြင်း** တို့နှင့် ပူးတွဲသုံးပါများသဖြင့်သာ ယင်းတို့၏အနက်များ သက်ဝင်လာသည်ဟု ထင်ဖွယ်ရှိသည်။ ထို့ကြောင့် **သွေးသီ** တွင် **သီ** ကိုဆင့်ပွားအနက် **ရွတ်ဆို၊ကြူးရင့်** ဟု မကောက်ယူရာ၊ ဖေါ်ပြခဲ့သည်အတိုင်း **'ကပ်၊ ပူးကပ်၊ ယှဉ်ကပ်၊ ပူးတွဲ** 'ဟုသာ ကောက်ယူရာ၏။ ဤသို့ကောက်ယူသော် **သွေးသီ** ၏အနက်'ဆွဲငင်, ဆောင်ယူ, ပူးတွဲ,ယှဉ်ကပ်'ဟု တိုက်ရိုက်အနက်ရ၍၊အရာတခုနှင့်တခုကို ဤသို့ဆောင်ယူပူးတွဲ

ယှဉ်ကပ်ကြည့်သည်မှ၊ ‘ နှိုင်းယှဉ်၊ နှိုင်းစာ၊ ခိုင်းနှိုင်း၊ ပြိုင်နှိုင်း၊’ စသောလက်သုံးအနက်တို့ကိုရပေမည်။ကဗျာစပ်အင်တို့ကိုဆင်ခြင်လျှင်လည်း **သွေးသီ** ၏ အနက်ထို့အတိုင်း ဟောပင်ဖြစ်သည်ကို တွေ့ရသည်။

(၁)။ “တောတောင်သနင်း၊ ခြသေ့မင်းကား၊ ထွန်းဝင်းပြောင်ပြောင်၊ ရွှေဂူချောင်မှ၊အန်ထောင်ကြုံးပ၊ ထွက်လေကလျှင်၊ နိစ္စဟောက်လေ့၊မှန်စွာမြွေသို့၊ကြန်စေ့အညီ၊ သွေးသီပုံခတ်၊ သုံးလူ့ထွတ်တို့၊မိန့်ရွတ်နှုတ်ရည်၊သံတော်သည်လည်း။” ။ပါရမီတော်ခဏ်းပ္ပျိ၊၄၂။

(၂)။ “ပမာသွေးသီ၊စာမရီဟု၊နောက်ချီပုပ္ပ၊မြီးဆံလှလျက်။” ။ဂင်း၇၁။

(၃)။ “ဤမျှဖြင့်သာ၊ ကြောင်းခြင်းရာကို၊ ပမာမဟုတ်၊ ဖေထုတ်တညီ၊ ဆိုသွေးသီအံ့။” ။ဂင်း ဂ၁။

(၄)။ “အပါယ်နရက်၊တံခါးရွက်လည်း၊ငြိမ်သက်ခန္ဓီ၊သည်လျင်ပီဟု၊သွေးသီဝှဲချီး၊မှီး၍လည်းကောင်း။” ။ဂင်း ၁၁၄။

(၅)။ “သစ္စာထိုက္ခြ၊ ပါရမီကို၊ သွေးသီထုံးနည်း၊ ဥပမည်းဖြင့်၊ကြေပ်တည်းကျင့်လို၊ဤသို့ဆိုသည်။” ။ဂင်း ၁၁၉။

(၆)။ “အခါတပါး၊ရဟန်းများတို့၊ဉာဏ်အားဆယ်ခု၊စတုဝေသာ၊ကိုးဖြာကျေးဇူး၊ ဂုဏ်အထူးဖြင့်၊နှစ်ဦးမဆံ၊နှိုင်းစံမရ၊ ဉာဏခြောက်မည်၊တုကင်းစည်ကို၊ တီးမြည် ကျဲ့ကျဲ့၊ ဘဝင်လျှံမျှ၊ မည်အုတ်ကျက်၊ စောဖုန်းတက်၏၊ တောထွက်ပါရမီ၊ခဲအင်ညီကို၊သွေးသီတသုန်၊ ချီးမွမ်းဟုန်ဖြင့်၊ နေကုန်သရော်။” ။ကိုးခဏ်းပ္ပျိ၊၂။

(၇)။ “တရားမွေ့လျော်၊ရဟန်းသော်လည်း၊ သူတော်ချင်းချင်း၊ သတင်းမြွေ့မြွေ့၊ပေါင်းဖက်တွေ့က၊ လေ့လေ့ကျက်ကျက်၊ကျမ်းဖက်ပြီပြီ၊သွေးသီဝါဒ၊ပြောဟောကြ၏။” ။ဂင်း ၂၀၉။

(၁)၌ခြသေ့မင်းနှင့်ဖုရားသျှင်တို့၏အလေ့မျှားကို နှိုင်းယှဉ်ပုံဆောင်သည်ကို **သွေးသီပုံခတ်** ဟုဆိုလျက်ရှိသည်။(၂)၌ **ဆိုသွေးသီ** ၏အနက် **နှိုင်းယှဉ်ပြောဆို** ဖြစ်ကြောင်း၊ ‘ပမာမဟုတ်၊ ဖေထုတ်တညီ’ ဟူသော ရွှေနှစ်ပိုဒ်လာစကားများကဖေါ်ပြသည်။ (၆) တွင် မြတ်စွာဖုရား၏ ဉာဏ်တော်၊ဂုဏ်တော်၊ကျေးဇူးတော်များမှာ အခြားမည်သူနှင့်မျှမတူဟု နှိုင်းယှဉ်ချီးမွမ်း ပြောဆိုသည်ကို‘သွေးသီတသုန်၊ ချီးမွမ်းဟုန်ဖြင့်၊’ဟု ဆိုလျက်ရှိသည်။ (၇) တွင် သူတော်ကောင်းရဟန်းအချင်းချင်းတွေ့လျှင်မိမိတို့၏ဝါဒများကို နှိုင်းယှဉ်ဆွေးနွေး ပြောဟောကြသည်ကို‘သွေးသီဝါဒ၊ပြောဟောကြ၏၊’ဟုဆိုသည်။အခြားစပ်အင်များတွင်လည်း အလားတူပင် အနက်များပေါ်ထွက်လျက်ရှိသည်ကိုတွေ့ရပေမည်။

ထို့ကြောင့် **သွေးသီ** ၏အနက်ကို '**နှိုင်းယှဉ်၊နှိုင်းစာ၊ ခိုင်းနှိုင်း၊ပြိုင်နှိုင်း**၊ ဟုယူဆဖေါ်ပြရာ၏။ ထိုမှသက်၍ '**နှိုင်းယှဉ်ပြောဆို**' ဟုဆိုလျှင်တော်ပေသေး ၏။ **ပြောဆို** ဟုသာဆိုလျှင် မပြည့်စုံ၊မသင့်လျော်၊လွဲမှားချွတ်ချော်သောအနက် ဟုဆိုရာသတည်း။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

၉၉။ ဟုပ်

ယခုခေတ်တွင် **ဟုပ်** ကိုအလျှင်းလောက်ပင် မသုံးတော့ပဲ၊ **ဟုပ်** ၏ အနက်ကိုလည်းမထင်မြင်နိုင်သလောက်ဖြစ်နေစေကာ၊ရှေးအင်းဝနှင့် ကုန်းပေါင်ခေတ် ကဗျာတို့တွင် **ဟုပ်**၊ **ဟုပ်ဟုပ်**၊ **ဟုပ်စား** ဟူသောစကားများသည် လွန်စွာ အနက်အဓိပ္ပါယ်နှင့်ပြည့်စုံ၍၊ အသုံးလည်းတော်တော်တွင်ကျယ်ခဲ့လေသည်။ ခေတ် ပေါရာဏစာစောင်ကြီးငယ်တို့တွင် ယင်းစကားများ၏ အနက်တို့ကို ပေးရာ၌ ထိကျသေချာပြည့်စုံခြင်းမရှိလှ၊ မှန်းဆကာမျှလောက်ဖြစ်နေသည်ကို တွေ့ရသဖြင့်၊ **ဟုပ်** ၏ မူလနှင့်အနက်တို့ကို ကောင်းစွာ ထင်မြင်နိုင်စေခြင်းငှာ၊ **ဟုပ်** အသုံး သာဓကတို့ကိုခပ်များများပင်တင်ပြလိုက်ပါအံ့။

(၁)။ "ဂိမှာန်ကာလေ၊ပူခါနွေ၌၊မိုးခြေတက်ချုပ်၊မုန်တိုင်းဟုပ်၍၊တိမ်ပုပ် မွဲသွေ့၊တဖျင်ဝွေလျှင်။" ။ပါရမီတော်ခဏ်းပျို၊၁၁၃(၁၁၂)။

(၂)။ "ငါ့ဝိညာဉ်ကို၊ မကြဉ်မညှာ၊ ဖျက်ဆီးငှါဖြင့်၊ ဖျားနာအိုခြင်း၊ ယမ မင်းတို့၊အပြင်းဟုပ်ဟုပ်၊ကပ်လှာချုပ်သို့။" ။ကိုးခဏ်းပျို၊၁၂၉။

(၃)။ "သွေချော်နောက်နှစ်၊ လူဖြစ်ပနန်း၊ ဤရဟန်းလျှင်၊ ဟုပ်တွန်းလေ ခတ်၊ဖေါက်ကြိုးပြတ်သို့၊စွန့်လွှတ်ဝိရိယ၊တော၀ပစ်ခွါ၊ရှာမှီလော၏။" ။သံဝရ ပျို၊၄။

(၄)။ "ထိုပြည်ရပ်သား၊ ထိုလူမျှားကို၊ ပိုင်ကားနှိပ်စက်၊ နှိုင်ထက်ကြီးမြင့်၊ မကျင့်စေရ၊နေဆုံးမလျက်၊ အာဏာစက်ကြောင့်၊ ညှဉ်ဌက်တအုပ်၊ ပြင်းဟုပ်မဝံ့၊ အညံ့မခြောင်း။" ။သံဝရပျို၊၁၇၀။

(၅)။ "သူဝသူရှား၊ ကုန်သွားလယ်လုပ်၊ ဟုပ်ဟုပ်ထွန်ယက်၊ ရဲခက်ရဲရှူး၊ ထောင်မှူးထောင်ကုပ်။" ။နေမိဘုံခဏ်းပျို၊၁၃၅။

(၆)။ စုံမက်မြိုင်ချောင်၊တောမီးလောင်သော်၊ကြောင်ကမလမ်း၊ ယမ်းနှင့် ဖေါက်သို့၊ကသောက်ကသက်၊လက်နှင့်စွဲချုပ်၊ ဟုပ်စားစကြ၊သောသောထ၏။" ။မဟာဇနကပျို၊၁၅၂။

(၇)။ "အံသွားကျဲစဲ၊ ခဲလရုပ်ရုပ်၊ တဟုပ်ဟုပ်ဖြင့်၊ တောအုပ်မြိုင်ယံ၊ အသံကြုံးကြုံး၊တောကျားဟုံးလည်း၊တောလုံးထိန့်ပို့၊လန့်သောဆို၏။" ။ဝေဿန္တရာပျို၊၆၁။

(၈)။ "ပြည်မခရီး၊မဆီးကင်းသင်း၊ဟင်းလင်းတံခါး၊ရှိတုံငြားလည်း၊ ဟုပ်စားမထွက်၊ညဉ့်ငှက်မထိုး၊မငြိုးနတ်စုန်း။" ။မဟာသီလဝပျို၊၂၃။

(၉)။ ဘေးမြူခပ်သိမ်း၊ ငြိမ်းကြီးငြိမ်းလျက်၊ မုဒိမ်းမထွက်၊ ညဉ့်ငှက်မဟုပ်၊ မရှုပ်ပြည်လှေး၊ခိုးသေးမပေါ်။" ။မဃဒေဝလင်္ကာသစ်၊၁၀။

(၁၀)။ "ရထားစက်ဟုန်၊ လည်သုန်သုန်ကို၊ မတုန်မလှုပ်၊ တည့်စေချုပ်သို့၊ ဟုပ်ဟုပ်အမျက်၊ ကောဓစက်ကို၊ ဉာဏ်လက်သိမ်းအုပ်၊ လည်မလှုပ်အောင်၊ ထိန်းချုပ်နိုင်ငြား။" ။မဃဒေဝလင်္ကာသစ်၊၂၃၃။

(၁၁)။ "ညအခါ၌၊ မြားစွာပြင်းဟုတ်၊ လျင်ခုတ်ညဉ့်ငှက်၊ ဆူကြွက်ကြွက်နှင့်၊ နံနှင်းရောက်က၊ တုဏ္ဍိယဟု၊ အဓမ္မတုတ်ခွန်၊ ထန်ထန်ပြင်းပြင်း၊ ခံယူလျှင်းသား။" ။တိဏ္ဏုကပျို၊၆၁။

ထုတ်နုတ်ချက်များကို တခုစီ သေချာစွာ လေ့လာ ကြည့်သောအခါ **ဟုပ်၊ ဟုပ်ဟုပ်၊ ဟုပ်စား** တို့၏အနက်များကို ဤသို့ဝေဖန်ရသည်။(၁)၌'မုန်တိုင်းဟုမ်' ဆိုသည်မှာ မုန်တိုင်း' ပြင်းထန်စွာတိုက်ခတ် 'ဟော၊ (၂) ၌ 'အပြင်းဟုပ်ဟုပ်'ဆိုသည်မှာ 'အပြင်းအထန်'ဟူ၍သာမက 'လျင်မြန်စွာ၊ရုတ်တရက်၊ချက်ချင်း'ဟော ဟူ၍လည်းယူသင့်သည်ထင်၏။(၃)၌'ဟုပ်တုန်းလေခတ်'ဆိုသည်မှာ'လေအပြင်းအထန်တိုက်ခတ် 'ဟော၊(၄)၌ 'ညဉ့်ငှက်တအုပ်၊ပြင်းဟုပ်မဝံ့'ဆိုသည်မှာ 'လူဆိုးတစုတို့တိုက်ခိုက်ဖျက်ဆီးခြင်းငှာမဝံ့'ဟော၊(၅)၌ 'ဟုပ်ဟုပ်ထွန်ယက်' ၏အနက် ' ပြင်းပြစွာ၊အပြင်းအပြ ထွန်ယက် 'ဟော၊ (၆)၌'ဟုပ်စားစကြ'၏အနက် 'တိုက်ခိုက်လုယက်'ဟော၊(၇)၌ 'တဟုပ်ဟုပ်ဖြင့်'၏အနက် ' ပြင်းပြင်းထန်ထန် 'ဟူ၏။ (၈)၌ 'ဟုပ်စားမထွက်'ဆိုသည်မှာ 'ခိုးဝှက်တိုက်ခိုက်သူများမထွက်'ဟူ၏။(၉)၌ 'ညဉ့်ငှက်မဟုပ်'၏အနက်'သူခိုးဓမြမတိုက်ခိုက်,မလုယက်'ဟူ၏။(၁၀)၌'ဟုပ်ဟုပ်အမျက်'၏အနက် 'အမျက်ပြင်းပြင်းထန်ထန်'ဟော၊ (၁၁)၌ 'မြားစွာပြင်းဟုတ်၊ လျင်ခုတ်ညဉ့်ငှက် 'ဟုစပ်သည်၌ **ဟုပ်** ကို နောက်ကာရန်သို့လိုက်ကာ **ဟုတ်** ဟု မှားယွင်း ရေးသားလျက်ရှိသော်လည်း၊အနက်မှာ' တိုက်ခိုက်၊လုယက် 'ဟောပင်ဖြစ်သည်။

ဟုပ်၊ဟုပ်ဟုပ်၊ဟုပ်စား တို့၏အနက်များကို ပေါင်းစည်းကောက်ယူသော်၊ **ဟုပ်** သည် ကြိယာပုဒ်ဖြစ်၍' ပြင်းထန်စွာတိုက်ခတ် ,တိုက်ခိုက် ,လုယက်ဖျက်ဆီး' ဟော။ **ဟုပ်စား** တွင် **စား** ပုဒ်မှ'ကုစား၊ပြုစား၊ပေးစား'ဆိုသည်တို့၌ကဲ့သို့'ပြု၊

လုပ်'ဟော ဖြစ်သဖြင့် **ဟုပ်စား** ပုဒ်တဲ့သည်လည်း **ကြိယာ** ဖြစ်၍၊ **ဟု** အတိုင်းဟော။သို့ရာတွင်(၈)၌ 'ဟုပ်စားမထွက်'ဆိုသည်တွင်သော် **ဟုပ်စား** သည်နာမ်ဖြစ်၍'ခိုးဝှက်တိုက်ခိုက်သူ'ဟော။ **ဟုပ်ဟုပ်** သည်ကား ကြိယာဝိသေသန ဖြစ်၍၊ ' ပြင်းထန်စွာ၊အပြင်းအထန်၊ပြင်းပြစွာ၊အပြင်းအပြ၊လျင်မြန်စွာ၊အလျင်အမြန်၊ ရုတ်တရက်၊ချက်ချင်း 'ဟောဟူ၍ရ၏။ယင်းအနက်တို့တွင် ' ပြင်းထန်,လျင်မြန်' နှင့် 'လုယက်၊ဖျက်ဆီး'ဟူသော သဘောတရားနှစ်ခုသည် အရင်းခံဖြစ်သည်ဆိုရာ၏။သို့ဖြင့်ယခုခေတ်ပေါ်ရာဏနှင့် သတ်ပုံကျမ်းကြီးငယ်တို့တွင် **ဟုပ်၊ဟုပ်စား** ၏ အနက် ' လုယက်ဖျက်ဆီး၊' ' ဓမြ 'ဟုပြဆိုခြင်းမှာ မတိကျ၊ မသေချာ၊ နာမ်နှင့် ကြိယာ မကွဲမပြားဖြစ်နေသည်ဆိုရာ၏။

ဟု ၏ရင်းမြစ်ကိုလေ့လာကြည့်သောအခါ၊ယင်းသည်တရုတ်-ထိုင်ဘာသာသက်ဖြစ်ကြောင်းတွေ့ရသည်။မြန်မာဘာသာ **ဟု** ပုဒ်သည် ရှေးကျသောအဟုံသျှမ်းဘာသာတွင်'ဆုပ်ကိုင်ဖမ်းဆီး၊တိုက်ခိုက်လုယက်'ဟော **ဟု** နှင့်အရေး အနက်နှစ်ရပ်စလုံး၌ထပ်တူကျလျက်ရှိကြောင်းတွေ့ရသည်။မြန်မာ သျှမ်းဘာသာ၌လည်း **ဟု** တပုဒ်၏အနက်'ကျွေးသည်သားကောင်ကိုအုပ်သကဲ့သို့အပြင်းအထန်ဆုပ်ကိုင်ဖမ်းဆီး ' ဟောဖြစ်ရာ၊ ယင်း **ဟု** ပုဒ်ပင် ဖြစ်သည် ဆိုရာ၏။ တရုတ်ဘာသာ၌သော် **တ** သတ် **ပ** သတ်မျှား မရှိတော့ချေရကား **ဟု** အစား **ဟုအိ** (Hui)ဟူ၍ရှိသည်။အနက်'ဖျက်ဆီး၊ချိုးဖဲ့ဖျက်ဆီး'ဟော။

အသံအနက်နှစ်ချက်စလုံးကိုထောက်သဖြင့်မြန်မာဘာသာ **ဟု**၊ အဟုံသျှမ်းဘာသာ **ဟု**၊ မြန်မာ သျှမ်းဘာသာ **ဟု**၊ တရုတ်ဘာသာ **ဟုအိ** တို့သည်မိတ်တူပုဒ်မျှားဖြစ်၍၊ ,'အပြင်းအထန် ဆုပ်ကိုင်ဖမ်းဆီး' ဟူသော အနက်သည် မူလ၊ 'တိုက်ခိုက်၊လုယက်၊ဖျက်ဆီး'ဟူသည်ဆင့်ပွားဟုယူရာ၏။

မြန်မာဘာသာ၌ 'နွားကိုကျားအုပ်၊ခုန်အုပ်'ဆိုသည်တို့၌'အပြင်းအထန်ပြေးခုန်၍ဆုပ်ကိုင်ဖမ်းဆီး'ဟော **အုပ်**ပုဒ်၊'အစာကိုငါးဟပ်၊တံကောက်ကြောကိုခွေးဟပ်၊မျက်နှာကိုမီးဟပ်၊ရင်ကိုလေဟပ်'ဆိုသည်တို့၌ ' လျင်မြန်ပြင်းထန်သော အဟုန်ဖြင့်ကိုက်ဖြတ်,ပုတ်ခတ်,တိုက်ခတ်'ဟော **ဟပ်** ပုဒ်၊သျှမ်းဘာသာတွင်'အလျင်အမြန်လုပ်ကိုင်ဆောင်ရွက်'ဟော **ဟိုပ်** ပုဒ်၊ 'လိုက်လံဖမ်းဆီး'ဟော **ဟိုပ်** ပုဒ်တို့သည်လည်း ဖေါ်ပြပါ **ဟု** နှင့်တကွသော မိတ်တူပုဒ်တို့တွင် အကြုံးဝင်သည်ယူရာသေးသတည်း။

၁၀၀။ ဟုံ၊ဟုံး

မြန်မာဘာသာ၌ **ဟုန်၊ဟုန်း** အရေးနှင့်အနက်များသေ၀ပ်,ပေါ်လွင်လျက်ရှိသော်လည်း **ဟုံ၊ ဟုံး** အရေးနှင့်အနက်တို့မှာအနည်းငယ်ရှင်းလင်းဖေါ်ထုတ်ရန်လိုလျက်ရှိသည်။

"အရှိန်၊အဟုန်,အဟွာ"ကို **အဟုန်** ဟု ယခုအရေးအတည်ကျလျက်ရှိသည်မှာသင့်ပေသည်။ သို့ရာတွင် ယင်း ပုဒ်ကို **အဟုံ၊ ဟုံ** ဟု ရေးသည် ကိုလည်း ကုန်းပေါင်ခေတ်နောက်ပိုင်း ကျောက်စာနှင့်ကဗျာအချို့တွင်တွေ့ရသေးသည်။ 'လေရေအဟုံ၊မုဆွံဖြောင့်ဖြောင့်၊နတ်ကောင်းစောင့်၍၊'ဟူသော ၁၂၂၂ ခုစံ၊ မန္တလေးမြို့၊မဟာဗောဓိကျောက်စာ၊ကျော၊၂၆ တွင်ရေးသည်ကို၊ **မုသုံ** အဖွင့်၌ကျန်ခဲ့တို့တင်ပြခဲ့လေပြီ။မဟာဇနကပျို၊ ၉၃ တွင်လည်း 'တံရှည်တံမြှာ၊သပြေသဂ၊စသည်ပေါင်းဆုံ၊စည်တော်စုံလည်း၊သံဟုံရိုက်ခြိုး၊'ဟု စပ်သည်၌ အသံ၏ **အရှိန်အဟွန်** ကို **သံဟုံ** ဟုစပ်လျက်ရှိသည်ယူဖွယ်ရှိသည်။ ဤသို့ယူဖွယ်ရှိသောကြောင့်ပင် တံသာ၀တီပုံနှိပ်မူ၌ **သံဟုန်ရိုက်ခြိုး**(ခြိုး)ဟုကာရန်ကိုဖျက်၍ ပုံနှိပ်ထားသည်။ သို့ရာတွင် ဤ၌ **ဟုံ** ပုဒ်ကို ယင်း၏ အရေးမှန်, အနက်မှန် အတိုင်း **အများ၊ များစွာ** ဟူသောအနက်ဖြင့် ယူမည်ဆိုလျှင်လည်း ဖြစ်နိုင်စရာရှိပါ၏။ **အရှိန်အဟုန်** ကို ရှေးစာပေတို့တွင် **အဟွန်၊အဟွာ** ဟုရေး၍၊ယခုခေတ်၌ကဲ့သို့ **အ၄န်၊ အ၄ာ** ဟု မရေးသည်ကိုသတိပြုသင့်သည်။ **အဟုန်၊ဟူးဟူး၊ဟုန်းဟုန်း** ဟူသော အရေးတို့ကို ထောက်သော်၊ **အဟွန်၊ အဟွာ** ဟုရေးခြင်းက **အ၄န်၊ အ၄ာ** ဟုရေးခြင်းထက်ပို၍သင့်သည်ဟုလည်း ဆိုရာသည်။

ဟုံ ၏လူသိအများဆုံးနှင့်သုံးလေ့အရှိဆုံးပုဒ်မှာ **အများ၊ များစွာ** ဟော ပုဒ်ဖြစ်သည်။ကိုးခဏ်းပျို၊၂၆၅ တွင် 'အကြိုက်များပုံ၊ ချစ်ခြင်းဟုံသည်၊ ပြည့်စုံအင်ညီ၊မဟေသီ၊'ဟူ၍၎င်း၊ပါရမီတော်ခဏ်းပျို၊၂၄(သစ်)တွင် 'နှစ်သက်အဟုန်(အဟုံ)၊မိမိဂုဏ်ကို၊ပြည့်စုံသောတိုင်း၊'ဟူ၍၎င်း၊ဆုတောင်းခဏ်းပျို၊၁၃၆ တွင် 'အူအူသဲသဲ၊နားခဲကျဟုံ၊ပိတုန်းအုံလျက်၊ပြည့်စုံအင်္ဂါ၊'ဟူ၍၎င်း၊၈ါထာ ခြောက်ဆယ်ပျို၊၃၄ တွင် 'ရှကြည့်အုံမူး၊ဖြူးရရူးသား၊ပင်လူးဟုံဟုံ၊၀ါးရုံ၀ါးဖျား၊သားရဏ်းလျင်၊'ဟူ၍၎င်း၊ရွှေဟင်္သာမင်းပျို၊ ၇၈ တွင် 'ကျေးဇူးအပုံ၊ကျိုးများဟုံ၍၊ပြည့်စုံမှတ်ဖွယ်၊'ဟူ၍၎င်း၊စပ်သည်တို့၌ **ဟုံ၊ ဟုံဟုံ** ၏အနက် **အများ၊များစွာ** ဟောဖြစ်သည်။ပါရမီတော်ခဏ်းပျို့ ပုံနှိပ်မူတို့တွင် **နှစ်သက်အဟုန်** ဟုပါရှိနေသော်လည်း၊ **နှစ်သက်အဟုံ** ဟုသာ ရှိသင့်၍၊ **များစွာနှစ်သက်** ဟု အနက်ကောက်ယူသင့်သည်။ကျန်စပ်အင်တို့တွင် **အများ၊များစွာ** ဟူသောအနက်တို့

မှာထင်ရှားပေသည်။ယင်း **ဟုံ** ပုဒ်သည်'ငါးသိုင်းများဟင်းဟုံ'ဟူသောစကားပုံ၌သော်၊ **များစွာ** ဟုသာမဟုတ်'များလွန်းသဖြင့်ပေါ့ပျက်'ဟူသောအနက်ပေါ်ထွက်လာသည်ယူရာ၏။

လူသိနည်း၊ အသုံးနည်းသော **ဟုံ** ပုဒ်တခုရှိသေးသည်။ ယင်းမှာ မွန်ဘာသာ **ပြောဆို** ဟော ဟို (ဟုမ်)ပုဒ်သက်၊ထို့အတိုင်းဟော **ဟုံ** ပုဒ်ဖြစ်သည်။ကိုးခဏ်းပျို၊ ၁၄၇ တွင် 'လက်ရက်ယဉ်ခုံ၊သုံးပါးစုံလျက်၊ **ပြောဟုံများစွာ**၊ ပြောက်ထိုးမှာလည်း၊'ဟူ၍ဂင်း၊ပြောဋ္ဌိဟာခဏ်းပျို၊ ၇၂ တွင်'ထိပ်ထက်လက်ခြုံ၊ဆယ်ချောင်းရုံလျက်၊ **ပြောဟုံလွှဲပတ်**၊ ပရိသတ်တို့၊လွမ်းဆွတ်ရှုတ၊ ငိုကြွေးကြ၏၊'ဟူ၍ဂင်း၊ စပ်သည်တို့၌ **ဟုံ**၏အနက်ယင်းနှင့်ဖက်တွဲလျက်ရှိသောပုဒ်အတိုင်း'ပြောဆို'ဟော ဖြစ်သည်။ ပထမစပ်အင် ' ပြောဟုံများစွာ 'တွင် **ဟုံ** ကိုနောက်မှကပ်လျက်လာသော **များစွာ** အနက်ဖြင့်မယူသင့်၊ဒုတိယစပ်အင်'ပြောဟုံလွှဲပတ်'၌ကဲ့သို့၊ရှေ့ကကပ်လျက်လာသော **ပြော** အနက်ဖြင့်သာယူသင့်သည်။

မွန်ဘာသာ၌' ပြောဆို'ဟော **ဟို** ပုဒ်နှင့်' ထိခိုက်၊တိုက်ခိုက်'ဟော **ဗို** ပုဒ်တွဲ **ဟိုဗို** ပုဒ် တခုရှိသေးသည်။ အနက်' ပြောဆို 'ဟောပင်။ ယင်းပုဒ်ကို မြန်မာဘာသာ၌ **ဟုံးစုံး** ဟုပြောင်းလဲရေးဆို၍'ကြုံးဝါး၊ကြိမ်းဝါး'အနက်ဖြင့်ကဗျာတို့တွင်သုံးလာခဲ့သည်။

(၁)။ "ဇာတိပုည၊ဂုဏ်မာနဖြင့်၊သံပဟုံးစုံး၊ဖက်မဲ့ကြုံးသား။" ။ကိုးခဏ်းပျို၊၁။

(၂)။ "ရှင်လူမတန်၊ ငါသာလွန်ဟု၊ မာန်နှင့်ကြွကြွ၊ သံပကြုံးကြုံး၊ ဆန့်လက်ရုံးဖြင့်၊ဟုံးစုံးတက်လှ၊ဇာတ်ဘဝကြောင့်၊ဟုံဟုံကမည်၊ပုဏ္ဏားသည်လျှင်။" ။နာရဒပျို၊ ၄။

(၃)။ "ဥရူသျင်လှ၊သည်ဘဝတွင်၊ လူမျာ့ဘောင်မှာ၊ရဟန္တာဟု၊ပေါ်သာဟုံဝါး၊အလွန်ကြွားရှိ။" ။နာရဒပျို၊၂၇။

နာရဒပျို၊ ၂၇တွင် **ဟုံးစုံး** တွင် **ဟုံး** ပုဒ်တခုတည်းကိုယူ၍ **ကြိုးဝါး** ဟူသော အနက်ဖြင့် **ဟုံးဝါး** ဟုစပ်လျက်ရှိသည်။နာရဒပျို၊ ၄ တွင်'ဟုံးစုံးကြုံးဝါး'လေ့ရှိသော ဇာတိနှင့် သဘာဝကိုစဉ်း၍၊ ပုဏ္ဏားကို **ဟုံဟုံက** ခေါ်သည် ဆိုရာ၌၊ **ဟုံးစုံး** တွင် **ဟုံး** ပုဒ်သည်၊သံသာကြိုင်ရှိဘာသာ **ဟုံ** ပုဒ်သက်ဖြစ်သည် ဟုယူလိုဟန်ရှိသည်။ဂါထာမန္တန်ရွတ်ရာ၌'သွားဟုံဟုံ'ဟုဆိုလေ့ရှိသောစကားတွင်၊**ဟုံ** ပုဒ်မှာ ယင်းသံသာကြိုင်ရှိဘာသာ **ဟုံ** ပုဒ်ပင်ဖြစ်၍ အနက်အမျိုးမျိုး ရှိသည်တွင် 'ခြိမ်းခြောက်,ဟိန်းဟောက်သည့်အနေဖြင့် အော်မြည်,ကြွေးကြော်ခြင်း'လည်းပါဝင်သည်။ထို့ကြောင့် မြန်မာဘာသာ **ဟုံးစုံး** ပုဒ်သည် မွန်ဘာသာ **ဟိုဗို** ပုဒ်သက်

ဖြစ်ကြောင်းသဒ္ဒါနည်းအရသိရသော်လည်း၊သံသကြိုဋ္ဌဘာသာ **ဟုံ** ပုဒ်၏အဋ္ဌ အသက်ဝင်ရောက်လာသဖြင့်၊ မွန်ဘာသာရင်းခံကဲ့သို့ ' ပြောဆို၊ ပြောကြား 'ဟု မဟုတ်၊ ' ကြိမ်းမောင်း၊ကြုံးဝါး'ဟု အနက်ထွက်ပေါ်လာသည်ယူရာ၏။

သံသကြိုဋ္ဌဘာသာ 'မီးပူဇော်ခြင်း၊ယဇ်ပူဇော်ခြင်း'ဟော **ဟောမ** ပုဒ်သက်၊ မြန်မာဘာသာတွင် ထို့အတိုင်းဟော **ဟုံး** ပုဒ်နှင့်၊'ခွန်အား့အသံ့အရှိန် စသည်တို့၏ အဟွန့်အဟွာ၊ ပြင်းထန့်ပြင်းပြသောခွန်အား့အသံ့အရှိန် ' ဟော ' မီးဟုန်းဟုန်းတောက်၊ လေဟုန်းဟုန်းတိုက်၊ အသံဟုန်းဟုန်းမြည်၊ မီးဟုန်း၊ လေဟုန်း၊ အသံဟုန်း၊ ကျားဟုန်း ' ဆိုသည်တို့တွင် **ဟူးဟူး၊ ဟူး** ပုဒ် ပြောင်း **ဟုန်းဟုန်း၊ဟုန်း** ပုဒ်တို့ကိုသော် အရေးအသုံးလည်းကျနမှန်ကန်လျက်ရှိ၊ လူသိလည်းများသဖြင့် ဤတွင်အကျယ်မဖွင့်ဆိုတော့ပြီ။

အမှားပြင်ချက်များ

ပထမတွဲ

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၁၇	၂၀	ခြုံမ်	ခြုံမ့်
၂၀	၁၇	ကြိုင့်	ကြိုင့်
၂၉	၂၅	ဟာ	ဟော
၅၃	၂၄	ကုံကွ	ကုံကွာ
၆၅	၂၅	လောလိယ	ကောလိယ
၈၁	၁၈	ရှင်မှ	ရှင်မှာ
၈၈	၃၀	တီး	ကီး
၁၀၃	၂၂	ညှဉ်လျှ	လျှဉ်ညှ
၁၃၁	၁၄	ဒွဲလိုက်	ခွန်လိုက်
၁၄၄	၃၁	ချေ	ချေး
၁၄၉	၂၆	ကြောင်း	ကြောင်
၁၈၀	၁၁	မြေငန်း	မြေငန်း
၁၉၀	၁၅	သင်္ဃီး	သင်းသီး
၁၉၇	၃၀	ပိုစည်း	ပိုးစည်း
၁၉၈	၂၁	အပြောဝိုင်း	အပြားဝိုင်း
၂၀၂	၆	အိုဝ်ပျစ်	အိုဝ်ပြစ်
၂၀၇	၈	ပန်ခီ	ပါန်ခီ
၂၀၉	၂၅	ခဲ့လျှင်	ရခဲ့လျှင်
၂၁၄	၁၂	နည်းစ္ဒာ	နည်းတူစ္ဒာ
၂၆၈	၂၅	က်ရှက်၊က်ရှက်	က်ရှက်၊ကရှက်
၂၇၉	၁၈	ဦးစာ	ဦးစ္ဒာ
၂၈၀	၂၉	အစားရင်	အစာရင်း
၂၈၂	၉	ရွက်၍ဟူ၍	ရွက်ဟူ၍
၂၈၄	၇	အလျင်ကို	အလျင်လို
၂၈၄	၁၀	ပါ့ဗျာ	ပါ့ဖျာ
၂၈၉	၁၃	ထောရိ(ဟော)	ထောရိ(မော)
၂၉၈	၁၆	အမွန်းတင်	အမှမ်းတင်
၃၀၁	၇	မှ	မှာ
၃၁၃	၃၁	ချက်	ချတ်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၃၁၉	၂၄	နတ်ကြောင်း	(ပယ်ဖျက်ရန်)
	၂၅	နှတ်ကြောင်း	(ပယ်ဖျက်ရန်)
၃၂၀	၂၁	စပ်ဆို	စပ်ဆိုင်
	၂၀	ပေလွန်	ပေးလွန်

ဒုတိယတွဲ

၅	၁၁	ဖြစ်ဟုတ်	ဖြစ်၊ဟုတ်
၀	၁	(၃)။	(ပယ်ဖျက်ရန်)
၁၀	၂၆	ပုဟ်ိကို	ပုဟ်ိဝ
၂၅	၁၆	ဆယူ	ယူဆ
	၂၇	အားတီ	အတီး
၃၂	၃	ဆင်းပု	ဆင်ပု
၅၃	၂၀	နောက်ကျ။	နောက်ကျ
၀၃	၁၇	ပြရက်	ပြလျက်
၉၀	၁၂	ဖြန်းဖြန်း	(၂)ဖြန်းဖြန်း
၉၁	၂၇	သွေလေ	သွေးလေ
၉၃	၀	မျောက်မျက်နှာ	မြောက်မျက်နှာ
၁၀၅	၁၉	ဆုံး၏	ဆုံးဟု
၁၀၉	၁၇	ပြလျတ်	ပြုလျက်
၁၂၃	၂၀	မျက်ဖုတ်	မြက်ဖုတ်
၁၃၀	၁၅	ထားသည့်	ထားသည်
၁၃၃	၁၁	ဆုံးဖြတ်	ဆုန်းဖြတ်
၁၃၀	၁၅	အရေ	အရေး
၁၄၁	၅	ဆုံးဖြတ်	ဆုန်းဖြတ်
၁၅၁	၁၃	တို့ကိုပင်	တို့ပင်
၁၅၅	၁	တည်	တီ
၁၅၇	၁၄	ဗက်	တိဗက်
၂၀၁	၅၊၀	**မှတ်သုံ**	**မှသုံ**
၂၀၂	၁၉	တနေ	တနေရာ
၂၀၆	၂၂	အကြ	အကျ
၂၁၅	၁၀	ကြီမြတ်	ကြီးမြတ်
၂၄၂	၂၇	လပ်ထပ်	လက်ထပ်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
၂၄၀	၁၆	တန်ငယ်	တံငယ်
၂၅၆	၁၀	ရှေ	ရှေး
၂၅၀	၂၅	ရာဇကုမာရ(ဂူပြောက်ကြီး) ကျောက်စာတွင် မြန်မာဘာသာဖက်၌	အထောလတ် (ဓမ္မရံကြီး)ကျောက်စာ တွင်
	၂၆	ယင်းကျောက်စာ	ရာဇကုမာရ (ဂူပြောက်ကြီး) ကျောက်စာ
၂၆၉	ဂ	ငဓ	၁၉
	၁၁	၂၇	၂၂
၂၇၁	၁၄	မော်ကိုမ္ဘုး	မော်ကိုးမ္ဘုး
၂၇၄	၉	အကျုံး	အကြုံး
၂၇၉	၁၉	ဓာတ်	ဓာန်
၂၀၀	၆	ရှိုရှား	ရှိုးရှား
	၁၉	အပုဒ်	ပုဒ်
၂၉၀	၅	ပင်းက	ပင်းယ
၂၉၀	၂၁	ရေရာ	နေရာ
၂၉၉	၁ဂ	ခဲ့၍	စဲ့၍
၃၀၁	၂၄	ပြတမ်း	ပြန်တမ်း
၃၀၂	၃၁	ဘသော	သဘော
၃၁၆	၁၉	ကျမ်းများ	ကဗျာကျမ်းများ
၃၂၁	ဂ	ကျောက်စာကဗျာ	ကျောက်စာနှင့်ကဗျာ
၃၂၃	၁၂	ပတ်လည်း	ပတ်လည်
၃၃၀	၂၄	ခေါင်မှ	ခေါင်းမှ
၃၃၁	၂၇	ခါဝတ်	ခါးဝတ်
၃၃၂	၃	သင်္ဂြိဟ်ကိုသင်္ဂြိဟ်	သင်္ဂြိဟ်ကိုသင်္ဂြိဟ်
၃၃၃	၁၁	သင်ချပ်	သင်းချပ်
၃၃၄	၂၀	ဝယ်	ဝတ်
	၂၆	သင်္ကန်းငြင်း	သင်းကန်းငြင်း
၃၃၅	၁၄	(fsang)	(tsang)
	၂၀	မြွတ်	မြွေပ်

မျက်နှာ	ကြောင်းရေ	အမှား	အမှန်
	၂၂	သင်ခွေးချပ်	သင်းခွေချပ်
၃၃၆	၂၅	များသော်	များသော်၎င်း
၃၄၁	၇	ကိုဆိုသည်	ဖြစ်သည်
၃၄၄	၂၂	ဗယက်	ဖယက်
၃၄၅	၀	တန်ကာ	တန်ဆာ
၃၄၀	၂၂	ဂတ်ခ	ဂတ်ၤခ
၃၅၄	၃၁	ရင်း	မူရင်း

ဖြည့်စွက်တွဲ

၇	၂၆	လုံ	လှံ
၁၁	၂၀	မူး	မှူး
၁၃	၂၉	အောင်းကလေး	အောင်းကလေး
၁၆	၁၁	ချင်းတို	ချင်းတို့
၁၀	၂၆	ကျသို့	ကျံသို့
၂၂	၂၅	အိုပြစ်	အိုးပြစ်
၃၂	၁၃	မူရင်	မူးင်း
၃၀	၁၂	နှင့်	နှင့်
၄၁	၁၉	ကြောတော်	ကြောက်
၅၃	၂၃	ကြက်ရှိန်း	ကြက်ရုံး
၅၇	၉	မွန်ဘာသာ	မွန်ဘာသာ
၇၀	၂၂	သို့တွင်	တို့တွင်
၀၂	၀	မညတ်	မည်တ်
၁၄၅	၁၃	ချီရန်	ချီရန်း
၁၅၉	၂၄	နှီး	နှီး
၁၆၀	၁	ဟင်း	ယင်း
၁၉၂	၁၃	ဟုတေသန	သုတေသန
၂၀၁	၂၇	ချိပ်	ပိတ်
၂၁၄	၂၁	ပါရှိသော်လည်း	ပါရှိ၍
၂၁၇	၉	ရံများကြိုး	ရံမြားကြိုး
၂၇၄	၂၃	သာသာ	သာယာ
၂၀၂	၁၀	ဝေါဟရတ္ထ	ဝေါဟာရတ္ထ
၂၀၄	၂၄	(၂)	(၃)



ဦးဖိုးလတ် ဖြုစုသော စာအုပ်များ

(၁) မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ ၈
(၂) မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ ၁၀
(၃) မြန်မာစကားအဖွင့်ကျမ်း၊ ဖြည့်စွက်တွဲ ၈
(၄) မြန်မာလအမည်များ ၄
(၅) မြန်မာနေ့နှင့်နှစ်အမည်များ ၂
(၆) ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန ၃
(၇) အသေဘကျောက်စာများ ၂၊ ၅၀
(၈) မြန်မာလိုဓမ္မပဒ ၁
(၉) ကမ္ဘ ၂၊ ၅၀
(၁၀) မနုဿပဋိသန္ဓေ ၂
(၁၁) လူနှင့်သူ၏ခန္ဓာများ ၂၊ ၅၀
(၁၂) ဇောတိဘုံ (ကာမဒေဝလောက) ၃
(၁၃) ဒေဝဋ္ဌာန်ဘုံ (ဗြဟ္မာဘုံ၊ မနလောက) ၂
(၁၄) ဆရာအသျင်၏ ခြေတော်ရင်း၌ ၅၀
(၁၅) သီချင်းပဒေသာ၊ ပဌမအုပ် ၂၊ ၅၀
(၁၆) သီချင်းပဒေသာ၊ ဒုတိယအုပ် ၃
(၁၇) သီချင်းပဒေသာ၊ ဖြည့်စွက်အုပ် ၂
(၁၈) နောက်တွေ့ရှေးသီချင်းကြီးများ ၁

ဦးဖိုးလတ် တည်းဖြတ်သော စာအုပ်များ

(၁) သုတေသနအဘိဓာန် ၁၀
(၂) ဦးကြော့နှင့် တောင်တွင်းစာဆိုကဗျာများ ၃

စာအုပ်ပိုင်ရှင်နှင့် ထုတ်ဝေဖြန့်ချိသူ

မဝင်းကြည်၊ ၁၅၊ အင်းယားမြို့ငယ်လမ်း၊ ရန်ကုန်မြို့။

ကိုယ်စားလှယ်များ–

(၁) ပညာနန္ဒပုံနှိပ်တိုက်၊ ၁၅၊ အင်းယားမြို့ငယ်လမ်း၊ ရန်ကုန်မြို့။
(၂) ပညာအလင်းပြတိုက်၊ ၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
(၃) ဟံသာဝတီစာအုပ်ဆိုင်၊ ၃၅၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
(၄) သီအိုဆိုဖီအသင်းတိုက်၊ ၁၀၂၊ ၄၉ လမ်း၊ ရန်ကုန်မြို့၊
(တရားစာအုပ်များသာ)

ပညာနန္ဒပုံနှိပ်တိုက်၊ ၁၅ အင်းယားမြို့ငယ်လမ်း၊ ရန်ကုန်မြို့။

S473 313 01 X